# City MAGAZINE

Vol- 247, 2017

# YANGON WASTE TO ENERGY PLANT



# City

## MAGAZINE

VOL - 247, 2017


အယ်ဒီတာချုပ်
ကိုရာဇာ

အမှုဆောင်အရာရှိ
စောလှဦး

အကြံပေးအယ်ဒီတာ
ဖိုးမောင်သက်

အယ်ဒီတာ
ကိုစော(ပထဝီဝင်)

စာပြင်
သင်မိုးနီ၊ အောင်ကျော်

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
MOE-Z

စာစီစာရိုက်
မြတ်မြတ်၊ သျှင်မင်း

ဓာတ်ပုံ
သန့်စင်

ပန်းချီသရုပ်ဖော်
အေကျော်စွာ၊ ဝင်းသိန်း၊ ဆုဝင်းတင်

ပုံနှိပ်ထုတ်ဝေသူ
ဦးသစ္စာ
ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၃၇)

ပုံနှိပ်တိုက်
မြို့တော်ပုံနှိပ်တိုက်မြဲ(၀၀၅၈၃)
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်

ဖြန့်ချိရေး
ကျော်မင်းထိုက်၊ အောင်မျိုးသန့်
ဖုန်း - ၀၉၂၅၂၄၂၁၉၇၇၊ ၀၉-၄၂၁၁၁၂၉၇၉

မြို့တော်မဂ္ဂဇင်း
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်
ဖုန်း ၀၁-၅၀၃၆၇၀၊

ဖက်(စ်) ၀၁-၅၀၃၆၂၆

Email: yangoncitynews@gmail.com

တန်ဖိုး
၂၀၀၀ ကျပ်

အုပ်ရေ
၂၀၀၀

# City MAGAZINE

Vol : 247, 2017

# CONTENTS




4 EDITORIAL NOTE

## POEM

5 မြနန်းစံကျော် ရွှေနန်းတော်ရိပ်ဝယ် — မြင်းမူမောင်နိုင်မိုး
6 အိမ်မိုးချိန် — မောင်စိမ်းနောင်(လယ်ဝေး)
7 ရိုကျိုးနေညှ ရှိခိုးကြ — ကျော်စောဟန်
8 အသိပညာရှင် — မောင်လွမ်းနိုင်(စံပယ်ငုံ)
21 အလှဝေစည် နွေပန်းချီ — တွန်းအားရှင်
22 မျိုးချစ်သူများ — အောင်ထွန်းလင်း(ချောက်)
23 ဗလာလူ — နေ့သစ်လင်း
24 အမှားကိုရှောင် အမှန်ဆောင် — မင်းမောင်နွယ်(မွန်ဌာနီ)
105 ကမ္ဘာတည်သရွေ့ မြန်မာရှိရမည် — ဘုန်းမောင်ဝင်း(ဖျာပုံ)
106 ပြန်လာခဲ့ပါ မောင်ရယ် — ဆန်းလွင်(မြန်မာစာ)

## CARTOON

9 ရွှေဂိုး 10 မောင်မောင်ထွေး 11 ဖြိုးလေး
62 ကိုကျော် 63 သူရမိုး 64 သန်းနိုင် 89 ရန်ကြီးအောင်
90 စောဟန် 117 မောင်မောင်ညွှက် 122 ဇက်တီ

## CITY ARTICLE

12 ကောင်းသူထိပ်၊ မကောင်းသူဘိတ် — ကိုဇော်

## COVER ESSAY

34 ရန်ကုန်အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံ — ကိုစော(ပထဝီဝင်)

## ARTICLE

17 ရန်ကုန်မြို့ကြီးရဲ့ မွေးနေ့ပွဲတော်ကျင်းပလာနိုင်မယ့် နေ့ကိုမျှော် — မောင်မြတ်မွန်(ဆူးလေ)
25 ရန်ကုန်တိုင်းဒေသကြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး — ဇော်ဟိန်း
44 ဒွိခြားရှုမြင်ပေးစေချင်သည် — ရဲဘော်တင်ရှိန်(အုတ်ဖို)
91 ရှင်ငြိမ်းမယ်၏ စစ်မှာတစ်မူ စစ်ထွက်အိုင်ချင်းကို ခံစားလေ့လာခြင်း — အဂ္ဂသူ














## EXTRAORDINARY


107 ဂင်းနက်စ်မှတ်တမ်းများ — ကိုခန့်(သုတေသန)


## EXPERIENCE ESSAY


77 မျက်ဝန်းရိပ်ညိုနှင့် ခံတွင်းမတွေ့သောစကားတစ်ခွန်း — မောင်သာစိုး(ပြည်)

99 သွားလမ်းသာ၍ လာလမ်းတွေ့ — ယိမ်းနွဲ့လျှံ


## PHOTO


118 မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ — သန့်စင်


## CELEBRITY


95 *Celebrity and Showbiz* — ကိုသားကြီး


## SHORT STORY


29 စည်း — ဆင်ဖြူကျွန်းအောင်သိန်း

40 ကားမှတ်တိုင်မှ စကားသံ — မစန္ဒာ

47 ကျွန်တော် လူဆိုးလား — သောင်းဝေဦး

70 ရေဟုထင်ရသော တံလျှပ်များ — မောင်မောင်စိုးအောင်(စာပေဗိမာန်စာမူဆုရ)

81 သွားကြားထိုးတံတစ်ချောင်း၏ အတ္ထုပ္ပတ္တိ — ညွန့်ဝင်းကို

85 ကြိုး — ယမုံနာ(သန်လျင်)

111 တစ္ဆေအလိုက်ခံရသူများ — ကောင်းကင်မေ(စီးပွားရေးတက္ကသိုလ်)

123 ရှေ့ဆက်လို့မရပါ — မင်းထက်မြိုင်

131 အရောင်မပြောင်းသောကောင်းကင်ပြာ — မိုးပန်းမွှန်(ရာမည)

136 ချိုကားကြီး — မောင်မြင့်မား(ဗိုလ်ကလေး)


## YOUTH


142 ထူးချွန်ထက်မြက်လိုသူများအတွက် လက်ဆောင်မွန် — ကိုစော(ပထဝီဝင်)


## JOKE


69, 88, 104, 116, 135, 141 — မောင်သီဟ


## HEALTH


89 ဗီတာမင်ဆိုတာ သင့်ရဲ့ထာဝရမိတ်ဆွေပါ — သိပ္ပံစာရေးဆရာကိုကိုအောင်


## LONG STORY


146 မေတ္တာရှင်မလေး ဂျိန်း(ဇာတ်သိမ်းပိုင်း) — မောင်သီဟ

# ရှေးဦးစကား

"မင်္ဂလာပါ" စာရှုသူများခင်ဗျား - City Magazine အမှတ်(၂၄၇)ကို စာရှုသူများမျက်မှောက် အရောက်ပို့လိုက်ပါပြီ။ အစဉ်အလာမပျက် ရသစုံအောင် ဖွဲ့စည်းထားပါသည်။

သမ္မာရင့် စာရေးဆရာများ၏ စာမူများကို မပျက်မကွက်ပါဝင်အောင် ကြိုးပမ်းခဲ့သလို၊ ကလောင်သစ်များကိုလည်း လက်ကမ်းကြိုဆိုလျက် ပါဝင်စေပါသည်။ မြို့ပြအထာကို တစေ့တစောင်း အကဲခတ်နိုင်သလို၊ ကျေးလက်အငွေ့အသက်ကိုလည်း ခံစားနိုင်ရန် ဖြစ်ပါသည်။ (သုတ၊ ဆောင်းပါးများကို တင်ဆက်သလို၊ ရသဝတ္ထုများကိုလည်း ဖော်ပြထားပါသည်။)

ဤတစ်ပတ် City Magazine တွင် အခန်းဆက်ဖော်ပြခဲ့သော ဘာသာပြန်ဝတ္ထုရှည်ကို ဇာတ်သိမ်းပိုင်းအဖြစ် ဖော်ပြထားပါသည်။ အလားတူ ဘာသာပြန် ဝတ္ထုများကို စဉ်ဆက်မပြတ် ဖော်ပြနိုင်ရန် အားထုတ်သွားပါမည်။

စာရှုသူ မိတ်ဆွေများက ဝေဖန်အကြံပြုပါရန် ဖိတ်ခေါ်အပ်ပါသည်။ ဘာသာပြန်စာမူများကိုလည်း ပေးပို့ပေးရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျေးဇူးတင်လျက်
အယ်ဒီတာချုပ်



# မြနန်းစံကျော် ရွှေနန်းတော်ရိပ်ဝယ်

အလှဆန်း သော်တည့်
မြနန်း စံ ကျော် တဲ့
ရွှေနန်းတော် ရှုမညောင်းပါကလား
ခေတ်ပေါင်း မန္တလာ မြေက
မြန်မာတွေ အသရေ တင့်ပါကြောင်း
ကျူးရင့်တဲ့ ပုံသက်သေ။

ညီလာခံ ပါတဲ့
သီဟာသန ရွှေပလ္လင်နဲ့
နန်းဥကင် အထင်ကရ ပေပဲ
မြင်ရသူ မျိုးဂုဏ်ဝင့်ဖွယ်ပ
ဘုံဆင့် အသွယ်သွယ်နှင့်
ဆန်းတကြယ် လွမ်းဖွယ်အခင်းရယ်က
နန်းအလယ် ပန်းစံပယ်တွေလဲ သင်းခဲ့ပေလိမ့်
ရင်တွင်းမှာ ထင်လာအောင်ပေါ့
စမှတ်ဆောင် အသွယ်သွယ်ခင်းပါလို့
ကိုယ့်မင်း ကိုယ့်နေပြည်နဲ့
တို့မြေသည် သာမည မဟုတ်ပါဘူး
မချို့ဝေစည် သာဓက သရုပ်တွေနဲ့
ဂုဏ်ပုဒ် ဖြာဝေ။

"ဘုန်းရောင်တွေ ဝင်းပါလို့
ကုန်းဘောင်နေမင်းတို့ရယ်ကြောင့်
တောင်ဒီပါ ထိန်ထိန်လင်းခဲ့ပါသတဲ့"
မင်းမြတ် ကျော်အမော်တို့
ဘုန်းတေဇော် နေတန်ဆောင် ဖြန့်တယ်လို့
ပြည်ဘောင်အနှံ့ ကျူးခဲ့ပေ
မြန်မာ့မြေရဲ့ အတိတ် ပန်းချီကား။
ဪ . . .အလှဝေသကွဲ့ စိတ်အလည်သွား။

ဒီ ငါတို့ ပြေ
ဒီ ငါတို့ မြေ
ဒီ ငါတို့ အမွေပါကွဲ့
ရေးပဝေ ခေတ်အပေါင်းကိုဖြင့်
ပြန်ပြောင်းကာ လွမ်းရုံမဟုတ်ပါဘူး
သရုပ်မှန် ထင်အောင်ရှုရမှာက
"ပြည်ထောင်စု မြန်မာနိုင်ငံသား" တို့မှာဖြင့်
ကိုယ့်ဓား ကိုယ့်လှံ
ကိုယ့်အား ကိုယ့်မာန်နဲ့
ကိုယ့်နိုင်ငံ ကိုယ့်အမျိုးကိုပဲ
မညှိုးအောင် တိုးနှောင်ချစ်ရပေမပေါ့
အားသစ်ကာယ ဖြာဖြာဝေလို့
မြန်မာတစ်တွေ သမ္မာ မညှိုးရအောင်
ကမ္ဘာမကြေ ငါတို့ အမျိုးရယ်လို့
နိုးကြားအမှန် ဘာမထီ အတွေးရယ်နဲ့
အမျိုးသားမာန် ဇာတိသွေးရယ်
နွေးခဲ့သည့် တကား။ ။

မြင်းမူမောင်နိုင်မိုး



# အိမ်မိုးချိန်

နွေနှောင်းကာလ၊ မိုးမကျမီတွင်
တောသူတောင်သား၊ အိမ်များမိုးရန်ပင်
သက်ငယ်အပြင်၊ အင်ဖက်ကြဲဖက်
ကိုယ်တိုင်ပျစ်ကာ၊ ဝယ်ယူကာ
ရှံခါဝါးကပ် ရက်သည့်နှင့်လေး . . .။

အိမ်မိုးမည့်ရက်၊ တွက်ချက်ပြီးသောအခါ
အိမ်စဉ်လှည့်သွား၊ အားသူခေါ်ငင်ရာ
သာအေး ဖိုးပါ၊ စုံစွာရွာသား
မညည်းမညူ၊ စိတ်ကြည်ဖြူ
တောမှုပြိုင်စုံ၊ ရှားသည့်နှင့်လေး . . .။

ကူညီလုပ်အား၊ မခြားနှောင်ညီနှယ်
အပေါင်းကိုဖျက်၊ အိမ်ထက်တက်လို့ရယ်
မိုးကြပြီကွယ်၊ ဘယ်ညာမစောင်း
ထက်အောက်မေးကာ၊ ညှိနှိုင်းကာ
ညီညာချည်တုပ်၊ ကောင်းသည့်နှင့်လေး။

ဟင်းချက်ကကောင်း၊ နေစောင်းထန်းရေပါ
ခွက်လှည့်သောက်နည်း၊ အမြည်းပဲလှော်သာ
သောက်ပြီးချိန်မှာ၊ စကားလွှေးကြ
ကာလသားနော်၊ ခေါင်းမဖော်
ပျော်ရွှင် ဆက်ရက်ကျ သည့်နှင့်လေး . . .။

တွေးကာစာအလှ ခြယ်သ ရေးမမီသစ်ပေါ်အတည်။
ကျေးရွာသဘာဝ ငယ်ကဆေးပန်းချီဖြစ်တော့သည်။

မောင်စိမ်းနောင်(လယ်ဝေး)



# ရိုကျိုးနေ့ည ရှိခိုးကြ

"နာ" သုံး "နာ" ရှင်ဝိတ်
အာစရိ မြတ်ဆရာ
မျှဝေကာ ပညာပေး
နှုတ်ရေးလိမ္မာ၊
ကျေးဇူးက သင်္ချေသင်္ချာ
တွက်ရေပါ အနန္တ
လက်အုပ်ချီ ရိုတုပ်ကွ
မြဲအစဉ်ထာဝရ
ဆည်းကပ်နေ့ည။

"သင်"ဆရာ ဦးထိပ်ထား
"မြင်" "ကြား"တဲ့ ဆရာဆူဆူ
ကြည်ဖြူဖြူ ပူဇော်ထိုက်
ဦးခိုက်ရည်တူ၊
"ရတနာ မြတ်သုံးဆူ"
"ဘ" "မိ"တူ မြတ်မြတ်နိုး
လက်အုပ်ချီ တို့ရိုကျိုး
ဦးချရှိခိုး။

ကျော်စောဟန်

# အသိပညာရှင်

ထိပ်ဖျားအရောက်၊ ပြီးမမြောက်လည်း
ရောက်သည့်နေရာ၊ ခိုင်ခိုင်မာဖြင့်
ငါတို့ရပ်တည်ရပါမည်။

အဝင်ပန်းတိုင်၊ မလှမ်းနိုင်လည်း
တစ်ဆိုင်တစ်ဖျား၊ ရွေ့ရွေ့သွားရင်း
အင်အားဖြည့်ဆည်း ရပါမည်။

တာဝန်ကျေပြီ၊ အားမရှိလည်း
ချည့်နွဲ့မရွံ့၊ ရုန်းကန်စွန့်ရင်း
လူးလွန့်လှုပ်ရှား ရပါမည်။

တစ်စ တစ်ထုံး၊ မပြီးဆုံးလည်း
အရှုံးမခံ၊ နောက်မချန်ဘဲ
ရေဆန်လှော်တက် ရပါမည်။

အစွမ်းမဖြစ်၊ လမ်းတစ်ဆစ်မှာ
နွမ်းရစ်မသီ၊ ခရီးရှည်လျှောက်
ပြီးမမြောက်လည်း။ ဆီး ကြောက်မနေ
လက် ခြေပိုင်စိုး။ သီတန်ခိုးနှင့်
တန်ဖိုးရှိသော ငါတို့လူ။ ။

မောင်လွှမ်းနိုင်(စံပယ်ငုံ)



# CITY Cartoon



# CITY Cartoon



# CITY Cartoon









# ကောင်းသူထိပ်၊ မကောင်းသူဘိတ်

ကိုဇော်

ခြသေ့်ခေါင်းနှင့် ငါးခန္ဓာကိုယ်အမြီးရှိတဲ့ (Marlion) အထိမ်းအမှတ် ရုပ်တုကြီးဖြင့် ခြသေ့်မြို့တော်ဟု အဓိပ္ပာယ်ရှိသော စင်ကာပူနိုင်ငံရဲ့ ဖြစ်တည်လာရသည့် သမိုင်းကြောင်းကို ဦးစွာပထမ ပြန်လည်လေ့လာကြည့်ရှုမှု ပြည့်စုံမယ်ထင်ပါတယ်။

မလေးရှားကျွန်းဆွယ်ရဲ့တောင်ဘက် အစွန်ဆုံးတွင်တည်ရှိသော စင်ကာပူမြစ်ဝမှ ကျွန်းတစ်ကျွန်းဖြစ်ပါတယ်။ ပင်လယ်လူ (Orang Laut.) ဟုခေါ်သော နယ်မြေခံ မလေးလူမျိုးတွေနေထိုင်တဲ့ တံငါသည်များရဲ့ ရွာတစ်ရွာဖြစ်ပါတယ်။

၁၈၁၉ ခုနှစ်တွင် ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီရဲ့ ကုန်သွယ်ရေးစခန်းကို ထိုကျွန်းပေါ်တွင် စတင်တည်ထောင်ခဲ့ပါတယ်။ ထိုအချိန်က သစ်မြစ်ဆေးဝါးတို့ သယ်ယူပို့ပေးရာ ကုန်သွယ်ရေးမဟာဗျူဟာလမ်းကြောင်းရဲ့ စခန်းအဖြစ် အသုံးပြုခဲ့ကြပါတယ်။ ထို့ကြောင့် စင်ကာပူသည် ဗြိတိသျှအင်ပါယာရဲ့ အရေးပါသော ကုန်သွယ်ရေးနှင့် စစ်ရေးဒေသတစ်ခု ဖြစ်လာပြီး၊ အချက်အချာကျသော အုပ်ချုပ်ရေးဒေသတစ်ခု ဖြစ်လာတယ်။

ဒုတိယကမ္ဘာစစ်အတွင်းမှာ ဂျပန်တွေက စင်ကာပူမြို့ကို သိမ်းပိုက်နိုင်ခဲ့ခြင်းသည် ဗြိတိသျှတို့အဖို့ ကြီးမားသော ဆုံးရှုံးမှုကြီးပင် ဖြစ်သည်ဟု ဝင်စတန်ချာချီပြောဆိုခဲ့ပါသည်။ စစ်ကြီးပြီးဆုံးသွားတာနဲ့ စင်ကာပူသည် ဗြိတိသျှတို့ရဲ့ အုပ်ချုပ်မှုလက်အောက်သို့ ပြန်လည် ရောက်ရှိခဲ့ပါတယ်။ ၁၈ နှစ်ကြာပြီးနောက်ပိုင်းတွင် ကိုလိုနီလက်အောက်ခံဖြစ်သော မာလာယာ (Malaya)၊ ဆာဘား(Sabah)၊ ဆာရာဝပ် (Sara wak) နှင့် ပူးပေါင်းထားခဲ့ပါတယ်။

နောက်နှစ်နှစ်အတွင်းမှာ စင်ကာပူသည် မလေးရှားလက်အောက်မှ ခွဲထွက်ပြီး စင်ကာပူနိုင်ငံအဖြစ် သီးခြားလွတ်လပ်စွာ ရပ်တည်ဖို့ ရုန်းကန်လှုပ်ရှား ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ ကွယ်လွန်သွားပြီဖြစ်သော မစ္စတာလီကွမ်ယုသည် ထင်ရှားသော နိုင်ငံရေး ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။

စင်ကာပူနိုင်ငံသည် မလေးရှားနိုင်ငံရဲ့ ဂျိုဟိုး(Jahor)ပြည်နယ်၏ တောင်ဘက်တွင် တည်ရှိပြီး၊ အီကွေတာရဲ့မြောက်ဘက် ၈၅ မိုင် အကွာတွင်ရှိသော စတုရန်းမိုင် (၂၇၃) မိုင်သာရှိသော လူဦးရေနည်းတဲ့ ကျွန်းနိုင်ငံလေးတစ်ခုသာ ဖြစ်ပါတယ်။ စင်ကာပူကျွန်းနိုင်ငံလေးသည် နှစ်ဆယ်ရာစုနှစ်လယ်ပိုင်း အလွန်မှာ မလေးရှားနိုင်ငံက ခွဲထွက်ပြီး၊ လွတ်လပ်ရေးရလာခဲ့ပါတယ်။ တရုတ်၊ မလေး၊ ကုလားနှင့် ကပြားနိုင်ငံသားတွေ စုပေါင်း






နေထိုင်သော်လည်း လူဦးရေနည်းပါးပါတယ်။ ရေချိုနှင့် မြေအောက်ရေအောက် သဘာဝ သယံဇာတ မထွက်ပါဘူး။ မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ဖို့ မြေနေရာအကျယ် အဝန်းနှင့် အခြေအနေလည်းမရှိပါဘူး။ သို့သော် အပြည်ပြည်ဆိုင်ရာ လေ ကြောင်း၊ ရေကြောင်း သယ်ယူပို့ဆောင်ရေးအတွက် အချက်အချာကျသော နေရာဒေသတစ်ခု အဖြစ် တည်ရှိနေသည့်အပြင် ကမ္ဘာ့အရှေ့နှင့် အနောက်ဘက်ခြမ်းတို့ရဲ့ ဗဟိုကုန်စည် ကူးသန်းရောင်းဝယ်ဖလှယ်ရေးအတွက် သဘာဝအနေအထားအရ ဖန်တီးပေးထားတယ်။

နှစ်ဆယ့်တစ်ရာစု နှစ်ဦးပိုင်းမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးနိုင်ငံနှင့် သန့်ရှင်းသာယာလှပ ငြိမ်းချမ်းတဲ့ ချမ်းသာသော ကမ္ဘာ့နိုင်ငံများရဲ့စာရင်းတွင် ထိပ်ဆုံးဆယ်နိုင်ငံစာရင်းထဲသို့ ဝင်ရောက်လာနိုင်ခဲ့ပါတယ်။

ပစ္စက္ခအခြေမှာ ဒီလိုအဆင့်ရောက်ရှိနိုင်တာကလည်း နိုင်ငံရဲ့ အစိုးရဖွဲ့စည်းအုပ်ချုပ်ပုံ စည်းကမ်းနည်းစနစ်ဥပဒေ၊ စီစဉ်ခိုင်မာတိကျမှုနှင့်အတူ စင်ကာပူနိုင်ငံသားလူမျိုးစုတွေရဲ့ ခံယူချက်ကလည်း အစိုးရချမှတ်ထားသော စည်းကမ်းနည်းစနစ်ဥပဒေတွေအား လေးစားလိုက်နာကျင့်ကြံအားထုတ်လုပ်ကိုင် ဆောင်ရွက်ကြမှုသာဆင်းရဲတွင်းမှ လွတ်မြောက်ကာ နိုင်ငံတော်သည်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ၊ နိုင်ငံသားတွေရဲ့ နောင်လာနောက်သား မျိုးဆက်သစ်တွေခေတ်အထိ၊ လူနေမှုအဆင့်အတန်း မြင့်မားနေပြီး စားဝတ်နေရေး ဖူလုံချမ်းသာ စံစားနိုင်မယ်လို့ ယုံကြည်ခံယူထားသောကြောင့် ဖြစ်ပါတယ်။ ထို့အတူ လူမျိုးစုနိုင်ငံသားတွေရဲ့ နှလုံးစိတ်ဝမ်းမှာ တစ်သွေးတည်း။ တစ်သားတည်း။ တစ်နိုင်ငံတည်း။ "One For All, All For One" "One People, One Nation" လို့ ဆောင်ပုဒ်နှင့်အညီ၊ ယုံကြည်မှု ဦးတည်ချက်နဲ့ ကြိုးစားအားထုတ် ဆောင်ရွက်မှုတွေရဲ့ အကျိုးစံစားခွင့်အား ယုံကြည်မျှော်မှန်းထားသောကြောင့် ဖြစ်ပါတယ်။

စင်ကာပူမှ လူမျိုးစုတွေဖြစ်ကြသော တရုတ်၊ မလေး၊ ကုလားနှင့် ကပြားတွေဟာ ယခင်က သီးခြားစီ စုပေါင်းမှီတင်းနေထိုင်လေ့ရှိကြပါတယ်။ ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းတွင် စင်ကာပူရှိ လူမျိုးစုတွေအကြား သင့်မြတ်သာယာ အေးချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ကြစေရန် စင်ကာပူအစိုးရက လူမျိုးစုတွေအကြား အပြန် အလှန်နားလည်မှုတိုးပွားလာစေရန် မူဝါဒချမှတ်ကာ ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်ခဲ့ပါတယ်။

စင်ကာပူနိုင်ငံသား လူမျိုးစုတွေ တန်းတူညီမျှရေးကို ရှေးရှုပြီး၊ နိုင်ငံသားလူမျိုးစုတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာ(ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူစသဖြင့်)တွေအား လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ပြုထားပါတယ်။

ထို့အတူ ဘာသာစကားနှင့် စာပေဆိုင်ရာ မူဝါဒမှာလည်း တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ မလေးဘာသာနှင့် တမီလ်ဘာသာတွေကို ကျောင်းများ





တွင် သင်ကြားခွင့်၊ ပြောဆိုခွင့်ပြုထားပါတယ်။ ဥပမာအားဖြင့် အများပြည်သူနှင့် သက်ဆိုင်သော ဘတ်စ်ကားဂိတ်(SBS) နှင့် မြေအောက်ရထားဘူတာရုံ(SMRT) တွေတိုင်းမှာ ဘာသာလေးမျိုးနှင့် လမ်းညွှန်အမှတ်အသား ဆိုင်းဘုတ်များကို ရေးသားပြသပေးထားပါတယ်။

စင်ကာပူနိုင်ငံသူ၊ နိုင်ငံသားတွေအတွက် အဓိကအခြေခံကျသော စားဝတ်နေရေးအတွက် စင်ကာပူအစိုးရမှ တန်ဖိုးနည်းအိမ်ရာ(HDR Flat) မူဝါဒအား ကျင့်သုံးခဲ့ရာ၊ ထိုတိုက်တန်းလျားကြီးများတွင် (Community) မတူခြားနားတဲ့ လူမျိုးစုတွေကို ရောနှောပြီး အတူတကွ နေထိုင်ကြရမယ်လို့ ချမှတ်ပေးထားခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ချက်မှာ လူမျိုးစုတွေ သင့်မြတ်အေးချမ်းသာယာစွာ အတူယှဉ်တွဲ နေထိုင်တတ်ကြဖို့အတွက် အခြေခံအုတ်မြစ် ချမှတ်ပေးခဲ့ခြင်းပါပဲ။ ထို တန်ဖိုးနည်းအိမ်ရာတိုက်တန်းလျားကြီးရဲ့ တိုက်ခန်းအိမ်တွေတိုင်းအတွက် ဓာတ်လှေကားများ၊ အမှိုက်သွန်စနစ်၊ လုံခြုံစိတ်ချရသော လျှပ်စစ်မီးလိုင်း၊ ရေပိုက်လိုင်း၊ ဂက်စ်ပိုက်လိုင်း၊ တီဗီအင်တာနာလိုင်း၊ တယ်လီဖုန်းလိုင်း စသည်ဖြင့် ဝန်ဆောင်မှုများကို အဆင်သင့် အသုံးပြုနိုင်ရန် တပ်ဆင်ပေးထားပါတယ်၊ လေဝင်လေထွက်ကောင်းမွန်သော ပြတင်းပေါက် များပါရှိသကဲ့သို့ မီးဘေးကြိုတင်ကာကွယ် ဖို့ ပစ္စည်းများလည်း ထားရှိပေးပါတယ်။

နေထိုင်ကြတဲ့သူများအနေနဲ့ တိုက်ခန်းအိမ်ရဲ့ပတန်ဖိုးကို လစာဝင်ငွေပေါ်မူတည်ပြီး နှစ် ၃၀ အတွင်း အရစ်ကျ လစဉ်ပေးဆပ်သွားရမှာဖြစ်ပါတယ်။ ထို့အပြင် သုံးစွဲခဲ့သော လျှပ်စစ်၊ ရေ ဂက်စ်တွေရဲ့ မီတာယူနစ်ကျသင့်သရွေ့ ပေးဆောင်သွားရမှာဖြစ်ပါတယ်။ လိုအပ်သည်ထက် အလွန်အကျွံ သုံးစွဲခြင်းမရှိစေရန် ကျသင့်မီတာယူနစ်များအပေါ် မူတည်ပြီး ဒဏ်ငွေပေးဆောင်ရပါမယ်။

စင်ကာပူနိုင်ငံအတွင်း သွားလာရေး ကို လွယ်ကူမြန်ဆန်စေမယ့် ဘတ်စ်ကားလိုင်းများနှင့် မြေအောက်ရထားလိုင်းများ စီစဉ်ပြေးဆွဲပေးနေသကဲ့သို့ အငှားယာဉ် (Taxi) များလည်း သက်သောင့်သက်သာ နဲ့ စီးနင်းနိုင်ပါတယ်။

စင်ကာပူနိုင်ငံမှ ဝန်ထမ်းအလုပ်သမားများရဲ့ လစာဝင်ငွေရသော အလုပ်ကလည်း တတ်မြောက်လုပ်ကိုင်နိုင်သော ကာယဉာဏစွမ်းရည်နှင့် ကျွမ်းကျင်မှုအပေါ်မူတည်ပြီး ထိုက်သင့်သော လစာအပြင်၊ အကျိုးခံစားခွင့် ပြည့်ဝစွာရရှိနေတာကြောင့် မိသားစု စားဝတ်နေရေးအတွက် လောက်ငမှုလုံစေပါတယ်။ ထို့ကြောင့် လစာဝင်ငွေရသော အလုပ်ရဲ့ တာဝန်နှင့်ဝတ္တရားတွေကို ကျေပွန်အောင် ကြိုးစားလုပ်ကိုင်နေကြရပါတယ်။ အလုပ်ပြုတ်၊ နားမည်ဆိုးစာရင်းဝင်စေမယ့် အလုပ်မှာ တာဝန်မဲ့စွာ ပျားယွင်းပျက်ကွက်စေခြင်း၊ အထူးသဖြင့် နိုးယူ လာဘ်စားခြင်းတို့ကို ရှောင်ကြဉ်ကြရပါတယ်။

စင်ကာပူနိုင်ငံရဲ့ ခေတ်မီတိုးတက်လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာသည်နှင့်အမျှ မိသားစုရဲ့ စားဝတ်နေ ရေးစရိတ်စကလည်း ကြီးမားမြင့်တက်လို့လာပါတယ်။ သာမန်မိသားစုတစ်စုရဲ့ ဘဝတွေကိုကြည့်လိုက်ရင် အလုပ်နှင့်အိမ်၊ အိမ်နှင့် အလုပ်ဆိုသလို၊ တာဝန်ဝတ္တရားတွေနဲ့ အချိန်ကုန် သံသရာလည်နေကြပါတယ်။ မိသားစုရဲ့ ဝန်ထုပ်ဝန်ပိုး ပိနေသကဲ့သို့ သားသမီးတွေကလည်း နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်မှာ အမီလိုက်ဝင်ဆန့်နိုင်ရေး ကျောင်း၊ ကျူရှင်နှင့် အိမ်မှာပဲ၊ သညာဖြင့် ဝဲကယက်ထဲမှာ ကျောင်းစာဝန်ထုပ်ဝန်ပိုး ပိနေကြတယ်။ ထို့ကြောင့် သူတို့ရဲ့ဘဝတာ ခေတ်မီတိုးတက်မြင့်မားသော လူနေမှုအဆင့်အတန်းမှာ သာယာလှပအေးချမ်းကာ စည်းကမ်းရှိကြသော်လည်း အခေတ်ပဲ ရိုးရှင်းပြီး မိသားစုကိုယ်ပိုင်ချိန် နည်းပါးကာ ကိုယ့်စိတ်ကြိုက် လုပ်ပိုင်ခွင့်နည်းပါးပါတယ်။

စင်ကာပူအစိုးရကလည်း နိုင်ငံသူ၊ နိုင်ငံသားများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေတာတွေ လျှော့ချပေးတဲ့အနေနဲ့ စင်ကာပူနိုင်ငံရဲ့ မြို့နယ်တိုင်းတွင်ရှိတဲ့ မတူညီတဲ့ လူမျိုးစု အတူတကွနေထိုင်သူများ ဗဟိုဌာန (Community Center) များမှ အများပြည်သူနှင့်ဆိုင်သော အလုပ်နှင့် ကျောင်းပိတ်ရက်တွေမှာ မိသားစုတွေ ဆုံတွေ့လှုပ်ရှားမှု ပျော်ပွဲရွှင်ပွဲများကို စီစဉ်ကျင်းပပေး

ပါတယ်။ ဒီလိုရက်တွေမှာ ပျော်ရွှင်စွာ လည်ပတ် အပန်းဖြေ ပျော်ပွဲစားထွက်ခြင်း၊ ဈေးဝယ်ထွက်၊ ရုပ်ရှင်ကြည့်၊ အစားအသောက်တွေဝယ် စားသောက်ခြင်းတို့ဖြင့် အထူးစည်ကားလို့နေပါတယ်။

အစိုးရပညာရေးဝန်ကြီးဌာနကလည်း ကျောင်းသူကျောင်းသားတွေမှာ ကျောင်းစာတွေ ဝန်ထုပ်ဝန်ပိုးလို ပိနေခြင်းကနေ လျှော့ချပေးတဲ့အနေနဲ့ ကျောင်းစာနှင့် ကျောင်းစာသင်ချိန်ကို လျှော့ချကာ၊ ဘက်စုံပညာရေးမှာ ထူးချွန်အောင် ကိုယ်လက်လှုပ်ရှား အားကစားအချိန်၊ အခြားသော ဗဟုသုတ စိတ်ဝင်စားစရာ တီထွင်ဆန်းသစ်မှု အသိပညာ၊ အတတ်ပညာတွေကို လေ့ကျင့်လုပ်ဆောင်နိုင်ရန် စီစဉ်ပေးထားပါတယ်။

ထို့အတူ စင်ကာပူအစိုးရက ဖူလိုင်လ ၂၁ ရက်နေ့ကို လူမျိုးစုတွေ သင့်မြတ်အေးချမ်းသာယာရေးနေ့အဖြစ် သတ်မှတ်ပေးကာ၊ အဲဒီရက်သတ္တပတ်အတွင်းကိုတော့ လူမျိုးစုတွေ သင့်မြတ်အေးချမ်းသာယာရေး အပတ်အဖြစ် အများပြည်သူနှင့် သက်ဆိုင်သော လှုပ်ရှားတက်ကြွမှု ပျော်ပွဲရွှင်ပွဲတွေ ပြုလုပ်ကြပါတယ်။

စင်ကာပူနိုင်ငံမှ လူမျိုးစုတွေရဲ့ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ရှေးဟောင်းအကြွင်းအကျန်တွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့နှင့် သမိုင်းကြောင်းကို မမေ့လျော့သွားစေရန်အတွက် သီးသန့်ပြတိုက်များကို တည်ဆောက်ကာ စီစဉ်ခင်းကျင်းပြသထားပါတယ်။

လူမျိုးစုတွေရဲ့ ပွဲတော်ကြီးများဖြစ်သော တရုတ်မျိုးနွယ်ဖွားတို့ရဲ့ နွေဦးနှစ်သစ်ကူးပွဲတော်၊ မလေးရှားမျိုးနွယ်ဖွားတို့ရဲ့ အစ်နေ့ပွဲတော်၊ ကုလားမျိုးနွယ်ဖွား တို့ရဲ့ ကုလားဘုရားပွဲတော်၊ ကပြားနိုင်ငံသားများရဲ့ ခရစ်စမတ်နှင့် နှစ်သစ်ကူးပွဲတော်တွေကိုလည်း၊ စင်ကာပူနိုင်ငံရဲ့ ပွဲတော်နေ့များအဖြစ် အသိအမှတ်ပြု တရားဝင်သတ်မှတ်စီစဉ်ကျင်းပခွင့် ပေးထားပါတယ်။

စင်ကာပူနိုင်ငံရဲ့ သန့်ရှင်းကျန်းမာ၊ သာယာလှပ၊ တည်ငြိမ်အေးချမ်း၊ စည်ပင်ဝပြော၊ ခေတ်မီတိုးတက်ရေးနှင့် စည်းကမ်းနည်းစနစ် ဥပဒေစိုးမိုးရေးအတွက် လူမျိုးစုတွေ တန်းတူညီမျှရေး၊ အဆင့်အတန်း မခွဲခြားဘဲ အစိုးရမှ အုပ်ချုပ်မှု တရားစီရင်ရေး၊ စည်ပင်သာယာရေး၊ ပြည်ထဲရေး(ပြည်သူ့ရဲ၊ လဝက၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးအဖွဲ့) စနစ်တကျ စီမံအုပ်ချုပ် လုပ်ဆောင်ပေးနေပါတယ်။ ထို့အတူ နိုင်ငံခြားသားများပင် ဖြစ်စေကာမူ ချမှတ်ထားသော စည်းကမ်းနည်းစနစ် ဥပဒေပြဌာန်းချက်အတိုင်း မလိုက်နာဘဲ၊ ကျူးလွန်ဖောက်ဖျက်ပါက ဥပဒေအရ ထိကျပြတ်သားစွာ အပြစ်ဒဏ်ပေးမှာ ဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်ကြောင်း သက်သေခံနိုင်လုံတဲ့ တရားခံအပေါ် တရားရုံးမှ တရားသူကြီး ချမှတ်လိုက်သော အပြစ်ဒဏ်ကို သံတမန်ရေးရာအရသော်လည်းကောင်း၊ တရားခံရဲ့ နိုင်ငံတော်သမ္မတမှ မေတ္တာရပ်ခံချက်ကိုလည်းကောင်း လျှော့ပေါ့စဉ်းစားပေးမှာ မဟုတ်ပါဘူး။ တကယ့်ဖြစ်ရပ်မှန်မှတ်တမ်းများလည်း ရှိပါတယ်။

ကမ္ဘာ့နိုင်ငံ အတော်များများတွင်မရှိသော စည်းကမ်းနည်းစနစ်ဥပဒေကို ကျူးလွန်ဖောက်ဖျက်သူ တရားခံအား ပြစ်ဒဏ်ပေးခြင်းတစ်ခုဖြစ်တဲ့ ကြိမ်ရိုက်အပြစ်ဒဏ်ပေးခြင်းပင် ဖြစ်ပါတယ်။



ကြိမ်ရဲ့ လုံးပတ်အချင်းမှာ (1cm. 1.5cm. 2cm) အထိ အရွယ်အမျိုးမျိုးထားရှိပါတယ်။ ကြိမ်လုံးရဲ့အရှည်မှာ (1.2m) ရှည်ပါတယ်။ ကူးစက်ရောဂါ မရှိစေရန် ဆေးစိမ်ပြီး ပိုးသတ်ထားပါတယ်။

ကြိမ်မရိုက်ခင် တရားခံအား ဆရာဝန်နှင့် ဆေးစစ်ကာ၊ ထိုတရားခံရဲ့ ကြိမ်ရိုက်ချက် ခံနိုင်အားရှိသလောက်အထိ ရိုက်နိုင်အောင် ကြိမ်ရိုက်ဆရာက အထူးလေ့ကျင့်ထားပါတယ်။

ကြိမ်ရိုက်ချက် အမြင့်ဆုံးအမြန်နှုန်း (160km/h) နှင့် အများဆုံး ၂၄ကြိမ်အထိ ရိုက်နိုင်ပါတယ်။

အပြောက်လက္ခဏာပုံစံ (X) သစ်သားဖျဉ်ပြားနှစ်ချပ်မှာ ကိုယ်လုံးတီးနှင့် ရင်အပ်ကာ၊ ခြေနှင့်လက်တို့ကို ချည်နှောင်ထားပါတယ်။

ကြိမ်ရိုက်ချက် ပြစ်ဒဏ်ကျသောနေ့မှာ တရားခံတစ်ဦးကို တစ်ချက်မှ အများဆုံး သုံးချက်အထိ ရိုက်ပါတယ်။ ထို့ထက်ပိုသော ကျန် ကြိမ်ရိုက်အပြစ်ဒဏ်ကို နောက်သတ်မှတ်ရက်မှာ နောက်ထပ်တစ်ကြိမ် ထပ်ရိုက်ပါတယ်။

ကြိမ်ရိုက်ချက်ပြင်းအားကြောင့် တင်ပါးရဲ့ အရေပြားနှင့် အသားမှာ ကွဲစုတ်ပြတ်သွားပြီ၊ တစ်ချက်နှင့်တစ်ချက် မထပ်စေရဘဲ အစီအရီ အကွာအဝေးညီမျှစွာဖြင့် သေရာပါ အမာရွတ် ကျန်ရစ်သွားမှာဖြစ်ပါတယ်။

အများနှင့်သက်ဆိုင်သော သိရှိပြီးသား ဖြစ်ရမည့် အခြေခံစည်းကမ်းနည်းစနစ် ဥပဒေများကို ဖော်ပြလိုက်ပါတယ်။

လမ်းဆီးသွားနေရင်း၊ ဆရာဝန်ခွင့်ပြုထောက်ခံချက်အရ ပီကောဝါးခြင်းမှအပ ပီကောဝါးနေသူတွေ့ရင် စင်ကာပူဒေါ်လာ ၅၀၀ ဒဏ်ငွေရိုက်ခံရပါမယ်။ ထို့အတူ ပီကော ရောင်းတဲ့သူ ဖမ်းမိရင် ဒဏ်ငွေ တစ်သိန်းနှင့် ထောင်ဒဏ် ၂နှစ်ကျခံရမှာဖြစ်ပါတယ်။

အိမ်နံရံ၊ တံတိုင်း၊ ပလက်ဖောင်းများတွင် ဆေးသုတ်ပုံဆွဲ စာရေး၊ ကြော်ငြာကပ်ခြင်း ကျူးလွန်ပါက ကြိမ်ဒဏ်တစ်ချက်နှင့် ထောင်တစ်လ ကျပါမယ်။



လမ်းလျှောက်ကူးမျဉ်းကျားမှမကူးလျှင် ဒဏ်ငွေ ၂၀ ဒေါ်လာမှ ၁၀၀၀ ဒေါ်လာအထိ ဒဏ်ငွေရိုက်ပါမယ်။ ထပ်မံကျူးလွန်ပါက ထောင်သုံးလအထိ ကျခံရမှာဖြစ်ပါတယ်။

ဆေးလိပ်မသောက်ရနေရာများတွင် ဆေးလိပ်သောက်ပါက ဒဏ်ငွေ ၃၀၀၀၊ တံတွေးထွေးချပါက ဒဏ်ငွေ ၅၀၀၊ အမှိုက်ပစ်ချပါက ဒဏ်ငွေ ၁၀၀၀၊ အပေါ့သွားပါက ဒဏ်ငွေ ၂၀၀၀ နှင့် ကြိမ်ဒဏ်တစ်ချက်။ အိမ်သာသုံးပြီး ရေဆွဲချဖို့ မေ့နေခဲ့ရင် ဒဏ်ငွေ ၁၅၀၊ ထပ်မံကျူးလွန်ပါက ဒဏ်ငွေ ၂၀၀၀ နှင့် ထောင်သုံးလကျခံရပါမယ်။ အလိုမတူဘဲ ပက်သရမ်းမှုဖက်ရင် ကြိမ်ဒဏ် နှစ်ချက် ပြစ်ဒဏ်ပေးခံရပါမယ်။ ကိုယ်ပိုင်မွေးထားသော ခွေး၊ ကြောင်တို့ရဲ့ လမ်းသွားရင်း ပါတဲ့ချေးကို ပြန်ပြီးမသိမ်းကျုံးသွားရင် ဒဏ်ငွေဒေါ်လာ ၅၀၀ ပေးဆောင်ရမယ်။

ဘတ်စ်ကား၊ မြေအောက်ရထားပေါ် သို့ အနံ့အသက်ပြင်းသော အသီးအနှံ၊ အစားအသောက်များ မတင်ရ၊ ဆေးလိပ်မသောက်ရ၊ အမှိုက်မပစ်ရ၊ တံတွေးမထွေးရပါ။ ဒဏ်ငွေရိုက်ခံရမှာဖြစ်သကဲ့သို့ မီးလောင်ပေါက်ကွဲစေတတ်သော အရည်ပစ္စည်းများ သယ်ဆောင်လာရင် ဒဏ်ငွေ ဒေါ်လာ ၅၀၀၀ ပေးဆောင်ရမှာဖြစ်ပါ တယ်။

WiFi နည်းပညာကို ဝင်ရောက်ဖောက်ဖျက် ခိုးယူသုံးစွဲပါက ဒဏ်ငွေဒေါ်လာ တစ်သောင်းနှင့် ထောင်ဒဏ် ခုနစ်နှစ် အပြစ်ပေးကျခံရမှာဖြစ်ပါတယ်။

ဘာသာရေးနှင့်ပတ်သက်ပြီး ငြင်းခုန်စကားများရင် ဒဏ်ငွေ ဒေါ်လာ တစ်သောင်းနှင့် ထောင်သုံးလ အပြစ်ပေးကျခံပေးဆောင်ရမှာဖြစ်ပါတယ်။

စားသောက်ဆိုင်များတွင် စားပွဲထိုးအား ဘောက်ဆူးဖိုက်ဆံ (Tip Money) ပေးခြင်းကို လက်မခံပါ။ စားပွဲထိုးက မကျေနပ်လို့ တိုင်ကြားခဲ့ရင် ကြိမ်ဒဏ်တစ်ချက်နှင့် ဒဏ်ငွေဒေါ်လာ ၁၀၀၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ပေးခံရမှာဖြစ်ပါတယ်။

စင်ကာပူနိုင်ငံတွင် တရားမဝင် ဗီဇာ ရက်လွန် နေထိုင်ခြင်း၊ (Over Stay)၊ အလုပ်လုပ်ခွင့်ပါမစ်မရှိဘဲ တရားမဝင် အလုပ်လုပ်ကိုင်ခြင်း၊ တရားမဝင်သော နည်းလမ်းဖြင့် စင်ကာပူနိုင်ငံသို့ ခိုးဝင်ရောက်လာခြင်းတို့ကို ဖမ်းမိရင် ကြိမ်ဒဏ်သုံးချက်နှင့် ထောင်တစ်လ ကျခံစေပြီး မိခင်နိုင်ငံသို့ ပြန်ပို့ခြင်းခံရမည်။

တရားမဝင် ခိုးကူးခွေရောင်းချခြင်း၊ စာရွက်စာတမ်း အတုပြုလုပ်ခြင်း၊ အလုပ်လုပ်ခွင့်ကတ်၊ မှတ်ပုံတင်ကတ်၊ ငွေစက္ကူ အတုပြုလုပ်ခြင်းကို ဖမ်းမိခဲ့ရင် အနည်းဆုံး ကြိမ်ဒဏ် ၁၀ ချက်၊ အနည်းဆုံး ထောင်ဒဏ် ၅ နှစ်နှင့် ဒဏ်ငွေများလည်း အပြစ်ဒဏ်ချမှတ်နိုင်ပါတယ်။

မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲဖြန့်ချိသယ်ဆောင်လာသူများကို သက်သေခံ ပစ္စည်းနှင့်တကွ ဖမ်းမိခဲ့ရင် သေဒဏ်ပေးခံရမယ်လို့ သတိပေးထားပါတယ်။

မိမိအိမ်တွင် နေထိုင်တဲ့အခါမှာလည်း အိမ်နားနီးချင်းတွေရဲ့ အနှံ့အကြားအမြင်များကို အနှောင့်အယှက်ဖြစ်စေခဲ့မယ်ဆိုရင် သက်ဆိုင်ရာဌာနမှ လာရောက်ပညာပေး ဆွေးနွေးအရေးယူခြင်းကို ခံရမှာဖြစ်ပါတယ်။

ဤကဲ့သို့ အခြေခံမှစပြီး စည်းကမ်းနည်းစနစ်ဥပဒေကို မည်သူမဆို လိုက်နာကျင့်ကြံလုပ်ကိုင်ဆောင်ရွက်ခဲ့တာမို့စင်ကာပူနိုင်ငံသည် သန့်ရှင်းသာယာလှပ ငြိမ်းချမ်းစွာ စည်းကမ်းရှိသော ခေတ်မီဖွံ့ဖြိုးတိုးတက်ချမ်းသာသော ကမ္ဘာ့နိုင်ငံများစာရင်းဝင် ဖြစ်လာခဲ့ရသော ယနေ့ ပစ္စုပ္ပန်အခြေအထိ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၅၀ ကျော်လာခဲ့သည့်တိုင် လူမျိုးစုတွေ တစ်စိတ်တစ်ဝမ်းတည်း၊ စည်းကမ်းနည်းစနစ်ဥပဒေ မူဝါဒချမှတ်ထားသည့်အတိုင်း နိုင်ငံ ဆက်လက်တည်တံ့ ခိုင်မြဲရေးအတွက် ကြိုးစားကျင့်ကြံလုပ်ကိုင်ဆောင်ရွက်ကြရင်း ရှေ့သို့ချီတက်နေကြဆဲပါ။ ယခင် ထင်ရှားသော နိုင်ငံ့ခေါင်းဆောင်ကြီး မစ္စတာလီကွမ်ယုရဲ့သား မစ္စတာ လီရှန်လုံးလက်ထက်ပင် ရောက်ရှိလာခဲ့ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည်လည်း ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုစနစ်ဖြင့် ယခုမှစတင် ချီတက်နိုင်ဖို့ ကြိုးစားနေရတဲ့အခြေပါ။ အများမျှော်လင့်နေကြတဲ့ ပြောင်းလဲမှုကြီးဆိုတာ ဉာဏ်ဖွ-မန်းမှုတ်ပြီး နေ့ချင်းညချင်း လုပ်ယူလို့ရတဲ့အရာ မဟုတ်ပါဘူး။

အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်စေ၊ တခြားသော ဖွံ့ဖြိုးပြီးနိုင်ငံကြီးများဖြစ်စေ ထိုနိုင်ငံများ ကျင့်သုံးနေသော စည်းကမ်းနည်းစနစ် အုပ်ချုပ်ရေးဥပဒေများထဲမှ မြန်မာနိုင်ငံနှင့် ကိုက်ညီလုပ်ကိုင်ဆောင်ရွက်ရန်နှင့် အများပြည်သူတွေရဲ့ အကျိုးကျေးဇူး ဖြစ်ထွန်းစေမည်ဆိုရင် အတုယူ လိုက်နာ ကြိုးစားကျင့်ကြံ လုပ်ကိုင်ဆောင်ရွက်ရမည်။ ဖွံ့ဖြိုးပြီး နိုင်ငံကြီးများရဲ့ လူသားချင်းစာနာမှု နောင်ကြိုးမဲ့ ကူညီထောက်ပံ့ ပညာပေးမှုများကိုလည်း လက်ခံနိုင်ရမည်၊ ထိုနည်းတူ ပြောင်းလဲမှုကို တကယ်တမ်း လိုလားတယ်ဆိုရင် ဘယ်ပုံဘယ်နည်းနှင့် စည်းကမ်းနည်းစနစ် ဥပဒေကို အကြံပြုပညာပေး ဖြေရှင်းကြမလဲ၊ ဘယ်ကဲ့သို့ ကျော်ဖြတ်နိုင်ကြမလဲဆိုတဲ့ အသိစိတ်ဓာတ်၊ စုစည်းညီညာ ယုံကြည်မှုနှင့် အားလုံးဝိုင်းဝန်း လိုက်နာကျင့်ကြံ ကြိုးစားလုပ်ကိုင် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ သို့မှသာ အချိန်နှင့်အမျှ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းအောင်မြင်သွားနိုင်မှာ ဖြစ်ပါတော့သတည်း။

**ကိုဇော်**



# ရန်ကုန်မြို့ကြီးရဲ့ မွေးနေ့ပွဲတော် ကျင်းပလာနိုင်မယ့် 'နေ့'ကိုမျှော်

မောင်မြတ်မွန်(ဆူးလေ)

''ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဆောက်လုပ်ရေးဝန်ကြီး ဒေါ်နီလာကျော်တို့နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MCEA) ဥက္ကဋ္ဌနှင့် အသင်းသားများ ဆွေးနွေးပွဲကို ၁၄–၁၂–၂၀၁၆ ဗုဒ္ဓဟူးနေ့နံနက်က အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ ယင်းဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဝန်ကြီးချုပ်က ''ရန်ကုန်မြို့ကြီးသာယာဝပြောတိုးတက်ပြီး နေချင့်စဖွယ်ဖြစ်စေရန်အတွက် City Plan ရေးဆွဲ အကောင်အထည်ဖော်ရာတွင် ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတစ်ရပ်ဖွဲ့ပြီး၊ ပြည်ထောင်စုအစိုးရနှင့် ရန်ကုန်တိုင်းအစိုးရတို့အကြား Channel တစ်ခုဖြင့် ဖွဲ့စည်းဆောင်ရွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MCEA) ကိုလည်း ယင်းကော်မတီတွင် ပါဝင်ကူညီဆောင်ရွက်စေမှာ ဖြစ်ပါကြောင်း''ဆိုတဲ့ ရန်ကုန်မြို့ကြီးကို အမှန်တကယ် ပြောင်းလဲစေနိုင်မယ့်သတင်းကို The Builders Journal (Vol-3) (No-11)



December (15-31) စာ(၄)မှာ ရန်ကုန်မြို့ကြီးအတွက် ဝမ်းမြောက်အားတက်ဖွယ်ရာ သတင်းအဖြစ် ဖတ်ရှုမှတ်သားလိုက်ရပါတယ်။

**"ရန်ကုန်ရွှေပြည် – အလောင်းမင်းတရားကြီးတည်"** -- "မဟာကဝိန်၊ သုခမိန်တို့ နိုင်းချိန်ပညာ နန်းစဉ်စာအရ နှစ်သစ်ကူး၍ တန်ခူးကုန်ထ၊ ကဆုန်လဉ်၊ ဘိသေကပွဲ၊ ခံမြဲများစွာ၊ မေ့မှာတည်"လက်ာနဲ့အညီ မြန်မာဘုရင်အဆက်ဆက်ဟာ 'ကဆုန်လ'မှာ ရာဇာဘိသေကပွဲနဲ့တကွ မြို့သစ်တည်၊ နန်းသစ်ဆောက်တာတွေကို ဆင်ယင်ကျင်းပမြဲ ဖြစ်ခဲ့ပါတယ်။ တတိယ မြန်မာနိုင်ငံတော် ကုန်းဘောင်မင်းဆက်ကို တည်ထောင်ပေးခဲ့သူ အလောင်းမင်းတရားကြီးဟာလည်း သုခမိန်တို့ရဲ့ နန်းစဉ်စာအတိုင်း "ရန်ကင်းစံရာ"ကို အောင်မြင်စွာ သိမ်းပိုက်ပြီးချိန်မှာ "ရန်အပေါင်းကုန်စင်ခြင်းအထိမ်းအမှတ်နဲ့ ရန်ကုန်မြို့သစ် တည်ဆောက်ပေးခဲ့မှု"ကို အလောင်းဘုရားအရေးတော်ပုံ နှစ်စောင်တွဲမှာ ခံ့ညားထည်ဝါ ခွန်အားပါတဲ့ မြန်မာစာအရေးအသားနဲ့ မှတ်တမ်းပြုစုထားတာက– "ဘဝရှင်မင်းတရားကြီးဘုရားလည်း သက္ကရာဇ် ၁၁၁၇ ခု၊ ကဆုန်လဆန်း (၇) ရက်နေ့ ဒဂုံမြို့မြောင်း အနောက်တောင်တာ ၁၂၀၀ ကျော်လောက်တွင် 'သစ်မြို့' တည်တော်မူ၍ ပြတံခါး ရွှေနန်းနှင့်တကွ ဆောက်တော်မူပြီးလျှင် ထိုသည့်အရပ်တွင် ရန်အပေါင်းအောင်မြင်သည်ကို အကြောင်းပြုသဖြင့် ထိုမြို့ကို ရန်ကုန်သမုတ်တော်မူ၍ စံတော်မူသည်။" (ခရစ်နှစ် အေဒီ ၁၇၅၅ ခုနှစ်၊



**သက္ကရာဇ် ၁၁၁၇ ခု၊ ကဆုန်လဆန်း (၇) ရက်နေ့၊ ဒဂုံမြို့မြောင်း အနောက်တောင်တာ ၁၂၀၀ ကျော်လောက်တွင် 'သစ်မြို့' တည်တော်မူ၍ ပြတံခါး ရွှေနန်းနှင့်တကွ ဆောက်တော်မူပြီးလျှင် ...**

မေလ ၂ရက်နေ့မှာပဲ ဖြစ်ပါပေတယ်။) ဒါကြောင့် မျက်မှောက်ပြုနေတဲ့ ခရစ် ၂၀၁၇ ခုနှစ်၊ မေလ ၂ရက်နေ့မှာ ရန်ကုန်မြို့သက်ဟာ (၂၆၂)နှစ် ပြည့်မြောက်မှာဖြစ်ပါတယ်။

စိန္တကျော်သူဦးပြုံက "ရန်ကုန်ရွှေပြည်၊ သိကြားတည်သား။ ယဉ်ကြည်ဝန်းပတ်၊ မြို့တော်မြတ်"လို့ ညွှန်းဖွဲ့ခဲ့တဲ့ အလောင်းဘုရားရဲ့ ရန်ကုန်မြို့ကွက်ဟာ 'ရွှေတိဂုံဘုရားဖူး ဆိပ်ကမ်းမြို့'ဖြစ်ကာ၊ တောကြီးတွေနဲ့ ဝန်းပတ်ထားတဲ့အတွက် စိမ်းလန်းသန့်ရှင်းတဲ့ သဘာဝပတ်ဝန်းကျင်ကို ပိုင်ဆိုင်ခဲ့တယ်။ "တိမ်အုပ်မှောင်၊ သိဂုတ်တောင်၊ ဘယ်ဌာနရယ်လို့ ရှယ်ဆနိုင်ဘူး"လို့ပင် ဆတိုင်မှူတ် ဦးကျေးက ဩကာသလောကရဲ့မြင်ကွင်းကို စာပန်းချီခြယ်မှုန်းပေးထားခဲ့တယ်။ ရန်ကုန်မြို့ကွက်တည်နေရာဟာ 'ရာမညရဋ္ဌ'အမည်ရတဲ့ 'ဒဂုံ၊ ဒလ၊ ပဲခူး'တို့ပါဝင်တဲ့ 'ဟံသာဝတီ မဏ္ဍလ'မှာ တည်ရှိနေကာ၊ ရန်ကုန်မြို့ကွက်




တည်ရှိလာမယ့် ကျွန်းဦးတည် သန်လျက်ခုံ (ကေရီကျွန်း) သန်လျက်စွန်းကိုတော့ မော်ဝန်းချောင်း၊ ပဲခူးမြစ်၊ ရန်ကုန်မြစ်(ခေါ်) လှိုင်မြစ်နဲ့ ငမိုးရိပ်ချောင်းတို့ ရစ်ခွေစီးဆင်းနေပြီး မြို့ကွက်သန့်ရှင်းရေးကို ဒီရေအတက်အကျနဲ့ပင် ဆောင်ရွက်နိုင်စေခဲ့ဖူးပါတယ်။ ရန်ကုန်မြို့ကွက်ဟာ ပင်လယ်ဝကနေ ၂၁ မိုင်အကွာမှာ တည်ရှိနေတဲ့အတွက် အလောင်းဘုရား ရန်ကုန်ကာလကပင် အဓိကဆိပ်ကမ်းမြို့ 'Major Port' ဖြစ်လာတယ်။ နိုင်ငံခြားသား မာလိန်မှူးတွေက 'ရွှေတောင်ကြီးနဲ့ ဆင်ပြောင်ကြီး'လို့ပင် မြတ်ဘုရားရွှေတိဂုံကို ရွှေတောင်ကြီးနဲ့ ရန်ကုန်ဆိပ်ကမ်းနဖူးကို 'ဆင်ပြောင်ကြီး'လို့ တင်စားရေးဖွဲ့ခဲ့ကြဖူးပါတယ်။ ရပ်ကွက် (၈)ရပ်ကွက်နဲ့ စုစည်းထားတဲ့ အလောင်းဘုရားရဲ့ ရန်ကုန်မြို့ကွက်မှာ အရှေ့နဲ့အနောက် တန်းနေတဲ့ လမ်းမကြီး(၃)သွယ်နဲ့ တောင်–မြောက်တန်းပြီး ဖောက်လုပ်ထားတဲ့ လမ်း(၂)လမ်းသာရှိကာ၊ နိုင်ငံခြားသားတွေ နေထိုင်တဲ့ 'ကုလားတန်း'၊ ဟံသာဝတီမြို့ဝန်အိမ်တော်ရှိတဲ့ 'ပဲခူးရပ်'နဲ့ ကုန်သည်လမ်းရဲ့ မြောက်ဘက်မှာ 'မင်္ဂလာဈေးရပ်'ရှိခဲ့တယ်။ သစ်တပ်ပတ်လည် မျက်နှာစာမှာ မြို့တံခါး (၈)ရပ်ရှိကာ၊ လမ်းတွေကို 'အုတ်ခင်း'ထားပြီး လမ်းဘေးမြောင်းအတွင်းက ရေတွေဟာ 'ဒီရေအတက်အကျမှာ ကြည်လင်သန့်ရှင်းနေတဲ့အတွက် ရေထဲမှာ ပုစွန်ဆိတ်ကလေးတွေ ကူးခတ်နေတာကိုပင် တွေ့မြင်ခဲ့ရတယ်''လို့ A Trip to Rangoon တွင် T.A Coleman က မှတ်တမ်းပြုထားခဲ့တယ်။

အလောင်းဘုရားက ရန်ကုန်မြို့ကွက်ကို အဝေးရောက်မြို့ဝန်တွေကိုသာ အုပ်ချုပ်စေခဲ့ပါတယ်။

Re.Construction of Modern Rangoon- 1853 ''အောက်၊ က၊ အောင်၊ လံ၊ စိုက်ထူပြန်ဝေရန် ဒုတိယ''–လင်္ကာပါတိုင်း ကောဇာ–၁၂၁၄၊ ခရစ် ၁၈၅၂ ခုနှစ်တွင် နယ်ချဲ့တို့က ဒုတိယကျူးကျော်စစ်နဲ့ ရန်ကုန်မြို့အပါအဝင် မြေထဲခံတပ်မြောက်ဘက် ၆ မိုင်အကွာ ဒဂုန်မော်ရှာမှာ အထက် မြန်မာနိုင်ငံနဲ့ နယ်ခြားကျောက်တိုင်စိုက်ပြီး အောက်မြန်မာနိုင်ငံကို မကြေညာတဲ့ စစ်ပွဲ၊ စစ်ပြေငြိမ်းရေးစာချုပ်မရှိတဲ့ စစ်ပွဲနဲ့ အင်္ဂလန်ပါလီမန်မှာပင် ရှက်ဖွယ်လီလီစစ်ပွဲအဖြစ် မှတ်တမ်းဝင်တဲ့ စစ်ပွဲနဲ့သိမ်းပိုက်ပြီး 'Re Construction of Modren Rangoon, 1853' နဲ့ ရန်ကုန်မြို့ကွက်သစ်ကို တည်ဆောက်ခဲ့တယ်။ အကြောင်းတိုက်ဆိုင်စွာပဲ ခရစ် ၁၈၅၃ ခုနှစ်ဟာ ''မင်းတုန်းမင်းကြီးရဲ့ ပြုပြင်ပြောင်းလဲရေး'' Mindon Reform, 1853 နဲ့ နိုင်ငံတော်ခေတ်မီရေးအတွက် ဆောင်ရွက်နေချိန်နဲ့ တိုက်ဆိုင်နေပါတယ်။ (Mindon Reform ဟာ ဂျပန်နိုင်ငံ Meiji Reform (1868) ထက် ၁၅နှစ်မျှပင် စောပါသေးတယ်။)

အလောင်းဘုရား ရန်ကုန်မြို့ကွက်ကို နယ်ချဲ့တို့က ဖြိုဖျက်ပြီးတဲ့အခါ၊ မြေဧက ၅၀၀ မှာ လူဦးရေ ၃၆,၀၀၀ စာအတွက်သာ ရည်မှန်းတဲ့မြို့ကွက်ကို ဆူးလေဘုရားအား ဗဟိုထားလျက် အရှေ့ဘက်မှာ East Road (သိမ်ဖြူလမ်း)ကို နယ်နိမိတ်ထားကာ၊ ဂဏန်း သချာတပ်လမ်း (၄၄)လမ်းအထိ အနောက်ဘက်တွင် 'လမ်းမတော်လမ်း'ကို နယ်နိမိတ်ထားပြီး ဂဏန်းသချာတပ်လမ်း (၁၇)လမ်းအထိမျှသာ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ နယ်ချဲ့ခေတ်က ရန်ကုန်မြို့ဟာ အိန္ဒိယဘုရင်ခံချုပ်ရဲ့ အုပ်ချုပ်မှုအောက်မှာ ရှိခဲ့တဲ့အတွက် 'အိန္ဒိယနိုင်ငံမှ အခြေအနေမဲ့များ၊ လူရှုပ်လူပွေများနဲ့ ကြွေးရှောင်သူတွေဟာ 'သာလာယံဇရပ်'လိုဖြစ်နေတဲ့ ရန်ကုန်မြို့သို့ တံခါးမရှိ၊ ဓားမရှိ ဝင်ရောက်လာကြလို့ မြို့သစ်ကို တည်ဆောက်နေဆဲမှာပဲ ထပ်မံတိုးချဲ့ခဲ့ရပါတယ်။ ဒါကြောင့် အနောက်ဘက်သို့ (၁)လမ်း (ရွာသစ်ချောင်းကို ကျုံး/မြောင်းလုပ် နယ်နိမိတ်ထား)နဲ့ အရှေ့ဘက်မှာ 'မြင်းပြိုင်ကွင်းအပါအဝင်''–၁၆၉ လမ်းအထိ ဆက်လက်တိုးချဲ့ခဲ့ရတယ်။ အဲဒီတုန်းက ရန်ကုန်မြို့နေ လူဦးရေအချိုးမှာ ကုလား (၁၀)ယောက်၊ မြန်မာတိုင်းရင်းသား (၁)ယောက်နှုန်းရှိခဲ့လို့ 'ရန်ကုန်မြို့သည် ကုလားများဖြင့် မည်းမည်းလှုပ်နေသည်'လို့ပင် မှတ်တမ်းရှိခဲ့တယ်။

စစ်ကြိုခေတ် Pre-war တွင် ရန်ကုန်မြို့ကို 'မြို့လယ်' Centre၊ တရုတ်တန်း China Town နဲ့ ကုလားတန်း Indian Busti တို့မှာ မြို့ထဲတွင်ရှိကာ၊ မြို့စွန် Suburban ဖြစ်တဲ့ ရန်ကုန်အရှေ့ပိုင်း (ရေကျော်ရပ်)နဲ့ ရန်ကုန်အနောက်ပိုင်း (ကြည့်မြင်တိုင်၊ စမ်းချောင်း)ရပ်တို့ကိုသာ





''မြန်မာရပ်ကွက်''လို့ သတ်မှတ်ခေါ်ဝေါ်ခဲ့ကြတယ်။ ခေတ်အဆက်ဆက်မှာ–မြို့တော် 'Capital' မဖြစ်ခဲ့တဲ့ ရန်ကုန်မြို့ကြီးဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးတဲ့အခါကျမှသာ မြန်မာနိုင်ငံရဲ့ မြို့တော်ဖြစ်လာတယ်။ ''စစ်ကိုလည်းကြုံ၊ ပြာပုံလည်းဖြစ်''ခဲ့ရတဲ့ ရန်ကုန်မြို့ကြီးကို လွတ်လပ်ရေးရပြီးစကာလမှာ ရပ်ကွက်(၃၅) ရပ်ကွက်နဲ့ ပိုင်းခြားအုပ်ချုပ်ခဲ့တယ်။ ၁၉၅၅ ခုနှစ်မှာ ရန်ကုန်မြို့သက် နှစ်(၂၀၀)ပြည့်မြောက်တဲ့အတွက် သတင်းစာဆရာကြီး ဦးသိမ်းမောင်က အနှစ် ၂၀၀ ပြည့်ပွဲတော်ကျင်းပရန် ဗျူဟာ ရေးစဉ်သတင်းစာကနေ ဆူးလေဘုရားလမ်းက လုပ်တိုင်း(သချိုင်း) ဆောင်းပါးနဲ့ တိုက်တွန်းရေးသားခဲ့တာကို လက်ဆင့်ကမ်း ဖော်ပြရရင်တော့–

''ရန်ကုန်မြို့သက် အနှစ် ၂၀၀ ပြည့်ပွဲတော်ကျင်းပရန် ကျွန်ုပ်တို့သည် သတင်းစာမှ တင်ကြိုလှုံ့ဆော် ရေးသားခဲ့ပူးသည်။ ယခုအခါ မြို့လယ်ခေါင် အထင်ရှားဆုံးသော ဆူးလေဘုရားလမ်းမကြီး၌ တည်ရှိနေသည့် အာဗီနီယံသချိုင်းကိုလည်း သင့်ရာတစ်နေရာသို့ ရွှေ့ပြောင်းပေးပြီး ပန်းခြံသော် လည်းကောင်း၊ ကလေးကစားကွင်းသော် လည်းကောင်း တစ်ခုခုဖန်တီးပေးရန် အုတ်ဂူဓာတ်ပုံများနှင့်တကွ အကြံပေးရေးသားခဲ့ဖူးသည်။ အနှစ် ၂၀၀ ပြည့်ပွဲတော်ကို ရန်ကုန်မြူနီစီပါယ်အဖွဲ့ကသော် လည်းကောင်း၊ အစိုးရကသော်လည်းကောင်း ပြုလုပ်ရကောင်းမှန်း မသိခဲ့ကြချေ။ သချိုင်းလည်း ထိုအတိုင်းပင် ရှိနေခဲ့သည်။ သို့ရာတွင် ယခု အိမ်စောင့်အစိုးရလက်ထက် ဗိုလ်မှူးကြီး ထွန်းစိန် ကြီးမှူးသော ရန်ကုန်ကော်ပိုရေးရှင်းအဖွဲ့ကမူ အထက်အဆိုပါ အာမီနီယံ သချိုင်းကို ရွှေ့ပြောင်းရန် စီမံနိုင်ခြင်းအတွက် သာဓုခေါ်မိတော့သည်။ ရန်ကုန် အနှစ် ၂၀၀ ပြည့်ပွဲတော် ကျင်းပရေးကား အချိန်များစွာ လွန်ခဲ့လေပြီတကား။ (မန္တလေးက သတိရကြ၍ မန္တလေး နှစ်(၁၀၀)ပြည့်ပွဲတော်နှင့် နှစ် (၁၅၀)ပြည့်ပွဲတော်များကို ကျင်းပနိုင်ခဲ့ကြပါတယ်။)–လို့ ဖြစ်ပါပေတယ်။

ရန်ကုန်မြို့ကို ကုန်းဘောင်မင်းဆက် တည်ထောင်သူ အလောင်းမင်းတရားကြီးက တည်ဆောက်တော်မူခဲ့တာဖြစ်ပါတယ်။ မန္တလေးရတနာပုံ နေပြည်တော်ကိုတော့ ကုန်းဘောင်မင်းဆက် ၁၀ ဆက်မြောက်ဖြစ်တဲ့ မင်းတုန်းမင်းကြီးက တည်ဆောက်ပေးခဲ့တာပဲ ဖြစ်ပါပေတယ်။ ယခုအခါ ရန်ကုန်မြို့ကြီးကို အသစ်တဖန် ပြန်လည်မွေးဖွားရန် တာစူနေချိန်မှာ တစ်ကြိမ်တစ်ခါမှ မကျင်းပရသေးတဲ့မြို့တော်မွေးနေ့ပွဲကိုလည်း အလိုင်းတကြီး ခမ်းနားထည်ဝါစွာ ကျင်းပပေးချိန် တန်ပါပြီ။ ''ရန်ကုန်ပူရုံမနောရမ္မံဟောတိ'' ဖြစ်ရလေအောင် City Plan ရေးဆွဲတဲ့အခါ ရန်ကုန်မြို့ကြီးရဲ့ မွေးနေ့နဲ့ ဇာတာခွင်ကို အခြေခံအချက်အလက် 'Data' ထား ရေးဆွဲအကောင်အထည်ဖော်ပါမှသာ နေချင့်စဖွယ် မြို့တော်သာယာကြီး ဖြစ်လာမှာပါ။ မြို့တော် မွေးနေ့ပွဲ Happy Birthday of Yangon ကို ပျော်ပျော်ပါးပါးဆင်နွှဲနိုင်မယ့် ဘီသေကပွဲကို မျှော်လင့်စောင့်စားလျက်။

**မောင်မြတ်မွန်(ဆူးလေ)**



# အလှဝေစည် နွေပန်းချီ

သင်္ဂီတတစ်ဝက်၊ ညှိတစ်ဝက်ဖြင့်
ရော်ရွက်လက်ကျန်၊ ငိုရှိုက်သံနှင့်
ဝဲပျံကြွေကျ၊ မြေမှာခ၍
မရဏာမင်း၊ သူ့ခံတွင်းသို့
သက်ဆင်းကျရောက်ခဲ့လေပြီ။

မြရွက်နုနု၊ ပုရစ်ဖူးတို့
အလှအယက်၊ ဖူးငုံထွက်လျက်
သူ့ထက်ငါဦး၊ အလှထူး၍
နွေဦးချိန်ခါ၊ ပြည်မြန်မာကို
ဝေဖြာအလှဆင်လေပြီ။

လက်ပံပင်များ၊ ဆက်ရက်နား၍
စားသောက်ကခုန်၊ တေးသံစုံနှင့်
ခုန်ပျံလူးလာ၊ မြူးထူးစွာဖြင့်
ဘာသာဘာဝ၊ ပျော်ပါးကြ၍
နွေလချိန်တွင်၊ ငှက်သဘင်ကို
ဆင်ယင်ကျင်းပကြလေပြီ။

အလွမ်းဓာတ်ခံ၊ ရှိသူမှန်က
ဟောင်းကျန်ဇာတ်လမ်း၊ ဖြစ်ရပ်ဆန်းကို
ခင်တန်းတစ်ခို၊ လွမ်းတေးဆိုသော
နွေကြိုဥဩ၊ သံချိုနှောသည့်
လွမ်းမောဖွယ်ရာ၊ တေးကဗျာက
သည်းညှာကြွေမျှ၊ ခံစားရသည့်
နွေလချိန်ခါရောက်လေပြီ။

ပေါက်ပွင့်နီနီ၊ ကျေးစီစီနှင့်
ရာသီနွေလ၊ သူ့အလှကို
ဒေသတစ်ခွင်၊ ပြုံးပန်းဆင်လျက်
မြင်ရတွေ့ရ၊ စိတ်ချမ်းမြသည့်
ရွှင်ပျဝမ်းသာကြလေပြီ။

တောသူတောင်သား၊ လယ်သမားတို့
နွေအားရက်မှာ၊ ကုသိုလ်ရှာပြီး
ဒါနအလှူ၊ ဝိုင်းဝန်းကူ၍
ညီတူလက်တွဲ၊ မြိမ့်မြိမ့်သဲကာ
ပျော်ပွဲရွှင်ပွဲဆင်လေပြီ။

ပိတောက်ရွှေဝါ၊ ငုရွှေဝါတို့
မြူးရှာအနံ့၊ ပင်လုံးပျံ့လျက်
ကံ့ကော်အင်ကြင်း၊ ရနံ့သင်းသော
မြင်ကွင်းအလှ၊ ရှုမဝသည့်
အလှဝေစည်၊ နွေရာသီ၏
ပန်းချီကားချပ်တစ်ခုတည်း။ ။

တွန်းအားရှင်



# မျိုးချစ်သူများ



အလှကိုယ်စီ　ရှိကြသည်ဟု
ဆိုသည့်စကား　မပြတ်ကြားသော်
အားရပါဘိ　ဝမ်းမြောက်မိ
နှလုံးဝီတိ　ဂွမ်းဆီထိ။

အမျိုးကိုချစ်　နိုင်ငံချစ်သည့်
မျိုးချစ်နွယ်ဘွား　ဇာနည်များက
သွေးသားအသက်　တိုင်းပြည်တွက်လျှင်
ပေးဆက်စွန့်လှူ　တံခွန်ထူလျက်
သူတို့အလှ　ဖော်ထုတ်ပြ
မြင့်မြတ်ပါလှ　လှလွန်းစွ။

နိုင်ငံကိုချစ်　အမျိုးချစ်နှင့်
လယ်ချစ်ယာချစ်　မြေယာချစ်သည့်
မျိုးချစ်သူများ　လယ်လုပ်သားက
မြေသားလယ်ယာ　စိမ်းလန်းဖြာ၍
ရွှေဝါစပါး　အထွက်များအောင်
လုပ်အားချွေးစက်　တိုင်းပြည်တွက်လျှင်
ဆက်ကမ်းပေးလှူ　တံခွန်ထူလျက်
သူတို့အလှ　ဖော်ထုတ်ပြ
ကြီးမြတ်ပေစွ　လွန်စွာလှ။

နိုင်ငံကိုချစ်　အမျိုးချစ်သည့်
မျိုးချစ်သူများ　လုပ်သမားက
လုပ်အားတန်ဖိုး　ချစ်မြတ်နိုးလျက်
တိုင်းကျိုးပြည်ကျိုး　ရည်မျှော်ကိုးကာ
အားကျိုးမာန်တက်　တိုင်းပြည်တွက်လျှင်
ထွက်ကုန်မြောက်မြား　တိုးတက်များအောင်
လုပ်အားသွေးချွေး　မနှောင့်နှေးဘဲ
ပေးဆပ်စွန့်လှူ　တံခွန်ထူလျက်
သူတို့အလှ　ဖွင့်လှစ်ပြ
ဂုဏ်ရှိပေစွ　အလွန်လှ။

နိုင်ငံကိုချစ်　အမျိုးချစ်နှင့်
မျိုးချစ်နွယ်ဘွား　စာဆိုများက
စာအားဉာဏ်အား　စွမ်းရည်များနှင့်
တိုင်းကားပြည်တွက်　မြင့်တိုးတက်ဖို့
တက်ကြွလှုပ်ရှား　မနေနားဘဲ
ရေးသားပေးလှူ　တံခွန်ထူလျက်
သူတို့အလှ　ဖွင့်ထုတ်ပြ
အားအင်ပြည့်ဝ　လှမှလှ။

သြော် . . .
အလှကိုယ်စီ　ရှိကြသည်ဟု
ဝိပြင်တိကျ　တွေ့မြင်ရ၍
အားရပါဘိ　ဝမ်းမြောက်မိ
နှလုံးဝီတိ　ဂွမ်းဆီထိ
တိုင်းဆဝမရှိ　ဂုဏ်ယူမိ။ ။

အောင်ထွန်းလင်း(ချောက်)

# ဗလာလူ

ကဗျာဆိုတာ၊ ပေါ်ပြူလာဟု
ဘယ်ခါကမှ၊ မယူဆခဲ့။
ကဗျာဆိုတာ၊ ရတနာဟု
ရင်မှာမသွေ၊ ခံယူပေ၏။
ငါကား အညတရ၊ သာမန်မျှဖို့
ငါ့စာနယ်ဉ်၊ တန်းမဝင်လည်း
ငါလျှင်စိတ်ထား၊ ဝမ်းမနည်းခဲ့။
ငါ၏စိတ်မှာ၊ ငါတို့စာနှင့်
ကဗျာ စာယဉ်၊ ဂုဏ်ဝင်ကို
ချစ်ခင်လေးစား၊ တန်ဖိုးထားလျက်
ရေးသားနေသော်၊ ငါ့မှာပျော်၏
ကျော်ကြားလိုစိတ်၊ မယိုဖိတ်ခဲ့
လရိပ်ဆိုတာ၊ ညအခါ၌
စန္ဒာလမင်း၊ ထိန်ဖြာလင်းမှ
ကန်တွင်းရွှန်းပ၊ တစ်ခဏသို့
လောကဘုံနန်း၊ ပြည့်စခန်းဝယ်
လဆန်းလည်းကြို၊ လဆုတ်ကြိုလိမ့်။
သင်အောင်မြင်က၊ ချီးမွမ်းကြလည်း
ခေတ္တခဏ၊ တဒင်္ဂတည့်။
ဆုံးရှုံးနိမ့်ကျ၊ ကဲ့ရဲ့ကြလည်း
ခဏခေတ္တ၊ တဒင်္ဂတည့်။
တည်မြဲအရာ၊ မရှိပါသည့်
ရလာခဏ၊ လူ့ဘဝဝယ်
လဲကျ ပြန်ထူ၊ အားခွန်ကူလျက်
ပူပင်သောက၊ များဒုက္ခနှင့်
တွေ့က မဖြို၊ ဘယ်မတုန်ဘဲ
ဖုံဖုံသုခ၊ တွေ့ကြုံရလည်း
ငါ့နှလုံးအိမ်၊ စဉ်တည်ငြိမ်လိမ့်။
ငါ့နံဘေးမှာ၊ တေးလင်္ကာနှင့်
ကဗျာဖိုင်တွဲ၊ ထိုမှလွဲ၍
ကံမဲ့ နတ္ထိ၊ ဘာမရှိလည်း
ပီတိနှင့်ပင်၊ အသက်ရှင်မည့်
အသင် . . .ငါကား ဗလာလူ . . .။

နေသစ်လင်း





# အမှားကိုရှောင် အမှန်ဆောင်

"မမှားသော ရှေ့နေ
မသေသော ဆေးသမား"။
လောကမှာ ဖွေရှာကြည့်
"မရှိ"လေတကား။

သူမှားတော့ ကိုယ်ပြင်
ဆင်ခြင်တဲ့ အသိတရား။
ကိုယ်မှားရင် သူမှန်ပြ
မျှတ စိတ်ထား။

အမှားတွေ့ရင် သူငါပင်
ပြုပြင်ကြ မြန်မနေး
အမှားပျောက်လို့ အမှန်ပြောင်း
စိတ်ကောင်းတွေမွေး။

"အမှား"သိလျက် "အမှန်"မပြင်
အမှားမြင် အမှားတွေး။
အလင်းကွယ် အမှောင်ကျ
စိတ်ညှို့ စိတ်ဆွေး။

ဆင်းရဲလို့ ချမ်းသာ
"ကံ"ကိုသာ ပုံလို့ချ
"ကံယုံ"လို့ "မှားယွင်း"
"ဆူး"မနင်းရ။

"အမှားကိုကျွေ့ရှောင်"
"အမှန်ကို ဆောင်ထား"။
သံသရာ တဝဲဝဲ
"ငရဲသို့ မလား"။

"လောဘကို လျှော့ချ"
"ဒေါသကို ချုပ်ထိန်း"
"အမှားမြင် အမှန်တွေ့မှ"
"သောက အေးငြိမ်း"။ ။

မင်းမောင်နွယ်(မွန်ဌာနီ)



# ရန်ကုန်တိုင်းဒေသကြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

ဇော်ဟိန်း



မြန်မာနိုင်ငံဟာ မြေကေပေါင်း ၁၆ရ သန်းကျော် အကျယ် အဝန်းကို ပိုင်ဆိုင်ထားရှိပြီး စိုက်ပျိုးနိုင်တဲ့ မြေကေပေါင်း သန်း ၃၀ ဝန်းကျင်ရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ မြေယာအသုံးချနိုင်မှုအရ ဆန်စပါးစိုက်ပျိုးမြေ ကေပေါင်း သန်း ၂၀ နီးပါးရှိပြီး၊ နွေစပါး၊ မိုးစပါးနဲ့ သီးထပ်သီးညှပ် စိုက်ပျိုးခြင်းတွေကို ပါထည့်တွက်ရင် ကေသန်း၄၀လောက်မှာ သီးနှံမျိုးစုံ စိုက်ပျိုးနိုင်တာကို တွေ့ရှိရပါ တယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စက်မှုနိုင်ငံထူထောင် ရေး၊ စက်မှုလယ်ယာ ပေါ်ထွန်းရေးတို့ကို ၁၉၄၈ ခုနှစ်မှ မျက် မှောက်ခေတ်အထိ အစိုးရအဆက်ဆက် ကြွေးကြော်ခဲ့ကြပေမယ့် အောင်မြင်မှုမရရှိသေးဘဲ မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးနိုင်ငံအဖြစ်က





မလွှန်မြောက်နိုင်သေးတဲ့ ဖွံ့ဖြိုးမှုနောက်ကျနိုင်ငံအဆင့်မှာပဲ ရှိနေပါသေးတယ်။ တိုင်းပြည်ရဲ့ စုစုပေါင်း ကုန်ထုတ်လုပ်မှုတန်ဖိုးမှာ လယ်ယာကဏ္ဍက ၃၇ ဒသမ ၈ ရာခိုင်နှုန်း ပါဝင်ပြီး နိုင်ငံခြားငွေ ရှာဖွေနိုင်မှု ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိရှိတာကို တွေ့ရပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ လုပ်သားအင်အားရဲ့ ၇၀ ရာခိုင်နှုန်းဟာ လယ်ယာကဏ္ဍမှာပဲ မြှုပ်နှံထားရတာဖြစ်သလို စိုက်ပျိုးရေးမွေးမြူရေးနဲ့ သစ်တောထွက်ကုန်တွေဟာ နိုင်ငံရဲ့ အဓိကကုန်ထုတ်လုပ်ငန်းတွေ ဖြစ်တယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) က ထုတ်ပြန်ထားပါတယ်။ စုစုပေါင်း ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်မှုနှုန်းဟာ ၂၀၁၆ ခုနှစ်မှာ ၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားပြီး ၂၀၁၇ ခုနှစ်မှာ ၇ ရာခိုင်နှုန်း တိုးတက်လာမယ်လို့ ဆိုသော်လည်း မူလတန်ဖိုးက နိမ့်ကျနေတဲ့အတွက် တစ်ဦးချင်းဝင်ငွေက သိသိသာသာ တိုးတက်လာနိုင်ခြင်းမရှိဘဲ ဆင်းရဲနွမ်းပါးမှု ၂၁ ရာခိုင်နှုန်းရှိနေဆဲ ဖြစ်ပါတယ်။

သမ္မတဦးထင်ကျော် အစိုးရလက်ထက်မှာ ဗဟိုချုပ်ကိုင်မှုတွေကို လျှော့ချနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေသလို ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့များရဲ့ လုပ်ပိုင်ခွင့်ဘောင်ကလည်း ယခင်ကထက် ကျယ်ပြန့်လာတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၃၅ မျိုး မှီတင်းနေထိုင်ကြတဲ့အပြင် အများစုဟာ ပြည်နယ်နဲ့တိုင်းဒေသကြီး အသီးသီးမှာ ပြန့်ကျက် အခြေပြုထားကြတဲ့အတွက် သီးခြားဖြစ်ခြင်း၊ ရောနှောခြင်းဆိုတဲ့ လက္ခဏာနှစ်ရပ် ပေါင်းစပ်ထားတာကိုလည်း ထူးခြားစွာ တွေ့မြင်ကြရပါတယ်။ ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်း၊ သံလွင်ဆိုတဲ့ မြစ်ကြီးလေးစင်းရှိပြီး အနောက်ရိုးမ၊ အလယ်ရိုးမ၊ ရှမ်းကုန်းပြင်မြင့်၊ မြေပြန့်လွင်ပြင်၊ မြစ်ဝကျွန်းပေါ်ဒေသ အစရှိသဖြင့် မတူညီတဲ့ မြေမျက်နှာသွင်ပြင်၊ ပထဝီဝင်အနေအထားများနဲ့ ပေါင်းစပ်ထားတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက်ရာမှာ ပထဝီဝင်အနေအထား၊ သယံဇာတရင်းမြစ်တို့အပြင် လူမျိုးစုများရဲ့ စရိုက်လက္ခဏာများကိုပါ ထည့်သွင်းစဉ်းစားပြီး ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိမယ့် စီမံကိန်းလုပ်ငန်းများကို ရေးဆွဲချမှတ် အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ ဒီလိုဖော်ဆောင်ကြတဲ့အခါ မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးအခြေပြုနိုင်ငံဖြစ်နေသေးတယ်ဆိုတဲ့အချက်ကို ချန်လှပ်ထားလို့မရဘူးဆိုတာကိုလည်း သတိပြုကြရပါလိမ့်မယ်။ ပြည်နယ်နဲ့တိုင်း ဒေသကြီးတွေကို ဆန်းစစ်ကြည့်တဲ့အခါ ရန်ကုန်တိုင်းဒေသကြီးဟာ စီးပွားရေး အချက်အခြာကျပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်တာကို တွေ့ရပါတယ်။ ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုလုပ်ငန်းတွေကို အာဆီယံဒေသတွင်း နိုင်ငံများသာမက တရုတ်၊ အိန္ဒိယစတဲ့ အင်အားကြီးနိုင်ငံတွေအပြင် အာဆီယံ စီးပွားဖက်နိုင်ငံများနဲ့ပါ ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းများ ရရှိထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ လယ်ယာသားငါးကဏ္ဍကို မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးအဆင့်မှ စီးပွားဖြစ်လုပ်ငန်းများအဆင့်သို့ ပြောင်းလဲစေခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းစကို ဖော်ထုတ်ဖို့လိုအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးမြေဧကပေါင်း ၂ ဒသမ ၅ သန်းကျော်ရှိပြီး အချို့ မြေယာများဟာ သီးနှံစိုက်ပျိုးနိုင်ခြင်းမရှိဘဲ မြေပိုင်ရှင်များရဲ့ မြေဟာ ဈေးကစားထိန်းချုပ်မှုအောက်ကို ရောက်ရှိနေတယ်လို့ ဆိုပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဆည်ကြီး ၉ ခုမှာ ရေဧကပေပေါင်း ၇ သိန်း သိုလှောင်ထားနိုင်ပြီး နွေရာသီနဲ့ ဆောင်းရာသီများမှာ စိုက်ပျိုးရေးကို ထိထိရောက်ရောက် ပေးဝေနိုင်ဖို့ ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အပြီးသတ် ဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။ ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပန်တီးနိုင်အောင် ငွေကြေးအပါအဝင် တခြား လို



အပ်တဲ့ သွင်းအားစုများ ဖြည့်ဆည်းပေးမယ့် အစီအစဉ်များရှိကြောင်းလည်း သိရှိရပါတယ်။ လယ်ယာမြေများအတွင်း ရေကြီးရေလျှံမှု၊ ရေငန်ဝင်ရောက်မှုများကို ထိန်းချုပ်နိုင်မယ့် ရေထိန်းတာတမံများလည်း ဆောက်သွားမယ့်အပြင် လယ်ယာကဏ္ဍကို လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ လာမယ့် သုံးနှစ်အတွင်း ပြုပြင်ပြောင်းလဲသွားမယ်လို့လည်း ဆိုပါတယ်။

ရန်ကုန်တိုင်းဒေသကြီးရဲ့ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်မယ့် အစီအစဉ်များဟာ ကောင်းမွန်မှန်ကန်ပါတယ်။ ဒါပေမဲ့ ဒီစီမံကိန်းမျိုးဟာ အစိုးရတစ်ဖွဲ့တည်းက ဆောင်ရွက်လို့ရတဲ့ ကိစ္စမျိုးမဟုတ်တဲ့အတွက် လယ်ယာစိုက်ပျိုးသူ၊ သွင်းအားစုများ ဖြည့်ဆည်းပေးသူ၊ ပြုပြင်ကြိတ်ခွဲသူ၊ ရောင်းဝယ်ဖောက်ကားသူ စတဲ့ ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံးမှာ ပါဝင်သူအားလုံးအပြင် ပြည်တွင်းပြည်ပ အသိပညာရှင်၊ အတတ်ပညာရှင် အရပ်ဘက် လူမှုအဖွဲ့အစည်းတွေပါ ပူးပေါင်းပါဝင် လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ အရှေ့အနောက် နိုင်ငံများရဲ့ လယ်ယာမြေ ပြုပြင်ပြောင်းလဲရေး၊ လယ်ယာမြေတော်လှန်ရေး၊ ခေတ်မီစိုက်ပျိုးရေး စတဲ့ နည်းလမ်းပေါင်းစုံသာမက၊ အိမ်နီးချင်း လယ်ယာစိုက်ပျိုးရေး နိုင်ငံများရဲ့ အတွေ့အကြုံတွေကို စိုက်ပျိုးရေးပညာရှင်များသာမက ဘောဂဗေဒပညာရှင်များနဲ့ အစိုးရအဖွဲ့ဝင် လူကြီးများအားလုံးလိုလို သိရှိကြပြီးဖြစ်ပါတယ်။ အဆိုပါ နိုင်ငံတွေ ကျင့်သုံးတဲ့ နည်းစနစ်များကို မိမိနိုင်ငံရဲ့ ရေမြေသဘာဝ၊ လူ့စွမ်းအားအရင်းအမြစ်များနဲ့ ဒေသခံတို့ရဲ့ ဓလေ့စရိုက်များနဲ့ ကိုက်ညီအောင် လုပ်ဆောင်ဖို့ လိုပါတယ်။ လက်တွေ့မဆန်တဲ့ သီအိုရီစာတွေသဘော၊ နည်းပညာမပါတဲ့ မိရိုးဖလာ ရှေးရိုးစွဲလုပ်နည်းစနစ်များနဲ့ ချဉ်းကပ်လုပ်ဆောင်မယ်ဆိုရင်တော့ အောင်မြင်နိုင်ဖွယ်မရှိဘူး ဖြစ်ပါတယ်။

စစ်ကြိုခေတ်နဲ့ စစ်ပြီးစ မြန်မာနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍဟာ အရှေ့တောင်အာရှဒေသ၊ အင်ဒိုချိုင်းနားကျွန်းဆွယ်မှာ သူ့ခေတ်သူ့အခါအလိုက် အောင်မြင်ခဲ့မှုတွေ့ သာဓကများရှိပါတယ်။ ဆန်စပါး စိုက်ပျိုးထုတ်လုပ်၊ တင်ပို့ရောင်းဝယ်မှုကိစ္စမှာ လယ်ယာလုပ်သားနဲ့ တောင်သူများ စီးပွားရေးချောင်လည်ခဲ့စဉ်က လုပ်နည်းလုပ်ဟန်တချို့ကို နည်းမှီပြီး ပြုပြင်အသုံးချသင့်ကြောင်း၊ ပုံစံသစ်တစ်မျိုးနဲ့ ပြန်လည်ဆန်းသစ် အသုံးပြုသင့်ကြောင်း ပြောလိုပါတယ်။

လက်တွေ့မဆန်တဲ့

သီအိုရီစာတွေသဘော၊

နည်းပညာမပါတဲ့

မိရိုးဖလာ ရှေးရိုးစွဲ

လုပ်နည်းစနစ်များနဲ့

ချဉ်းကပ်လုပ်ဆောင်မယ်ဆိုရင်တော့

အောင်မြင်နိုင်ဖွယ်မရှိဘူး

နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်ကြီးများ၊ ဆန်စက်ပိုင်ရှင်၊ ကုန်သည်ပွဲစားများနဲ့ တောင်သူလယ်သမားများဟာ အဲဒီခေတ်အခါက စီးပွားဖက် ဆက်ဆံရေးအသွင်နဲ့ သွားခဲ့ကြပါတယ်။ နိုင်ငံခြားပို့ကုန်အဖြစ် ဆန်စပါးကို အဓိကထား ဆောင်ရွက်ကြတဲ့ အခါ ဆန်စက်ပိုင်ကုန်သည်ကြီးများဟာ မိမိဒေသအပိုင် တောင်သူလယ်သမားများကို အစိုးရ အမတော်ကြေးအပြင် အပိုဆောင်း စိုက်စရိတ်ငွေကြေးပါ ပံ့ပိုးပေးခဲ့ကြပြီး ဆည်ရေသောက်လယ်၊ ရေတော်မိုးတော်လယ်များ အားလုံးနီးပါးကို ကွင်းဆင်းလေ့လာကြီးကြပ်ခဲ့ကြပါတယ်။ ရေကောင်းမြေကောင်းမှာ သဘာဝမြေဩဇာကိုသာ အသုံးပြုခဲ့ကြသလို ရာသီမိုးလေကလည်းမှန်တော့ စပါးအထွက်ကောင်းတာ များတဲ့အပြင် မိုးစပါးများကလည်း အုပ်စုမရောထွေးတဲ့အတွက် နိုင်ငံခြားပို့ကုန် တန်းဝင်ခဲ့ပါတယ်။ ရိတ်သိမ်းခြွေလှေ့ပြီး စပါးတွေကိုလည်း ဂိုဒေါင်များအတွင်း အချိန်မီသွတ်သွင်းစေခဲ့ရာမှာ တချို့ ဆန်စက်တွေဆိုရင် ဂိုဒေါင်အတွင်းလမ်းအထိ မီးရထားလမ်းကြောင်းငယ်များ ဖောက်လုပ်ထားတယ်လို့ မြေးမြို့နယ် ဆန်ကုန်သည်ကြီးတစ်ဦးက ပြောပြပါတယ်။ နိုင်ငံခြားပို့ကုန်အတွက် အမှာစာ၊ သဘောတူစာချုပ်တွေကို ချိန်ကိုက်ပြီးမှ စက်တင်ပြုပြင်ကြိတ်ခွဲ ပို့ဆောင်ခဲ့ကြလို့ လတ်ဆတ်ပြီး အရည်အသွေးကောင်းတယ်လို့ ဆိုပါတယ်။ စပါးတစ်တင်း စိုက်စရိတ်နဲ့ ဝင်ငွေအချိုးဟာလည်း စပါးဈေးအတက်



အကျိုးရှိရင်တောင် ကာမိတယ်လို့ဆိုပါတယ်။

ဒီလို စီးပွားဖက် ဆက်ဆံရေးမျိုးကို ဒီကနေ့ ခေတ်အခါနဲ့ ကိုက်ညီအောင် ပုံစံသစ်တစ်မျိုးနဲ့ ဖော်ဆောင်ကြဖို့ လိုအပ်ပါလိမ့်မယ်။ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံက တောင်သူလယ်သမားများရဲ့ တစ်ဦးချင်းမြေယာပိုင်ဆိုင်မှုဟာ ၅ဧကမှ ၁၀ ဧကအထိပဲ အများအားဖြင့် ရှိတတ်ပြီး အနားမညီ၊ အချိုးမကျ လယ်ကွက်ငယ်လေးများကို ပေါင်းစပ်ပိုင်ဆိုင်ကြတာဖြစ်ပါတယ်။ မြေကောင်းမြေညံ့ စသဖြင့်လည်း မြေအမျိုးအစား ကွဲပြားပါသေးတယ်။ ဘယ်လိုပဲဖြစ်စေ၊ လယ်မြေအနေအထားပေါ် ကြည့်ပြီး ဆန်စပါးလုပ်ငန်းရှင်များက အစုအဖွဲ့အလိုက် စာချုပ်ချုပ်ဆို စိုက်ပျိုးရောင်းချစေတဲ့ စာချုပ်စိုက်ပျိုးရေးစနစ် (Contract Farming System) ကို ကျင့်သုံးနိုင်ရင်ဖြင့် စိုက်ပျိုးထုတ်လုပ်မှု လယ်ယာသမားများနဲ့ ကြိတ်ခွဲပြုပြင် ရောင်းဝယ်ဖောက်ကားသူ လုပ်ငန်းရှင်များအကြား စီးပွားဖက်ဆန်ရေးအသွင် ဖြစ်လာပါလိမ့်မယ်။ နိုင်ငံတော်က ထုတ်ချေးပေးတဲ့ စိုက်စရိတ်ငွေကြေးအပြင် မျိုးစပါး၊ မြေသြဇာ၊ ပိုးသတ်ဆေး၊ လယ်ယာသုံးစက်ကိရိယာနဲ့ နည်းပညာစတာတွေကို လုပ်ငန်းရှင်ဘက်က ဖြည့်ဆည်းပေးပြီး လယ်ယာသမားများက အရည်အသွေးပြည့်မီတဲ့ ဆန်စပါးများကို စိုက်ပျိုးထုတ်လုပ်ပေးသွင်းကြရမှာ ဖြစ်ပါတယ်။ လုပ်ငန်းရှင်များအနေနဲ့ ရိတ်သိမ်းချိန်လွန် နည်းပညာ၊ ကြိတ်ခွဲပြုပြင်စက်၊ ထုတ်ပိုးစနစ်၊ သယ်ယူပို့ဆောင်ရေး အစရှိသဖြင့် ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံး အဆင်ပြေလည်ပတ်နိုင်အောင် ရင်းနှီးမြှုပ်နှံအား ကောင်းဖို့တော့လိုပါတယ်။ လုပ်ငန်းရှင်တစ်ဦးချင်းထက် လုပ်ငန်းရှင်များ ပူးပေါင်းပြီး အသင်းအဖွဲ့ပုံစံမျိုးနဲ့ ပါဝင်လုပ်ဆောင်ကြရမှာပါ။ ဆန်စပါးလုပ်ငန်းရဲ့ ဘေးထွက်ပစ္စည်းများဖြစ်တဲ့ ဆန်ကွဲကို မုန့်၊ ဆန်မှုန့်၊ ဖွဲနုကို စားသုံးဆီ၊ စပါးခွံကို လောင်စာကုန်ကြမ်း စသည်ဖြင့် ထုတ်လုပ်နိုင်အောင်လည်း အသေးစား၊ အလတ်စား စက်ရုံငယ်များ တည်ထောင်သင့်သလို ရွှံ့ပစ်ပစ္စည်း၊ အလေအလွင့်များမှ တိရစ္ဆာန်အစာအဖြစ်သို့ ပြောင်းလဲနိုင်အောင်လည်း ကြိုးပမ်းကြရပါလိမ့်မယ်။

လယ်ယာလုပ်ငန်းနဲ့တွဲစပ်ပြီး စက်ရုံအလုပ်ရုံများကို ဇုန်နယ်မြေတစ်ခုအဖြစ် သတ်မှတ်အကောင်အထည်ဖော်ခြင်းအားဖြင့် စက်မှုနှင့်လယ်ယာ ဟန်ချက်ညီသွားစေမှာ ဖြစ်ပါတယ်။ လုပ်ငန်းကွင်းဆက်တစ်ခုလုံး အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ဖို့ ငွေကြေးအရင်းအနှီး လိုအပ်ချက်ကြီးမားနိုင်တဲ့အတွက် ပြည်တွင်းလုပ်ငန်းရှင်များသာမက ပြည်ပလုပ်ငန်းရှင်များကိုပါ ဆွဲဆောင် ခေါ်ယူသင့်ပါတယ်။ ပြည်တွင်း ပြည်ပ ချေးငွေများ ရယူခြင်း၊ စီမံကိန်းချေးငွေ(Project Loan) များ ချထားပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုအပေါ် အခွန်အခ၊ ကာလကန့်သတ် ကင်းလွတ်ခွင့်ပေးခြင်း စတဲ့ နည်းလမ်းတွေကို အသုံးပြုပြီး စည်းရုံးလုပ်ဆောင်ကြရပါလိမ့်မယ်။ ရန်ကုန်တိုင်းဒေသကြီးရဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံ

**အလေအလွင့်များမှ**
**တိရစ္ဆာန်အစာအဖြစ်သို့**
**ပြောင်းလဲနိုင်အောင်လည်း**
**ကြိုးပမ်းကြရပါလိမ့်မယ်**

တောင်သူလယ်သမားများနဲ့ လုပ်ငန်းရှင်များအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးရလဒ်ရှိမယ့် ကန်ထရိုက်လယ်ယာ စိုက်ပျိုးရေး၊ သို့မဟုတ် စာချုပ်စိုက်ပျိုးရေးစနစ်(Contract Farming System) ကို အမြန်အကောင်အထည်ဖော်သင့်ပြီလို့ မြင်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာ နယ်မြေဒေသ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ စားသောက်ကုန်ထုတ် လုပ်ငန်းရှင်များ၊ တောင်သူလယ်သမား အစုအဖွဲ့များနဲ့ UMFCCI တို့ ပေါင်းစပ်ညှိနှိုင်းပြီး အစိုးရ ပုဂ္ဂလိက ပူးတွဲဆောင်ရွက်ကြရင်ဖြင့် ကန်ထရိုက် လယ်ယာစိုက်ပျိုးရေးစနစ် အောင်မြင်လာမှာ မုချသေချာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

**ဇော်ဟိန်း**

ဆင်ဖြူကျွန်း

# အောင်သိန်း

# စိုး

အရေးကြီးသော ထမင်းထုပ်က ပျက်စီးပေမည်။ ယင်းကြောင့် သတိထားကာ ခြေနင်းသံပြားကို မယ်အိက ဂရုစိုက်၍ ကြည့်လျှောက်မိသည်။

ထိုအခါ သံရေတံလျှောက်ထဲက ရေသည် မယ်အိ၏ ကျောဘက်မှနေ၍ မယ်အိ မျက်နှာမူရာသို့ စီးဆင်း၍ ရေတံလျှောက်အောက်က မြောင်းရေမှာမူ မယ်အိ၏ လက်ယာဘက်မှနေ၍ လက်ဝဲဘက်သို့ လျှင်မြန်စွာစီးဆင်းနေ၏။ အပေါ်ကရေသည် အစီးနှေး၏။ ထိုနှေးသော ရေစီး၏ နောက်ခံကားချပ်ဖြစ်သော ရေ၏အလျဉ်မှာ လျင်မြန်သည်။



အခါတိုင်းလည်း သည်နေရာကို အထစ်အငေါ့မရှိ ဖြတ်သန်းနေကျဖြစ်ပါလျက်နှင့် မယ်အိသည် ယနေ့ကျခါမှ ထမင်းပို့ နောက်ကျနေသည်ကို အကြောင်းပြုပြီး ထမင်းထုပ်ကို ဂရုစိုက်သည့်အနေဖြင့် သတိထားကာ လျှောက်တော့မှ မျက်စိနောက်ကာ မူးမိုက်လာခြင်းဖြစ်ပေ၏။

"ဟင်း…"

မယ်အိမှာ သက်မချမိသည်။

နောက်သို့ပြန်ဆုတ်ပြီး မြောင်းထဲက ဖြတ်သွားချင်ပါသော်လည်း သည်ရေစီးနှင့် သည် သံပြွန်ကိုပဲ ခွလျှောက်ရမည်။ ရှေ့တိုးဖို့ကလည်း၊ နောက်သို့ပြန်ရမည့် ခရီးနှင်နှင်သာ။

နောက်သို့ကား မပြန်ပြီ။ ရှေ့သို့သာ တိုးတော့မည်။ ထို့ကြောင့် မယ်အိက ခြေတစ်ဖက်ကို ရေတံလျှောက်ထဲချ၍ တစ်ဖက်က သံပြွန်ပေါ်နင်းလျက် လျှောက်လာလေ၏။ သံရေတံလျှောက်ထဲ၌ ရေညှိဖြင့် ချွဲချော်နေသလို သံနင်းပြွန်ကလည်း ခွတ်စိုကျိုချွဲလှ၏။

တစ်ဖက်ကမ်းသို့ရောက်ရန် ခြေတစ်လှမ်းမျှအလိုတွင်ကား ရေတံလျှောက်ထဲက ခြေထောက်သည် လျှောခနဲဖြစ်သွား၍ "အမယ်လေး…ကျန်ပါပြီ" ဟု ယောင်ရမ်းအော်မိ၏။ သို့ရာတွင် ကျန်ခြေတစ်ဖက်က အုတ်ခုံကို မြေးကုပ်လိုက်မိသည့်အတွက် မယ်အိမှာ ရင်ကိုဖိကာ သက်မကြီးချလိုက်နိုင်လေ၏။

"ဟော…မယ်အိလားဟေ့"

တစ်ဖက်ကမ်းမှ မေးသံကြောင့် မယ်အိက လေးတွဲ့စွာလှည့်ကြည့်သည်။ အထက်လယ်မှ မအေးညိုတည်း။

မအေးညိုက ရေတံလျှောက်ကို ခွကျော်ရင်း အသံစာစာ စာစာဖြင့် ပြော၏။

"အမယ်လေးဟဲ့ ဗိုက်ကြီးအယ်ဟဲ့သားနဲ့ ကိုယ်ဝန်ဆောင်ကမှ ငါ့ထက်စောသေးတယ်၊ ညည်းတို့များ တော်ပါပေ့"

"တော်တယ်မဟုတ်ပါဘူး မညိုရာ"

မယ်အိက မြောင်းဘောင်ကိုဖြတ်ကျော်ရင်း ပြန်ပြောသည်။

"ညည်း ဘယ်နှစ်လရှိပြီလဲဟဲ့"

"ခုနစ်လ"

"အံ့ပါရဲ့အေ၊ မတော်တဆ ဒီဥစ္စာကြီး ကျော်နေတုန်း မှေးမှုဖြင့် ခက်ရချေရဲ့"

မအေးညိုသည် မယ်အိကို အမီလိုက်လာရင်း မြည်တွန်ဘိသည်။

"ညည့်လင်ကလည်း ထမင်းထုပ်ယူသွားရင် ပြီးရော"

"ထမင်းထုပ် ယူသွားရအောင် ညက ထမင်းကြမ်းကျန်မှ ဖြစ်တာတော်ရဲ့"

မယ်အိတို့၏ လင်ကိုယ်မယား အိမ်ထောင်ကလေး၌ အနည်းဆုံး ဆန်သုံးလမယ် (နို့ဆီဘူး သုံးလုံး)ချက်ရသည်။ ထမင်းကြမ်း ကျန်လှသည်မရှိချေ။

လယ်လုပ်ခွင်သို့ ဝင်ရချိန်၌ နံနက်စောစော ထသွားသူအတွက် ထမင်းကြမ်းကျန်စေရန် နှစ်ဝလယ်ချက်ခဲ့၏။ ဒါလည်း မကျန်သည်ကများ၏။ ချက်သမျှ ထမင်းကို လွှကမစား၊ ထွန်တုံးကချည်း စားပစ်နေသော သည်ကာလ၌ မယ်အိ ဘာမျှမတတ်နိုင်။ ဖင်တစ္ဆေတ်ချွဲချက်ပြုတ်ပြီး အရွေ့ရွေ့တအိအိဖြင့် ထမင်းလာပို့နေရသည်။

"အေးဟယ်၊ ငါတို့အိမ်ကလူလည်း ဖုတ်များ ဝင်နေသလားမသိဘူး။ ကြာတော့ ချက်ရတဲ့လူက မသထာချင်တော့ဘူးအေရဲ့"

မအေးညိုက ရေတံလျှောက်ကို ကျော်ဖြတ်၍ ဆုံးသွားသဖြင့် အပြေးလိုက်လာရင်း ပြော၏။

"ပင်ပန်းသကိုးတော်ရဲ့"

"ဒို့အိမ်ကလူ ပင်ပန်းပုံများ ညတုန်းက ရေယူရမယ်ဆိုပြီး ထမင်းပြန်မစားလို့ ငါ့မှာ လာပို့ရသေးတယ်၊ ဒီ့ယူပြီးရင် ညည်းတို့ အလှည့် မဟုတ်လား"

မြောင်းမှာ မြောင်းဖျားဖြစ်သဖြင့် ရေအလာနည်းသည့်အတွက် အလှည့်နှင့်ယူကြ ရရှိသာမက မိမိတို့ရေကို တစ်ပါးလူ နိုးမည်စိုး၍ ညအိပ်ညဥ့်နေ စောင့်ကြရသည်။

"ညည့် ယောက်ျား ရေယူရင် ညည်းကော မွှိုးမွှိုးမှောင်မှောင်ကြီးထဲလာပြီး ထမင်းပို့ရအုံးမှာလား"

မအေးညိုက သေးချွန်းယှဉ်၍လျှောက်ရင်း မေး၏။

"ညတုန်းကပဲ တော်တို့အပြီးမှာ ဆက်ယူမယ်ဆိုပြီး လယ်ပြင်မှာပဲ ညအိပ်တယ်လေ မညိုရဲ့"

"ကောင်းတာပေါ့အေ၊ ကဲ…ကဲ…ထွန်နွားနေတာနဲ့ အတော်ပဲပေါ့"

မအေးညိုက ရပ်ထားသော ထွန်ကို လှမ်းကြည့်ကာပြောရင်း မြောင်းလက်တက်ကလေးအတိုင်း လမ်းခွဲသွားလေသည်။

မယ်အိကမူ ရှေ့သို့ဆက်မသွားသေးဘဲ မအေးညိုတို့၏ လယ်ထဲသို့ ရေသွယ်သော မြောင်းလက်တက်ကလေး၏ ကတွတ်ပေါက်ကို ငုံ့ကြည့်၏။ ကတွတ်ပေါက်မှာ ပိတ်နေလေပြီ။ မြောင်းရေသည် မယ်အိတို့ လယ်ပွဲဘက်သို့ ညင်သာစွာစီးဆင်းနေ၏။

နေသည် တိမ်သားထဲတွင် မြုပ်နေရာက ရုတ်ခနဲပေါ်လာသည်။ ရွှံ့ပင်လယ်ပွဲထဲမှ စိုက်ပြီးစ ကောက်ပင်ဝါရော်ရော်များမှာ ဝင်းဖန့်သောအဆင်းသို့ ပြောင်းသွားပေ၏။ ကောက်ပင်ငယ်များသည် မယ်အိရပ်နေသော ကန်သင်းဘက်သို့ ဦးယိမ်းနေကြကာ အမိုက်တို အမိုက်စနှင့် ရေမြုပ်များသည်



မအေးညိုတို့၏
လယ်ထဲသို့ ရေသွယ်သော
မြောင်းလက်တက်ကလေး၏
ကတွတ်ပေါက်ကို ငုံ့ကြည့်၏။
ကတွတ်ပေါက်မှာ ပိတ်နေလေပြီ။



မိမိတို့ လယ်ထိပ်ကတွတ်ပေါက်ကို
ငုံ့ကြည့်မိသောအခါ မယ်အိမှာ ရင်ကျပ်သလိုလို
ရေကို လက်ဖြင့်ဆွဲယူချင်သလိုလို
မရိုးမရွ ဖြစ်လာရသည်။

ကန့်သင်းထောင့်၌ လှိုင်းစီးနေကြလေ၏။ မယ်အိသည် စိုက်ပြီးစ ကောက်ပင်များကို ကျော်၍ အကောတက်သို့ မျှော်ကြည့်လေသည်။

အကောတန်း၏ ဒုတိယလယ်ကွက်လောက်၌ နွားနီကြီးနှင့် စာဥတို့ ထယ်တန်းလန်းဖြင့် ရပ်နေကြသည်ကိုမြင်ရ၏။ တော့ဘွ လယ်ကွက်ထဲတွင်မူ ဗျိုင်းတစ်အုပ်နှင့် ဒင်ကြီးတစ်ကောင်၊ ငှက်ကြီးဝံပိုတစ်ကောင်ကို လှမ်းမြင်ရသဖြင့် သွင်းသောရေသည် တော့ဘွလယ်ကွက်ထဲသို့ ရောက်နေပြီဟု သိရပေသည်။

အကောတန်း၏ ဟိုဘက်တွင် ရှားပင်ကုန်းကလေး။ ရှားပင်ရင်းတွင် တစ်ပက်ရပ်ထန်းလွက်တဲကလေးရှိကာ တဲရှေ့ရှိ မီးဖိုမှ မီးခိုးတန်းသည် ဖွဲပြာကို လေမှာကြသလို ပျံ့ဝဲ မြူးလွင့်နေလေ၏။

"ထယ်တန်းလန်းကြီးနဲ့ ဘယ်များသွားနေပါလိမ့်"

ဟိုဘက်လယ်ပွဲသို့ လှမ်းကြည့်ပါကလည်း ဖိုးထိန်ကို မမြင်ရချေ။

"ဆာလို့များ တဲထဲဝင်မှိန်းနေရောသလား"ဟု၍ ဆက်လက်တွေးတောမိသော အခါ၌ မယ်အိသည် နှစ်ဆတိုး၍ လျှင်မြန်အောင် လျှောက်မိလျက်သား ဖြစ်သွားလေ၏။

မိမိတို့ လယ်ထိပ်ကတွတ်ပေါက်ကို ငုံ့ကြည့်မိသောအခါ မယ်အိမှာ ရင်ကျပ်သလိုလို ရေကို လက်ဖြင့်ဆွဲယူချင်သလိုလို မရိုးမရွ ဖြစ်လာရသည်။ ကတွတ်ပေါက်ဝက ရေသည် အိရှိလေး၏။ မြောင်းလက်တက်ထဲ ဝင်လာသောရေမှာ နည်းနည်းကလေး။ ရေသည် လူသားအား လှောင်ဆွနေသည် တကား။

"အင်း..."

မယ်အိမှာ စိတ်မရှည်စွာဖြင့် ညည်းညူ၍ ကတွတ်ပေါက်ကို ကျောခိုင်းခဲ့သည်။ နည်းပါးသောရေကို မြင်ခါမှ မိမိဖြတ်ကျော်ခဲ့ရာ ရေတံလျှောက်ကို မယ်အိက ပြန်လည်မြင်ယောင်လာ၏။

သံရေတံလျှောက်ထဲတွင် တင်နေသော သစ်ခက်များ။

ရေတံလျှောက်၏ ဟိုဘက်ထိပ်၊ သည်ဘက်ထိပ်ပြွန်ဝတွင် ဆို့နေသော အမှိုက်သရိုက်များ။

ရေသွားလမ်း မပြောင့်ဖြူးသဖြင့် အောက်က မုန်းမြောင်းထဲသို့ ဖိတ်ကျနေသော ရေများ။

"လူတွေဟာ ဒီအမှိုက်တွေကို ဘာဖြစ်လို့ ဖယ်မပစ်ကြတာပါလိမ့်"

မယ်အိသည် မိမိလယ်ထဲသို့ ရေသွင်းသည့်အခါကျမှ ရေမြောင်းမရှင်းလင်းခြင်းကို စဉ်းစားလာမိသည်။

"ပြွန်ရဲ့ ဒီဘက်ထိပ်က မြောင်းကိုကော ပြွန်ထက်နိမ့်အောင် ဘာဖြစ်လို့ 'မြောင်းတာ' မတူးကြတာလဲ"

ပျင်းရိစဖွယ် အိရှိငြိမ်လေးနေသော ရေ အလျဉ်နှင့်ဆုံမိမှ မယ်အိက မြောင်းတာတူး ခြင်းကို တွေးတောမိ၏။ သို့ရာတွင် ဆက်၍ တွေးချိန်မရအောင် ဖိုးထိန်က နှောင့်ယှက်လေသည်။

"မြန်မြန်လာစမ်းပါဟ၊ ဒီမှာ ဆာလှပြီ"

ဖိုးထိန်က ခြေလှမ်းကျဲကြီးများဖြင့် တဲထဲမှ လှမ်းထွက်လာသည်။

"ဆာရင်လည်း လာယူပါလား တော်ရဲ့၊ အခန့်သား စောင့်အော်နေ"

"မအော်ပါဘူးဗျာ၊ မအော်ပါဘူး၊ ပေးပါ ကျွန်တော်မျိုးကြီးကို ပေးပါ"

ဖိုးထိန်က မယ်အိရှေ့သို့ရောက်လျှင် ဇာတ်ပွဲထဲက ဝန်ကြီးများ ဘုရင်ကိုရှိခိုးသည့် ပုံမျိုးလုပ်၍ ကုန်းကုန်းကွကွဖြင့် ပြောသည်။ တစ်ဆက်တည်း မယ်အိထံမှ ပစ္စည်းများကို လှမ်းယူ၏။ မယ်အိသည် ပုန်းရည်ကြီးရောင် ရင်အုံကြီးကို လှမ်းထုလိုက်ရာ မျက်နှာကို ချွေးစက်တွေ စဉ်ကျန်သည်။

ခေါင်းပေါ်နှင့် လက်ထဲမှအထုပ်များ ရှင်းသွားသောအခါ မယ်အိမှာ ပေါ့ပါးလန်းဆန်းသွား၏။ ထို့ထက် ချစ်လင်၏ ရွှင်ပျသော ကျီစယ်မှုကိုခံယူရသောအခါ လေးလံသော ဝန်ပိုကြီးကိုပင်မေ့၍ ပိုမိုရွှင်လန်းလာရလေ၏။

တဲထဲသို့ မယ်အိရောက်သွားသော အခါ၌ ဖိုးထိန်မှာ ထမင်းထုပ်ကို ဖြည်၍စားနှင့်ပေပြီ။

"ချဉ်ပေါင်ရွက် ဟင်းကလေးတော့ လုပ်ခဲ့အုံးမလို့၊ နေမြင့်နေမှာစိုးတာနဲ့"

ပလုပ်ပလောင်း စားနေသူကိုကြည့်ပြီး မယ်အိက အားနာသံဖြင့်ဆို၏။

"နှင့်ချဉ်ပေါင်ရွက် ဘာလုပ်ဖို့လဲဟာ၊ ဒါဆို တော်ရောပေါ့"

ဖိုးထိန်က မိုးမျှော်ငရုတ်သီးတောင်းကို ပါးစပ်ထဲသို့ လက်သုံးချောင်းဖြင့် ကော်ခွံ့ရာက မပီမသပြောလေသည်။ ထမင်းထည့်သော ဆန်ဆေးတောင်းဘေးတွင် ဆီကလေး ပြက်သီကာ ဆမ်းထားသော ငရုတ်သီးတောင်း ပန်းကန်နှင့် မီးမကျွမ်းတကျွမ်း ပြောင်းဖူးဖက်ထဲက ငါးပိဖုတ် ခြောက်ခြောက်သွေ့သွေ့တို့သည် ခင့်ကြွားနေပေ၏။ တကယ်တော့ သည့်လယ်မြေနှင့် သည်ပါးစပ်ပေါက်တွေအတွက်မှာမူ သည်ငါးပိဖုတ်နှင့် သည်ငရုတ်သီးတောင်းသည် ဗိုလ်ပဲ မဟုတ်လား။

မယ်အိသည် တဲအတွင်း ဟိုသည် လှမ်းကြည့်ပြီး ထိုင်ရာမှ ထဟန်ပြင်သည်နှင့် ဖိုးထိန်က အချိန်မီမေး၏။

''ဒါက ဘာလုပ်အုံးမလို့လဲ''

''သောက်ရေ ခပ်ရအောင်လို့''

မယ်အိက မြေပြင်ကို လက်ထောက်ထားကာ နောက်ပြန်ကြည့်၍ဖြေသည်။

''အမယ်လေး . . . လုပ်မနေစမ်းပါနဲ့ မိန်းမရာ၊ ဟိုတဲရှေ့မှာ မမြင်ဘူးလား''

ဖိုးထိန်က တဲရှေ့သို့ လက်ညှိုးထိုးပြသည်။ တဲရှေ့၌ မြောင်းလက်တက်ရှိ၏။ ထို မြောင်းလက်တက်ထဲသို့ မြောင်းရင်းမှ စီးဝင်လာသောရေကို ရည်ညွှန်းခြင်းဖြစ်သည်။

''ပြန်ရင် ကဆစ်သီးတွေ ယူသွားပေါ့၊ အဲဒါကို စပ်စပ်ချက်ပေါ့''

ဇနီးသည်၏မျက်နှာကို ရွှန်းရွှန်းစားစား မော့ကြည့်၍ ထန်းသီးလုံးခန့်ရှိသော ထမင်းတစ်လုပ်ကို လက်စသတ်ကာ ခွံ့ပြီးနောက် ထရပ်၏။

''ပြီးအောင်များ ဝါးစမ်းပါအုံးတော်''

ကသီကရိနိုင်လှသော လင်သည်ကို ကရုဏာသံဖြင့်ပြောသည်။ ဖိုးထိန်က ငူးဝါးပြန်ပြော၏။ ထမင်းလုပ်ကြီး ခံနေသောကြောင့် ဘာပြောမှန်းမသိ။

ဖိုးထိန်သည် ထမင်းစားအပြီး၌ မြောင်းလက်တက်ထဲမှရေကိုသောက်ရန် တဲအပြင်သို့ ထွက်သွားခြင်းဖြစ်သည်။ သို့သော် သူသည် ရေမသောက်။ မြောင်းလက်တက်ကို တစ်ချက်မျှငုံ့ကြည့်ပြီး ပါးစပ်ထဲမှ ထမင်းလည်း မကုန်သေးသဖြင့် တဂူးဂူး တဝါးဝါး အော်လျက် မြောင်းရင်းဆီသို့ မြောင်းလက်တက်အတိုင်း တရကြမ်း ပြေးထွက်သွားလေ၏။

''ဘာလဲ ကိုဖိုးထိန်၊ ဘာလဲ''

မယ်အိက မျက်လုံးပြူးကြည့်လျက် လှမ်းမေးသည်။

ဖိုးထိန်ကား ဗိုးဝါးဗိုးဝါးအော်လျက် ပြေး သွားနေ၏။

''ကိုဖိုးထိန် . . . ကိုဖိုးထိန်''

မယ်အိမှာ ဘာမသိ ဘာမသိဖြင့် နောက်မှ ပြေးလိုက်လာသည်။ သူသည် စိုးရိမ်တကြီးဖြင့်သာ ပြေးလိုက်လာရ၏။ ဘာမှန်းမသိ။

''ကိုဖိုးထိန်ရေ . . . ကိုဖိုးထိန်''

မယ်အိ၏ ထိတ်လန့်စိုးရိမ်စွာ တစာစာ အော်လိုက်သံသည် လယ်ကွင်းအနှံ့ ပျံ့လွင့်သွားသည်။ သူ့အသံကြောင့်ပင် အနီးအနား လယ်ပွဲများမှလူတွေ ခေါင်းထောင်ကြည့်ကြလေ၏။

လယ်ကန်သင်းထက်မြင့်သော မြောင်းလက်တက် ဘောင်အတိုင်း ဖိုးထိန်က ရှေ့မှ ပြေး၍ မယ်အိက နောက်မှပြေးလိုက်နေသည်။

''ဟဲ့ . . . မယ်အိ မပြေးနဲ့''

ကိုထွန်းအောင်၏ဇနီး အထက်လယ်ပွဲမှ မအေးညိုက လှမ်းအော်၏။ တစ်ပြိုင်နက်ပင် လယ်နီးနားချင်းများသည် မယ်အိတို့ လယ်ပွဲဘက်သို့ ပြေးလာကြ၏။

''ကိုဖိုးထိန် မလုပ်နဲ့ မလုပ်နဲ့''

မယ်အိ၏ အသံကြောင့်ပင် လယ်နီးနားချင်းများမှာ မြောင်းရင်းမှ မြင်ကွင်းကို တွေ့မြင်သွားကြပေပြီ။

''ဖိုးထိန်၊ ဟဲ့ . . ဖိုးထိန်၊ လက်လွန်မယ်နော်''

ဟိုမှသည်မှ လှမ်းအော်ကြ၏။ မြောင်းရင်းတွင်မူ ငန်းပြား(တူးရွှင်း)ကိုင်ထားသော လူတစ်ယောက်သည် မြောင်းထဲမှခုန်တက်၍ တစ်ဖက် နဘူးချုံဘက်သို့ ပြေးထွက်သွားသည်။ ဖိုးထိန်က ဆည်တိုင်ကိုဆွဲ၍ နဘူးချုံ





အမှန်မှာလည်း ဖိုးထိန် ထမင်းစားခိုက်တွင် လစ်ပြီအထင်ဖြင့် ဖိုးထိန်၏ ရေပင်းသော ရင်းတားကို ဝင်ဖျက်ခြင်းဖြစ်၏။

နောက်သို့ ပြေးဝင်ပျောက်ကွယ်သွားလေ၏။

"ကိုဖိုးထိန်ရေ အမယ်လေး ကိုဖိုးထိန်ရဲ့"

မယ်အိမှာ ဆက်မလိုက်နိုင်တော့ဘဲ မြောင်းလက်တာက်ထိပ်တွင် ထိုင်ငိုနေ၏။ အနားသို့ ရောက်လာသူများကိုလည်း အကူအညီ ဆီးတောင်းသည်။

"လိုက်ကြပါအုံး၊ လုပ်ကြပါအုံး တော်တို့ရဲ့"

"ဟဲ့…မယ်အိ ဘယ်သူနဲ့ ဘာဖြစ်တာလဲဟ"

အပြေးအလွှား ရောက်လာသူများက မေးကြ၏။

"မသိဘူးတော့၊ အမယ်လေး လိုက်ကြပါအုံး၊ လုပ်ကြပါအုံး"

နဘူးချုံ၏ ဟိုဘက်တွင် မအေနမ စသော အယုတ္တအနတ္တ ဆဲဆိုသံများ မိုးမွှန်နေလေသည်။ ဦးဖိုးစ၏ အသံလည်းပါ၏။ ကွန်းရွှေ ထွန်းမြ လှသောင်းနှင့် ကိုထွန်းဆောင်၏ အသံလည်းပါသည်။ အများဆုံး ကြားရသည်မှာ လှသောင်းအသံ။

မယ်အိသည် မအေညိုနှင့်အတူ နဘူးချုံအကွယ်ဘက်သို့ ရောက်လာသည်။ ဖိုးထိန်ကို မားမားကြီးမြင်ရသောကြောင့် စိတ်သက်သာသွား၏။ သို့ရာတွင် အနားသို့ကပ်မိသောအခါ၌ ဖိုးထိန်၏နဖူးတွင် အဖုကြီးတစ်ခုကို မြင်လိုက်ရသည့်အတွက် ထိတ်သွားပြန်သည်။

"ဟင်…ဟင်…ကိုဖိုးထိန်၊ ဘာဖြစ်ဘာဖြစ်တာလဲ ဟင်"

"ဟို ခွေးသားရိုက်တာပေါ့"

ဖိုးထိန်က လှသောင်းကိုညွှန်ပြ၏။

"အမယ်…အမယ် ကျုပ်ရိုက်တာ မဟုတ်ဘူး အကြီးစ"

လှသောင်းက လက်ကားယား ခြေကားယားဖြင့် ငြင်းဆန်သည်။ "သူကရိုက်လို့ ငန်းပြားနဲ့ခံလိုက်တာ တုတ်ကျိုးပြီး သူ့နဖူးကို ပြန်ထိတာ ကျုပ်မရိုက်ဘူး"

"အေး…ဟုတ်ပြီ၊ ဒါဖြင့် ဖိုးထိန်ရဲ့ ရေကို မင်းဖိုးတာယ်မဟုတ်လား"

ဦးဖိုးစက ကိစ္စရင်းကို ကောက်၍မေးသည်။

"ကျုပ်…ဟို…အဲ"

"မင်း ဘာမှပြောစရာမရှိဘူး မဟုတ်လား လှသောင်းရေ ကဲ…"

အမှန်မှာလည်း ဖိုးထိန် ထမင်းစားခိုက်တွင် လစ်ပြီအထင်ဖြင့် ဖိုးထိန်၏ ရေပင်းသော ရင်းတားကို ဝင်ဖျက်ခြင်းဖြစ်၏။ သို့ရာတွင် ဖိုးထိန်က ထမင်းစားမြန်ကာ ရေအားကလည်း နည်းသောကြောင့် ရင်းတားမကျန်မီ ပြေတ်ပြီး လက်ပူးလက်ကြပ်မိခံရခြင်း ဖြစ်သည်။

"တစ်နေ့ကတင် မင်းလယ်ဘက်ကို ငါ ရောက်တယ် လှသောင်း။ မင်းဟာ လုံးဝ မြောင်းတာမတူးဘူးကွ၊ ငါမြင်ခဲ့တယ်"

ဦးဖိုးစက ခေါင်းငြိမ်းခေါင်းငြိမ်းကြည့်ပြီး ဆက်ပြောပြန်သည်။

"မင်းကလည်း မင်းယောက်ဖက မြောင်းခေါင်းဆိုပြီး တာမတူးတာပဲ၊ မြောင်းတာ မတူးရင် ဘယ်လိုလုပ်ပြီး ရေကောင်းကောင်း လာမလဲ၊ မြောင်းတာမတူးချင်ဘဲနဲ့ ဘာဖြစ်လို့ ရေလိုချင်ရသေးလဲ"

"အဲဒါ ဟိုကလေးက နေမကောင်းလိုက်၊ ကျုပ်က ဖျားလိုက်နဲ့ မတူးဖြစ်တာပါ"

"ဆင်ခြေတွေ ပေးမနေနဲ့ လှသောင်းရာ၊ ငါလည်း ရေလွှတ်ချိန်ရောက်နေလို့ ဖျားနေရင်း တန်းလန်းကြီးနဲ့ လာတူးတာယ်၊ မင်း ဘာပြောအုံးမလဲ"

ကိုထွန်းဆောင်က ဝင်ပြောခြင်းဖြစ်ပေသည်။ ဦးဖိုးစက ဆက်၍…

"ငါ့မှာတော့ ရေသယောက်ထဲက အမှိုက်သရိုက်တွေကို အဖိုးကြီးတန်မဲ့နဲ့ တက် တက်ဆွဲရတယ်၊ မင်းတို့ထဲက ဘယ်သူများ ရေသယောက်ကို ရှင်းမှာလဲ၊ ရေသယောက်ထဲမှာ အမှိုက်တွေဆို့ပြီး လျှံကျနေတာ မနည်းဘူး"

လှသောင်းမှာ ဘာမှမပြောရဲတော့ပေ။

"ရေအလာနည်းရင် ရေများများလာအောင် ကိုယ့်အထက်ကလူ မြန်မြန်ပြီးအောင်ဆိုပြီး၊ အမှိုက်တွေသွားရှင်းပါလား။ အခုတော့ ဘာမှမလုပ်ဘူး။ ရေပဲလာခိုးတယ်၊ အေး… နောက်တစ်ခါ စည်းဖောက်ရင် ကော်မတီကို ဖမ်းပို့မယ်၊ ဒါပဲ"

ဦးဖိုးစ၏စကားအဆုံး၌ ကုတ်ကုတ်ကလေး ထွက်သွားသော လှသောင်းကို အံကြိတ်၍ကြည့်နေသူမှာ နဖူးကို လက်ဖါးဖြင့် အုပ်ထားသော ဖိုးထိန်ပေတည်း။

**ဆင်ဖြူကျွန်း-အောင်သိန်း**

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်လျက်ရှိတဲ့ ပြည်သူများနဲ့ လုပ်ငန်းရှင်များ၊ အိမ်ပိုင်၊ မြေပိုင်ရှင်များအတွက် ရန်ကုန်မြို့တော်စည်ပင်မှ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများအကြောင်းကို သိရှိ မှတ်သား၊ လေ့လာနိုင်ရန်နဲ့ ရှင်းရှင်းလင်းလင်း သိရှိနားလည်စေရန်တို့အတွက် ဒီကဏ္ဍလေးကို ဖွင့်လှစ်လိုက်ပါတယ်။

## Yangon Waste to Energy Plant Project

## ရန်ကုန်အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံ



**ရည်ရွယ်ချက်**

- မြန်မာနိုင်ငံအတွက် ကာဗွန်လျှော့ချရေးအစီအစဉ်တစ်ရပ်ဖြစ်ခြင်း၊ ရေအားလျှပ်စစ်ထုတ်ယူနိုင်ခြင်းနှင့် စွန့်ပစ်အမှိုက်များမှ စွမ်းအင်ထုတ်လုပ်နိုင်ရန်။
- မြန်မာနိုင်ငံ၏ အနာဂတ်ပတ်ဝန်းကျင် ညစ်ညမ်းမှုပြဿနာကို ဖြေရှင်းနိုင်ရန်။

**Yangon Waste to Energy Plant Porject**

ရန်ကုန်မြို့တော် မြို့ပြစီမံကိန်း(Urban) ၂၀၄၀ အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနအနေဖြင့် ဒလမြို့နယ် အမှိုက်ပုံ၊ ရွှေပြည်သာမြို့နယ် ကျူချောင်အမှိုက်ပုံ၊ မင်္ဂလာဒုံမြို့နယ် လျော်ကားအမှိုက်ပုံ၊ ဒဂုံဆိပ်ကမ်းမြို့နယ် ကျိုက်စုအမှိုက်ပုံ ၄ နေရာတွင် Yangon Waste to Energy Plant Project တည်ဆောက်ရန် လျာထားရေးဆွဲထားရှိပါသည်။

ဂျပန်နိုင်ငံဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန MoEJ ၏ Leaf Frog Program ဖြင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ US$ ၁၀၀ သန်း ထောက်ပံ့ရန် လျာထားမှုရှိကြောင်း JFE အဖွဲ့မှ ဌာနမှူးနှင့်တွေ့ဆုံစဉ်၌ သတင်းရရှိခဲ့ပါသည်။ ယင်းထောက်ပံ့မှုအစီအစဉ်တွင် YCDC အတွက် ODA(Grant Aid) ရယူနိုင်ရန် JFE အဖွဲ့မှ MoEJ ၏ လက်အောက်အဖွဲ့တစ်ခု ဖြစ်သည့် IGES(Institute for Global Enviromental Strategies) နှင့် ပူးပေါင်း၍ ဂျပန်ဘက်မှ လိုက်ပါဆောင်ရွက်မည် ဖြစ်ပြီး YCDC အနေဖြင့် MoEJ သို့ Interest Letter of Intant ပေးပို့ရန်လိုကြောင်း ဆွေးနွေးထားရှိပါသည်။ ဆွေးနွေးထားရှိမှု အစီအစဉ်မှာ Leaf Frog Program မှ ODA(Grant Aid) ရရှိခဲ့ပါက Yangon Waste to Energy Plant Project ၂ခုခန့် တည်ဆောက်ခြင်း လုပ်ငန်းများကို JFE အဖွဲ့ဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ Leaf Frog Program အား ကြိုတင်လေ့လာ သိရှိနိုင်ရန်နှင့် Interest Letter Of Intant ကြိုတင်ပြင်ဆင်ထားခဲ့ပါသည်။

ထိုသို့ ဆွေးနွေးမှုအရ MoEJ သို့ Interest Letter of Intent ပေးပို့နိုင်ရန်အတွက် ဌာနမှ ကော်မတီသို့တင်ပြခဲ့ရာ ဥက္ကဋ္ဌ(မြို့တော်ဝန်)မှ **"Cabinet တင်ပေးရန်"** ဟု မှတ်ချက်ပြုခဲ့သဖြင့် ကော်မတီမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃၂/၂၀၁၃)သို့ တင်ပြခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၂/၂၀၁၃)၏ ဆုံးဖြတ်ချက် အပိုဒ်(၁၂)အရ တင်ပြချက်အား သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၁၀-၉-၂၀၁၃ ရက်နေ့တွင် JFE ၏ Director ဦးဆောင်သောအဖွဲ့ဖြင့် မြို့တော်ခန်းမတွင် ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးစီးအဖွဲ့နှင့် တွေ့ဆုံ၍ YWTEPP (Yangon Waste to Energy Plant Project) 60 Ton/day တည်ဆောက်ရေးကိစ္စ ဆွေးနွေးညှိနှိုင်းခဲ့ရာ အဆိုပါ လျှပ်စစ်ဓာတ်အားကို အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံအတွက်ပါ ပြန်သုံးနိုင်မည့် တန်(၆၀) အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံ တည်ဆောက်ရေး JFE မှ တင်ပြဆွေးနွေးခဲ့ပြီး ခန့်မှန်းကုန်ကျမည့် အမေရိကန်ဒေါ်လာ (၁၆)သန်းအတွက် ဂျပန်အစိုးရ MoEJ မှ ၈ သန်းရရှိရေးနှင့် YCDC ဘက်မှ အမေရိကန်ဒေါ်လာ ၈ သန်းကျခံရေး ဆွေးနွေးခဲ့ပါသည်။

ဥက္ကဋ္ဌ(မြို့တော်ဝန်)၏ ၁၈-၉-၂၀၁၃ ရက်စွဲဖြင့် MoEJ သို့ Interest Letter of Intent ပေးပို့မှုအပေါ် MoEJ ၏ Vice Minister မှ လက်ခံရရှိကြောင်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား ၁၁-၁၀-၂၀၁၃ ရက်စွဲဖြင့်လည်း ပြန်ကြားခဲ့ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျခံသုံးစွဲမည့် US$ (၈) သန်းအနက် US$ (၂.၁)သန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လျာထားချက်တွင် ထည့်သွင်းရေးဆွဲထားရှိပြီး ကျန် US$ (၅.၉)သန်းအား တည်ဆောက်ရေးလုပ်ငန်း တိုးတက်ပြီးစီးမှု အခြေအနေပေါ်တွင်မူတည်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၏ ဖြည့်စွက်ရန်ပုံငွေတွင်လည်းကောင်း (သို့မဟုတ်) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ လျာထားရန်ပုံငွေတွင်လည်းကောင်း ထည့်သွင်းစီစဉ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ JCM လက်မှတ် မထိုးရသေး၍ လျာထားငွေမသုံးဖြစ်ပါ။

JFE အဖွဲ့အနေဖြင့်လည်း ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးဌာန MoEJ ၏ လျာထားရန်ပုံငွေ US$ (၄.၅) သန်းအား JCM (Joint Crediting Mechanisn) အစီအစဉ်ဖြင့် ရရှိနိုင်ကြောင်းနှင့် ထိုသို့ ရရှိရေးအတွက် ဂျပန်နိုင်ငံ MoEJ သို့ Letter of Interest ကို ပြည်ထောင်စုဝန်ကြီးဌာနအဆင့်ဖြင့် (Goverment To Government) ဆက်သွယ်ပေးပို့ရန်ဖြစ်ကြောင်း JFE Engineering အဖွဲ့မှ ဆက်သွယ်တင်ပြလာပါသည်။

MoEJ သို့ Letter of Interest ပေးပို့နိုင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ JFE Engineering အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MOECAF) မှ ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင်နှင့် ၂၄-၁-၂၀၁၄ ရက်နေ့တွင် နေပြည်တော်၌ သွားရောက်တွေ့ဆုံကာ YWTEPP(Yangon Waste to Energy Plant Project) ဆောင်ရွက်မည့်အစီအစဉ်များ၊ ဂျပန်နိုင်ငံဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန MoEJ ၏ လိုက်ပါဆောင်ရွက်မှု အခြေအနေများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာအောင်မြင့်မော်က လက်ရှိကော်မတီ၏ B.O.T စနစ်ဖြင့် WTE အမှိုက်မှ စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ အမှိုက်စွန့်ပစ်ရန် မြေနေရာအခက်အခဲများ၊ ရင်ဆိုင်ဖြေရှင်းနေရမှု အခြေအနေများ၊ ယခု အကောင်အထည်ဖော် ဆောင်ရွက်မည့် YWTEPP(Yangon Waste to Energy Plant Project) နှင့် စပ်လျဉ်းသည့် အစီအစဉ်နှင့် အခြေအနေအရပ်ရပ်တို့ကို တွေ့ဆုံရှင်းလင်း ဆွေးနွေးခဲ့ပြီး Letter of Interest ပေးပို့ရေးကိစ္စကိုလည်း ပြည်ထောင်စုဝန်ကြီးဌာနဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ပေးပို့ရန်ကိုလည်း တင်ပြညှိနှိုင်းထားရှိခဲ့ပါသည်။ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်မှ JCM အစီအစဉ်အတွက် MoEJ သို့ ပေးပို့ရန်လိုအပ်သော Letter of Interest ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MOECAF) အနေဖြင့် လက်မှတ်ရေးထိုးပေးပို့နိုင်ရေး ဝန်ကြီးအား တင်ပြပေးမည်ဖြစ်ကြောင်းနှင့် ထိုသို့ ပေးပို့စေရေးအတွက် ဥက္ကဋ္ဌ(မြို့တော်ဝန်)မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ အကျိုးအကြောင်းဖော်ပြ တင်ပြပေးရန်ဖြစ်ကြောင်း ပြန်လည်မှာကြားခဲ့ပါသည်။

JCM, G To G လက်မှတ်ရေးထိုးနိုင်ရန်အတွက် ECD အဖွဲ့နှင့် ဂျပန်သံရုံးတာဝန်ခံ၊ ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအရာရှိတို့ဖြင့် နေပြည်တော်တွင် အစည်းအဝေးကျင်းပခဲ့ရာ ဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာ အောင်မြင့်မော် တက်ရောက်ခဲ့ပြီး Project နှင့်ပတ်သက်သော အချက်အလက်များကို ဆွေးနွေးခဲ့ပါသည်။

G To G လက်မှတ်ရေးထိုးနိုင်ရန်အတွက် မြန်မာနိုင်ငံဘက်မှ ဖော်ပြနေချက်ရှိ၏ ပြင်ဆင်ချက်များပါဝင်သော MoU မူကြမ်းကို ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအရာရှိမှ ယင်းတို့

၏ ဝန်ကြီးအား တင်ပြရန် ယူဆောင်သွားပါသည်။

လုပ်ငန်းဆောင်ရွက်ရန်အတွက် နောက်ဆုံးလျာထားချက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဘက်မှ အမေရိကန်ဒေါ်လာ (၈)သန်းနှင့် ဂျပန်ဘက်မှ အမေရိကန်ဒေါ်လာ (၈.၂)သန်း ဖြစ်ပါသည်။ ၎င်းခွဲဝေမှုကို ဂျပန်နိုင်ငံမှ မစ္စတာ တာကာဟာရှီက မြို့တော်ဝန်ထံသို့ တွေ့ဆုံဆွေးနွေးပြီး ဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဘက်မှ စိုက်ထုတ်ရန် အမေရိကန်ဒေါ်လာအား အောက်ဖော်ပြပါအတိုင်း လျာထားပါသည်-

(က) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၁.၄)သန်း။

(ခ) ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် (၆.၆)သန်း။

အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံ တန်(၆၀)စက်ရုံအား ၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှ စတင်ဆောက်လုပ်မည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် အပြီးဆောက်လုပ်မည်ဖြစ်ပါသည်။

အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံ တည်ဆောက်ရေးအတွက် Technical Working Group ဖွဲ့စည်းထားပြီး ပထမအကြိမ်မှ ဒသမအကြိမ်အထိ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ပြီး ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

၁၀-၁၀-၂၀၁၄ ရက်နေ့တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ GFE အဖွဲ့နှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ နေပြည်တော်၌တွေ့ဆုံပြီး အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပါသည်။

၁၆-၁၂-၂၀၁၄ ရက်နေ့တွင် JFE အဖွဲ့မှ အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံအား စီမံခန့်ခွဲခြင်း၊ လည်ပတ်ခြင်း၊ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစဉ်ဖိတ်ကြားလာရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ အရာရှိနှင့် ဝန်ထမ်း ၅ဦးအား ပထာယမရွေးချယ်တင်ပြရာ ဥက္ကဋ္ဌ (မြို့တော်ဝန်)မှ Cabinet တင်ရန် ပြန်လျှခဲ့ပါသည်။

၂-၁-၂၀၁၅ ရက်နေ့တွင် JFE အဖွဲ့မှ အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံအား စီမံခန့်ခွဲခြင်း၊ လည်ပတ်ခြင်း ထိန်းသိမ်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစဉ် ဖိတ်ကြားလာခြင်းကိစ္စအား ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူးထံသို့ တင်ပြခဲ့ပါသည်။

၂၂-၁-၂၀၁၅ ရက်နေ့တွင် JFE အဖွဲ့မှ အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံမှ ထွက်ရှိမည့် လျှပ်စစ်ဓာတ်အား ၇၀၀ ဝပ်/နာရီအား National Grid Line သို့ ထည့်သွင်းခြင်းကိစ္စအား ဥက္ကဋ္ဌ (မြို့တော်ဝန်)ထံ အတည်ပြုချက်ရယူပြီး လျှပ်စစ်ဓာတ်အားဝန်ကြီးဌာနသို့ ထည့်သွင်းအတည်ပြုပေးပါရန် တင်ပြခဲ့ပါသည်။

၁၃-၃-၂၀၁၅ ရက်နေ့တွင် မြို့တော်ခန်းမ၌ပြုလုပ်သော အစည်းအဝေး၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အတွင်းရေးမှူးမှ Letter of Intent(LOI) အား JFE အဖွဲ့၏ Managing Director ထံသို့ ပေးအပ်ခဲ့ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် JFE အဖွဲ့တို့အကြား ချုပ်ဆိုဆောင်ရွက်မည့် Consortium Agreement နှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဥပဒေအကြံပေးပညာရှင်နှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၂၉-၄-၂၀၁၅ ရက်နေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ဦးလှဝင်းအောင်၊ ဒေါက်တာအောင်မြင့်မော်နှင့် JFE အဖွဲ့တို့ နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

၁၄-၅-၂၀၁၅ ရက်နေ့တွင် ဂျပန်နိုင်ငံ၊ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနသို့ အဆိုပြုလွှာတင်ရာတွင် ပူးတွဲတင်ပြရမည့် International Consortium Agreement လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ အစည်းအဝေးခန်းမ၌ ဆောင်ရွက်နိုင်ခဲ့ပါသည်။

YWTEPP(Yangon Waste to Energy Plant Project) ဆောက်လုပ်နိုင်ရန်အတွက် JFE အဖွဲ့နှင့် ဌာနအဖွဲ့တို့မှ အောက်ဖော်ပြပါ ခေါင်းစဉ်များကို ၁၃-၇-၂၀၁၅ရက်နေ့မှ ၂၀-၇-၂၀၁၅ ရက်နေ့အထိ ဌာနမှူး၊ ဒုတိယဌာနမှူး၊ လက်ထောက်ဌာနမှူးများ၊ အင်ဂျင်နီယာများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီမံကိန်းရေးရာအကြံပေးပညာရှင် ဦးမောင်မောင်ခင်တို့ဖြင့် ပထမအကြိမ်မှ တတိယအကြိမ်ထိ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်-

(က) Agreement For Enginnering Procurement and Supply For Yangon Small Size Incineration Plant Project

(ခ) Agreement For Construction For Yangon Small Size Incineration Plant Project

(ဂ) Project Cooperation Agreement For The Project of Yangon Small Size Incineration Plant

ညှိနှိုင်းဆွေးနွေးမှုများမှ ဆုံးဖြတ်ချက်များအပေါ် အပြီးသတ်တင်ပြနိုင်ရန်အတွက် ၃၁-၇-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ပြီးနောက် ဩဂုတ်လ ပထမအပတ်တွင် နောက်ဆုံးအတည်ပြုဆွေးနွေးရန် သဘောတူဆုံးဖြတ်ထားကြပါသည်။

ဂျပန်နိုင်ငံဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ရန်ကုန်မြို့တော်တွင် တည်ဆောက်မည့် တန်(၆၀)ကျ အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံဆောင်ရွက်ခွင့်အား ဂျပန်နိုင်ငံ၌ တင်ဒါခေါ်ယူရာတွင် အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံ ဆောက်လုပ်ခွင့်ရရှိရန် တင်ဒါတင်သွင်းလာသော ကုမ္ပဏီများအနက် JFE ကုမ္ပဏီမှ တင်ဒါအောင်မြင်ကြောင်းကို ဂျပန်တာသာဖြင့် ထုတ်ပြန်ပြီးဖြစ်ပါသည်။ ဩဂုတ်လ ဒုတိယပတ်တွင် မြန်မာနိုင်ငံသို့ ဆက်လက်ပေးပို့အကြောင်းကြားသွားမည်ဖြစ်ကြောင်း JFE ကုမ္ပဏီမှ သဘောတူ စာချုပ်များ ဆွေးနွေးသည့်အစည်းအဝေး၌ တင်ပြထားပါသည်။

Government to Government ဆိုင်ရာ JCM (Joint Crediting Mechanism) အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေပါသည်။ လိုအပ်သော အချက်အလက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာ

ရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ပေးပို့ဆောင်ရွက်နေပါသည်။ ၎င်းဝန်ကြီးဌာနမှ သဘောတူညီမှု လက်မှတ် ရေးထိုးနိုင်ပါရန် စီမံကိန်းရေးရာ ကော်မတီသို့ တင်ပြထားကြောင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန(နေပြည်တော်) ညွှန်ကြားရေးမှူးချုပ် ဦးနေအေးထံမှ သိရှိထားပါသည်။

စီမံကိန်းရေးရာကော်မတီမှ သဘောတူညီမှုရပြီးပါက မြန်မာနိုင်ငံဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ရန်ကုန်မြို့တွင် ကာဗွန်ဒိုင်အောက်ဆိုဒ် လျှော့ချရေးအစီအစဉ် JCM (Joint Crediting Mechanism) အတွက် တစ်ရက်လျှင် တန်(၆၀) ကျ အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံ တည်ဆောက်ရန် နှစ်ဦးနှစ်ဘက် သဘောတူညီမှုလက်မှတ် ရေးထိုးကြမည်ဖြစ်ပါသည်။

မိမိတို့ဌာနနှင့် JFE ကုမ္ပဏီတို့ ဆွေးနွေးနေကြသော Agreement For Enginnering Procurement and Supply For Yangon Small Size Incineration Plant Project ၊Agreement For Construction For Yangon Small Size Incineration Plant Project ၊Project Cooperation Agreement For The Project of Yangon Small Size Incineration Plant များကို ကော်မတီမှ ရန်ကုန်တိုင်းဒေသကြီးရှေ့နေချုပ်ရုံးသို့တင်ပြ၍ ဥပဒေအကြံပြုချက်ရယူပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြပါမည်။ ၎င်းနောက် မြန်မာနိုင်ငံပြည်ထောင်စုအစိုးရရုံးသို့ ဆက်လက်တင်ပြမည် ဖြစ်ပါသည်။

စက်ရုံမှထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အား(ရ၀၀)ကီလိုဝပ်/နာရီအနက် ပိုလျှံသော (၃၀၀)ကီလိုဝပ်/နာရီကို အနီးဆုံးလျှပ်စစ်ဓာတ်အားလိုင်း (၁-၁)KVA သို့ အဝင်/အထွက်စနစ်ဖြင့် သွယ်တန်းဆောင်ရွက်နိုင်ရေးအတွက် ဌာနအနေဖြင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်မတီသို့ ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆက်သွယ်ရန် ဒီဇိုင်းပုံစံများအားလုံးနှင့် အတည်ပြုချက်များရရှိပြီး ဖြစ်ပါသည်။

၅-၈-၂၀၁၅ ရက်နေ့တွင် ၁၂ ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခဲ့ပါပြီး၊ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ကြပါသည်-

(က) အမှိုက်မှစွမ်းအင်ထုတ်လုပ်သည့် စက်ရုံမှ ထွက်ရှိမည့် Bottom ash မှာ ပြဿနာမရှိသော်လည်း၊ Fly ash မှာမူ ပြုပြင်သန့်စင်ရန် လိုအပ်ပါသည်။ (Bottom ash + Fly ash + မီးမလောင်နိုင်သောအမှိုက်)များ စွန့်ပစ်ရန် အောက်ဖော်ပြပါများကို JFE ဘက်မှ ဆောင်ရွက်ပေးနိုင်ပါရန်-

- (၁) ပြုပြင်သန့်စင်ခြင်းဆိုင်ရာ ဒီဇိုင်းပုံစံ၊
- (၂) ပြုပြင်သန့်စင်ခြင်းဆိုင်ရာ နည်းပညာ၊
- (၃) စွန့်ပစ်ရန်လိုအပ်မည့် မြေဧရိယာအကျယ်အဝန်း

(ခ) အမှိုက်များမှထွက်ရှိမည့် အရည်များစွန့်ပစ်ရန်အတွက် အောက်ဖော်ပြပါများကို JFE ဘက်မှ ဆောင်ရွက်ပေးနိုင်ပါရန်-

- (၁) ပြုပြင်သန့်စင်ခြင်းဆိုင်ရာ ဒီဇိုင်းပုံစံ၊
- (၂) ပြုပြင်သန့်စင်ခြင်းဆိုင်ရာ နည်းပညာ၊
- (၃) စွန့်ပစ်ရန်လိုအပ်မည့် မြေဧရိယာအကျယ်အဝန်း

(ဂ) YWTEPP(Yangon Waste to Energy Plant Project) တည်ဆောက်ရန်အတွက် YCDC ဘက်မှ IEE လုပ်ပေးရမည်ဖြစ်ပြီး ၎င်းအတွက် ကုန်ကျစရိတ်အား ကျခံပေးရန် နှင့် YCDC ဘက်မှ MES သို့လုပ်ငန်းအပ်နှံသည့်စာအား ဩဂုတ်လ တတိယပတ်တွင် ဆောင်ရွက်ပေးရန်နှင့် ကုန်ကျစရိတ်အား JFE ဘက်မှ YCDC ဘက်သို့ပေးပို့ရန်အား မှတ်တမ်းတင်ရန်၊

(ဃ) IEE ဆောင်ရွက်ရန်အတွက် ကုန်ကျစရိတ်ကို မမျှော်လင့်သော ကုန်ကျစရိတ်ခေါင်းစဉ်မှ ကျခံနိုင်ရေး ညှိနှိုင်းရန်၊

(င) Technical Meeting ကို တစ်လလျှင် နှစ်ကြိမ်ဖြင့် လစဉ်ပထမပတ်နှင့်တတိယပတ်များတွင် ပြုလုပ်ရေးအား မှတ်တမ်းတင်ရန်၊

(စ) ၂၁-၈-၂၀၁၅ ရက်နေ့ နံနက်(၀၆း၀၀)နာရီတွင်စီမံကိန်းအကောင်အထည်ဖော်မည့်နေရာသို့ JFE အဖွဲ့နှင့်ဌာနမှူးဦးဆောင်သောအဖွဲ့တို့Site Visit သွားရောက်၍ နေ့လယ်ပိုင်းတွင် ပတ်/သန့်ဌာန အစည်းအဝေးခန်းမတွင် ပုံမှန် Technical Meeting ဆောင်ရွက်သွားရန်နှင့် ညနေပိုင်းတွင် ကော်မတီဝင်(၄)နှင့် သက်ဆိုင်ရာဌာနမှူးများဖြင့် တွေ့ဆုံဆွေးနွေးခြင်း။

၁၁-၉-၂၀၁၅ ရက်နေ့တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် မြေနေရာ၌ မြေသန့်စင်ခြင်းမင်္ဂလာအခမ်းအနားပြုလုပ်ခဲ့ပါသည်။ ၁၀-၁၀-၂၀၁၅ ရက်နေ့တွင် အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံ ပန္နက်ရိုက်ပွဲ ပြီးစီးခဲ့ပါသည်။

၁၆-၉-၂၀၁၅ ရက်နေ့တွင် အမှိုက်မှစွမ်းအင်ထုတ်လုပ်သည့် စက်ရုံ အကောင်အထည်ဖော်ဆောင်ရွက်ရေး အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲအား မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၄)၌ ဆောင်ရွက်ခဲ့ပါသည်။

စက်ရုံမှထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အား ရ၀၀ ကီလိုဝပ်/နာရီအနက် ပိုလျှံသော ၃၀၀ ကီလိုဝပ်/နာရီကို အနီးဆုံး လျှပ်စစ်ဓာတ်အားလိုင်း (၁-၁)KVA သို့ အဝင်/အထွက်စနစ်ဖြင့် သွယ်တန်းဆောင်ရွက်နိုင်ရေးအတွက် ဒီဇိုင်းပုံစံများအားလုံးနှင့် အတည်ပြုချက်များ ရရှိပြီးဖြစ်ပါသည်။ လက်ရှိတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် ညှိနှိုင်း၍ စက်ရုံမှထွက်ရှိမည့် လျှပ်စစ်ဓာတ်အား တစ်ယူနစ်လျှင် ၅၅ ကျပ်နှုန်းဖြင့် ရောင်းချနိုင်ရေးအတွက် သဘောတူညီထားပြီး ယခုအခါ လျှပ်စစ်လိုင်းများ ဆက်သွယ်ပေးပြီး ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စက်ရုံအတွက် လိုအပ်မည့် ဂျပန်ပညာရှင် ၁၁ ဦးအတွက် Consultant Fees များ၊ စက်ပြင်ဆင် ထိန်းသိမ်းရေးစရိတ်များ၊ ဓာတုပစ္စည်းများ၊ လုပ်အားခများ၊ စက်သုံးဆီ/ချောဆီများ၊ ယာဉ်ပြင်ဆင်စရိတ်များကိုလည်း ယခုနှစ်



၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကြိုတင်တင်ပြလျာထားမည် ဖြစ်ပါသည်။

**စက်ရုံဖွင့်ပွဲအခမ်းအနား**

ရန်ကုန်အမှိုက်မှ စွမ်းအင်ထုတ်လုပ်မည့် စက်ရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ၇–၄–၂၀၁၇ ရက်နေ့ (၈း၀၀)နာရီတွင် ရန်ကုန်တိုင်း ဒေသကြီး မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်အကြား လှော်ကားလမ်းရှိ အဆိုပါစက်ရုံ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာ၌ အမှိုက်မှ စွမ်းအင်ထုတ်လုပ်မည့် စက်ရုံသစ်သည် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး ရန်ကုန်တိုင်းအတွင်း စွန့်ပစ်အမှိုက်များကို မီးရှို့ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ကာ စွမ်းအင်ထုတ်လုပ်နိုင်သဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် စတင်ဆောင်ရွက်နိုင်သည့် စက်ရုံပင်ဖြစ်ကြောင်း၊ စက်ရုံကို ယခုကဲ့သို့ တည်ဆောက်နိုင်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ထွက်ရှိသည့် စွန့်ပစ်အမှိုက်များကို စနစ်တကျမီးရှို့ဖျက်ဆီးနိုင်မည်ဖြစ်ပြီး ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နစ်နာမှုမရှိဘဲ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အဆင့်တစ်ဆင့်အား ရန်ကုန်တိုင်းဒေသကြီးတွင် စတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့်ပတ်သက်ပြီး ထုတ်လုပ်စရိတ်နှင့် ဖြန့်ဝေပေးနေသည့် စရိတ်သည် ဈေးနှုန်းပေမာဏ ကွာဟနေမှုကြောင့် အချို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလွန်ခက်ခဲမှုများ ကြုံတွေ့နေရကြောင်း၊ အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်များကို အနာဂတ်တွင် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလျှပ်စစ်ဝန်ကြီးဌာန အနေဖြင့် အမှိုက်မှထုတ်လုပ်ရရှိသည့် လျှပ်စစ်ကို ဝယ်ယူနိုင်သည့် အခြေအနေရှိမည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် နောက်ထပ်စွန့်ပစ်အမှိုက်များကို စနစ်တကျ ဖျက်ဆီးနိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

စွန့်ပစ်အမှိုက်မှနေပြီး အကျိုးရှိအောင် အသုံးချနိုင်သည့် လုပ်ငန်းစဉ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်သူလူထုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်သာမက ကျန်းမာရေးအတွက်ပါ ကောင်းမွန်သည့် အခွင့်အလမ်းများရရှိမည် ဖြစ်ကြောင်း၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် ပြုပြင်ပြောင်းလဲနေရသည့် အခြေအနေတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ များစွာရှိကြောင်း၊ ယင်းအခြေအနေများမှ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ပြည်သူလူထုနှင့်လက်တွဲပြီး ရှေ့ဆက်ရင်ဆိုင်ရမည့် စိန်ခေါ်မှုများ၊ အခက်အခဲများအားလုံးကို ကြိုးစားရုန်းကန်ဆောင်ရွက်ခြင်းဖြင့် အစိုးရသစ်အဖွဲ့အနေဖြင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။


ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အမှာစကားပြောကြားရာ၌ ယခုစက်ရုံသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်ဆောင်ရွက်သည့် အမှိုက်မှ စွမ်းအင်ထုတ်လုပ်နိုင်သည့် စက်ရုံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်ပတ်ဝန်းကျင် ညစ်ညမ်းမှုပြဿနာကို ဖြေရှင်းနိုင်ရန် စီမံကိန်းများထဲမှ ကနဦးစီမံကိန်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနနှင့် မြန်မာနိုင်ငံတို့အကြား G to G ပူးပေါင်းဆောင်ရွက်သည့် ပထမဦးဆုံးလုပ်ငန်းတစ်ခုဖြစ်ပြီး ယခုလုပ်ငန်းစဉ်သည် ၂၀၄၀ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ စီမံကိန်းများထဲတွင် ပါဝင်နေသည့် စီမံကိန်းတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံသည် ရန်ကုန်မြို့တွင်သာမက မြန်မာနိုင်ငံအတွက်ပါ ပထမဆုံးသောပုံစံဖြစ်ပြီး ဂျပန်နိုင်ငံ၏ အဆင့်မြင့် နည်းပညာကို အသုံးပြုခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်း

ဆိုးနှင့် လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းမှုများကိုလည်း များစွာ လျော့ချနိုင်ဖြစ်ကြောင်း၊ ရန်ကုန်မြို့မှ နေ့စဉ်ထွက်ရှိသည့် အမှိုက် တန်ချိန် ၂၅၀၀ ကျော်အား မြေပြင်ပေါ်တွင် ပြုပြင်သန့်စင်ခြင်း မရှိဘဲ တိုက်ရိုက်စွန့်ပစ်နေရခြင်းကြောင့် လေ၊ ရေထု၊ မြေထု ညစ်ညမ်းမှုများကို များစွာဖြစ်ပေါ်လျက်ရှိကြောင်း၊ မြို့ပြဖွံ့ဖြိုးတိုး တက်မှုကြောင့် မြေရှားပါးမှုပြဿနာကိုလည်း ရင်ဆိုင်နေရပြီး အမှိုက်စုပုံရန်အတွက် မြေနေရာရှားပါးမှုကိုလည်း ရင်ဆိုင်နေရ ကြောင်း၊ ထို့ကြောင့် လက်ရှိ အမှိုက်စွန့်ပစ်နေသည့် နောက်ဆုံး စွန့်ပစ်မြေနေရာများတွင် အမှိုက်မှစွမ်းအင်ထုတ်လုပ်သည့် စက်ရုံ များ တည်ဆောက်အသုံးပြုနိုင်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ထိန်းသိမ်းမှုကို ဆောင်ရွက်နိုင်သည့်အပြင် လျှပ်စစ်ဓာတ် အားကိုလည်း ရရှိနိုင်မည်ဖြစ်ပြီး မြေအသုံးချမှုအပေါ်တွင် နောင် နှစ်ပေါင်း ၃၀ ကျော်ထိ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြား သည်။ ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E Mr.Tateshi Higuchi, ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အထူးအကြံပေးပုဂ္ဂိုလ် Mr.Soichiro Seki နှင့် JFE Engineering Corporation ဒုတိယဥက္ကဋ္ဌ Mr.Keiji Yoshida တို့က အမှာစကားအသီးသီး ပြောကြားကြ သည်။

ဆက်လက်၍ စက်ရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို JFE Engineering Corporation မှ အကြီးတန်းမန်နေဂျင်းဒါရိုက် တာ Mr.Eiichi Shibuya က ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးထံ လွှဲပြောင်းပေးအပ် သည်။

ထို့နောက် စက်ရုံသစ်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုး မင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E Mr.Tateshi Higuchi, ဂျပန်နိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အထူးအကြံပေး ပုဂ္ဂိုလ် Mr.Soichiro Seki နှင့် JFE Engineering Corporation ဒုတိယဥက္ကဋ္ဌ Mr.Keiji Yoshida တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စက်ရုံသစ်ဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ရန်ကုန်မြို့တော်ဝန်တို့က စက်လှုတ်နိုင်၍ ဖွင့်လှစ်ပေးကြကာ တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရေ ပတ်ဖြန်းပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ။



ညွှန်းသည်တော်များသည် စက်ရုံသစ်ကို လှည့်လည်ကြည့်ရှုလေ့လာ ကြသည်။

အဆိုပါ ရန်ကုန်အမှိုက်မှ စွမ်းအင်ထုတ်လုပ်နိုင်မည့် စက်ရုံအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံ ပတ် ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည် ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ ဂျပန်နိုင်ငံ JFE Engineering Corporation မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်း စက်ရုံတည်ဆောက်ရန်အတွက် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်တွင် ပန္နက်တော်တင်ခဲ့ပြီး ၂၀၁၇ ခုနှစ် မတ်လ ၁ ရက် တွင် တည်ဆောက်မှုပြီးစီးခဲ့ကာ ၂၀၁၇ ခုနှစ် ဧပြီလ ၅ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ စက်ရုံမှ တစ်နာရီလျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်(၇၀၀) ထုတ်လုပ်ရရှိမည်ဖြစ်ပြီး (၄၀၀) ကီလိုဝပ်ကို စက်ရုံ လည်ပတ်ရန်အတွက် ပြန်လည်အသုံးပြုမည်ဖြစ်ကာ ကီလိုဝပ် (၃၀၀)ကို National Grid Line သို့ ထည့်သွင်းပေးသွားမည်ဖြစ် သည်။

**အကျိုးကျေးဇူးများ**

ထိုကဲ့သို့ ရန်ကုန်အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သောကြောင့် ရန်ကုန်မြို့တော်နေ ပြည်သူ များ အထူးသဖြင့် မင်္ဂလာဒုံ၊ ရွှေပြည်သာမြို့နယ်မှပြည်သူများက ပို၍ ဝမ်းသာပီတိဖြစ်ရပါသည်။ ရန်ကုန်မြို့ရှိ အမှိုက်ပုံကြီးလေးပုံမှ နေ့စဉ်နှင့်အမျှ ထွက်ရှိသော အနံ့ဆိုးများ၊ ရေဆိုးရေညစ်များကြောင့် ပတ်ဝန်းကျင်ရှိ ရေထု၊ လေထု၊ မြေထုများ ပျက်စီးပြီး သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေပါသည်။ ယခုတည်ဆောက်ပြီး သော စက်ရုံကြီးကြောင့် အမှိုက်များ ကြာရှည်စွာ ထိန်းသိမ်းထား ရန် မလိုဘဲ အမှိုက်များ စနစ်တကျ မီးရှို့ဖျက်ဆီးနိုင်သောကြောင့် အနံ့ဆိုးများ၊ ရေဆိုးရေညစ်များ မထွက်နိုင်တော့သဖြင့် ရေထု၊ လေထု၊ မြေထုများ မညစ်ညမ်းတော့ဘဲ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုမှလည်း ကာကွယ်ပြီးဖြစ်ပေသည်။

ထို့အပြင် အမှိုက်များစုပုံထားရှိရန် ကျယ်ဝန်းသောမြေနေရာ များ ရှာဖွေရမှုပြဿနာကိုလည်း ဖြေရှင်းပြီးဖြစ်ပါသည်။ ရန်ကုန် အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံကို Project စတင်စဉ်က တစ်ရက်လျှင် အမှိုက်တန်ချိန် (၆၀) မီးရှို့ဖျက်ဆီးနိုင်ပြီး လျှပ်စစ် ဓာတ်အား (၃၀၀)ကီလိုဝပ်/နာရီ ထွက်ရန် ရည်မှန်းထားသော်လည်း စက်ရုံတည်ဆောက်ပြီး Pre-commissioning ကြိုတင်စမ်းသပ် လည်ပတ်စဉ်တွင် တစ်ရက်လျှင် အမှိုက်တန်ချိန် (၆၈) တန်ကို မီးရှို့ဖျက်ဆီးနိုင်ပြီး လျှပ်စစ်ဓာတ်အား (၇၈၀)ကီလိုဝပ်/နာရီ ထွက်ရှိ ခဲ့သောကြောင့် စက်ရုံအတွက် လိုအပ်သော စွမ်းအင်ကိုအသုံးပြုပြီး ကျန်သော (၄၀၀)ကီလိုဝပ်/နာရီ အား National Grid Line သို့ ထည့်သွင်းဖြန့်ဖြူးနိုင်မည်ဖြစ်သဖြင့် ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ထိုက်သင့်သလောက် ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

ယခုစက်ရုံကြီး တည်ဆောက်လည်ပတ်နိုင်ခဲ့သောကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ ယခင်အမှိုက်ပုံမှ ထွက်ရှိသော အနံ့အသက်ဆိုးများ၊ ညစ်ညမ်းသောလေများ၊ မြေဆီ ဩဇာပျက်စီးမှု အန္တရာယ်များမှ ကင်းဝေးခဲ့ပါသည်။

**ကိုဇော(ပထဝီဝင်)**




ဟော့ • • •အခုဖြတ်သွားတဲ့ ကားပေါ်က ကောင်မလေးကို မြင်တယ်မဟုတ်လား။ လှတယ်နော်၊ အဲဒါ ဦးမောင်မောင်ထွေးရဲ့ နံပါတ်တစ်ကမွေးတဲ့ သမီးအလတ်မလေး၊ စင်ကာပူမှာ ကျောင်းသွားတက်နေတာတဲ့၊ ဒါကြောင့် ရန်ကုန်နဲ့စင်ကာပူ သွားလိုက်လာလိုက် လုပ်နေတာပေါ့။ သူ့ဆံပင်က ဟိုဂျပန်ကားထဲက မင်းသမီးရဲ့ဆံပင်လိုပဲ အလိမ်လိမ်တွေနဲ့ဖွာနေတာ၊ အပျံစားပဲနော်၊ ဒါတောင် ကား ပေါ်မှာ အပေါ်ပိုင်းပဲမြင်ရလို့၊ အောက်ကိုဆင်းရင် ပိုပြီးတော့တောင်ကြည့်ကောင်းဦးမယ်ထင်တယ်၊ ဘာဖြစ်လို့လဲ သိလား။ ဟား • • ဟား • •ကောင်မလေးက ထဘီဝတ်လေ့ရှိတာမှ မဟုတ်တာ၊ အေး–ဘာဖြစ်ဖြစ်၊ ကြည့်လို့တော့ကောင်းနေမှာ အမှန်ပဲ၊ ဟဲ • • •ဟဲ။

ဘာ…ဘယ်က ဦးမောင်မောင်ထွေး လဲ၊ ဟုတ်လား။ သေလိုက်ပါတော့ကွာ၊ ရန်ကုန်မြို့မှာနေပြီး ဦးမောင်မောင်ထွေးကိုမှ မသိဘူးဆိုရင်တော့ မင်း အများကြီး ခေတ် နောက်ကျကျန်ခဲ့ပြီ။ သူ့ကို ဦးမောင်မောင် ထွေးလို့တောင် မခေါ်ဘူး။ အေး…ဟုတ် တယ်လေ၊ ဟုတ်တာပေါ့၊ အဲဒီ ဦးမောင် မောင်ထွေးပေါ့၊ အေး…ဟုတ်တယ်၊ ဟုတ် တယ်၊ တချို့ကတော့ အလှူမပေးခြင်း ရှုံကြွ ခြင်း၊ မေးကာမ်ခြင်းမှာ ဝါသနာထုံလွန်းလို့ ဦးမောင်မောင်ပေးလို့ ခေါ်ကြတယ်။ ဒီလို တော့လည်း မင်းက အသိသားပဲ။

ပြောပါကွာ…ဘယ်လိုပုံ ဘယ်လိုနည်း နဲ့ ဘာကြောင့် ဒီလောက် ချမ်းသာသလဲ တော့ ငါလည်း ဘယ်သိပါ့မလဲ။ သူ့နာမည် ကိုက မောင်မောင်ထွေးပါဆိုမှ ထွေးအောင် လုပ်တတ်လို့ ထွေးတာပဲဆိုတာ သတော ပေါက်၊ ဒီထက်လည်း သိစရာမလိုပါဘူး ကွာ။ ငါတို့က အမြတ်ခွန်ဌာနကလည်း မဟုတ်၊ သူနဲ့လည်း ဆွေမျိုးမတော်၊ တော် ဖို့ရာလည်း မနီးစပ်။

သူ့အိမ်က ရွှေတောင်ကြားလမ်းမှာ လေ၊ ရွှေတောင်ကြားဆိုတာက မြေ တစ် ဧကကို သိန်းလေးငါးခြောက်ထောင်တန်တဲ့ နေရာနော်။ အဲဒီလိုနေရာမျိုးမှာ သူတို့ခြံက ကျယ်တာမှ အကျယ်ကြီး။ နောက်ထပ် တိုက် တစ်လုံးတော့ အသာလေး ဆောက်နိုင် သေးတယ်၊ ဒါပေမဲ့ သူ့မဟာသီ ဒေဝီကြီးက တော့ ဒီခြံမှာတော့ နောက်ထပ် တိုက် မဆောက်တော့ဘူး ပြောတာပဲ။ သူက မြက် ခင်းအကျယ်ကြီးကိုမှ ကြိုက်တာတဲ့။ နောက် ပြီးတော့ ဒီပြင်နေရာမှာ ဒီပြင်တိုက်တွေ လည်း ရှိသေးတာမို့ ဒီခြံထဲမှာ နောက်ထပ် ဆောက်စရာမလိုဘူးတဲ့လေ။ နေစရာအိမ် တွေ ဒီလောက်များနေမှ ဘာလို့ ထပ် ဆောက်ဦးမှာလဲ။

ဒေဝီကြီးသဘောကျတဲ့ အိမ်ရှေ့မြက် ခင်းကတော့ အထူးပါပဲကွာ။ ဘယ်တိုင်းပြည် ကမြက်ကို မှာပြီးစိုက်ထားသလဲမသိဘူး။ စိမ်းလိုက်တဲ့အစိမ်းဟာ မြစိမ်းရောင်ရင့်ပြီး မြခြံကို စိမ်းနေတာပဲ။ ရန်ကုန်မြို့လယ်မှာ ရှိပေမယ့် လူသံ ကားသံ မထူညံဘဲ တိတ် ဆိတ် အေးချမ်းနေတဲ့ နေရာဆိုတော့ ခြံထဲ ဝင်လိုက်ရင်ပဲ စိတ်နှလုံးအေးချမ်းသွားရ တဲ့အထဲ အိမ်ရှေ့မှာရှိတဲ့ မြက်ခင်းကြီးက ကတ္တီပါကော်ဇောကြီး ခင်းထားသလို မျက်စိ ထဲအေးလိုက်တာကွာ၊ မျက်စိလည်း အေး နားလည်းအေးလို့ ရင်ထဲလည်း အေးပြီး တဝကြီးပဲ ထိုင်ငေးချင်နေတော့တာပဲ။

ကားအဝင် လမ်းဘေးမှာတော့ သစ်ခွ စင်ရှိတယ်၊ ပေပေဆာဆာပွင့်နေလိုက်တာ လှမှလှကွာ၊ အခက်လိုက် အခိုင်လိုက် ဝေ ဆာနေတာပဲ။ အဖြူရောင်ပန်းပွင့် အကြီး ကြီးက တစ်ပွင့်ကို လေးငါးခြောက်ရာ ပေးရ တယ်ဆိုပဲ။ အဝါရောင် ခရမ်းရောင်အပွင့် တွေလည်း အများကြီးပဲ၊ နာမည်တွေတော့ မခေါ်တတ်ပါဘူးကွာ၊

ခြံစည်းရိုးနားမှာ တိုင်တွေထောင်ပြီး စိုက်ထားတဲ့ မြေစိုက်သစ်ခွတွေကိုတော့ ပင့်ကူသစ်ခွလို့ခေါ်တယ်ထင်ပါရဲ့။ အဝါ ရောင် အကျားကျားလေးတွေလေ။ ပင့်ကူနဲ့ တူလို့ ပင့်ကူသစ်ခွလို့ ခေါ်တာလားမသိဘူး၊ အခိုင်လိုက် အခိုင်လိုက် ပွင့်နေလိုက်တာများ မြိုင်ဆိုင်နေတာပဲ။

အိမ်မျက်နှာစာနံရံက အမြင့်ကြီးဆို တော့ ကာယာပြည်နယ်က ကျောက်ပြားတွေ ကပ်ထားတယ်။ အစိမ်းရောင်ဖျော့ဖျော့လေး တွေက ယှက်နေတာ လှပဲလှသေးတော့။ လက်နဲ့ အသာတို့ကြည့်လိုက်တော့လည်း ချောပြီး အေးနေတာပဲ။ ငယ်ငယ်တုန်းကလို ပါးနဲ့ ကြာကြာကပ်ထားရင် တစ်ကိုယ်လုံးစိမ့် ပြီး အေးလာတယ်ထင်ပါရဲ့ကွာ။

အဝင်ဝ ဆင်ဝင်ကတော့ တိုင်လုံး အမြင့်ကြီးတွေနဲ့ဆိုတော့ ခမ်းနားလိုက်တာ အရမ်းပဲ။ မြူဖွေးနေတဲ့ တိုင်လုံးကြီးတွေကို မော်ကြည့်ရင်း ငါ့ရဲ့ကိုယ်ဟာ ကျုံ့ပြီး ငယ် သွားတယ်လို့တောင် ထင်မိတယ်၊ ကနုတ် ပန်းတွေ ထွင်းထားတဲ့ ကျွန်းတံခါးမကြီးကို လည်း အဆင်သင့်ဖွင့်ပေးတဲ့သူမရှိရင် တွန်း ဖွင့်ပြီး မဝင်ရဲပါဘူးကွာ။

အိမ်ထဲဝင်ဝင်ချင်း အခန်းက ဧည့်ခန်း မောင်ရေ့၊ ကျွဲကျွဲဗိုက်ဗိုက်ကြီး လိမ် ပြီး တက်သွားတာ၊ ငယ်ငယ်တုန်းကလိုဆို ရင်တော့ ပြေးဆင်းလိုက်၊ ပြေးတက်လိုက်နဲ့ ဆော့နေမိမှာပဲ။ လှေကားရင်းမှာတော့ ပင်စည်ကို တစ်ချောင်းနဲ့တစ်ချောင်း ကျစ်ဆံ မြီးလို လိမ်ထားတဲ့ သစ်ပင်နှစ်ပင်ကို ကျောက်မန်ကြီးအိုးတွေထဲ ထည့်စိုက်ပြီး ဘယ်ညာချထားတယ်၊ ငါကတော့ ပင်စည် ကို ဘယ်လိုလုပ်ပြီး လိမ်ထားပါလိမ့်လို့ အံ့ဩနေမိတာပဲ။ မသိမသာ လက်နဲ့တောင် မွတ်ကြည့်လိုက်မိသေးတယ်။ အစစ်ဖြစ်နေ တော့ စိတ်ထဲကနေပြီး 'အင်း…လူတွေ၊ လူတွေ၊ လူလူချင်း လိမ်လို့အားမရသေးလို့ သစ်ပင်ကိုတောင် လိမ်ကြပြန်ပြီ'လို့ တွေး ရင်း အလိမ်ခံရတဲ့ သစ်ပင်လေးတွေကို သနားနေမိတယ်။ အင်းလေ…ငါကသာ သနားနေတာ၊ အဲဒီလို အလိမ်ခံထားရတဲ့ သစ်ပင်အလိမ်တွေက တယ်ပြီး ဈေးကြီး တယ်ဆိုပဲ။ အဲဒီအပင် အိမ်မှာထားရင် စီးပွားတက်တယ်လို့ ယုံကြည်ကြတယ်တဲ့။ အင်း…သစ်ပင်ထဲမှာတောင် အလိမ်ကောင်း တဲ့အပင်ဟာ တယ်ပြီး မျက်နှာကြီးတာပဲ နော်။

**သစ်ပင်ထဲမှာတောင်**
**အလိမ်ကောင်းတဲ့**
**အပင်ဟာ**
**တယ်ပြီး**
**မျက်နှာကြီးတာပဲနော်**

ဝင်ဝင်ချင်း ညာဘက်ကအခန်းက တော့ ပထမဧည့်ခန်းကွ၊ တော်ရုံဧည့်သည် ဆိုရင် အဲဒီမှာပဲ ဧည့်ခံတယ်။ ကြမ်းကုလား ထိုင်တွေနဲ့ ကျွန်းစားပွဲကို အခန်းတစ်ဖက် ထောင့်မှာ စီချထားတော့ မျက်စိကိုရှင်းနေ တာပဲ။ ပွန်းဆေးလိပ်ဘူးနဲ့ ပွန်းပြာခွက် ကလေးတွေကိုတော့ စားပွဲပေါ်မှာ အဆင် သင့်တင့်လို့။ အဝင်ဝက စားပွဲမြင့်မြင့်လေး ပေါ်မှာတော့ အိမ်ထဲမှာ စိုက်လို့ရတဲ့ ပန်းပင် လေးတွေ တင်ထားတယ်၊ ပန်းအိုးသေး

သေးလေးတွေနဲ့ ထည့်ထားတာ ရှားစောင်းပင် ပေါက်စနလေးတွေလေ။ အရွက်ညိုညို ကလေးတွေနဲ့ အပင်ပြားပြားဝပ်ဝပ်လေးတွေကတော့ ခရမ်းရင့်ရောင် ပန်းပွင့်လေးတွေပွင့်လို့ လှလိုက်တာ။ အခန်းထောင့်က ကျွန်းစားပွဲလေးတွေပေါ်မှာကတော့ တရုတ်ကြွေပန်းအိုး ရှည်ရှည်လေးတစ်လုံးရှိတယ်၊ အဖြူရောင် သစ္စာပန်းလေးတစ်ခက်လည်း ထိုးထားတာ။ အမြင်ကို ရှင်းနေတာပဲ၊ သိပ်လှတယ်။

ဩော်…ကြမ်းခင်းထားတာကတော့ ကျွန်းတုံးကလေးတွေလေ။ ပါကေးကြမ်းခင်းပေါ့၊ ပေါ်လစ်တိုက်ထားတာ ဖိတ်ဖိတ်ကို လက်ပြီး ချောနေတာပဲ၊ သတိမထားမိဘဲ လျှောက်ရင် ချော်လဲနိုင်တယ်မောင်။

အေး…ငါမကြိုက်တာတစ်ခုတော့ရှိတယ်။ အဲဒါကတော့ အခန်းကို ခြင်ဇကာ တပ်ထားလို့ လှောင်နေတာပဲ။ ခြင်ဇကာတွေ ဖယ်ပြီး မှန်ပြတင်းပေါက်အရှည်ကြီးတွေကို ဖွင့်ထားလိုက်ရရင် ဘယ်လောက်ကောင်းလိုက်မလဲ။ မြက်ခင်းကျယ်ကြီးကိုဖြတ်ပြီး ရှပ်တိုက်ပြေးလာတဲ့လေက အခန်းထဲကို တောက်လျှောက်ဝင်လာမှာ။ လေတိုက်လို့ လှုပ်နေတဲ့ အပြာရောင်ဇာခန်းဆီးကြီးတွေကို ကြည့်ရရင် စိတ်ထဲမှာ လွတ်လပ်ပြီး ခပေါ့ပေါ့ သွားလိမ့်မယ်ထင်တယ်။

အဲ–တကယ်သားနားတာက အဲဒီကနေတစ်ဆင့် ဝင်လိုက်တဲ့ ဒုတိယဧည့်ခန်းပေါ့။ လေအေးစက်ဖွင့်ထားတော့ တံခါးကို တွန်းဖွင့်ပြီး အခန်းထဲခြေချလိုက်တာနဲ့ စိမ့်ပြီး အေးသွားတာပဲ။ နောက်ပြီး ငါ အင်မတန်ကြိုက်တဲ့ စံပယ်ပန်းနံ့လေးကလည်း တစ်ခန်းလုံးကို မွှေးလို့။ အခန်းထောင့်က စားပွဲပေါ်မှာ ဖန်းကလေးတစ်ခုကို လက်နှစ်ဖက်နဲ့မြှောက်ပြီး လှမ်းတော့မယ် ဟန်ပြင်နေတဲ့ အရုပ်ကလေးနှစ်ရုပ်ကို ယှဉ်ပြီးချထားတယ်၊ တစ်တောင်သာသာလောက် မြင့်မယ်ထင်ပါရဲ့။ ဟာဝိုင်ရီကျွန်းသူလို မလုံ့တလုံ့ အဝတ်အစားလေးတွေနဲ့လေ။ အဲ– မွှေးနေတာက သူတို့မြှောက်ကိုင်ထားတဲ့ ဖန်းကလေးတွေထဲကပဲကွ။ အဲဒီဖန်းထဲမှာ အပင်ကခူးပြီးခါစ စံပယ်ပန်း လတ်လတ်ဆတ်ဆတ်ကလေးတွေကိုအပြည့်အမောက် ထည့်ထားတယ်လေ။ လုံပြီး အေးနေတဲ့ အခန်းတစ်ခန်းလုံးဟာ စံပယ်ပန်းနံ့ကလေး



ပျံ့ပျံ့ကလေးမွှေးနေတာ စိတ်ချမ်းသာစရာကောင်းလိုက်တာ။

ကြမ်းပေါ်မှာ ခင်းထားတာကတော့ အမွှေးပွကော်ဇောကြီးတွေပေါ့၊ ခြေလှမ်းလိုက်တိုင်း အမွှေးပွပွထဲမှာ ခြေဖဝါးတစ်ခုလုံး နစ်နစ်ပြီး ဝင်သွားတာက အတော့်ကို အရသာရှိတယ်မောင်။ အဲ–ဆိုဖာကုလားထိုင်ကြီးတွေကတော့ နီနစ်ရောင်တွေ၊ အဖြူလက်တင်နဲ့ ဖွေးပြီးသန့်နေတာပဲ။ ခြေပစ်လက်ပစ်များ ထိုင်ချလိုက်ရရင် တစ်ကိုယ်လုံး အိဝင်သွားမယ် ထင်တယ်။

ငါ မျက်စိအကျဆုံးကတော့ မျက်နှာကြက်က တွဲလဲကျနေတဲ့ ဖန်မီးဆိုင်းကြီးပဲ။ မီးဖွင့်လိုက်တော့ အလင်းရောင်က တဖိတ်ဖိတ် တဖျတ်ဖျတ်နဲ့ လင်းလက်ပြီး ပြာထွက်လာတယ်။ သိပ်လှတာပဲ၊ ခန်းဆီးနှစ်ထပ်ချထားလို့ နည်းနည်းလေး မှောင်နေတဲ့ အခန်းထဲမှာ ဝင်းပြီးလင်းသွားတယ်။ အခန်းဟိုဘက်ဒီဘက် နံရံတွေမှာ ဝှက်ပြီးတပ်ထားတဲ့ စပီကာနှစ်လုံးကလည်း သီချင်းသံတိုးတိုးလေး ပျံ့နေတယ်။ အင်း– အခန်းကလည်း အေး၊ ပန်းကလေးလည်းမွှေး၊ သီချင်းလေးကလည်း ချော့၊ အင်း–ငါတော့လေ ငါ

တော့။ အခန်းထဲကမထွက်ဘဲ ခွေးကွေးပြီး အိပ်နေချင်တော့တာပဲ။ တစ်ရေးလောက်များ အိပ်လိုက်ရရင်ကွာ…ဟင်း။

ထမင်းစားခန်းကတော့ ပထမဧည့်ခန်းနဲ့ တစ်ဆက်တည်းကွ။ ရေခဲသေတ္တာနားက နံရံကပ်ဗီရိုကြီးထဲမှာ ကြွေပစ္စည်းတွေမှ စုံနေတာပဲ။ ဒင်နာဆက်တို့၊ တီးဆက်တို့ ဘာဆက်တို့ ညာဆက်တို့နေမှာပေါ့။ အဲဒါက စိတ်ဝင်စားစရာ မကောင်းပါဘူး။ ဟိုတစ်ဖက်နံရံက စင်ကလေးကမှ စိတ်ဝင်စားစရာ တကယ်ကောင်းတာ။ အရက်ပုလင်းတွေမှ စုံလို့။ ဝီစကီရော၊ ဘရန်ဒီရော၊ ကော့ညက်ရော၊ ရှန်ပိန်ရော၊ တချို့တွေလည်း ဘာအမျိုးအစားမှန်းတောင် မသိပါဘူးကွာ။ ပုလင်းပုံစံတွေကလည်း အမျိုးမျိုး။ လေးထောင့်ရော၊ ရှည်ရှည်ရော၊ ပုပုရော၊ ဝိုင်းဝိုင်းရော၊ ပြားပြားရော၊ ဖန်ခွက်တွေကလည်း ပုံစံအမျိုးမျိုး ဒီ အရက်သောက်ရင် ဒီဖန်ခွက်နဲ့မှ၊ ဟိုအရက်သောက်ရင် ဟိုဖန်ခွက်နဲ့မှဆိုတာတွေလည်း ရှိတယ်မဟုတ်လား။



အဲ…အဲဒါတွေကို ထားလိုက်ပါတော့။ ငါ သဘောကျတာကတော့ ထမင်းစား စားပွဲကြီးပဲ အဖြူရောင် ကျောက်စားပွဲကြီး ကွ။ ဖွေးနေတာပဲ။ စားပွဲကြီးအလယ်မှာ ချထားတာလည်း ကျောက်ပန်းအိုးအဖြူပဲ၊ အဲဒီ ပန်းအိုးထဲမှာ ထိုးထားတာကတော့ နှင်းဆီပန်း နီနီရဲရဲတွေ။ နှင်းဆီတွေက အငုံတွေ။ အပွင့်လည်း မကတော့ဘူး ကား ကားစွင့်စွင့်လည်း မပွင့်သေးတဲ့ ပန်းငုံ တွေလေ။ အိုး…အတုမဟုတ်ပါဘူး။ အစစ်မှ အစစ်။ အခုတလောမှ ကော့ကရိတ်လမ်း က ဝင်လာတဲ့ တစ်ပက်နိုင်ငံက နှင်းဆီတွေ။ လှသလားမမေးနဲ့။ ငါသာ ပန်းချီဆွဲတတ် ရင် အဲဒီ ကျောက်စားပွဲအဖြူ ပန်းအိုးအဖြူ နဲ့ ပန်းနီနီတွေကို ပန်းချီဆွဲလိုက်ချင်ပါရဲ့။ ပန်းရလွန်းလို့ မျက်စိထဲမှာ စွဲနေတယ်။

မီးဖိုထဲဝင်လိုက်တော့ ပေါင်မုန့်ကင်နေ တဲ့ အနံ့က မွှေးနေတာပဲ။ အိမ်ဖော်မလေး က လျှပ်စစ်မီးကင်စက်ထဲက ကင်ပြီးစ ပေါင်မုန့်ကိုထုတ်ပြီး ထောပတ်သုတ်နေ တယ်။ မင်းအဘ၊ စိန့်တံဆိပ်ထောပတ် သုံး မလားကွ၊ တုတ်တံဆိပ် သံဘူးဖောက်ထား တာ၊ ကြောင်အိမ်ပေါ်မှာတင်ထားတာက တော့ ငါးသေတ္တာဘူးတို့၊ နို့မှုန့်၊ နို့စိမ်း၊ ရည်သွပ် အို…စုံလို့။ ငါတို့ မီးဖိုချောင်တွေ မှာဆိုရင် ငါးပိ၊ ငံပြာရည်နံ့တွေ နံ့တတ် တယ်နော်။ သူတို့ မီးဖိုချောင်မှာတော့ အဲဒီ အနံ့မရဘူး။ ဩော်– မြန်မာပဲဟာကို။ မကြိုက်ဘဲရှိပါ့မလား။ အဲဒီ ငါးပိ၊ ငါး ခြောက်၊ ငံပြာရည်တို့ တညင်းသီး၊ ဆားစိမ် တို့က မီးဖိုဘေးက စတိုခန်းထဲမှာ။ ဆန် အိတ်တွေရော၊ ဆီပုံးတွေရော၊ တစ်ခန်းလုံး ပြည့်လို့။

ဩော်…ဟုတ်ကောင်း၊ မင်းက ဘာ ရယ်နေတာလဲ။ မယုံဘူးလား။ ငါပြီးနေတယ် အောက်မေ့နေသလား။ ငါတကယ်ရောက်ဖူး တာပါကွာ။ ခက်တော့တာပဲ။

ဒီလိုကွ ဒီလို၊ ငါက မီးပြင်သမားဟာ ကို။ မင်းလည်း သိသားပဲ၊ သူတို့အိမ်က မီးခလုတ်တစ်ခု ဓာတ်လိုက်နေလို့ သွားပြင် ပေးရတာပါကွာ။ ငါ့လိုကောင်ကိုတော့ သူတို့ အလည်အပတ် ဖိတ်ခေါ်ပါ့မလားကွ၊ ခွီးမှပဲ။ အဲဒီ မီးခလုတ် ပြင်ဆင်ပြီးတော့ မဟေသီဒေဝီကြီးက တစ်လက်စတည်း ကျနိတဲ့ မီးကြိုးတွေ၊ မီးခလုတ်တွေ စစ် ဆေးပေးခဲ့ပါဆိုလို့ ဟား…ဟား…ဟား ငါက အခန်းစေ့ ရောက်ဖူးခဲ့ရတာပါကွာ။ ဟုတ်ဘူးလား။ ဟာ…အပေါ်ထပ်ကတော့ ပိုပြီးသားနားတာပေါ့ မောင်ရာ။ အိပ်ခန်းဆို ပေမယ့် အခန်းတိုင်း။ အခန်းတိုင်းမှာ တီဗီနဲ့ ရေခဲသေတ္တာနဲ့၊ ဆိုဖာဆက်တီနဲ့၊ တစ် တောင်လောက်ထူတဲ့ မွေ့ရာကြီးတွေနဲ့၊ ကိုယ်လုံးပေါ် မှန်ချပ်ကြီးတွေနဲ့ ပန်းချီကား ကြီးတွေ ချိတ်ထားတာလည်း လှမှလှ။

ဟော…ဟော တွေ့လား။ အဲဒီ ပါ ဂျဲရိုးကားအဖြူကြီး မောင်းသွားတာလည်း ဦးမောင်မောင်တွေရဲ့ သားပဲ။ ဒါပေမဲ့ သူ က နံပါတ်နှစ်ရဲ့သား။ သူ့ကုမ္ပဏီမှာတော့ သူက အမ်ဒီပေါ့။

ဟဲ…ဟဲ မင်းလည်း မင်းအိမ်မှာတော့ မင်း အမ်ဒီလုပ်နိုင်တာပဲဟာ လုပ်ပေါ့။ ငါ လည်း ငါ့အိမ်မှာတော့ ငါ အမ်ဒီပေါ့။ အမ်ဒီ ဆိုတာ အုပ်ချုပ်မှုဒါရိုက်တာလေ၊ ငါ့အိမ်၊ ငါ့မိသားစုမှာ ငါဟာငါ ခန့်လို့ရတာပဲ။ အဟေး…ဟေး။ သူတို့လည်း သူတို့ကုမ္ပဏီ မှာ သူတို့ဟာသူတို့ ခန့်ကြတာပဲ မဟုတ် လား။ ဟား…ဟား…ဟား။ အေးကွာ တစ်ခါတလေတော့လည်း ကိုယ့်ကုမ္ပဏီမှာ ကိုယ် အမ်ဒီလေး ဘာလေး လုပ်ဖူးချင် သား။ ညကျမှ အိပ်မက်ထဲ ထည့်မက်ပစ် လိုက်အုံးမယ်။

ဟော…ကားလာပြီ၊ ကျပ်တယ်ကွာ။ အေး ကျပ် ကျပ်၊ ကျပ်ပါ။ ချောင်တဲ့ကား စောင့်စီးနေရင်လည်း အိမ်ရောက်မှာ မဟုတ်တော့ဘူး။ သူတို့လို ပါရာဒိုတွေ၊ ပါဂျဲ ရိုးတွေ၊ မာစီဒီးတွေ ထည့်လဲမစီးနိုင်ရင် တောင် ဂျစ်စုတ်လေးတစ်စီးဖြစ်ဖြစ် စီးနိုင် ချင်လိုက်တာကွာ။ အေးလေ၊ ရှေးကုသိုလ် ပေါ့။ ရှေးကုသိုလ်ရှိမှ လှူဒါန်းခြင်း၊ ပေး ကမ်းခြင်း၊ စွန့်ကြဲခြင်းဆိုတဲ့ ပေးကုသိုလ် ဆက်နိုင်မှာပေါ့။ ပေးကုသိုလ်ရှိမှလည်း ငွေ ကုသိုလ်က ဆက်တိုက်လာမှာ။

ကဲ…ဒီတစ်စီးတော့ ရအောင်တက် တော့ သူငယ်ချင်းရေ၊ လက်မြဲမြဲ ခြေမြဲမြဲနဲ့ စီးနေကျအတိုင်း၊ ခြေနင်းခုံနေရာကလေး ရအောင်လု၊ ဆွဲဆရာရေ၊ ဆွဲ။ အတွယ်အ တာလေးတွေ များတယ်။ အကြွင်းနာတရား ကလေးနဲ့ ဖြည်းဖြည်းမျှနော်၊ ဖြည်းဖြည်း။

**မစန္ဒာ**

# ခွဲခြားရှုမြင်ပေးစေချင်သည်

ရဲဘော်တင်ရိန်(အုတ်ဖို)




ကျွန်တော်သိတတ်စအချိန်မှစတင်ပြီး အာဇာနည်နေ့ကို ကြုံတွေ့နေပါသည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည် ၉ ဦးကို မသမာသူတို့ရဲ့ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရကြောင်း အားလုံးသိပြီး ဖြစ်ပါသည်။

မြန်မာတစ်နိုင်ငံလုံး ရပ်ရွာနီးချင်းလူ ပြည်သူအပေါင်းတို့၏ စိတ်နှလုံးတွင် ကြိမ်မီးအုံး သကဲ့သို့ ယူကြုံးမရဖြစ်ကြရပါသည်။ အာဇာနည်ခေါင်းဆောင်ကြီးတို့အား လုပ်ကြံမှုကြီး၏ ခေါင်းဆောင်မှာ ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ ကိုင်းကြီးရွာသား ဂဠုန်ဦးစော ပင် ဖြစ်ပါသည်။



စာရေးသူ ကျွန်တော်သည်လည်း အုတ်ဖိုမြို့နယ်သား ဖြစ်ပါသည်။ အုတ်ဖိုသား ဖြစ်ရတာ ဂုဏ်မယူနိုင်ပါ။ ခွင့်မလွှတ်နိုင်သော လုပ်ကြံမှုကြီးကို ကျူးလွန်ခဲ့ကြသူ အုတ်ဖိုနယ်သားတို့ကြောင့်ပင် ဖြစ်ပါသည်။ အကျည်းတန် အရုပ်ဆိုးခဲ့သော ပုံရိပ်တွေက ကျွန်တော်တို့ နယ်သားများကို အမြဲတမ်း ခြောက်လှန့်ခံနေရပါသည်။

ဂဠုန်ဦးစောကို ကျွန်တော်မမြင်ဖူးပါ။ အုတ်ဖိုနယ်မှာ မွေးဖွားကြီးပြင်းခဲ့ပြီး နိုင်ငံတော်တွင် နန်းရင်းဝန်တစ်ဦးဖြစ်ခဲ့သည်ဟု ကြားသိရပါသည်။ တော်ပေမယ့် မလျှော်သူဟု ဆိုချင်ပါသည်။ နိုင်ငံတော်ခေါင်းဆောင်များအား လုပ်ကြံမှု၏ တရားခံအဖြစ် ကြိုးပေး သေဒဏ်ခံရပြီး ဘဝနိဂုံးမလှပခဲ့ပါ။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်ဆိုပါက နှစ် ၇၀ တိုင်ခဲ့ပါပြီ။

၁၉၄၈ ခုနှစ်၊ မေလ ၈ ရက်၊ နံနက် ၅း၃၀ နာရီအချိန်တွင် ဂဠုန်ဦးစောနှင့်အဖွဲ့အား ကြိုးမိန့်သေဒဏ် စီရင်ခြင်းခံရပါသည်။

**၁။ ဂဠုန်ဦးစော**
**အုတ်ဖိုမြို့နယ်၊ ကိုင်းကြီးရွာ(ကြိုးပေးခံရသူ)**
**၂။ ရန်ကြီးအောင်**
**အုတ်ဖိုမြို့နယ်၊ အလယ်ကုန်းရွာ (ကြိုးပေးခံရသူ)**
**၃။ မှုန်ကြီး**
**အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်း (ကြိုးပေးခံရသူ)**
**၄။ မောင်စိန်(ခ) စိန်ကြီး**
**ကြို့ပင်ကောက်မြို့ (ကြိုးပေးခံရသူ)**
**၅။ ဦးဘညွန့်(ဖော်ကောင်ဘညွန့်)**
**အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်း (အမှုမှ ပလပ်ခံရသူ)**
**၆။ သုခနှင့် ဂနိ(ခ) မောင်နီ**
**(တစ်သက်တစ်ကျွန်းထောင်ဒဏ်)**

၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ နံနက် ၁၀ နာရီ ၂၅ မိနစ်အချိန် အာဇာနည်ကုန်း ဗုံးပေါက်ကွဲမှုဖြစ်သည်။ လူ ၂၁ဦး သေဆုံးပြီး ၄၆ ဦး ဒဏ်ရာရခဲ့သည်။

၁၀-၁၀-၁၉၈၃၊ နေ့(ည) ၉း၄၅ နာရီအချိန် ညောင်တန်းဆိပ်ကမ်း၊ ပုဇွန်တောင် ချောင်းအတွင်း ရေကူးလာသူတစ်ဦးအား ဝိုင်းဝန်းဖမ်းဆီးစဉ် ဗုံးဖြင့် ဖောက်ခွဲသဖြင့် ပြည်သူ ၃ဦးဖြစ်သော ဦးဇော်ဝင်း၊ ဦးလှမြင့်၊ ဦးသိန်းလွင်တို့ ဒဏ်ရာအသီးသီး ရရှိကြသည်။ ဆိပ်ကမ်းရဲတပ်ဖွဲ့ စခန်းမှ လက်ရဖမ်းဆီးမိခဲ့သည်။ လက်ရဖမ်းဆီးရမိသူမှာ မြောက်ကိုရီးယား ကြည်းတပ်မှ ဗိုလ်ကြီးအဆင့်ရှိသော ကင်မင်ချူဖြစ်သည်။

၁၁-၁၀-၁၉၈၃၊ နံနက် ၉ နာရီ ကော့မှူးမြို့နယ်၊ သခွပ်ပင်ကျေးရွာမြောက်ဘက် ဆိပ်ကမ်း တံတားသို့ နိုင်ငံခြားသား ၂ဦးအား လှေဖြင့် ပို့ဆောင်ပေးရကြောင်း သခွပ်ပင်ရဲကင်းသို့ ရေလုပ်သား ၂ဦးက သတင်းပေးပို့သည်။ သခွပ်ပင် ရဲကင်းက နိုင်ငံခြားသား ၂ဦးကို စစ်ဆေးရှာဖွေစဉ် အသင့်ပါလာသော လူသတ်ဗုံးဖြင့် ဖောက်ခွဲသဖြင့် ရဲတပ်ကြပ်လှမြင့်၊ ရဲတပ်သား ခင်မောင်မြင့်နှင့် လှကြိုင်တို့ ဒဏ်ရာများရရှိသည်။ ရဲကင်းမှ သေနတ်ဖြင့်ပစ်၍ ဖမ်းဆီးရာ နိုင်ငံခြားသားတစ်ဦး သေဆုံးသည်။ သေဆုံးသူမှာ မြောက်ကိုရီးယား ကြည်းတပ်မှ ဗိုလ်ကြီး ဆင်ကီလ်ချူဖြစ်သည်။

၁၂-၁၀-၁၉၈၃ နေ့၊ နံနက် ၇ နာရီ ကော့မှူးမြို့နယ်၊ သခွပ်ပင်ကျေးရွာနှင့် ကွင်းဝိုင်းကျေးရွာ အကြား ဒိုက်ပုံအောက်တွင် ပုန်းအောင်းနေသော နိုင်ငံခြားသားတစ်ဦးကို တွေ့ရှိသဖြင့် တပ်မတော်၊ ပြည်သူ့ရဲနှင့် ပြည်သူများ ဝိုင်းဝန်းဖမ်းဆီးသည်။ ဗုံးလက်နက် အသင့်ကိုင်ဆောင်ထားသော နိုင်ငံခြားသားအား အမှတ် ၉၀ ခြေလျင်တပ်ရင်းမှ တပ်သား ညွန့်ဟန်ဦးစီးကာ လုံးထွေးသတ်ပုတ် ဖမ်းဆီးနိုင်ခဲ့ပါသည်။ တရားခံထံမှ ဒသမ ၂၅ ပစ္စတိုတစ်လက်၊ ကျည်ဆန် ၅ တောင့်၊ (Boaby Trap) ဖောင်တိန်လူသတ်ဗုံးနှင့် အဖျေးကြီး စာရွက်စာတမ်း အထောက်အထားများ သိမ်းဆည်းရမိသည်။ ၉-၁၀-၁၉၈၃ ခုနှစ်နေ့က အာဇာနည်ကုန်း ဗုံးဖောက်ခွဲသူသည် မြောက်ကိုရီးယားနိုင်ငံ၏ လက်ချက်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါပြီ။ သို့ပါသော်လည်း အမှတ် ၉၀ ခြေလျင်တပ်ရင်းမှ တပ်သား ညွန့်ဟန်၊ တပ်သား သိန်းလှိုင်၊ တပ်သား သန်းထွေးတို့ တိုင်းပြည်အတွက် အသက်စွန့်လှူတ်ခဲ့ရပြီး တပ်သား မျိုးနိုင် ဒဏ်ရာများရရှိခဲ့ပါသည်။ ရဲဘော် ညွန့်ဟန်အနေဖြင့် မြောက်ကိုရီးယား

## တောင်ကိုရီးယားသတင်းစာ Chosun Ilob က ဖော်ပြလိုက်တဲ့ မြန်မာပြည် အာဇာနည်ကုန်း ဗုံးပေါက်ကွဲမှု

မြောက်ကိုရီးယားက မြန်မာပြည်မြေထဲ ကျူးကျော်ဝင်ရောက်ပြီး တောင်ကိုရီးယား သမ္မတကို လုပ်ကြံခဲ့တဲ့ ရန်ကုန်အာဇာနည်ဗိမာန် ဗုံးပေါက်ကွဲမှု (၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့) သတင်းဓာတ်ပုံများအား တောင်ကိုရီးယား သတင်းစာ Chosun Ilob ကနေ ဖော်ပြလိုက်ပါတယ်။









**တရားခံများမှာ မြောက်ကိုရီးယား ကြည်းတပ်မှ ဗိုလ်ချုပ် ကင်ချန်စုက တာဝန်ပေးအပ်ခဲ့သည့် ဗိုလ်မှူး ဇင်ဘို၊ ဗိုလ်ကြီး ကင်မင်ချူးနှင့် အသေဖမ်းဆီးရမိသူမှာ ဗိုလ်ကြီး ဆင်ကီချူဖြစ်**

တရားခံအား ဝင်ရောက်ပူးကပ်လုံးထွေး ဖမ်းဆီးပါက မိမိအသက်သေမည်ကို သူသိပါသည်။ တရားခံ၏ လက်ထဲတွင် လှူသတ်ဗုံး အသင့်ရှိနေပါသည်။ လူသားတိုင်း မိမိအသက် သေရမည်ကို မကြောက်သူရှိမည် မထင်ပါ။ ဒါပေမဲ့ ကိုယ့်တိုင်းပြည်အတွက် အသက်ပေးနှင်းဆက်ခဲ့သူ ရဲဘော် ညွှန့်ဟန်အား အကြိမ်ကြိမ် ဦးညွှတ်အလေးပြုမိပါသည်။

တရားခံများမှာ မြောက်ကိုရီးယား ကြည်းတပ်မှ ဗိုလ်ချုပ် ကင်ချန်စုက တာဝန်ပေးအပ်ခဲ့သည့် ဗိုလ်မှူး ဇင်ဘို၊ ဗိုလ်ကြီး ကင်မင်ချူးနှင့် အသေဖမ်းဆီးရမိသူမှာ ဗိုလ်ကြီး ဆင်ကီချူဖြစ်ကြောင်း စစ်ဆေးပေါ်လွင်ခဲ့ပါသည်။

တောင်ကိုရီးယားသမ္မတ မစ္စတာ ချွန်ဒူးဝမ်နှင့် အကြီးအကဲများအား လုပ်ကြံသတ်ဖြတ်ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံကို ချစ်ခင်ရင်းနှီးမှုများ ဆိတ်သုဉ်းပြီး စစ်မီးများ တောက်လောင်စေရန် ရည်ရွယ်ခြင်းသာဖြစ်သည်။

တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်ခဲ့သူ တပ်သား ညွှန့်ဟန်သည် အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်း ဇက်ကြီးတန်းက ဖြစ်ပါသည်။ လွှတ်လပ်ရေးနေ့ အခမ်းအနားတွင် နိုင်ငံတော်မှ သူရဲကောင်းမှတ်တမ်းဝင်အဖြစ် ကြေညာပြီး နိုင်ငံတော်သမ္မတ ဦးစန်းယုတက်ရောက်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပါသည်။ တပ်သား ညွှန့်ဟန်အတွက် ၎င်း၏ မိခင်မှ ဂုဏ်ယူခြင်း၊ ကျေနပ်ခြင်း၊ တည်ငြိမ်ခြင်းများဖြင့် မျက်လုံးအစုံမှ မျက်ရည်တို့ စီးဆင်းလျက် အခမ်းအနားသို့ တက်ရောက်ခဲ့သော ပုံရိပ်တို့သည် မေ့ပျောက်လို့မရနိုင်ပါ။

ကျွန်ုပ်ဦးစောနှင့် တပ်သားညွှန့်ဟန် အုတ်ဖိုနယ်သားနှစ်ဦး၏ သေဆုံးရခြင်း အတူတူဖြစ်သော်လည်း မတူကွဲပြား ရလဒ်နှစ်မျိုးမှာ တိုင်းပြည်အတွက် အသက်ပေးနှင်းဆက်၍ သေရခြင်းနှင့် နိုင်ငံတော်ခေါင်းဆောင်ကြီးများအား လုပ်ကြံမှုဖြင့် ကြိုး ပေးခံရ၍ သေဆုံးရခြင်းဟူ၍ ကွဲပြားခြားနားပါသည်။ သေခြင်းအတူတူ ဘယ်သူမြတ်လေသလဲဟု အဖြေထုတ်ရန် လိုမည် မဟုတ်ပါ။

**<u>၁၉၄၇ ခုနှစ်၊ စတ်မောက်မြို့၊ ဒီပက်ရာကျောင်းတိုက်အတွင်း ဗိုလ်ချုပ် အောင်ဆန်းက ရဲဘော်မသေ၊ သေသော် ငရဲမလား</u>** အစထား၍ မိန့်ကြားခဲ့ပါသည်။ တပ်သား ညွှန့်ဟန် ဘယ်သောအခါမှ ငရဲမလားနိုင်ပါဟု ရဟန်းရှင်လူပြည်သူအပေါင်းတို့က ယုံကြည်သည်။ အုတ်ဖိုနယ်သားတို့ အပေါ် အပြစ်အကြွေးတွေ တင်ရှိနေခြင်းအား ဖြေလျှော့နိုင်သမျှ ဖြေလျှော့နိုင်ပါစေတော့လို့ ဆုတောင်းပါကြောင်းနှင့် ***<u>မြေမ မကောင်း မြေမ၊ လက်မ မကောင်းက လက်မ၊ ခွဲခြားရှုမြင်ပေးကြပါစေလို ကြောင်း</u>*** ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ ခင်ဗျာ။

**ရဲဘော်တင်ရွှိန်(အုတ်ဖို)**



# သောင်းဝေဦး

## ကျွန်တော်လူဆိုးလား......

ကျွန်တော်သည် သိပ်ကောင်းတဲ့ကောင်တော့ မဟုတ်ပါ။ ကောင်းချင်တဲ့ နေရာများတွင် အလွန်ကောင်းတတ်ပြီး မကောင်းချင်တဲ့ နေရာများတွင် အလွန် မကောင်းတတ်သူ ဖြစ်၏။ ရက်ရောချင်သည့် နေရာများတွင် အလွန်ရက်ရောတတ်ပြီး ကပ်စေးနှဲချင်သည့်နေရာများတွင် အလွန်ကပ်စေးနှဲတတ်၏။ သတ္တိရှိချင်သော နေရာများတွင် အလွန်သတ္တိရှိတတ်ပြီး ကြောက်ချင်သောနေရာများတွင် ကြောက်တတ်ပြန်၏။



ရက်စက်ချင်သော နေရာများတွင် ရက်စက်တတ်ပြီး သနားချင်သော နေရာများတွင် သွားသနားနေတတ်ပြန်၏။ သည်းခံချင်သော နေရာများတွင် အလွန်သည်းခံတတ်ပြီး ဘာမဟုတ်သည့်ကိစ္စလေးနှင့်မှ မမျှော်လင့်ဘဲ ပေါက်ကွဲသွားတတ်၏။

ဥပမာတစ်ခု ပြောပါမည်။

၁၉၉၄ ခုနှစ်ကဖြစ်၏။ ထိုစဉ် ကျွန်တော်သည် စာရေးရန် အားထုတ်နေသည့်ကာလ။ ဝတ္ထုတိုရှည်လေးများကို စမ်း၍ ရေးနေသည်။ ထိုနှစ် မိုးတွင်းက သာလွန်ဒေသတွင် ဝတ္ထုတိုရှည် ရှစ်ပုဒ်ခန့် ကြိုးစားပမ်းစား ရေးခဲ့သည်။ ထိုနှစ် နှစ်စက ရန်ကုန်အရောက် ရေးထားပြီး စာမူအချို့ကို ရင်းနှီးသော နာမည်ကျော်စာရေးဆရာကြီးများအား သွားပြခဲ့၏။ သူတို့က ဝိုင်း၍ အားမပေးဘဲ၊ လိုပါသေးတယ်၊ ကြိုးစားလိုက်ပါအုံး။ အသက်ကြီးမှ စာရေးဆရာလုပ်မလို့လား။ စာဆိုတာ ဒီလိုရေးရတာမှ မဟုတ်ဘဲ၊ လုပ်မနေပါနဲ့တော့ စသည် စသည်ဖြင့် ချိုးနှိမ်ခြေကြောက်စကားများသာ ပြောလွှတ်ခဲ့ကြသည်။ ထို့ကြောင့် ဒုတိယအကြိမ် သာလွန်၌ရေးခဲ့သော စာမူများကိုမူ သူတို့မပြတော့ဘဲ မြဝတီ၊ ငွေတာရီနှင့် စစ်ပြန်မဂ္ဂဇင်းတိုက်များသို့ လူကိုယ်တိုင် သွားရောက်ပေးပို့ခဲ့ရာ မဂ္ဂဇင်းတိုက်ကြီးများက စာမူအားလုံးကို လက်ခံလိုက်သည်။ အယ်ဒီတာများ ဝိုင်းဖတ်ရှုကြည့်ကြပြီးနောက်···

"ဟာ···ဗိုလ်မှူးကြီးလက်ရာတွေက ကျွန်တော်တို့ လက်ခံလို့ရပါတယ်။ ဒီမှာ ထားခဲ့ပြီး စောစောင့်သွားပါ၊ ထည့်ပေးပါ့မယ်၊ တစ်လ နှစ်လပေါ့ခင်ဗျာ၊ နောက်ထပ် စာတွေလည်း ရေးထားပါအုံး"

ဟု လိုလိုလားလား ပြောလိုက်ကြသည်။ ထိုအခါ ကျွန်တော် အလွန်အား တက်သွား၏။

ထို့ကြောင့် ထိုနှစ် ဆောင်းဦးပေါက် နိုဝင်ဘာလ၌ လေးကောဒေသသို့ ခရီးထွက်ပြီး စစ်ဆင်ရေးတာဝန် ထမ်းဆောင်ရစဉ် ကာလများတွင် ကျွန်တော်သည် ဝတ္ထုတိုရှည်များကို စိတ်ကူးရလျှင်ရသလို၊ အချိန်ရလျှင်ရသလို အားသွန်ခွန်စိုက် ရေးတော့၏။

ထိုနှစ် ဒီဇင်ဘာလ၌ ငွေတာရီမဂ္ဂဇင်း၊ နှင့် စစ်ပြန်မဂ္ဂဇင်းများတွင် ကျွန်တော့်၏ ဝတ္ထုတိုလေးများ စပါလာ၏။ ဇန်နဝါရီလအတွက် ထုတ်သည့် မဂ္ဂဇင်းများ ဒီဇင်ဘာလကုန်ခါနီး ကျွန်တော်ရှိရာ ရှေ့တန်းသို့ တပ်မှပို့ပေးသဖြင့် ဖတ်ရာ ကျွန်တော့် ဝတ္ထုတိုလေးများကို ထပ်တွေ့ရပြန်၏။ ကိုယ့် ဝတ္ထုသုံးလေးပုဒ်ကို ပုံနှိပ်စာလုံးဖြင့် ဖော်ပြခံရပြီဖြစ်ရာ ကျွန်တော် အလွန်ကျေနပ်နေ၏။ စာများ ဆက်ပြီးကြိုးစားရေးနေ၏။

၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလအကုန်တွင် ကျွန်တော်သည် လေးကောမှာပင် ရှိနေသေး၏။ သထုံ ဖာပွန် ရိုက္ခာပို့ယာဉ်တန်းများ ပြေးဆွဲနေ၍ တပ်ရင်းသုံးရင်းဖြင့် ယာဉ်တန်းလုံခြုံရေး ဆောင်ရွက်နေရပါသည်။ သထုံ သိမ်ဆိပ် လေးကော ကတိုင်တိ ဖာပွန် ကားလမ်းမကြီး၌ ကားတွေ ဥဒဟိုပြေးဆွဲလျက် ရှိ၏။ ရိုက္ခာစုပုံခြင်းလုပ်ငန်းက သုံးလေးလ လုပ်ရသည်။ ထိုကာလ၌ ကျွန်တော်တို့တစ်တွေမှာ သတ်မှတ်သည့် ရိုက္ခာတစ်နှစ်စာ ဖာပွန်အပြန်ရောက်ရေးကိုသာ အဓိကထားရ၏။ ကျန်ဘာကို ဂရုမစိုက် အား။ ထိုဒေသရှိ သောင်းကျန်းသူများက လည်း ဒီ အခွင့်ကောင်းပဲဟုယူဆကာ ကျွန် တော်တို့ ရိုက္ခာပို့လုပ်ငန်းကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ကြ၏။ မိုင်းထောင်ကြသည်။ စခန်းများကို မကြာခဏလာပစ်ကြသည်။ ကျွန်တော်ရောက်ခါစက ကျွန်တော့်စခန်းကိုပင် R.P.G ဖြင့် လာပစ်ရာ အပြင်ထွက် လိုက်မည်လုပ်နေသည့် ဗျူဟာမှူး မောင်သက်ဦး ကံကောင်း၍ R.P.G မှန်ပြီး မိန်းမ မုဆိုးမ မဖြစ်ခဲ့ခြင်းဖြစ်သည်။ ထိုစခန်းမှာပင် ကျွန်တော့်အရင် လေးငါးနှစ်က တပ်မှူးကြီးတစ်ဦး စခန်းစစ်ရင်း ခေတ္တအခြေပြု နေစဉ် ရန်သူများက ၆၀ မီလီမီတာ စိန်ပြောင်းဖြင့် ကိုက် ၁၀၀၀၊ ၂၀၀၀ အကွာမှ စခန်းတွင်းသို့ လှမ်းပစ်လိုက်ရာ ဖြစ်တောင့်ဖြစ်ခဲ ပုံးသီးတစ်လုံးက တပ်မှူးအနီး လာရောက်ပေါက်ကွဲပြီး တပ်မှူး ဒဏ်ရာရသွားတော့၏။ အလွန်ကံကြီး၍ သေလောက်သည့်နေရာကို မထိသဖြင့် အသက်ဘေးမှ လွတ်ခဲ့ရသည်။

> ကျွန်တော့်လာပစ်သည့်
> R.P.G မှာ ထိုသို့မဟုတ်ပါ။
> ကိုက် ၁၀၀၊ ၂၀၀
> အကွာအဝေးမှ
> အနီးကပ်ပစ်ခြင်းဖြစ်၏။
> R.P.G က ပစ်မှတ်ကို
> မျက်မြင်ချိန်ပစ်၍ရသည်။

ကျွန်တော့်လာပစ်သည့် R.P.G မှာ ထိုသို့မဟုတ်ပါ။ ကိုက် ၁၀၀၊ ၂၀၀ အကွာ အဝေးမှ အနီးကပ်ပစ်ခြင်းဖြစ်၏။ R.P.G က ပစ်မှတ်ကို မျက်မြင်ချိန်ပစ်၍ရသည်။ ထို့ကြောင့် ထိမှန်ရန် သေချာသည်။ မှန်လျှင်လည်း သေနိုင်သည်။ ယောက်ဖများက ကျွန်တော့်ကို R.P.G ဖြင့် မပစ်မီကလည်း လေးကောမြောက်ဘက် မြစ်ကျိုးနှင့် ကြိုးဝိုင်းကြား၌ ကျွန်တော့်စစ်ကြောင်းတစ်ကြောင်းအား အသင့်နေရာယူ စောင့်ကြိုတိုက်ခိုက်ရာ လေးဦးကျဆုံး၍ ၁၉ ဦး ဒဏ်ရာရခဲ့၏။ ကျွန်တော့်ကို R.P.G ဖြင့် လာပစ်ပြီးသည့်နောက်တွင်လည်း ကြိုးဝိုင်းနှင့် ကျုံသောင်းဆိပ်အကြား ဒေါ်ခံကြီးအနီး၌ ကျွန်တော့်ဆီက တပ်စုတစ်စုအား တစ်ချီ ချုံခိုတိုက်ခိုက်ပြန်သည်။ လေးယောက်ကျ၍ သုံးလက်ပါသွားပြန်သည်။ ထိုအခါ ထိုတပ်၏ တပ်ရင်းမှူးက မျက်ရည်ဝဲလေးနှင့် ကျွန်တော့်ထံ ရောက်လာ၏။

"ဗျူဟာမှူးကြီး···ကျွန်တော့်တပ်က ထိဖို့ပြ ခေါင်းကွဲနဲ့ ပွဲတိုင်းအရှုံးချည်းပဲ ဖြစ်နေတယ်။ တောင်းပန်ပါတယ်၊ ဆုံးသွားတာ တွေပြန်ရအောင် ကျွန်တော် လုပ်ပါ့မယ်၊ ပေးချင်တဲ့တာဝန်ပေးပါ"

ဟု ဆိုလာ၏။

ကျွန်တော်က သုံ့သုံ့ဝေးပြီးလိုက်

သည်။ ကျွန်တော်တို့တာဝန်က ဖာမွန်ကို ရှိကွာတစ်နှစ်စာ စုပုံရေး အဓိကဖြစ်သဖြင့် ရန်သူကို လောလောဆယ် ဘာမျှပြန်မလုပ်နိုင်ပါ။ ကိုယ့်ကိစ္စ မပြီးမချင်း သူတို့လုပ်သမျှ ခံနေရ၏။ သို့ရာတွင် ကြည့်သေးတာပေါ့။ ဇာတ်က အစပဲရှိသေးသည်။ ပွဲသိမ်းတော့ ရုပ်ရှင်ထဲကလို ဇာတ်လိုက်က နိုင်မြဲမဟုတ်ပါလား။ ယခုလည်း ပွဲပြီးလျှင်လုပ်ဖို့ အစီအမံများ ကျွန်တော့်ခေါင်းထဲတွင် ရှိပြီးဖြစ်၏။ ပြဿနာကတော့ မရှိပါ။ ထိုမျှ လူတွေသေ၊ သေနတ်တွေပါသွားသော်လည်း ကျွန်တော်က နကမှုတ်မတုန်လှုပ်။ စိတ်ပူတာ၊ စိုးရိမ်တာ မရှိ။ အချိန်တန်လျှင် နွားပိန်ကန် ပါလိမ့်မည်။

"ကိစ္စမရှိပါဘူးကွာ၊ ယာဉ်တန်းကိစ္စ ပြီးရင် ဒါတွေအကုန်လုံး ပြန်ရအောင်လုပ်ဖို့ ကိုယ့်မှာ အစီအစဉ်တွေရှိပါတယ်"

ကျွန်တော်က တည်ငြိမ်အေးဆေးစွာ ပြောလိုက်သည်။ တပ်ရင်းမှူးမှ အလွန်အံ့ဩနေ၏။ သို့ရာတွင် ဤကိစ္စကို စိတ်မဆိုးသည့် ကျွန်တော်သည် ဘာမဟုတ်သည့် ကိစ္စလေးတစ်ခု၌ အလွန်စိတ်ဆိုးသွား၏။

ဖြစ်ပုံက ဒီလိုပါခင်ဗျာ။

ထိုယာဉ်တန်းကာလတွင် ညည စာဖိုင်ရေးရာ အရှိန်အလွန်ကောင်းနေသည်။ လောလောဆယ် "ဣတ္ထိယ ခေါ် မိန်းမတို့သည်" ခေါင်းစဉ်ဖြင့် မိန်းမတို့အကြောင်း ဝတ္ထုတိုလေးများ ရေးနေသည်။ ကိုးကားရန်အတွက် 'ဆယ်စောင်တွဲ'စာအုပ် အရေးတကြီးလိုနေ၏။ ထိုစာအုပ်၌ လောကနီတိ ဆုံးမစာပါရှိသည်။ ထိုဆုံးမစာ၌ 'ဣတ္ထိယကဏ္ဍ'ပါဝင်ရာ ကျွန်တော် အလွန်ဖတ်ချင်နေသည်။ စာအုပ်က လေးကောတွင် ရှာမရ၊ လေးကော အလယ်တန်းကျောင်းတွင်လည်း ထိုစာအုပ်မရှိ၊ လေးကောဘုန်းကြီးကျောင်း တွင်လည်း မရှိ၊ ထို့ကြောင့် ထိုအနိုက်ခံရသည့်တပ်မှ အရာရှိတစ်ဦးကို 'သမတဆယ်စောင်တွဲစာအုပ်'ဝယ်ရန် သထုံသို့ လွှတ်လိုက်သည်။ ထိုနေ့က ထိုအရာရှိလေးအား ရုံးသို့ခေါ်၍ အောက်ပါအတိုင်း မှာလိုက်သည်။

"ကဲ...ဟဲ့ကောင်ရေ၊ ကနေ့ သထုံ ပြန်တဲ့ ကားတန်းနဲ့ မင်းလိုက်သွား၊ သထုံ ရွှေစာရံဘုရားဈေးတန်းမှာ သမတဆယ်

> ကိုးကားရန်အတွက်
> "ဆယ်စောင်တွဲ" စာအုပ်
> အရေးတကြီးလိုနေ၏။
> ထိုစာအုပ်၌
> လောကနီတိ
> ဆုံးမစာပါရှိသည်။
> ထိုဆုံးမစာ၌
> "ဣတ္ထိယကဏ္ဍ" ပါဝင်ရာ...

စောင်တွဲတစ်အုပ် မရအရ ရှာဝယ်ခဲ့ကွာ၊ တကယ်လို့ အဲဒီမှာမရှိရင် ဘုန်းကြီးကျောင်း တစ်ကျောင်းကျောင်းက ရအောင်ရှာလာခဲ့၊ ဒီစာအုပ်က ငါ့အတွက် သိပ်အရေးကြီးတယ်နော်၊ ဖြစ်တဲ့နည်းနဲ့ မရရအောင်ရှာခဲ့၊ သထုံရောက်လို့ရှိရင် မိုးချုပ်နိုင်တယ်၊ အဲဒီတော့ ငါခိုင်းတာအရင်လုပ်ပါ၊ ဟိုရောက်လို့ မင်းသူငယ်ချင်းတွေနဲ့တွေ့ပြီး ပေါက်ကြောက် မနေနဲ့အုံး။ ကားတန်းက မနက်လေးနာရီ ငါးနာရီ ပြန်ထွက်တယ်၊ ငါမှာတဲ့စာအုပ်ကို ညကတည်းက ရအောင်ရှာနော်"

အဲဒီသလိုမှာကြား ထိုအရာရှိလေးအား သထုံသို့ လွှတ်လိုက်သည်။ နောက်နေ့ သူပြန်လာတော့ ကျွန်တော် ကြိုတင်စိုးရိမ်သလို ဘယ်ဆယ်စောင်တွဲစာအုပ်မှ ပါမလာပါခင်ဗျာ။ ကျွန်တော် အလွန်ဒေါသထွက်သွားသည်။ လူတွေသေပြီး၊ သေနတ်တွေ ရန်သူနောက်ပါသွားတာကို လုံးဝ ဒေါသမထွက်ခဲ့သော ကျွန်တော်သည် ဤကိစ္စတွင်မှ ပေါက်ကွဲသွား၏။

"ကဲ...စာအုပ်ပါမလာရအောင် မင်းက ဘယ်လိုဖြစ်ခဲ့တာလဲ ပြောစမ်း"

"ဟုတ်ကဲ့ အဘ၊ ကားတွေက လမ်းမှာ ခဏခဏပျက်လို့ သထုံကို ကျွန်တော် ည ၉ နာရီမှ ရောက်ပါတယ်၊ ဘုရားဈေးက ဆိုင်တွေအကုန်လုံး ပိတ်ပါပြီ၊ အဲဒီအချိန်မှာ တပ်မကာ သူငယ်ချင်းတွေနဲ့တွေ့လို့ ထမင်းစားအတင်းခေါ်တာနဲ့ လိုက်သွားပါတယ်။ ထမင်းစားပြီးတော့ မိုးသိပ်ချုပ်သွားလို့ ဘုန်းကြီးကျောင်းတွေလည်း မသွားခဲ့နိုင်တော့ပါဘူး။ ကားတန်းက လေးနာရီထိုး ပြန်ထွက်တော့ ဒီအတိုင်းပဲ ပြန်ခဲ့ရပါတယ် ခင်ဗျာ"

"တောက်...ခွေးမျိုး၊ အဲဒီညက မင်းအရက်သောက်လိုက်သလား"

"ဟုတ်ကဲ့၊ သောက်လိုက်ပါတယ် ခင်ဗျာ၊ ဒါကြောင့်လည်း ဘုန်းကြီးကျောင်း မသွားခဲ့နိုင်တာပါ"

"အင်း...ငါထင်တဲ့အတိုင်းပါပဲ၊ ကောင်းပြီ...ကောင်းပြီ၊ ဒီကိစ္စအတွက် မင်းကို ထိုက်သင့်တဲ့ဆု ချရမှာပေါ့၊ သွား တော့...သွားတော့၊ မင်းမသွားရင် ငါ ထထိုးမိလိမ့်မယ်"

ကျွန်တော်သည် ထိုအရာရှိအား လေးကော အနောက်ဘက် တောင်တန်းများပေါ်သို့ တပ်စုတစ်စုနှင့် ထိုးတင်လိုက်သည်။ ပြီးတော့ သူ့တပ်ရင်းမှူးကို စစ်ဆင်ရေးမပြီးမချင်း သူ့အား ထိုတောင်ကြောပေါ်တွင်သာ ထားရန် တစ်လတစ်ခါ တပ်စုတာဝန်လဲသည့်အချိန်မျိုး၌ တပ်စုကိုသာလဲပြီး သူ့ကို ပြန်မခေါ်ဘဲ ဆက်တာဝန်ပေးရန် မှာလိုက်၏။ ထိုနေရာသည် မိုင်းအလွန်ပေါ၏။ စစ်သည်များ မကြာခဏ မိုင်းနင်းကြသည်။ ရန်သူကလည်း မကြာမကြာ လာပစ်နေသည်။ အလွန်အန္တရာယ်များသည့်နေရာ၊ ရွှေစဉ် တထိတ်ထိတ်နှင့်နေရသော နေရာဖြစ်၏။ ကျွန်တော်သည် ထိုအရာရှိကို တစ်သက်စာ နောင်ကြဉ်သွားအောင် အထက်ပါဆုကို ပေးသနားတော်မူလိုက်၏။

ကျွန်တော်ဆိုသည့် ကျွန်တော်က အဲဒီလို လူစားမျိုးပါခင်ဗျာ။

ထိုကဲ့သို့သော စိတ်နေသဘောထားရှိသည့် ကျွန်တော်သည် လူငယ်တစ အသက် ၃၀ လောက်က တိတိကျကျဖော် ပြရသော် ၁၉၇၅ ခုနှစ်က လူဆိုးဟု အမည်တပ်၍ရနိုင်သည့် ကိစ္စလေးတစ်ခုကို အောက်ပါအတိုင်း ကျူးလွန်မိခဲ့လေသည်။

❍❍❍

၁၉၇၄ ခုနှစ်၊ ဩဂုတ်လ၌ စစ်ဆင်ရေး တာဝန်ထမ်းဆောင်ရင်း ထားဝယ်မြစ်ထဲ၌ ကျွန်တော် သေနတ်မှန်သည်။ ဆေးရုံ သုံးလေးလတက်ရ၏။ ဆေးရုံကဆင်းတော့ ဆေးအဆင့် B သို့ ချလိုက်ရသည်။ ဆေးအဆင့်နိမ့်နေ၍ နောက်တန်း၌ နားနေရ၏။ ကျွန်တော်က အလုပ်မရှိလျှင် နေတတ်သူ မဟုတ်။ ထိုအကြောင်းကို တပ်ရင်းမှူးကြီးထံ တင်ပြလိုက်သည့်အခါ–

"ဒါဆိုလည်း မင်း Family QC အိမ်ထောင်သည်အရာရှိလုပ်ကွာ"

ဟု တာဝန်ပေးလေတော့သည်။ ထိုစဉ်က ကျွန်တော်တို့တပ်ရင်းသည် ကျောက်တစ်လုံးမှ ရေးသို့ တပ်ရင်းတစ်ရင်းလုံး စတင်ပြောင်းရွှေ့နေသည့်ကာလဖြစ်၏။ ရုံးကြီးတစ်ခုလုံး ပြောင်းရွှေ့ပြီး အိမ်ထောင်သည်များသာ ကျောက်တစ်လုံး၌ကျန်၏။ အိမ်ထောင်သည်လိုင်းများမှာ ရေး၌ တည်ဆောက်ဆဲဖြစ်၍ တော်တော်နှင့် မပြီးသေးပါ။ ရေမိုးပြည့်စုံသည်အထိ အတော်ကြာဦးမည်။ ထို့ကြောင့် ကျောက်တစ်လုံးမှာပင် အိမ်ထောင်သည်များကို ထားထားနေရဆဲ။ ထိုကာလ၌ ကျွန်တော့်အား Family QC ခန့်လိုက်ခြင်းပင်။

ကျွန်တော်သည် ငယ်စဉ်ကတည်းကပင် Diplomatic မဖြစ်သူ၊ မလိမ်တတ်၊ မညာတတ်၊ ဟန်မဆောင်တတ်သဲ ခံစားချက်ကို မဖုံးဖိနိုင်သူ၊ စိတ်မရှည်သူ။ ယခု အိမ်ထောင်သည်အရာရှိ ဖြစ်လာတော့ အိမ်ထောင်သည်များ၏ အုပ်ချုပ်မှုကိစ္စအဝဝကို ဖြေရှင်းရာ၌လည်း ပညာသားပါပါနှင့် အမျိုးသမီးများ ကျေနပ်အောင် မဆောင်ရွက်နိုင်ပါချေ။

နေ့စဉ်–

"ဗိုလ်ကြီး…ကျွန်မတို့ ရေပြတ်နေပြီ"

"ဗိုလ်ကြီး…ကျောင်းကားပျက်သွားပြီ"

"ဗိုလ်ကြီး…ဈေးကားမမီလိုက်တော့ဘူး"

"ဗိုလ်ကြီး…ကြိုတင်လစာထုတ်ပေးပါအုံး"

"ဗိုလ်ကြီး…သမဝါယမဆိုင်မှာ ဆန်ပြတ်သွားပြီ"

"ဗိုလ်ကြီး…ဆေးခန်းကား မမီလိုက်တော့လို့"



"ဗိုလ်ကြီး…လိုင်းထဲမှာ မီးပျက်သွားပြန်ပြီ"

စသည့် စသည့် နေ့စဉ် အမျိုးသမီးများ၏ အထက်ပါ ကိစ္စရပ်များကို ကြားနာရရာ ကြာတော့ စိတ်ပျက်လာသည်။ နားကလောလာသည်။ ဒါ့အပြင် ကျွန်တော့်ဇနီးမေသည် ကျွန်တော် ဆေးရုံတက်နေရစဉ် ဟိုမှဒီမှ ငွေကြေးအကူအညီများ ရယူခဲ့ရာ ပေးထားသူများက ခဏခဏ အိမ်လာတောင်းကြရာ မျက်စိနောက်လာ၏။ ဤကဲ့သို့ လုပ်ရပါမည်လားဟု မေးကိုလည်း တစ်ခါမှ စိတ်မဆိုးဘူးပါပဲ ဒီတစ်ခါတော့ အလွန်စိတ်ဆိုးမိသည်။ ပိုက်ဆံ လာလာအတောင်းခံရသည်ကို ရှက်သည်။

ဒါ့ထက် ပိုဆိုးသည်ကား တပ်တွင်း သမမှ ငွေသွင်းပြေစာတစ်စောင် ပျောက်ဆုံးသွားရာ နောက်တန်း၌ Family QC လုပ်နေသည့် ကျွန်တော့်တာဝန်လုံးလုံး ဖြစ်သွား၏။ ထိုငွေကို ကျွန်တော် ပေးလျော်ရပြန်သည်။ ငွေကြေးပမာဏမှာ လေးထောင်ကျော်ခန့်၊ ထိုစဉ်က ကျွန်တော့်လစာ၏ ခုနစ်ဆ၊ ရှစ်ဆနီးပါးဖြစ်၏။ ဘယ်ကမှ ငွေရှာ၍မရ ချေး၍မရတော့သဖြင့် ကြိုတင်လစာ ချက်ရှစ်စောင်ရေးပြီး သွင်းလိုက်ရတော့၏။

**ကျွန်တော်သည် ငယ်စဉ်ကတည်းကပင်**
**Diplomatic မဖြစ်သူ၊ မလိမ်တတ်၊ မညာတတ်၊**
**ဟန်မဆောင်တတ်ဘဲ…**

ငြိုပျက်မင်းတို့ မောင့်ကို မွှေချေပြီ။ ဗူးလေးရာ ဖရုံဆင့်ချေပြီ။

"ကဲ…မေ လစာရှစ်လစာလည်း ပြောင်ပြီ၊ ကြွေးတွေကလည်း ဆပ်လို့ကို မဆုံးနိုင်တော့ဘူး။ ပိုက်ဆံလည်း မရှိတော့ဘူး။ ကလေးသုံးယောက်နဲ့ တောင်ငူပြန်နေတော့၊ ကိုယ်လည်း Request လုပ်ပြီး ရှေ့တန်း လိုက်သွားမယ်။ အမျိုးသမီးတွေရဲ့ ကိစ္စကျောင်းဒဏ်လည်း မခံချင်တော့ဘူး"

ဟုဆိုကာ မိန်းမနှင့် ကလေးသုံးယောက်အား သူ့မိဘများရှိရာ တောင်ငူသို့ ပြန်ပို့ရန်စီစဉ်ရတော့၏။ တပ်ရင်းမှူးထံသို့လည်း ကျွန်တော့်ကို ရှေ့တန်းတာဝန်ပေးရန် တောင်းဆိုလိုက်၏။ တပ်ရင်းမှူးက–

"ဗိုလ်သက်ဦးက ဆေးအဆင့်နိမ့်ပေမယ့် Catagory ဘီဆိုတော့ စခန်းထိန်းတာဝန်ပေးလို့ရတယ်၊ လောလောဆယ် မင်းသားလယ်ကြီးနဲ့ ကျွဲသုံးညီမစခန်းတွေက နယ်မြေတာဝန်ခံ ဗိုလ်ကြီးတင်ဦး ခွဲမှူးသင်တန်းတက်ဖို့ရှိတယ်၊ လဲရမယ့်သူ မရှိဘူး။ အတော်ပဲကွ။ ဗိုလ်သက်ဦးနဲ့ လဲခိုင်းလိုက်ကွာ"

ဟု သူ့ရုံးအဖွဲ့ကို ညွှန်ကြားလေတော့သည်။

ဤသို့ဖြင့် ၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ကျွန်တော်သည် မိန်းမနှင့် ကလေးများကို တောင်ငူသို့ ပြန်ပို့ပြီး မော်လမြိုင် ကျောက်တစ်လုံးမှ ထားဝယ်ခရိုင် ကံပေါက်ဒေသ ပင်လယ်ကမ်းစပ်ရှိ မင်းသားလယ်ကြီး၊ ကျွဲသုံးညီမသို့ ထွက်ခွာသွားပြီး နယ်မြေမှူးတာဝန် ထမ်းဆောင်ရလေတော့သည်။

○ ○ ○

ရှေ့တန်းသို့ မထွက်လာမီက ကျွန်တော်သည် ဇနီးသည်မေနှင့် ကတောက်ကဆတ်ဖြစ်ရာ စိတ်ပေါက်ပေါက်နှင့် တပ်မှ

ပေးထားသည့် အိမ်ကိုပါ ပြန်အပ်ခဲ့၏။ စိတ်က မအီမလည်ဖြစ်နေသည်။ တစ်ခါမှလည်း ယခုကဲ့သို့ ဖနီးသည်နှင့် ကတောက်ကဆတ် မဖြစ်ခဲ့ဖူးရာ အတော်ခံစားရ၏။ ထို့ကြောင့် တာဝန်ကျရာဒေသသို့ ရောက်သည်နှင့် စိတ်ပြေစရာမရှိ၍ စိတ်ထွက်ပေါက် ရရာရကြောင်းအဖြစ် နေ့စဉ် ယမကာကို သောက်သုံးဖြစ်တော့သည်။

ထိုဒေသကလည်း ယမကာပေါလှသည်။ ဒေသခံများက အရက်ချက်ကြသည်။ အရက်ကို ဆေးစိမ်၍ စဉ့်အိုးထဲ ထည့်သောက်ကြသည်။ ပမာဆိုသော် ယနေ့ ခေတ် တရုတ်သိုင်းကားများထဲမှ ဓာတ်ဝင်ခန်းများ အတိုင်းပင်တည်း။

ဒေသခံ အရက်သာမက မဝေးလှသော ထိုင်းနိုင်ငံမှလာသည့် ယမကာပုလင်းများကလည်း ပေါပေသည်။ စပါးနှံ၊ သမင်၊ မဲခေါင် စသည့်တံဆိပ်အမျိုးမျိုးနှင့် ပုလင်းပြားလေးများလည်း ရှိသည်။ အဖျို့ပေါက်မလေး၏ ခန္ဓာကိုယ်အောက်ပိုင်းနှင့် နှိုင်းကြရသော ခါးသိမ်သိမ်နှင့် ချစ်စရာကောင်းသော တာရာဝီစကီပုလင်းပြားလေးများလည်း ရှိသည်။ ဒါသာမက တပ်မှထုတ်ပေးသော အာမီရမ်များကလည်း နှစ်လတစ်ခါ၊ သုံးလတစ်ခါ ငှက်ဖျားကာကွယ်ဆေးအဖြစ် ရှေ့တန်းစခန်းများသို့ ရောက်လာသည်။ ကျွန်တော့်အတွက်ကား တကယ့် ယမကာပွဲတော်ကြီးနှင့် သွားကြုံနေ၏။

ထိုဒေသမှာ သောင်းကျန်းသူများလည်း ကင်းစင်နေသဖြင့် စစ်တိုက်စရာလည်း မရှိပါ။ ကွပ်ကဲမှုအောက်က စခန်းများကို သွားရောက်စစ်ဆေးသည့်အလုပ် သာ ရှိပါ၏။ ကျွန်တော့် ကွပ်ကဲမှုအောက်၌ စခန်းသုံးခုရှိ၏။ ကျွန်တော်နေသည့် မင်းသားစခန်းနှင့် ခပ်လှမ်းလှမ်း သုံးလေးငါးမိုင်အကွာ၌ လယ်ကြီးစခန်း၊ ဆယ်မိုင်ခန့်အကွာ ကွဲသုံးညီမကျွန်း၌ ကွဲသုံးညီမစခန်းတို့ ဖြစ်ကြလေသည်။



မင်းသားစခန်းသို့ရောက်ပြီး ရက်ပိုင်းအတွင်းမှာပင် ကျွန်တော်သည် မလှမ်းမကမ်းက လယ်ကြီးစခန်းကို သွားရောက် စစ်ဆေး၏။ လယ်ကြီးစခန်းမှာ ဟိန်းဖဲချောင်းကြီး၏ဘေးတွင်ရှိသည်။ ထိုစခန်း၌ ကျွန်တော်တို့ တပ်မတော်သားများသာမက နယ်မြေဒေသ ကာကွယ်ရေးကို ကျွန်တော်တို့နှင့်အတူ ပူးတွဲတာဝန်ထမ်းဆောင်နေသော ပြည်သူ့စစ်များလည်း ရှိ၏။ အင်အား နှစ်ဆယ်အစိတ်ခန့်ရှိသည်။ သူတို့သည် ကျွန်တော်တို့စခန်းနှင့်ကပ်လျက် စခန်းဆောက်ပြီး အခြေပြုနေကြ၏။

ကျွန်တော် စခန်းစစ်သွားသည့်နေ့က လယ်ကြီးစခန်းတာဝန်ခံ တပ်ကြပ်ကြီး လဖျနေ်က နယ်မြေလုံခြုံရေးအခြေအနေနှင့် စခန်းခံစစ် စသည်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျွန်တော့်အား လယ်ကြီးပြည်သူ့စစ် ခေါင်းဆောင်များနှင့် တွေ့ဆုံပေး၏။ ခေါင်းဆောင်များမှာ ဒေသခံ မွန်လူမျိုးများနှင့် ထားဝယ်သားများ ဖြစ်၏။

''ဗိုလ်ကြီးအတွက် နေ့လယ်စာ ကျွန်တော်တို့စခန်းမှာ စီစဉ်ထားပါတယ်ခင်ဗျာ၊ လိုက်ပြီး သုံးဆောင်ပါ''

ပြည်သူ့စစ်ခေါင်းဆောင် ဦးနိုင်လဟယ်က ဖိတ်ခေါ်သည်။ လူသည် မွန်လူမျိုးဖြစ်သော်လည်း အသားညိုညို၊ မျက်လုံး မျက်ခုံး ကောင်းကောင်း၊ နှာခေါင်းကလည်း ခပ်ချွန်ချွန်မို့ ကုလားဆင်ဖြစ်၏။ ထို့ကြောင့် နိုင်လဟယ်ဟု မှည့်ထားခြင်းပင်၊ လဟယ် ဆိုသည်မှာ မွန်လို ကုလားဟုခေါ်ခြင်းဖြစ်၏။ သူ့လက်ထောက်များက ဦးချန်တီနှင့် ဦးဘာဘီတို့ဖြစ်ကြသည်။ ဦးဘာဘီက လူဆယ့်လေးငါးယောက်နှင့် မင်းသားတွင် လာနေသည်။

ကျွန်တော်တို့တပ်စခန်းမှ စစ်သည်များနှင့် တွေ့ဆုံပြီးနောက် သူတို့ ပြည်သူ့စစ်စခန်းသို့ လိုက်ပါပြီး ပြည်သူ့စစ်များနှင့် တွေ့ဆုံဖြစ်၏။ ပထာမ မိတ်ဆက်စကားပြောသည်၊ စခန်းကို လှည့်ပတ်ကြည့်သည်။ မှာစရာများမှာသည်။ ထို့နောက် တန်းဖြုတ်ပြီး နေ့လယ်စာစားဖြစ်၏။ နေ့လယ်စာမှာ ဂျိုသား၊ ဆတ်သား စသည့် တောကောင်သားများ၊ ပင်လယ်စာအမျိုးမျိုး စသည်ဖြင့် အလွန်စုံလင်လှ၏။ ပြည်သူ့စစ်ခေါင်းဆောင်

ဦးနိုင်လဟယ်သည် စခန်းအတွင်းရှိ သူ့အိမ်မှာပင် ကျွန်တော့်အား ညည့်ခံထမင်းကျွေးသည်။ သူ့ဇနီး ထားဝယ်သူကား ဖြူဖြူဖွေးဖွေးနှင့် လုံးကြီးပေါက်လှဖြစ်သည်။ လင်မယား နှစ်ယောက်စလုံး အသက် ၄၀ကျော်ခန့်မျှသာ ရှိမည်ထင်ရ၏။

"ကဲ…ဗိုလ်ကြီး ရောက်တုန်းရောက်ခိုက် တတ်နိုင်တာလေးနဲ့ ပြုစုပါရစေ"

"သမီးတို့ရေ"

"လာပြီ အမေရေ"

စကားဆုံးသည်နှင့် မီးဖိုဆောင်မှ အသက် ၁၇ နှစ်၊ ၁၈ နှစ်အရွယ်ဟု ထင်ရသည့် မိန်းမပျိုလေးနှစ်ဦးသည် စားစရာ အပြည့်မျိုးစုံနှင့် ခါးသိမ်သိမ် တာရာစီဇကီ ပုလင်းပြားသုံးလုံးအား ဗန်းနှစ်ချပ်ဖြင့် ထည့်ပြီး တစ်ယောက်တစ်ဗန်းစီ သယ်၍ ထွက်လာကြ၏။

အလို…အလို၊ အိုမီဂါဆံပင်လေးတွေနဲ့ မိန်းကလေးနှစ်ယောက် တယ်လှပါလား။ ပီတောက်ရွှေဝါရောင် တက်ထရွန် ခြောင်ထဘီဆင်တူ၊ အနက်ရောင် Blouse အကျီဆင်တူနှင့်။ ဘယ့်နှယ် ဒီလောက် တောထဲတောင်ထဲမှာ ဒီလို အသားဖြူဖြူဝင်းဝင်း ကိုယ်လုံးကိုယ်ပေါက် အချိုးအဆက်ကျကျ လှလှပပ ငယ်ငယ်ရွယ်ရွယ် မိန်းကလေးနှစ်ဦးက ဘယ်လိုများရောက်နေကြပါလိမ့်။

"ဗိုလ်ကြီးခင်ဗျာ…ဒါ ကျွန်တော့်သမီး နှစ်ယောက်ပါ၊ မော်လမြိုင်မှာ ကျောင်းနေပါတယ်၊ နှစ်ယောက်စလုံး ဆယ်တန်းပါ၊ အခု ကျွန်တော့်ဆီမှာ ခဏလိုက်နေတယ်၊ ဟိုမှာတော့ အမျိုးတွေနဲ့နေပါတယ်"

"ခြော်…မော်လမြိုင် ဘယ်မှာနေလဲဗျာ"

"တောင်ရိုးတန်းက မွန်နှစ်ခြင်း သာသနာပြုကျောင်းဝင်းထဲမှာပါ ခင်ဗျ၊ ကျောင်းက မော်တင်လိန်း အထက်တန်းကျောင်းပါ"

ကျွန်တော် ဆက်မမေးတော့၊ ထိုနေရာကို ကျွန်တော် ကောင်းစွာသိပါသည်။ မနှင့် အိမ်ထောင်ကျခါစက ထိုကျောင်းဝင်းထဲသို့ မကြာခဏသွားတည်းခဲ့ဖူးသည်။

ဦးလဟယ်က တာရာစီဇကီပုလင်းများကို ဖွင့်ပြီးညည့်ခံသည်။ နေ့လယ်စာ မစားရ၍ စားသောက်ကောင်းအောင်ပါဟုဆို၏။

> မျက်ခုံး၊ မျက်လုံး၊
> မျက်နှာကျ အဖေ၊
> အသားရောင်က အမေ၊
> ကိုယ်လုံးကိုယ်ပေါက်
> အလှအပများက
> အမေဆိုတော့…

စကားကပြောပြောနှင့် သူတို့ ပြည်သူ့စစ်ခေါင်းဆောင်သုံးယောက် ကျွန်တော်နှင့် လယ်ကြီးစခန်းမှူး တပ်ကြပ်ကြီး လချေနော်တို့ ပေါင်း အားလုံးငါးယောက်ဖြစ်၏၊ ဆရာကြီး လချေနော်က ကချင်လူမျိုးကြီး၊ ပြီးတော့ သူလည်း တောင်ပေါ်သားပီပီ ယမကာကို နှစ်သက်သူဖြစ်၏။

"ဆရာကြီး လချေနော်ရေ…ကျွန်တော်နဲ့အတူ ပါလာတဲ့ ဆရာစိန်ထွန်းတို့အဖွဲ့လည်း ထမင်းကျွေးလိုက်အုံးနော်"

တပည့်တွေ ထမင်းမစားရမှာစိုး၍ မှာရသေး၏။ ကျွန်တော်နှင့်အတူ ဆက်သွယ်ရေးနှင့် ဆေးတပ်သားအပါအဝင် တပ်စိတ်တစ်စိတ် ပါလာသည်။ အဖွဲ့ခေါင်းဆောင် မှာ ရှုံးအမွဲ့မှ တပ်ကြပ်စိန်ထွန်းပင် ဖြစ်၏။

"ထမင်းတွေ အများကြီးချက်ထားပါတယ်ရှင့်"

သွက်သွက်လက်လက် သမီးအကြီးမက ဝင်ပြောသည်။ ဦးလဟယ်ကတော့ သူ့သမီးနှစ်ယောက်ကို ပြုံး၍သာကြည့်နေ၏။ အမေကြီးက မီးဖိုထဲ၌ လိုအပ်သည်များ ချက်ပြုတ်ကြော်လှော်စီမံပေးနေ၏။ စားစရာများက တစ်မျိုးပြီးတစ်မျိုး ရောက်လာ၏၊ သမီးများမှာ မျက်ခုံး၊ မျက်လုံး၊ မျက်နှာကျ အဖေ၊ အသားရောင်က အမေ၊ ကိုယ်လုံးကိုယ်ပေါက် အလှအပများက အမေဆိုတော့ ပြောရမည်ဆိုက ဒီခေတ် နာမည်ကြီး ကိုရီးယားမင်းသမီးလေးများနှယ်တည်း။

"ဗိုလ်ကြီး…ဒါက ပင်လယ်ရေချသုပ်"

"ဒါက ကမာ ရှားရှားပါးပါးပဲ"

"ဒါက ပင်လယ်ပုစွန်ထုပ်ကြီးတွေ၊ သိပ်ချိုတယ်ခင်ဗျ"

ပင်လယ်ကျောက်ပုစွန်ကြီးများမှာ အမှန်ပင် ချိုလှပါသည်။ ပင်လယ်ထွက် အစားအစာများသာမကပါ၊

"ဒီကောင်လေးတွေက စမ်းကြော် ပါ"

"ဒါက ရစ်ကင်"

"ဒါက ဂျီလျောင်သားခင်ဗျ၊ မနေ့က ကျွန်တော်တို့ ပြည်သူ့စစ်တွေ တောလည် ရှိရလာတာ၊ ဒီမှာက ဂျီလျောင်တို့၊ တောကြောင်တို့ သိပ်ပေါတယ်၊ ဂျီအကြီးမျိုးလည်း ပေါတာပါပဲခင်ဗျာ"

ပြည်သူ့စစ် ဒုတိယခေါင်းဆောင် ကိုချုန်ဘီက ဝင်ပြောပြနေသည်။ သူပြောသည့် ဂျီလျောင်ဆိုသည်မှာ ဂျီအသေးစားကို ပြောခြင်းဖြစ်၏၊ ဂျီနှင့် အလွန်တူ၏။ သို့ရာတွင် ဂျီလျောင်သည် အလွန်ဆုံး သုံးပိဿာ၊ လေးပိဿာထက် ပိုမကြီး။ စား၍ကား ကောင်းလှပေသည်။

ဟင်းတွေစုံလှသဖြင့် ကိုယ့်ဟာကိုယ် တောင် စိတ်ကြီးဝင်သွားမိလေသည်။ မသိမသိုင် ဟင်းခွက်သုံးရာနှင့် ထမင်းစားသည့် စလေမင်းခွေးကိုပင် မြေသတိရလိုက်သေး၏။

ကျွန်တော်တို့ထမင်းဝိုင်းမှာ ခါးသိမ် တာရာစီဇကီပုလင်းပြားလေးများကြောင့် နည်းနည်းအချိန်ပိုကြာသွား၏။ ထမင်းဝိုင်းကိုလည်း ဦးလဟယ်၏ သမီးချောနှစ်ယောက်က စောင့်ကြည့်၍ Serve လုပ်ပေးနေသည်။ ကျွန်တော့်မှာ တောထဲ တောင်ထဲသာရောက်နေတာ ရန်ကုန်က ဟိုတယ်တစ်ခုခုများ ရောက်နေသလားဟုပင် ထင်မှတ်မှားမိတော့၏။ ယမကာ သုံးလေးခွက် ဝင်သွားသောအခါတွင်မူကား ကျွန်တော်၏ နှုတ်က ပိုသွက်လာ၏။ Serve လုပ်နေသည့် သမီးချောနှစ်ယောက်ကလည်း ကြည့်ရင်း ကြည့်ရင်း ပို၍ပို၍ လှလာသည်။ သူတို့၏

အိုမီဂါဆံပင်ဂုတ်ဝဲ ဖါးဖါး ဖါးဖါးလေးများကို ကျွန်တော် သဘောကျနေသည်။

"သမီးတွေနာမည် ပြောပါအုံးခင်ဗျ"

"ကြော်…မေ့နေလို့ပါခင်ဗျာ၊ သူက အကြီး မှုမှု၊ သူက အငယ် မြမြ၊ ကျောင်းမှာတော့ မှုယာကြည်နဲ့ မြပြာကြည်လို့ ခေါ်ပါတယ်။ အသက် တစ်နှစ်ပဲကွာပါတယ်"

"ကြော်"

"ကျွန်တော့်နာမည်က မွန်လို နိုင်လဟာယ်ပေမယ့် ဗမာနာမည်လည်း ရှိတယ်ခင်ဗျ၊ ဗမာနာမည်က ဟန်ကြည်ပါ၊ ဒါကြောင့် သမီးတွေက မော်လမြိုင်ကျောင်းနေတော့ သူများနည်းတူ ခေတ်မီအောင် မှုယာကြည်တွေ၊ မြပြာကြည်တွေ လုပ်ထားတာလေ"

"ဟင်း…ဖေဖေကလည်း လုပ်ရော့မယ်"

အကြီးမ မှုယာက မျက်စောင်းတစ်ချက် ထိုးပြီး နှုတ်ခမ်းလေးတွန့်ပြုံး၍ ဆိုထ၏။ မျက်စောင်းထိုးတာလေးကပင် ချစ်စရာကောင်းနေပြန်၏။ အငယ်မ မြပြာကတော့ ကိုယ်လုံးပိုတောင့်သည်။ ငြိမ်သည်။ စကားသိပ်မပြော။ မီးဖိုထဲမှ လိုတာလေးတွေ သွားယူလိုက်၊ လာပို့လိုက်လုပ်နေ၏။

ကျွန်တော်တို့သည် ထမင်းစားရင်း နယ်မြေအခြေအနေအကြောင်း၊ ရာသီဥတုအကြောင်း၊ အရောင်းအဝယ်ကိစ္စများအကြောင်း၊ ရေ၊ ထားဝယ်မှ စက်လှေများနှင့် ပင်လယ်ထွက်ကြသည့် ကုန်သည်များအကြောင်း၊ ကမ္ဘာ့လီပင်လယ်ပြင်နှင့် ထိစပ်က ခေတ်စားပြုနေသည့် မလက်ကာ ရေလက်ကြားမှ ပင်လယ်ဓားပြများအကြောင်း စသည်စသည်တို့ပါပေ။ ဦးလဟာယ်ခေါ် ဦးဟန်ကြည်သည် အထိုက်အလျောက် စာတတ် ပေတတ်ဖြစ်ပြီး ဗဟုသုတလည်းရှိ၏။ ဒီဒေသမှာ သူနေတာကလည်း သူစီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းမှုကြောင့်သာ ဖြစ်ပုံရ၏။ ဓါးသေးရင်ချို သူ့သမီး မှုယာကြည်နှင့် မြပြာကြည်တို့၏ ဓါးသိမ်သိမ်တာရာမှလင်းပြားသုံးပြားလုံးကုန်မှ ကျွန်တော်တို့ ထမင်းစားဖြစ်သည်။ အမြည်းစားတာများ၍ ထမင်းသိပ်မစားနိုင်ပါ။ စားပြီးသောက်ပြီးတော့ ထမင်းဝိုင်းသိမ်းကာ အားလုံးကို နှုတ်ဆက်၍ မင်းသားစခန်းသို့ ရီဝေဝေနှင့် ပြန်ခဲ့သည်။

လမ်းတွင် ကျွန်တော်က ဆရာစိန်ထွန်းနှင့် စကားပြောလာသည်။ သူက ကျွန်တော်နှင့် အသက်မတိမ်းမယိမ်း။ အသက် ၃၀ ပင် မရှိသေး။ တပ်ခွဲတွင် ယစာကြပ်လုပ်နေရာက ကျွန်တော့်သဲယောဇဉ်ကြောင့် ရှေ့တန်းသို့ လိုက်ပါလာသူဖြစ်၏။ ၁၉၅၂ ခုနှစ် ကျွန်တော် ဒီတပ်ရောက်ကတည်းက တွဲလာသူ။ ကျွန်တော့်အကြောင်းသာမက ကျွန်တော့်မိသားစုအကြောင်းပါ သူသိသည်။ ကျွန်တော့်အိမ်တွင်းရေး နောက်ဆုံးအခြေအနေများကိုလည်း သူသိသည်။ ပြီးတော့ အရက်၊ ဆေးလိပ် လုံးဝသောက်တတ်သူမဟုတ်။ ညနေ ညနေ ကျွန်တော် အဖော်ယမကာသောက်၍ နည်းနည်းများလာပြီဆိုလျှင်…

"ဗိုလ်ကြီး တော်လောက်ပြီထင်တယ်၊ ထမင်းစားကြစို့လေ"

ဟု လေပျော့လေးနှင့် ပြောတတ်၏။ ထိုအခါမျိုး၌ အချေကြိုက် ကျွန်တော်က သူပြင်ထားသည့် ထမင်းကို သွားစားရတော့၏။ ကျွန်တော့်အထာကိုအလွန်သိသူဖြစ်၏။ သို့ရာတွင် စကားတော့နည်းနည်းများသည်။ တစ်ခါတရံ နည်းနည်းအိုတာဖြစ်တတ် သည်။ ဒါက ပိုတတ်သည့် သူ့ဝသီ။ ထားပါတော့။ ယခုလည်း မြင်တာသိတာလေး သူနဲ့ ဆွေးနွေးဖြစ်၏။

"ဟော့…ဆရာစိန်ထွန်း၊ ပြည်သူ့စစ် ခေါင်းဆောင်ကြီး သမီးလေးနှစ်ယောက်က တယ်လှပါလားကွ၊ အသွက်ကလေးတွေဗျာ၊ အကြီးမက ပိုသွက်တယ်၊ အငယ်လေးက နည်းနည်းငြိမ်တယ်၊ ဒါပေမဲ့ ပစ္စည်းတွေက သိပ်ကောင်းတယ်ကွ၊ အပျိုစားလေးတွေ"

"ထင်တော့ထင်တယ်၊ လမ်းမှာ ဗိုလ်ကြီး ဒါကိုပြောတော့မယ်ဆိုတာ၊ အဲဒါကြောင့် ကျွန်တော်က စခန်းမှာ ဒီနှစ်ယောက်အကြောင်းကို ရဲဘော်တွေနဲ့တွေ့ပြီး ရှိနိုင်သမျှ စုံစမ်းလာခဲ့တယ်"

"ဘယ်ဟုတ်ပါလားကွ၊ ဆိုစမ်းပါအုံး၊ သိလာသလောက်"

"သူတို့နှစ်ယောက်လုံး မနှစ်က နေ့ကျောင်းပိတ်မှာ ဒီစခန်းကို ပထမတစ်ခေါက် ရောက်ဖူးတယ်၊ ကျောင်း နှစ်လ သုံးလ ပိတ်တုန်းမှာ လာနေသွားတာ၊ အဲဒီတုန်းက စခန်းကရဲဘော်တွေနဲ့ ရည်းစားသက်စေ့ထားသွားတာတဲ့ ဗိုလ်ကြီးရဲ့"

"ကြော်…ဟုတ်လား၊ ဘယ်သူတွေနဲ့လဲ"

"အခု ဗိုလ်ကြီးရဲ့ အကူရဲဘော်လုပ်နေတဲ့ ဘတင် ထိပ်ကလေ၊ ဘတင်၊ မောင်ဟန်၊ ဆက်သွယ်ရေးစက်ကိုင်တဲ့ ခင်မောင်သစ်၊ ဆေးတပ်သားကျော်ရွှေ၊ ရုံးအဖွဲ့က တက်ခေတ်မောင်၊ ဂေါ်ရခါးဝင်းနိုင်၊ စခန်းက လူရှိရဲဘော် ကုန်သလောက်ပဲ၊ အသက် ၄၀ ကျော်ဆရာကြီး လဗျနော်ပဲ လွတ်တယ်၊ အကြီးမဲ့အငယ်မှာ အကြီးမလေးက ပိုပြီး မျက်နှာများတယ်တဲ့ ဗိုလ်ကြီးရဲ့၊ အဲဒီတုန်းက ဗိုလ်ကြီးတပည့် ဘတင် လခသုံးလေးလစာ ပြုတ်ပါရောလား"

"ဘာဖြစ်လို့လဲ"

"ပိုးကြေးပန်းကြေး ပေးရတာလေ၊ ဟိုဟာဝယ်ပေးရ၊ ဒီဟာဝယ်ပေးရနဲ့၊ ကံပေါက်စက်လှေကြုံရင် အကြီးမလေး လိုတာတွေ ဘတင်က အကုန်ဝယ်ပေးနေတာ"

"ကြော်"

ဘတင်ဆိုသည်မှာ ကျွန်တော် ဒီ တပ်ခွဲရောက်ကတည်းက ကျွန်တော့်အကူရဲဘော် အလွန်ရိုးသား၏။ စကားနည်းသည်။ အရက်

လမ်းတွင် ကျွန်တော်က

ဆရာစိန်ထွန်းနှင့်

စကားပြောလာသည်။

သူက ကျွန်တော်နှင့်

အသက်မတိမ်းမယိမ်း။

အသက် ၃၀ ပင် မရှိသေး။

မသောက်၊ ဆေးလိပ်မသောက်၊ ကျွန်တော့်ကို အလွန်ချစ်ခင် ကျိုးနွံသည်။ ကျွန်တော် ဆေးရုံတက်ရတော့ သူက ဒီစခန်းကို ရောက်လာ၏။ မနှစ်ခွေကလည်း ဒီစခန်းမှာ တစ်ခါ သူနေခဲ့ဖူးသည်။

''နောက်တော့ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ပြောင်းထားတော့ ဗိုလ်ကြီးတပည့် မျက်ရည်နဲ့မျက်ခွက်တဲ့ အဲဒီကောင် ဒါကြောင့် လိုက်မလာတဲ့ စခန်းမှာ ကျွန်ခဲ့တာ''

''ပြော်''

''ကျွန်တော့်ထက် ဗိုလ်ကြီးရုံးအဖွဲ့က တပည့်ကျော်ကြီး ခင်မောင်သစ်နဲ့ ကျော်ရွှေက ပိုသိတယ်၊ ဗိုလ်ကြီး သိချင်တာရှိသေးရင် သူတို့ထပ်မေးပါ''

''ဟော့···ခင်မောင်သစ်နဲ့ ကျော်ရွှေ ဗိုလ်ကြီးကို မင်းတို့သိထားတာလေး ပြောပြလိုက်ပါအုံး''

နောက်မှပါလာသည့် ခင်မောင်သစ်နှင့် ကျော်ရွှေတို့အား ဆရာစိန်ထွန်းက လှမ်းခေါ်လိုက်သည်။

''ဟောကောင်တွေ···လုပ်စမ်းပါအုံး။ ခေါင်းဆောင်ကြီး သမီးနှစ်ယောက် အကြောင်း''

ခင်မောင်သစ်က ပြုံးရုံပြုံးသည်။ ကျော်ရွှေကတော့ အလွန်ပြောချင်သူ။ ထို့ကြောင့် ကျွန်တော် မေးလိုက်သည်နှင့် ရိုက်စစ်သလို ပြောတော့၏။

''မလွယ်ဘူး ဗိုလ်ကြီးရေ၊ မနှစ်က သူတို့နှစ်ယောက်ရောက်လာတာ ကျွန်တော်တို့ ရဲဘော်တွေလည်း အချင်းချင်း ရည်းစား လုဖက်တွေဖြစ်ပြီး စိတ်ဝမ်းတွေကွဲ၊ စကားတွေ များကုန်ရော၊ အကြီးက ပိုပြီးလှည်တယ်၊ ရည်းစားပိုများတယ်၊ ရှုပ်လည်း ရှုပ်တယ်၊ ဒါကြောင့် ရဲဘော်တွေက သူ့ကို ရှုပ်ရှုပ်၊ အငယ်မလေးက သူ့ထက် နည်း နည်းလေး ပိုဝလို့ ဘုတ်ဆုံ၊ ဘုတ်ဆုံခေါ်ရာ က ဘုတ်ဘုတ်ဖြစ်သွားရော၊ ရှုပ်ရှုပ်နဲ့ ဘုတ်ဘုတ်လေ''



''ပြော်''

''ရှုပ်ရှုပ်က သူကချည်းပဲ စတာများတယ် ဗိုလ်ကြီးရဲ့၊ ကျွန်တော့်လည်း သူလာစသေးတယ်၊ ကံကောင်းလို့ ရှုပ်ရှုပ်လက်ချက်မိပြီး ဆေးတပ်သားကျော်ရွှေ ဆေးမမီဘူး ဖြစ်တော့မလို့၊ အရှောင်မြန်လို့ သူနဲ့ဖြစ်တဲ့သူတိုင်း အသည်းကွဲသွားကြတာချည်းပဲ''

''ဟော''

''ဟုတ်တယ် ဗိုလ်ကြီး၊ ရုပ်ကလေးတွေကလည်း သိပ်လှတော့ သိပ်မလွယ်ဘူး။ သူတို့ကို အားလုံးက ဝိုင်းကြိုက်ချင်နေကြတာ၊ ဒါပေမဲ့ သူတို့က သာတာတွေ့ရင် တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားတာ ဗိုလ်ကြီးရဲ့၊ ရှုပ်ရှုပ်က မော်လမြိုင်နဲ့ ကံပေါက်မှာလည်း ရည်းစားတွေရှိတယ်တဲ့ ခင်ဗျ''

''အေးလေ···အမျိုးလေးဆိုတော့ လည်း ရှိမှာပေါ့ကွာ''

ကျွန်တော်က ပြေရာပြေကြောင်း ဝင်ပြောမိသည်။

''ပြီးတော့ သူတို့က ခရစ်ယာန်တွေ ခင်ဗျာ၊ ဗုဒ္ဓဘာသာမဟုတ်ဘူး''

''ဒါဆိုတော့ ပွင့်လင်းမှာပေါ့ကွာ၊ ငါ မိန်းမလည်း ခရစ်ယာန်ပဲကွ၊ ပွင့်ပွင့်လင်းလင်းပဲ''

''အဲဒါက အရေးမကြီးဘူး ဗိုလ်ကြီး''

''ဘာကအရေးကြီးသလဲ ဟောကောင်ရဲ့''

''ဒီနေ့ ဗိုလ်ကြီးတို့တမင်းဝိုင်းကို ကျွန်တော်တို့ ခပ်လှမ်းလှမ်းက အကဲခတ်နေ တာ၊ ရှုပ်ရှုပ်က ကျိန်တဲ့ပစ်မှတ်တွေ ဒေါ၊ ချိတ်ပြီး ပစ်မှတ်အသစ်ကို ချိန်နေပြီ''

''ဟော···ဟုတ်လား။ ပစ်မှတ်အသစ်က ဘယ်သူလဲ''

''ဗိုလ်ကြီးပဲလေ ဗိုလ်ကြီးရဲ့''

''ဟာ···ငါက လူပျိုမှမဟုတ်တာ၊ မိန်းမနဲ့ ကလေးနဲ့ကွ၊ နို···နေစမ်းပါအုံး၊ ဒါကို မင်းက ဘယ်လိုလုပ်ပြီး သိတာလဲ''

''ရှုပ်ရှုပ်က တစ်ချိန်လုံး ဗိုလ်ကြီးနားမှာပဲထိုင်ပြီး ဗိုလ်ကြီးကိုပဲ ကြည့်နေတာလေ၊ သူ့မျက်လုံးတွေကို ကျွန်တော်သိတာပေါ့၊ အဲဒီမျက်လုံးတွေ၊ မက်လုံးတွေ၊ ညှုလုံးတွေ၊ စကားလုံးတွေနဲ့ ကျွန်တော်တို့ ရဲဘော်တွေ

ရဲ့ အသည်းနှလုံးတွေကို ခွဲသွားတာခင်ဗျ မိန်းမ ရှိရှိ မရှိရှိ အရေးမကြီးပါဘူး၊ သူတို့က သွားမပါချင်နေ ဘားပါပါစေဆိုတဲ့ အမျိုးတွေခင်ဗျ"

"ဟော...ဟုတ်လား"

ကျော်ရွှေက မှုံကာ ရှုံ့ကာ ပြောလိုက်၏။

"သိပ်ဟုတ် ဗိုလ်ကြီးရေ သိပ်ဟုတ်–သိပ်ဟုတ်"

ရွှေမသား၊ ကောင်မလေးကို တော်တော် စိတ်နာနေပုံရ၏။ သူ့အပြောနှင့် သူ့ဟန်ပန်လေသံကို ကျွန်တော်အပါအဝင် အားလုံးက သဘောကျသဖြင့် ဝိုင်း၍ရယ်မော လိုက်ကြပါသတည်း။

**(မှတ်ချက်။ ။ ထိုစဉ်က မြန်မာ့တပ်မတော်မှ အရာရှိငယ်များ၏ ရာထူးအဆင့်အတန်းများမှာ အပွင့်မဟုတ်ဘဲ ဘားအချောင်းများဖြစ်ပါသည်။ စာရေးသူ)**

○ ○ ○

ပင်သားလယ်ကြီးကျွဲသုံးညီမဒေသတွင် ကျွန်တော် ခြောက်လ ခုနစ်လကြာမျှ တာဝန် ထမ်းဆောင်ခဲ့ရ၏။ ရန်သူကင်းစင်သော အပြုံးရောင်နယ်မြေဖြစ်သဖြင့် စစ်မတိုက်ရပါ။ ထို့ကြောင့် အထက်ဌာနမှ တာဝန်ပေးချက်အရ ကာပွလီပင်လယ်ပြင်သို့ထွက်၍ အကောက်ခွန်မဲ့ပစ္စည်းများတင်ဆောင်သည့် စက်လှေများကို ရှာဖွေဖမ်းဆီးခြင်း၊ ပြည်ပြေနှင့် သုံးပါတီအဖွဲ့များ မဝင်ရောက်လာနိုင်အောင် ဟိန်းဖဲချောင်းရိုးတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တစ်လျှောက် လှည့်ကင်းများဆောင်ရွက်ခြင်း စသည်တို့သာ ရှိခဲ့၏။

တစ်ခါတရံတွင်မူ ပျင်းလာလျှင် ပြည်သူ့စစ်များနှင့်ပေါင်း၍ တောပစ်ထွက်ခြင်း၊ တောမောင်းခြင်းများလုပ်၏။ ကျွဲသုံးညီမကျွန်းကို စခန်းစစ်သွားသည်။ လယ်ကြီးစခန်းကိုမူကား မသွားမဖြစ်မှသွားသည်။ တပည့်ကျော်ကြီး ရဲဘော်ကျော်ရွှေက ရှုပ်ရှုပ်၏ နောက်ဆုံးပစ်မှတ် ကျွန်တော်ဟု ဆိုထားသဖြင့် လယ်ကြီးကိုတော့ ခဏခဏ သွား၍မဖြစ်။ ရဲဘော်များ ပြောစရာဖြစ်မည်။ ကိုယ်က ခေါင်းဆောင်ဆိုတော့ ဆင်ခြင်ရ၏။ ကျော်ရွှေပြောတာ ဟုတ်မဟုတ်၊ စခန်းပြန်ရောက်တော့ ကျွန်တော့် အကူရဲဘော် ဘတင်ကို ခေါ်မေးရသည်။ ဟုတ်နေ၏။ ဘတင်က အမှန်အကန်ရှိသားသူ၊ အခုတော့ သူ့ခမျာ ရှုပ်ရှုပ်ခေါ် မှယာ့ကို တန်ပို မဖုရား ဖြစ်နေ၏။

မသွားမဖြစ်၍ လယ်ကြီးကို သွားရပြန်သည်။ ကိစ္စမှာ မသမာသူများက ထိုဒေသရှိ ကျွန်းပင်များကို ခိုးလှဲပြီး ပိနန်ကျွန်းသို့ ကျွန်းခွဲသားများ ဖြတ်တောက်ပို့ပေးနေသည့်ကိစ္စ။ ထို တရားမဝင် သစ်ခိုးယူသူများအား ဖမ်းဆီးရေးဖြစ်သည်။ ထိုကိစ္စ၌ ဒေသခံပြည်သူ့စစ်များကိုသုံးရန် လိုသည်။ ထို့ကြောင့် ထိုကိစ္စကို ကြိုတင်ညှိနှိုင်းရန် သွားခြင်းဖြစ်သည်။ ကာလီနီအောင်နှင့် ကံပေါက်မှ သစ်တော အမှုထမ်းများပါ လိုက်ပါကြမည် ဖြစ်၏။ ပြည်သူ့စစ်များကိုတော့ စကားကုန်မပြော၍ မရ။ သတင်းပေါက်ပြီး သစ်ခိုးသူများ ထွက်ပြေးသွားမှာလည်း စိုးရသေး၏။

တပ်စခန်း၌ ဦးလဟာယ်ခေါ် ဦးဟန်ကြည်နှင့်အဖွဲ့အား ခေါ်ယူဆွေးနွေးသည်။ ဆွေးနွေးသည်ဆိုသည်ထက် ကျွန်တော်က သိလိုသည်များအား ခေါ်မေးခြင်းသာဖြစ်ပါ၏။ နေ့လယ် ထမင်းစားချိန်ရောက်တော့ ဦးလဟာယ်က သူ့အိမ်မှာ နေ့လယ်စာ စီစဉ်ထားသည် ဆိုပြန်၏။ ဒီတစ်ခါတော့ ငြင်းလိုက်ပါသည်။ စခန်းမှာပဲ စားပါမည်။ ထိုအခါ ဦးလဟာယ်က ချက်ထားသည့်ဟင်းများ လာပို့ရန် သူ့တပည့်တစ်ဦးကို သွားပြောခိုင်းသည်။ မှယာနှင့် မြူပြာ ညီအစ်မက ထမင်းချိုင့်များနှင့် ရောက်လာကြ၏။ ထုံးစံအတိုင်း တောကောင်သားများ၊ ပင်လယ်ထွက် အစားအစာများ စသည်စသည်။

စခန်းရောက်၍ ကျွန်တော့်ကိုမြင်သည်နှင့် လှသော၊ သွက်သော မှယာက–

"ဗိုလ်ကြီးက ကျွန်မတို့ကို မခေါ်တော့လို့ မလာတော့ ကျွန်မတို့က လာရတော့တာပေါ့"

ဟု အပြုံးလှလှဖြင့် ဆိုလာတော့၏။ နှုတ်ခမ်းလုံးလုံးလေးက အတော်လှသည်။ ကျန်တာတွေလည်း လှပါသည်။ လှလို့ခက်နေတာ၊ ပလီပလာလည်း ပြောတတ်သေးသည်။

"ထမင်းစားပြီးတော့ လာနှုတ်ဆက်မလို့ပါ"



ကျွန်တော်က မယုတ်မလွန် ပြေရသည်။ အများရှေ့မှာ ပြောတာများသွားလျှင် ကိစ္စများသွားနိုင်၏။

ထိုနေ့ကလည်း မှယာက ကျွန်တော့်နားမှာ ပလီပလာပြောရင်း ရစ်ပဲ ရစ်ပဲနှင့် လုပ်နေသဖြင့် သတိထားနေရသည်။ သို့ရာတွင် ကျွန်တော့်မှာ သမင်ပျို၏ အနံ့ရ သည့် ကျားခြေပမာဖြစ်နေ၏။ အိမ်က ထွက်လာတာလည်း နှစ်လ၊ သုံးလရှိပြီ။ လူကလည်း အသက် ၃၀ ပင် ကောင်းကောင်း မပြည့်ချင်သေး။ ပုရိသတို့၏ ဆန္ဒကျင်ဘက်လိင်ကို တောင့်တသည့် စိတ်ဆန္ဒများကလည်း ကျွန်တော့် ပြဒါးတိုင်၌ ရေချူအမှတ်သို့ ရောက်နေချိန်။ သို့ရာတွင် အကြောင်းအမျိုးမျိုးနှင့် ကျားဥပုသ်စောင့်နေခဲ့ရပါသည်။

ကြော် . . .ခေါင်းဆောင်ဆိုတော့ အခက်သားလား ခင်ဗျာ။

○ ○ ○

ထိုနေ့က စခန်းအပြန်လမ်းတွင် ဆရာစိန်ထွန်းက မေးသည်။

"ဗိုလ်ကြီး...နောက်ဆုံးအခြေအနေ သိပြီလား"

"ဘာနောက်ဆုံးအခြေအနေလဲ၊ ကျွန်း

ခွဲသွားတွေတာင်ပြီး ဝိုနိုထွက်မယ့် စက်လေ့တွေ သတင်းပြောတာလား။ မသိသေးဘူးလေ၊ အဲဒါကြောင့် မနက်ဖြန် မိချောင်းဆိုင်နဲ့ ကံပေါက်တက်ပြီး နည်းနည်းစုံစမ်းမလား လို့၊ စက်လှေပိုင်ရှင်တွေက မိချောင်းဆိုင်နဲ့ ကံပေါက်ကချည်းပဲ ကျွဲသုံးညီမကာ တစ်စီး နှစ်စီးပဲရှိတာ မဟုတ်လား''

''အဲဒါပြောတာ မဟုတ်ဘူးခင်ဗျ''

''ဒါဆို ကိုယ့်လူက ဘာကိုပြောတာလဲ''

''ဟို . . . ရွှပ်ရွှပ်တို့၊ ဘုတ်ဘုတ်တို့ သတင်းလေ''

''ပြော်…မသိဘူးကွ၊ ဘာတဲ့လဲ''

''ရွှပ်ရွှပ်တို့ညီအစ်မ ကျောင်းထွက်လိုက်ပြီတဲ့ခင်ဗျ''

''ဘာဖြစ်လို့လဲ၊ ဆယ်တန်းမအောင်လို့လား''

''အောင်စာရင်းတော့ မထွက်သေးဘူး အောင်အောင်၊ မအောင်အောင် စီးပွားရေး လုပ်တော့မလို့တဲ့ ထားဝယ်က သူ့ အမေညီမ ရောက်နေတယ်၊ အဆင်ပြေရင် လိုက်သွားမလို့တဲ့ခင်ဗျ''

''သူတို့အဖေ ရောက်ကတည်းက သူတို့ ညီအစ်မ သူတို့အဖေနဲ့ ခဏခဏ ကံပေါက်သွားလိုက်၊ ကာလိန်အောင် သွားလိုက်၊ ထားဝယ်သွားလိုက်ပဲတဲ့ ခင်ဗျ၊ အရောင်းအဝယ်ကိစ္စလေးတွေ သူတို့အဖေဆီက သင်နေကြတာတဲ့ခင်ဗျ''

''အဲဒါ ဘာဖြစ်လဲကွာ၊ တို့ကိစ္စမှ မဟုတ်တာ၊ သူဟာသူ ဘာလုပ်လုပ်ပေါ့၊ တို့နဲ့မဆိုင်ပါဘူး ဆရာစိန်ထွန်းရာ၊ တို့ အနေသာကြီးပါကွ''

''ဆိုင်တာရှိတယ်ခင်ဗျ''

''အဲဒါဆိုပြော ဘာလဲ''

''ဟိုတလောက လယ်ကြီးက ရိက္ခာ ထုတ်အဖွဲ့နဲ့ ဗိုလ်ကြီးထံပည့် ဘတင်ဆီ စာတစ်စောင် ပေးလိုက်တယ်''

''ဘယ်သူကလဲ''

''အကြီးမကပါ''

''ဘာကိစ္စလဲ၊ ဘတင်နဲ့ ပြန်ဆက်တာလား''

''အဲလို မဟုတ်ပါဘူး ဘတင်ကို ချေ့ပြီး သတင်းမေးတယ်လို့ ဘတင်က ပြောပါတယ်''

''ဘာသတင်းလဲ''

''ဗိုလ်ကြီးသတင်းလေ၊ ဗိုလ်ကြီးမှာ မိန်းမနဲ့ကလေးရှိတယ်ဆိုတာ တကယ်လား လို့ မေးတာတဲ့ခင်ဗျ''

''ထားလိုက်စမ်းပါ ဆရာစိန်ထွန်းရာ၊ မင်းသတင်းတွေ ကိုယ်မသိချင်ပါဘူး။ မင်းတို့လုပ်တာနဲ့ ကြာတော့ ငါပါဒုက္ခရောက်နေပါအုံးမယ်၊ ဘတင်ကိုလည်း ဟိုရောက်ရင် မှာထား။ ကိုယ့်အကြောင်းတွေကို ဘယ်သူ့မှ ဘာမှလျှောက်ပြောမနေနဲ့လို့''

''ဟုတ်ကဲ့…ဟုတ်ကဲ့၊ အခု အကြီးမကြီးက ဆရာကြီးလာဖျနော်တပည့် ရိက္ခာ ကိုင်တဲ့ စံသိန်းလေးနဲ့ ဖြစ်နေပြန်ပြီလို့လည်း အဲဒီဝန်းက ရဲဘော်တွေက ပြောလိုက် တယ်ခင်ဗျ၊ ပြည်သူစစ်တွေ ရိက္ခာထုတ်ကောင်းအောင်နဲ့တူပါတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ပတ်တည်း ကျောင်းဆင်းကြတဲ့ ဘတင်နဲ့ စံသိန်းလည်း မဟာရန်သူကြီးတွေ ဖြစ်နေကြပြီတဲ့ခင်ဗျ''

''ဟေ…ဆရာစိန်ထွန်း၊ တော်တော့ကွာ၊ မင်းတို့ကလည်း၊ မိန်းကလေးတစ်ယောက်ကို အတော်အသင့်ပြော တော်လောက်ပါပြီကွာ၊ ကိုယ်မျှမတည့်တိုင်း မှိုချိုးမျှစ်ချိုးတော့ ခဏခဏမပြောပါနဲ့ကွ၊ မင်းတို့က ဒီကောင်မလေးတွေ မကောင်းကြောင်းချည်းပဲ ငါ့ကို လာလာပြောနေကြတာ၊ တော်ကွာ…နောက် ငါ့ကို ဒီ အကြောင်းမပြောကြနဲ့တော့၊ သူတို့အကြောင်း သိရဲ့သားနဲ့၊ သူတို့က လာကြိုက်ရင် မင်းတို့က ဘာလို့ပြန်ကြိုက်လဲ၊ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ကွ၊ လက်ဆောင်လည်း သူတို့က တောင်းတာမှ မဟုတ်ဘဲ၊ မင်းကောင်တွေက မနေနိုင် မထိုင်နိုင် ဘာလို့ မျက်နှာလို မျက်နှာရ သွားပေးလဲ၊ မပေးနဲ့ပေါ့ကွာ၊ ပေးရင်တော့ ယူမှာပဲ ကိုယ့်လူ''

ကျွန်တော်က ယောကျ်ားသားများ၏ အမနာပပြောသည့်ဒဏ် သူတို့မခံသင့်ဟု ယူဆထားပါသည်။ သူတို့နှင့်ပတ်သက်သည့် သူပြော လူပြောများအား ကျွန်တော်မယုံပါ။ ရုပ်ရည်များကလည်း၊ တကယ့် တောနှင့်မတန်၊ မြို့ဟန်ပန် အမူအရာများနှင့် ပြောတာ၊ ဆိုတာ၊ နေတာ၊ ထိုင်တာ၊ ခေတ်မီ ပွင့်လင်းပြီး ခင်မင်စရာကောင်းသည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ကျွန်တော် လက်လှမ်းမီသလောက် စုံစမ်းကြည့်ရာ သူတို့၏ ဘိုးဘွားများမှာ မွန်နှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာကြီး ဦးဘိုးရိမ်နှင့် ဆွေမျိုးအရင်းအခြာများဖြစ်သည်ဟု ကြားသိထားပါသည်။ ထို့ကြောင့် မျိုးကောင်းရိုးကောင်းများ ဖြစ်ကြ၏။ ကျွန်တော့်ဇနီး၏ အစ်မဝမ်းကွဲ တစ်ဦးနှင့် သူ့ခင်ပွန်းက သာသနာ့ဝန်ထမ်းများဖြစ်ရာ မြန်မာနိုင်ငံ နှစ်ခြင်းအသင်းတော်မှ တာဝန်ပေးချက်အရ မင်းသားလယ်ကြီး၏ မြောက်ဘက်က မွန် ရွာကြီးတစ်ရွာမှ ခရစ်ယာန်အစုတွင် တာဝန် ထမ်းဆောင်နေကြသည်။ မနေ့တစ်နေ့က တိုက်ကင်းထွက်ရင်း ထိုရွာကြီးသို့ ကျွန်တော်ရောက်ရာ သူတို့နှင့်တွေ့ဆုံ၍ ခမောမြန်းရင်း သိလာခဲ့သည့်အချက်များ ဖြစ်ပါ၏။

ယယ်ယယ်ရွယ်ရွယ် မိန်းကလေးများ၏ အမနာပကို ယောကျ်ားသားများက အထူးသဖြင့် စစ်သားအရင့်အမာကြီးများက ယခုလို မလိုတမာပြောကြသည့် စကားများအား နားကလောလှသဖြင့် ကျွန်တော် ကြာကြာ နားထောင်လေ့ မရှိပါခင်ဗျာ။

သူတို့က လာကြိုက်ရင်
မင်းတို့က ဘာလို့ပြန်ကြိုက်လဲ၊
ရည်းစားတစ်ထောင်
လင်ကောင်တစ်ယောက်ကွ၊
လက်ဆောင်လည်း သူတို့က
တောင်းတာမှ မဟုတ်ဘဲ၊
မင်းကောင်တွေက
မနေနိုင် မထိုင်နိုင် . . .

၁ ၁ ၁

ကျွန်တော်မကြိုက်မှန်းသိ၍ မှယာတို့ မြူပြာတို့ မကောင်းကြောင်း မည်သူကမျှ

ကျွန်တော့်ကို မပြောကြတော့ပါ။ ကျွန်တော့် အကျရှုံးခဲ့သော ဘတင်ကလည်း ဘာမျှမပြောပါ။ သို့ရာတွင် ရုံးအဖွဲ့မှ ဆေးတပ်သားကျော်ရွှေနှင့် စက်ကိုင်ရဲဘော် ခင်မောင်သစ်တို့ကတော့ ဘတင်အပါအဝင် မင်းသားနှင့် လယ်ကြီးစခန်းနှစ်ခုလုံးက လူပျိုရဲဘော်များက မြူပြာနှင့် မှယာတို့ ညီအစ်မတစ်တွေကို လက်ဆောင်ပစ္စည်းများ ကြိုလျှင်ကြိုသလို မကြာခဏ ပေးနေကြဆဲဆိုသည်ကိုမူ သူတို့ချင်း ပြောနေသံ တစ်စွန်းတစ်စတော့ ကျွန်တော် ကြားမိပါသည်။

''ဟေ့ကောင်ရေ . . .ရှုပ်ရှုပ်နဲ့ ဘုတ်ဘုတ်ကို ပိုးကြေးပန်းကြေး မပေးရဘာ တော့ တို့ ဗိုလ်ကြီးနဲ့ ဆရာကြီးလေချနေ ပ် ရှုံးမယ်ထင်တယ်ကွ''

ဟု သူတို့ အချင်းချင်းသတိစကားကိုကြားတော့ ကျွန်တော် စိတ်မဆိုးနိုင်တော့ဘဲ တစ်ယောက်တည်း ရယ်မိပါသေးသည်။

ထိုနှစ်ချွေက ပင်လယ်သို့ ငွေစင်ရော်စစ်ဆင်ရေးဆိုပြီး နှစ်ခေါက်သုံးခေါက် ထွက်လိုက်ရသည်။ ဒီဘက်က ခိုးထုတ်သည့် ကျွန်းသစ်နှင့် ရော်ဘာ၊ ပဲမျိုးစုံ စသည့် ပစ္စည်းများ တင်ဆောင်သွားသည့် စက်လှေများအား ဖမ်းဆီးရသလို ဟိုဘက်က ပြန်ဝင်လာသည့် စက်ဘီး၊ အင်္ဂတော်ဆိုင်ကယ်၊ ကက်ဆက်၊ ရေဒီယို၊ တာယာအမျိုးမျိုး စသည့် စက်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်း အမျိုးမျိုး ပြန်သယ်လာသည့် စက်လှေများကို ဖမ်းဆီးရမိသည်။ ပင်လယ်နှင့် နပန်းလုံးနေရသဖြင့် မှယာတို့၊ မြူပြာတို့ကိစ္စများ မေ့သွားတော့၏။ ခမီးကလည်း တစ်ခေါက်လျှင် ဆယ့်ငါးရက်၊ ရက်နှစ်ဆယ်ကြာသည်။ ပစ္စည်းများကလည်း အမျိုးစုံဖမ်းမိသည်။ ကာလိန်အောင်ရှိ စစ်ကြောင်းရုံးသို့ တရင်းနှင့် အင်းနှင့် သွားအပ်ရသည်။ သကြံန်ပြီးခါ အခေါက်ကမူ ပင်လယ်သို့ထွက်ခဲ့ရာ ရနောင်းပြန်စက်လှေကြီးမှ မိတ်ဆွေဟောင်းကြီး ဦးကျင်ဌွမ်နှင့် ငွေသောင်ယံဆိပ်ကမ်းမှာ သွားတွေ့၏။ သူပါသည့် ပစ္စည်းများ အကုန်ချိုးဖြစ်သဖြင့် ဦးကျင်ဌွမ်က တရုတ်ပီပီ အေးအေးဆေးဆေး တရုတ်ဆေးစီးအရက်တစ်အိုးနှင့် နပ်နေသည်။ ပင်လယ်ကဗ္ဗီးပင်များအောက်မှာ ဖိမ်ကျနေသည်။

''ဟေ့လူ . . .ဦးကျင်ဌွမ်''

သူက ကျွန်တော့်ကိုမြင်တော့–

''ဟာ . . .ဗိုလ်ကြီး . . .လာချို ဘယ့်နှယ် တောထဲတောင်ထဲ လာဆုံနေရတယ်လို့ ဘာလာလုပ်တာလဲ ပြောပါအုံး''

ဟု ဆိုလေတော့သည်။ ထိုအခါ ကျွန်တော်က ရယ်ပြုံးပြုံးနှင့် . . .

''ခင်ဗျား လာဖမ်းတာလေ''

''ဗိုလ်ကြီးကတော့ လုပ်ပြီ''

သူနှင့် ကျွန်တော်သည် ၁၉၇၃ ခုနှစ်က ရေးတွင် စစ်ကြောင်းရုံးအိုင်အို ကျွန်တော် လုပ်ခဲ့စဉ်ကတည်းက သိကျွမ်းခဲ့ခြင်း ဖြစ်၏။ ထားဝယ်သား တရုတ်ကြီးဖြစ်ပြီး ရေးက မွန်အမျိုးသမီးကိုယူထား၍ ရေးတွင် သူ့အိမ်ရှိသည်။ စက်လှေဖြင့် ပင်လယ်ထွက် မည့်ကိစ္စအတွက် လုံခြုံရေးဆိုင်ရာ ခွင့်ပြုချက်များလာယူရင်း သူနှင့်ကျွန်တော် သိကျွမ်းခဲ့ခြင်းပါပေ။ သူက ပင်လယ်မှပြန်လာတိုင်း သတင်းများ လာပေးတတ်၏။ ပင်လယ်ပြင်သတင်း၊ စက်လှေတွေသတင်း၊ သောင်းကျန်းသူသတင်း၊ ပင်လယ်ဓားပြသတင်း၊ စီးပွားရေးသတင်း၊ အမျိုးစုံပါပေ၏။ ဒါသာမကပါ။ ကျွန်တော်တို့ကြိုက်တတ်မှန်း သိသဖြင့် တာရာပီစကီပုလင်းပြား ဖာလိုက်၊ ခေတ်ခဲ ဖာလိုက်၊ ကြက်တူရွေးသစ်ပြာ အမွှေးဆဲ ဖာလိုက်၊ နီဆီသေတ္တာ ဖာလိုက်၊



အသားတွေ၊ ငါးတွေ၊ ဖာလိုက် လက်ဆောင်ပေးတတ်၏။ ကျွန်တော့်အတွက် သပ်သပ်ဟုဆိုပြီး ဝိနံ့ဘီစကွတ်မုန့်ပုံးကြီးများကို သီးသန့်လက်ဆောင်ပေးတတ်ပါသေးသည်။ အိမ်က ကလေးသုံးယောက်က သကြားဖြူး ဝိနံ့ဘီစကွတ်များအား အလွန်ကြိုက်ကြ၏။ သူ့ကလေးများစားရန် မေက ထိုမုန့်ပုံးများ ခဏခဏမှာသည်။ မှာတိုင်းလည်း ဦးကျင်ဌွမ်ဆီက သွားယူ၍ ပို့ပေးရ၏။

ယခုလည်း ထိုမိတ်ဆွေဟောင်းကြီးနှင့် လာတွေ့နေ၏။

''ဘယ်လိုလဲ ဆရာကြီး၊ လုပ်စားကိုင်စား အဆင်ပြေရဲ့လား''

''မဆိုးပါဘူး ဗိုလ်ကြီးရာ၊ စီးပွားဖြစ်ပါတယ်။ ရေထွက်ကုန်ပစ္စည်း ဝယ်ရောင်းကာ ကောင်းနေတာ သုံးလေးနှစ်ရှိပြီ၊ ဒီတစ်ခေါက်တော့ ကျွန်တော် ကော့သောင်းအထိပဲ ရောက်ခဲ့တယ်၊ ပစ္စည်းလည်း အားလုံးရောင်းကောင်းရတယ်၊ မောလွန်းလို့ ရေးမပြန်ခင် ဘယ်သူမှမသိအောင် ဒီချောင်ကလေးမှာ လာခိုနေမှ ဗိုလ်ကြီးနဲ့ ဆုံတော့တာကိုး။ ဗိုလ်ကြီးရော ဘာကိစ္စလဲ၊ ကျွန်တော် ဘာကူညီရမှာလဲ၊ ပြောပါ''

''ဦးကျင်ဌွမ်ကလည်းဗျာ . . .စစ်သားတောထဲထွက်လာရင် စစ်တိုက်ဖို့ပေါ့ဗျာ၊ စစ်ရေး စစ်ရာပေါ့၊ သိပ်မလှုပ်ပါနဲ့ ခင်ဗျားကို မဖမ်းပါဘူး . . .ဟဲ . . ဟဲ . . ဟဲ''

ကျွန်တော်က ကျွန်တော့်လာရင်းကိစ္စကို သူ့မပြောသင့်သဖြင့် ဝေ့လည်ကြောင်ပတ်လုပ်ကာ ဖြေလိုက်သည်။

တကယ်က ဒီတစ်ခေါက် ကျွန်တော့်တာဝန်မှာ မှောင်ခိုစက်လှေများ ဖမ်းရန်မဟုတ်ပါ။ ကံပေါက်အနီး အုံးပင်ကွင်းရွာကြီးမှ ဧဗ္ဗာကျော်ထင် ဦးစံမြိုင်၏ သားများဖြစ်သည့် P.D.P ပြည်ပြေးကျားနက်တပ်ရင်းမှူး မောင်စိုးနှင့် ဒုတပ်ရင်းမှူး တင်ငွေတို့ စက်လှေဖြင့် ဟိန်းဖဲချောင်းရိုးသို့ ဝင်ရောက်လာမည်။ ထို့မှတဆင့် သူ့အဖေနှင့် ဆွေမျိုးများရှိရာ အုံးပင်ကွင်းသို့သွားမည်။ ထိုသတင်း၊ ဟုတ်၊ မဟုတ် မြေပြင်သတင်းဖော်ထုတ်အတည်ပြုပေးရေးသာ ဖြစ်ပါ၏။ ထိုကိစ္စ ဦးကျင်ဌွမ်ကို အသိပေးလို့မရပါ။

ထိုနေ့ညက ငွေသောင်ယံတွင် ဦးကျင်ဌွမ်နှင့် တစ်ညတာ အတူစကားပြောရင်း သူ့ တည်ခင်းသည့် ညစာကို တရုတ်ဆေး

စိမ်များနှင့် မိုဝဲစားသုံးရင်း အနားယူခြင်းဖြစ်သည်။ နောက်နေ့၌ အထက်ဗွာနစ်၏ ညွှန်ကြားချက်အရ မင်းသားလေယာဉ်ကြီးသို့ ပြန်လည် ဝင်ရောက်ခဲ့ရ၏။ အပြန်၌ ဦးကျော်ငွမ်က အသားဘူး၊ ငါးဘူးများ၊ ကွတ်ဆီပ်ဆောပတ်ဘူးများ၊ ကုလားပဲခြင်းဆွဲ နို့ဆီဘူးများ၊ နေရှင်နယ်ဓာတ်ခဲများ၊ မုန့်ပုံးများ လက်ဆောင်ပေးလိုက်၏။ ကျွန်တော်ဝတ် ရန် စပို့ရှပ် သုံးလေးထည်လည်း ပေးလိုက်ပါသေးသည်။

"ဗိုလ်ကြီး ဒါကတော့ အထူးလက်ဆောင်ပျ၊ ဗိုလ်ကြီးကတော်အတွက်"

ဟု ဆို၍ ပစ္စည်းထုပ်ငယ် Max Factor အလှပြင် ဘူးနှစ်ဘူး ထည့်ပေးလိုက်သည်။

ဦးကျော်ငွမ်ကို နှုတ်ဆက်ကာ ပြန်ခဲ့၏။ စခန်းပြန်ရောက်မှ သူပေးလိုက်သည့်ပစ္စည်းများကို ကြည့်မိ၏။ တခြားပစ္စည်းများက မထူးခြားပါ။ Max Factor Box ကတော့ တစ်ခါမှ မတွေ့ဘူး၍ အထူးအဆန်းဖြစ်နေ၏။ အပြာနုရောင် အလှမိန်ယံဘူးဖြစ်၏။ ကိုယ်က ယောကျာ်းလည်းဖြစ်၊ စစ်သားလည်းဖြစ်ရာ ဒါမျိုးတွေ ကိုယ့်အလုပ်မဟုတ်သဖြင့် မတွေ့ဘူးခြင်း ဖြစ်ပါလိမ့်မည်။ ဘူးလေးတွေက လှတော့အတော်လှသည်။ မှန်သေတ္တာ အငယ်စားအရွယ် ထိုဘူးများထဲ၌ Body Powder, Face Powder, Eye Brow Pencil, Eye Brush စသည့် အလှပြင်ပစ္စည်းအစုံပါ၏။ မိန်းကလေးများအကြိုက်ပါပေ။ ဘူးကလည်း နှစ်ဘူးကြီးများတောင်။ မေကာလည်း တောင်ငူပြန်ပြေးသွားပြီ။ ဘယ်သူပေးရပါ့။ လောလောဆယ်တော့ ဘယ်သူ့မှ ပေးစရာမလို။ ထားလိုက်ပါဦးမည်။

ထို့ကြောင့် ထိုဘူးလှလှလေးနှစ်လုံးအား-

"ကဲ···မင်းတို့သခင်မ မရှိသေးဘူး။ ပုံးထဲမှာ ဝါဆိုပေအုံးတော့"

ဟု ကိုယ့်ဟာကိုယ်ပြောပြီး စစ်ဆင်ရေး ပုံးထဲ၌ အသာအည့်ထားလိုက်ပါတော့သည်ခင်များ။

ပင်လယ်ကပြန်လာပြီး သုံးလေးငါးရက်သာ ကြာသေးသည်။ မင်းသားစခန်းရှိ ကျွန်တော်နေသည့် တဲကလေး၌ တပ်မှပို့ပေးထားသည့် ပြည်သူ့တပ်မတော်စာစဉ်များနှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်းများကို အပျင်းပြေ ဖတ်ရှုနေမိ၏။ **'အစ်ကိုတို့စစ်သား'** အမည်ဖြင့် ဝတ္ထုဆောင်းပါးများရေးသားရန် အားထုတ်ကြည့်နေစဉ်ကာလလည်း ဖြစ်၏။ အချိန်က မနက် ၁၀ နာရီခန့်။

"ဗိုလ်ကြီး ဧည့်သည်တွေ့ချင်လို့ စခန်းဝမှာ ရောက်နေတယ်ခင်ဗျ"

ကင်းသမားက လာသတင်းပို့၏။

"ဘယ်ကတဲ့လဲ"

"လယ်ကြီးကတဲ့ခင်ဗျ"

"ဟေ···ဘယ်သူတွေလဲကွ"

"ဦးဟန်ကြည်ရဲ့ သမီးတွေတဲ့ခင်ဗျ"

"ဪ···အာကိစ္စပါလိမ့်၊ ခေါ်ခဲ့လေကွာ"

တစ်ခါမှ မလာဖူး၊ အလာထူး၍ ငြင်းလွှတ်လိုက်ရအခက်မို့အခေါ်ခိုင်းလိုက်သည်။ မှုယာနဲ့ ဖြူပြာတို့ ညီအစ်မ ခရမ်းရောင်ခရစ်နိုင်လွန်အပေါ်အောက် ဆင်တူဝတ်ပြီး ကျွန်တော့်တဲလေးအတွင်းသို့ ရောက်လာ၏။ လှပြီးသားကို ထပ်ပြီးပြင်ဆင်လာရာ အလှတွင် အယဉ်ဆင့်ပြီး အသွင်က ပိုတင့်လေ၏။ တင်းနေအောင်ဝတ်ထားသော ထဘီများကြောင့် သူတို့၏ ခန္ဓာကိုယ်အောက်ပိုင်း အလှများက ပိုပီပြင်နေသည်။ ဒီနေ့ညနေတော့ ထိုအလှအပများကို အာရုံခံရင်း ခါးသိမ်သိမ် တာရာဝီဇကီပဲ သောက်ဖြစ်တော့



မည် ထင်၏။ ဖျတ်ခနဲ မနောက်ကို တားလိုက်ရ၏။

"ဪ···မှုယာတို့ ညီအစ်မပါလား။ ထိုင်ကြ၊ ထိုင်ကြ၊ ဘယ်ကလာကြတာလဲ"

ညီအစ်မနှစ်ယောက်က လှပစွာပြုံးလိုက်သည်။ သူတို့နှစ်ယောက် ဝင်လာ သဖြင့် ကျွန်တော့်တဲကလေးမှာ အမျိုး အမည်မသိ ရေမွှေးနံ့များ ကြိုင်လှိုင်သွား၏။ ဂုံယာနှင်းဆီ နက်နံ့လားတော့ မသိ။ သက်ဦးတစ်ယောက် တောထဲ၌ ဥစ္စာစောင့်မလေးများနှင့် တွေ့နေပေပြီ။

"ဦးဘာဘီညီမ မင်္ဂလာဆောင်ကိုလာတာ ဗိုလ်ကြီး။ ဗိုလ်ကြီးစခန်းလည်း တစ်ခါမှ မရောက်ဘူးလို့ ဗိုလ်ကြီးနဲ့လည်း မတွေ့တာကြာလို့ ဝင်လာတာပါ ဗိုလ်ကြီး"

"အမေကြီးနဲ့ အဖေကြီးရော မလာဘူးလား"

"အမေကြီးက အအေးမိပြီး နှာစေးချောင်းဆိုးနဲ့ နည်းနည်းနေမကောင်းလို့ သမီးတွေ လွှတ်လိုက်တာပါ"

"ဪ"

"ကဲ···ကင်းသမားရဲဘော်ရေ ဆရာဝင်းမောင်ကို လက်ဖက်ရည်နှစ်ခွက်ဖျော်ပြီး လာပို့ခိုင်းကွာ"

လက်ဖက်ရည်ကို စစ်မတ်ခွက်ဖြင့်ပင် တိုက်လိုက်ရ၏။

"ကဲ · · ·မှုယာတို့ လက်ဖက်ရည်သောက်ကြအုံး။ မင်္ဂလာဆောင်က ဘာကျွေးလဲ၊ တို့လည်း ဖိတ်တယ်၊ ၁၂နာရီလောက်မှ သွားမလားလို့"

"ထမင်းကျွေးတာ ဗိုလ်ကြီးရဲ့ ထားဝယ်ချက်ပေါ့"

ကိုဘာဘီတို့က ထားဝယ်ဇာတိများ ဖြစ်ကြသည်။

"ဪ"

မှုယာနဲ့ ဖြူပြာက ကျွန်တော့်တဲကလေးကို မျက်လုံးတစ်ချက်ဝေ့ပြီး အကဲခတ်လိုက်သည်။ ကျွန်တော်က ရှုပ်ရှုပ်ယှက်ယှက် မနေတတ်သူ။ ထို့ကြောင့် အားလုံးကို နေသားတကျ သပ်သပ်ရပ်ရပ်ထား၏။

"ဗိုလ်ကြီး တဲကလေးက သပ်သပ်ရပ်ရပ်နော်၊ ရှင်းနေတာပဲ၊ ဗိုလ်ကြီး အားတဲ့အခါ ဘာလုပ်လဲဟင်"

စကားစတတ်သည့် မှုယာကပင် ပြော၏။ ဖြူပြာကတော့ ငြိမ်နေသည်။

"ရဲဘော်တွေ ရှင်းပေးထားတာပါ၊ ဘို့ အလုပ်က ဘာမှမှ မရှိဘဲ၊ အားတဲ့အခါ စာရေး၊ စာဖတ်၊ ရေဒီယိုနားထောင်၊ ကက်ဆက်နားထောင် ဒါပဲလေ၊ အဲ…ညနေကျတော့ အာဗီရုမ်လေး တစ်ခွက်တစ်ဖလားပေ့ါ၊ အာဗီရုမ်မရှိတဲ့အခါ အလွှမ်းပြေ ဒါး သေးသေးတာရာဝီစကီ ပုလင်းပြားလေးတွေပေ့ါ၊ ဟိုမှာလေ"

ကျွန်တော်က ဘာရာဝီစကီ ပုလင်းပြားများကို ထိုးပြလိုက်သည်။ ထိုအခါ ဘာကို သဘောပေါက်သွားသည်မသိ။ မှုယာက သူမ၏အင်္ကျီကို ခါးထိဆွဲဆန့်ရင်း ခစ်ခနဲ ရယ်လိုက်၏။

"ဘာသဘောကျတာလဲ"

"ဟင့်အင်း…ဘာမှမဟုတ်ပါဘူး"

ထို့နောက် သူတို့ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ ပြီးတော့ မှုယာကပင်-

"ဗိုလ်ကြီး…ကျွန်မတို့ပြန်မယ်နော်"

"ဪ…ပြန်တော့မှာလား။ ခြေကျင်လာတာလား"

"ဟင့်အင်း…မဟုတ်ပါဘူး။ ဟိန်းဇံဘက်က စက်လှေနဲ့လာတာပါ၊ အဖော်တွေနဲ့ဆိုတော့ ပြန်မှဖြစ်မှာ"

"ပြန်လေ၊ ဪ…ကြုံတုန်းကြုံခိုက် အမှတ်တရလက်ဆောင် ပေးလိုက်အုံးမယ်၊ ခဏ…ခဏ"

ကျွန်တော်က စစ်ဆင်ရေးသံပုံးထဲမှ Max Factor အလှပြင်ဘူးလေးတစ်ဘူးအား ထုတ်ယူပြီး သူတို့ညီအစ်မလက်ထဲ ထည့်လိုက်၏။

"ရော့…ဒါယူသွား။ လီမ်ကြေ၊ ဒါ လီမ်းတိုင်း တို့ကိုသတိရပေး။ ဟုတ်လား"

"ဟယ်…Max Factor ဘူးလေး။ ဈေးသိပ်ကြီးတာ၊ သိပ်ရှားတာ ဗိုလ်ကြီးရဲ့၊ ဘယ်သူ့အတွက် ဝယ်ထားတာလဲဟင်"

ကျွန်တော်က ဘာမှပြန်မပြောတော့ပါ။ ပြုံး၍သာ နေလိုက်တော့၏။

"ကျေးဇူးပဲနော် ဗိုလ်ကြီး"

သူတို့ညီအစ်မ ပြန်ထွက်သွားတော့ အတွေးများစွာ ကျန်ခဲ့၏။ စခန်းဝတီတော့ လိုက်ပို့လိုက်ပါသည်။

ထိုညက ကောင်းကောင်းအိပ်မပျော် ပါ။ မှုယာ၏ တင်းရင်းသောကိုယ်လုံးအလှ နှင့် ချစ်စရာကောင်းသော နှုတ်ခမ်းလုံးလုံး



လေးကို သတိရနေမိသည်၊ အိုဗီဂါဆံပင် ဒါခါ ခါခါလေးကိုလည်း ပြန်မြင်နေသည်။ တော်တော်နဲ့ မျက်လုံးသဲကမထွက်။ ငါကြီး တော့မည်။

ဟယ်…ကိုယ့်ဟာမှမဟုတ်ဘဲ။ ဘာဖြစ်လို့ သတိရနေတာလဲဟု ကိုယ့်ကိုယ်ကိုယ် အတင်းဆုံးမ တရားချကာ အိပ်လိုက်ရပါတော့သည် ခင်ဗျာ။

၀ ၀ ၀

June, July မိုးဖြိုင်ဖြိုင်ရွာပြီ။ မကြာမီ ဝါဝင်တော့မည်။

ကျွန်တော်ပင်လျှင် ဒီဒေသရောက်တာ လေးငါးလရှိသွားပြီ။

ကလိန်အောင်စစ်ကြောင်းရုံးသို့ တပ်ရင်းမှ ပြန်ရောက်လာသည့် စစ်ကြောင်းမှူး ဗိုလ်မှူးစံကြည်က ကျွန်တော့်ကို ခဏတွေ့လိုသည်။ မိချောင်းအိုင်ကို တက်ခဲ့ပါဟု လှမ်းမှာသည်။ ဘာကိစ္စမှန်းတော့ မသိပါ။ သူသည် ယခင်က ကျွန်တော့်တပ်ခွဲမှူး ဖြစ်ဖူးသည်။ ကျွန်တော်ကလည်း၊ ဆေးအခွင့် နှိပ်ထားတာ July ကုန်လျှင် ခြောက်လပြည့်ပြီမို့ ဆေးစစ်သွားချင်နေသည်။ ဆေးအခွင့် ပြန်မြှင့်ချင်နေသည်။ ထိုကိစ္စကိုတင်ပြရန် ဗိုလ်မှူးစံကြည်နှင့် တွေ့ချင်ပါသည်။ ထို့ကြောင့် သူထံမှ ကြေးနန်းပြီးနောက်နေ့ ၌ စက်လှေဖြင့် မင်းသားစခန်းမှ ထွက်ခဲ့၏။ ဒုတပ်ကြပ်ဝင်းမောင်နှင့် တပ်စိတ်တစ်စိတ်ကို ခေါ်လာသည်။

စခန်းကအထွက် နောက်ကျသဖြင့် မိချောင်းအိုင်သို့ ညနေမှရောက်သွားသည်။ ဗိုလ်မှူးစံကြည်နှင့် တစ်ညအတူအိပ်ပြီး အလုပ်ကိစ္စများပြောဖြစ်သည်။ သူက ကျွန်တော့်ကို ခေါ်တွေ့သည်မှာ ၁၉၇၄ ခုနှစ်၊ ကျွန်တော် သေနတ်မှန်စဉ်က ကျွန်တော့်တပ်ခွဲအား သူ ခဏဝင်ကိုင်ခဲ့ရာ ထိုစဉ်က မရှင်းနိုင်ဘဲကျန်ခဲ့သည့် စစ်ဆင်ရေး ကြို တင် ငွေကိစ္စများ၊ ခဲယမ်းမီးကျောက်ကိစ္စ များ၊ ရိက္ခာကိစ္စများ ရှင်းလင်းရန်ဖြစ်၏။ လူချင်းတွေ့ပြီးသည့်အခါတွင်မှ အားလုံးရှင်းသွားတော့၏။ ငွေကြေးကိစ္စအတော်များများကို ဗိုလ်မှူးစံကြည်ကပင် တာဝန်ယူပြေရှင်းပေးသွားသည်။ ဆေးစစ်သွားရေးကိစ္စကိုမူ တပ်ရင်းမှူးကြီး တင်ပြပေးမည်ဟုဆို၏။

နောက်တစ်နေ့၌ လူချင်းခွဲသည်။ သူက ကလိန်အောင်ပြန်မည်။ ကျွန်တော်က မင်းသားစခန်းကို ပြန်မည်။ လူချင်းမခွဲမီတွင်မှ အောက်ပါအတိုင်းပြောတော့၏။

"ကိုသက်ဦး…ခင်ဗျား အမျိုးသမီးလေးနဲ့ ကလေးတွေ ပြန်ခေါ်ပါဗျာ၊ အိမ်ဘာဖြစ်လို့ ပြန်အပ်လိုက်ရတာလဲ၊ အဲဒီ တပ်ထောက်ဗိုလ်ကြီးပြောပြီ၊ ကျောက်တစ်လုံးက ခင်ဗျားအိမ် ကျွန်တော်ပြန်တောင်းထားခဲ့တယ်၊ ခင်ဗျားအမျိုးသမီးနဲ့ ကလေးတွေလည်း သီတင်းကျွတ်အမီ ပြန်ခေါ်လိုက်ဖို့ အမာ့ကို ကျွန်တော်မှာခဲ့တယ်"

အမာဆိုသည်မှာ သူ့ဇနီးဖြစ်ပါသည်။

ကျွန်တော် ငိုင်သွားသည်။ မေ့ကို စိတ်မဆိုးစဖူး စိတ်ဆိုးပြီး ကျွန်တော်ပြန်ပို့လိုက်ခြင်းဖြစ်၏။ အရေးထဲမှာ တပ်သားကငွေပါ လျော်လိုက်ရရာ နွားဝဲ့ လဲရာသူခိုးထောင်း ဖြစ်သွား၏။ ယခု ရှေ့တန်း၌ လေးငါးလ နေလိုက်ရသဖြင့် ထိုကိစ္စတွေအားလုံး ကျော်လွန်ပြီးပြောက်သွားပါပြီ၊ မေနဲ့ ကလေးတွေကို ပြန်ခေါ်မယ်ဆိုလည်း ပြန်ခေါ်၍ရပါပြီ။ ရှေ့တန်းတွင် တပ်ရင်းမှူးကြီးနှင့် တပ်ခွဲမှူးများက ကျွန်တော့်သတင်းကြားပြီး ကရုဏာ သက်၍ ငွေကြေးအကူအညီပေးကြရာ

အတန်အသင့် ကျွန်တော့်လက်ထဲ၌ ပိုက်ဆံစုမိနေပြီ။ သောင်းဂဏန်းနီးနီးရနေပြီ။ ပေးစရာတွေအားလုံး ရှင်းလို့ရပြီ။

ထို့ကြောင့်…

"ဗိုလ်မှူး ကောင်းမယ်ထင်လို့ ဆောင်ရွက်ခဲ့တာ ဘာမှပြောစရာမရှိပါဘူး"

ဟု ပြောလိုက်ရတော့သည်။

အပြန်တွင်မှ စစ်ကြောင်းမှူး ထည့်ပေးလိုက်သည့် ချမ်းသာတွေ့ရမှ ရမ် တစ်ပုလင်းဖွင့်ကာ Feeling တက်တက်ဖြင့် ခဏခဏစီးစီး အာမီချမ်းသောက်ရင်း ကက်ဆက်ကို အကျယ်ကြီးဖွင့်ကာ မီချောင်းအိုင်မှ ဟိန်းစံချောင်းအတိုင်း ပြန်ဆင်းခဲ့သည်။ ကိုမြကြီးနှင့် တွဲတေးသီချင်းတန် သီချင်းခွေများသာပါရာ ဖါတာဖွင့်ခိုင်းရ၏။

ကျွန်တော်တို့စက်လှေမှာ အတော်ကြီးသည်။ တပ်စုတစ်စု ဆန့်သည်။ ပါလာသည်က တပ်စိတ်တစ်စိတ်သာဖြစ်၏။

"ကျယ်ကျယ်ဝန်းဝန်းဆိုတော့ ကက်ဆက်ဖွင့်ပြီး တက်ကကြတာပေါ့ကွာ"

ကျွန်တော်ကပြောတော့ တပည့်ကျော်ခင်မောင်သစ်နှင့် ကျော်ရွှေတို့က…

"ကောင်းတယ် ဗိုလ်ကြီး"

ဟု အပြည့်အဝထောက်ခံကြ၏။ ပေါ့လော့ ပါလာနှင့် အားလုံးပျော်လာကြ သည်။

"ဗိုလ်ကြီး…ဟိုမှာ…ဟိုမှာ…ရွှပ်ရွှပ်နဲ့ သူ့အဒေါ်"

ဒါမျိုးဆို အလွန်မျက်စိလျင်သည့် ကျော်ရွှေကြီးကပြောသည်။ သူ့စကားမဆုံးလိုက်။ အပေါ်အောက် လိမ္မော်ရောင် ခရစ်နိုင်လွန်ဝမ်းဆက်နှင့် မှယာက ကျွန်တော်တို့ စက်လှေအနီးသို့ သူ့အဒေါ်ဆိုသည့် အသက်သုံးဆယ်ကျော်ကျော် ဖြူဖြူဖွံ့ဖွံ့ဖြောင့်ဖြောင့် အမျိုးသမီးနှင့်အတူ ရောက်လာ၏။

"မေပေါ်အုံ့ကွ၊ ဘာလဲလို့"

"ဗိုလ်ကြီး…ရွှပ်ရွှပ်တို့က စက်လှေကြုံ လိုက်ချင်လို့တဲ့ခင်ဗျ"

တပ်စိတ်မှူး ဒုတပ်ကြပ် ဝင်းမောင်က သတင်းပို့သည်။

"လိုက်ပါစေကွာ၊ အကျယ်ကြီးပဲ၊ ခေါ်ခဲ့…ခေါ်ခဲ့"

မှယာတို့ပါလာက ပို၍ ပျော်စရာကောင်းသွားမည် ထင်သည်။

သူတို့နှစ်ဦးမှာ လူချည်းသာမဟုတ်ပါ။ ပစ္စည်းပစ္စယများလည်းပါ၏။ အထုပ်အပိုး တော်တော်များသည်။ ခေါက်ဆွဲထုပ်၊ မုန့်ပုံး အချိုရည်ပုလင်းနှင့် ဗီစကီပုလင်းများကို တွေ့နေရသည်။ စားစရာ၊ သောက်စရာများ ထင်ပါ၏။ ကလေးမကလေးက ဒါတွေနဲ့ ဘာလုပ်မှာပါလိမ့်။ မျက်နှာကြည့်ရတာကလည်း ဟိုတုန်းနဲ့မတူ၊ တစ်မျိုးဖြစ်နေ၏။ မှိုရသည့်မျက်နှာမျိုး။ ထိုစဉ် ကျွန်တော့် ကက်ဆက်ကလည်း ကိုမြကြီးရဲ့ ဒီသုံးယောက်မ အလှဆုံးသီချင်း လာနေသည်။

"ပေဘာဒီရွာတစ်ရွာလုံး ဒီသုံးယောက်မ အလှဆုံးဖြစ်ပေမယ်၊ ကျေးတောရွာတစ်ရွာလုံး ဒီသုံးယောက်မဟင် အလှဆုံးဖြစ်ပေမယ်"တဲ့၊ ထားပါတော့။ လှပြီးသားပဲ။

"ဘယ်က ပြန်လာတာလဲ မှယာ"

"ကံပေါက်ကပါ"

"ဘာသွားလုပ်ကြတာလဲ"

ကျွန်တော့်အမေးကို မှယာက ချက်ချင်း မဖြေ။ မပြုံးတုံ့တုံ့၊ ပြုံးတုံ့တုံ့လုပ်နေသည်။ အလွန်နွတ်သွက်သည့် ကလေးမ ဘာဖြစ်နေတာလဲ။ ဒီနေ့မှငြိမ်နေသည်။

"မနက်ဖြန် မင်္ဂလာဆောင်မလို့"

သူ့မအဒေါ်ဆိုသူက ရုတ်တရက်ဝင် ပြောလိုက်၏။

"ဩော်…ဟုတ်လား။ ဘာမှမကြား လိုက်ပါလား"

"တမြန်နေ့မနေ့က ဗိုလ်ကြီးဆီ ဖိတ်စာ ပို့ပါတယ်"

မှယာက ပြောသည်။

"တို့မရှိတာ၊ တို့က မီချောင်းအိုင်မှာ"

ထိုအခါ ကျွန်တော့်အနီးထိုင်နေသည့် ကျော်ရွှေကြီးက နားနားကပ်ပြီး တိုးတိုး တိတ်တိတ် ပြောတော့၏။

"ဗိုလ်ကြီးက ဘာမှမသိတာ၊ တပည့်ကြီး မောင်ဘတင်ကတော့ ငိုနေတာ တစ်ပတ်လောက်ရှိပြီ၊ ရွှပ်ရွှပ်က ကံပေါက်က စက်လှေပိုင်ရှင် ဦးမောင်လှိုင်ရဲ့သားနဲ့ မနက်ဖြန် ယူတော့မှာ ဗိုလ်ကြီးရဲ့၊ လယ်ကြီးမှာ မင်္ဂလာဆောင်ပြီးရင် ကံပေါက်တောင် သွားဆောင်အုံးမယ်တဲ့"

"ဟော"

ဒါကြောင့်ဖြစ်မည်ထင်သည်။ တပည့်ကျော် ဘတင် နေမကောင်းလို့ဆိုပြီး ကျွန်တော့် ဝေယျာဝစ္စကို ဒုတပ်ကြပ်ဝင်းမောင်က လာလုပ်ပေးနေတာ တစ်ပတ်ရှိပြီပဲ။ ဒါတွေ ကျွန်တော်မသိပါ။ အခုတော့ မှယာ တစ်ယောက် မင်္ဂလာတောင် ဆောင်တော့မည်ဆိုပဲ။

"အေးလေ၊ သူ့ဟာသူ သူ့ပစ္စည်းနဲ့ သူဆောင်တာ ဘာဖြစ်လဲ၊ ကိုယ်အနေသာကြီးပဲ၊ ကိုယ်နဲ့လည်း ဘာဆိုင်တာမှတ်လို့"

ကျွန်တော့်အတွေး မဆုံးလိုက်…

"ဗိုလ်ကြီး"

နောက်ကလာသည့် အသံကလေး။ လှည့်ကြည့်တော့ မှယာ၊ လှသော မှယာ။

"ဟို…ခေါ်တာလား"

"ဟုတ်တယ် ဗိုလ်ကြီး၊ ကျွန်မ မနက်ဖြန် တကယ်မင်္ဂလာဆောင်တော့မှာ၊ ဗိုလ်ကြီး ဘာလက်ဖွဲ့မှာလဲ၊ ဗိုလ်ကြီး လက်ဖွဲ့ရမယ်နော်၊ တစ်သက်လုံး အမှတ်တရဖြစ်မယ့်ဟာ တစ်ခုခုနော်"

ခုမှ သူမက မချိုမချဉ်မျက်နှာလေးဖြင့် ဆိုလာ၏။

ကျွန်တော်က သူမကို စူးစမ်းသည့် အကြည့်ဖြင့် အသေအချာကြည့်မိ၏။ ဘာသဘောနဲ့ ပြောနေတာလဲ။ ဒီမိန်းကလေး ရိုးရိုးတန်းတန်းပြောနေတာမှ ဟုတ်ရဲ့လား။ အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော် မှယာ့ကို သဘောကျသည်။ ဒါပေမဲ့ ကိုယ်က အိမ်ထောင်ရှိသူမို့ ဘာမှလုပ်၍မရ။ ထို့ကြောင့် ဒီလို လှလှပပ ချစ်စရာမိန်းကလေးမျိုး၊ တက္ကသိုလ်ဝင်တန်းလောက်ထိ ပညာသင်ဖူးသည့် မိန်းကလေးမျိုး၊ မျိုးကောင်း ရိုးကောင်းကလေးကို ကိုယ်မရလည်း ကိုယ့်တပည့်လက်သားတစ်ဦးဦးနဲ့ ရစေချင်သည်။ ရလျှင် ကောင်းသည်။ အခုတော့ သွားပါပြီ။ ကျွန်ရစ်တွေ၊ ဘတင်ဆိုက မျက်ရည်ကောင်း ကျရသည်ဆိုပဲ။ ဘတင်ဆရာ ကျွန်တော် ပင်လျှင် အနေအထိုင်ကောင်းလွန်းသဖြင့် ဘာမှမဖြစ်ခဲ့ခြင်းဟု တပည့်များက တိုးတိုး တိတ်တိတ် ပြောနေကြသည်။

တပည့်တွေကတော့ ဘာမျှ မဘာ လိုက်ရဘဲ အချင်းချင်း မခေါ်နိုင်၊ မပြောနိုင် ဖြစ်ကြပြီး စကားတွေများကြသည်သာ အဖတ်တင်၏။ ရဲဘော်ချင်းညီညွတ်မှု ပြိုကွဲသည်သာ အဖတ်တင်သည်။ သူတို့သာ အဲဒီလို ဖြစ်နေတာ မချောလေးကတော့ စက်လှေ ပိုင်ရှင်သားကို မနက်ဖြန်ဆို ယူတော့မည်။ "သာမန်ဂုဏ်ငယ် ဆင်နက်စွယ်များကို နားစယ်လက်မခံ၊ ညီနော်နှံ၍ ရွှံ့သတဲ့ ဘုရား"ဆိုသည့် ဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်း

ဝတ္ထုထဲကလို စစ်သားကို ဂုဏ်ငယ်သည်ဟု ထင်ပြီး ယူချင်ဟန်မတူပါ။ ထားပါတော့လေ။ ဖတ်က နိဂုံးချုပ်ပါပြီ။ အ,သူတွေ ခံပေါ့။

ထိုအတွေးများ၏ ရလဒ်အဖြစ် ကျွန်တော်သည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ကြီး ချလိုက်၏။

''လက်ဖွဲ့ရမယ် ဟုတ်လားမှုယာ၊ တို့ လက်ဖွဲ့ရမယ်။ ဟုတ်တယ်၊ လက်ဖွဲ့မယ်၊ တစ်သက်လုံး အမှတ်တရဖြစ်မယ့်ဟာကို လက်ဖွဲ့မယ်''

ကျွန်တော်က အလေးအနက်ပြောလိုက်သည်။

''ဘာလက်ဖွဲ့မှာလဲဟင် ဗိုလ်ကြီး''

သူမက နှုတ်ခမ်းလှလှလေးကိုစူပြီး မေးလိုက်၏။

''ပြောမယ်လေ၊ ပြောမှာပေါ့၊ ပစ္စည်းက အသင့်မဖြစ်သေးဘူး။ မှုယာတို့ လယ်ကြီးဆိပ်ရောက်ရင် အသင့်ဖြစ်လောက်ပါပြီ၊ ရောက်ရင်ပြော''

''တကယ်နော် ဗိုလ်ကြီး''

''တကယ်ပါဗျာ''

''ဟော့…ခင်မောင်သစ်၊ လယ်ကြီးဆိပ် နီးပြီလား''

''သိပ်မဝေးတော့ဘူး ဗိုလ်ကြီး၊ ရောကျဆိုတော့ အဆင်းမို့မြန်ပါတယ်၊ ရောက်တော့မှာပါ''

ကျွန်တော်က ရမ်တစ်ပက်ကို ရေမရောဘဲ မော့ချလိုက်၏။

မှုယာက ကျွန်တော့်ကိုကြည့်ပြီး အုံ့ပြဟန်တူသည်။ သူမ အခေါ်ဆိုသူနှင့် တွတ်တွတ်…တွတ်တွတ်တွေ ပြောသည်။ ဘာတွေ ပြောနေကြတာလဲ။ ပြောချင်တာတွေ ပြောကြပါစေလေ။ ပွဲက ပြီးတော့မှာပါ။

''ဗိုလ်ကြီး…လယ်ကြီးဆိပ်ရောက်ပြီ''

လယ်ကြီးဆိပ်၌ ပြည်သူစစ် လေးငါးဦး မင်္ဂလာဆောင်အတွက် ပစ္စည်းသယ်ရန် လာစောင့်နေကြသည်။ ရဲဘော်များချပေးသည့် ပစ္စည်းများကိုသယ်ပြီး ရှေ့ကပြန်နှင့်ကြ၏။

''ကဲ…မှုယာ၊ ဟိုရှေ့က ညောင်ပင်မှာ ကိုယ်စောင့်နေမယ်၊ လက်ဖွဲ့ကို အပေါ်ရောက်တော့မှပေးမယ်၊ တက်ခဲ့တော့''

ကျွန်တော်က ကမ်းပေါ် ခပ်သုတ်သုတ် တက်သွားပြီး၊ စက်လှေဆိပ်နှင့် ခပ်လှမ်းလှမ်းရှိ အရွက်တွေစိမ်းနေသည့် ညောင်

66

ကဲ…မှုယာ၊
ဟိုရှေ့က ညောင်ပင်မှာ
ကိုယ်စောင့်နေမယ်၊
လက်ဖွဲ့ကို
အပေါ်ရောက်တော့မှပေးမယ်



ပင်ကြီးအရိပ်အောက်၌ ရပ်စောင့်လိုက်၏။ ရဲဘော်များက ကမ်းပေါ်တက်လိုက်လာကြသည်။ ကျွန်တော်က မျက်ရိပ်ပြကာ လှေပေါ် ပြန်ခိုင်းလိုက်၏။ ခင်မောင်သစ် တစ်ယောက်ကိုသာ ခပ်လှမ်းလှမ်းမှာ စောင့်နေစေသည်။

မှုယာက ပြုံးစစ၊ ဆံပင်လေး ခါခါ ခါခါ၊ တင်ကလေး ခါခါ ခါခါ၊ ကိုယ်လုံးလေး ခါခါ ခါခါနှင့် ဟန်ချီပြီး ထီးကလေးကိုင်ကာ ကမ်းပေါ်တက်လာ၏။ သူမအခေါ်လည်း ပါသည်။ ကျွန်တော့်နေရာရောက်တော့ တူအရီးနှစ်ယောက် အောင်ပွဲခံနေသည့် မချိုမချဉ်မျက်နှာထားဖြင့် ရပ်လိုက်၏။ မှုယာက ညာလက်ဝါးဖြန့်၍ ကျွန်တော့်ရှေ့ ထိုးပေးလိုက်သည်။ လက်ဖွဲ့ပေးပါတော့ပေါ့။

''ဒေါ်လေး…ခင်ဗျားသွားနှင့်၊ ကျွန်တော့် လက်ဖွဲ့က သူတစ်ယောက်တည်း ပေးမှရမှာ''

သူမအခေါ်က မှုယာ့လက်မှ ထီးကလေးကိုယူပြီး စေ့ခွဲမရသောမျက်နှာဖြင့် လှည့်ကြည့်လှည့်ကြည့် ထွက်သွားသည်။

''ကဲ…ပေးလေ ဗိုလ်ကြီးရဲ့၊ ဘာပေးမှာလဲဟင်''

မှုယာက သူမနှုတ်ခမ်းလေးကိုစူပြီး မေးလိုက်၏။ သူမကိုယ်မှ ကိုယ်သင်းနံ့တစ်မျိုးက ကျွန်တော့်နှာဝကို ကလိကလိနှင့် လာလှပ်နေ၏။ စိတ်ထဲမှ မရိုးမရွဖြစ်လာသည်။

''မှုယာ ဘာတွေလိမ်းလာတာလဲ ဟင်''

''ဗိုလ်ကြီးပေးထားတဲ့ Max Factor လေ၊ အခုမှ မင်္ဂလာဆောင်တော့မှာမို့ ထုတ်လိမ်းတာ''

''ဩော်…ဟုတ်ပါပြီ''

''ဗိုလ်ကြီး ပေးတော့လေ''

''အေးပါ…ပေးပါ့မယ်''

''ကဲ…မှုယာရေ…မင်းကို လက်ဖွဲ့မယ့် လက်ဖွဲ့ကတော့ တစ်သက်မမေ့ရအောင်ဆိုတာ တခြားဟာ မဟုတ်ပါဘူးကွာ၊ ဒါပဲပေါ့''

ကျွန်တော်က စကားဆုံးလျှင်ဆုံးခြင်း သူမကိုယ်လုံးလှလှလေးအား သိမ်းကြုံးဖက်ပြီး Max Factor နံ့ သင်းနေသည့် ပါးနှစ်ဖက်ကို ဘယ်ပြန် ညာပြန် အားရပါးရ နမ်းပစ်လိုက်ပါသည်ခင်ဗျား။

''အို…အို၊ ဟင့်အင်း…ဟင့်အင်း''

သူမ ဟင့်အင်းကြောင့် ကျွန်တော် လက်ဖြေလွှတ်လိုက်သည်နှင့် မှုယာ တစ်ယောက် စကားတစ်ခွန်းမှ မဆိုနိုင်တော့ဘဲ ကမ်းနားသို့လာသည့် လှသွားလမ်းကြောင်းအတိုင်း ရုတ်တရက် အလွန်သွေးဆောနေသည့် ကျားရဲကိုမြင်သွားသော သမင်မငယ်လေးလို ကမူရှူးထိုး ပြေးလွှားပျောက်ကွယ်သွားပါတော့သည်ခင်ဗျား။

ကဲ…စာရှုသူများခင်ဗျား၊ ဒီကိစ္စမှာ ကျွန်တော် လွန်ဆိုးပါလားခင်ဗျာ၊ ကျွန်တော်ကတော့ ထိုစဉ်က လူငယ်ပီပီ ကိုယ့်ရဲဘော်တွေအတွက် ပေါက်ကွဲ၍ စိတ်လိုက်မာန်ပါ လုပ်လိုက်မိခြင်းသာဖြစ်ပြီး ကာယကံရှင်အား တစ်စုံတစ်ရာ နစ်နာစေရန် မရည်ရွယ်မိကြောင်းပါခင်ဗျား။

**သောင်းဝေဦး**

# CITY Cartoon



# CITY Cartoon



# CITY Cartoon





ကမ္ဘာ့လူသားတို့သည် ၁၈ ရာစုမတိုင်မီအချိန်အထိ မိမိတို့စားသုံးသော အစားအစာများက မိမိအတွက် မည်ရွေ့မည်မျှ အကျိုးသက်ရောက်မှုဖြစ်စေသည်ကို မသိရှိခဲ့ကြပေ။ အစားအစာတစ်မျိုးမျိုးကြောင့် ကျန်းမာရေးချွတ်ယွင်းမှု ဖြစ်ရသည့် အခါများ၌လည်း အစားအသောက်ကြောင့် ရောဂါဖြစ်ရသည်ဟု မတွေးမိကြသလို၊ တစ်ခါတစ်ရံ၌ စားသင့်သောအစားအစာကို မစားမိသောကြောင့် ရောဂါထွေပြားနေရသည်ဟုလည်း မစဉ်းစားမိခဲ့ကြပေ။

ရောဂါတစ်ခုဖြစ်လာသည့်အခါ ရိုးရာကုထုံး ဆေးဝါးများဖြင့်သာ ပျောက်ကင်း ချမ်းသာရာရအောင် ကုသခဲ့ကြသည်။ ထိုစဉ်ကာလများက ဆေးဖက်ဝင် အပင်ဟု စွဲမြဲစွာ ယုံကြည်ထားကြသော သစ်ပင်များ၏ အခေါက်၊ အပွေး၊ အတက်၊ အရွက်နှင့် အမြစ် စသည်တို့သည် ရောဂါပျောက်ကင်းချမ်းသာအောင် ကုသရာတွင် တန်ဖိုးကြီးသော ဆေးဝါးကုန်ကြမ်းများ ဖြစ်ခဲ့သည်။ ထို ဆေးဝါးကုန်ကြမ်းများဖြင့် ဖော်စပ်သော တိုင်းရင်းဆေးများစွာတို့သည် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်။

# ဗီတာမင်ဆိုတာ သင့်ရဲ့ထာဝရမိတ်ဆွေပါ

သိပ္ပံစာရေးဆရာကိုကိုအောင်



၁၈ ရာစု၏ အလယ်ပိုင်းကာလသို့ ရောက်ရှိလာသည့်အခါ ရောဂါများကို ကုသရာတွင် ဆေးဝါးသက်သက်ကိုသာ အားကိုးနေခြင်းထက် အစာအာဟာရဖြင့် ပေါင်းစပ်ကုသခြင်းက ပိုမိုထိရောက်မှုရှိသည်ကို စတင်ဖော်ထုတ် တွေ့ရှိလာရသည်။ ထိုကာလသည်ကား လူ့အသက်ကို ကာကွယ်ပေးသည့် လက်နက်နှင့်တူသော ဗီတာမင်များကို စတင်ဖော်ထုတ်တွေ့ရှိနိုင်ရေးအတွက် ရောင်ခြည်သန်းလာသည့် အချိန်ကာလတစ်ခုပင် ဖြစ်ခဲ့သည်။

၁၇၄၀ ခုနှစ် စကော့တလန်လူမျိုး ဂျိမ်းစ်လင်း(James Lind) သည် ဗြိတိသျှရေတပ်မတော်၏ ဆေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ထိုစဉ်က ရေတပ်သားအများစုတို့သည် စကာဗီ(Scurvy) ဟုခေါ်သော ရောဂါဝေဒနာကို ခံစားနေကြရသည်။ ခန္ဓာကိုယ်ထဲက သွေးယိုစိမ့်ပြီး အားနည်းလာသည့် ရောဂါဖြစ်သည့်အတွက် ရေတပ်သားများသည် ဒဏ်ရာအသေးအမွှား ရရုံမျှဖြင့် သွေးမတိတ်သည့်ဝေဒနာကို ခံစားနေကြရသည်။

ဒေါက်တာလင်းသည် ရေတပ်သားများ ခံစားနေရသော ရောဂါဝေဒနာကို ၎င်းတို့၏ စားသောက်မှုပုံစံနှင့် ချိန်ထိုးပြီး ကြိမ်ဖန်များစွာ စဉ်းစားသုံးသပ်ခဲ့သည်။ ရေတပ်သင်္ဘောသားများ၏ သဘာဝအရ လပေါင်းများစွာကြာအောင် ပင်လယ်ထဲသို့ သွားနေကြရသည့်အတွက် သင်္ဘောပေါ်၌ အသင့်ပါလာသည့် အစားအစာများကိုသာ အကန့်အသတ်ဖြင့်စားသောက်နေကြရပြီး အဆိုပါအစားအသောက်များမှလွဲ၍ ကျန်အစားအစာများကို စားသောက်ခွင့်မရကြပေ။ ထိုအခြေအနေသည် ရေတပ်သားများ ခံစားနေကြရသည့် စကာဗီရောဂါနှင့် ဆက်စပ်မှုရှိနိုင်ကြောင်း ဒေါက်တာလင်းက ကောက်ချက်ချခဲ့သည်။

ထို့ကြောင့်ပင် ရောဂါဖြစ်နေသော ရေတပ်သားများကို အုပ်စုနှစ်စုခွဲ၍ ပထမအုပ်စုကို သံပုရာသီး၊ လိမ္မော်သီး စသော အသီးအနှံများကို စားသောက်စေပြီး ကျန်အုပ်စုတစ်စုကိုမူ မူလအခြေအနေအတိုင်းထားကာ ရက်အတန်ကြာ စမ်းသပ်ခဲ့သည်။ အသီးအနှံစားရသော ပထမအုပ်စုသည် ခုနစ်ရက်အတွင်းမှာပင် သွေးယိုစိမ့်သည့်ရောဂါ သက်သာလာကြောင်း တွေ့ရှိရပြီး အသီးအနှံမစားရသော ဒုတိယအုပ်စုမှာ ရောဂါအခြေအနေ ပိုဆိုးလာကြောင်း စမ်းသပ်တွေ့ရှိရသည်။

ရှောက်၊ သံပုရာ၊ လိမ္မော် အစရှိသော အချဉ်ဓာတ်ပါသည့် အသီးအနှံများသည် စကာဗီရောဂါ မဖြစ်ပွားအောင် ကာကွယ်နိုင်ကြောင်းနှင့် ဖြစ်ပွားခဲ့လျှင်လည်း အဆိုပါအသီးအနှံများကို စားသုံးစေခြင်းဖြင့် ကုသနိုင်ကြောင်း ဒေါက်တာလင်းက စတင်ဖော်ထုတ် တွေ့ရှိခဲ့သည်။ ဒေါက်တာလင်း၏ တွေ့ရှိချက်သည် ရောဂါဝေဒနာများကို ကုသရာ၌ စားဆေး၊ ထိုးဆေးများအပြင် ဓာတ်စာများဖြင့်လည်း ကုသ၍ရနိုင်ကြောင်း ဆေးပညာလောကကို မီးမောင်းထိုးပြပေးခဲ့သည်။ ထိုဓာတ်စာသည် ယနေ့ခေတ်အခေါ်အားဖြင့် ဗီတာမင်ကြွယ်ဝသော အစားအစာများပင်ဖြစ်သည်။

၁၉၁၂ ခုနှစ်တွင် ပိုလန်လူမျိုး သိပ္ပံပညာရှင် ကာစီမီယာဖန့်(Carsimir Funk) က ဆပါးကို အခွံချွတ်လိုက်သည့်အခါ ဆန်စေ့ပေါ်၌ ကျန်ရစ်ခဲ့သော ဓာတ်ပစ္စည်းတစ်မျိုးသည် ရောဂါဝေဒနာအချို့ကို ကုသနိုင်ကြောင်း သုတေသနပြုတွေ့ရှိခဲ့သည်။ ဒေါက်တာဖန့်အနေဖြင့် ဆန်စေ့ပေါ်၌ ကျန်ရစ်ခဲ့သော ဓာတ်ပစ္စည်းသည် လူ့ခန္ဓာကိုယ်အတွက် အလွန်လိုအပ်သော ဓာတုပစ္စည်းများထဲမှ တစ်ခုအပါအဝင်ဖြစ်ကြောင်း ကောက်ချက်ဆွဲခဲ့သည်။

အဆိုပါ ဓာတုပစ္စည်းကို အမင်း(Amine) ဟု ခေါ်ဆိုပြီး လက်တင်ဘာသာစကားဖြစ်သော ဗီတာ(Vita) နှင့် ပေါင်းစပ်၍ ဗီတာမင်း(Vitamine) ဟု ခေါ်တွင်စေ

**ရောဂါဖြစ်နေသော ရေတပ်သားများကို အုပ်စုနှစ်စုခွဲ၍၊ ပထမအုပ်စုကို သံပုရာသီး၊ လိမ္မော်သီး စသော အသီးအနှံများကို စားသောက်စေပြီး ကျန်အုပ်စု တစ်စုကိုမူ မူလအခြေအနေအတိုင်းထားကာ**



ခဲ့သည်။ ဗီတာဆိုသော စကားလုံး၏ အဓိပ္ပာယ်မှာ အသက်ဖြစ်သည့်အတွက် ဗီတာမင်းဆိုသည်မှာ **လူ့အသက်အတွက် အလွန်လိုအပ်သော ဓာတုပစ္စည်း**ဟု အဓိပ္ပာယ်ရသည်။

ဒေါက်တာကာစီမီယာဖန့်၏ နောက်ပိုင်း ဆေးသိပ္ပံပညာရှင်များက စဉ်ဆက်မပြတ် သုတေသနပြု ဖော်ထုတ်ချက်အရ ဗီတာမင်းတိုင်းသည် Amine ခေါ် ဓာတုပစ္စည်းမဟုတ်ကြောင်း တွေ့ရှိလာရသည့်အတွက် မူလစကားလုံး ဗီတာမင်း (Vita-mine) ထဲမှ (e) အက္ခရာကိုဖြုတ်ပြီး ဗီတာမင်(Vitamin) ဟူ၍ ပြောင်းလဲခေါ်ဝေါ် အမည်တွင်စေခဲ့သည်။

ဤသည်မှာကား လူ့ဘဝတစ်လျှောက် အသက်ရှင်သန် ရပ်တည်နိုင်ရေးအတွက် ဗီတာမင်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း ဆေးသိပ္ပံပညာရှင်တို့က ဖော်ထုတ်အသိပေးခဲ့ကြခြင်း ဖြစ်သည်။ သာမန်အားဖြင့် လူတို့ နေ့စဉ်စားသုံးနေသည့် အစားအသောက်များမှ တစ်ဆင့် လူ့ခန္ဓာကိုယ်အတွက် ဗီတာမင်ကို ရရှိပြီး ယင်းသို့ ရရှိနေသည့်အတွက်ကြောင့်သာ ကျန်းကျန်းမာမာဖြင့် နေထိုင်နိုင်ကြခြင်း ဖြစ်သည်။

လူ့ခန္ဓာကိုယ်အတွက် လိုအပ်သော ဗီတာမင်ဓာတ်ကို လုံလုံလောက်လောက် မဖြည့်ဆည်းနိုင်ပါက ဗီတာမင်ချို့တဲ့မှုကြောင့် ဆက်စပ်ဖြစ်ပေါ်လာသည့် ရောဂါဝေဒနာများကို ခံစားကြရသည်။ အကယ်၍ ဗီတာမင် အလုံအလောက်မရရှိမှုကြောင့် ဆက်စပ်ဖြစ်ပေါ်လာမည့် ရောဂါဝေဒနာတို့မှ ရှောင်ရှားနိုင်ရန်အတွက် ဗီတာမင်ပါဝင်သော ဆေးဝါးများကို ဖြည့်စွက်စားသုံးရန် လိုအပ်ကြောင်း ဆေးသိပ္ပံပညာရှင်တို့က ထောက်ပြခဲ့ကြသည်။

သို့ရာတွင် ဗီတာမင်သည် လူ့ဘဝတစ်သက်တာ ကျန်းမာပျော်ရွှင်ရေးအတွက် မည်မျှအရေးပါကြောင်းကို သိရှိကြသူမှာ အလွန်နည်းပြီး လူအများစုအနေဖြင့် ဗီတာမင်၏ အရေးပါမှုကို မသိရှိကြပေ။ ဗီတာမင်၏ အကြောင်းကိုလည်း စိတ်ဝင်စားမှု အလွန်နည်းကြသလို မိမိခန္ဓာကိုယ်အတွက် ထာဝရမိတ်ဆွေဖြစ်ရမည့် ဗီတာမင်နှင့် ရင်းနှီးကျွမ်းဝင်အောင် ပြုလုပ်ရမည်ကိုလည်း မသိရှိခဲ့ကြပေ။

ဆေးသိပ္ပံဆိုင်ရာ သုတေသနပညာရှင်များသည် ရာစုနှစ်တစ်စုတာ ကာလအတွင်း

---

**ဗီတာမင်းတိုင်းသည် Amine ခေါ် ဓာတုပစ္စည်းမဟုတ်ကြောင်း တွေ့ရှိလာရသည့်အတွက် မူလစကားလုံး ဗီတာမင်း (Vita-mine) ထဲမှ (e) အက္ခရာကိုဖြုတ်ပြီး ဗီတာမင်(Vitamin)ဟူ၍..**

---

ဗီတာမင်အမျိုးပေါင်း ၁၄ မျိုးကို ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ဗီတာမင်များအထဲ၌ပင် အဆီတွင် ပျော်ဝင်သော ဗီတာမင်နှင့် ရေတွင် ပျော်ဝင်သော ဗီတာမင်များဟူ၍ ထပ်မံခွဲခြားထားသည်။ အဆီတွင်ပျော်ဝင်သော ဗီတာမင်များမှာ ဗီတာမင် A၊ ဗီတာမင် D၊ ဗီတာမင် E နှင့် ဗီတာမင် K တို့ဖြစ်ကြသည်။ ဗီတာမင် B1၊ ဗီတာမင် B2၊ ဗီတာမင် B3၊ ဗီတာမင် B5၊ ဗီတာမင် B6၊ ဗီတာမင် B 12 နှင့် ဖောလစ်အက်ဆစ်တို့သည် ရေတွင်ပျော်ဝင်သော ဗီတာမင်အမျိုးအစားများဖြစ်ကြသည်။

ဗီတာမင်များသည် အမျိုးအမည်တစ်ခုချင်းအလိုက် လူ့ခန္ဓာကိုယ်အတွက် အကျိုးပြုပုံများ မတူညီကြသလို၊ ယင်းဗီတာမင်များကို ရရှိနိုင်သော အစားအသောက်များမှာလည်း အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားလျက် ရှိသည်။ သို့ရာတွင် လူ့ခန္ဓာကိုယ်အတွက် အကျိုးပြုပြီး သက်ရှည်ကျန်းမာ နေထိုင်သွားနိုင်ရန် အထူးလိုအပ်သည့် ဗီတာမင်အမျိုးမျိုးတို့ကို လူတို့ နေ့စဉ်စားသုံးနေကြသော အစားအသောက်များထံမှပင် လွယ်လင့်တကူရရှိနိုင်ကြသည်။

ဗီတာမင် A သည် လူ့ခန္ဓာကိုယ်အတွင်းရှိ တစ်ရှူးများ ခြောက်မသွားအောင် အထောက်အကူပေးသည့်အပြင် မျက်စိအမြင် အားကောင်းစေရန်အတွက်လည်း များစွာအထောက်အကူပြုသည်။ ဗီတာမင် A ကို ငါးကြီးဆီနှင့် ကြက်ဥ၊ ဘဲဥစသော ဥများ၏ အဝါရောင်အနှစ်တို့ကို စားသုံးခြင်းအားဖြင့်လည်းကောင်း၊ ကန်စွန်းဥ၊ မုန်လာဥနှင့် အဝါရောင် ဟင်းသီးဟင်းရွက်များ၊ အစိမ်းရောင် ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းအားဖြင့်လည်းကောင်း ရရှိနိုင်သည်။



ဗီတာမင် A ချို့တဲ့မှု များပြားလာပါက အမြင်အာရုံ လျော့နည်းလာခြင်းမှ မျက်စိကွယ်သည်အထိ ဖြစ်နိုင်ကြောင်း ဆေးသိပ္ပံပညာရှင်များက သတိပေးထားကြသည်။

ဗီတာမင် B သည် အုပ်စုတစ်ရပ်ဖြစ်ပြီး B1 ၊ B2 စသော အုပ်စုဝင်ဗီတာမင်များ ပါဝင်နေသည်။ ဗီတာမင် B1 သည် နှလုံးနှင့် အာရုံကြောများ ချောမွေ့စွာ လှုပ်ရှားလည်ပတ်နိုင်အောင် ကောင်းစွာအထောက်အကူပြုပေးသည် ဗီတာမင် B1 ချို့တဲ့ပါက ဘယ်ရီဘယ်ရီ(Beri Beri) ခေါ် ဗီတာမင်ချို့တဲ့အားနည်းသည့် ရောဂါကို ခံစားရနိုင်သည်။ ဆန်လုံးညိုနှင့် ဂျုံ စသည်တို့မှ ဗီတာမင် B1 ကို အဓိကရရှိနိုင်ပြီး ပဲ၊ ပဲသီး၊ အခွံမာသီး၊ အသားနှင့် ငါး စသည်တို့ကို စားသုံးခြင်းဖြင့်လည်း ရရှိနိုင်သည်။

ဗီတာမင် B2 သည် နှုတ်ခမ်းကွဲခြင်းနှင့် ကျိုးကန်းပါးစပ်ဖြစ်ခြင်းတို့မှ ကာကွယ်ပေးနိုင်သော ဗီတာမင်တစ်မျိုးဖြစ်သည်။ ယင်း ဗီတာမင်ကို ရရှိနိုင်သော အစားအစာများမှာ ပဲစင်းငုံ၊ မြေပဲ၊ ဥအနှစ်၊ တိရစ္ဆာန်တို့၏ အသည်းနှင့် နှလုံး စသည်တို့ ဖြစ်ကြသည်။ ဗီတာမင် B အုပ်စုဝင် တစ်မျိုးဖြစ်သော ဗီတာမင် B3 ကမူ အရေပြားရောင်ရမ်းခြင်း၊ ဝမ်းလျှောခြင်းတို့မှ ကာကွယ်ပေးနိုင်ပြီး၊ ယင်း ဗီတာမင် B3 ကို အဓိကအားဖြင့် မြေပဲမှ ရရှိနိုင်သည်။

ဗီတာမင် B12 သည် ခန္ဓာကိုယ်အတွင်းရှိ အာရုံကြောများ အားကောင်းစေရန်နှင့် သွေးအားကောင်းစေရန် အဓိက အထောက်အပံ့ပြုသည်။ နွားနို့၊ ကြက်ဥ၊ အသား၊ ငါးနှင့် အသည်း စသည်တို့ကို စားသုံးခြင်းအားဖြင့် ဗီတာမင် B12 ကို ရရှိနိုင်သလို၊ ပဲပင်၊ ပဲသီး၊ ပဲညွန့်နှင့် အချဉ်ဓာတ်ပါသော ရှောက်၊ သံပုရာ စသည့် အသီးများမှလည်း ရရှိနိုင်သည်။

အခြား ဗီတာမင်တစ်မျိုးဖြစ်သည့် ဖောလစ်အက်ဆစ် (Folic Acid) ကမူ ကလေးငယ်များတွင် ဖြစ်ပွားတတ်သော ရောဂါဝေဒနာများကို ကာကွယ်ပေးနိုင်သည့် အာနိသင်နှင့်ပြည့်စုံသည်။ သဘာဝ အစားအစာများမှတစ်ဆင့်မဟုတ်ဘဲ တိုက်ရိုက်သောက်သုံးခြင်းဖြင့်သာ ရရှိနိုင်သော Folic Acid သည် ကိုယ်ဝန်ဆောင် မိခင်လောင်းများအတွက် အကောင်းဆုံးသော ဗီတာမင်ဆေးဝါးတစ်မျိုးအဖြစ် တစ်ကမ္ဘာလုံးတွင် ကျယ်ပြန့်စွာ သုံးစွဲလျက်ရှိနေကြသည်။

ဗီတာမင် အမျိုးအစားများအနက် လူသိများ ထင်ရှားသော ဗီတာမင်တစ်မျိုးမှာ ဗီတာမင် C ပင် ဖြစ်သည်။ ခန္ဓာကိုယ်အတွင်း သွေးလှည့်ပတ်မှု ကောင်းစေရန်အတွက်လည်းကောင်း၊ အနာဒဏ်ရာများကို အလွယ်တကူကျက်စေရန်အတွက်လည်းကောင်း၊ အရိုးနှင့်သွားများကို ခိုင်မာစေရန်အတွက်လည်းကောင်း၊ ကောင်းစွာ အထောက်အကူပြုပေးသည့် ဗီတာမင် C ကို အချဉ်ဓာတ်ပါသော အသီးများနှင့် ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ် စသည်တို့ကို စားသုံးခြင်းအားဖြင့် ရရှိနိုင်သည်။

ဗီတာမင် D သည် သွေးထဲ၌ ကယ်လ်ဆီယမ်ဓာတ် ကြွယ်ဝစေရန်အတွက်လည်းကောင်း၊ အာရုံကြောနှင့် ကြွက်သားကလာပ်စည်းများ အားကောင်းစေရန်အတွက်လည်းကောင်း၊ ကလေးသူငယ်များအား အရိုးပျော့ရောဂါမှ ကာကွယ်ပေးရန်အတွက်လည်းကောင်း ထိရောက်စွာ အထောက်အကူပြုသည်။ ဗီတာမင် D ကို ငါးကြီးဆီနှင့် ဥအမျိုးမျိုးတို့ကို စားသုံးခြင်းအားဖြင့် လွယ်လင့်တကူ ရရှိနိုင်သည်။

လူ့ခန္ဓာကိုယ်၏ အိုမင်းရင့်ရော်ခြင်းကို ကောင်းစွာအကာအကွယ်ပြုပေးနိုင်သော ဗီတာမင်တစ်မျိုးမှာ ဗီတာမင် E ဖြစ်သည်။ ဗီတာမင် E သည် ဟင်းသီးဟင်းရွက်ဆီ၊ ပဲပိစပ်ဆီ၊ နေကြာစေ့နှင့် ပြောင်းဖူး စသည်တို့တွင် သဘာဝအလျောက် ပါဝင်နေပြီး၊ ယင်းအစားအစာများကို ပုံမှန်စားသုံးသွားခြင်းအားဖြင့် အချိန်မတိုင်မီ အိုမင်းရင့်ရော်ခြင်းမှ ကာကွယ်နိုင်ကြသည်။

အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များ၊ နို့သွက်ပန်းဥများ၊ ဂေါ်ဖီထုပ်၊ ကိုက်လန်၊ ဟင်းနုနွယ် စသည်တို့တွင် ပါဝင်သော ဗီတာမင် K ကမူ ခန္ဓာကိုယ်သွေးခဲမှု နှေးကွေးခြင်းမှ ထိရောက်စွာကာကွယ်ပေးနိုင်သည်။ အဆိုပါ အစားအသောက်များ အပြင် ဝက်သားနှင့် ဝက်အသည်း စသည်တို့ကို စားသောက်ခြင်းအားဖြင့်လည်း ဗီတာ



**ဗီတာမင် အမျိုးအစားများအနက် လူသိများထင်ရှားသော ဗီတာမင်တစ်မျိုးမှာ ဗီတာမင် C ပင် ဖြစ်သည်။ ခန္ဓာကိုယ်အတွင်း သွေးလှည့်ပတ်မှုကောင်းစေရန်အတွက်လည်းကောင်း၊ အနာဒဏ်ရာများကို...**

မင် K ကို ရရှိနိုင်သည်။

ဂျပန်သိပ္ပံပညာရှင်များသည် ၂၀၀၃ ခုနှစ်အတွင်းက ဗီတာမင် B အုပ်စုဝင် အမျိုးအစားတစ်ခုဖြစ်သော ပီပီကျူ(ppq) ကို ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ကြွက်များနှင့် စမ်းသပ်ချက်အရ လူသားတို့အတွက် အရေးကြီးသော ဗီတာမင်တစ်မျိုးဖြစ်ကြောင်း သိရှိခဲ့ကြရသည့် ပီပီကျူသည် မျက်မှောက်ကာလတွင် နောက်ဆုံးဖော်ထုတ် တွေ့ရှိခဲ့သော ဗီတာမင်အမျိုးအစားသစ်ပင် ဖြစ်သည်။ ပဲပိစပ်၊ တရုတ်နံနံ၊ လက်ဖက်၊ ငရုတ်ကောင်းနှင့် ကီဝီသီးတို့ကို စားသုံးခြင်းအားဖြင့် ပီပီကျူကို ရရှိနိုင်ကြောင်း ဂျပန်သုတေသီတို့က ထုတ်ပြန်ခဲ့ကြသည်။

အချို့သောသူတို့သည် မိမိတို့ကြိုက်နှစ်သက်သည့် အစားအသောက်မဟုတ်စေကာမူ မိမိခန္ဓာကိုယ် ကျန်းမာရေးအတွက် ညီညွတ်မျှတအောင် စားသုံးလေ့ရှိကြသော်လည်း အများစုတို့ကမူ မိမိတို့နှစ်သက်သော အစားအသောက်များကို ခုံမင်တပ်မက်စွာ စားသုံးပြီး၊ မိမိတို့ မနှစ်သက်သော အစားအစာများကို လုံးဝရှောင်ကြဉ်လေ့ရှိကြသည်။ ထိုသို့ ရှောင်ကြဉ်ထားကြသော အစားအစာများထဲတွင် ထိုသူများအတွက် အကျိုးပြုနိုင်သည့် ဗီတာမင်များစွာ ပါဝင်နေတတ်သည့်အားလျော်စွာ မိမိခန္ဓာကိုယ်အတွက် အသုံးဝင်သော ဓာတုပစ္စည်းကို လက်မခံလိုကြခြင်း၏၊ သို့တည်းမဟုတ် လက်ခံရကောင်းမှန်း မသိကြခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ရောဂါဘယများ ဆွေပြားလာလေ့ရှိကြသည်။

မိခင်၏ ဝမ်းဗိုက်ထဲတွင် ပဋိသန္ဓေနေရချိန်မှစ၍ လူ့ဘဝတစ်လျှောက်လုံးတွင် ဗီတာမင်ကို အမြဲမပြတ်လိုအပ်သည်မှာ မှန်သော်လည်း၊ တစ်ခါတစ်ရံ၌ လူ့ခန္ဓာကိုယ်ထဲတွင် ဗီတာမင်ဓာတ်များ လိုအပ်သည်ထက် ပိုမိုနေမည်ဆိုပါကမူ အန္တရာယ်ရှိနိုင်သည်ကိုလည်း သတိချပ်ရန် လိုအပ်သည်။

ဗီတာမင် A သည် ခန္ဓာကိုယ်အတွင်း၌ လိုအပ်သည်ထက် ပိုမိုများပြားစွာ ရှိနေမည်ဆိုပါက (မျက်လုံးမပါဘဲ) အသားဝါခြင်း၊ ဗီတာမင် B3 ဓာတ် လွန်ကဲနေမည်ဆိုပါက ဆီးချိုဖြစ်ခြင်းနှင့် ယူရစ်အက်ဆစ်များခြင်း၊ ဗီတာမင် C နှင့် ဗီတာမင် D ပိုလျှံနေပါကလည်း၊ ကျောက်ကပ်တွင် ကျောက်တည်ခြင်း စသော ရောဂါဝေဒနာများ ဖြစ်ပွားလာနိုင်ကြောင်း၊ ဆေးသိပ္ပံပညာရှင်များက သတိပေးထားကြသည်။

သို့ဖြစ်၍ မိမိတို့ ပုံမှန်စားသုံးနေကြသော အစားအစာများမှတစ်ဆင့် ဗီတာမင် လက်ခံရရှိမှု နည်းပါးသောကြောင့် ခံစားနေရသော ရောဂါဝေဒနာများအတွက် ဗီတာမင်ဓာတ် ပါဝင်သော ဆေးဝါးများကို ဖြည့်စွက် စားသုံးရန်၊ လိုအပ်ပါက ခန္ဓာကိုယ်အတွင်း ဗီတာမင်များ လွန်ကဲစွာပိုလျှံနေခြင်း မဖြစ်ရလေအောင် သက်ဆိုင်ရာ ဆရာဝန်၏ ညွှန်ကြားချက်ဖြင့်သာ သောက်သုံးကြရန် အရေးကြီးသည်။

လူသားနှင့် ဗီတာမင်သည် ခွဲခြားထား၍ မရကောင်းသော အရာများဖြစ်ကြသည့်အားလျော်စွာ လူတို့၏ ဘဝရှင်သန်ရပ်တည်မှု တစ်လျှောက်လုံးတွင် ကျန်းမာပျော်ရွှင်စွာ နေထိုင်သွားနိုင်ကြစေရေးအတွက် ဗီတာမင်ကို အမြဲမပြတ် ရယူဖြည့်ဆည်းသွားကြရန် အထူးပင် လိုအပ်မည်ဖြစ်ပေသည်။

**သိပ္ပံစာရေးဆရာကိုကိုအောင်**

## ဒါလေးများ အလွယ်လေး

**မေး** ။ ''ရှင်ပြောတော့ လက်ထပ်ပြီးပြီဆို၊ ဘယ်မှာ ဘယ်လို မင်္ဂလာပွဲကျင်းပခဲ့တာလဲ၊ မစ္စစ်စမစ်(Smith)''

**ဖြေ** ။ ကျွန်မအိမ်မှာပဲလုပ်တာ၊ တစ်နေ့ သူ့အမေက ပြောတယ်၊ ''သမီးနဲ့ ဘီလ်(Bill)နဲ့ လက်ထပ်ပြီးပြီလို့ အမေကြားတယ်'' ကျွန်မက ''ဟုတ်တယ်အမေ''လို့ ပြန်ပြောလိုက်တယ်။



အဲဒီည ကျွန်မက ဘီလ်ကိုပြောတယ် ''ဘီလ်၊ ရှင့်အမေက ကျွန်မတို့လက်ထပ်ထားတယ်လို့ ထင်နေတယ်''ဒီတော့ သူကပြောတယ်-

''ဒီလိုဆိုတော့လည်း တို့လက်ထပ်ပြီးပြီပေါ့ကွာ၊ ခုကစပြီး မင်းက ငါ့မိန်းမပေါ့''တဲ့ ကျွန်မက ပြန်ပြောတယ်-

''ကောင်းပြီ၊ ဒီတော့ ရှင်လည်း ခုကစပြီး ကျွန်မခင်ပွန်းပေါ့''လို့ သူကလည်း အိုကေပဲ၊ ကျွန်မကလည်း အိုကေပဲ။

**မေး** ။ ''ဒါဆိုရင် အဲဒီအချိန်ကတည်းက ရှင်ကိုယ်ရှင် ဝီလျံစမစ် (William Smith)ရဲ့ ဇနီးမိန်းမအဖြစ် စဉ်းစားခဲ့တာပေါ့နော်''

**ဖြေ** ။ ''သေချာတာပေါ့၊ ကလေးငါးယောက်က သက်သေပေါ့ရှင်''။

**မောင်သီဟ**

"အိမ်ရှင်တို့၊ အိမ်ရှင်တို့၊ ရေထည့်မှာလား။ ရေထည့်ရင် ခြံတံခါးဖွင့်ပေးပါ"

အိမ်ရှေ့ခြံဝမှ ခေါ်သံကြောင့် အိပ်ပျော်စပင်ရှိသေးသော ကျွန်တော် အိပ်ရာမှ နိုးခဲ့ရသည်။ စာမေးပွဲနီး၍စာကျက်နေသော သားနှင့်သမီးတို့ကို ထိုင်စောင့်နေရသဖြင့် ညဥ့်နက်မှ အိပ်ရာဝင်ဖြစ်ခဲ့သည်။ အိမ်ရှေ့မှ ခေါ်သံမှာလည်း ယခင်ကြားနေကျ ယောကျ်ားလေးအသံ မဟုတ်ပေ။ မိန်းကလေးတစ်ယောက်၏ အသံဖြစ်နေသည်။



ကျွန်တော် အိမ်အောက်သို့ဆင်းပြီး ခြံတံခါး ဖွင့်ပေးလိုက်သည်။ သန်းခေါင်ကျော်အချိန်သို့ ရောက်နေပြီ။

"ဦး…ရေထည့်မယ်နော်"

"အေး…ထည့်ကွယ်။ ပေဘာဒီ နှစ်စည်စလုံး ထည့်ခဲ့ပါ"

ထဘီတိုတိုဝတ်၍ လွယ်အိတ်တစ်လုံးကို ပခုံးစလွယ်သိုင်းလွယ်ထားသော မိန်းကလေးကို တွေ့လိုက်ရသည်။ မိန်းကလေးမှာ ကျွန်တော့်သမီးကြီးနှင့် နှိုင်းစာလျှင် အနည်းငယ် နုနယ်နေပုံရသည်။

"အရင်တုန်းက သမီးရေလာထည့်တာ မတွေ့မိပါဘူး။ ချာတိတ်တစ်ယောက် လာထည့်နေတာ"

"အရင်ရေလာထည့်နေကျ ဦးပြောတဲ့ ချာတိတ်ဟာ သမီးရဲ့မောင်လေးပါ။ စာမေးပွဲနီးနေလို့ သူစာကျက်ရမှာမို့ သူ့အစား သမီးရေလိုက်ထည့်တာပါ"

"ဒီည ရေလာထည့်တာ နောက်ကျတယ်နော်"

"ဟုတ်ပါတယ်ဦး။ ညဉ့်ဦးပိုင်းက မီးအားမပြည့်တော့ ရေစက်က ရေတင်လို့မရဘူး။ ခု ညဉ့်နက်မှ ရေတင်လို့ရတာ"

ကျွန်တော့်အမေးကို ပြန်ဖြေရင်း မိန်းကလေးက သွက်လက်စွာပင် ပလတ်စတစ်ရေပိုက်ရှည်ကို ခြံအတွင်းသို့ဆွဲယူပြီး ရေစည်အတွင်း ချပြည့်ရန် အသင့်ပြင်လိုက်သည်။ ရေပိုက်များဆက်ပြီးသည်နှင့် မိန်းကလေးက လှမ်းပြောလိုက်သည်။

"ရပြီ ဒေါ်ကြီး။ ဟိုဘက်အိမ် ရေပြည့်ရင် ဒီဘက်ကို ရေလွှတ်လိုက်တော့"

လမ်းထိပ်မှ ရေစက်ပိုင်ရှင် အဒေါ်ကြီးကိုယ်တိုင် ရေလိုက်ထည့်နေသည်။ ကျွန်တော်တို့ ရပ်ကွက်မှာ မြစ်ကမ်းနားနီး၍ ဒီရေအတက်အကျ ရေရောက်နေသဖြင့် ရေတွင်းတူး၍ မရပေ။ အဝီစိရေကိုသာ အားထားနေရသည်။ ရေနှစ်စည်စလုံး ပြည့်ပြီးသွား၍ မိန်းကလေး ပြန်ထွက်သွားတော့မှ ကျွန်တော့်ဇနီး ရောက်လာသည်။

"အစ်ကို ရေပြည့်ပြီးရင် အိမ်ထဲဝင်တော့လေ။ ညဉ့်နက်နေပြီ"

"ဒီမှာ ခြံတံခါးပိတ်နေလို့ပါ"

"နေပါအုံး။ အစ်ကိုက စပ်စပ်စုစု ရေလာထည့်တဲ့ ကလေးမကို ဘာတွေမေးနေရတာလဲ"

"ဘာမှမဟုတ်ပါဘူးကွာ၊ အရင်က သူရေလာထည့်တာ မတွေ့ဖူးလို့ မေးမိတာပါ"

"အရင်က တွေ့တွေ့၊ မတွေ့တွေ့၊ ဒီလိုဟာတွေနဲ့ အချေးတယူ စကားပြောနေဖို့ မလိုပါဘူး"

"မင်းကလည်းကွာ၊ စကားပြောတာ ဘာဖြစ်လို့လဲ၊ တို့က သူတို့နဲ့မှ မကင်းနိုင်တာ"

"အို…တန်ရာတန်ကြေး ပေးထားတာပဲ၊ သိပ်ရောနေဖို့ မလိုပါဘူး။ ခင်မင်လို့ကော ရေတစ်စည်လောက် အလကားထည့်ပေးမှာမှ မဟုတ်တာ"

"ကဲ…သူတို့နဲ့ စကားပြောတာမကြိုက်ရင် နောက်ညတွေမှာ မင်းကိုယ်တိုင် ထပေတော့"

ကျွန်တော်တို့ရပ်ကွက်တွင် အဝီစိရေစက် နှစ်ခုရှိသည်။ သူ့အပိုင်းနှင့်သူ ရေလိုက်ထည့်သည်။ ကျွန်တော်တို့လမ်းသို့ နှစ်ရက်တစ်ကြိမ်၊ သုံးရက်တစ်ကြိမ် ရေလာထည့်နေကျ ဖြစ်သည်။ ညဉ့်နက်ပိုင်း ရေလာထည့်သည်က များသည်။ ရေလာထည့်တိုင်း ကျွန်တော့်ဇနီးနှင့်ဖြစ်စေ၊ ကျွန်တော့်သမီးကြီးနှင့်ဖြစ်စေ ရေလာထည့်သူတို့ စကားများလေ့ရှိသည်။

"ဒေါ်ဒေါ်…မနေ့ညက ခရိုး"

"ဘယ်လောက်လဲဟေ့"

"နှစ်စည်ကို တစ်ထောင့်ရှစ်ရာပါ"

"ဘာ…ဘာပြောတယ်၊ တစ်စည်ကို ရှစ်ရာမဟုတ်လား။ နှစ်စည်ဆိုတော့ ထောင့်ခြောက်ရာပေါ့၊ ဘာလဲ၊ ဈေးတက်သွားပြီလား"

"ဈေးမတက်ပါဘူး ဒေါ်ဒေါ်ရယ်၊ ပုံမှန်ဈေးပါပဲ"

"အေးပါ…ယူပါ။ ညည်းတို့ ရေစက်ပိုင်ရှင်ကိုပြောလိုက်၊ သူ့ဈေးဖြစ် နောက်ကျနေအုံးမယ်လို့"

"သမီးတို့က ဈေးမတက်ပါဘူး။ ဟိုဘက်က ရေစက်ဆိုရင် တစ်စည်ကို တစ်ထောင်တောင်းနေပြီ"

"တော်ပါတော့…ကဲရော့။ ညည်း ရေလာထည့်တုန်းက ဒီဘက်က ရေစည်မှာ ရေတစ်ရစ်သာသာ ကျန်သေးတာ မဟုတ်လား။ နှစ်စည်ဖိုး အပြည့်ယူရသလား"

"ရေလက်ကျန် မရှိပါဘူး ဒေါ်ဒေါ်၊ ကျွန်မ သေသေချာချာကြည့်ပြီးမှ ရေဖြည့်ခဲ့တာပါ"

"ညည်းတို့က ဒီလိုချည်းပဲ၊ မကြည့်မိရင် မကြည့်သလို ရေဖိုးပိုတောင်းတော့တာပဲ၊ ညည်းရဲ့ မောင်လေး ဟိုချာတိတ် ရေလာထည့်တုန်းကလည်း ဒီလိုပဲ"

"မဟုတ်ရပါဘူး ဒေါ်ဒေါ်ရယ်၊ ရေဖိုးပိုတောင်းလို့လည်း သမီးတို့ရတာမှ မဟုတ်တာ၊ မနေ့က စာရွက်ထဲမှတ်ထားတဲ့အတိုင်း တောင်းတာပါ"

ဇနီးသည်၏ အပြောအဆိုက ရင့်သီးလာပြီဖြစ်သည်။ ကျွန်တော် မနေသာတော့ပါ။

"ကဲပါကွာ၊ နှစ်စည်ဖိုး၊ ပေးပြီးပြီ မဟုတ်လား။ ပြေပြေလည်လည်ပြောရင်လည်း ရတာပဲကွာ၊ ခု မင်းပြောနေပုံက"

"အစ်ကိုက ဘာသိလို့လဲ၊ သူတို့က အလုပ်သမားတွေ၊ ပိုင်ရှင်အားရအောင် ပိုတောင်းကြတာ၊ ဒါမှ သူတို့ ဒီအလုပ်မြဲမှာလေ"

"ဒါဆိုလည်း နောက်ကို ရေမထည့်ခင် ရေလက်ကျန်ကို သေသေချာချာကြည့်ထားပေါ့၊ ကိုယ့်ဘက်က မှားသွားရင် မကောင်းဘူးကွ"

"အစ်ကိုက မိုးလင်းတာနဲ့ ရုံးသွား၊ မိုးချုပ်ခါနီးမှ အိမ်ပြန်ရောက်၊ ပြီးတော့

**ကျွန်တော်တို့ရပ်ကွက်တွင် အဝီစိရေစက် နှစ်ခုရှိသည်။ သူ့အပိုင်းနှင့်သူ ရေလိုက်ထည့်သည်။ ကျွန်တော်တို့လမ်းသို့ နှစ်ရက် တစ်ကြိမ်၊ သုံးရက်တစ်ကြိမ် ရေလာထည့်နေကျ…**

အချိန်ပိုဆင်းရနဲ့ အိမ်မှာ အချိန်ပြည့်ရှိတာ မဟုတ်ဘူး။ မိန်းမတွေကိစ္စမှာ ဝင်မပါချင်ပါနဲ့''

ဇနီးသည်၏စကားပင် မဆုံးသေးပါ။ သမီးကြီးကပါ စကားဝိုင်းထဲဝင်ပြီး ပြောလိုက်သည်။

''ဟုတ်တယ် ဖေဖေရဲ့၊ ဒီဟာမတွေက သိပ်အောက်တန်းကျတာ၊ ပိုက်ဆံပိုတောင်းတော့ ဘယ်သူခံမှာလဲ၊ မေမေပြောတာ မလွန်ပါဘူး''

သားငယ်ကလည်း အားကျမခံ ဝင်ပြောလိုက်ပြန်သည်။

''သူတို့ဘက်က မနာချင်ပါနဲ့ ဖေဖေရာ၊ သူတို့နဲ့ စကားပြောရတာ အောက်ပါတယ်၊ ရေရောင်းတဲ့ဟာတွေ၊ ရေတွေလိုပဲ သဘောထားလိုက်ပါ၊ ပေါ်ပေါ်လောလော ရပါတယ်၊ ဘာမှဖိုးမရှိပါဘူး''

''ဒီမှာ-သား။ မင်းကသာ ပေါ်ပေါ်ရတယ်ပြောနေ၊ ခုတစ်စည်ကို တစ်ရာတက်နေပြီ၊ နောက်ကို တက်ချင်တက်နေဦးမှာ''

''တက်တော့လည်း တက်ဈေးပေါ့ ဖေဖေရာ၊ ဘာကရှိုက်ရမှာလဲ၊ ဖေဖေက ဦးစီးအရာရှိပဲဟာ''

''ခက်တော့တာပဲ၊ ကဲ- တော်ကြတော့၊ စာသွားကျက်ကြတော့၊ စာကျက်လို့မပြောရင် ဘယ်တော့မှ စာမကျက်ကြဘူး။ ရှစ်တန်းရောက်၊ ဆယ်တန်းပါ လွယ်မယ်ထင်နေလို့လား''

ကျွန်တော် အော်ငေါက်လိုက်မှ သမီးနှင့် သားတို့ စာကျက်စားပွဲ ဝင်ထိုင်ကြသည်။ သမီးကြီးမှာ ဆယ်တန်း တစ်ကြိမ်ကျပြီးခဲ့ပြီ။ စာကို စိတ်မဝင်စားကြပါ။ ကြိုးစားမှုလည်း မရှိကြပါ။ အဝတ်အစားနှင့် ပတ္တာသနကို မက်မောကြသည်။ ရှိသည့်ထက် ပိုကြွားချင်ကြသည်။ ကျွန်တော် သက်ပြင်းရှည်ကြီး ချလိုက်မိသည်။

ကျွန်တော်မှာ နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်ပြီး အဆင့်မှာ ဦးစီးအရာရှိသာဖြစ်သည်။ ဇနီးသည်၏ အသုံးအစွဲမဆင်ခြင်မှုကြောင့် ရှိပြီးသား လက်ဝတ်လက်စားများ တဖြည်းဖြည်း လျော့လာသည်။ ပြောပြန်လျှင်လည်း ကုန်ဈေးနှုန်းကို အကြောင်းပြုတတ်သည်။ ကောင်းကောင်းစား၍ ကောင်းကောင်း ဝတ်ချင်ကြသည်။ သူတို့စိတ်ဓာတ်ကို ကျွန်တော် ရင်လေးနေမိသည်။ မိဘများထံမှ အမွေရထားသော မျဉ်ထောင်အိမ်လေး ကိုယ်ပိုင်ရှိ၍သာ တော်တော့သည်။ သို့မဟုတ်ပါက စပေါ်ဈေး အိမ်လခအပြင် ဇနီးသည်၏ သုံးစွဲပုံနှင့်ဆိုပါက မလွယ်ရေးချ မလွယ်ပါ။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေထိုင်ပြောဆိုဆက်ဆံရန်လည်း မကြာခဏ ပြောဆိုဆုံးမနေရသည်။ ဦးစီးအရာရှိ ရာထူးကိုပင် သူတို့က ဘဝင်မြင့်ချင်နေကြသည်။ ပတ်ဝန်းကျင်နှင့်လည်း သဟဇာတဖြစ်အောင် မနေတတ်ကြပါ။ ကျွန်တော်တို့ရပ်ကွက်မှာ ဆင်းရဲသားရပ်ကွက် ဖြစ်သည်။ လက်လုပ်လက်စား ပုံကျလုပ်သားများ အနေများသည်။ ကျွန်တော့်လိုဝန်ထမ်းမှာ အနည်းစုသာ ဖြစ်သည်။ ကျွန်တော့်မိသားစုက ပြောဆိုဆက်ဆံရာတွင် မောက်မာလှရှိသည်။ ရပ်ကွက်တွင်း ကျွန်တော့်ကိုသာ ခင်မင်ရင်းနှီးစွာ ပြောဆိုဆက်ဆံကြသည်။ သူတို့ဆက်ဆံရေး မောက်မာအဆင်မပြေမှုကြောင့် မကြာခဏ ပတ်ဝန်းကျင်မှ လူများနှင့် စကားများကြရသည်။ စကားများတိုင်းမှာလည်း တို့ယောက်ျားက ညစောင့်အလုပ်သမားမဟုတ်ဘူး။ အထမ်းသမား။ ဆိုက်ကားသမားမဟုတ်ဘူး။ ဦးစီးအရာရှိဟ၊ ကိုယ့်အဆင့်နဲ့ကိုယ် တစ်ရာတစ်ရာပြောကြ စသည်ဖြင့်



နှုတ်ကြမ်းတတ်သေးသည်။ ကျွန်တော် မကြာခဏ ဆုံးမနားချသော်လည်း နားမဝင်ကြပါ။ မောက်မာနေမြဲပင်ဖြစ်သည်။ သူတို့အပြောအဆို မဆင်မခြင် မောက်မာမှုကြောင့် ပတ်ဝန်းကျင်နှင့် ပြဿနာဖြစ်တိုင်း လိုက်လံဖြေရှင်းရသူမှာ ကျွန်တော်သာဖြစ်သည်။ ရပ်ကွက်လူကြီးများ၊ လမ်းမှ လူကြီးများကို တောင်းပန်စကားဆိုခဲ့ရသည်မှာ အကြိမ်ကြိမ်ပင်။ ကျွန်တော့်ဇနီးနှင့် သားသမီးများ၏ စိတ်ဓာတ်ကို ပြုပြင်နိုင်မည့် နည်းလမ်းကို တွေးဆရှာဖွေနေမိပါသည်။ ဤသို့ဖြင့် သားငယ်နှင့် သမီးကြီးတို့ အတန်းတင် စာမေးပွဲကြီး ဖြေဆိုရမည့်ရက်က နီးကပ်လာသည်။ သားငယ်က အလျှင်ဖြေရမည်။ စာမေးပွဲရက်မတိုင်မီ သားငယ်က သူ့မိခင်ကို ပူဆာနေသည့်စကား ကြားလိုက်ရသည်။

''သား စာမေးပွဲကြီး ဖြေမယ့်ရက်မှာ ဝတ်ဖို့ အင်္ကျီအဖြူရောင်အသစ် ချုပ်ပေးနော်''

''အေး…အေး ဈေးသဲက တက်ထရွန် အဖြူစ ဝယ်ပေးမယ်၊ ဒါနဲ့ သားဆီမှာ ဝတ်စရာ အဖြူရောင်အင်္ကျီတွေ ရှိသေးတယ် မဟုတ်လား''

''ဘက်ထရွန် မဝတ်ချင်တော့ပါဘူး။ မာတင်စ အဖြူဝတ်ချင်တာ၊ မာတင်စ မရရင်လည်း သရီးရိုင်ဖယ် အဖြူစပေါ့ မေမေရယ်''

''သရီးရိုင်ဖယ်ပိတ်စက ဈေးကြီးတယ် သားရဲ့''

''ဈေးကြီးကြီး မေမေရာ၊ သားတို့ကို လာပေးနေ့ ဈေးလာရောင်းနေတဲ့ အန်တီကြူဆီမှာ သရီးရိုင်ဖယ်စတွေ တွေ့ရတယ်၊ ပုဆိုးက ဂန့်ဂေါ်ကျောင်းစိမ်းနော်၊ သားမှာ တာတွေအားလုံး အန်တီကြူဆီမှာရှိတယ်''

သားငယ်က သူ့အမေကို ပူဆာနေသည့် နည်းတူ သမီးကြီးကလည်း အားကျမခံ သူ့ဆန္ဒကို ဖော်ထုတ်တင်ပြလာပြန်သည်။

''သမီး စာမေးပွဲကြီးဖြေမယ့်ရက်က တစ်ရက်တည်းမဟုတ်ဘူးနော်၊ သမီးမှာ ဖိနပ်တစ်ရံပဲရှိတာ၊ နောက်ထပ် ဖိနပ်အသစ် တစ်ရံ ထပ်လိုချင်တယ်မေမေ''

''အရင်လက ယူထားတဲ့ အဝတ်ဖိုးနဲ့ ဖိနပ်ဖိုးတွေတောင် မကျေသေးဘူး''

“ဟာ…ဖေဖေကလည်း၊ အကြွေးမကျေသေးတာ ဘာခက်တာမှတ်လို့၊ လကုန်ရက် အနီတီကြူရောက်လာရင် ဟိုလကကျန်တဲ့ အကြွေးလက်ကျန် အကျေဆပ်လိုက်၊ ပြီးတော့မှ သမီးတို့အတွက် ထပ်ယူပေးပေါ့၊ ငွေများနေရင် အနီတီကြူကို နှစ်လလောက်ခွဲပေးရင် ရပါတယ်”

“ဒီအနား လာကြအုံး၊ ဟိုမှာ မင်းတို့ ဖေဖေ ရှိနေတယ်၊ ဒီကိစ္စ ဘာမှ ထပ်မပြောကြနဲ့တော့၊ အနီတီကြူလာရင် မေမေ ကြည့်ပြီး စီစဉ်ပေးမယ်၊ မင်းတို့အဖေ မသိစေနဲ့၊ စာမေးပွဲဖြေမယ့်ရက်တွေမှာ မျက်နှာမငယ်စေရဘူး”

“ဒါမှ တို့မေမေကွ”

ကျွန်တော် သားသမီးများကို ဆုံးမတိုင်း အမေဖြစ်သူက ကာဆီးကာဆီးနှင့် လုပ်တတ်သည်။ ကြာလာတော့ အမေမှ အမေ ဖြစ်နေသည်။ လိုချင်သမျှ ပူဆာသမျှ အမေ့ဆီကရနေကြသည်။ ကျွန်တော် နယ်ဘက်တွင် သွားရောက်တာဝန်ထမ်းဆောင်ခဲ့စဉ်က ယခုကဲ့သို့ ကျပ်တည်းမှု မရှိခဲ့ပါ။ မိသားစုမှာလည်း ကြွားဝါမှုမရှိ၊ အဝတ်အစားပြိုင်ဆိုင်မှုလည်း မရှိခဲ့ပါ။ လက်ဝတ်လက်စားအချို့ပင် စုဆောင်းနိုင်ခဲ့သည်။ ကလေးများလည်း နှစ်စဉ် စာမေးပွဲ အောင်ခဲ့ကြသည်။ ရန်ကုန်မြို့သို့ ပြန်လည် ပြောင်းရွှေ့လာပြီးမှ အကျင့်ပျက်လာကြသည်။ အပေါင်းအသင်းများလာသည်။ အတုမြင်၊ အတတ်သင်လာကြသည်။ အဝတ်အစား၊ လက်ဝတ်လက်စားပင် ပြိုင်လာကြသည်။ နောက်ဆုံး၊ လင်ယောက်ျားချင်းပင် ပြိုင်လာသူတွေရှိလာသည်။ ပကာသနဖက်သော အသုံးအစွဲများကြောင့် ကုန်ကျစရိတ်များလာသည်။ ကျွန်တော့် ဝင်ငွေနှင့် မလောက်ချင်တော့ပါ။ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရစေရန် လက်ဝတ်လက်စားအချို့ ထုခွဲရောင်းချ၍ အိမ်ဆိုင်လေး တည်ရန် ပြောလေတိုင်း ဒါးဒါးသီးသီး ငြင်းပယ်ခဲ့ကြသည်။ လက်ဝတ်လက်စားမရှိက မျက်နှာငယ်မည်၊ ဂုဏ်ငယ်မည်ဟု ဆိုကြသည်။ ပြီးတော့ အိမ်ဆိုင်လေး တည်ခင်း ရောင်းချသည်ကိုပင် အောက်တန်းကျသည်ဟု ထင်မြင်ကာ မလုပ်ချင်ကြပါ။ ဝင်ငွေရှိသူမှာ ကျွန်တော်တစ်ဦးတည်းသာဖြစ်သည်။ အသုံးအစွဲ မဆင်ခြင်၍ ဝင်ငွေထက် ထွက်

**မင်းတို့ကလည်း အကြွေးရတော့ မဆင်မခြင်ဝယ်၊ တစ်လပေးဟာ နှစ်လပေး၊ သုံးလပေးဖြစ်တော့ သူဈေးတင်ထားတာလည်း သဘာဝကျတာပဲ…**

ငွေက ပိုလာသည်။ နောက်ဆုံးပြဿနာ အားလုံး အိမ်ထောင်ဦးစီးဖြစ်သူ ကျွန်တော့် ထံသို့သာ ဦးတည်လာပါတော့သည်။

“အစ်ကိုရေ ရုံးတွင်းမှာ တခြားဌာန တစ်ခုပြောင်းဖို့ ကြိုးစားကြည့်ပါလား။ အနီတီကြူယောက်ျားရဲ့ဌာနက အဆင်ပြေတယ်လို့ ပြောကြတယ်”

“ဘယ်သူတွေ ပြောတာလဲ”

“လိုင်းခန်းမှာနေတဲ့ မိန်းမတွေပြော နေကြတာပဲ”

“မင်းတို့မိန်းမတွေ ပါးစပ်ကြောင့် ခက်နေတာကွ၊ ဒါတွေကြောင့် ဌာနကပေးတဲ့ လိုင်းခန်းကို ငါမယူတာ၊ တို့အိမ်ကို ငှားထားပြီး ဌာနကချပေးတဲ့ လိုင်းခန်းမှာ သွားနေလို့ရတယ်၊ လိုင်းခန်းမှာနေရင် ခုလိုစကားမျိုးတွေ ကြားရမယ်၊ ပြိုင်ဆိုင်လာကြမယ်၊ အနီတီကြူရဲ့ ယောက်ျားကို ငါသိတယ်၊ ကိုယ်နဲ့ အဆင့်တူပဲ၊ သူအဆင်ပြေတာက သူ့ဌာနက အောက်ခိုက်ရလို့မဟုတ်ဘူး။ မင်းတို့ပြောနေတဲ့ သူ့မိန်းမ အနီတီကြူ တစ်ဖက်တစ်လမ်းက ဈေးရောင်းပြီး အပိုဝင်ငွေ ရှာနေလို့ပဲ၊ အဓိကကျတာက မင်းတို့ အိမ်ရှင်မတွေပဲ၊ ရိုးရိုးသားသား နေထိုင်စားသောက်ရင် ခုလို ကျပ်တည်းမှာ မဟုတ်ဘူး။ အပိုဝင်ငွေရအောင်လည်း ဘာမှမလုပ်ချင်ဘူး။ မင်းရဲ့ သားနဲ့သမီးလည်း၊ အတူတူပဲ၊ ကြုံတုန်းပြောရအုံးမယ်၊ မင်းတို့ကို ထီး ဖိနပ်ကအစ အဝတ်အထည် လာပေးလာ ရောင်းတဲ့ မကြူကို ကြည့်စမ်းပါ၊ သူ့ ယောက်ျားဟာ ကိုယ်နဲ့အဆင့်ချင်းတူတူပဲ၊ ချွေတာသုံးရင် လစာနဲ့လောက်ငှနိုင်ပါတယ်။ ဒါပေမဲ့ မကြူက အပိုဝင်ငွေရှာတယ်၊ သူတို့ နေတဲ့ ရပ်ကွက်ထဲကနေ လုပ်ဖော်ကိုင်ဖက် တွေရဲ့ လိုင်းခန်းအထိရောက်အောင်လာ တယ်၊ တို့ရပ်ကွက်ထဲလည်း ရောက်လာတာပဲ၊ အပင်ပန်းခံပြီး ငွေရှာတာ၊ သူ့ကို မေးကြည့်ဖူးတယ်၊ လောလောဆယ် စားဖို့ရှိပေမယ့်နောင်ရေးကိုရှိသေးတယ်တဲ့၊ မတ်တတ်စား ရှိပေမယ့် ထိုင်စားဖို့အတွက် ရှာထားတာတဲ့၊ ဘယ်လောက် အားကျဖို့ကောင်းသလဲ၊ မကြူဆီမှာ အကြွေးရပေမယ့် ဈေးတင်ထားတာ မင်းတို့သိရဲ့လား။ မင်းတို့ကလည်း အကြွေးရတော့ မဆင်မခြင်ဝယ်၊ တစ်လပေးဟာ နှစ်လပေး၊ သုံးလပေးဖြစ်တော့ သူဈေးတင်ထားတာလည်း သဘာဝကျတာပဲ၊ မင်းတို့လို လူမျိုးတွေရှိနေလို့ မကြူလို လူမျိုးတွေရှိနေတာ သိလား။ ကြွားဝါချင်တဲ့ မင်းတို့သားအမိတွေရဲ့ စိတ်ဓာတ်တွေကိုပြင်ဖို့ အချိန်တန်နေပြီကွ”

ကျွန်တော့်စကားအဆုံးတွင် ဇနီးသည်မှာ တွေဝေငေးငိုင်သွားသည်။ သက်ပြင်းချသံကိုပင် ကြားလိုက်ရသည်။ ဤသို့ဖြင့် သားငယ်တို့ စာမေးပွဲကြီးဖြေဆိုရက် ရောက်လာသည်။ စာမေးပွဲဖြေနိုင်၊ မဖြေနိုင်တော့ မသိပါ။ သူ့မိခင် အကြွေးစနစ်ဖြင့် ဝယ်ယူဆင်မြန်းပေးလိုက်သော အင်္ကျီသစ်၊ ပုဆိုးသစ်တို့ဖြင့် တက်ကြွရွှင်လန်းနေပါတော့သည်။ သားငယ် စာမေးပွဲဖြေဆိုပြီး မကြာမီမှာပင် သမီးကြီး ဆယ်တန်းစာမေးပွဲ ဖြေဆိုရပြန်သည်။ ကျွန်တော် အတန်တန်တားမြစ်ထားသည့်ကြားမှပင် သမီးအတွက် တန်ဖိုးကြီး ဖိနပ်သစ်တစ်ရံကို မရ ရအောင် ဝယ်ပေးလိုက်သေးသည်။

စာမေးပွဲများ ပြီးဆုံးသည့် နွေရာသီ ကျောင်းပိတ်ရက်များတွင် ယခင် ရေလာထည့်သည့် ချာတိတ် ပြန်ရောက်လာသည်။ မောင်နှမ နှစ်ယောက်စလုံး ညဘက် ရေလိုက်ထည့်နေသည်ကို တွေ့ရသည်။ ကျွန်

# အကောင်းဆုံးကျူရှင် တက်နိုင်သည်ဟု ကြွားဝါခဲ့သော သမီးက စာမေးပွဲကျခဲ့သည်။ မည်မျှကောင်းသည့် ကျူရှင်တက်သည်ဖြစ်စေ . . .

တော့်အိမ်သို့ရောက်တိုင်း ဇနီးသည်နှင့် စကားများနေကျဖြစ်သည်။ မောင်နမ နှစ်ယောက်က သည်းခံခွင့်လွှတ်မြဲဖြစ်သည်။ သူတို့အလုပ်တွင်သာ အာရုံစူးစိုက်၍ အားလုံးနှင့် အဆင်ပြေအောင် ဆက်ဆံပြောဆိုသွားကြသည်။ သကြန်ရက်များ ကုန်ဆုံးပြီးသော ရက်တစ်ရက်တွင် သားငယ်တို့ ရှစ်တန်း အောင်စာရင်းထွက်လာသည်။ ကျွန်တော် ထင်မှတ်ထားသည့်အတိုင်းပင် ဖြစ်လာသည်။ သားငယ် စာမေးပွဲကျရှုံးခဲ့သည်။ အစမ်းစာမေးပွဲဖြေစဉ်ကလည်း စာမေးပွဲကျ၍ မိဘနှင့်တွေ့ဆုံခဲ့သည်။ ကျောင်းမှ ခေါ်စာလာ၍ သူတို့အမေ ကျောင်းသို့လိုက်သွားကြောင်း ကျွန်တော် နောက်မှသိခဲ့ရသည်။ ထိုကိစ္စ ကျွန်တော့်ကို အသိမပေးခဲ့ပေ။ သား စာမေးပွဲကျသည်ကို အမေဖြစ်သူက အပြစ်မပြောသည့်အပြင် နောင်နှစ် အောင်အောင်ဖြေပေါ့ဟူ၍ အားပေးစကားပင် ပြောလိုက်သေးသည်။ ကျွန်တော်ဘာမှဝင်မပြောသေးပါ။ သမီးကြီး အောင်စာရင်းကို စောင့်နေခဲ့သည်။ မိုးဦးကျလာသည့် ဇွန်လတွင် သမီးကြီးတို့ ဆယ်တန်းအောင်စာရင်း ထွက်လာသည်။ သည်နှစ် ဆယ်တန်းအောင်ချက် ကောင်းသည်ဟုကြားရသည်။ ကျွန်တော်တို့လမ်းထဲတွင် သမီးကြီးအပါအဝင် ဆယ်တန်းဖြေသူ လေးယောက်ရှိသည်။ သုံးယောက် အောင်သည်၊ အောင်မြင်သူများထဲတွင် အိမ်ကသမီးကြီး မပါပါ။ သမီးကြီး ဒုတိယအကြိမ် ဆယ်တန်းကျရှုံးပြန်သည်။ ကျွန်တော့်ဇနီးက အထမ်းသမား၊ ဆိုက်ကားသမားဟု ရင့်ရင့်သီးသီး နှိမ့်ချပြောဆိုဆက်ဆံခဲ့သူတို့၏ သားသမီးများ၊ တစ်နှစ်တည်းနှင့် အောင်သွားကြသည်။ လမ်းထဲတွင် ကျွန်တော် မျက်နှာမပြဝံ့အောင် ဖြစ်ခဲ့ရသည်။ အကောင်းဆုံးကျူရှင် တက်နိုင်သည်ဟု ကြွားဝါခဲ့သော သမီးက စာမေးပွဲကျခဲ့သည်။ မည်မျှကောင်းသည့် ကျူရှင်တက်သည်ဖြစ်စေ ကိုယ်တိုင်ကြိုးစားမှုမရှိလျှင် စာမေးပွဲကျမည်သာဖြစ်သည်။ သူတို့သားအမိတွေလည်း ငြိမ်သက်နှုတ်ဆိတ်နေကြသည်။ သူတို့အပြစ် သူတို့သိဟန်တူသည်။

တစ်ည ညဉ့်နက်ပိုင်းတွင် ရေလာထည့်သော မောင်နှမနှစ်ယောက်နှင့် ကျွန်တော် ဆုံတွေ့ခဲ့သည်။

"ချာတိတ်…မင်းမျက်နေတာ ကြာပြီနော်"

"ဟုတ်ကဲ့ ဦးလေး၊ စာမေးပွဲကြီးအတွက် စာကျက်ရမယ့်အချိန် ပေးနေရလို့ပါ"



"ဟော…ဟုတ်လား၊ မင်းက ဘယ်နှတန်း ဖြေခဲ့တာလဲ"

"ကျွန်တော် ရှစ်တန်းဖြေတာပါ"

"အောင်စာရင်းတွေ ထွက်ပြီးပြီလေ၊ အောင်ရဲ့လား"

"ဟုတ်ကဲ့၊ အောင်ပါတယ်၊ ခု ကိုးတန်း တက်တော့မှာပါ၊ ဒီအိမ်က ဦးရဲ့သား အောင်တယ်မဟုတ်လား၊ ကျောင်းမတွေ့တော့ မသိဘူးလေ"

"အိမ်ကသားအကြောင်း မမေးနဲ့ ကျတယ်"

"ဒါဖြင့် ဟို ဆယ်တန်းဖြေတဲ့ မမကော"

ချာတိတ်က သမီးကြီးကို မေးလာခြင်းဖြစ်သည်။ ကျွန်တော် အမှန်အတိုင်းပင် ပြောလိုက်သည်။

"သူလည်း ကျတယ်ကွ"

"ကျွန်တော်မသိလို့ မေးမိတာနော်၊ စိတ်မကောင်းပါဘူး ဦးရယ်"

"ရပါတယ်ကွ၊ ကိုယ်တိုင် မကြိုးစားလို့ မအောင်တာ စိတ်မကောင်းဖြစ်စရာမလိုပါဘူး။ ဒါနဲ့ ဟိုဘက်အိမ်မှာ ရေထည့်နေတဲ့ မင်းရဲ့မမကော ကျောင်းမနေဘူးလား"

"နေပါတယ် ဦးရဲ့၊ မမက နည်းပညာတက္ကသိုလ် ဒုတိယနှစ်တက်နေတာ၊ ကျောင်းစရိတ်ရအောင်လို့ ကျွန်တော်နဲ့ ရေလိုက်ထည့်နေတာပါ"

"တယ်ဟုတ်ပါလား၊ မင်းတို့မောင်နမ က တော်ကြသားပဲ"

ကျွန်တော့်သားသမီးများနှင့် အသိချင်းကွာလှသည်။ သားသမီးချင်း ကိုယ်ချင်းစာနာစိတ်ဖြင့် ကျွန်တော် ပီတိဖြစ်ခဲ့ရသည်။ ကြုံကြိုက်တုန်း သူတို့မိသားစုအကြောင်းကို ကျွန်တော် စပ်စုပြီး မေးမြန်းကြည့်မိသည်။ ချာတိတ်က ပြည့်ပြည့်စုံစုံပြောပြသည်။ ချာတိတ်တို့ မိသားစုအကြောင်း သိရချိန်တွင် ကျွန်တော့် ဦးနှောက်ထဲ အသိတစ်ခု လက်ခနဲ ပေါ်လာသည်။ ကျွန်တော့်မိသားစု၏ မှားယွင်းနေသည့် စိတ်ဓာတ်ကို ပြုပြင်ရမည့် နည်းလမ်း ကျွန်တော်သိရှိခဲ့ပြီ။

"အေးကွယ် . . .မင်းတို့မိသားစု အကြောင်း ကြားရတာ ကျေနပ်အားရစရာပဲ၊ ဒါနဲ့ မင်းတို့မောင်နှမနှစ်ယောက် လာမယ့် တနင်္ဂနွေနေ့မှာ အလုပ်အားတယ်

မဟုတ်လား''

''ဘာလို့မေးတာလဲ ဦးရဲ့၊ နောင်ဆို ရေလာထည့်ဖြစ်ချင်မှ ထည့်ဖြစ်တော့မှာ။ ခုတောင် မိုးက ရွာလာပြီလေ၊ ရေစက်ပိတ်ရင် ဦးတို့နဲ့ဆုံဖို့ မလွယ်တော့ဘူး''

''ဒီလိုပါကွ၊ မင်းတို့မောင်နှမနဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ပါ။ ရေထည့်ချိန်မှာ ရေကို အဆက်မပြတ်လွှတ်ထားတော့ မင်းတို့က ဆက်တိုက်လိုက်ထည့်နေရတယ်၊ စကားပြောချိန် သိပ်မရဘူးဖြစ်နေတယ်''

''အကြောင်းတွေရှိလို့လား ဦးရဲ့''

''အေး・・・ရှိတယ်၊ မင်းတို့အတွက် မထူးခြားပေမယ့် ဦးတို့မိသားစုအတွက် အကျိုးရှိမယ်လို့ ဦးယုံတယ်၊ လာတော့ သိမှာပါ၊ သိပ်မကြာပါဘူး။ ဦးအိမ်ကို လာကြမယ်မဟုတ်လား''

''ဒီအိမ်က ဒေါ်ဒေါ်တို့ မမတို့နဲ့ ဆက်ဆံရတာ သိပ်ပြီးအဆင်မပြေလှဘူး၊ ဦးနဲ့တော့ ပြေလည်ပါတယ်၊ ဦးက ကျွန်တော်တို့ကို မနှိမ်ဘူးလေ၊ ဦးတို့မိသားစု အကျိုးရှိမယ်ဆိုရင်တော့ ကျွန်တော်တို့ လာခဲ့ပါ့မယ်။ မမကိုလည်း ပြောပြလိုက်ပါ့မယ်''

''မင်းရဲ့မမကိုလည်း ပါအောင်ခေါ်ခဲ့နော်။ ခုလိုကြားရတာ ကျေးဇူးတင်ပါတယ်။ လာမယ့် တနင်္ဂနွေနေ့ မနက်ပိုင်းနော်''

ချိန်းဆိုထားသည့်အတိုင်းပင် တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် မောင်နှမနှစ်ယောက် ကျွန်တော့်အိမ်သို့ ရောက်လာကြပါသည်။ ကျွန်တော့်မိသားစုအားလုံး အိမ်တွင်ရှိနေရန် ကျွန်တော် ကြိုတင်စီစဉ်ထားခဲ့သည်။ ကလေးနှစ်ယောက် အိမ်ပေါ်တက်လာစဉ် ဇနီးသည်က မနှစ်မြို့သည့်အမူအရာဖြင့် မေးမြန်းမည်ပြုလိုက်စဉ် ကျွန်တော်က–

''ကဲ・・လာကြ၊ လာကြ၊ ဟောဒီမှာ ထိုင်ကြ''

''အစ်ကိုက ဘာကိစ္စရှိလို့ သူတို့ကို အိမ်အလည်ခေါ်ရတာလဲ''



''မိုးတွင်းရောက်ပြီလေ၊ ရေစက်က နားတော့မှာမို့ သူတို့ လာနှုတ်ဆက်ကြတာပါ''

ကျွန်တော့်စကားအဆုံးတွင် အားလုံး နေရာတွင် ထိုင်ပြီးသားဖြစ်နေသည်။ ကျွန်တော်က သားနှင့်သမီးဘက်သို့ မျက်နှာမူပြီး မေးလိုက်သည်။

''သားနဲ့သမီး၊ သူတို့နှစ်ယောက် အကြောင်း ပြည့်ပြည့်စုံစုံသိကြရဲ့လား''

''သိပါတယ် ဖေဖေရာ၊ သားတို့ပြောပြောနေတဲ့ ရေတွေလေ၊ ရေလိုက်ထည့်တဲ့ သူတွေပေါ့''

''ဟုတ်သားပဲ၊ အစ်ကိုကလည်း ဒါများ အဆန်းလုပ်ပြီး မေးနေရသေးတယ်''

''မင်းတို့က ဒီလောက်ပဲသိကြတာကိုး။ နေအုံး・・・ငါသူတို့နဲ့ စကားပြောအုံးမယ်''

ရေထည့်သည့်ကလေးမကို ကျွန်တော် မေးလိုက်သည်။

''သမီးက နည်းပညာတက္ကသိုလ် ဒုတိယနှစ် တက်နေတယ်ဆို၊ သမီး ဆယ်တန်းအောင်တုန်းက အမှတ်ကောင်းမယ် ထင်တယ်၊ ဆယ်တန်းအောင်တုန်းက ဂုဏ်ထူး ပါသေးလား''

''ဟုတ်ကဲ့・・・ဂုဏ်ထူးနှစ်ဘာသာပါတယ်၊ အိုင်အိုနဲ့ သင်္ချာမှာ ဂုဏ်ထူးရပါတယ်''

''သမီးတို့ မိသားစုအကြောင်း၊ နည်းနည်းလောက် ပြောပြပါလား''

''ရပါတယ်ဦးရဲ့၊ ဖေဖေက တပ်မတော်သား တစ်ယောက်ပါ၊ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း တိုက်ပွဲတစ်ခုမှာ ကျဆုံးခဲ့ရရှာတယ်၊ မောင်လေး ငါးတန်းနှစ်ကပေါ့။ ဖေဖေ့အတွက်ရတဲ့ သေဆုံးမှု ဆုကြေးငွေနဲ့ မေမေက အိမ်ဆိုင်လေးတည်ပြီး သမီးတို့ မောင်နှမနှစ်ယောက်ကို ကျောင်းဆက်ထားပေးခဲ့တယ်၊ သမီးတို့ မောင်နှမနှစ်ယောက်က ကျောင်းစရိတ်၊ စာအုပ်ဖိုးရအောင်ဆိုပြီး ခုလိုရေလိုက်ထည့်တဲ့အလုပ်ကို လုပ်နေတာပါ၊ ရေစက်ပိုင်ရှင် အဒေါ်ကြီးက ဖေဖေနဲ့ ဆွေမျိုးရင်းချာလို ခင်မင်နေခဲ့တာ''

''သမီးရဲ့ မောင်လေးကကော''

''မောင်လေးက ခုကျောင်းဖွင့်ရင် ကိုးတန်း တက်ရတော့မှာ''

''ကျောင်းတက်နေရတော့ ရေလိုက်



**ပတ်ဝန်းကျင်နဲ့လည်း သဟဇာတမဖြစ်၊**
**မိသားစုအတွက်လည်း အကူအညီမရတဲ့**
**မင်းတို့မောင်နှမဟာ တံလျှပ်တွေပဲဖြစ်မယ်…**

ထည့်ကြအုံးမှာလား''

''ခု ရေစက်ပိတ်တော့မယ်၊ ဦးတို့ ဒေါ်ဒေါ်တို့ကို နှုတ်ဆက်ချင်လို့ လာခဲ့ကြတာပါ၊ မိုးကုန်လို့ ရေစက်ပြန်ဖွင့်ရင် ညဘက် ရေလိုက်ထည့်ကြအုံးမှာပါ''

ကျွန်တော်သိချင်သော အကြောင်းအရာများကိုသာ ရွေးချယ်မေးမြန်းခဲ့သည်။ မောင်နှမနှစ်ယောက်က ရည်ရည်မွန်မွန်ဖြင့် ပြန်လည်ဖြေကြားကြသည်။

''ကဲ…သမီးတို့၊ ချာတိတ်တို့ ခုလို လာနှုတ်ဆက်တာ ကျေးဇူးတင်ပါတယ်၊ ပြန်ချင်ရင် ပြန်လို့ရပါပြီ၊ နောက် ရေလာထည့်ရင်လည်း ဆုံကြအုံးမှာပဲ''

မောင်နှမနှစ်ယောက်စလုံး ကျွန်တော်တို့ကို နှုတ်ဆက်ကြသည်။

''ပြန်ခွင့်ပြုပါအုံး ဒေါ်ဒေါ်''

''သားတို့ ပြန်ပါအုံးမယ်''

''အေး…အေး၊ ကောင်းပါပြီကွယ်၊ ပြန်ကြပေတော့''

ပြန်ကြပေတော့ဟု ပြောလိုက်သော ဇနီးသည်၏စကားသံတွင် ယခင်ကလို ခက်ထန် နှိမ့်ချသော လေသံမျိုးမဟုတ်တော့ပါ၊ မာနများကင်းစင်နေသော လေသံဖြစ်သည်။ သားနှင့်သမီးတို့ မျက်နှာတွင်လည်း လေးစား အားကျသောအသွင်ကို တွေ့ရသည်။ အိမ်ပေါ်မှဆင်းသွားသော မောင်နှမနှစ်ယောက်၏ ကျောပြင်ကိုငေးကြည့်နေသော ကျွန်တော့်ဇနီး၏ မျက်ဝန်းတွင်လည်း အားကျခြင်း၊ ဂုဏ်ယူခြင်း အရိပ်အယောင်များ ပြည့်လျှံနေသည်ဟု ထင်မိသည်။

''အစ်ကိုရေ ကလေးတွေက မဆိုးပါလား၊ အိမ်က သားတို့သမီးတို့ထက် သာသွားပြီ''

''ဒါတွေကို သိစေချင်လို့ သူတို့ မောင်နှမကို တကူးတက အိမ်အလည်ခေါ်ပြီး စကားပြောရတာပဲ၊ ကဲ-သားနဲ့သမီးတို့၊ မင်းတို့မောင်နှမ သူတို့မောင်နှမနဲ့ ယှဉ်ကြည့်စမ်းပါ၊ မင်းတို့အမေကအစ ရေထည့်တဲ့သူတွေဆိုပြီး နှိမ့်နှိမ့်ချချ ပြောဆိုဆက်ဆံခဲ့ကြတာတွေကို မင်းတို့ရှက်တတ်ရင် သိပ်ရှက်ဖို့ကောင်းနေပြီ၊ အလကားဟာတွေ၊ ပေါ်ပေါ်လောလောရတဲ့ ရေတွေပါဆိုပြီး အထင်အမြင်သေးခဲ့ကြတယ်၊ အဲဒီရေတွေကမှ တန်ဖိုးရှိတာ၊ ပတ်ဝန်းကျင်အတွက်ရော၊ မိသားစုအတွက်ပါ အသုံးဝင်တဲ့ရေတွေ၊ သူတို့မောင်နှမဟာ မင်းတို့ပြောတဲ့ ရေတွေဆိုရင် ပတ်ဝန်းကျင်နဲ့လည်း သဟဇာတမဖြစ်၊ မိသားစုအတွက်လည်း အကူအညီမရတဲ့ မင်းတို့မောင်နှမဟာ တံလျှပ်တွေပဲဖြစ်မယ်၊ အခိုးအငွေ့အဖြစ်နဲ့ အသုံးမဝင်ဘဲ ပျောက်ကွယ်သွားကြမယ်၊ ဘာမှ တန်ဖိုးမရှိဘူး။ ရေနဲ့ တံလျှပ်ကို ခွဲခြားပြီး မသိတတ်တဲ့ မင်းတို့သားအမိရဲ့ ညဉ်ဆိုးကိုမြင်ဖို့ အချိန်ရောက်ပြီ၊ မင်းတို့ကိုယ်မင်းတို့ ဟုတ်လှပြီ၊ လူရာဝင်လှပြီလို့ ထင်နေကြတယ်၊ တကယ်တော့ မင်းတို့ဟာ တန်ဖိုးမရှိတဲ့ တံလျှပ်တွေပဲ''

ကျွန်တော့်ဒေါသတို့ မကြုံစဖူး ပေါက်ကွဲ ပွင့်ထွက်လာသည်။ ကျွန်တော် ဒေါသဖြစ်နေမှန်းသိ၍ သူတို့သားအမိ ငြိမ်နေကြသည်။

''ဒီနေ့ကစပြီး လက်ကျန် လက်ဝတ်လက်စားထဲက ဘာမှထပ်ပြီး ထုခွဲရောင်းချဖို့ မစဉ်းစားနဲ့တော့၊ ရှိတဲ့အဝတ်အစားတွေကိုပဲ ဝတ်ကြတော့၊ အသစ်ထပ်ဝယ်ဖို့ စိတ်မကူးကြနဲ့တော့၊ အန်တီကြူးဆီကလည်း ဘာမှ ထပ်မဝယ်နဲ့တော့၊ လက်ဝတ်လက်စားလေး ထုခွဲရောင်းချပြီး အိမ်ဆိုင်လေး ဖွင့်ပါဆိုတော့ မျက်နှာငယ်တယ်၊ ဂုဏ်ငယ်တယ်၊ အောက်တန်းကျတယ်ဆိုပြီး မလုပ်ချင်ကြဘူး၊ ဟိုမှာ တက္ကသိုလ်ကျောင်းသူက မိန်းကလေးတန်မဲ့ ညဘက်ရေလိုက်ထည့်တာကို အားကျအတုယူရကောင်းမှန်းမသိကြဘူး၊ မိုးချိုး ရှုပ်ချိုး နှိမ့်ချပြောချင်ကြသေးတယ်၊ ငါပြောတာတွေ မှန်လား၊ မှားလား ပြန်စဉ်းစားကြအုံး၊ မင်းတို့ ဘာပြောချင်ကြသေးလဲ''

ကျွန်တော် ဤသို့ တစ်ကြိမ်တစ်ခါမျှ ဒေါသမဖြစ်ဖူးပါ။ သူတို့ ရှက်ရွံ့နေဟန်တူသော မျက်နှာကိုယ်စီဖြင့် ကျွန်တော့်ကို ကြည့်နေကြသည်။ ကျွန်တော်က သူတို့ တစ်ဦးချင်းစီ၏မျက်နှာကို လိုက်ကြည့်မိသည်။ သူတို့မျက်လုံးတည့်တည့် စိုက်ကြည့်လိုက်သည်။ ကျွန်တော့်အကြည့်ကို ရင်မဆိုင်ရဲကြတော့ပါ။ အသီးသီး မျက်လွှာချသွားကြသည်။ ဤအချက်မှာပင် ကျွန်တော် ယုံကြည်မှုတစ်ခု ရရှိလိုက်ပါသည်။ သူတို့အပေါ် ကျွန်တော်၏စိတ်ဓာတ်စစ်ဆင်ရေးမှာ အောင်မြင်မှုရရှိလိုက်ပြီဟု ကျွန်တော် သိလိုက်သည်။ သူတို့၏ မှားယွင်းသော စိတ်ဓာတ်ကို ကျွန်တော် ပြုပြင်နိုင်လိုက်ပြီဖြစ်ကြောင်း သိရှိလိုက်ရခြင်းပင်ဖြစ်ပါသည်။

ဒေါသတို့ပြေစိမ့်သောငှာ သူတို့ကို ကျောခိုင်း၍ အပြင်လမ်းမဘက်သို့ ထွက်လာခဲ့သည်။ ရေခိုးရေငွေ့ပါသည့် အေးမြသော လေနုအေးက မျက်နှာကို ရှပ်တိုက်ပြေးသွားသည်။ လူမှာ အေးမြလန်းဆန်းသွားသည်။ ဒေါသတို့ လွင့်ပြယ်သွားရသည်။ ကျွန်တော့်စိတ်မှာလည်း ပေါ့ပါးလန်းဆန်းနေပါတော့သည်။

**မောင်မောင်မိုးအောင်**
**(စာပေဗိမာန်စာမူဆုရ)**

# မောင်သာနိုး (မြည်)

## မျက်ဝန်းရိပ်ညို နှင့် ခံတွင်းမှ ရွေ့သော စကားတစ်ခွန်း

(တစ်)

လဝန်းထဲ
ပွဲကြည့်လှေကလေး လှော်ခတ်ဝင်သွား
လမ်းရွေးမှားသူဖြစ်
နှစ်ထပ်သဘော်
မြို့ကလေးပေါ်နားခဲ့ပေါ့။
(မောင်ချောနွယ်)

ကောင်းကင်တခိုတွင် တိမ်တို့ ညို့မှိုင်းလျက်ရှိသည်။ တောအုပ်တို့က စိမ်းဖန့်စိုလက်နေပြီး တောင်တို့က မှိုင်းဝေလျက်ရှိသည်။ နှင်းမြူဇာပုဝါပါးသည် တောတန်း၊ တောင်စွယ်တို့ကို ခပ်ပါးပါးကလေး ခြုံသိုင်းရစ်ထွေးလျက်ရှိသည်။ မြစ်ပြင်ရော၏ အရှေ့ဘက်ကမ်းပါးပေါ် မေးတင်တည်ဆောက်ထားသော ပြည်မြို့ကလေးရဲ့ ''မျက်ဝန်းရိပ် ညို'' ကဖေးဆိုင်လေးမှနေ၍ အနောက်ဘက် ကမ်းပါးပေါ်တွင်



လွန့်လွန့်စွင့်စွင့် ဘုံခြေရ သပ္ပါယ်နေသော ရွှေဘုံသာမုန့်ပြင်ကွင်း၊ ထိပ်သားတင်မိုင်တို့နှင့် ထိလုမတတ် မြင့်မားစွင့်ကားနေသော တန်ကြည့်တောင် မြင်ကွင်းတို့ကို ဆောင်းနံနက်ခင်းလေးများတွင် ကြည့်ရသည်မှာ သက်ငြိမ်ပန်းချီကားတစ်ချပ်ကို ကြည့်ရသလို စိတ်ကို ကြည်မွေ့လတ်ဆတ် လန်းဆန်းစေသည်။ နှင်းမှုင်တို့ ဖွေးဖွေးလှုပ်လှုပ် သွန်းကြဲစကျနေသော ဆောင်းနံနက်ခင်းလေးများတွင် ပြည်မြို့၏ အရပ်ခုနစ်မျက်နှာတစ်ခွင်ကို ကြည့်လိုက်တိုင်း နှင်းမှုန်မြူခြည်တို့ဖြင့် ထာဝစဉ် အုံ့မှိုင်းနေတတ်သည်။ မှုံပြေအေးစိုသော ဆောင်းလေအေးလေးများကို နမ်းကြူရသည်မှာလည်း စိတ်ကိုတစ်မျိုးလန်းဆန်းစေပြန်သည်။ ''မျက်ဝန်းရိပ်ညို'' ကဖေးဆိုင်လေးတွင်ထိုင်ကာ ဆရာမောင်ချောနွယ် ရေးသီစပ်ခဲ့သော ''ပြည်ကဗျာ''လေးကို နံနက်ခင်းလေးများနှင့် လိုက်ဖက်တင့်တယ်စွာ တီးတိုးရွတ်ဆိုခဲ့သည်။ ပြည်မြို့ကို ''နှစ်ထပ်သင်္ဘောမြို့ကလေး''ဟု ဆရာမောင်ချောနွယ် တင်စားလိုက်ပုံက မှော်ဆန်လွန်းသည်။ ပိရိသေသပ်လွန်းသည်။ ပြည်မြို့နှင့် အံဝင်ခွင်ကျ လိုက်ဖက်လွန်းသည်ဟု ကျွန်တော်ထင်မြင်မိသည်။

(နှစ်)

ထိုနေ့က ''မျက်ဝန်းရိပ်ညို'' ကဖေးဆိုင်လေးမှာ မိတ်ဆွေသူငယ်ချင်းတစ်ယောက်နှင့်အတူ ကျွန်တော် ထိုင်ဖြစ်ခဲ့သည်။ မျက်လွှာချပြီး ငြိမ်ငြိမ်ဆေးဆေး ခြေလှမ်းတို့ဖြင့် လှမ်းနေသော ရဟန်းငယ်တစ်ဦးမှာ ငြိမ်သက်တိုးလျှလွန်းစွာ လွန့်တွေးစီးဆင်းနေသော ဧရာဝတီမြစ်ရေပြင်ကို နှင်းမြူတို့ဆိုင်းစို့နေသောကြားတွင် ကြည့်မောလို့ကောင်းစွာ ကြည့်နေတုန်း မိတ်ဆွေသူငယ်ချင်း တစ်ယောက်၏ နှုတ်ထွက်စကားကြောင့် ဆတ်ခနဲ ပေါင်းထောင်သွားမိသည်။ တွန့်ခနဲ ဖြစ်သွားမိသည်မှာလည်း အမှန်။

''တကယ်တော့ သူက အရင် ကျွန်တော်တို့မိသားစုအပေါ် မရိုးသားခဲ့တာ၊ ဒါကြောင့်လည်း ကျွန်တော်တို့က သူ့အပေါ် ပြန်မရိုးသားခဲ့တာ၊ တရားပါတယ်နော် ကိုသာစိုး''

ကျွန်တော့်ထံမှ ထောက်ခံချက်ကိုပင် သူက တောင်းခံလိုက်ပါသေးသည်။ ကျွန်တော့် မိတ်ဆွေက အခွေငှားဆိုင်လေးဖွင့်ပြီး မိသားစုစားဝတ်နေရေးကို လည်ပတ်နေသူဖြစ်သည်။ သူ့မိသားစုအကြောင်းကို ကျွန်တော် ခရေစေ့တွင်းကျ အကုန်သိသည်။ ၂တန်းရောက်ပြီဖြစ်သော သားလေးတစ်ယောက်နှင့် ၆ တန်းအရွယ် သမီးကလေးတစ်ယောက်ကိုလည်း ပိုင်ဆိုင်ထားသူဖြစ်၍ ကျွန်တော့်မိတ်ဆွေ မိသားစုဘဝလေးက တကယ်ကို လှပပြေပြစ်နေသော အခန်းအဝိုင်းလေးပဲ ဖြစ်သည်။ သာမန်အားဖြင့်ကြည့်လျှင် သူ့မိသားစုအားလုံးလိုလိုက သဘောမနောကောင်းသောသူတွေချည်းဟု ယူဆလျှင် ယူဆလို့ရသည်။ သို့သော်...။ ရှေ့နားမှာပြောခဲ့သော သူ့စကားလုံးကြောင့် ကျွန်တော် တွေခနဲဖြစ်သွားမိသည်။ ဘာ အဓိပ္ပါယ်နှင့်ပြောမှန်းမသိ၍ ဇာတ်လမ်းအစကို ခင်းကျင်းပြသရန် ကျွန်တော့်မိတ်ဆွေကို မေးလိုက်မိပါသည်။ ထို့နောက် ဆည်မှ ကျိုးကျလာသည့် ရေကဲ့သို့ တရစပ် မနားတမ်း ပြောချလာသော သူ့စကားလုံးတွေကို ကျွန်တော် တွေးတွေးဆဆဖြင့် နားထောင်ဖြစ်ခဲ့ပါသည်။

''ဒီလိုဗျ ကိုသာစိုးရေ၊ ကျွန်တော်တို့နဲ့ အပြိုင် အခွေငှားဆိုင်ဖွင့်ထားတဲ့လူကို ကိုသာစိုး သိပါတယ်၊ တစ်နေ့ကျ ကျွန်တော်တို့ဆီက ငှားသွားတဲ့အခွေကို ကောင်လေးတစ်ယောက်က ဆိုင်မှားပြီးသွားပို့မိတယ်၊ ဒါကို ဆိုင်ရှင်ဖြစ်သူ မိန်းမကလည်း သိတယ်၊ အဲဒါကို အဲဒီမိန်းမက သူ့အခွေမဟုတ်ဘူးလို့လည်း ပြန်မပြောလိုက်ဘူး။ ဒီအတိုင်း ငြိမ်ပြီးယူထားလိုက်တယ်ဗျာ''

အာခြောက်လာဟန်တူသော ကျွန်တော့် မိတ်ဆွေက ပြောလက်စ စကားကို ခဏရပ်နားလိုက်ပြီး ဖန်ရည်တစ်ခွက်ကို စွပ်ခနဲ မော့ချလိုက်ပါသည်။ ပြီး သူ့စကားစကို ဆက်ပြောပြန်ပါသည်။

''အခုပြင်းဆုံးကတော့ဗျာ၊ ရှေ့လမှာ ကျွန်တော့်မိန်းမနဲ့တွေ့တာတောင် အခွေမှားပို့တဲ့ကိစ္စ တစ်ခွန်းမှ မဟဘူး၊''

လက်သီးဆုပ်ကာ ကြိတ်မနိုင် ခဲမရဖြစ်နေသော၊ ဒေါသအရိပ်လွှမ်းနေသော ကျွန်တော့်မိတ်ဆွေမျက်နှာကိုကြည့်ပြီး သူ့နှုတ်မှ ထပ်ထွက်ကျလာမည့် စကားလုံးတို့ကို ငေးမောရီဝေစွာဖြင့် စောင့်စားနားထောင်နေမိပါသည်။

''ကျွန်တော်တို့က အခွေငှားသွားတဲ့ ကောင်လေး မပို့ မပို့နဲ့ နောက်ဆုံး ရက်ကြာလာတော့ သူ့အိမ် လိုက်တောင်းရတာပေါ့၊ ဒီမှာတင် အဖြစ်မှန်ကို သိရောဆိုပါတော့ဗျာ''

သူငယ်ချင်းတစ်ယောက်ရဲ့ သစ္စာဖောက်ခြင်းကို ခံရသူတစ်ဦးလို လွမ်းဆွေးရိပ် ယှက်သန်းစွာဖြင့် ပြောလာသော ကျွန်တော့်မိတ်ဆွေ စကားလုံးကြောင့် ကျွန်တော်ပင် ငိုင်တွေသွားမိသည်။ ထို့နောက် သူက–

''အဖြစ်မှန်ကိုလည်း သိရော ကျွန်

သူက အရင်
ကျွန်တော်တို့မိသားစုအပေါ်
မရိုးသားခဲ့တာ၊ ဒါကြောင့်လည်း
ကျွန်တော်တို့က သူ့အပေါ်
ပြန်မရိုးသားခဲ့တာ၊
တရားပါတယ်နော်

တော်တို့က သွားတောင်းတာပေါ့၊ ဘာပြောတယ်မှတ်လဲ ကိုသာစိုး၊ အခွေချင်းတူသွားလို့ မှားသွားတာပါ၊ ဘာညာပေါ့၊ သူတို့မှာ သေးသိမ်ညံ့ဖျင်းတဲ့ စိတ်ဓာတ်မျိုးမရှိတာ အမှန်ပါပေါ့လို့ဆိုပြီး၊ ကျွန်တော့်ကို အခွေးကွက်နှင်းပြီး အခွေကိုပြန်ပေးလိုက်ပါကော၊

မဖြစ်နိုင်တာ ကိုသာစိုးရာ၊ အခွေဓာတ်ပြားပေါ်မှာ ကျွန်တော်တို့ဆိုင်နာမည်ကို အံဆိပ်တုံးရိုက်နှိပ်ထုထားတာကို သူမမြင်ဘူးဆိုတာတော့ ဘယ်လိုမှကို ယုတ္တိမရှိတာ၊ ဒါ သက်သက် သူ ကျွန်တော်တို့ကို လိမ်တာ။ နှစ်ပေါက်တစ်ပေါက်ရိုက်တာ''

တပ်အပ်သေချာစွာ စွပ်စွဲပြောချလိုက်သော သူ့စကားလုံးတို့က အနည်းငယ်ရင့်သီးပြင်းထန်လွန်းလှသည်ဟု ကျွန်တော်ထင်သည်။ သို့ပေမင့် ကျွန်တော် ဘာမျှတော့ ဝင်မပြောဖြစ်လိုက်။ သူက ဆက်ပြောပြန်ပါသေးသည်။

''ဝဋ်ဆိုတာ မကြာပါဘူး ကိုသာစိုးရာ၊ တစ်နေ့ သူ့ဆိုင်က ငှားလာတဲ့အခွေကို ကောင်လေးတစ်ယောက်က ကျွန်တော်တို့ဆီကို မှားပို့လာပါရော၊ ဒီတစ်ခါ ကျွန်တော်တို့ကလည်း သူလုပ်တဲ့နည်းအတိုင်း ပြန်လက်စားချေလိုက်တာပေါ့၊ ဘယ်လိုလဲ ကိုသာစိုး၊ ကျွန်တော်တို့ မှုတာပါတယ်နော်၊ ဟား…ဟား…ဟား…''

အောင်နိုင်သူတစ်ယောက်ပမာ စေးစေးပိုင်ပိုင်ကြီး ပြောချလိုက်သော သူ့နှုတ်ထွက် စကားတို့ကိုကြားပြီး ကျွန်တော် ကြက်သီး ဖြန်းခနဲထသွားမိသည်။ စိတ်တို့တွေပြားဝေဝါးသွားခဲ့သည်။

''ငှားသွားတဲ့လူတွေက ဆိုင်မှားပို့စရာလား''ဟု စောဒကတက်လာနိုင်သည်ကိုလည်း ကျွန်တော်တွေးမိပါသည်။ သို့သော် ငှားသွားသူက တစ်ယောက်၊ ပြန်လာပို့သူက တခြားတစ်ယောက် ဖြစ်သောကြောင့်လည်း မှားတန်ကောင်းပါသည်။ သို့မဟုတ်လျှင် ပို့သူ ချာတိတ်၏ မအူမလည်နိုင်မှုကြောင့်လည်း မှားတန်ရာပါသည်။ ဘာကြောင့် မှားပို့မိသွားသလဲဆိုတာကိုတော့ ကျွန်တော့် မိတ်ဆွေကို မေး၍လည်းမကြည့်မိ။ မည်သို့ဖြစ်စေ အကြောင်းကြောင်းသော အကြောင်းများကြောင့် အခွေမှားပို့သည့်ကိစ္စက အမှန်တကယ် ဖြစ်လာခဲ့ပါသည်။ သို့သော် ကျွန်တော် ပြောလိုသည်မှာ အခွေမှားပို့သည့်အကြောင်း မဟုတ်ပါ။ ကျွန်တော့်မိတ်ဆွေ၏ ထူးဆန်းအံ့ဩဖွယ်ရာ နှုတ်ထွက်စကားအကြောင်း ဖြစ်ပါသည်။

ဆိုင်ရှင်မိန်းမက ကျွန်တော့်မိတ်ဆွေအခွေကို တကယ်ကိုမသိလို့၊ မကြည့်မိလို့ ပြန်မပေးတာလားဆိုတာကို ကျွန်တော် တကယ်မသိ။ သိသိကြီးနှင့် ကျွန်တော့် မိတ်ဆွေပြောသလို ဟန်ဆောင်လိမ်ညာ ယူထားတာလားဆိုတာကိုလည်း ကျွန်တော်မသိ။ ကျွန်တော် နက်ရှိုင်းစွာ အမှန်တကယ် သိလိုက်ရသည်က ကျွန်တော့်မိတ်ဆွေ၏ နှုတ်ထွက်စကား။ ''ကြော်…သူက လက်သီးကြီးနှင့်ထိုးလိုက်၍ ကျွန်တော်က ဓားကလေးနဲ့ ပြန်ခုတ်လိုက်ရပါသည်''ဆိုသော ဆရာကြီး ဦးအောင်သင်း၏ ရယ်စရာ မောစရာ ဟာသကလေးတစ်ခုကို သွားသတိရမိပြီး ကျွန်တော် ပြုံးတေ့တေ့ဖြစ်သွားမိသည်။

စင်စစ် ရယ်စရာနောက်မှာ မောစရာတွေ ပါနေသည်ကို ကျွန်တော့်မိတ်ဆွေတစ်ယောက် သိပုံမရဘူးထင်ပါသည်။

(သုံး)

''သူက အရင်မရိုးသားတာလုပ်ခဲ့၍ ကျွန်တော်ကလည်း မရိုးသားစွာ ပြန်လုပ်ခဲ့တာ တရားပါတယ်နော်''ဟု မေးချလာခဲ့သော ကျွန်တော့်မိတ်ဆွေ စကားလုံးနောက်မှာ ကျွန်တော် ငူငူငိုင်ငိုင်ကြီး ဖြစ်သွားမိသည်။ သူ့အမေးကို ဘာပြန်ပြောလို့၊ ဘာပြန်ဖြေရမည်မသိ။ ''သူ ငါးမျှားနေသည်ကို ကျွန်တော် ပျားဖွတ်ရင်း မြင်ခဲ့ပါသည်''ဆိုသော ကပ္ပိယကျောင်းသားလေး တစ်ယောက်၏ ဘုန်းကြီးကို တိုင်တန်းလျှောက်ထားချက်အရ ဘယ်သူ ဘယ်သူမှ လောကတွင် အပြစ်မကင်းရိုး ရှိခဲ့သည့်အမှန်ကို ကျွန်တော် သိနှင့်နေခဲ့ပြီ ဖြစ်ပါသည်။ သို့ရာတွင်…။



ကျွန်တော့်မိတ်ဆွေ ပြိုင်ခဲ့သည်က ကောင်းမှုကုသိုလ်မဟုတ်ခဲ့ပါ။ စိတ်နှလုံး လှတာချင်း ယှဉ်ပြိုင်ခဲ့ခဲ့သည် မဟုတ်ပါ။ စိတ်ယုတ်စိတ်မာချင်း၊ အကုသိုလ်မကောင်းမှုချင်း ယှဉ်ပြိုင်အနိုင်လုပြီး တစ်ဖက်လူကို အလဲထိုးအနိုင်ယူခဲ့သည်သာ ဖြစ်ပါသည်။ "သူကလုပ်၍ ကျွန်တော်က ပြန်လုပ်ခဲ့ရတာပါ"တဲ့လေ။ ကျွန်တော့်မိတ်ဆွေ ခံယူထားသည်က သူ့အပေါ် ကျော်တာ၊ လွှားတာ၊ မကောင်းတာ လာလုပ်ခဲ့လျှင် သူကလည်း ထိုအတိုင်းပြန်လုပ်ဖို့ ဝန်မလေးသူတစ်ယောက်ဟု ယူဆထားပုံရသည်။ သူ မကောင်းတိုင်း ကိုယ်ကပါလိုက်ပြီးမကောင်းရမှာတဲ့လား။ သူဆိုးတိုင်း ကိုယ်ကပါ လိုက်ပြီး ဆိုးရမှာတဲ့လား။ စဉ်းစားတွေးတောဖို့ ကောင်းလွန်းသော အချက်တွေပဲဖြစ်ပါသည်။ "သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ" ဟူသည့် စာသားမျိုးကို အိမ်တချို့တွင် ကပ်ချိတ်ထားသည်ကို ကျွန်တော်မြင်ဖူးပါသည်။ ဆိုလိုချင်သည်က "သင်မကောင်းလျှင် ကျွန်ုပ်လည်း မကောင်းနိုင်ပါ"ဟူသည့် သွယ်ဝိုက်၍ အဓိပ္ပါယ်ရသော စာသားမျိုးပင်။ သူမကောင်းတိုင်း ကိုယ်ပါ လိုက်ဆိုးခဲ့မည်ဆိုလျှင်ဖြင့်…။ ထိုနေ့က ကျွန်တော့် မိတ်ဆွေ၏နှုတ်မှ လျှံထွက်ကြလာသော စကားလုံးတို့ကို ကျွန်တော် စိတ်ထဲသိပ်ဘဝင်မကျခဲ့ပါ။ ပြန်ပြောလျှင်လည်း နှစ်ဦးသား ရင်းနှီးချစ်ခင်မှု ပျက်ပြားမည်စိုးသဖြင့် သည်အတိုင်း အပြေမပေးဘဲ ရေငုံနှုတ်ပိတ် နေလိုက်ပါသည်။

ကျွန်တော့်မိတ်ဆွေ ပြိုင်ခဲ့သည်က
ကောင်းမှုကုသိုလ်မဟုတ်ခဲ့ပါ။
စိတ်နှလုံး လှတာချင်း
ယှဉ်ပြိုင်ခဲ့ခဲ့သည် မဟုတ်ပါ။
စိတ်ယုတ်စိတ်မာချင်း၊
အကုသိုလ်မကောင်းမှုချင်း
ယှဉ်ပြိုင် ...

စင်စစ် ဘယ်သူကောင်းကောင်း၊ မကောင်းကောင်း မိမိကိုယ်မိမိ အစဉ်အမြဲ ကောင်းအောင် ပြုမူနေထိုင်ခြင်းသည် မည်သူ တရားမျက်မျက်၊ မပျက်ပျက် မိမိကိုယ်မိမိ တရားမပျက်ဘဲ အမြဲတစေ အကျင့်သီလ စင်ကြယ်စွာဖြင့် ပြောဆို၊ ပြုမူ၊ တွေးကြံခြင်းသည် ကောင်းမွန်မြင့်မြတ်သော မင်္ဂလာတစ်ပါးဖြစ်သည်ဟု ကျွန်တော် ရဲရဲကြီးယုံကြည်မိပါသည်။

(လေး)

ကျွန်တော့်မိတ်ဆွေကို နှုတ်ဆက်ပြီး "မျက်ဝန်းရိပ်ညို့"ကာဖေးဆိုင်လေးမှ ထွက်လာတော့ အပြင်တွင် နှင်းကျဲစပြုပြီ၊ နေရောင်သည် တစ်စတစ်စမှုန်ဝါးလာခဲ့ပြီလည်း ဖြစ်သည်။ ခနဲ့ရောင်ရင့်လာသည်နှင့် ဆောင်းနှံနက်ခင်းလေး ပြယ်လွင့်ရပေတော့မည်။ မည်သည့်အရာမျှ အစိုးမရသော ဤလောကကြီးထဲဝယ် မိမိကိုယ်ကိုယ်မိမိ အစိုးချခြင်းသည်သာလျှင် သာယာလှပတင့်တယ်သော၊ စိမ်းမြန့်ကြည်လင်သော ကမ္ဘာမြေကြီးကို ဖန်တီးပေးနိုင်မည်မှာ မလွဲဧကန် ဖြစ်ပါသည်။

သို့ရာတွင် ကောင်းကင်တစ်နေရာတွင်မူ မတော့ တိမ်တို့က ညို့မှိုင်းလျက်ပင် ရှိနေပါသေးသည်။

**မောင်သာစိုး(ပြည်)**





# ဒီအသက်အရွယ်အထိ အာဂန္တုရောဂါလေးမှအပ ကြီးကြီးမားမား အနာရောဂါ မရှိခဲ့။ လှုပ်လှုပ်ရှားရှား သွားလာနေထိုင်တတ်ပြီး စူးစမ်းလေ့လာမှု ဝါသနာထုံလှသည်။

ကျွန်တော့်ကို ငယ်ပေါင်းကြီးဖော်များနှင့် ရင်းနှီးသူတချို့က 'သစ်ခြောက်ပင်ကြီး' ဟူ၍ ချစ်စနိုးကင်ပွန်းတပ်ကြသည်။ သို့တမှတ်ပြန်စကားမပြောနိုင်သော ကျွန်တော့်မှာလည်း ရယ်ကျဲကျဲလုပ်နေရုံမှတစ်ပါး အခြားမရှိခဲ့။

ဒီနေ့ ရုံးပိတ်ရက်မို့ အေးအေးဆေးဆေး အိပ်မည်ဟု ကျွန်တော်စိတ်ကူးထားသော်လည်း နံနက် ၆ နာရီနိုးနေကျမှာ အိပ်ယာထခဲ့သည်။

ထုံးစံအတိုင်း လမ်းထိပ်က တို့ရှည်ကုလားမဆိုင် ထွက်လာခဲ့၏။ တစ်ဦး၊ နှစ်ဦးစ အနည်းငယ်မျှ စောင့်ဆိုင်းရသည်။ ဝယ်နေကျမို့ အဘွားအတွက်ဆိုပြီး တစ်ခုပိုထည့်ပေးလိုက်၏။ အိမ်နှင့် မလှမ်းမကမ်း ပြန်အရောက်မှာ မိခင်ကြီး၏ ကြေးစည်သံလွင်လွင်ကလေး ပျံ့လွင့်လာသံကို ကြားရတော့သည်။ ကျွန်တော် နိစ္စဓူဝကိစ္စကား၊ ကြည်နူးဖွယ် ကုသိုလ်တစ်မျိုးပါကလား…။

တကယ်တော့…ကျွန်တော်တို့သားအမိမှာ 'အမေတစ်ခု၊ သားတစ်ခု'ဖြင့် ဘဝရပ်တည်ကြရသည်။ ကျွန်တော် အသက် လေးဆယ်ကျော်ကျော်တွင် မိခင်ကြီးကလည်း အသက် ခုနစ်ဆယ်စွန်းခဲ့ပေပြီ။ ဘဝကံ အကျိုးပေးမှာ အမေမေခေါ်စရာရှိနေခြင်းသည်ပင် အမြတ်တစ်ခု ဖြစ်နေတော့သည်။ 'မေမေ'ဟု ခေါ်ခွင့်ရနေခြင်းသည်ပင်လျှင် အားဖြစ်ခဲ့ရတော့သည်။

"ဒီနေ့ အစီအစဉ် ပြောပါအုံး"

ကျွန်တော်တို့သားအမိနှစ်ယောက် တစ်ပြိုင်နက်တည်း ပြောမိပြီး အံ့ဩသွားကြသည်။ မှန်သည်။ ကျွန်တော်တို့သားအမိက စိတ်ချင်းဆက်နေသည်။ သဘာဝလည်းတူသည်။ စိတ်လည်း တူသည်။ လောကစံကို ခံစားကြရသော ဘဝအကျိုးပေးလည်း တူညီခဲ့သည်။

မိခင်ကြီးမှာ ပက်လက်ကုလားထိုင်အဟောင်းလေးပေါ်တွင်ထိုင်ပြီး နံ့ပိုင်းကလေးတစ်လုံးနှင့် ကော်ဖီခွက်၊ တို့ရှည် ပဲဟင်းရည်၊ ဓာတ်ဘူး၊ လက်သုပ်ပုဂံတို့ချထားကာ အနားတွင် ကျွန်တော်ထိုင်နေသည်။ နေ့စဉ်နံနက်တိုင်း မိခင်ကြီးကို အာဟာရ ဖြည့်ရေး၊ မိသားစုအရေး၊ ဘဝရှေ့ရေးနှင့် မှုရေး တို့ကို ဆွေးနွေးနေကျပင်။

ယခုမူ ဌာနဆိုင်ရာ တစ်ခုမှ ဝန်ထမ်းတစ်ဦးဖြစ်သော ကျွန်တော့်မှာ ဒီနေ့ ရုံးပိတ်ရက် တနင်္ဂနွေနေ့တွင် လူမှုရေးရာကိစ္စဝိစ္စ၊ သွားစရာ၊ လာစရာတွေကို မိခင်ကြီးနှင့် ညှိနှိုင်းတိုင်ပင်လေ့ရှိသည့်အတိုင်း နံနက်ပိုင်းစကားဝိုင်းမှာ ဆွေးနွေးတိုင်ပင်ချခြင်း ဖြစ်ပေသည်။

ခါတိုင်း ဒီလို တနင်္ဂနွေနေ့မျိုးဆိုလျှင် မိခင်ကြီးကလည်း တရားမှုကိစ္စ လူမှုရေးကိစ္စတွေနှင့် အပြင်ထွက်တတ်သလို၊ ကျွန်တော်ကလည်း ရုံးမှ မိတ်ဆွေအပေါင်းအသင်းတို့၏ သာရေး၊ နာရေး၊ လှူရေး၊ တန်းရေးတွေကို သွားလေ့ရှိတတ်၏။ သည်တွင် သားအမိနှစ်ယောက်၏ တဲအိမ်ကလေးတွင် သော့ခလောက်ကလေးမှာ လုံခြုံရေးတာဝန် ယူရပေတော့သည်။

"ဘာမှ အစီအစဉ်မရှိပါဘူးကွာ၊ အိမ်မှာပဲ နားမယ်"

"ကျွန်တော်လည်း ဒီတစ်ပတ် နားရုံပါပဲ၊ ဘယ်မှ သွားစရာမရှိပါဘူး"

ကျွန်တော်တို့သားအမိနှစ်ယောက် အဆာပြေစားရင်း စကားကောင်းကြသည်။

ကျွန်တော်သည် မိခင်ကြီးနှင့်အတူ တောင်ဒဂုံ(သိမ်ချောင်း)မှာ ချို့တဲ့စွာနေထိုင်၏။ ဘဝချို့တဲ့သော်လည်း ဗဟုသုတ မချို့တဲ့အောင် နေတတ်သောကြောင့် စိတ်ချမ်းသာရသည်။

မိခင်ကြီးမှာ ပိန်ပိန်ပါးပါး၊ ဖျတ်ဖျတ်လတ်လတ်နှင့် ရှေ့မီနောက်မီ၊ လူမှုဆက်ဆံရေးကို စနစ်ကျစွာနေတတ်ပြီး တရားဓမ္မလေ့လာလိုက်စားတတ်သူလည်း ဖြစ်သည်။ ခေတ်စနစ်ကို မျက်ခြည်မပြတ် လေ့လာတတ်သူဖြစ်သဖြင့်လည်း ဆွေမျိုးသားချင်းများနှင့် မွေးမိတ်ဆွေ၊ ခင်မင်သူတွေပေါ်များ၊ လေးစားခဲ့ကြသည်။

ဒီအသက်အရွယ်အထိ အာဂန္တုရောဂါလေးမှအပ ကြီးကြီးမားမား အနာရောဂါ မရှိခဲ့။ လှုပ်လှုပ်ရှားရှား သွားလာနေထိုင်တတ်ပြီး စူးစမ်းလေ့လာမှု ဝါသနာထုံလှသည်။ ပြီးတော့ ရန်ကုန်မြို့ပြ၊ နယ်မြို့မိတ်ဆွေဖြစ်ဖုံး ရပ်ကွက်များဖြစ်သော တောင်ဒဂုံ၊ မြောက်ဒဂုံ၊ ရွှေပြည်သာ၊ လှိုင်သာယာတို့ကိုလည်း လိုင်းကားပေါင်းစုံနှင့် ကျွမ်းကျင်စွာ သွားလာတတ်လေ့ရှိသည်။ စပယ်ယာက အဘွားအိုမို့ ရိုရိုပြီး လက်တွဲကူချ၊ ကူတွဲသော်လည်း အတွဲမခံ၊ လက်ကိုခါချ၏။

ကားနံပါတ်နှင့် ယာဉ်ကြော၊ မှတ်တိုင်တို့ကိုလည်း သိသည်။ အမှတ်အသားကောင်းသည်။ အိတ်အနက်တစ်လုံး ပခုံးလွယ်ကာ အပတ်စဉ် ဓမ္မရိပ်သာ၊ တရားစခန်းပွဲနှင့် အလှူပွဲ နာရေး စသည်တို့ကို သွားလာတတ်ကာ ဝတ္တရားမပျက်ခဲ့။ အိတ်ထဲမှာ မှတ်စုစာအုပ်၊ ဘောပင်၊ ဖိတ်စာ၊ သံဃေ ဗဟုသုတ စာရွက်စာတမ်းတို့ကိုလည်းထည့်ကာ ကြုံသလို ဝေငှ မျှဝေ ခံစားတတ်သူ တစ်ဦးပင်။

ဥပုသ်ရက်ဆိုလျှင် ယောဂီဝတ်စုံနှင့် ဘုန်းကြီးကျောင်း၊ ဓမ္မရိပ်သာသို့ အပြင်ထွက်သည့်အခါ ရပ်ကွက်လမ်းထိပ်မှ ကားမှတ်တိုင်တွင် သိသူရော၊ မသိသူပါ နှုတ်ဆက်အပြုံးနှင့် "အဘွား အမောမပါဘူးလား"ဟု ကရုဏာမြှင့်ပေးကြသည်။ သို့သော် ကားထိုး

ဆိုက်လာသောအခါ အဘွားက ကားပေါ် ရောက်နေပြီဖြစ်သည်။ မေးမြန်းနေသူတွေက အောက်မှာကျန်နေပြီး အဘွားကိုကြည့်ကာ အံ့သြနေကြသည်။ သူတို့ကိုတော့ စပယ်ယာက ဆွဲတင်ရ၏။

ကြည်ညိုတတ်သူတချို့က ကုသိုလ်လိုချင်၍ မိခင်ကြီးကို 'သီလသွဲ' ငွေကလေးပေးလှူလျှင် မှတ်စုစာအုပ်ကလေးထုတ်ကာ နာမည်နှင့်လိပ်စာကို ချက်ချင်းကောက်ရေးတတ်လေ့ရှိ၏။ အနီးအနားမှလူတွေ တအံ့တသြဖြစ်သွားကြသည်။

''ဟင်…အဘွားလက်ရေးက ဗိုင်းစက်နေတာပဲ၊ မျက်မှန်လည်း မတပ်ရဘူး''

ဟု ချီးမွမ်းကြသည်။ ရှေးခေတ် ပညာရေး ခုနစ်တန်းအောင် အခြေခံကောင်းခဲ့သော မိခင်ကြီးက သွားရင်းလာရင်း လောကဝန်းကျင်တို့ကို ဖြတ်သန်းကာ သံဝေဂ ဓမ္မစကားတွေနှင့် ဆိုဆုံးမတတ်ခဲ့လေသည်။ တရားပွဲ၊ ရိပ်သာစခန်းပွဲ၊ စာပေဟောပြောပွဲတို့ကိုလည်း ကြေညာမောင်းခတ် ဆော်ဩတတ်လေ့ရှိသူပင်။

ဘာပဲဖြစ်ဖြစ် ဒီတစ်ပတ်တော့ အိမ်မှာနားမည်ဆိုပြီး ဈေးသွား၏။ ထို့နောက် တကုပ်ကုပ်နှင့် ဘုရားစင်မှ ဘုရားပန်းအိုးများချကာ လဲလှယ်နေသည်။ ကျွန်တော်ကလည်း အိမ်ရှေ့မျက်နှာစာလေးတွင် တံမြက်စည်းလှဲ၊ မြက်ခုတ်ရှင်းလင်းနေသည်။ တကယ်တော့ ဒီနေရာလေးက ကျွန်တော်တို့သားအမိ ပိုင်ဆိုင်သော နေရာမဟုတ်။ မြေနေရာလေးကိုသာ ငှားရမ်းကာ တဲအိမ်ကလေးဆောက်၍ နေကြရခြင်းသာ ဖြစ်သည်။

မိုးတွင်းဆိုလျှင် ဒိနပ်ချွတ်အထိ ရေမြုပ်၏။ ခုလို ပွင့်လင်းရာသီတွင်တော့ ရေခန်းသွားသဖြင့် နေစရာ ထိုင်စရာလေး လွတ်လပ်ရှင်းလင်းသွားရသည်။

ရိုးရိုးအေးအေးသမား ကျွန်တော်သည် လောဘနည်းကာ မိခင်ကြီး၏ ''မသာထမင်း မသာဟင်း မစားချင်ဘူးကွာ''ဆိုသော စကားအဓိပ္ပါယ်ကို နားလည်ခံစားတတ်ခဲ့သည်။ အမှန်တော့ မသာအိမ်(အသုဘအိမ်)မှ အစားအစာတို့ကို ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ မသာမယာ၊ မကြည်ဖြူသော၊ ပြင်ပဝင်ငွေ(အောက်ဆိုက်)ကို ဆိုလိုခြင်းဖြစ်ပေသည်။

ကျွန်တော်ကလည်း မိခင်ကြီးစကားနားထောင်ပြီး ဌာနအကြီးအကဲတစ်ဦး၏ ဆုံးမစကားအတိုင်း ကြီးပွားချမ်းသာချင်ရင် ကုန်သည်လုပ်ပါ၊ ဝန်ထမ်းဘဝနှင့် ကိုယ်ကျိုးစီးပွား ချမ်းသာအောင်လုပ်တာဟာ မသမာမှုပဲ။ ကြွေတာကိုစားပါ၊ ခူးမစားပါနဲ့''ဆိုတာကို နာခံတတ်ခဲ့သည်။

''ကြွေတာစားတော့ ပုပ်ပြီပေါ့''ဟူ၍ လုပ်ဖော်ကိုင်ဖက်တချို့၏ နောက်ကွယ်မှ ဝေဖန်မှုတချို့တို့ကို ကျွန်တော် မမှုတတ်ခဲ့။ 'အပုပ်မှာလည်း တစ်ကိုက်စာအာဟာရရှိတာပါ'ဆိုပြီး ဆင်ခြင်တုံတရားနှင့် နှလုံးသွင်းနေတတ်ခဲ့လေသည်။

မိခင်ကြီးကမူ 'လောဘနည်းတော့ သောကလည်း နည်းတာပေါ့'ဟု ဆိုလာသောကြောင့် ကျွန်တော် စိတ်ချမ်းသာခဲ့ရသည်။ 'ခွေးမဟောင်တဲ့ အစာစားတော့ အိပ်ရေးမပျက်ဘူးပေါ့ကွာ'ဟူ၍ ပြောလာခြင်းကလည်း အားတစ်ခုဖြစ်ခဲ့ပေတော့သည်။



အိမ်မှုကိစ္စတို့ကို တရစပ်လုပ်တတ်သူ မိခင်ကြီးမှာ ကျွန်တော်၏ နှစ်ရက်တစ်စုံဝတ်လေ့ရှိသော အဝတ်အစားတို့အား လျှော်ဖွပ်နေလေသည်။ ကျောက်ပြားပေါ်မှာ အဝတ်တွေကို ဆပ်ပြာတိုက်ရင်း ကျွန်တော်နှင့် မလှမ်းမကမ်းမှာရှိနေပြီး စကားလှမ်းပြောနေ၏။

''လာမယ့် လဆန်း ၁၀ ရက်နေ့ကျရင် ခနေဖြူ(အကျော်ရွာ)ကို တရားစခန်းသွားဝင်

## ကျွန်တော်က ကိုယ့်ပယောဂကြောင့် စိတ်မပြောင်း။
## ကျွန်တော့်၏ နမော်နမဲ့နိုင်မှုကြောင့် မိခင်ကြီးမှာ အနာတရဖြစ်ရပြီ…

ရမယ်''

ကျွန်တော်သည် ရင်ခိုမှုရှိသော စိဇဝါ ပင် ခြံစည်းရိုးမှာ နေရိပ်ခိုရင်း မြေညီရင်း နားထောင်နေသည်။ ဒီအခါကျရင် ထုံးစံအတိုင်း အိပ်ချိန်မှလွဲ၍ ကျွန်တော် အိမ်တွင် ရှိမည်မဟုတ်ပေ။ သော့ခလောက်လေးကို လှုံခြုံရေးတာဝန်ပေးပြီး ဖုံရှေ့က ထမင်းဆိုင်မှာ နံနက်စာစား။ ညစာကို ရပ်ကွက်(မင်းကွန်းဈေး)မှာ ကြွပ်ကြွပ်အိတ်နှင့် ဝယ်လာစား ပြီးရော။ စကားပြောမယ့်သူမရှိ၊ ဆူမယ့်သူ၊ ငိုမယ့်သူမရှိ။ စာအုပ်နှင့်ဓမ္မသာရှိသော ဘဒ်ဘဝလေးကို တွေးတောခံစားမိလိုက်၏။

''အား…''

ရုတ်တရက် မိခင်ကြီးထံမှ အသံထွက်ပေါ်လာသဖြင့် ကျွန်တော် ထိတ်လန့်သွားရ၏။ ကြည့်လိုက်တော့ လက်နှစ်ဖက်ကိုဆုပ်ကာ နာနာကျင်ကျင် ခံစားနေရပုံကို တွေ့ရလေသည်။ လျှော်လက်စ ကျွန်တော့်ရှပ်အင်္ကျီ အပြဖူမှာ သွေးတွေစွန်းနေသည်။ မြန်းခနဲ မိခင်ကြီးနား လာခဲ့သည်။

''ကျွတ်…ကျွတ်''

ရှပ်အင်္ကျီအဖြူအိတ်ထဲမှ သွားကြားထိုးတံတစ်ချောင်းက ပွတ်တိုက်မှုကြောင့် အိတ်ထဲမှ ဖောက်ထွက်ကာ မိခင်ကြီးလက်မှာ စိုက်နေသည်။ ပြီးတော့ သွေးတွေလည်း မြာထွက်နေ၏။ ကျွန်တော်က ခပ်သွက်သွက် ဆွဲနုတ်လိုက်သည်။ နောက် ခါးပုံစနှင့် မိခင်ကြီးလက်နှစ်ဖက်ကိုအုပ်၍ ဆုပ်ထားလိုက်တော့၏။ ပေးဝေးမမနှင့်ဆွဲကာ အိမ်ပေါ်တွဲခေါ်တက်၍ ပက်လက်ကုလားထိုင်မှာ နေရာပေးထားလိုက်လေသည်။

မိခင်ကြီးကို ငြိမ်ငြိမ်နေဖို့ ပြောပေးမယ့် ကျွန်တော့်ရင်ထဲမှာတော့ လှုပ်ရှားနေမိသည်။ တလှပ်လှပ်နှင့် ရင်ထဲမှာလည်း မကောင်း။ ခေါင်းရင်းစာအုပ်စင်မှ တင်ချာပုလင်းနှင့် ဂွမ်းထုပ်ကိုလှမ်းယူပြီး ဆေးထည့်ကာ ပတ်တီးစည်းပေးသည့် လက်တို့မှာ တုန်ယင်နေသည်။ မိခင်ကြီးက ပက်လက်ကုလားထိုင်မှာ ခေါင်းမှီ၍ မှိန်းနေသည်။ လက်တစ်ဖက်က ပုရုပ်ဆီပုလင်းကိုကိုင်ကာ ရှူနေပြီး–

''မတော်တဆပါကွာ၊ စိုးရိမ်စရာမရှိပါဘူး''

ဟု ပြောနေသော်လည်း ကျွန်တော်က ကိုယ့်ပယောဂကြောင့် စိတ်မပြောင်း။ ကျွန်တော့်၏ နမော်နမဲ့နိုင်မှုကြောင့် မိခင်ကြီးမှာ အနာတရဖြစ်ရပြီ။ အထူးသဖြင့် ရင်ထဲမှာ ဒဏ်ရာဖြစ်သွားခဲ့ရတော့သည်။ စိတ်ထဲမှာ ထိနိုက်သွားခဲ့ရ၏။ ဒါကြောင့် မိခင်ကြီးကို အဝတ်တွေမလျှော်ဖို့ ကျွန်တော် ခဏခဏ ပြောခဲ့ဖူးသည်။ သို့သော် မရ။

''သတိပဋ္ဌာန်သဘောလေး ဆင်ခြင်ပြီး လှုပ်လှုပ်ရှားရှားလေးလုပ်တော့ ကျန်းမာရေးလည်း ကောင်းတယ်၊ အလုပ်လည်းပြီးတယ်၊ အသိတရားလည်း ခွဲတယ်''

ဟူ၍ ပြောကာ ဘဝကို မမှုနှင့် တည်ဆောက်တတ်သူမို့ ကျွန်တော်လည်း ဘာမှ မပြောသာခဲ့။

မည်သို့ပင်ဆိုစေ မိခင်ကြီးအတွက် စိတ်မကောင်းစွာ ခံစားခဲ့ရသည်ကတော့ အမှန်။ ဒီကိစ္စမှာ ကျွန်တော့်ပယောဂ မကင်း၊ အပြစ်မကင်း။ တနုံ့နုံ့နှင့် ခံစားရတာကြောင့် သောကဖြစ်သွားရ၏။

သို့ဖြင့် မိခင်ကြီးမှိန်းနေတုန်း လျှော်ဖွပ်လက်စ အဝတ်တွေကို ကျွန်တော်က ညင်သာစွာ လျှော်လိုက်သည်။ ပြီးနောက် အိမ်ပေါ်ကို အသာကလေးလှမ်းတက်လိုက်သည်။ မိခင်ကြီးမှာ ပက်လက်ကုလားထိုင်ကို ခေါင်းမှီ၍ မျက်စိမှိတ်ကာ ခါတိုင်း သတိပဋ္ဌာန်ဆင်ခြင်နေပုံမျိုးကို တွေ့ရလေသည်။

သို့နှင့် ငြိမ်ငြိမ်ကလေး ဆောင့်ကြောင့်ထိုင်လျက် 'အပြစ်ရှိတာကျေဖို့ တောင်းပန်ကြောင်း' တီးတိုးရေရွတ်ကာ ဦးသုံးကြိမ်ချကန်တော့လိုက်လေသည်။ သို့သော် စိတ်ထဲမှာ ထိခိုက်ပြီး မျက်ရည်စက်တွေ မသိမ်းနိုင်ဘဲ မိခင်ကြီး ခြေဖမိုးပေါ် ကျရောက်သွားတော့၏။

ကျွန်တော့်စိတ်သည်လည်း လွတ်သွားကာ မိခင်ကြီး ခြေဖမိုးအား ကျွန်တော့်နဖူးနှင့် ထိတိုက်သွားခဲ့လေသည်။

ကျွန်တော့်ဦးခေါင်းကို လက်ဖြင့်ကိုင်လာသော အသိကြောင့် ရင်မှာလှိုက်ကာ ကျေနပ်မွေးထွေးသော ခံစားမှုမျက်ရည်များ ကျလာပြန်တော့သည်။

မျက်ရည်နှစ်မျိုးနှစ်စား၏ အဓိပ္ပါယ်ကွာဟမှုကို ကျွန်တော်သိလိုက်သော်လည်း ပြန်မပြောပြနိုင်အောင် ရင်ထဲမှာ ဆို့နင့်နေလေတော့သည်တကား။

**ညွှန့်ဝင်းကို**



# ယဂုံ ၊သန်လျှင်၊ ကြီး



ရောဝတီမြစ်ကိုမှီ၍ တည်ထားသော ရွာဦးစေတီ၊ နှစ်ထပ်ဘုန်းကြီးကျောင်း။ တန်တစ်ရာကျ ဆန်စက်၊ မူလွန်စာသင်ကျောင်းတို့နှင့် အိမ်ခြေသုံးရာမျှရှိသည့် ရွာကြီး၊ ထိုရွာထဲမှ အဆင်းရဲဆုံးမိသားစုကိုပြပါဆိုလျှင် ဘယ်ဘက်ခြေထောက်တစ်ဖက် မွေးရာပါသိမ်လိုနေရှာသည့် အောင်ကြီးနှင့် ဗျိုင်းတစ်ကောင်ကဲ့သို့ အသားဖြူပြီး ကျီးတစ်ကောင်ကဲ့သို့ ''အာ့ • •အာ့ • •အာ့''အသံမျိုးသာ နှုတ်မှပြောဆိုနိုင်သော မိဗျိုင်းကျီးတို့ ဆွံ့အမသန်စွမ်း မောင်နှစ်မနှစ်ဦးတည်းရှိသည့် မိသားစု။

ရေညာရက် ရေတက်ချိန်ဖြစ်သဖြင့် ဆိပ်ကမ်းစာရေး မောင်စိုးတစ်ယောက် အလွန်အလုပ်များနေ၏။ ရေဖိုချိန်တွင် ဖော်တော်များထဲမှ ကြိတ်ခွဲမည့်စပါးများချလျှင် ကမ်းနီးပြီးကုန်းဘောင်တိုက်ကာ အခေါက်ရေများများရသဖြင့် အလုပ်သမားများမှာလည်း ယောက်ျားရော၊ မိန်းမရော အရေအတွက်မနည်းလှ။

လက်မလည့်အောင် တာလီချောင်းကမ်းနေရသည့်ကြားမှ စပါးအိတ်ထမ်းနေသည့် မိချိုင်းကျိုးအလှည့်ရောက်တိုင်း သူ့မျက်လုံးတို့က စူးစူးရဲရဲကြည့်မိသည်ချည်း။ မိချိုင်းကျိုးက ဆွဲ့အနေသူမို့သာ ရုပ်ရည်နှင့်ကိုယ်လုံးကိုယ်ပေါက်မှာ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်အဆင့်။

တကယ်တော့ မောင်စိုးလည်း မိဘမဲ့တစ်ဦးသာ၊ သို့သော် သူ့တွင် သာသည့်အချက်က ဆယ်တန်းအထိ ကျောင်းနေဖူးပြီး ရွာဦးကျောင်းဆရာတော်၏ တူအရင်းဖြစ်နေခြင်း။ မိဘများဆုံးပါးသွားကတည်းက ဘုန်းကြီးကျောင်းမှာနေကာ ကျောင်းသားလုပ်ရင်း မြို့ကျောင်းဆက်တက်ရာ ဆယ်တန်းမအောင်၍ ရွာရှိ ဆိပ်ကမ်းတွင် စာရေးအလုပ်လုပ်နေသူ။

တစ်ညနေ…အောင်ကြီးအလုပ်လုပ်ရာ ယာခင်းထဲသို့ ငယ်သူငယ်ချင်း မြမောင်ရောက်လာပြီး…

''ခဏ နားပါအုံးကွ''

ဟု ပြောသဖြင့် အနီးရှိ သရက်ပင်ရိပ်အောက်ဝယ် နှစ်ဦးသားထိုင်ကြစဉ်–

''မင်း…ဒေါသတကြီးတော့ စိတ်လိုက်မာန်ပါ မလုပ်နဲ့နော်''

ဆိုသည့်စကားကို သူမျက်နှာကြည့်၍ဆိုလာ၍–

''ဘာကို ဒေါသမကြီးခိုင်းတာလဲကွ''

ခါးပုံထဲမှ ကွမ်းထုပ်ကိုထုတ်ကာ ကွမ်းရွက်ကို ထုံးတို့ရင်းမေးလိုက်ရာ–

''မင်း၊ သိအုံးမှာတော့ မဟုတ်ဘူး''

ပြောပြန်သဖြင့် စိတ်မရှည်တော့ဘဲ ''ပြောမှဖြင့် ပြောစမ်းကွာ''ဟု အောင်ကြီးလည်း အော်လိုက်တော့သည်။

''တစ်ရွာလုံးတော့ ပြန့်နေလောက်ပြီကွာ၊ မင်းနမကာ ဥါနမပဲမို့ သေချာအောင်စုံစမ်းပြီးပြီ၊ မိချိုင်းကျိုးမှာ မောင်စိုးနဲ့ရတဲ့ကိုယ်ဝန်ရှိနေတယ်လို့ သတင်းထွက်နေတယ်''

မြမောင်၏ စကားအဆုံး ကောင်းကင်မှ မိုးကြိုးသည် အခါမဲ့ အသံမထွက်ဘဲ သူ့ဦးခေါင်းအား ပစ်ချလိုက်သည်လား၊ သူ၏မျက်လုံးတို့ မီးဝင်းဝင်းတောက်သွားသည့်ပမာ။

မြမောင်အတာန်တန်းဖွဲ့နေသည့်ကြားမှ ရုန်းထွက်ကာ သူ၏ သိမ်လိုနေသည့် ခြေတစ်ဖက်ကိုမှ မညှာတာ လယ်ကွင်းတွေဖြတ်၊ ကန်သင်းတွေခုန်ကျော်ပြီး ပြေးသွားနေသည့် ခြေလှမ်းတို့သည် ရွာစပ်ရှိ သူ၏တဲလေးဆီသို့…။ တဲအတွင်း ကမူးရှူးထိုးဝင်ရောက်လာသော သူ့ကိုမြင်ပြီး မီးဖိုချောင်တွင် ထမင်းအိုးတည်နေသော မိချိုင်းကျိုးလက်မှ ငှဲလက်စထမင်းအိုး လွတ်ကျသွားတော့သည်။

အောင်ကြီးလည်း နှမပခုံးကို ဆုပ်ညှစ်ပြီး…

''ပြောစမ်း…ပြောစမ်း နင် မောင်စိုးနဲ့ ဖြစ်ထားတယ်ဆို''

အစ်ကိုဖြစ်သူအား ကြောက်လွန်း၍ မိချိုင်းကျိုးလည်း မျက်နှာကို လက်နှင့်အုပ်၍ ရှိုက်ကြီးတငင်ငိုလေလျှင် သူ့ရင်ထဲမှ နင့်နင့်သည်းသည်း စို့တက်လာသဖြင့် နှမ၏ဦးခေါင်းအား ကြမ်းရှသောလက်နှင့် ညင်သာစွာ ပွတ်သပ်ပြီး…

ပြောပါအုံး ညီမလေးရယ်၊ အစ်ကိုကြီး ကြားလာတာ အမှန်ပဲလား''

မိချိုင်းကျိုးက မျက်ရည်တွေတွေကျလျက် ခေါင်းညိတ်ပြရာ–

''တောက်''

ယူကျုံးမရစိတ်ဖြင့် တောက်ခေါက်ကာ



အစ်ကိုဖြစ်သူအား
ကြောက်လွန်း၍
မိချိုင်းကျိုးလည်း
မျက်နှာကို လက်နှင့်အုပ်၍
ရှိုက်ကြီးတငင်ငိုလေလျှင်
သူ့ရင်ထဲမှ
နင့်နင့်သည်းသည်း…

ခြေထောက်အား တွယ်ဖက်ထားဆီးနေသော နမကိုတွန်းဖယ်ပစ်၍ မောင်စိုးနှင့်စာရင်းရှင်းရန် ရှာဦးကျောင်းသို့ အပြေးနှင့်လေတော့သည်။

ကျောင်းကြီးပေါ်တွင်တော့ ဆရာတော်၏ရှေ့တွင် သူ့အရင်ရောက်နှင့်ကာ အလုံးစုံလျှောက်ထားပြီးဟန်ရှိသည့် မြမောင်၊ ဆရာတော်ထံ ခန်ခံပြီး တနလာကွာထားနှင့် ထိတ်လန့်တုန်လှုပ်ခြင်းကြီးစွာ ဤခြေဖျက်ပွှင်းနေသည့် မောင်စိုး။ "ဒကာလေး အောင်ကြီး" တည်ငြိမ်အေးချမ်းလှသော ဆရာတော်၏ခေါ်သံကို ကြားသော်ငြား ဝတ်ချနေရာမှ သူ ပြန်မထူးနိုင်။ "ဒကာလေး ဘယ်လိုခံစားနေရတယ်ဆိုတာ ဦးပဉ္ဇင်းနားလည်ပါတယ်၊ ဦးပဉ္ဇင်းကတော့ ဘုရားသားတော်ပေမို့ မြှုပ်ရှိတဲ့ကိစ္စတွေ ရပ်ရွာကပြုပေးကြပါလိမ့်မယ်"

"အပှတ်…အပှတ်"

ချောင်းသံပြု၍ ကျောင်းပေါ်တက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်က ဆရာတော်ကို ကန်တော့ပြီး သူ့အနားတွင် ဝင်ထိုင်သဖြင့် ဘေးသို့တိုးပေးရင်း မြမောင်ကို ကြည့်လိုက်ရာ မြမောင်က…

"ဆရာတော်က ကျောင်းသားတစ်ယောက်ကိုလွှတ်ပြီး ချက်ချင်းလိုက်ခဲ့ဖို့ အခေါ်နိုင်းလို့ ဦးတင်ရောက်လာတာ"

ဟု တိုးတိုးပြောလေ၏။

ဆရာတော်က–

"ဒကာကြီးကို ခေါ်ခိုင်းလိုက်ရတဲ့အကြောင်းကိုတော့ သူတို့ကို ဒကာ့အိမ်ခေါ်သွားပြီး မေးပါတော့၊ အကြောင်းစုံသိပြီးရင် လိုအပ်သလို ဆုံးဖြတ်စီရင်ပေါ့ကွယ်၊ မောင်စိုးကိုတော့ တစ်ခုပဲမှာလိုက်မယ်၊ ကိုယ့်တာဝန်ကိုယ်ယူပါမှ လွှတ်သပေးလိမ့်မယ်၊ ကဲ…သွားကြ၊ သွား"

ဟု မိန့်ပြီး ကျက်သရေဆောင်အတွင်းသို့ ဝင်ကြွသွားတော့သည်။

မြမောင်၏ ရှင်းပြပြောဆိုမှုကို နား ထောင်အပြီး ဦးတင်က…

"မောင်စိုး မင်းငြင်းချင်သေးလား။ ငါလည်း ဒီကိစ္စကို ရိပ်ဖမ်း သံဖမ်း ကြားထားပြီးသား"

မောင်စိုးလည်း မငြင်းသာသဖြင့်–

"ကျွန်တော် မှားမိပါတယ် ဦးလေး"

ဟု ဝန်ခံလေတော့၏၊ ဦးတင်က ခေါင်း တညိတ်ညိတ်လုပ်ရင်း…

မွေးဖွားလာတဲ့ကလေးဟာ
သန့်စွမ်းသည်ဖြစ်စေ၊
မသန့်စွမ်းသည်ဖြစ်စေ
ငါ့တူ၊ ငါ့တူမကလေးကို
ငါဆက်စောင့်ရှောက်ပါ့မယ်



"ဖြစ်ပြီးမှတော့ မိချိုင်းကျိုးကို မင်း လက်ထပ်ယူရလိမ့်မယ်"

မောင်စိုးလည်း ငိုက်စိုက်ကျနေသော ဦးခေါင်းအားမော့၍ တုန်ယင်သောအသံဖြင့်–

"ကျွန်တော် မှားမိတုန်းကတော့ ဆင်ခြင်တုံတရားမဲ့ ကျူးလွန်ခဲ့မိတာပါ၊ အဲဒီနောက် ယောက်ျားပီပီ မိချိုင်းကျိုးကို တောင်းရမ်းယူဖို့ စိတ်ကူးပါသေးတယ်"

စကားကို ဆက်မပြောဘဲ အောင်ကြီးကို ငုံကြည့်နေသဖြင့်…

"ဆက်ပြောပါ မောင်စိုး"

ဟု ဦးတင်က ဝင်ထောက်ပေးလိုက်ရသည်၊

မောင်စိုးလည်း ရင်ထဲရှိတာ ပြောတော့မည် ဆုံးဖြတ်လိုက်ပြီး…

"အခု မိချိုင်းကျိုးဗိုက်ထဲက ကလေးဟာ ကျန်းမာသန်စွမ်းစွာနဲ့ မွေးဖွားလာမယ်လို့ ကျွန်တော်မယုံဘူး"

အောင်ကြီးက မြမောင်လက်ထဲမှ ရုန်းထွက်လိုက်ပြီး မတ်တပ်ရပ်ကာ…

"မောင်စိုး မင်း…ငါ့ညီမလွယ်ထားရတဲ့ မင်းရဲ့သွေးသား မွေးဖွားလာတဲ့အထိပဲ မိချိုင်းကျိုး ယောက်ျားအနေနဲ့ ရပ်တည်ပေးပါ၊ မွေးဖွားလာတဲ့ကလေးဟာ သန့်စွမ်းသည်ဖြစ်စေ၊ မသန့်စွမ်းသည်ဖြစ်စေ ငါ့တူ၊ ငါ့တူမကလေးကို ငါဆက်စောင့်ရှောက်ပါ့မယ်"

မောင်စိုးက အနည်းငယ်သက်သာရာရသွားဟန်နှင့်…

"ဟုတ်ကဲ့၊ ကိုအောင်ကြီး ကျွန်တော် လက်ခံပါ့မယ်"

ဟုပြောလျှင် ဦးတင်က ရေနွေးတစ်ခွက် ငုံသောက်ကာ… "အဟမ်း" ခနဲ လည် ချောင်းရှင်းပြီး…

"အေးကွာ။ ဘယ်လိုပဲဖြစ်ဖြစ် အချိန်ဆိုင်းနေလို့ မသင့်တော်တဲ့ကိစ္စဆိုတော့ မနက်ဖြန်ပဲ ဆရာတော်ကို မင်္ဂလာဆွမ်းကပ်ပြီး လက်ထပ်လိုက်ကြပေါ့၊ အောင်ကြီးနဲ့ မြမောင်တို့ ပြန်ကြတော့၊ ဆရာတော်ကိုတော့ ငါပဲ သွားလျှောက်ထားလိုက်မယ်၊ ညကျတော့ ငါ့အိမ်လာခဲ့ကြအုံး"

အပြောကျွယ်လှသော ပင်လယ်တွင် ပင် လှိုင်းလေသည် အစဉ်ခက်ထန်နေသည် မဟုတ်ပါ။ မြရေလွှာအပေါ် လေပြေသာ သည့် အခါလည်း ရှိပါသည်။

ဝါးနက်၊ ဝါးပိုးတို့ဖြင့် ထူမတ်၊ ချဲ့ထွင်

ပြန်ဆောက်ထားသော တဲအတွင်းခန်းတွင် ကျန်မာရေးမှုနှင့်အတူ ရွာထဲမှ လက်သည် အမျိုးသမီးကြီးတို့ ခါးမြှင်းကျိုးအဲဝမ်းတွင်းမှ သန္ဓေသားအား ကလေးငယ်အဖြစ် အပြင် လောကသို့ အောင်မြင်စွာ မွေးဖွားလာနိုင် ရေး ချွေးဒီးဒီးကျ အားထုတ်နေရချိန် အိမ် ရှေ့ခန်းမှာထိုင်နေသည့် မောင်စိုးမှာလည်း အောင်ကြီးနှင့် သဘောတူညီမှု ယူထားသည့် ကိစ္စ ပြီးဆုံးတော့မည်ကို ဝမ်းသာရမည်လား ဝမ်းနည်းရမည်လား မခွဲနိုင်၊ သေချာတာ ကတော့ ယခု လောကကြီးထဲ ရောက်ရှိလာ တော့မည့် ကလေးငယ်သည် မိမိသွေးသား။

''အူဝဲ…အူဝဲ…အူဝဲ''

''ယောကျ်ားလေးတော့…ယောကျ်ား လေး၊ ပြုံးမွှေးနေတာပဲ၊ နည်းနည်းနောနော ကြီး မဟုတ်ဘူး''

အခန်းတွင်းမှ ဝမ်းဆွဲသည့် အဒေါ်ကြီး ၏ အသံနှင့်အတူ ကလေးငိုသံသည် သူ့နား မှတစ်ဆင့် ရင်ထဲတိုင်ဝင်၍ နှလုံးကို ဆွဲကိုင် လှုပ်ရမ်းလိုက်သည့်အလား…

မောင်စိုးတစ်ယောက် မင်သက်မိသွား ရာမှ ဝုန်းခနဲထ၍ မီးနေခန်းဝသို့ ရောက် မှန်းမသိ ရောက်ရှိသွားပြီး…

''အဒေါ်ကြီး၊ လက်တွေ…လက်တွေ၊ ခြေထောက်တွေ''

ဟု အဆီအငေါ်မတည့် မေးလိုက်သော် လည်း သဘောပေါက်သည့် အဒေါ်ကြီးက ''ကောင်းတယ်၊ ကောင်းတယ်၊ အကုန် ကောင်းတယ်၊ သန်လိုက်တဲ့ကောင်ကြီး၊ ကျယ်လိုက်တဲ့အသံကလည်း ပြလို့''

အနီရဲသော စမ်းငယ်ကလေးသည် သူ့ ရင်ထဲတွင် ညင်သာစွာ စီးဆင်းသွား၏။

''အူဝဲ…အူဝဲ''

လာရင်းအရပ်မှ သွေးအညှီတို့ကို ရေ ကျက်အေးဖြင့် ဆေးကြောသန့်စင်ပေးလိုက် ရာ ထိုအတွေ့သည် သူ့အတွက် အဦးဆုံး ဖြစ်သဖြင့် ကလေးငယ်က စူးစူးဝါးဝါး ငို သောကြောင့် ''ဒီအကောင်လေးတော့ အကောင်းလုပ်ပေးလို့ လုပ်ပေးမှန်းမသိ၊ အော်ချင်သလေး၊ ကန်ချင်သလေးနဲ့''ဟု ပြော လိုက်သော အဒေါ်ကြီး၏အသံ ထွက်လာ သဖြင့် မီးနေခန်းဝတွင် မားမားကြီးရပ်ပြီး ကြည့်နေကျေနပ်စွာ မျက်ရည်ဝဲနေသော မောင်စိုးက…

''ကျွန်တော့်သားကို အကောင်လို့ မခေါ် ပါနဲ့ဗျ၊ ကလေးပဲ ငိုမှာပေါ့၊ ဘာသိတာမှတ် လို့''

မိခင်ရော၊ ကလေးပါ စိတ်ချရပြီဖြစ်၍ ဝမ်းသာနေရာက မောင်စိုး၏စကားကြောင့် နှတ်ကြမ်း၊ လျှာကြမ်း အဒေါ်ကြီးက–

''နင် အခုချက်ချင်း မီးနေခန်းဝက သွားမလား၊ မသွားဘူးလား''

ဟု ကြိမ်းလိုက်တော့သည်။ ကလေးငယ် က ''အူဝဲ''ဟူသော စကားနှင့် နှုတ်ခွန်း မဆက်နိုင်လျှင်တောင်မှ မောင်စိုးအတွက် အရေးမကြီးလှ၊ မိမိရင်သွေးကို ဖျက်ဆီးထင် ထင် မြင်ရပြီမဟုတ်ပါလား။

''သားတို့မဟူ
ရင်သွေးလူအား
မခင်စွန့်နိုး
မရှိနိုးထင်''

**ယမုံစုာ(သန်လျင်)**

## ခံစားချက်ချင်း တူလို့ပါ



ယိုမင်မြို့တော်ဝန် (Wyoming) ဟောင်း မီလ်ဝဒ် ဆင်စင် (Milward Simson) နှစ်ဦးအခါကာလ ဥပဒေ အကျိုးဆောင်အဖြစ် ဆောင်ရွက်ခဲ့တုန်းက လူတစ် ယောက်ကို အပြစ်ကနေလွတ်အောင် အကူအညီပေး ခဲ့ဖူးတယ်။

''ဆရာ့အကျိုးဆောင်ခအတွက် ကျွန်တော် ဘယ်လိုပေးရမလဲ ဆရာ''လို့ အမှုသည်ကမေးတယ်၊

''ဒေါ်လာသုံးရာ''လို့ ဆင်စင်ကပြောတယ်။

အမှုသည်က ပိုက်ဆံအိတ်ကိုထုတ်ပြီး ငွေရေတယ်။ အဲဒီလို ပိုက်ဆံရေနေတုန်း ဒေါ်လာ ၂၀၀ ရောက်တဲ့ အခိုက်၊ ဘေးအခန်း သွားဆေးကုခန်းက အမျိုးသမီး တစ်ယောက်ရဲ့ စူးစူးဝါးဝါးအော်လိုက်တဲ့အသံကို ကြား လိုက်ရတယ်။

အမှုသည်က တစ်အောင့်လောက် နားစိုက်ထောင် ပြီး ငွေကို ဆက်ရေတယ်။ ဒါပေမဲ့ သူမေးလိုက်တာက–

''အဲဒီဘက်အခန်းကလည်း ဥပဒေအကျိုးဆောင်ရဲ့ ရုံးခန်းပဲလား ဆရာ''တဲ့။

**မောင်သီဟ**

# CITY Cartoon



# CITY Cartoon



# ရှင်ငြိမ်းမယ်၏ စစ်မှာတစ်မှု စစ်ထွက်အိုင်ချင်းကို ခံစားလေ့လာခြင်း

အဂ္ဂသူ



ညောင်ရမ်းခေတ်ကာလက ထင်ပေါ်ကျော်ကြားသော စစ်ထွက် ''အိုင်ချင်း'' နှစ်ပုဒ်ကို တွေ့ရပါသည်။ ထိုအိုင်ချင်းနှစ်ပုဒ်မှာ စစ်မှာတစ်မှု အိုင်ချင်းနှင့် ဆီမလူးသည့်ပေဖူးလွှာ အိုင်ချင်းတို့ ဖြစ်ပါသည်။ စာဆိုရှင်မှာ တောင်တွင်းရှင်ငြိမ်းမယ် ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၁၀၀ ခန့်ကဖြစ်၍ အဆိုပါအိုင်ချင်းများကို ''ရာပြည့်အိုင်ချင်း''ဟူ၍ အမှတ်အသားပြုကြသည်။ ရှေးကဗျာလင်္ကာများသည် ရသ၊ ဂုဏ်၊ အလင်္ကာဂုဏ်တို့ ပြည့်စုံကြပြီး ဖြစ်ပါသည်။ စာရေးသူအနေဖြင့် စာဆိုရှင်၏ အမြင်၊ ခေတ်အတွေးလေးကို အဓိကထား တင်ပြသွားမည် ဖြစ်ပါသည်။

ရှင်ငြိမ်းမယ်၏ အိုင်ချင်းနှစ်ပုဒ်အနက် ရှေးဦးစွာ စစ်မှာတစ်မှု အိုင်ချင်းကို ဖော်ပြပါမည်။

- ချစ်တဲ့ သူငယ်လေး..၊ သူငယ်ချင်းကောင်းလေးမတို့လေး..။
- သူများမောင်မှာ..၊ စစ်သံကြားလျှင် နားမျှားဥပါယ် ဒိုကြတယ်။
- နှမလေး မယ်တို့မောင်မှာ၊ စစ်သံကြားလျှင်၊ ရွှေထားပိုက်ကာ၊ အိုးစားဖက်ကို လိုက်လို့ ရှာသည်။
- ဒိဋ္ဌာကနှည်း မိုးကာသည်းနှင့် သင်းတွဲကို ကူးပါလိမ့်မလားတော်။
- စစ်မှာတစ်မှု နှမလေးမယ့်ထက်မြွက်ကို ယူမလားတော်။
- စစ်မှာ ယွန်းမ၊ နှမလေး မယ့်ထက်လှကို ရမလားတော်။
- စစ်မှာ ဒွေမျိုး ဘိုးဘွား မောင့်မှာရှိသလားတော်။
- စစ်မှာတစ်မှု နှမလေးမယ့်ထက်မြွက်ကို မယူဘူးဗျာ။
- စစ်မှာ ယွန်းမ၊ နှမလေး မယ့်ထက်လှကို မယူဘူးဗျာ။
- စစ်မှာ ဒွေမျိုး ဘိုးဘွားမောင့်မှာ မရှိဘူးဗျာ။
- ရေမြေသခင် ရှင်ဘုရင်က၊
  မိန့်တော်စာနှင့် အပါချသည်၊ လိုက်ရတော့မယ်။
- မြင်းမှာ အုန်းခွံ၊ ကျွန်မှာ ကုလား၊ ဓားမှာ မိုးကြိုး၊
  ယွန်းပုဆိုးနှင့် အိုးစားဖက်ရုံ၊ စစ်သည်ပုံမှာ၊
  ကျွန်ယုံစားမို့ မောင်ကလေးငယ်။
- မောင်သာလိုက်တဲ့၊ တောင်ပတ်လည်နှင့်
  ဇင်းမယ်ဆိုသည့် ညီတဲ့မြို့မှာ
  ပျို့လွမ်းမွယ်လေး။ ။

စစ်မှာတစ်မူ အိုင်ချင်းသည် အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်း၌သင်ကြားသည့် မြန်မာကဗျာလက်ရွေးစင် ပြဌာန်းစာအုပ်ထဲမှ ကဗျာတစ်ပုဒ်ဖြစ်ပါသည်။ ၁၉၈၅ ခုနှစ်မှ ယနေ့ထက်တိုင် သင်ကြားလျက်ရှိကြောင်း တွေ့ရပါသည်။ ထိုအိုင်ချင်းခေါင်းစဉ်ကို မြန်မာစာညွှန့်ပေါင်းကျမ်း ပဥ္စမတွဲ၌ "သူများမောင်မှာ စစ်သံကြားလျှင်" ဟု ဖော်ပြထားကြောင်း တွေ့ရပြီး ကထိက ဦးစိန်လွင်လေးမြို့စုသော မြန်မာ့စစ်မှတ်တမ်းနှင့် သေနင်္ဂဗျူဟာများ၌ "စစ်သံကြားလျှင်" ဟု ဖော်ပြထားသည်။ ထိုအိုင်ချင်း၌ စိတ်ခံစားဖွယ် စာပိုဒ်စာသားများမှာ–

- စစ်သံကြားလျှင်၊
- အိုးစားဖက်၊
- ရိက္ခာကနည်း၊ ဗိုကသည်းနှင့် သင်းတွဲကို ကူးပါလိမ့်မလားတော်၊
- စစ်မှာတစ်မူ၊ နှမလေး၊ မယ်ထက်မြူကို မယူဘူးဗျာ၊
- စစ်မှာပွန်းမ၊ နှမလေး မယ်ထက်လှကို မယူဘူးဗျာ၊
- စစ်မှာထွေမျိုး ဘိုးဘွားမောင့်မှာ မရှိဘူးဗျာ၊
- ရေစမြွသခင်၊ ရှင်ဘုရင်က၊ မိန့်တော်စာနှင့် အပါချသည့် လိုက်ရတော့မယ်။
- မြင်းမှာအုန်းခွဲ၊ ကျွန်မှာကုလား၊ ဓားမှာဗိုးကြီး၊ ယွန်းပုဆိုးနှင့်

ရှင်ငြိမ်းမယ်တို့ တောင်တွင်းကြီးဒေသသည် **ထောင်ပြုမြို့** ဖြစ်သည်။ သက်ဆိုင်ရာ မြို့ဝန်မင်းက စစ်သည်ရဲမက် တစ်ထောင် ပေးပို့နိုင်ရေးအတွက် ကျေးလက်ဒေသမှ ယောကျ်ားကောင်းများကို ရှာဖွေလေ့ကျင့်ထားရသည်။ ထိုခေတ်က စစ်အခြေခံဖြစ်သော ဓားခုတ်၊ လှံထိုး၊ အမျိုးမျိုးကို ကျွမ်းကျင်အောင် လေ့ကျင့်နေရသည်။ မြင်းစီးအတတ် ကျွမ်းကျင်နေရမည်။ ကျေးလက်နေ စစ်သည်ရဲမက်များသည်လည်း တစ်ရွာတည်း၌မဟုတ် ပြန့်ကျဲနေကြသည်။ မိုးဖလာ လယ်လုပ်ငန်းများ၊ လုပ်ကိုင်စားသောက်နေထိုင်ရင်း စစ်သံကို ချော်လင့်နေကြကြောင်း တွေ့ရမည်။ **သူများမောင်မှာ စစ်သံကြားလျှင် နားများဥပါယ်ရိုကြတယ်။** နေမကောင်း ဖျားနာနဲ့ ဆောင်ကြတယ်ဟု ဆိုလိုပါသည်။ ရှင်ငြိမ်းမယ်က သူ့ရဲ့မောင်က တော့မြင့် စစ်သံကြားလိုက်သည်နှင့် တိုက်ပွဲဝင်ခါးကိုဆွဲကာ အိုးစားဖက်များကို လိုက်ရှာတော့သည်။

**အိုးစားဖက်** – မြန်မာမင်းများလက်ထက်ကာလ စစ်တပ်ဖွဲ့စည်းပုံ၌ အောက်ခြေအဖွဲ့အစည်း၌ တစ်အိုးစားကို ရဲမက်ငါးယောက်နှင့် ဖွဲ့ရသည်။ နှစ်အိုးစားကို တစ်ကျိပ်သတ်မှတ်သည်။ အိုးစားဖက်ဟူသည်မှာ ငါးယောက်တစ်ဖွဲ့ အတူနေ အတူစားသူကို ဆိုလိုကြောင်း တွေ့ရသည်။ မြန်မာစွယ်စုံကျမ်းအတွဲ(၂)၌ မြန်မာတို့၏

စစ်မှာတစ်မူ အိုင်ချင်းသည် အခြေခံပညာ အထက်တန်းကျောင်း
ဒသမတန်း၌သင်ကြားသည့် မြန်မာကဗျာလက်ရွေးစင်
ပြဌာန်းစာအုပ်ထဲမှ ကဗျာတစ်ပုဒ်ဖြစ်ပါသည်။
၁၉၈၅ ခုနှစ်မှ ယနေ့ထက်တိုင် သင်ကြားလျက်ရှိကြောင်း

အိုးစားဖက်စုံ၊ စစ်သည်ပုံမှာ ကျွန်ုပ်ယှဉ်ခဲ့တားမို့ မောင်ကလေးငယ်၊
- မောင်သာလိုက်တဲ့ တောင်ပတ်လည်နှင့် ဖင်းမယ်ဆိုသည့် ညီတို့ မြို့မှာ ပျိုလွမ်းဖွယ်လေး။

ဖော်ပြပါ စာပိုဒ် စာသားများကို သေချာစွာစိစစ်ကြည့်ရာ–

**စစ်သံကြားလျှင်** – ထိုညောင်ရမ်းခေတ်၌လည်း တိုင်းရေးပြည်ရေး စစ်မက်ရေးများသည် ကျေးလက်ဒေသတိုင် ပျံ့နှံ့ခဲ့သည်။ တိုင်းပြည်၏ လုံခြုံမှုကို ထိပါးလာသည့်အခါ၊ သို့မဟုတ် သစ္စာခံနယ်များက မခန့်လေးစား ပြုလာသည့်အခါ စစ်ရေးစွမ်းအား ပြရမြဲဖြစ်သည်။ အထူးသဖြင့် ဇင်းမယ်၊ ယိုးဒယား စသည်တို့ကို ချီတက်နှိမ်နင်းရမည်ဖြစ်၍ ထိုသတင်းကို ကျေးလက်နေ စစ်သည်ရဲမက်များကြားလျှင် စစ်ထွက်ဖို့ပြင်ဆင်ရသည်။ မြန်မာမင်းများလက်ထက်ကာလ အနော်ရထာမင်း လက်ထက်ကစပြီး ထောင်ပြုမြို့၊ ရာပြုမြို့ စသည်ဖြင့် ရဲမက်အင်အား စုဆောင်းပေးရသည်။

ကြည်းတပ်ဖွဲ့စည်းပုံကို ဖော်ပြထားရာမှာ–

စစ်သားငါးဦးလျှင် တစ်အိုးစားဟူ၍ အခြေခံဖွဲ့စည်းပြီး ထိုငါးဦးထဲမှ သွက်လက်ချက်ချာသူတစ်ဦးက လူကြီးအဖြစ် ဆောင်ရွက်ရသည်။ နှစ်အိုးစားခေါ် လူ ၁၀ ယောက်လျှင် အကြပ်တစ်ယောက်ခန့်သည်။ အကြပ်ငါးဦးတို့ စုပေါင်းသောအဖွဲ့ကို တစ်သွေးသောက်ဟုခေါ်၍ ယင်းကို သွေးသောက်ကြီးတစ်ဦးက အုပ်ချုပ်ရသည်။ ထို့ကြောင့် တစ်သွေးသောက်တွင် လူပေါင်း ၅၆ ယောက် ပါဝင်သည်။ သွေးသောက်ကြီးက မြင်းစီး၍ ကြပ်မတ်လိုက်ပါရသည်။ ထိုမှတစ်ဖန် သွေးသောက်နှစ်ယောက်ဖွဲ့လျှင် တစ်တပ်မှူး၊ ငါးတပ်မှူး တစ်ဗိုလ်ဖွဲ့ပြန်သည်။ ဗိုလ်တစ်ဗိုလ် အုပ်ချုပ်ရသောတပ်ကို သာမန်အားဖြင့် ၅၀၀ တပ်ဟု ခေါ်သော်လည်း တပ်သားစုစုပေါင်း ၅၆၈ ယောက်ပါဝင်သည်။ ယင်းတို့တွင် တပ်ရေးတစ်ယောက်၊ နာခံတစ်ယောက်နှင့် ဗိုလ်တစ်ယောက်တို့ ပါဝင်သည်။

**ရိက္ခာကနည်း၊ မိုးကသည်းနှင့် သင်းတွဲကို ကူးပါလိမ့်မလားတော်** - ဖော်ပြပါစာပိုဒ်ကလေးသည် ရှင်ငြိမ်းမယ်က စစ်ထွက် မောင်အပေါ် စိုးရိမ်သောကရောက်ဟန် ပြောဆိုလိုက်သည့် စာသားပင်ဖြစ်သည်။ သင်းတွဲဆိုသည့် စာသားကို ထောက်ရှု၍ သင်းတွဲသည် ချောင်းလော၊ မြစ်လောဟု တွေးတောဖွယ်ရာဖြစ်သည်။ ညောင်ရမ်းခေတ်က စစ်ထွက်ရာ၌ သင်းတွဲကို ဖြတ်ရပုံရသည်။ မိုးအခါ၌ တောင်ကျရေလာသဖြင့် ချောင်းရေလျှံပြီး ရေစီးအဟုန်ပြင်းလာတတ်သဖြင့် စစ်သည်ရဲမက်များ ခက်ခက်ခဲခဲ ဖြတ်သန်းရဖွယ်ရှိပါသည်။ သင်းတွဲနှင့်ပတ်သက်၍ မြန်မာ့ရာဇဝင်ကြီး၌ "မွန်ဂိုတပ်များသည် သက္ကရာဇ် ၆၆၄ ခုနှစ်တွင် မြင်စိုင်းသို့ ဝန်းရံ၍လာသည်။ မွန်ဂိုတပ်ကြီး ရောက်လာသောအခါ ဒီသာပါမောက္ခ ဆရာတော်နှင့်တွေ့၍ အကျေအလည် ပြောဆိုကြသောကြောင့် သင်းတွဲတူးမြောင်းကို တူးပေးပြီး ပြန်ကြသည်ဟုဆိုသည်။" ရှင်ငြိမ်းမယ်က ဖင်းမယ်သို့ စစ်ချီရာလမ်းကြောင်းတစ်ခုကိုလည်း ပြသေး၏။ ထိုလမ်းကြောင်းမှာ သင်းတွဲမြောင်းကို ဖြတ်ကူးရကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ ကျောက်ဆည်နယ်က သင်းတွဲ တူးမြောင်းများ ဖြစ်လေမလားဟု တွေးထင်မိပါသည်။

စစ်သည်ရဲမက်တဝ အန္တရာယ်များလှသည်ကို ရှင်ငြိမ်းမယ်သည် မှုပန်မိသည့်ကြားမှ စစ်သည်မောင်ကို သံသယဖြစ်မိသည်။ စစ်သည်မောင်မှာ စစ်သံကြားလျှင် ဘယ်ကြောင့် စစ်ထွက်ချင်သလဲ၊ သည်သံသယအတွေးကြောင့် မေးသည့်အခါ စစ်သည်မောင်က–

- **စစ်မှာတစ်မှု** နမလေးမယ့်ထက်ပြုကို မယူဘူးချာ။
- **စစ်မှာယွန်းမ** နမလေး မယ့်ထက်လှကို မယူဘူးချာ။
- **စစ်မှာမွေမျိုးဘိုးဘွား** မောင့်မှာ မရှိဘူးချာဟု ပြန်ဖြေခဲ့သည်။

ဆက်ပြီး ပြောလိုက်သည်က–

- ရေမြေ့သခင်၊ ရှင်ဘုရင်က
- မိန့်တော်စာနှင့် အပါချသည်
- လိုက်ရတော့မယ်။

ထိုအခါ ရှင်ငြိမ်းမယ်မျာ နေသာသွားခဲ့သည်။ စစ်သည်မောင်မှာ– သူထက်ပြုသည့်လူကိုလည်း မယူဘူး။ သူထက်လှသည့် ယွန်းမ ဖင်းမယ်သူကိုလည်း မယူဘူး။ နောက် စစ်ထဲမှာ သံယောဇဉ်ရှိရအောင် ဆွေမျိုး၊ မိဘ ဘိုးဘွားလည်း မရှိဘူး။ ရေမြေ့သနင်း ပြည့်ရှင်မင်းက အမိန့်တော်မှတ်၍ တိုင်းပြည်တာဝန် ထမ်းဆောင်ရဖို့ လိုက်ရခြင်းဖြစ်ကြောင်းသိရ၍ စစ်သည်မောင်အတွက် ဂုဏ်ယူမိသွားသည်။

နောက် မယ့်မောင်တို့သည် အမိန့်ကိုနာခံရသည့် ဘုရင်၏ သစ္စာရှိ ကျွန်ယုံများပီပီ အိုးစားဖက်အစုံအညီဖြင့် ဓားကိုယ်စီလွယ်လျက် မြင်းစီးပြီး စစ်ထွက်သွားကြဟန်ကို ကြည့်ရင်း–

မြင်းမှာအုန်းခွံ၊ ကျွန်မှာကုလား။
ဓားမှာမိုးကြိုး၊ ယွန်းပုဆိုးနှင့်၊
အိုးစားဖက်စုံ၊ စစ်သည်ပုံမှာ။

ကျွန်ယုံစားဆို၊ မောင်ကလေးငယ်ဟု ရေရွတ်မိလေသည်။ မြင်းများ၌ အုန်းခွံအရောင်ရှိသော မြင်း၊ အခိုင်းအစေ၌ ကုလား၊ ဓားတွေထဲမှာ မိုးကြိုးဓားတို့သည် သခင်အလိုအတိုင်း ဖြစ်သည်ဟု ဆိုရိုးရှိကြသည်။ မယ့်မောင်စစ်သည်မှာလည်း ယွန်းပုဆိုးဟူသည့်



ဖင်းမယ်ပုဆိုးဝတ်လျက် အုန်းခွံရောင်မြင်းကိုစီး၍ ထွက်သွားသည်ကို မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်လေသည်။

ရှင်ငြိမ်းမယ်သည် အလွမ်းသည်မလေးအဖြစ် ကျန်ရစ်ခဲ့သည်။ သူ့မောင် စစ်သည်တော်လေး လိုက်ပါသွားသည့် တောင်တွေပတ်လည်ဝိုင်းပြီး အဝေးကကြည့်လျှင် ညိုမှိုင်းမှိုင်းနှင့် ဖင်းမယ်မြို့ကို မှန်းဆကာ လွမ်းလျက်နေရှာမည်ဟု စိတ်ထဲမှမှန်းဆလျက်–

မောင်သာလိုက်တဲ့၊ တောင်ပတ်လည်နှင့်
ဖင်းမယ်ဆိုသည့် ညိုတဲ့မြို့မှာ
ပျို့လွမ်းဖွယ်လေး။ ။

စာဆိုတော်ရှင်ငြိမ်းမယ်၏ ကျေးလက်ဒေသ ကြုံတွေ့ရသည့် စစ်နှင့်အချစ်ကို သရုပ်ဖော် စပ်ဆိုထားသည့် ထိုအိုင်ချင်းသည် ညောင်ရမ်းခေတ်သာမက ကုန်းဘောင်ခေတ်တိုင်အောင် ကျေးလက် ဒေသ၏ ဂန္ထဝင်သီချင်းဖြစ်ပေမည်။ အိုင်ချင်းဟူသည်မှာ အသံကို အိုင်အိုင်အသံ မြှင့်မြှင့်ဖြင့် ငိုင်းဖွဲ့သီဆိုရသော ကျေးလက်တေးကဗျာဖြစ်သည်ဟု ဆိုကြသည်။ အိုင်ချင်းတို့၏အစတွင် "ချစ်တဲ့သူငယ်လေ သူငယ်ချင်းကောင်း မယောင်းမတို့ရေ" ဟူသော အာလုပ်စကားဖြင့် အစပျိုလေ့ရှိသည်။ စာဆိုရှင်နှင့်ပတ်သက်၍ မှတ်တမ်းမှတ်ရာများ မတွေ့ရကြောင်း ဝမ်းနည်းဖွယ်သိရပါသည်။ တောင်တွင်းကြီးနယ်မှ အမျိုးသမီးစာဆိုတော်တစ်ဦး ဖြစ်သည်ဟုသာ သိရပါသည်။ တောင်တွင်းကြီးနယ်သည် ရဟန်းစာဆိုတော် အကျော်အမော်များ ပေါ်ပေါက်ရာဒေသဖြစ်ခဲ့သည်။ အင်းဝခေတ်၌ အရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်၊ ရှင်အုန်းညိုနှင့် ရှင်ခေမာတို့ ပေါ်ထွန်းခဲ့ပြီး ညောင်ရမ်း၊ ကုန်းဘောင်ခေတ်တို့၌ ရဟန်းစာဆိုတော် ခင်ကြီးဖျော်သည်လည်း အထူးထင်ရှားခဲ့ပါသည်။

အိုင်ချင်းများနှင့်ပတ်သက်၍ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)

# အိုင်ချင်းများသည် ရတု၊ လူးတားစသော
# နန်းတွင်းပေါက် ကဗျာများနှင့်လည်းမတူ
# သက္ကတကဗျာများနှင့်လည်း မယှက်နွှယ်သော
# မြန်မာ့မြေမှာ သူ့အလိုအလျောက် ပေါ်ပေါက်လာသည်ဟု…

၏ လေ့လာချက်များကိုလည်း များစွာအားထားမိပါသည်။ ဆရာကြီးက-

''အိုင်ချင်းများသည် ရတု၊ လူးတားစသော နန်းတွင်းပေါက် ကဗျာများနှင့်လည်းမတူ သက္ကတကဗျာများနှင့်လည်း မယှက်နွှယ်သော မြန်မာ့မြေမှာ သူ့အလိုအလျောက် ပေါ်ပေါက်လာသည်ဟု မှတ်ချက်ချမှုပါသည်။ အိုင်ချင်းများတွင် သုံးထောင့်အိုင်ချင်း (သုံးထောင့်အရပ်ကပေါ်သော အိုင်ချင်း)နှင့် ရာပြည့်အိုင်ချင်းဟူ၍ရှိရာ အိုင်ချင်းများသည် ညောင်ရမ်းခေတ်မှစ၍ ပေါ်သည်ဟုယူဆလျှင် မလွဲတန်ရာဟု ဆရာဇော်ဂျီက မိမိအမြင်ကို ဖော်ပြခဲ့သည်ဟု ဆိုပါသည်။ ရှင်ဗြိမ်းမယ်၏ အိုင်ချင်းများသည် စစ်ထွက်သူနှင့် အိမ်သူမယ်တို့၏ ချစ်ရေးချစ်ရာတို့သာမက ခေတ်သရုပ်ကို တစေ့တစောင်း ထင်ဟပ်နေပါသည်ဟူ၍လည်း ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က သုံးသပ်ထားပါသည်။

ရှင်ဗြိမ်းမယ်သည် အမျိုးသမီးပင်ဖြစ်ငြားသော်လည်း တိုင်းရေးတာဝန်များကို စာဆိုတော်ပီပီ လေ့လာမှတ်သားတတ်ကြောင်း သူ၏အိုင်ချင်းများက သက်သေတည်နေသည်။ အိုင်ချင်းများက ထိုခေတ်က စစ်ရေးအခြေအနေကို ဖော်ပြနေသည်ဟု ထင်ပါသည်။ တောင်တွင်းကြီးနယ်သည် အနော်ရထာမင်းလက်ထက်မှစ၍ စစ်သည်တစ်ထောင် စုဆောင်းပေးရသော မြို့ဖြစ်သဖြင့် နယ်သူနယ်သားများသည် တိုင်းပြည်၏ စစ်မက်ရေးရာ အခြေအနေကို အမြဲသတိရှိနေဖွယ်ရှိကြောင်း တွေ့ရပါသည်။ စစ်မှာတစ်မှု အိုင်ချင်း၌ ရှင်ဗြိမ်းမယ်၏ စာသားများတွင် ''စစ်မှာ ယွန်းမေ၊ မယ့်ထက်လှ''ဟု ဆိုထားသဖြင့် ယွန်းမဟူသည့် ဇင်းမယ်သူများသည် ရှင်ဗြိမ်းမယ်ထက် လှကြောင်း၊ ''ယွန်းပုဆိုးနဲ့'' ဇင်းမယ်ကာပုဆိုးကို ယွန်းပုဆိုးဟုခေါ်ကြောင်း၊ ''တောင်ပတ်လည်နှင့် ဇင်းမယ်ဆိုသည့် ညီုတဲ့မြို့မှာ'' ဆိုသဖြင့် ညောင်ရမ်းခေတ် မြန်မာ့တပ်မတော်သည် ဇင်းမယ်သို့ အကြိမ်ကြိမ် စစ်ချီတက်သည်မှာ ထင်ရှားပါသည်။ ညောင်ရမ်းခေတ် မြန်မာမင်းများလက်ထက် ဇင်းမယ်နှင့် ဆက်ဆံရေးအခြေအနေများ လေ့လာဖို့ ထိုအိုင်ချင်းက ညွှန်းဆိုထားသည်ဟု ထင်ပါသည်။ အနီးစပ်ဆုံး မြန်မာ့ရာဇဝင်သမိုင်း (၂၀၀၉) ပထမတွဲကိုလေ့လာ၍ ညောင်ရမ်းခေတ် မြန်မာနှင့် ဇင်းမယ်တို့အခြေအနေကို ကောက်နုတ်တင်ပြပါမည်။

- အနောက်ဖက်လွန်မင်းသည် ခရစ်နှစ် ၁၆၁၄ ခုနှစ်၊ ဖုလိုင်လတွင် ဇင်းမယ်သို့ ချီသည်။
- သာလွန်မင်းသည် ခရစ်နှစ် ၁၆၁၃ပြည့်နှစ်၊ အောက်တိုဘာလတွင် ဇင်းမယ်သို့ ချီသည်။
- ပင်းတလဲမင်းလက်ထက် မင်းရဲစရာသည် ခရစ်နှစ် ၁၆၆၀ ပြည့်နှစ်၊ ဇွန်လတွင် ဇင်းမယ်သို့ချီသည်။
- ပြည်မင်းလက်ထက် ခရစ်နှစ် ၁၆၇၁ ခုနှစ်၊ ဧပြီလတွင် မင်းရဲရန္တသူအား ဝန်ခန့်၍ ဇင်းမယ်သို့စေလွှတ်သည်။
- မင်းရဲကျော်ထင် မင်းလက်ထက် ခရစ်နှစ် ၁၆၇၅ခုနှစ်တွင် သီပေါ်စော်ဘွား ယိုးဒယားသို့ ဇင်းမယ်ကြောင်းချီစေသည်။
- မင်းရဲကျော်ထင် မင်းလက်ထက် ခရစ်နှစ် ၁၆၆၇ခုနှစ်၊ မေလတွင် မိုးညှင်းစော်ဘွား ဇင်းမယ်သို့ချီသည်။
- တနင်္ဂနွေမင်းလက်ထက် ခရစ်နှစ် ၁၇၃၃ ခုနှစ်၊ စက်တင်ဘာလတွင် ဇင်းမယ်သားတို့ မြို့ဝန်ကိုလုပ်ကြံပြီး ခြားနားလာသဖြင့် နှိမ်နင်းရန် မြို့သစ်စား မင်းရဲနန္ဒသူ၊ မင်းသားမောင်ပြည့်တို့ ဦးစီးသောတပ်သည် ဆင်၊ မြင်း၊ စစ်သည်တစ်သောင်းဖြင့် ဇင်းမယ်သို့ချီသည်။

ညောင်ရမ်းမင်းဆက် (၁၀)ဆက်ရှိခဲ့သည်။ ခရစ်နှစ် ၁၅၉၇ မှ ၁၇၅၂ ခုနှစ်ထိဖြစ်သည်။ ညောင်ရမ်းခေတ်သမိုင်းအဆိုအရ ဇင်းမယ်၊ ယိုးဒယား၊ အာသံတို့နှင့် မကြာမကြာ စစ်အင်အားအသုံးပြုခဲ့သည်။ တရုတ်စစ်သည်များလည်း ကျူးကျော်ဝင်ရောက်သဖြင့် တွန်းလှန်နှိမ်နင်းခဲ့ရကြောင်း တွေ့ရှိရပါသည်။

မြန်မာ့သမိုင်း၌ စစ်ရေးစစ်ရာများနှင့် ပတ်သက်၍ ရေဖွဲ့သီဆိုကြသော ကဗျာလင်္ကာများမှာ - ကာချင်း၊ ရတု၊ လေးချိုကြီး၊ အိုင်ချင်း၊ ရဲတင်း၊ လင်္ကာ၊ စစ်ဟိန်းသံ စသည်တို့ဖြစ်ကြောင်း သိရပါသည်။ တောင်တွင်းရှင်ဗြိမ်းမယ်၏ ''စစ်မှာတစ်မှု''အိုင်ချင်းသည်လည်း ခေတ်သမိုင်းကိုဖော်ကျူးသော အလွန်တန်ဖိုးရှိသည့် လင်္ကာတစ်ပုဒ်ဖြစ်ကြောင်း တွေ့ရပါသည်။ ''အိုင်ချင်း''များဆိုသံ၊ ဆိုဟန်များကို မကြားမတွေ့ဖူးကြသော်လည်း ဂီတမိခင်ကြီး ဒေါ်စောမြအေးကြည်သည် မြန်မာ့အသံ၌ အိုင်ချင်းလေးပုဒ် အသံသွင်းထားသည်ဟု သိရပါသည်။ ရှေးဟောင်း လင်္ကာစာပေများသည် မြန်မာ့ယဉ်ကျေးမှု၏ အနှစ်သာရများဖြစ်ပါသည်။ စာပေ၏တန်ဖိုးကို သိမှသာလျှင် စာပေများသည်လည်း တန်ဖိုးရှိမည် ဖြစ်ပါသည်။ ရှေးဟောင်းစာပေများအား ဖော်ထုတ်လေ့လာ၍ စာပေတန်ဖိုး အစဉ်ဖိုးတက်ရန် ဆောင်ရွက်ကြပါစေကြောင်း ရေးသားတိုက်တွန်းအပ်ပါသည်။

**အဂ္ဂသူ**



# CELEBRITY and SHOWBIZ

ကိုသားကြီး

## အကြမ်းဖက်မှုတွေအတွက် ဒီကမ္ဘာမှာ နေရာမရှိစေရ

အကြမ်းဖက်မှုတွေအတွက် ဒီကမ္ဘာမှာ နေရာမရှိစေရဘူး။ လူသားတွေအတွက် အလိုအပ်ဆုံးက မေတ္တာတရားနဲ့ ငြိမ်းချမ်းမှုပဲ။ သူမအသက်က ၂၃ နှစ်ရှိပြီ။ ဆယ်ကျော်သက်တစ်ယောက်ရဲ့ နုပျိုခြင်းတွေခိုနားနေဆဲဖြစ်သလို ပိုမိုတည်ငြိမ်လာတဲ့ ရင့်ကျက်မှုတွေကိုလည်း ပိုင်ဆိုင်ထားတယ်။ အရီယာနာဂရန်ဒီလေ။ ကမ္ဘာကျော်ပေါ့ပ်ကြယ်ပွင့်ဘဝကို လွယ်လွယ်နဲ့ရခဲ့တာမှမဟုတ်တာ။ အခက်အခဲ အတားအဆီးတွေကို ကျော်ဖြတ်ဝံ့တဲ့ သံမဏိလိုစိတ်ဓာတ်မျိုး သူမနှလုံးသားမှာ ကိန်းအောင်းနေတယ်။ ဒါကြောင့် မန်ချက်စတာကို တစ်ကျော့ပြန်လာမယ်။ သူမရဲ့ဖျော်ဖြေပွဲမှာ အသက်စတေးခဲ့ရတဲ့ ပရိသတ်တွေအတွက် ရန်ပုံငွေရှာပေးမယ်။ ဒီတစ်ကြိမ်အစီအစဉ်မှာ ဂီတလောကက သူမရဲ့သူငယ်ချင်းတွေပါ အားဖြည့်ကြမယ်။ အကြမ်းဖက်မှုဆိုတာ ငြိမ်းချမ်းရေးကို လိုလားသူတွေရဲ့ အမုန်းဆုံးအရာမဟုတ်လား။ လာမယ့် ဇွန်လမှာ ဂရန်ဒီရဲ့ မကျေပွဲကို မန်ချက်စတာမှာ ထပ်မံရှုစားကြရတော့မှာပါ။







## အချစ်တိုက်ပွဲတွေ နွဲချင်သေးတယ်

The Water Rats ဆိုတာ လန်ဒန်မြို့က အရက်ဆိုင်လေးတစ်ခုပါ။ ဒီလိုနေရာမျိုးမှာ ပျော်ပျော်ရွှင်ရွှင်ဖျော်ဖြေနေတဲ့ ကိတ်ပါရီကိုတွေ့လိုက်ရတာဟာ အံ့အားသင့်စရာပါပဲ။ ဒါပေမဲ့ လွန်ခဲ့တဲ့ ၉ နှစ် အကြာတုန်းက ဗြိတိန်မှာသူမ ပထမဆုံးဖျော်ဖြေခဲ့တဲ့နေရာဆိုတာ သိသွားရင်တော့ သိပ်မဆန်းလောက်ပါဘူး။ အမေရိကန်နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်သလို ပေါလီဝုဒ်မှာပါ နေရာတစ်နေရာရထားတဲ့ ကိတ်ပါရီဟာ ဖျော်ဖြေပွဲအပြီးမှာလည်း မထင်မှတ်တဲ့အတွင်းစကားတွေ ဖွင့်ဟသွားခဲ့ပါသေးတယ်။ တစ်နည်းအားဖြင့် သူမရဲ့ဖဲမွှေယာဇာတ်လမ်းလေးတွေပေါ့။ အနောက်တိုင်းက မရိုးနိုင်တဲ့ချစ်ပုံပြင်တွေလိုပဲ ကိတ်ဟာလည်းရင်ခွင်တွေ အများကြီးပြောင်းခဲ့ဖူးပါတယ်။ သူမ နောက်ဆုံးလမ်းခွဲခဲ့သူက အော်လန်ဒိုဘလွန်းပါ။ ဒါပေမဲ့ အခုထိကျေနပ်လောက်တဲ့ အချစ်တိုက်ပွဲမျိုးမရသေးပါဘူးတဲ့။ ဒါ့အပြင် အရင်တုန်းက သူမကို ပုရိသတိုင်းတပ်မက်ခဲ့ကြပေမယ့် လက်ရှိအချိန်မှာတော့ သူမကသာ နောက်ကပြေးလိုက်နေရသူ ဖြစ်နေပါပြီလို့ ကိတ်ပါရီက ပွင့်ပွင့်လင်းလင်းဆိုခဲ့လေရဲ့။



## ကျော်ကြားသူတို့ ဘောလုံးပွဲ

ဆောက်သမ်တန်အသင်းရဲ့ စိန့်မေရီကွင်းမှာ ကျော်ကြားသူတို့ရဲ့ ဘောလုံးပွဲတစ်ပွဲကို ဒီသီတင်းပတ်မှာ မြင်တွေ့ခဲ့ရပါတယ်။ Sellebrity Soccer လို့ အမည်ပေးထားတဲ့ ဒီပွဲမှာ ရုပ်ရှင်လောကရဲ့ ကြယ်ပွင့်တွေ စုံစုံလင်လင် လာရောက်ခဲ့ကြပါတယ်။ တစ်သင်းကို ကယ်ရီကာတိုနာက ဦးဆောင်ခဲ့ပြီး ပြိုင်ဘက်အသင်းကိုတော့ ကိတ်ပရိုက်စ်က ဦးဆောင်ခဲ့တာပါ။ ဗြိတိန်ရုပ်ရှင်လောကရဲ့ ကြယ်ပွင့်တွေနဲ့ မော်ဒယ်တွေ စုံလင်ခဲ့တဲ့ ဒီပွဲမှာ ပရိသတ်အနှစ်သက်ဆုံးဖြစ်ခဲ့သူတစ်ဦး ရှိခဲ့ပါတယ်။ သူ့ကို ဗီလိန်တစ်ယောက်လို့ ပရိသတ်တွေသိထားကြပါတယ်။ EASTENDERS ဇာတ်ကားမှာ ဂျက်ဝုဒ်ရဲ့ သရုပ်ဆောင်မှု ပီပြင်ခဲ့တာကြောင့်ဆိုရင်လည်း မမှားပါဘူး။ သူနာမည်ကြီးခဲ့တဲ့ EastEnders အော်ပရာအပါအဝင် ရုပ်ရှင်ထဲမှာတောင် တွေ့ရခဲ့တဲ့ အားကစားဝတ်စုံနဲ့ အမူအရာတွေကြောင့် ဖြစ်ပါသတဲ့။



# ကိုယ်ပွားလေးလိုချင်သား




ဂီတနဲ့ပတ်သက်တဲ့ ရှာကီရာရဲ့လှုပ်ရှားမှုတွေကို မမြင်ရတာ နှစ်အနည်းငယ် ကြာခဲ့ပါပြီ။ဒါပေမဲ့ ကိုလံဘီယာ ပေါ့ပ်ဘုရင်မဆိုတဲ့ အမှတ်အသားကတော့ မသေဆုံးသေးပါဘူး။ ရှာကီရာဟာ ဘာစီလိုနာနောက်ခံလူပီကေးနဲ့ ရင်သွေးနှစ်ယောက် ရထားတယ်။ သားလေးမီလန်က ၄ နှစ်၊ သမီးလေး ဆာရှာက ၂ နှစ်ရှိပြီ။ ဒီတစ်ပတ်မှာတော့ သူမကို မီလန်မှာတွေ့ခဲ့ကြရတယ်။ တစ်နည်းအားဖြင့် ၁၁ ကြိမ်မြောက် တစ်ကိုယ်တော်အယ်လ်ဘမ်သစ် မိတ်ဆက်ပွဲအခမ်းအနားမှာပါ။ ဒီအယ်လ်ဘမ်ကို El Dorado လို့ အမည်ပေးထားပြီး ဘယ်လိုရှုန်းကန်ကြိုးစားခဲ့ရတယ်ဆိုတာ ရှာကီရာက ဖွင့်ဟသွားခဲ့ပါတယ်။ ''မိခင်ကောင်းတစ်ယောက်ဖြစ်ဖို့ ချစ်သူကောင်းတစ်ယောက်ဖြစ်ဖို့ မလွယ်ပါဘူး။ ဒီကြားထဲ ပရော်ဖက်ရှင်နယ်တစ်ယောက်လည်း ဖြစ်ရဦးမယ်၊ မိတ်ဆွေသူငယ်ချင်းတွေကိုလည်း တာဝန်ကျေရမယ်ဆိုရင်တော့ သိပ်မလွယ်တော့ပါဘူး။ ဒါကြောင့် တစ်ခါတလေမှာ ကျွန်မတွေးမိတယ်။ ကိုယ်ပွားလေးတစ်ယောက်ရှိရင် သိပ်ကောင်းမှာပဲလို့။ သိပ္ပံပညာကလည်း ဒါကို ခုထိမလုပ်နိုင်သေးဘူးနော်''လို့ ရှာကီရာက ဆိုလေရဲ့။

## ဆုံမှတ်တစ်ခုရဲ့လမ်းခွဲ






၁၉၉၉ ခုနှစ်က Heat Vision and Jack ဆိုတဲ့ Fox TV အစီအစဉ်မှာ သူတို့နှစ်ဦးစတွေ့ခဲ့ကြတယ်။ ၂၀၀၀ ပြည့်နှစ်ရောက်တော့ ဟာဝိုင်ယီမှာ လက်ထပ်ဖြစ်ခဲ့ကြတယ်။ ရင်သွေးနှစ်ယောက် ထွန်းကားခဲ့တယ်။ ပျော်ရွှင်စရာအချိန်တွေကို ပိုင်ဆိုင်နိုင်ခဲ့တယ်။ သူတို့ရဲ့ အိမ်ထောင်သက်က ၁၇ နှစ်ရှိခဲ့ပြီ။ ဘန်စတီလာနဲ့ ခရစ္စတင်းတေလာတို့ဟာ ပြီးပြည့်စုံတဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်နိုင်ခဲ့တာပါ။ အားလုံးသိကြတဲ့အတိုင်း ဘန်စတီလာဆိုတာ Night at the Museum ဇာတ်ကားနဲ့ ပရိသတ်တွေကို ဖမ်းစားနိုင်ခဲ့တဲ့ နာမည်ကျော် ဟောလီဝုဒ် ဟာသမင်းသားတစ်လက်ဖြစ်ပါတယ်။ ဒီသီတင်းပတ်မှာတော့ သူတို့နှစ်ယောက်ရဲ့ ကတ္တီပါလမ်းခွဲကို တွေ့လိုက်ရပါပြီ။ ပုဂ္ဂိုလ်ရေးအသေးစိတ်တွေကို ဖွင့်ဟဖို့ နှစ်ယောက်လုံးက ငြင်းဆန်ခဲ့ပြီး မိတ်ဆွေကောင်းတွေလို ဆက်လက်ခင်မင်သွားမှာဖြစ်သလို ရင်သွေးတွေကို ပြုစုပျိုးထောင်ဖို့သာ အာရုံစိုက်သွားမယ်လို့ ဆိုလေရဲ့။

# ပြန်လည်သတိရနေတဲ့ ဟောလီဝုဒ်နေ့ရက်များ






၂၀၁၇ ကိန်းရုပ်ရှင်ပွဲတော်မှာ လင့်ဆေးလိုဟန်ကို ပြန်တွေ့ခဲ့ကြရတယ်။ အထူးသဖြင့် E! News သတင်းဌာနနဲ့ အင်တာဗျူးမှာ သူမရဲ့ဖွင့်ဟမှုတွေက ဆွေးစရာကောင်းခဲ့တယ်။ လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့တဲ့ ဟောလီဝုဒ်မင်းသမီးဘဝကို သတိရနေလားဆိုတဲ့ မေးခွန်းကို "သိပ်သတိရတာပေါ့ရှင်၊ ဒါပေမဲ့ တစ်ချိန်တည်းမှာ တခြားအကြောင်းအရာတွေလည်း လုပ်ဖို့ရှိခဲ့တယ်၊ ဒါကြောင့် ငါဘာလုပ်နေလဲဆိုတာကိုပဲ အပြည့်အဝ အာရုံစိုက်ခဲ့ရတာပါ"လို့ ဖြေသွားခဲ့တာပါ။ လင့်ဆေးဟာ အသက် ၁၁ နှစ်အရွယ်တည်းက ကလေးသရုပ်ဆောင်ဘဝနဲ့ ရုပ်ရှင်လောကထဲ ခြေချဖြစ်ခဲ့ပါတယ်။ သူမရဲ့ အအောင်မြင်ဆုံးဇာတ်ကားကတော့ ၂၀၀၄ မှာ ပြသခဲ့တဲ့ Mean Girls ပါပဲ။ အဲဒီတုန်းက တစ်ကားကို ဒေါ်လာ ၇ သန်းရခဲ့တာပေါ့။ အသက် ၃၀ ဆိုတာ အနောက်တိုင်းမှာ သိပ်မဟိုင်းသေးပါဘူး။ Sick Note ဆိုတဲ့ ဇာတ်ကားနဲ့အတူ လင့်ဆေးကို ပိတ်ကားပေါ်မှာ ပြန်လည်မြင်တွေ့ရဖို့ ရှိနေပါတယ်။





# နှလုံးသားနဲ့ဝိညဉ်ကို နှင်းအပ်ပွဲမယ်မောင်

အရမ်းချစ်တတ်တဲ့ မိန်းကလေးတွေထဲမှာ ကျွန်မလည်းပါတယ်။ ကျွန်မချစ်သူကို နှလုံးသားနဲ့ဝိညဉ်အပ်နှင်းဖို့ အမြဲအဆင်သင့်ပဲ။ လက်တွေ့ဘဝထဲမှာဆို ဒီထက်တောင်ပိုသေးတယ်"လို့ ဆိုလာသူက ဆီလီနာဂိုမက်ဇ်ပါ။ မီယာမီအခြေစိုက် Power 96.5 FM နဲ့ ရေဒီယိုအင်တာဗျူးမှာ အသက် ၂၄ နှစ်အရွယ် ပေါ့ပ်ကြယ်ပွင့်လေး ဖွင့်ဟသွားတာပါ။ ဘယ်သူ့ကို ရည်ရွယ်တယ်ဆိုတာ နာမည်အတိအကျ ထုတ်မပြောသွားပေမယ့် အကြောင်းသိတွေကတော့ The Weeknd လို့ နားလည်ထားကြပါတယ်။ ဝါသနာတူ၊ အလုပ်တူရုံသာမက ဂီတလိုင်းပါတူနေတဲ့ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ဇန်နဝါရီမှာ ဇာတ်လမ်းစခဲ့ကြတာပါ။ ၂ နှစ်ကြာတွဲခဲ့တဲ့ မော်ဒယ် ဘယ်လာဟာဒစ်ကို The Weeknd လမ်းခွဲပြီး သိပ်မကြာခင်မှာပေါ့။ ဆီလီနာရဲ့ ပရိသတ်တချို့ကတော့ ဂျက်စတင်ဘီဘာကိုလည်း ဒီလို အပြောချိုချိုလေးတွေနဲ့ ချွေးသိပ်ခဲ့ဖူးသလားလို့ မေးခွန်းထုတ်နေကြလေရဲ့။



**အစိုးရ ဆန့်ကျင်ဘက် လက်နက်ကိုင်အဖွဲ့များ၏ လှုပ်ရှားမှုများက ဦးလှလှတို့ လမ်းစခန်း ဝန်းကျင်သို့တိုင် ခြေဆန့်လာခြင်းကြောင့် ပြည်နယ်အစိုးရမှ လမ်းလုပ်ငန်းခွင်အားရပ်ဆိုင်း. . .**

(၁)

ဟိုး. . .ဟိုမှာ လှမ်းမြင်နေရသည်။ ငွေရောင်တိမ်စိုင်၊ တိမ်ထုတွေကြားက မြူနှင်းမှုန်တွေ တဝေဝေနှင့် ရှမ်းတောင်တန်း။ မိမိရပ်နေရာမှ ရှေ့တည့်တည့် ချောက်ကမ်းပါးအစွန်းတွင် ကပ်တွယ်ပေါက်ရောက်နေသည့် တောင်ဇလပ်ပင်နှစ်ပင်အကြားမှ လှမ်းမြင်နေရသော မြင်ကွင်း။ နီရဲလှိုင်လှိုင်ပွင့်နေသော ပန်းများကို ထွင်းဖောက်မြင်နေရသည့် ရှခင်းအလှပသာဒက ဆန်း၏။ မြင်ရသူကိုရွှင်လန်းစေသည်၊ ရွှင်လန်းမှုကြောင့် ရင်မှာ ငြိမ်းချမ်းကြည်နူးရပြန်သည်။

ရှမ်းတောင်တန်း၏ဟိုမှာဘက်တောင်ခြေတွင် ချင်းပြည်နယ်၏မြို့တော် ဟားခါးက လှပဝင့်ကြွားစွာ တည်ရှိနေပါလိမ့်မည်။ ယခုချိန်ဆိုလျှင် မုံတက်မြူပြင်ဆင်နေသော ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ဈေးရောင်း၊ ဈေးဝယ်၊ အခြားကိစ္စတို့ဖြင့် ရောက်လာကြသူများ၊ ကျောင်းတက်ရန် အိမ်မှထွက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများဖြင့် ဟားခါးမြို့သည် လှုပ်ရှားသက်ဝင်နေပေလိမ့်မည်။ ဟိုးယခင်က နှင့်မတူ. . .ဆိုင်ကယ်များ၊ ကားများဖြင့် ရှုပ်ထွေးစည်ကားစွာ ဖွံ့ဖြိုးတိုးတက်ခြင်းကို သက်သေပြနေသော ဟားခါးမြို့။

သို့သော်. . .ဟားခါးမြို့၏ ရှုပ်ထွေးစည်ကားခြင်းသည် ငြိမ်းချမ်း၏။ သာယာ၏။ လှပ၏။ တောင်ပေါ်ဒေသပီသစွာ အေးမြစိမ်းစို နှစ်လိုဖွယ်ကောင်းလှပေသည်။

မနှစ်က ဦးလှလှတစ်ယောက် ကချင်ပြည်နယ်ဘက် ရောက်ခဲ့သည်။ လမ်းအသစ်ဖောက်ရန်ဖြစ်၏။ ပြည်နယ်တစ်ပြည်နယ်လျှင် စက်ကြီးမောင်းသမား ငါးယောက်စီ ရွေးချယ်စေလွှတ်ခြင်းဖြစ်သည်။ ဒေသအသစ်၊ အတွေ့အကြုံအသစ်၌ စိတ်လှုပ်ရှားတက်ကြွခဲ့ရသည့် ဦးလှလှ၊ အမြင်သစ်မှာ ဟုတ်သလိုလိုဖြင့် စိတ်အဆင် ပျော်ရွှင်ခဲ့သည်။ သို့သော်. . .

စက်ကြီးမောင်း၍ ပုံတောင်ပုံညာဒေသတွင် ဆယ်နှစ်ကျော်ပျော်မွေ့ကာ ဇလပ်မြေတောင်တန်းပေါ်မှာ အနှစ် ၂၀ နီးပါး ကျင်လည်ဖြတ်သန်းခဲ့လေသော ဦးလှလှသည် နာဂိုကြေးပိုရ၍ အဆင်ပြေလှသော မနောမြေတွင် ကြာကြာမပျော်နိုင်ဖြစ်ရ၏။ အဘယ့်ကြောင့်ဆိုသော် ထိုဒေသသည် မငြိမ်းချမ်းသော၊ မကြာခဏ လူသတ်လက်နက်သံများ ကြားရသော၊ အမြဲစိုးရိမ်ပူပန်နေရသော နယ်မြေဒေသဖြစ်၍ နေခြင်းကြောင့် ဦးလှလှ ကြာကြာမပျော်နိုင်ခြင်းပင်ဖြစ်သည်။

ဦးလှလှ ကံကောင်းသည်။ အစိုးရ ဆန့်ကျင်ဘက် လက်နက်ကိုင်အဖွဲ့များ၏ လှုပ်ရှားမှုများက ဦးလှလှတို့ လမ်းစခန်း ဝန်းကျင်သို့တိုင် ခြေဆန့်လာခြင်းကြောင့် ပြည်နယ်အစိုးရမှ လမ်းလုပ်ငန်းခွင်အား ရပ်ဆိုင်း ရုပ်သိမ်းရန် ညွှန်ကြားလာ၏။ ထို့ကြောင့် ထိုဒေသတွင် ဦးလှလှ ကြာကြာ မနေခဲ့ရပေ။ ဦးလှလှ ကျင်လည်ပျော်မွေ့ခဲ့လေသော ချင်းတောင်တန်းသို့ ပြန်ရောက်ခဲ့ရသည်။

''ကိုလှလှ. . .ပုတီးကြီးကိုင်ပြီး ဘာတွေ ငေးနေတာလဲ၊ ကျွန်မတောင် ထမင်းဟင်းတွေ ကျက်ပြီ၊ တော်ရဲ့ ဘုရားဂါထာကြီး မကိုင်သေးဘူးလား''

ဇနီးဖြစ်သူ ဒေါ်ရင်မြအသံကြောင့် ဦးလှလှ အတွေးစကိုဖြတ်ကာ နောက်လှည့်ကြည့်သည်။ ဇနီးသည်အား ပလတ်စတစ်ရေအလားကြီးထဲ အဝတ်များထည့်ကာ စိမ်နေသည်ကိုတွေ့ရ၏။

''အေး. . .စက်က ငါ့ကိုစရာမလိုဘူး။ ပန်ကာကြီးလဲရမှာ၊ ထန်စွမ်းလှ၍ ဟားခါးကို ပန်ကာကြီးသွားဝယ်နေတယ်။ မင်းက အဝတ်လျှော်တော့မလို့လား။ တော့ပါသေးတယ်ဟာ၊ အရမ်းအေးသေးတယ်''

''ချင်းတောင်မှာ အေးတယ်ဆိုပြီး မလုပ်ရင် ဘယ်တော့မှ လုပ်ဖြစ်မှာမဟုတ်ဘူး တော်လည်းအသိပဲလေ၊ နေက ဘယ်နှာရီ ဆယ့်တစ်နာရီနဲ့ မြင်ရတာမှ မဟုတ်တာ''

ဒေါ်ရင်မြက ပြောရင်းဆိုရင်းပင် တဲထဲဝင်သွားသည်။ လမ်းဘေး၊ ကျောချောင်းအတိုင်း ယာယီအဖြစ် ဆောက်လုပ်ထားသော မိုးကာအုပ်တဲကလေး။ ဦးလှလှတို့ တဲကလေးက မီးဖိုချောင်အဖြစ်ပါ အသုံးပြုရသည်မို့ နည်းနည်းမြင့်သည်။ ခပ်လှမ်းလှမ်းတွင်တော့ စက်မောင်းသမားများနှင့် စက်နောက်လိုက်တို့အတွက် တဲနှစ်လုံးရှိသည်။ လမ်းဝန်ထမ်း၊ လမ်းအလုပ်သမားများ ဖြစ်ကြသည်မို့ တစ်နေရာမှာ တစ်ပတ်၊ အလွန်ဆုံး နှစ်ပတ်လောက်သာနေပြီး လုပ်ကွက်နောက်လိုက်ကာ နေရာရွှေ့ကြရသည်။ ဦးလှလှတို့ စက်စခန်း၏ အရှေ့ဘက် တစ်မိုင်သာသာတွင် လမ်းခင်းအဖွဲ့ရှိသည်။ သူတို့လည်း ယာယီတဲများဖြင့် အစုဖွဲ့နေကြခြင်းဖြစ်၏။

လမ်းခင်းအဖွဲ့၏ အဓိကယာဉ်မှာ လမ်းကြိတ်စက်(ရိုလာ)ဖြစ်သည်။ ထိုအဖွဲ့တွင် ရိုလာ သုံးစီးရှိသည်။ ကျောက်ခွဲစက်နှစ်လုံးဖြင့် လမ်းခင်းကျောက်များ (မတ်ကျောက်များ) ထုတ်ကြရသည်။ လမ်းဘေးရှိ ကျောက်တောင်များမှ ကျောက်တုံးများ ဖော်ထုတ်ယူပြီး လမ်းခင်းကျောက်အကြီးများ ထုခွဲ၍ ကျင်းဖွဲ့ကာ ပေးသွင်းအစ်နှံသော အဖွဲ့များလည်းရှိသည်။ ထိုလုပ်ငန်းသည် ပေါင်တူကြီးများဖြင့် ကာယအားကိုးလုပ်ရသောအလုပ်ဖြစ်သည်။ လမ်း(ဆောက်လုပ်ရေး)မှ တစ်ကျင်းကို ဘယ်လောက်ဟု သတ်မှတ်ချက်အတိုင်း ငွေချေပေး၏။

လွန်ခဲ့သော ဆယ့်လေးငါးနှစ်ကျော်က ဤအလုပ်မျိုးကို ဒေသခံတို့သာ လုပ်ကြသည်။ အလုပ်သမားရှားသည်။ ယခုတော့မူ. . .အောက်ဘက် ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ဂန့်ဂေါတို့ဆီမှ အစုလိုက်၊ အစုလိုက် လာ

ရောက် လုပ်ကြသူများဖြင့် လုပ်ငန်းတွင်ကျယ်သည်ဟု ဆိုရမည်။ ထိုအထဲတွင် ပခုက္ကူဘက်က လမ်းအလုပ်သမားများထဲမှာ ကတ္တရာကျို၊ ဖလောင်း ထုးချွန်သူများကိုလည်း ဦးလှလှတွေ့ခဲ့ရသေး၏။

ဟုတ်သည်။ ကတ္တရာကျိုရာတွင်ဖြစ်စေ၊ လောင်းရာတွင်ဖြစ်စေ သတ်မှတ်ချက် အရည်အသွေး မပြည့်မီပါက ကျိုသမျှ၊ လောင်းသမျှ အဟောသိကံဖြစ်တတ်သည်။ ခဏနှင့် လမ်းပျက်မည်။

"ဘကြီးလှ - -ဟား - -ဝေးနေတာ၊ ကျွန်တော် ရောက်နေတာကြာပြီ၊ ဆိုင်ကယ် ဟွန်းတီးတာတောင်မကြားဘူး။ ဘာတွေ တွေးနေလဲ ဘကြီးလှရဲ့"

"ဟာ- -ထန်စွမ်းလျှံ၊ အေးကွာ–ဒီနေ့ ငါ့အတွေးတွေများတယ်ဟ။ အေး - -ပန်ကာကြိုးပါလား"

"ပါတယ်၊ စပါယ်ယာဘတ်ပါ ဝယ်ခဲ့တယ်"

"အေး - - -ကောင်းတယ်၊ မင်းတို့ ရှိကွာရော"

"ဟား- -ဟား- -ပါတာပေါ့ ဘကြီးလှရာ၊ ဘယ်မေ့ပါ့မလဲ"

သဘောကျစွာပြောနေသော ထန်စွမ်းလျှံကိုကျော်၍ ဆိုင်ကယ်ရပ်ထားရာ ကြည့်လိုက်၏။ ဆိုင်ကယ်နောက်မြီး၌ ဆာလာအိတ်ဖြင့်ထုပ်၍ တုပ်ချည်ထားသော လေးထောင့်ကျကျ ပုံးသဏ္ဌာန်အထုပ်ကို တွေ့ရသည်။ OK Rum တစ်ဖာဖြစ်မှန်း ဦးလှလှသိ၏။ "အင်း- - -ငယ်ရွယ်သူတွေဆိုတော့လည်း၊ လုပ်ကောင်း၊ စားကောင်း၊ သောက်ကောင်းပေါ့"ဟု ဦးလှလှ တွေးလိုက်ပြန်၏။

(၂)

သည်နေ့ ပြီးစီးမှုကို ဦးလှလှ မှတ်တမ်းတင်သည်။ တောင်နံရံပြိုနေသော ဘက်ခ်ဟိုး၏ စက်မောင်းချိန်၊ လုပ်ငန်းသုံးဆီဂါလံ အရေအတွက်၊ လုပ်ငန်းပြီးစီးမှုပမာဏတို့ကို စိစစ်စာရင်းပြုစုထားရသည်။ ဘူဒိုဇာနှစ်စီးနှင့် ဂရေဒါတို့ကိုလည်း ထိုနည်းအတိုင်း မှတ်တမ်းပြုစု၊ ဆီလက်ကျန်တိုင်းမှတ်။ နောက်တစ်ရက် လုပ်ရမည့် အခြေအနေ၊ မြေနှင့် လမ်းအနေအထား။ ဇရိယာအကျယ်တို့ကို တွက်ချက်၍ လမ်းဗိုလ် ဆရာဝင်းကိုထံ ဖုန်းဆက် အစီရင်ခံလိုက်သည်။ ဆရာဝင်းကိုမှ

ကတ္တရာကျိုရာတွင်ဖြစ်စေ၊
လောင်းရာတွင်ဖြစ်စေ
သတ်မှတ်ချက် အရည်အသွေး
မပြည့်မီပါက ကျိုသမျှ၊
လောင်းသမျှ
အဟောသိကံဖြစ်တတ်သည်။
ခဏနှင့် လမ်းပျက်မည်

လိုအပ်ချက်များ မေးမြန်းနေ၍ ပြေပေးနေရသေးသည်။

"ဖြစ်နိုင်ရင် အဲဒီကွေ့ကို မနက်ဖြန် အပြီးလုပ်ပေးပါ၊ ဦးလှလှရဲ့ စက်သမားတွေကိုလည်း ဒီတစ်ပတ်အတွင်း ရာသီဥတုဖောက်ပြန်နိုင်ကြောင်း ကြိုတင်အသိပေးထားပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ စိတ်ချပါ"

ဖုန်းပြောပြီးတော့ ဇနီးသည်နှင့်အတူ ထမင်းစားလိုက်သည်။ ထန်စွမ်းလျှံတို့ စက်သမားများတဲ့တွင်တော့ ထုံးစံမပျက် ဝိုင်းဖွဲ့နေကြပြီထင်၏။ ဦးလှလှလည်း လွန်ခဲ့တဲ့ နှစ်အထိ အချိန်မှန်၊ ရေချိန်မှန် အသောက်မပျက်ခဲ့ပေ။ တောထဲတောင်ထဲ အလုပ်မြဲ



ခဲ့ကြသော်လည်း မြို့ပေါ်ကို အမှာမပြတ်ခဲ့သည့်မို့ သောက်စရာယမကာက နေ့စဉ်ညနေစောင်း အချိန်မှန်ခဲ့သည်။

တောထဲမှာနေ၊ တောထဲမှာလုပ်၊ တောထဲမှာစား ဆိုသော်လည်း ဇနီးသည်၏ ရှေ့ရေးကြိုမြင် ပြင်ဆင်ခဲ့မှုကြောင့် ယခုအခါ နေစရာအိမ်က ဂန့်ဂေါမှာရှိနှင့်နေပြီ။ လောလောဆယ် သမီးကြီးမိသားစုက အိမ်မှာနေရင်း အိမ်ကိုစောင့်ရှောက်ပေးလျက်ရှိသည်။ သားအငယ်ကမူ ဒုရဲအုပ်သင်တန်းတက်နေပြီဖြစ်၏။ ဦးလှလှ အသက်ငါးဆယ်ကျော်သည်အထိ ဇနီးသည်က ဖြတ်ပါ၊ ဖြတ်ပါဟု တစာစာညည်းတွားပြောဆိုခဲ့သော အရက်ကို ဦးလှလှ ဖြတ်ဖို့မစဉ်းစား၊ မကြိုးစားခဲ့ပါ။

ဖြတ်မယ့်ပြတ်ချင်တော့…ထိုတစ်နေ့ကို ဦးလှလှ မမေ့ပါ။ ၂၀၀၅ ခုနှစ်၏ မိုးရာသီကာလသည် ဟားခါးမြို့အတွက် သဘာဝဘေးကာလ ဖြစ်ခဲ့သည်။ တစ်လခွဲကျော်၊ နှစ်လနီးပါး မပြတ်တမ်းရွာသွန်းခဲ့သောမိုးကြောင့် ဟားခါးမြို့နယ်အပါအဝင် ချင်းတောင်အနှံ့ မြေပြို၊ တောင်ပြို သဘာဝဘေးအန္တရာယ်ကို ကြုံကြရ၏။ မြေပြန့် ပြည်မမှ အကူအညီများ ရယူကြရသည်။ အစိုးရ၏ ကယ်ဆယ်ရေးအစီအမံများ ရောက်ရှိလာသည်။ ဒေသခံတို့စကားအရ ၎င်းတို့တစ်သက်တွင် အဆိုးဝါးဆုံးသော ကပ်ဘေးဖြစ်ကြောင်း ဦးလှလှသိရ၏။

မန္တလေးသို့ထွက်သော ဂန့်ဂေါဘက်လမ်းတွင် လမ်းပိုင်းများပြိုကျကုန်သည်။ ဟားခါးသို့ စားနပ်ရိက္ခာဝင်ရာ အဓိက လမ်းကြောင်းကြီးဖို့ ဆောက်လုပ်ရေးဌာန၊ လမ်းတံတားအဖွဲ့များ နေ့မအား၊ ညမနား လုံးပန်းကြရပြီ။ ပုဂ္ဂလိကကုမ္ပဏီများကပါ ပူးပေါင်းလာကြသည်မို့ မကြာမီမှာပင် အဟုန်ပြင်းစွာ ကျရောက်ခဲ့သော ကပ်ဘေးဆိုးကြီးကို အောင်နိုင်ခဲ့ပါသည်။ သို့သော်–ထိုကာလအတွင်းမှာပင်…။

(၃)

ထိုနေ့က…တောင်နံရံ မြေထိန်းအဆင့်များကို ဦးလှလှမှ ဘက်ခ်ဟိုးဖြင့် ကုပ်ချပေးသည်။ မိုးက တစိမ့်စိမ့်မို့ သွေးမူ



ယမကာအရှိန်လေးကို အားကူထားရသည်။ ကိုအောင်သူက အောက်အဆင့် ကားလမ်းမှာ ဘူဒိုဇာဖြင့် အသင့်စောင့်နေသည်။ သူလည်း ရာသီဥတုကို အန်တုနိုင်ရန် ယမကာအနွေးဓာတ်ကို မှီဝဲလျက်ဖြင့် ဦးလှလှ၏ ဘက်ခ်ဟိုးအရပ်ကို စောင့်ဆိုင်းလျက်။

ကိုအောင်သူက ဦးလှလှ၏ နှစ်ချို့မိတ်ဆွေကြီး။ ဆောက်လုပ်ရေးလမ်းအဖွဲ့၊ စက်ကြီးလောကတွင် ဦးလှလှဆိုသည်နှင့် ကိုအောင်သူကိုပါ တွဲလျက်မြင်ပြီးသား။ ဦးလှလှနှင့် ကိုအောင်သူတို့နှစ်ဦးသည် လုပ်ငန်းတွင် တက်ညီလက်ညီရှိသကဲ့သို့ အသောက်တွင်လည်း အချိန်ညီ၊ စိတ်ညီရှိကြသည်။ အလုပ်နှင့်ပတ်သက်၍ တက်ကြွသော၊ သေသပ်သော၊ အလုပ်အပေါ် စေတနာထားတတ်သော ကိုအောင်သူ၏ ပြောနေကျစကားတစ်ခွန်းကို ယခုထိ ဦးလှလှနားတွင် သတိရစွာ ကြားယောင်နေတတ်သည်။

"အောင်သူတို့က ကောင်းအောင်လုပ်တယ်၊ စိတ်ချရအောင်လုပ်တယ်ဆိုတာ တာဝန်ကျေချင်လို့ လုပ်နေတာ၊ လစာတိုးချင်လို့ လုပ်နေတာမဟုတ်ဘူး။ ပြည်သူတွေသွားလမ်းသာလို့ လာလမ်းဖြောင့်အောင် လုပ်နေတာ"တဲ့။

သုံးဆင့်မြောက် တောင်ထိန်းနံရံမှ အောက်ရှိ ကားလမ်းအဆင့်သို့ နောက်ဆုံးအကြိမ် မြေများကို ကုပ်ချအပြီး စက်ကို ရပ်လိုက်သည်။ ထိုခဏမှာပင် ကိုအောင်သူ၏ ဘူဒိုဇာကြီးက စတင်လှုပ်ရှားလာ၏။ လမ်းပေါ်တွင် ပုံနေသော မြေစာများ၊ ကျောက်တုံးများ၊ သစ်ကိုင်းသစ်ခက်များကို ဘူဒိုဇာကြီးက တွန်းထိုးဖယ်ရှားနေလေပြီ။ ဦးလှလှသည် ဂီယာအုံကြားတွင် ညှပ်ထားသော ပုလင်းကိုဆွဲယူ၍ အဖုံးဖွင့်ကာ တစ်ငုံမော့သောက်လိုက်ပြီး ရှေ့သို့ကြည့်လိုက်မိသည်။ ကြည့်စမ်း…ရှေ့ကျွေ့ လျှိုထဲက စိုက်ဆင်းကျလာတဲ့ ချောင်း။ အရှိန်ပြင်းသလောက် အစီးသန်လိုက်တာ။ ဒါကြောင့်လည်း လမ်းတွေမခံနိုင်တာ။ ဟာ…ဟာ ဒီဘက်က မြေစာပုံပြိုကျနေပါလား။ အို–ကိုအောင်သူ အဲဒီအပုံကို တွန်းချဖို့သွားနေတာလား…ဦးလှလှရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ ရှေ့မှ ဟွန်းခလုတ်ကိုနှိပ်၏။ ဟွန်းသံက စူးထွက်လာ၏။ ကိုအောင်သူ ဘူဒို

ဇာက မရပ်။ ဦးလှလှ စိုးရိမ်စွာပင် ဟွန်းကို ဖိထားလိုက်သည်။ ဟွန်းသံက ဆူထွက်နေသည်။ ကိုအောင်သူ နောက်သို့ ခေါင်းလှည့်ကြည့်သည်ကို မြင်ရ၏။ ဦးလှလှ စက်တံခါးဖွင့်ကာ လှမ်းအော်သည်။

''ကိုအောင်သူ…ဆင်း…ဆင်း…ဟာ''

သွားပြီ။ အိနေသော လမ်းသားမြေသည် ဘူဒိုဇာ၏အလေးချိန်ကို မခံနိုင်တော့။ ဦးလှလှ မျက်လုံးကို ပိတ်ပစ်လိုက်မိ၏။ ဘုရား…ဘုရား…ကယ်တော်မူပါ ဘုရား။ ဦးလှလှရင်ထဲ လှိုက်တက်လာသည်။

**စမ်းချောင်းက ရေစားလို့ ဘီးချမရတော့ဘူး၊**
**စမ်းချောင်းဟိုဘက်မှာလည်း**
**အပေါ်ကပြိုကျပြီး လမ်းတစ်ဝက်ပိတ်နေပြီ…**

တောင်ကမ်းပါးယံကို ကပ်၍ဖောက်ထားသောလမ်း။ လမ်းဘေးမှ နက်ရှိုင်းလွန်းသော ချောက်။ ပြုကျသွားသည့် လမ်းသားမြေနှင့်အတူ ပါသွားသော ဘူဒိုဇာ…ပြီးတော့ ကိုအောင်သူ…။

(၄)

သေခြင်းရဲ့ ဟိုဘက်မှာ သံသရာလမ်း။ လမ်းက နှစ်သွယ်။ သုဂတိဆိုသည့် ကောင်းသောလမ်း။ ပြီးတော့…ဒုဂ္ဂတိဆိုသော အပါယ်လမ်း။ ကဲ…ဘယ်လမ်းကိုသွားချင်သနည်း။ ကိုအောင်သူ ရက်လည်နေ့တွင် ရှန်းတောင် တပ်ဦးကျောင်းဆရာတော်ထံ ဆွမ်းချိုင့်ပို့ပြီး ပြန်လာရာမှစ၍ ဦးလှလှ အတွေးပွားခဲ့၏။ ဆရာတော်၏ သီလပေး၊ တရားချီးမြှင့်ပြီးတော့ အမိန့်ရှိလာသည့် စကားများကို ကြားယောင်သည်။

''ဒကာကြီး ဦးလှလှ၊ အများအတွက် လမ်းတွေဖောက်နေသလို ကိုယ့်ရဲ့ သံသရာလမ်းကောင်းကို ဖောက်ဖို့လည်း မေ့မထားဖို့ ဦးပဥ္စင်း သတိပေးချင်တယ်''တဲ့။

တောထဲ၊ တောင်ထဲ၊ အလုပ်ထဲမှာ အရက်စွဲလို့ တရားအသိမဲ့ခဲ့လေသော ဦးလှလှ။ မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရသော ကိုအောင်သူရဲ့သေခြင်းတွင် အဖန်ဖန်ဆင်ခြင်မိ။ အို…ငါလည်း တစ်နေ့သေရမှာ။ သေခြင်းဟာ မကြေညာဘဲ ရောက်လာတတ်ပါလား။ ဦးလှလှ ဆုံးဖြတ်ချက်ချသည်။

ကာလရှည်ကြာ စွဲမက်ခဲ့သော သေရည်ကို တီခနဲဖြတ်၏။ နှစ်ရှည်လများ စွဲလမ်းတပ်မက်ခဲ့သည်မို့ ခံရခက်ခဲ့၏။ အခံခက်ကိုပင် ပေတေခံပြီး ယခုတော့ ပုတီးကို ကိုင်စွဲနိုင်ခဲ့၏။

လွန်ခဲ့သော နှစ်လခန့်က အလုပ်မှ ထွက်ခွင့်တောင်းသည်။ မိသားစုအတွက်လည်း မပူပန်ရပြီမို့ ဦးလှလှ သာသနာ့ဘောင်သို့ ဝင်ရောက်မည်ဟု ဆုံးဖြတ်လိုက်သောကြောင့် ဖြစ်သည်။ ဇနီးသည်ကလည်း မတားကောင်းသောကိစ္စမို့ ခွင့်မပြုချင်၊ ပြုချင်ဖြင့် သဘောတူခဲ့သည်။ ဦးလှလှ အလုပ်ထွက်စာအတွက် ဌာနအကြီးအကဲများက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ပေးမည်ဟု အကြောင်းပြန်လာ၏။ ပြီးတော့ စက်မောင်းရန် ဆန္ဒမရှိတော့သော ဦးလှလှအား လက်ရှိ စက်ကြီးမောင်းအဖွဲ့အား ကြီးကြပ်ပေးရန်နှင့် ဦးလှလှ၏ ဘက်ခ်ဟိုးကို စက်နောက်လိုက် မောင်စိန်အား ကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင်နိုင်ရေး သင်ပေးရန်တို့ကို မေတ္တာရပ်ခံလာ၏။ ယခုတော့ မောင်စိန်လည်း ဘက်ခ်ဟိုးကို ပိုင်နိုင်နေပေပြီ။

ယနေ့ ရာသီဥတုက ဖောက်ပြန်လာသည်။ ဇန်နဝါရီဆောင်းနှင်းတွေနှင့်အတူ မိုးက မထင်မှတ်စွာ တစိမ့်စိမ့်ဖြစ်နေလေသည်။ အချိန်ကြာလာသည်နှင့်အမျှ ရေကပါလာသည်။ ခပ်လှမ်းလှမ်း ကားလမ်းကွေ့ရှိ တောင်ခါးပန်းစောက်မှ ရေကျသံပင် ကြားလာရသည်။ အလုပ်ခွင်မှ စက်သမားများ။ ခပ်စောစော စက်သိမ်းလာကြ၏။ ချင်းတောင်၏ အအေးက ပိုကဲလာလေပြီ။ ရာသီဥတု ဆိုးသည့်ကြားမှပင် မန္တလေး၊ ပခုက္ကူမှ တက်လာသော ကုန်တင်ယာဉ်များက အသွားမပျက်ရှိနေ၏။

(၅)

ရာသီဥတုက ဖောက်ပြန်ခြင်းနှင့်အတူ အအေးဓာတ်ပါ လွန်ကဲလာ၏။ မီးဖိုဘေးမှာ အနွေးဓာတ်ကိုယူရင်း မေတ္တာပို့ အမျှဝေ၊ ပုတီးစိပ်နေသော ဦးလှလှ။ သမာဓိတရား မရင့်ကျက်နိုင်သေးသူမို့ စိပ်ပုတီးကိုင်ရင်းမှပင် စိတ်အတွင်း အနိဋ္ဌအတွေးပုံရိပ်တွေ ထင်ဟပ်နေလေသည်။ မြေစာပုံနှင့်အတူ ရောပါပြိုကျသွားသော လမ်းမြေသား။ ဘူဒိုဇာ တစ်စီးနှင့် မိတ်ဆွေကြီး ကိုအောင်သူ။ ''တာဝန်ကျေချင်လို့၊ လစာတိုးချင်လို့ လုပ်နေတာမဟုတ်ဘူး''ဆိုသော စကားသံတွေ။

''ဟူး…တော်ပါသေးရဲ့၊ ငါ့ကို စက်မမောင်းခိုင်းတော့လို့၊ နို့မို့ဆို…သည်အချိန်ထိ ဒါတွေမြင်နေ၊ ကြားနေ၊ စိုးထိတ်နေရမှာ။ တော်ပြီ…နောက်ဆို ဘယ်တော့မှ စက်ပေါ်မတက်တော့ဘူး''

တစ်ဦးတည်း ရင်ထဲရှုပ်ထွေးနေစဉ် အပြင်ဘက် စက်သမားများတဲဆီမှ စကားသံများကြောင့် နားစွင့်မိ၏။

''ဟုတ်တယ်၊ အခု ကျွန်တော် ယုန်ထောင် သွားပြီး အပြန်မှာတွေ့ခဲ့တာ၊ တုတ်ရိုက်ထားတာလည်း ပြိုကုန်ပြီ၊ လျှိုထဲကကျတဲ့ ရေတွေကများပြီး ယာယီသစ်လုံးဘီးရာတွေလည်း ပြုတ်ပါသွားပြီ''

''ဟ…ဒါဆို အဲဒီစမ်းချောင်းက…''

''စမ်းချောင်းက ရေစားလို့ ဘီးချမရတော့ဘူး၊ စမ်းချောင်းဟိုဘက်မှာလည်း အပေါ်ကပြိုကျပြီး လမ်းတစ်ဝက်ပိတ်နေပြီ၊ ဟားခါးကဆင်းလာတဲ့ ကုန်ကားတွေတော့ ပိတ်မိနေပြီ''

''ဟား…ဒုက္ခပဲ၊ မောင်စိန်ကလည်း ဇိုခွားက သူ့မိန်းမဆီပြန်သွားတယ်၊ ဘက်ခ်ဟိုးမောင်းမယ့်သူ မရှိဘူး။ ကဲ…မင်းနဲ့ငါ ဘူဒိုဇာတွေနဲ့ပဲ လုပ်ရမှာပဲ၊ မတတ်နိုင်ဘူး။ ပြီးသလောက်ပေါ့''

စက်မောင်းသမားများ၏ အပြန်

အလုပ်ပြောစကားများကို ဦးလှလှ ပြတ်သားစွာ ကြားလိုက်ရသည်။ မကြာမီမှာပင် ဘူဒိုဇာ နှစ်စီး ထွက်ခွာသွားလေပြီ။ ဩော်- သူတို့ခမျာ မှောင်မှောင်မည်းမည်း မြူမှုန်မှုန်၊ မိုးအေးအေး အချိန်မတော် လုပ်ကြရပေဦးမည်။ ဤသို့လုပ်ရသည်ကပင် လမ်းအဖွဲ့၊ စက်ကြီးမောင်းသမားတို့၏ တာဝန်။ ဤတာဝန်ကိုထမ်းဆောင်ဖို့ ဤလစာ၊ ဤအခကြေးငွေတို့ကို ယူထားကြသည်။ ထိုသို့တွေးမိသည့်ခဏ ဦးလှလှ၏နားတွင် ကိုအောင်သူ့စကားသံ ကြားယောင်လာပြန်သည်။

"တာဝန်ကျေချင်လို့ လစာတိုးချင်လို့ လုပ်နေတာ မဟုတ်ဘူး။ ပြည်သူတွေ သွားလမ်းသာလို့ လာလမ်းဖြောင့်အောင် လုပ်နေတာ"

"သွားလမ်းသာလို့…လာလမ်းဖြောင့်အောင်"၊ ကြည့်စမ်း…။

"သွားလမ်းသာလို့၊ လာလမ်းဖြောင့်အောင်"တဲ့။ ဦးလှလှ၏ အကြားအာရုံတွင် လိုက်ထွက်နေလေ၏။ ဟုတ်သည်။ ပြည်သူတွေ သွားလမ်းသာဖို့ သူတို့မှာတာဝန်ရှိ



သည်၊ လာလမ်းဖြောင့်ဖို့ သူတို့၏ လုပ်အားတွေ လိုအပ်သည်။ သူတို့ တာဝန်ကျေမှ ပြည်သူ သွားလမ်းသာမည်။ သူတို့လုပ်ဆောင်မှုကြောင့်သာ ပြည်သူ လာလမ်းဖြောင့်ရသည်။ ဦးလှလှ နာရီကြည့်လိုက်၏။ ဆယ့်နှစ်နာရီ ထိုးတော့မည်။ တစ်နာရီခွဲ၊ နှစ်နာရီဆိုလျှင် မန္တလေးမှတက်လာမည့် အေးချမ်း၊ ဟားခါးမန်း၊ တောင်ဇလပ် မှန်လုံကားတွေ ဤနေရာကို ဖြတ်ကြပေတော့မည်။ ဤအကွေ့၊ ဤနေရာမှာ သွားလမ်းတန့်ခဲ့ပါလျှင်၊ လာလမ်းရပ်ခဲ့ပါလျှင်…။

ယခုပင် ဤအကွေ့မှာ ကုန်တင်ယာဉ်များ ခရီးတစ်ဆို့နေရပြီ။ ဟာ…ဘူဒိုဇာနှစ်စီးလုံးက အထက်မီမပါကြပါလား။ ပြီးတော့…ဘူဒိုဇာတွေက အောက်ခြေသို့သာ ထိုးနိုင်ရှင်းနိုင်မည်။ ၎င်းနေရာမှ လမ်း၏ဘယ်ဘက်နံရံက မြင့်မတ်သည်။ မည်သို့မျှ ဘူဒိုဇာဖြင့် မမီနိုင်။ ပြီးတော့ ၎င်းနေရာမြေအနေအထားက အစပြိုလျှင် နောက်ကလိုက်ပြိုနိုင်သည့်မြေ။ မဖြစ်။ ဘူဒိုဇာနှစ်စီးတည်းဖြင့် ဘယ်လိုမှ မဖြစ်နိုင်၊ မိုးလင်းသွားနိုင်သည်။ ခရီးသည်များ ခရီးတစ်ဆို့ ကြန့်ကြာသွားနိုင်သည်။ အတွေးများနှင့်အတူ ဦးလှလှ မီးဖိုဘောမှထရပ်၏။ ထို့နောက် ညနေက မောင်စိန်အပ်ခဲ့သည့် စက်ကြီးသော့ချိတ်ထားရာ တဲခေါင်းရင်းတိုင်သို့ သွား၍ ဘက်ခ်ဟိုးသော့ကို ယူလိုက်၏။ အိပ်ပျော်နေသော ဇနီးသည် ဒေါ်ရင်မြအား တစ်ချက်ကြည့်ကာ တဲအပြင်သို့ လှမ်းထွက်ခဲ့လေတော့သည်။ ။

**ယိမ်းနွဲ့လျှံ**

## ကလေးကမှသိသေး

လူတစ်ယောက် ဆရာဝန်အိမ်ကိုရောက်လာပြီး ခေါင်းလောင်း တီးလိုက်တယ်။ ဆရာဝန်ရဲ့ သမီးငယ်လေးက တံခါးလာဖွင့်တယ်။

"ဒေါက်တာ အိမ်မှာရှိသလားကွယ်"လို့ ဆရာဝန်လာပင့်တဲ့ ပုဂ္ဂိုလ်က မေးစမ်းတယ်။

"မရှိပါဘူးရှင်"လို့ ကလေးက ပြန်ဖြေတယ်၊ ပြီးတော့ "ခုလောလောဆယ် အရေးပေါ် အူအတက်ရောင်ခွဲစိတ်ဖို့ဆိုပြီး လူနာကိုသွားပြီး ဆောင်ရွက်ပေးနေပါတယ်" လို့ ဆက်ရှင်းပြတယ်။

ဧည့်သည်က အံ့ဩသွားတယ်။

"သမီးလို ကလေးငယ်တစ်ယောက်အနေနဲ့ ဒီအရေးပေါ် အူအတက်ရောင်ခွဲစိတ်ဖို့ (Appendectomy)ဆိုတဲ့ စကားလုံး သုံးလိုက်တာဟာ မြင့်လွန်းနေတယ်၊ သမီးက ဒီရောဂါခွဲစိတ်မှုရဲ့ အဓိပ္ပာယ်ကို သိလို့လား"

"အိုး…သိတာပေါ့၊ အဲဒီရောဂါက အဖေ့အတွက် ဒေါ်လာ ၂၀၀ တန်တယ်လေ"လို့ ကလေးက ကြေညာလိုက်ပါတယ်။

**မောင်သီဟ**



# ကမ္ဘာတည်သရွေ့ မြန်မာရှိရမည်

ပြန်မြန်မာတည်တံ့ရေး
ပြန်တွေးကြည့် အတိတ်ဆီ။
ခေတ်မမီ စွမ်းရည်နွမ်းလို့
ထီးနန်းပျောက်သည်။
မျိုးချစ်စိတ် အရင်းတည်
ပေါင်းစုညီ ဇာနည်များ။
ပြည်မြန်မာ ဂုဏ်ရှိန်တင့်ဖို့
မျှော်လင့်ကြိုးစား။

အချုပ်အခြာပြည့်အာဏာ
ကမ္ဘာတည်သရွေ့ ပိုင်စေဖို့။
တို့ပြည်သူ လက်ချင်းယှက်
တွဲလက်နိုင်စို့။
အဖျက်ရန် ချေမှုန်းဖို့
စည်းလုံးလို့ ညီညွတ်ထား။
အမိမြေ ဂုဏ်ရှိန်ဟိန်းအောင်
ထိန်းသိမ်းစို့လား။

သည်မြေမှာနေ သည်ရေကိုသောက်
မကြောက်တရား ရင်မှာနေ။
တို့တိုင်းပြေ(ပြည်) တည်တံ့ရေး
သွေးနီးကြစေ။
တို့ပိုင်တဲ့ ရေမြေလေ
တို့တွေ ကာကွယ်ထား။
မြန်မာဝီဝီ သည်စိတ်ထားနဲ့
စွန့်စားပုံကြွား။ ■

ဘုန်းမောင်ဝင်း(ပျာပုံ)





# ပြန်လာခဲ့ပါမောင်ရယ်

မောင် . . .
မိုးမှောင်မိုက်ည ၊ စိတ္တဇနှင့်
သောကမြိုင်အောက် ၊ အလင်းပျောက်ချိန်
စိတ်ခြောက်အားငယ်၊ အလွမ်းသည်ကို
ဘယ်သူဖက်ထွေး ၊ နှစ်သိမ့်ပေးလိမ့်
အိပ်ရေးပျက်ညများပြီမောင်။

မောင် . . .
မှန်းဆတမ်းမက် ၊ ကမ်းတစ်ဖက်မှ
ဖြစ်ပျက်ရိပ်နှောင်း ၊ အတိတ်ဟောင်းကို
ပြန်ပြောင်းပြည့်နှက် ၊ မေ့ဖို့ခက်လှ
အိပ်မက်ရေးရေး ၊ မက်ရုံလေးနှင့်
လွမ်းဆွေးကြေကွဲ ၊ မေ့အသည်းမှာ
လွမ်းမြတမ်းတ၊ အလွမ်းညများ
နွမ်းလျလို့နေဆဲပါမောင်။

မောင် . . .
သန်းခေါင်ညဥ့်အောက် ၊ မေတစ်ယောက်တည်း
စိုးကြောက်ကြေကွဲ ၊ သိမ်ငယ်ဆဲမို့
ဝမ်းနည်းလောင်ကျွမ်း၊ ပူလောင်ပမ်းခဲ့
အလွမ်းတွေအား၊ မေ့ဆီထား၍
ရှောင်ရှားထွက်သွားတာလားမောင်။

မောင် . . .
ပြန်လည်မျှော်လင့် ၊ ရင်နှင့်နှင့်ဖြင့်
ဆုံခွင့်ရရေး ၊ ခဏလေးမျှ
အတွေးတစ်စ ၊ လောင်မြိုင်လှသည်
သောကညှောင့်ဆွး၊ သည်းမယ်ရှုးကို
ချစ်ဦးသိပါစမောင်။
ဩော် . . .မောင်ရယ် . . .
ပြန်လည်တမ်းတ၊ ဘယ်မှာရလိမ့်
မွှေးမြည့်နှလှူး ၊ မေတ္တာဖူးကို
ခြွေခူးရက်အား၊ မောင်စိမ်းကားရယ်
မေ့ထားရက်စက်၊ ချစ်အိပ်မက်လို
ခန်းဆက်တစ်ပုဒ်၊ ပုံပြင်လုပ်၍
မွေးထုတ်ပေးခဲ့တာလားမောင်။

ဆန်းလွင်(မြန်မာစာ)



# ဂင်းနက်စ် မှတ်တမ်းများ

ကိုခန့်(သုတေသန)

## သုံးထပ်ကွမ်းဂင်းနက်စ်ချန်ပီယံ

မေလ ၁၁ ရက်က ထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်း သတင်းအရ ကြိုးခုန်ကျွမ်းကျင်သူ ဂျပန်နိုင်ငံသား ဆာဒါတိုရှိ ဝါတာနာဘေး၏ အံ့ဖွယ်စွမ်းရည်များကလည်း ဂင်းနက်စ် မှတ်တမ်းဝင်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပါသည်။ ပုံတွင် မြင်တွေ့ရသည့်အတိုင်း ပထမအစီအစဉ်အရ ဆာဒါတိုရှိဝါတာနာ ဘေးသည် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ ပရိသတ်များ၏ ရှေ့ မှောက်တွင် အလျား၁၀မီတာရှည်သည့် ရော်ဘာကြိုးဖြင့် ကြိုးခုန်မှု ကို ပြသခဲ့ပါသည်။ ထိုသို့ ခုန်ရာတွင်လည်း အမိုးအကာအောက် တွင် ကြိုးလွတ်အောင်ခုန်ရသည်မှာလည်း ခက်ခဲပါပေသည်။ မည်သို့ ပင်ဆိုစေ ဆာဒါတိုရှိဝါတာနာဘေးသည် စက္ကန့် ၃၀အတွင်း ကြိုး ခုန် အကြိမ်အရေအတွက် ၂၀ကြိမ်တိတိကို လုပ်ဆောင်နိုင်ခဲ့ပါသည်။

ဒုတိယအစီအစဉ်အရ ခြေတစ်ဖက်တည်းဖြင့် ကြိုးခုန်အကြိမ်အရေ အတွက်ကိုလည်း စက္ကန့် ၃၀အတွင်း ၁၃၂ကြိမ်တိတိကို လုပ်ဆောင် သွားခဲ့ပါသည်။ နောက်ဆုံးတတိယအစီအစဉ်အဖြစ် ခြေဆန့်ထိုင်ပြီး ယာလက်တစ်ဖက်တည်းဖြင့် ကြိုးကိုမွှေ့ကာ ခုန်နိုင်မှုကိုလည်း စက္ကန့် ၃၀အတွင်း ကြိုးခုန်အကြိမ်အရေအတွက် ၁၀၄ကြိမ်တိတိကို လုပ်ဆောင်သွားနိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း သရုပ်ပြပွဲအပြီးတွင် ဆာဒါတိုရှိဝါတာနာဘေးအား ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ် ပြုလက်မှတ် ၃ခုကို တစ်ပါတည်းအပ်နှင်းပေးအပ်ခဲ့ပါသည်။








# အံ့ဖွယ်အစားမြန်သူ

အမေရိကန်နိုင်ငံသား အသက်၃၅နှစ်အရွယ်ရှိ ကီဗင်စထရာပေါးလ်၏ အစားအစားစားသောက်မှု လျင်မြန်နှုန်းကလည်း ဂင်းနက်စ်မှတ်တမ်းဝင်အဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရပါသည်။ အမေရိကန်ပြည်ထောင်စု နယူးယောက်စီးတီး မြို့တော်ခန်းမ၌ မေလ ၃ရက်က ကျင်းပပြုလုပ်သည့် အစားအသောက် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဖြစ်သူ ကီဗင်စထရာပေါးလ်သည် အလေးချိန်အားဖြင့် ၆၄၂ဒသမ၂၂ဂရမ်ရှိ ကြက်သားတုံးကြော်များအား ၃မိနစ်အတွင်းကုန်အောင် စားသောက်ပြနိုင်သည့်အတွက် ဂင်းနက်စ်အဖွဲ့၏ အသိအမှတ်ပြုလက်မှတ်ကို ရရှိခဲ့ပါသည်။ ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ ပွဲကြည့်ပရိသတ်များ၏ရှေ့မှောက်တွင် ပြိုင်ဝင်များ၏ယှဉ်ပြိုင်မှုကို တိုက်ရိုက်ထုတ်လွှင့်သွားခဲ့ရာ ပြိုင်ပွဲဝင်တို့ကို သောက်ရေပေးထားသော်လည်း အမြန်ကုန်လိုဇောဖြင့် စားသောက်ကြရာ အချို့မှာ မျက်လုံးပြူး၊ မျက်ဆံပြူးဖြင့် စားရိုးနှင့်ပြီး ပွဲမပြီးခင် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ကြရပါသည်။



# လျှာနှင့် မီးခြစ်ဆံမီးအား တစ်မိနစ်အတွင်း အများဆုံးငြိမ်းသတ်ပြသူ

အီတလီနိုင်ငံ၊ ရောမမြို့၌ မေလ ၁၂ ရက်က တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့် Lo Show dei Record အစီအစဉ်တွင် အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်သူ အသက်၆၁နှစ်အရွယ်ရှိ အာရှိတာဖူမန်က ၎င်း၏လျှာဖြင့် အံ့အားသင့်ဖွယ်စွမ်းရည်ကို ပြသသွားခဲ့ပါသည်။ အစီအစဉ်အရ အာရှိတာဖူမန်သည် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ ပွဲကြည့်ပရိသတ်များ၏ ရှေ့မှောက်တွင်ခင်းကျင်းထားသည့် သစ်သားမီးခြစ်ဆံများအား တစ်ချောင်းပြီးတစ်ချောင်း မီးခြစ်ခြစ်ကာ ထွက်ပေါ်လာသည့် မီးတောက်များ အား၎င်း၏ လျှာဖြင့်ငြိမ်းသတ်ပြသမှုကို တင်ဆက်သွားပါသည်။ ထိုသို့ တင်ဆက်ပြသရာတွင် အာရှိတာဖူမန်သည် တစ်မိနစ်အတွင်း မီးခြစ်ဆံမီး အချောင်းရေ ၃၇ ချောင်းကို ဘယ်၊ ညာအလှည့်ကျဖြင့် ဟန်ချက်ညီစွာ ငြိမ်းသတ်နိုင်သည့်စွမ်းရည်ကို အောင်မြင်စွာသရုပ်ပြသနိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ပွဲအပြီးတွင် အာရှိတာဖူမန်အား ဂင်းနက်စ်မှတ်တမ်းဝင်အဖြစ် အသိအမှတ်ပြုလက်မှတ်ကို တစ်ပါတည်းအပ်နှင်းပေးခဲ့ပါသည်။

# အံ့ဖွယ်ပါရမီရှင်





မေလ ၁၁ ရက်က ထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းသတင်းအရ ဗြိတိန်နိုင်ငံသား အသက်၃၅နှစ်အရွယ်ရှိ ရိုင်ယန်ထရေစီ၏ ကျွမ်းကျင်မှုကလည်း ဂင်းနက်စ်မှတ်တမ်းဝင်အဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရပါသည်။ ဗြိတိန်နိုင်ငံ၏ အထင်ကရပွဲတော်ဖြစ်သည့်(Britain's Got Talent)မှ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်တွင် ရိုင်ယန်ထရေစီသည် ဂင်းနက်စ်အဖွဲ့မှတာဝန်ရှိသူများ၊ ပွဲကြည့်ပရိသတ်များ၏ ရှေ့မှောက်တွင် ၎င်း၏မျက်လုံးကို ပိတ်နက်စည်းပြီး အံ့ဖွယ်သရုပ်ပြမှုကို တင်ဆက်သွားခဲ့ပါသည်။ အစီအစဉ်အရ ထရေစီသည် စားပွဲပေါ်တွင် ခင်းကျင်းထားသည့် ပူပေါင်းရှည် ၆လုံးအား အချိန်၁မိနစ်နှင့် ၃ဒသမ၆စက္ကန့်အတွင်း ခွေးရုပ်၊ ခူကောင်၊ ခရုပက်ကျိ၊ ဓါးမြောင်နှင့် ပန်းပွင့်ရုပ်များအား အမှားအယွင်းမရှိ လုပ်ဆောင်သွားနိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း သရုပ်ပြပွဲအပြီးတွင် ရိုင်ယန်ထရေစီအား ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်ပြုလက်မှတ်ကို တစ်ပါတည်း အပ်နှင်းပေးအပ်ခဲ့ပါသည်။

# ဂင်းနက်စ်စံချိန်ရှင်ခွေးလေး

အီတလီနိုင်ငံ၊ ရောမမြို့၌ ဧပြီလ ၃၀ရက်က တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့် Lo Show dei Record အစီအစဉ်တွင် မှတ်တမ်းအရ ကနေဒါနိုင်ငံမှ ခရစ်စတင်းဆိုသူ၏ အိမ်မွေးခွေးကြီးသည် ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်ပြုမှုကို ရရှိသွားပါသည်။ အိမ်မွေးတိရစ္ဆာန်များနေ့ အခမ်းအနားအဖြစ် ဂင်းနက်စ်အဖွဲ့က ကြီးမှူးကျင်းပသည့် တိရစ္ဆာန်များပြိုင်ပွဲတွင် ခရစ်စတင်း၏ တိုဘိုင်(Toby)အမည်ရ သာမန်ခွေးလေးသည် ပုံတွင်မြင်တွေ့ ရသည့်အတိုင်း ၎င်း၏ရှေ့တွင် ခင်းကျင်းထားသည့် ပူပေါင်းအလုံးရေ ၁၀၀ အား ၃၆ဒသမ၅၃စက္ကန့်အတွင်း ပူပေါင်းအားလုံးကို ဖောက်ခွဲပြသသွားနိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများက တိုဘိုင်(Toby) အား ဂင်းနက်စ်မှတ်တမ်းဝင်ခွေးအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။ မှတ်တမ်းအဖြစ် အသိအမှတ်ပြုလက်မှတ် အပ်နှင်းခဲ့ပါသည်။ ။







# ခေါင်းကြောမာသူ





မေလ(၅)ရက်က ထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းသတင်းအရ ပါကစ္စတန်နိုင်ငံသားဖြစ်သူ မူဟာမက်ရာရှစ်၏ ဦးခေါင်းမာကျောမှု စွမ်းရည်ကလည်း ဂင်းနက်စ်မှတ်တမ်းဝင် ဖြစ်ခဲ့ရပါသည်။ မူဟာမက်ရာရှစ်ဆိုသူသည် မတ်လအတွင်းက ၎င်း၏ တံတောင်ဆစ်စွမ်းအားဖြင့် စက္ကန့် ၃၀ အတွင်း ဘီယာဗူး ၇၇ ဗူးအား ဖောက်ခွဲပြသနိုင်ခဲ့အတွက် ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်ပြုလက်မှတ်ကို ရရှိခဲ့သူလည်း ဖြစ်ပါသည်။ ယခုလည်း ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်ပြုလက်မှတ်ကို ထပ်မံရရှိသွားခဲ့ပြန်ပါသည်။ အစီအစဉ်အရ ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ ပွဲကြည့်ပရိသတ်များ၏ရှေ့မှောက်တွင် ခင်းကျင်းထားသည့် အုန်းသီးစိမ်းများအား မူဟာမက်ရာရှစ်က ၎င်း၏ဦးခေါင်းဖြင့် ၁မိနစ်အတွင်း အုန်းသီးစိမ်း ၃၅လုံးကို ထုခွဲသွားနိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ပွဲအပြီးတွင် ၎င်းအား ဂင်းနက်စ်မှတ်တမ်းဝင်အသိအမှတ်ပြုလက်မှတ်ကို တစ်ပါတည်းအပ်နှင်းပေးခဲ့ပါသည်။ မူဟာမက်ရာရှစ်သည် ပါကစ္စတန်နိုင်ငံအတွင်း ကိုယ်ခံပညာအသင်းကြီးကို ဖွဲ့စည်းတည်ထောင်သူလည်းဖြစ်သလို အသင်း၏ဥက္ကဋ္ဌလည်း ဖြစ်ပါသည်။

**ကိုခန့်(သုတေသန)**

Source:Guinnes WorldRecords.com




City MAGAZINE
SHORT STORY

(၁)

''အစ်မ ဖေ့စ်ဘွတ်ခ်(Facebook) သုံးလား။ သမီး လှမ်းပြီး အက်(Add) မယ်၊ ဘာနာမည်နဲ့သုံးလဲ''

''သုံးတယ်၊ လှမ်း Add လိုက်လေ၊ ရတယ်၊ Princess Nann နာမည်နဲ့သုံးတယ်''

အနောက်ဘက်စားပွဲဝိုင်းမှ ကောင်မလေး နှစ်ယောက်၏ စကားပြောသံကို အမှတ်မထင်ကြားလိုက်မိ၏။ Facebook မှာ သူငယ်ချင်းလုပ်ကြဖို့ Account နာမည် မေးနေပြုနေကြသည်ပဲ။ အထူးအဆန်း တော့ မဟုတ်။ သည်ခေတ်မှာ Facebook မသုံးသည့်သူက ခပ်ရှားရှားမဟုတ်လား။ လူငယ်တွေတင်မကဘဲ တချို့လူကြီးပိုင်းတွေတောင် သုံးနေကြပြီပဲ၊ သည်တော့လည်း သူတို့စကားဝဲတွေကို အာရုံမထားတော့ဘဲ စားပွဲထိုးကောင်လေး လာချသွားသည့် လိမ္မော်ရည်အေးအေးလေးကိုသာ အရသာခံပြီး သောက်နေလိုက်၏။

''အစ်မဓာတ်ပုံ တင်ထားသေးလား''

''တင်တာပေါ့၊ သတ္တိမရှိတဲ့သူတွေ၊ လှတောာမတိုးရဲတဲ့သူတွေပဲ ကိုယ့်ပုံကိုယ် မတင်ရဲတာ။ အစ်မကတော့ ကိုယ့်ပုံပဲ ကိုယ်တင်တယ်၊ ပုံလည်း ခဏခဏပြောင်းတယ်၊ ပြောင်းတိုင်းလည်း Like တွေ ရာနဲ့ထောင်နဲ့ ချီနေတာ''

သည်တစ်ခါတော့ သူတို့စကားက နားထည်ကို လာရိုက်ပြီ၊ အာရုံစိုက်လိုက်မိပြီ။ အမေးစကားက မထူးခြားပေမယ့် ပြန်ဖြေသည့် လေသံကတော့ သူကိုယ်သူ အတော်လေး အထင်ကြီးနေသလိုမျိုးဆိုတော့ မသိမသာလေး နားစွင့်လိုက်မိပြီ။

''အစ်မ အကောင့်မှာ သူငယ်ချင်း ဘယ်လောက်ရှိလဲ၊ များမှာပေါ့''

''သူငယ်ချင်းလား။ ၅၀၀၀ ပြည့်တော့မယ်၊ နည်းနည်းပဲလိုတော့တာ၊ တစ်နေ့တစ်နေ့ လာ Add ကြတဲ့သူတွေက များလွန်းလို့ လက်တောင်မခံနိုင်တော့ဘူး။ သိတဲ့လူတွေလောက်ပဲ လက်ခံတယ်၊ ဒါတောင်လက်မခံဘဲ ပစ်ထားတဲ့သူတွေ တစ်ပုံကြီး။ အယောက် ၉၀၀ ကျော် ကျန်နေသေးတယ်၊ ပြမယ်၊ ဒီမှာကြည့်''

စကားလုံးတွေက မြောက်လွန်းနေတော့ သက် မနေသာတော့။ အသံလာရာဆီ ငေ့ကြည့်လိုက်မိပြီ။ စားပွဲပေါ်တင်ထားသည့် ဖုန်းတွေကို အာရုံစိုက်နေသည့် ကောင်မလေးနှစ်ယောက်။ တစ်ယောက်က သက်နှင့် မတိမ်းမယိမ်း၊ တစ်ယောက်ကတော့ ၄–၅နှစ်ခန့် ငယ်မည့်ထင်ရသည့် ကောင်မလေး။ နှစ်ယောက်သားကတော့ သက်ကို အာရုံစိုက်မိပုံမပေါ်။ ဖုန်းတွေကိုသာ သည်းကြီးမည်းကြီး စိုက်ကြည့်နေကြသည်။

''တွေ့လား။ ဥပဒ္ဓ ယောက်''

''ဟုတ်တယ်နော်။ ဒီဓာတ်ပုံက ဘယ်သူလဲ၊ အစ်မရဲ့ ဘဲလား''

''ဟုတ်တယ်လေ၊ ကိုကိုပေါ့၊ ဘယ့်နှယ်လဲ ခြောင့်တယ်မဟုတ်လား''

''အင်း–ခြောင့်တယ်၊ ကားကလည်း မိုက်တယ်''

''ဒီကားက သိပ်မမိုက်သေးဘူး။ ဒါက အကြမ်းစီးတာပဲ ရှိသေးတယ်၊ သူ တကယ်စီးတာက ပြိုင်ကားလေး၊ အနီရဲရဲလေး။ ပြမယ်၊ ဟော– ဒီမှာတွေ့လား။ အဲဒါကမှ မိုက်တာ''

သူ့အသံထဲမှာ ဂုဏ်ယူဝင့်ကြွားနေသည့် အရိပ်အငွေ့တွေက သိသိသာသာ လွှမ်းမိုးနေပြီ။ ထို ခပ်မြောက်မြောက် အသံပိုင်ရှင်ကို စေ့စေ့ကြည့်လိုက်မိ၏။ ပေါင်တစ်ဝက် မရှိ တရှိ ဂါဝန်လေးနှင့် ကျော့ကျော့ကလေး ထိုင်နေသည်။ အသားအရောင်က ဖါဝင်းဝင်းလေး၊ အချိုးအဆစ်ကလည်း ခပ်လှလှလေး။ ပခုံးသာသာ ရှေ့ပါရောင်ဆံနွယ် အခွေလေးတွေနှင့် ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုလွန်ကဲနေပုံရသည့် မျက်နှာလှလှလေး။

မြုံပြီးပြောရလျှင် မိန်းမလှလေးပင်၊

''စုံတွဲပုံတွေလည်း အများကြီးတင်ထားတာပဲ၊ ဟာ–-လန်းလှချည်လား၊ အစ်မတို့အတွဲက ကိုရီးယားမင်းသား၊ မင်းသမီးတွေ ကျနေတာပဲ၊ စတိုင်တွေကလည်း မိုက်တယ်၊ ပို့စ်တွေကလည်း မိုက်တယ်၊ လုံးဝ မိုက်တယ်၊ Like တွေလည်း အများကြီးပဲ၊ အားကျတယ်ဗျာ၊ ဒီလောက်တောင် Like များနေမှတော့ အစ်မက Facebook ရဲ့ မင်းသမီးပဲ''

စုံတွဲပုံတွေလည်း
အများကြီးတင်ထားတာပဲ၊
ဟာ–-လန်းလှချည်လား၊
အစ်မတို့အတွဲက
ကိုရီးယားမင်းသား၊
မင်းသမီးတွေ ကျနေတာပဲ၊
စတိုင်တွေကလည်း
မိုက်တယ်၊
ပို့စ်တွေကလည်း
မိုက်တယ်၊ လုံးဝ
မိုက်တယ်၊

ခပ်ငယ်ငယ်ကောင်မလေးက ခပ်သွက်သွက်ပင် မှတ်ချက်ချ၏။

''အစ်မ အပြင်သွားလို့ရှိရင် တချို့တွေက သိနေကြတယ်၊ သူတို့အချင်းချင်း အဲ့ဒါ Princess Nann လေ လို့တောင် ပြောကြတာ''

ဒေါင်းလေးမော့ပြီး ရယ်နေပြန်၏။ နှာတံပေါ်ပေါ်နှင့် အပြင်အဆင် ခေတ်ဆန်လွန်းသည့် ထိုကောင်မလေးကိုကြည့်ရင်း ထိုအရယ်အပြုံးလေးကို ရင်းနှီးနေသလို ခံစားလာမိ၏။ ဘယ်မှာများ တွေ့ဖူးနေတာပါလိမ့်။ သူ့ကို စေ့စေ့ကြည့်ရင်း မျက်မှောင်လေး အသာကျုံ့ရင်း အပြေးအလွှားစဉ်းစားနေတုန်းမှာပင် သူ့အကြည့်ကလည်း သက်ဆီ ရွေ့လာ၏။ စူးစမ်းဟန်နှင့်။

အကြည့်ချင်းအဆုံမှာ––

''နန်း''

နှုတ်မှ လွှတ်ခနဲခေါ်လိုက်မိ၏။ မှတ်မိသွားပါပြီ။ မြန်မာဆန်သည့်နာမည်နှင့် အနောက်တိုင်းဆန်သည့် အလှတရားတို့ တွဲဖက်ထားသည့်သူ။ ''နန်းသဇင်နွယ်''။ ကျောင်းမပြီးခင်ကတည်းက ကွဲသွားကြသည့် သူငယ်ချင်း။ အဆက်အသွယ်ပြတ်နေခဲ့တာတောင် အတော်ကြာခဲ့ပေါ့။

''သက်––နှင် အသက်မဟုတ်လား''

မျက်လုံးချင်းအဆုံမှာ သူကလည်း ဝမ်း

သာအားရ နှုတ်ဆက်လာသည်။ နှုတ်ဆက်ရုံနှင့်မပြီးဘဲ သက် ထိုင်နေသည့် စားပွဲဝိုင်းအထိ ရွှေ့လာ၏။ ပြောဆိုနှုတ်ဆက်နေသည့် သူ့အမူအရာကလည်း တကယ့်ကို ဟက်ဟက်ပက်ပက်။

"အသက် နှင် ဘာမှမပြောင်းလဲပါလား။ အပြင်အဆင်ကလည်း ကျောင်းတုန်းက အတိုင်းပဲ၊ ဒါပေမဲ့ ပိုလှလာတယ်၊ နှင် အိမ်ထောင်ကျသွားပြီလား။ အခု ဘယ်သူနဲ့ လာတာလဲ၊ တစ်ယောက်တည်းလား"

မေးခွန်းတွေက တသီတသန်းကြီး။

"ဖြည်းဖြည်းမေးပါဟယ်၊ သက် အိမ်ထောင် မကျသေးပါဘူး။ အခုက မေမေမှာလိုက်တဲ့ ပစ္စည်းတွေလာဝယ်တာ၊ လာတုန်းကတော့ သက် တစ်ယောက်တည်းပဲ၊ ဒါပေမဲ့ သုတက ဖုန်းဆက်လာတယ်၊ သူ ဒီနား ရောက်နေတယ်တဲ့၊ သူ့ကို စောင့်ပါတဲ့၊ အဲဒါကြောင့် ထိုင်စောင့်နေရတာ၊ ခဏနေ ရောက်လာလိမ့်မယ်၊ နှင် သုတကို မှတ်မိသေးလား"

နန်းက စဉ်းစားသယောင် တစ်ချက်ငြိမ်သွားပြီးမှ–

"သုတ–––မင်းသုတ လား။ ဟို ကဗျာယောင်ယောင်၊ စာယောင်ယောင် မင်းသုတ လား။ နှင်တို့တွေ အခုထိ အဆက်အသွယ်ရှိနေသေးလား"

မင်းသုတ ဆိုတာ တက္ကသိုလ်မှာတုန်းက ကဗျာလေးရေးလိုက်၊ ဝတ္ထုလေးရေးလိုက်နှင့် ခပ်ပျော့ပျော့နေတတ်ခဲ့သည့်သူလေး။ သူငယ်ချင်းတွေကြားမှာ 'ကဗျာရူး စာရူး' ဆိုသည့်ဘွဲ့ကို ရထားသည့်သူ။

"ဟုတ်တာပေါ့။ အဲဒီ မင်းသုတပဲ၊ ငါတို့က ကျောင်းကတည်းက အခုထိ အဆက်အသွယ်မပြတ်ကြဘူး။ သူနဲ့တင် မဟုတ်ပါဘူး။ နီလာတို့နဲ့လည်း အခုထိ တွေ့နေကြတာပဲ၊ အားလုံးနဲ့ အဆက်အသွယ်ပြတ်သွားတာက နှင်လေ"

နန်းက တက္ကသိုလ် ပထမနှစ်အပြီးမှာမှ ကျောင်းထွက်ပြီး သူ့အဒေါ်တွေရှိသည့် –––နိုင်ငံကို ထွက်သွားခဲ့သည့်သူလေ။ ဒီတော့မှ ရယ်ရင်း–

"အေးပါ၊ ဟုတ်ပါတယ်၊ သုတက အခုရော ကဗျာရေးနေသေးလား"

"ရေးပေါ့ဟယ်၊ အခုများ ပိုတောင်ဆိုးသေး။ သူ့ Facebook မှာဆို ကဗျာတွေချည်းပဲ၊ ကဗျာဆရာစစ်စစ်ကို ဖြစ်နေတာ"

"သူ ဘာစီးပွားရေးမှ မလုပ်ဘူးလား။ အင်း–သူ့မိဘကတော့ နောက်ခံတောင့်တာပဲ"

သုတ၏ မိဘနောက်ခံအင်အားကို လည်း သူ မမေ့သေးဘူးပဲ။

"သူ အခု ကော်ဖီဆိုင်ဖွင့်ထားတယ်လေ၊ ရန်ကုန်မှာ ဆိုင်ခွဲတောင် နှစ်ဆိုင်ရှိတယ်"

"ဟာ––အဲဒီဆိုင်ကို ငါသိတာပေါ့၊ ထိုင်ဖူးတယ်၊ ဆိုင်အပြင်အဆင်ကလည်း ကဗျာဆန်တယ်၊ သူ့ဆိုင်ကိုး။ မဆိုးဘူးပဲ၊ ငါက ဒီကောင် ယောင်လည်လည်ပဲမှတ်နေတာ၊ နှင် တက္ကသိုလ်မှာ ကျူတာပြန်လုပ်နေတာကိုတော့ ငါကြားတယ်၊ ငါလည်း မြန်မာပြည်ပြန်ရောက်နေတာ ကြာလှပြီ၊ ရောက်ကတည်းက တောင်ကြီးမှာပဲ နေဖြစ်တယ်၊ ဒီ ရန်ကုန်ကို ပြန်ပြောင်းလာတာတော့ ၂နှစ်လောက်ပဲရှိသေးတယ်၊ နှင်တို့နဲ့ ပြန်တွေ့ရတာ ဝမ်းသာတယ်ဟာ"

နန်းက တောင်ကြီးသူ။ ရန်ကုန်မှာ အဒေါ်တစ်ယောက်နှင့် လာနေရင်း ဖုန်းဆိုင်တစ်ဆိုင် ဖွင့်ထားသည်ဆိုပဲ။



"ဟော–––ဟိုမှာ၊ လာပါပြီ"

ဆိုင်အဝကနေ ဟိုဟိုသည်သည်ကို ဝေ့ကြည့်ရင်းသက်ကိုရှာနေသည့် မင်းသုတကို လက်ထောင်ပြလိုက်၏။ မင်းသုတက သက်တို့ဆီ ရောက်လာသည်နှင့် နန်းကို စူးစမ်းသလိုကြည့်သည်။ ပြုံးလိုက်ရင်း–

"နှင်––နန်း မဟုတ်လား"

(၂)

နန်းတစ်ယောက် သူ့ချစ်သူနှင့် တွဲရိုက်ထားသည့် ဓာတ်ပုံတွေကို Facebook ပေါ် တင်လာပြန်ပြီ။ သည်တစ်ကြိမ်မှာတော့ ပန်းလေး ဖက်ရုံ ခါးလေးဖက်ရုံလောက်မဟုတ်တော့။ ရင်ချင်းအပ်လို့၊ ပါးချင်းကပ်လို့။ နှစ်ယောက်စလုံးက တင်းတင်းကြပ်ကြပ် ဖက်လို့။ ရိုက်သည့်သူကလည်း ရိုက်ပေးသည်။ သူတို့နှစ်ယောက်ကလည်း ရှိုတိုးရှုန်းတန်းလေးပင် ဖြစ်ပုံမပေါ်။ ပုံအောက်မှာလည်း Comment တွေက မနည်းမနော။ Like တွေကလည်း ထောင်ချီနေသည်။

"ဖက်ထားလိုက်ကြတာများဟယ်၊ နှစ်ယောက်ကြားမှာ ကြားလေမသွေးနိုင်လောက်အောင်ပဲ၊ နှင့်သူငယ်ချင်းကလည်း လွှန်လိုက်တာ သက်ရယ်၊ တင်ထဲလိုက်တာ၊ ကြည့်ရတဲ့သူ မျက်လုံးတောင်ရှက်တယ်၊ 'မကြီး' လို အိမ်ထောင်သည်တောင် သူလို မရဲတင်းဘူး၊ တကာတည်း––နောက်ဆို နှစ်ယောက်သား ဖက်နမ်းနေတဲ့ပုံတွေ တင်မလားတောင် မသိဘူး၊ ခေတ်ကာလ သားသမီးတွေများ ဘယ်လိုတွေ တွေးနေကြတယ်မသိဘူး။ သမီးရည်းစားထားတာများ တစ်နိုင်ငံလုံးသိအောင် လုပ်နေကြတယ်၊ သူတို့နှစ်ယောက် မယူဖြစ်ရင် ဘယ်လိုများ လုပ်ကြမလဲ၊ အရှက်ကတော့ ခြမ်းခြမ်းကို ကွဲမှာ"

သက်၏အစ်မကြီးက စိတ်မသက်သာသလို မှတ်ချက်ချ၏။ မကြီးက တက္ကသိုလ်မှ လက်ထောက်ပါမောက္ခဖြစ်သည်။ မြန်မာဆန်ဆန် နေတတ်သော်လည်း ခေတ်နှင့် မျက်ခြည်ပြတ်နေသည့်သူတော့ မဟုတ်။ သူလည်း ခေတ်နှင့်အမီ လိုက်နိုင်သည့်သူပင်။ သို့သော်လည်း နန်းကိုတော့ အနေအထိုင် ရဲတင်းလွန်းသည်ဟု မှတ်ချက်ချတာ မနှစ်မြို့လှ။ နန်းကလည်း ပွင့်လင်းလွန်းသည်လေ။

''ပုံမှာသေချာလို့ တင်ရဲတာနေမှာပေါ့ မကြီးရယ်''

လေပြေလေးနှင့် အပြောမှာ-

''သမီးရည်းစားကိစ္စမှာ သေချာတယ်ဆိုတာ ဘာမှမရှိဘူး။ နင်တို့ခေတ်က ပိုတောင် ဆိုးသေး။ ကြိုက်လိုက်ကြ၊ ကွဲလိုက်ကြနဲ့၊ အပြောင်းအလဲကလည်း မြန်ပါ့၊ Facebook ဖွင့်လိုက်တိုင်း သူ့ပုံချည်းပဲ၊ နှုတ်ခမ်း စူလိုက်၊ မျက်လုံးပြူးလိုက်၊ လက်နှစ်ချောင်း ထောင်လိုက်နဲ့၊ နောက်ပြီး လာသေးတယ်၊ 'ကိုကိုနဲ့ ဘယ်မှာ ဘာစားနေတာတို့'၊ 'ဒါက ကိုကိုပေးတဲ့ လက်ဆောင်လေး'ဆိုတာတို့၊ 'ကိုကို့ကို သိပ်ချစ်တာပဲ' ဆိုတာတို့တွေ--သူမို့ ပြောထွက်တယ်၊ မကြီးကတော့ အဲ့လို မျက်စိနောက်တဲ့ပုံတွေကို Like မပေးဘူး။ အမြင်ကပ်လို့၊ နောက်ပြီး Facebook ကိုများ သူ့သူငယ်ချင်း ထင်နေသလားပဲ၊ ထင်တိုင်းကြဲနေတယ်၊ အကြောက်အလန့်မရှိ''

နန်း၏ တတ်ပုံတွေကို Like ပေးနေသည့် သက်ကိုကြည့်ရင်း သူ့သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောလာတော့ သက် ပြုံးလိုက်မိ၏။

''ဘာပြုံးတာလဲ မိသက်၊ ဘာလဲ--သူ့ကို အားကျပြီး နင်လည်း သူတနဲ့ စုံတွဲပုံတွေ တင်မလို့လား၊ နင် နာမယ်နော်၊ သတိကြပ်ကြပ်ထား''

မကြီး၏ မြားဦးက သက့်ဘက်ကို လှည့်လာ၏။

''မတင်ပါဘူး မကြီးရယ်၊ သူတနဲ့ သက်နဲ့က အေးဆေးပဲနေတာပါ၊ သိရဲ့သား၊ နဲ့ သက် ပြုံးမိတာက နန်းပြောတာ သတိရလို့၊ နန်းကပြောဖူးတယ်၊ Facebook သုံးတာက သူ့ရဲ့လွတ်လပ်ခွင့်တဲ့လေ၊ သူ့ပုံသူ တင်တယ်၊ သူ့ခံစားချက်တွေကို ရေးတယ်၊ ဘယ်သူ့ကိုမှ ထိခိုက်အောင်မလုပ်ဘူး၊ ဘယ်သူကမှလည်း သူ့ကို ပိတ်ပင်လို့မရဘူးတဲ့၊ ဒါကြောင့် Facebook သုံးတာက လူငယ်တစ်ယောက်ရဲ့ လွတ်လပ်ခွင့်တဲ့''

မကြီး သဲ့သဲ့ပြုံး၏။

''လူငယ်တစ်ယောက်ရဲ့ လွတ်လပ်ခွင့်ဟုတ်လား၊ သူ့လိုရာကို ဆွဲပြောနေတာပဲ၊ Facebook ဟာ လွတ်လပ်တယ်၊ မှန်တယ်၊ ဒါပေမဲ့ လွတ်လပ်တာနဲ့အမျှ လုံခြုံမှုလည်း မရှိဘူး၊ ကိုယ့်ဘာသာ သန့်သန့်လေး သုံးတတ်ရင်တော့ ကောင်းပါရဲ့၊ တစ်ယောက်နဲ့ တစ်ယောက် ခင်မင်ကြ၊ အပြန်အလှန် ဖေးမကြနဲ့ ပျော်စရာပဲ၊ ဒါပေမဲ့ လိုတာထက် ပိုသွားရင်၊ ကိုယ့်ကိုယ်ကိုယ် လူသိများအောင် လုပ်လွန်းနေရင်တော့ သိပ်မကောင်းတော့ဘူး၊ လူသိများလာသလို မျက်စိစပါးမွေးလည်း အစူးခံရတတ်တယ်၊ အကောင့်အတုနဲ့ သုံးနေတဲ့သူတွေ၊ မရိုးမသား လုပ်နေတဲ့သူတွေက တစ်ပုံကြီးပဲ၊ မကြီးရဲ့ တပည့်မလေးတစ်ယောက်လည်း သူ့လိုပဲ၊ ပုံတွေ ခဏခဏတင်တာ၊ ဟိုတလောကတော့ မဟုတ်တရုတ်ပုံတွေ အတင်ခံလိုက်ရတယ်လေ၊ သူလည်း၊ အဲဒီတော့မှ မှတ်သွားတော့၊ ဘာပဲပြောပြော မိန်းကလေးတွေက သတိလေးနဲ့တော့ သုံးသင့်တယ်၊ လွတ်လပ်တယ်ဆိုတဲ့ စကားလုံးမှာလည်း အကန့်အသတ်တော့ရှိရမယ်၊ စည်းဝေး၊ ဘောင်လေးတော့ ရှိရမယ်၊ လွတ်လပ်တယ်ဆိုပြီး ထင်တိုင်းကြဲနေရင် အခန့်မသင့်ရင် အဲဒီ လွတ်လပ်ခွင့်ကပဲ တစ်ချိန်မှာ ကိုယ့်ကိုပြန်ပြီး နောင်ဖွဲ့လာတတ်တယ်၊ ထိပါးလာတတ်တယ်၊ ဒီတော့ သတိမလွတ်တာကတော့ အကောင်းဆုံးပဲ''

**အကောင့်အတုနဲ့ သုံးနေတဲ့သူတွေ၊ မရိုးမသား လုပ်နေတဲ့သူတွေက တစ်ပုံကြီးပဲ၊ မကြီးရဲ့ တပည့်မလေးတစ်ယောက်လည်း သူ့လိုပဲ၊ ပုံတွေ ခဏခဏတင်တာ၊ ဟိုတလောကတော့ . . .**

မကြီးက ပြောပြီးထွက်သွားတော့ သက် တစ်ယောက်တည်း အတွေးတွေနှင့် ကျန်ခဲ့ရပြီ။

(၃)

''နန်း--နင် Facebook မသုံးတော့ဘူးလား၊ နင့် အကောင့်ကို ငါမတွေ့တော့ဘူး''

''အဲဒီ Princess Nann ဆိုတဲ့ အကောင့်ကို ပိတ်ပစ်လိုက်ပြီ၊ သူနဲ့ငါလည်း ပြတ်သွားပြီလေ''

''ဟင်--ဘယ်လိုဖြစ်ရတာလဲ၊ ဒီလောက် တွဲလာပြီးမှ၊ ပြန်ညှိယူကြပါလား၊ သက်က နင်တို့လက်ထပ်ဖြစ်မယ်တောင် ထင်နေတာ''

''သူက ရှုပ်တယ်ဟ၊ သူ့ရှုပ်မှန်း အစကတည်းက သိတယ်၊ ဒါပေမဲ့ ရုပ်ချောင့်တယ်၊ နောက်ခံကလည်း ကောင်းတယ်ဆိုပြီး တွဲကြည့်ခဲ့တာ၊ သူကလည်း ငါ့ကို ရုပ်ချောလို့ တွဲတာပဲလေ၊ ကြာလာတော့လည်း စိတ်သဘောထားချင်း မကိုက်တော့ဘူး၊ သည်းမခံနိုင်တော့ ပြတ်တာပေါ့ဟာ၊ မထူးဆန်းပါဘူး၊ ညှိမနေတော့ပါဘူး၊ ဘာလုပ်ရမှာလဲ၊ ကိုယ်နဲ့မကိုက်ရင် ဂျောင်းပေါ့''

သူက ပေါ့ပေါ့ပါးပါးပင်၊ ထွေထွေထူးထူး ခံစားနေရပုံမပြ၊ မိမိရှေ့မှာမို့များ ဟန်ဆောင် နေသလားဟု တွေးလိုက်မိ၏။

''အေးဟယ်၊ နင့်ကို ဘယ်လိုဖြေသိမ့်ပေးရမလဲတောင် မသိဘူး''

''ဖြေသိမ့်မနေနဲ့ ပြတ်ပြတ်ချင်း တစ်ရက် နှစ်ရက်လောက်ပဲ ခံစားရတာ၊ အခုတော့ ဘာမှမဖြစ်တော့ဘူး၊ ငါ့အတွက် ဒါတွေက မဆန်းတော့ပါဘူးဟာ၊ အေးဆေးပဲ၊ နင်သိလား၊ သူက ငါ့ရဲ့ ပထမဆုံးမဟုတ်ဘူး၊ ၄ယောက်မြောက်ဟ၊ နောက်ပြီး-ငါ အခု နောက်တစ်ယောက်တွေ့နေပြီ''

''ဟင်''

မြန်လိုက်တာဟု တွေးလိုက်မိသည်။ နန်းကတော့ ရှက်ပြုံးလေးပြုံး၏။

''ဒီတစ်ယောက်ကိုတော့ ငါ တကယ်ကြိုက်တယ်၊ သူ့ကိုပဲယူမယ် ဆုံးဖြတ်လိုက်ပြီ၊ သူက လုံးဝအငြိမ်ဟ၊ ဒီတော့ ငါလည်း လိုက်ငြိမ်နေရတယ်၊ သူက ငါ့အရင်က

**သူ့အရင်က ချစ်သူကောင်လေးတွေနှင့်
အတူတွဲရိုက်ထားခဲ့သည့် ဓာတ်ပုံတွေက
သူနှင့်လက်ထပ်ခါနီးဆဲဆဲ ချစ်သူ၏လက်ထဲကို . . .**



အကြောင်း ဘာမှမသိဘူး။ ငါ့ထက် ၈ နှစ်ကြီးတယ်၊ သူ့မိဘတွေကလည်း ရှေးရိုးနည်းနည်းဆန်တယ်၊ ဆံပင်ကို အနီရောင်ဆိုးတာတောင် မကြိုက်ဘူး၊ ငါ့ဆံပင်ကိုတောင် အမည်းပြန်ဆိုးထားရတာ''

ဟုတ်သား။ သေသေချာချာ ကြည့်လိုက်တော့မှ ဆံပင်ကို အမည်းပြန်ပြောင်းထားသည့်သာမက ဝတ်ပုံစားပုံပါ ပြောင်းနေသည်ပဲ။ မြန်မာဆန်ဆန်လေး ဖြစ်နေပြီပဲ။

''နင်က ဒီလို ဝတ်စားတော့လည်း ကြည့်လို့ကောင်းသားပဲ၊ ဒီလိုပဲ ဝတ်ပေါ့''

''ဒါပေမဲ့–နေရတာ စိတ်ကျဉ်းကြပ်တယ်ဟာ၊ ငါ တေးထားတယ် သိလား။ သူနဲ့ယူပြီးရင်တော့ ငါ့ဆံပင်ကို ရွှေဝါရောင် ပြန်ပြောင်းပစ်မယ်၊ ငါ Facebook အသစ် ပြန်ဖွင့်ထားတယ်၊ ဒီတစ်ခါတော့ ငါ့နာမည်အရင်းနဲ့ပဲ၊ လူတိုင်းကိုလည်း သူငယ်ချင်းအဖြစ် လက်မခံတော့ဘူး။ ငါ တကယ်သိတဲ့ လူတွေလောက်နဲ့ပဲ သန့်သန့်လေးပဲ သုံးတော့မယ်၊ နင်နဲ့ သုတကို ပြန် Add လိုက်မယ်၊ နင်နဲ့ သုတရော ဘယ်တော့ယူကြမှာလဲ၊ မြန်မြန်လုပ်ကြနော်၊ တော်ကြာ–ငါ့ဖိတ်စာက အရင်ရောက်လာအုံးမယ်''

နန်းက ခပ်သောသောလေး ရယ်နေလေသည်။

(၄)

''လက်ထပ်ဖို့ ဖိတ်စာတောင် ရိုက်တော့မယ်ဆို၊ အခုတော့ ဘယ်လိုဖြစ်ကြတာလဲဟာ''

တရှုံ့ရှုံ့ငိုနေသည့် နန်းကိုကြည့်ရင်းမေးလိုက်တော့ နန်းက ချက်ချင်းအဖြေမပေးနိုင်ဘဲ အားရအောင် ဆက်ငိုသည်။ ယခု သူတွဲနေသည့်သူနှင့် လမ်းခွဲလိုက်ပြီတဲ့။ ဒီလိုကိစ္စတွေက မဆန်းတော့ဘူးလို့ ပြောခဲ့သည့်သူက ခုတော့လည်း ဝမ်းနည်းပက်လက် ဖြစ်နေပါပေါ့လား။

''ငိုမနေပါနဲ့ဟာ၊ နင်ပြောသလို မကောင်းလို့ ကျောင်းတယ်ပဲ သတ်မှတ်ပေါ့''

''မရဘူးဟ၊ ငါ သူ့ကို တကယ်ချစ်တာဟ''

ဗလုံးဗထွေးနှင့် ပြောလာ၏။

''အဲ့ဒါဆို ဘာလို့ ပြတ်အောင်လုပ်သေးလဲ''

''ငါက ပြတ်တာမဟုတ်ဘူး။ သူက ငါ့ကို ဖြတ်သွားတာဟ၊ အပြီးကိုဖြတ်သွားတာ''

သူ့အရင်က ချစ်သူကောင်လေးတွေနှင့် အတူတွဲရိုက်ထားခဲ့သည့် ဓာတ်ပုံတွေက သူနှင့် လက်ထပ်ခါနီးဆဲဆဲ ချစ်သူ၏လက်ထဲကို ရောက်သွားခဲ့သည်တဲ့။

''အရင်က အကောင့်အဟောင်းပေါ်ငါတင်ခဲ့တဲ့ပို့စ်တွေကို Screen Shot ရိုက်ထားပြီးတော့ သူ့ဆီပို့လိုက်တာ၊ အဲဒီဓာတ်ပုံတွေက ငါ့ဆီမှာတောင် မရှိတော့ဘူး၊ အကောင့်ကိုတောင် ဖျက်ပစ်လိုက်ပြီးပြီ၊ တစ်ယောက်ယောက်က သက်သက် ယုတ်မာပြီး ပို့လိုက်တာဟ''

''ပို့တဲ့သူက ဘယ်သူတဲ့လဲ''

''မသိလို့ပေါ့၊ သိသာသိလို့ကတော့ ဘာကောင်ပဲဖြစ်ဖြစ်၊ ဘာကောင်မပဲဖြစ်ဖြစ်

ငါ အမှန့်ကိုချေပစ်မယ်''

မျက်နှာက တင်းမာလာသလို၊ အသံကလည်း တဆတ်ဆတ်တုန်လာ၏။ မခံချိမခံသာ ဖြစ်နေသလိုမျိုး။

''ငါ ရည်းစားများခဲ့တာကို ဝန်ခံတယ်၊ ဒါပေမဲ့ တစ်ယောက်နဲ့ပြတ်သွားတာနဲ့ သူနဲ့ပတ်သက်တဲ့ ဓာတ်ပုံတွေရော၊ အမှတ်တရတွေရော အားလုံးကို ငါရှင်းပစ်လိုက်တာချည်းပဲ၊ ဘာမှ ဖက်တွယ်မနေဘူး။ နောက်ပြီး ငါက သူတို့နဲ့ တွဲခဲ့တာက တွဲခဲ့တာပဲ၊ ငါ့ကိုယ်ငါတော့ တန်ဖိုးထားတယ်၊ ဘယ်သူ့ကိုမှ ငါ့ဘဝကို ပုံမအပ်ဘူး။ ဒါပေမဲ့ သူ့အသိုင်းအဝိုင်းက မယုံဘူး။ သူလည်း-သူလည်း အတူတူပဲ၊ ငါ့ကို မယုံဘူး။ ရည်းစားများခဲ့တာကို လက်မခံနိုင်ဘူးတဲ့၊ ဒီလိုဓာတ်ပုံတွေတင်ပြီး လူသိရှင်ကြားဖြစ်ခဲ့တာကို ပိုတောင် လက်မခံနိုင်ဘူးတဲ့၊ ငါ ဝမ်းနည်းတယ်၊ ရှက်လည်းရှက်တယ်၊ ငါတကယ်ချစ်တဲ့သူ၊ ငါတကယ်ယူဖို့ ဆုံးဖြတ်လိုက်တဲ့သူကျမှ--ဒီ ဘာမဟုတ်တဲ့ ဓာတ်ပုံ ၄-၅ ပုံက ငါ့ကို ဒီလောက်ဒုက္ခပေးမယ်မထင်ခဲ့ဘူးဟာ၊ ဒီလိုမှန်းသိရင် အဲဒီဓာတ်ပုံတွေ မတင်ခဲ့ပါဘူးဟာ''

ပြောနေရင်းနှင့် အသံပါ တိမ်ဝင်သွားပြီး တရှုံ့ရှုံ့ငိုလေပြီ။ သူ့ ပခုံးလေးကို အသာဖေးမပေးရင်း သက် ငြိမ်နေမိ၏။ တစ်ချိန်က မကြီး ပြောခဲ့ဖူးသည့် 'လွှတ်လပ်တယ်ဆိုပြီး ထင်တိုင်းကြဲနေရင် အဲဒီ လွှတ်လပ်ခွင့်ကပဲ တစ်ချိန်မှာ ကိုယ့်ကို ပြန်ပြီးနှောင်ဖွဲ့လာတတ်တယ်'ဆိုသည့်စကားကို ပြန်ကြားယောင်လာမိတော့ ကျောထဲမှာ စိမ့်ခနဲပင်ဖြစ်သွား၏။

''အဲဒါ ရိုးရိုးဓာတ်ပုံတွေ မဟုတ်တော့ဘူး။ အရိပ်ဆိုးတွေပဲ''

လွှတ်ခနဲပြောမိတော့ နန်း၏မျက်နှာလေး ဆတ်ခနဲမော့လာ၏။ သက်၏ မျက်လုံးကို အတော်ကြာအောင် တည့်တည့်စိုက်ကြည့်လာ၏။ ပြီးမှ မျက်ရည်စတွေကို တဖြည်းဖြည်းချင်း ပွတ်သပ်ပစ်လိုက်ရင်း-

''ဟုတ်တယ်၊ အရိပ်ဆိုးတွေပဲ၊ ငါ့နောက်ကို ထပ်ချပ်မကွာလိုက်ပြီး ခြောက်လှန့်နေမယ့် အရိပ်ဆိုးတွေပဲ၊ ဒါပေမဲ့ အဲဒီအရိပ်ဆိုးတွေက သူ့ဘာသာ ရောက်လာတာ မဟုတ်ဘူး။ ငါကိုယ်တိုင်ပဲ စိတ်တိုင်းကျ ဖန်တီးခဲ့တာ၊ လူငယ်တစ်ယောက်ရဲ့ လွှတ်လပ်ခွင့်ဆိုပြီး ငါကိုယ်တိုင်ပဲ ပုံဖော်ယူခဲ့တာလေ၊ ဒါကြောင့်လည်း အခု ငါ့ကို တစ္ဆေတစ်ကောင်လို လာပြီးခြောက်လှန့်နေတာ၊ အဲဒီ တစ္ဆေတွေ ငါ့နောက်ကို ဘယ်လောက်တောင် လိုက်နေအုံးမှာလဲ၊ ဘယ်လောက်တောင် ခြောက်လှန့်နေအုံးမှာလဲ၊ ငါ-ငါတော့ ငါ့နောက်ကို လိုက်နေမယ့် တစ္ဆေတွေကိုမှ မွေးမိလိုက်ပြီ သက်ရယ်''

''နန်းရယ်--''

တစ်လုံးချင်း အားယူပြောရင်း တုန်လှုပ်နေပုံရသည့် နန်းကိုကြည့်နေရင်း နှစ်သိမ့်ပေးစရာစကားလုံးကို သက် ရှာမတွေ့နိုင်ပါ။ အတွေးထဲမှာလည်း 'တစ္ဆေခြောက်တတ်တယ်'ဆိုသည့် အသိကသာ ကြီးစိုးလို့နေပါပြီ။

**ကောင်းကင်မေ(စီးပွားရေးတက္ကသိုလ်)**

## သူ့ထက်သာရင် ပြီးရောဆိုလို့



အီတာလျံတေးဂီတပိုင်းများအနက် တိုစကင်နီနီ(Toscanini) နဲ့ မာစကာနီ(Mascarni) တို့နှစ်ဦးကို တေးပြုစာဆို ဗာဒီ(Verdi) ဂုဏ်ပြုဧည့်ခံပွဲမှာ ပါဝင်ဖို့ဖိတ်ကြားခဲ့တယ်။

သူတို့နှစ်ယောက်က အပြိုင်တွေ၊ အထူးသဖြင့် မာစကာနီက တိုစကင်နီနီကို ''ဂျေ''ဝင်တယ်။ တိုစကင်နီနီက သူ့ထက်ပိုပြီး လူကြိုက်များတယ်လို့ မာစကာနီက ယူဆထားတယ်။

ပွဲမစမီ၊ မာစကာနီက ပွဲစီစဉ်သူတွေနဲ့ ညှိနှိုင်းတယ်။ သူပါဝင်တီးမှုတ်ရတဲ့အတွက် ဘယ်၍ဘယ်မျှပေးရမယ်လို့ မသတ်မှတ်ဘူး။ အေး-ဒါပေမဲ့ တိုစကင်နီနီထက် သူက တစ်လီရာ(One Lira) ပိုရရင်ပြီးရောလို့ သဘောတူညီကြတယ်။

ဖျော်ဖြေပွဲပြီးသွားတဲ့နောက် မာစကာနီကို ဥာဏ်ပူဇော်ခပေးတဲ့အခါ အတိအကျပဲ သူပြောသလို တစ်လီရာရတယ်။ တိုစကင်နီနီက သူ့အတွက် တစ်ပြားတစ်ချပ်မှ မယူခဲ့ဘူးလေ။

**မောင်သီဟ**

# CITY Cartoon




City MAGAZINE
မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း
ဂုဏ်ဓာတ်ပုံပြိုင်ပွဲများ
စံပြအလှမယ် "ဖူးပြည့်ထွန်း"
သန့်ဇင်
ပထမ
ဧဧဇာလွင်


ဒုတိယ
သွယ်သွယ်ထွန်း
တတိယ
ဇော်ခင်ဦး

# မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

ပြင်ပရိုက်ကူးရေး(OUTING) အစီအစဉ်

ပန်းတာနော်ခရီးစဉ်

သန့်ခင်



ပထမ

ကိုကိုဇော်



ဒုတိယ

ခိုင်ဇာမွန်

တတိယ

ရဲကျော်သူ



# CITY Cartoon



"မိဘကြောင့် သားသမီးတွေ စိတ်ညစ်ရတယ်ဆိုတာ ရှိလို့လား"တဲ့

ရှိတာပေါ့။ ရှိတာမှ ဟိုဘက်တောင် လွန်သေးတယ်။ ဘဝတစ်လျှောက်လုံး ရေမယ်ဆိုရင်တောင် ဘယ်နှကြိမ်မှန်း မသိတော့ဘူး။ ငယ်ငယ်တုန်းကဆိုရင် အမေနဲ့ အဖေ ရန်ဖြစ်လို့ ခဏခဏ စိတ်ညစ်ခဲ့ရတယ်။



> ကျွန်တော့်အဖေရဲ့ နှလုံးသားက မလှဘူးလားဗျာ။
> ဒါပေမဲ့ စိတ်ကူးယဉ်ဆန်လွန်းပါတယ်...

နည်းနည်းကြီးလာတော့ အဖေနဲ့အမေ ကွာရှင်းကြလို့ စိတ်ညစ်ရတယ်။ လူပျိုပေါက်စဘဝကို ကျော်လွှန်ပြီး ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် ရုန်းကန်နေရတဲ့အချိန်အတွင်းမှာပဲ အမေက နောက်ယောက်ျားယူသွားလို့ စိတ်ညစ်ရတယ်။ အဲဒီ မိသားစုအဆင်မပြေမှုကို အကြောင်းပြုပြီး အဖေနဲ့ မကွာရှင်းခင်ကလည်း သောက်၊ ကွာရှင်းပြီးသွားပြန်တော့လည်း သောက်၊ အဲဒီ အရက်ချည်းပဲ ဇိသောက်နေတဲ့ အဖေကြောင့် စိတ်ညစ်ရတယ်။ ခုလည်း တောင်တွင်းကြီးက အန်တီကြီး ဖုန်းဆက်ပုံကို ကြည့်ပါဦး။

"နင့်အဖေ ကျောင်းမသွားဘဲ နေ့ရော ညရော အဆက်မပြတ်ကို သောက်နေတယ်၊ ဒီအတိုင်းဆို အသက်ရှည်မှာ မဟုတ်ဘူး။ ငါတို့ကတော့ ဘယ်လိုမှ မပြောရတော့လို့ ပေယျာလကန် ထားထားလိုက်ပြီ၊ ကျောင်းကလည်း မလာတာ ဆယ်ရက်လောက်ရှိလို့ နို့တစ်စာပို့နေပြီ၊ အဲဒါ လာပြီး နားချရင် နားချကြည့်အုံး၊ သားသမီးတွေ ပြောရင် ရမလားလို့" တဲ့၊

စိတ်ညစ်ပြန်ပြီ။ ဒီတစ်ခါ စိတ်ညစ်တာက မတူဘူး။ အသိတရားတစ်ခုအတွက် စိတ်ညစ်တာ။ အဖေတစ်ယောက် အသက်မရှည်မှာကိုကြောက်လို့ စိတ်ညစ်တာ။ မိဘကျေးဇူး ဆပ်ခွင့်မကြုံမှာကိုကြောက်လို့ စိတ်ညစ်တာ။

"ကျောင်းဆရာတစ်ယောက်လုပ်ပြီး ဘာဖြစ်လို့ အရက်သောက်နေတာလဲ၊ လောကကြီးကို ဘာဖြစ်လို့ အရှုံးပေးနေရတာလဲ" လို့ မေးတော့–

"ငါ••သေချင်လို့ကို သောက်နေတာ" တဲ့။

"ဘာဖြစ်လို့ သေချင်ရတာလဲ" လို့ မေးတော့ အဖေက မပြောဘူးလေ၊

"သားအဖချင်းပဲ ပွင့်ပွင့်လင်းလင်း ပြောပါ အဖေ" ဆိုတော့မှ–

ငိုသံပါကြီးနဲ့

"မင်းတို့တွေ အနားမှာမရှိလို့" တဲ့။

ကျွန်တော့်အဖေရဲ့ နှလုံးသားက မလှဘူးလားဗျာ။ ဒါပေမဲ့ စိတ်ကူးယဉ်ဆန်လွန်းပါတယ်။ ကျွန်တော်တို့တွေက နှလုံးသားလှရုံနဲ့ မပြီးဘူး။ ခေတ်သစ်ဒေါင်းလန်းကြီးမှာ ထမင်းအတူတူစားနိုင်အောင် လုပ်ကြရဦးမှာ။ အဲလို အတူတူစားနိုင်ဖို့အတွက်ပဲ အရောရာရှုပ်ထွေးလှတဲ့ ရန်ကုန်မြို့ကြီးမှာ ရုန်းကန်နေထိုင်ရတာလေ။ တစ်ချိန်ချိန်တော့ ဖြစ်လာမယ်ထင်ပါတယ်။ အဖေတစ်ယောက် သားသမီးတွေ၊ မြေးတွေနဲ့ ပျော်ရွှင်စွာနေရမယ့် ဘဝလေးကို စိတ်ကူးယဉ်ပြီး တောင့်ခံထားပေးနိုင်ရင် ဘယ်လောက် ကောင်းလိုက်မလဲ။ ဟုတ်ပါတယ်၊ အဖေတစ်ယောက်အနေနဲ့ တွေးကြည့်တော့လည်း သေချင်ရှာမှာပေါ့။ ကိုယ်ချစ်လို့ ယူထားတဲ့ မိန်းမက တကယ်တမ်းလက်တွေ့ကျတော့ အဆင်မပြေ၊ ဒီကြားထဲ သားသမီးတွေ မျက်နှာကြည့်ပြီး ပေါင်းနေတော့လည်း၊ ရေရှည်မခံစားနိုင်၊ သဘောထားချင်း မတိုက်ဆိုင်လို့ ကွဲကြတော့လည်း ကိုယ့်ဘက်က သစ္စာရှိသလောက် သူ့ဘက်က သစ္စာမရှိ၊ သားသမီးတွေ ကြည့်လိုက်တော့လည်း တကွဲတပြားစီနဲ့ ရုန်းကန်နေကြရ။ ဘယ်သူမှ အနားမှာမရှိတော့ တစ်ယောက်တည်း အထီးကျန်လျှက်•••။

(၂)

ညနေခင်းရဲ့ ရွှေးထွေးမှုတွေက ကျွန်တော့်ဆီကို မကူးစက်နိုင်ခဲ့ပါဘူး။

ဧကျာပိုးအိတ်ထဲမှာက အဖေ့ရဲ့ မျော်လင့်ချက်ကလေး။ မရှိမဲ့ ရှိမဲ့ကြားထဲက သူများဆီက ချေးငယ်လာရတဲ့ မျှော်လင့်ချက်လေး။ ဘဝကလည်း ဆိုးဆို အဲလိုကို ဆိုးတာ။ ဒါတွေကိုတော့ ဘယ်သူမှ သိကြမှာမဟုတ်ဘူး။ ထုံးစံအတိုင်း တောက်တောက်ပြောင်ပြောင် အဝတ်အစားလေးနဲ့ ပြန်လာတာတွေ ကြတော့လည်း၊ အဆင်ပြေတယ် ထင်ကြမှာပါပဲ။ အပေါ်ယံကိုကြည့်ပြီး အထင်နဲ့ဆုံးဖြတ်တတ်ကြတာကို။

"ရှစ်တောင်ပါ" တဲ့

ကားခတွေကလည်း ဈေးကြီးလိုက်တာ။ အဲဒါကြောင့် တစ်ခါတစ်ခါပြန်ဖို့ကို စဉ်းစားနေရတာ။ ဘယ်တတ်နိုင်ပါ့မလဲ။ ပျော်ချင်ပါးချင်၊ ပေါးလားပါးလားလုပ်ချင်လို့ သွားတာမှမဟုတ်တာ။ ပေးလိုက်ပေါ့။ ဗိုက်ထဲမထည့်ဘဲ အပြင်မှာသိမ်းသိမ်းထားတဲ့ ပိုက်ဆံလေးတွေ။ သူများတွေပြောတာတော့ ကျွန်တော့်အလုပ်က ထမင်းငတ်မယ့်အလုပ်တဲ့။ ဖြစ်နိုင်ပါတယ်။ ခုတောင် ငတ်စ ပြုလာပြီကို။ တော်သေးတာပေါ့၊ ပုံမှန်လစာရတဲ့ အလုပ်ကလေးက ရှိနေသေးလို့။

ကားပေါ်လည်း ဘယ်လိုလုပ် ရောက်သွားမှန်းမသိပါဘူးဗျာ။ စိတ်ရှုပ်စရာတွေ များနေတဲ့လူဆိုတာ ဒီလိုပါပဲ။ အရူးတစ်ယောက်နဲ့ ဘာမှမထူးပါဘူး။ သွားလို့ သွားမှန်းမသိ၊ ကိုယ့်ပတ်ဝန်းကျင်မှာ ဘာတွေရှိလို့ ရှိမှန်းမသိ။ ဘာတွေဖြစ်လို့ ဖြစ်မှန်းမသိ။ ဘာတွေလုပ်လို့ လုပ်မိမှန်းလည်း မသိ။ ဘယ်ရောက်လို့ ရောက်မှန်းမသိနဲ့၊ ဘယ်သိမှာလဲ သတိမှမရှိတော့တာကို။

အခုလည်း ကားသောင်းနေရတာ၊ စိတ်က ဟိုးအရင်အတိတ်တွေဆီကို ပြန်ရောက်နေပြီ။

"နင့်အဖေ နစ်ပဲခြောက်ပြား လစာကလေးနဲ့ ဘယ်လိုလုပ် ဒလောက်မှာလဲ၊ ငါကလည်း ပညာမတတ်တော့ ဒီအလုပ်ပဲလုပ်တတ်တယ်၊ ဖြစ်ကာမှ ဖြစ်ရောပေ့"

ဆိုတဲ့အသံက သေးနားမှာ ထိုင်ပြောနေသလိုပါပဲဗျာ။ အဲဒီအသံထဲမှာ "တောင်

ကျရင်လည်း ကျပါစေ''ဆိုတဲ့အသံကလည်း ရောယှက်နေတယ်ဗျ။ အောက်ချာလေး တစ်အုပ်နဲ့ ဘောပင်လေးတစ်ချောင်းရှိရင် အလုပ်ဖြစ်နေတဲ့ အလုပ်ကတော့ အမေ လုပ်တတ်တာပေါ့ဗျာ။ ဒါပေမဲ့ တကယ်တမ်း အဲဒီ နှစ်လုံးထီရောင်းတဲ့အလုပ်ဆိုတာက ရင် တထိတ်ထိတ်နဲ့ ကျိုးလန့်စားစားနေရတဲ့ အလုပ်ဗျ။ အမေမပြောနဲ့ ကျွန်တော်တောင် ရုံမြင်ရင် အချောင်သက်သက်ကို လန့်နေရ တာ။ အဲဒီအလုပ်နဲ့ပဲ အချိန်အတော်ကြာ ကြာ လုပ်ကျွေးခဲ့ရတာဆိုတော့ စဉ်းစားသာ ကြည့်ပါတော့။ ကျွန်တော်ကတော့ တွေး ကြည့်တိုင်း ရင်မောခဲ့ရတာ။ ခုလည်း တွေး မိလိုက်လို့ ရင်မောနေရတာပဲ။

ဒါပေမဲ့လည်းဗျာ၊ အမေ နောက် ယောကျ်ားယူသွားတော့ မချိတင်ကဲစိတ် လေးနဲ့ အပြစ်တင်နေမိသေးတယ်။ ခုလည်း ခံစားလိုက်ရသေးတယ်။ တော်သေးတာပေါ့။ အမေနဲ့ပတ်သက်ပြီး အကုသိုလ်တွေ ဆက် မဖြစ်မယ့်ကံ ပါလာလို့။ ဆရာကြီး ဦးသုခ ရဲ့ ''အမေမေ့'' ဟောပြောပွဲအခွေလေး ကြောင့်ပါ။ အဲဒီအခွေကို နားထောင်ပြီးချိန် မှာတော့ အမေ့အပေါ်မှာ အပြစ်မြင်နေတဲ့ စိတ်တွေ လုံးဝပျောက်သွားတယ်။ ဆရာ ကြီးရဲ့ ဟောပြောမှုတွေက ကျွန်တော့်ကို နောင်တတွေ တသီတသန်းကြီးပေးခဲ့တယ်။ ပြီးတော့ ကျွန်တော့်ရဲ့ အသိတရားတွေကို လည်း နိုးဆွပေးခဲ့တယ်။ ဆရာကြီးဟော ပြောတဲ့ စကားလုံးအပင်တွေက ကျွန်တော့် နှလုံးသားထဲမှာ အမြစ်တွယ်ပြီး ရှင်သန်နေ ခဲ့တယ်။ အဲဒီ အပင်တွေကြောင့်ပဲ ကျွန် တော့်ရဲ့ အသိတရားကို အသက်သွင်းနိုင်ခဲ့ တယ်။

''ကျွန်တော်မြင်တာ ပြောတာပါ။ ကျွန် တော် ထပ်ပြောအုံးမယ်၊ ကျွန်တော် လွန် သွားမလား မလွန်ပါဘူး အမေ၊ ကျွန်တော် သေသေချာချာ စဉ်းစားပြီးမှ ပြောတာပါ အမေ၊ အမေမှန်ရင်လေး…အမေ…နားနဲ့ မနာ ဖဝါးနဲ့သာ နာပါလို့…ပြောလိုက်ပါရ စေတော့ အမေ၊ အမေဟာလေ…ကျွန် တော့် လက်ထဲမှာ၊ ကျွန်တော့်မျက်စိရှေ့ အောက်မှာ မိန်းမရွှင်တစ်ယောက် ဖြစ်နေ ပါစေ…အမေဟာ…အမေပါပဲ…အမေ'' ဆိုတဲ့ ဟောပြောမှုကို သတိရတိုင်း ရွတ်ဆို နေမိတာ။ ခုလည်း စိတ်ကူးထဲမှာ ရွတ် လိုက် ပြီးပြီ။

အမေ့ကျေးဇူးတရား ကြီးမားပုံတွေက တော့ ပြောလို့ကို ကုန်မှာမဟုတ်ပါဘူးဗျာ။

အဆိုတော် ဝေလရဲ့ ''လူဖြစ်ခွင့်ပေး ပါ'' ဆိုတဲ့ သီချင်းထဲကလို ဗိုက်ထဲကနေ ပြီး လူဖြစ်ခွင့်ပေးဖို့ တောင်းပန်နေရတဲ့ ခေတ်ကြီးထဲမှာ လူဖြစ်ခွင့်ပေးခဲ့တာကိုပဲ ကျေးဇူးကြီးလှပါပြီ။

ဟော…အမေ့ဆီရောက်သွားပြန်ပြီ။

အမေနဲ့ပတ်သက်ပြီး ရင်ထဲမှာ စွဲကျန် နေခဲ့တဲ့ အဖြစ်အပျက်ကလေး သုံးခုက ပြန် တွေးမိလိုက်တိုင်း မနေ့တစ်နေ့ကလို သစ် လွင်နေတုန်းပါပဲ။

တစ်ရက်သား မှုပြီးတော့၊ ယိုင်တိ ယိုင်တိုင်နဲ့ အိမ်ထဲကိုဝင်လာပါလေရော ဗျာ။ လက်ထဲမှာလည်း ခေါက်ဆွဲကြော်ထုပ် ကြီး ကိုင်လို့ပေါ့။ သားသမီးသုံးယောက်ကို လေးလုံးမကွဲတဲ့ အသံနဲ့ခေါ်၊ သူ့ရှေ့မှာ ထိုင် ခိုင်း။ ပါလာတဲ့ ခေါက်ဆွဲကြော်ထုပ်ကြီးကို ချပြီး ''စားကြကွာ…စားကြ၊ အမေ ကျွေး ချင်လွန်းလို့ကို ဝယ်လာတာ၊ ငါ့သားသမီး တွေ အားရပါးရစားကြတာကို မြင်ချင်လွန်း လို့ကို ဝယ်လာတာ''ဆိုပြီး ပြောရင်းက မျက် ရည်တွေကျ၊ နှပ်တွေကထွက်နဲ့ ဘယ်လိုမှ စိတ်ချမ်းသာစရာ အကြောင်းမရှိပါဘူး။ ကျွန်တော်တို့ကလည်း အမေ့ကိုကြည့်လိုက်၊ မျက်ရည်တွေကျလိုက်၊ ခေါက်ဆွဲကြော်ကို သွတ်လိုက်နဲ့ပေါ့။

ခုလို ပြန်တွေးရင်းနဲ့ကို မျက်ရည်က လည်လာပြန်ပြီ။

ကျွန်တော်ငယ်ငယ်က ဘောလုံးကို အင်မတန်ကန်ချင်တာ။ အားရင် ဘောလုံး ကန်ဖို့ပဲ စဉ်းစားနေတာ။ ကိုယ်ပိုင်ဘောလုံး တော့ မရှိဘူး။ သူများဆီက ငှားကန်ရတာ။ ဘောလုံးပိုင်ရှင်က မငှားတဲ့ရက်ဆို ကျွန် တော့်ကမ္ဘာ ပျက်တဲ့နေ့ပဲ။ ဘာလုပ်လို့ လုပ် ရမှန်းကို မသိဘူး။ အဲဒါနဲ့ဗျာ တစ်ရက်သား ဘောလုံးသွားငှားတော့ ကျွန်တော်နဲ့ ဆော့ ဘူးဆော့ဘက်က ဘောလုံးကိုကောက်ပြီး ပေးနေပြီ။ အဲဒီအချိန်မှာ သူ့အမေက ထွက် လာပြီး-

''မငှားနိုင်ဘူး…သွား၊ ဒီဘောလုံးက ငါ့သားကန်ဖို့ ဝယ်ထားတာ၊ နင်တို့ကန်ဖို့ ဝယ်ထားတာ မဟုတ်ဘူး၊ အဲတော့…ငါ့ သားကန်မှ နင်တို့ပါရောကန်ကြ၊ တအား ကန်ချင်ရင် နင်တို့အမေ၊ အမေတွေကို ဝယ် ခိုင်း''တဲ့

ပြောသွတ်လိုက်တာများ ရင်ထဲကို နင့် နေတာပဲ။ နောက်ပိုင်းတော့ သွားမငှားရဲ တော့ပါဘူး။ လမ်းဘေးမှာ သူများလွှင့်ပစ် ထားတဲ့ ကော်ဘောလုံးအကွဲထဲကို တိုလီ မုတ်စတွေထည့်ပြီး ကန်နေလိုက်တော့ တယ်။ အဲလိုကန်ရင်းနဲ့ တစ်နေ့ကျတော့ အမေက ''သားရေ…ရော့''ဆိုပြီး အိမ်ရှေ့ ခြံတံခါးဝင်ပေါက်ကနေ သားရေဘောလုံး တစ်လုံးကို ခြေထောက်နဲ့ ကန်ပေးလိုက်တာ၊ ဘယ်ပြောကောင်းမလဲ၊ ပျော်လိုက်တာမှ အူယားဖားယားပဲ၊ ကျွန်တော့်လောက် ပျော် တဲ့သူ ရှိမယ်တောင်မထင်ဘူး။

မိဘဆိုတာက သားသမီးတွေရဲ့ လို အပ်ချက်တွေ၊ လိုချင်တာတွေကိုသိတော့ သိတယ်ဗျ။ မလုပ်ပေးနိုင်လို့သာ ရင်ထုမနာ ဖြစ်ပြီး ကြည့်ကြည့်နေရတာ။ ကြည့်နေရုံနဲ့

> အိမ်ရှေ့ခြံတံခါးဝင်ပေါက်ကနေ သားရေဘောလုံးတစ်လုံးကို
> ခြေထောက်နဲ့ ကန်ပေးလိုက်တာ၊ ဘယ်ပြောကောင်းမလဲ၊ ပျော်လိုက်တာမှ...

လည်း မပြီးကြသေးဘူးဗျ။ ''ခုလို လုပ်မပေးနိုင်တာတွေက ငါ့အသုံးမကျလို့၊ ငါ့ကြောင့်…ငါ့ကြောင့်''ဆိုပြီး ကျွန်တော်တို့ရဲ့ အတောမသတ်နိုင်တဲ့ လိုအပ်ချက်တွေ၊ လိုအင် ဆန္ဒတွေကို အပြစ်မဖို့နိုင်ဘဲ ကိုယ့်ကိုယ်ကိုယ်သာ အပြစ်ဖို့နေတတ်ကြသေးတာ။

နောက်အဖြစ်အပျက်လေးက ဒီလိုဗျ။

အမေက အဖေ့ကို သွားခေါ်ခိုင်းလို့ အရက်ဆိုင်ကို သွားခေါ်တာ။ ပြန်လည်းပြန်လာရော အဖေက မူးနေတာဆိုတော့ စက်ဘီးကို ကြိုးတန်းပေါ်လမ်းလျှောက်သလို နင်း။ ကျွန်တော်က နောက် ကယ်ရီယာ(Carrier)ခုံပေါ်က ထိုင်နဲ့ပေါ့။ တော်တော်တော့ ရယ်စရာကောင်းတယ်ဗျ။ ကျွန်တော်က စက်ဘီး ဘယ်အချိန်လဲမလဲဆိုပြီး ရင်တထိတ်ထိတ်နဲ့ စီးနေရတာ။ ဘယ်အချိန်လဲမလဲဆိုတာကို သိနေတော့၊ ကလေးဆိုပေမယ့် သတိတော့ရှိနေတာပေါ့ဗျာ။ အဲဒီမှာပဲ ''အုန်း''ဆိုပြီး လဲပါလေရော။ အဖေ့ပုံစံ၊ အဖေ့ပုံစံ တော်တော်ရယ်ရတယ်။ ပုဆိုးက ကျွတ်၊ အင်္ကျီအဖြူက ပြဲတဲ့နေရာကပြဲ ပေတဲ့နေရာက ပေ၊ မျက်နှာကလည်း ချွေးတွေပြန်ပြီး လေးဘက်ထောက်ကြီးနဲ့ သူ့ဘေးနားက ကျွန်တော့်ကို လိုက်ရှာနေသတဲ့။ ပြီးတော့ ဖင်စမ်း၊ ခေါင်းစမ်းနဲ့ ''သား…ဘာဖြစ်သွားသေးလဲ၊ ဘယ်နားနာသွားသေးလဲ၊ ပြစမ်း…ပြစမ်း''ဆိုပြီး အင်္ကျီလှန်၊ ဘောင်းဘီလှန်နဲ့ ခိုက်မိတဲ့နေရာကို လိုက်ရှာနေတယ်လေ။ ကျွန်တော်က အစောကြီးကတည်းက သတိလေးရှိနေတော့ စက်ဘီးပေါ်ကသာ ကျသွားတာ ဘာမှမဖြစ်လိုက်ဘူး။

မနက်ကျမှ ကြည့်လိုက်တော့ အဖေ့ခေါင်းက ဆံပင်မှာ သွေးစလေးတွေကပ်လို့ ဒူးတွေ၊ တံတောင်ဆစ်တွေ၊ လက်ဖျံရိုးတွေမှာ ပေါက်ပြဲလို့ဗျာ။

ဘဝမှာ အဲလိုကြည်နူးစရာလေးတွေ ရှိခဲ့လေရဲ့။

အခု အဖြစ်အပျက်သုံးခုကတော့ ကျွန်တော် မသေသေးသရွေ့ အကြောင်းတိုက်ဆိုင်တိုင်း ပြန်ပြောနေဦးမယ့် ဖြစ်ရပ်ကလေးတွေပေါ့။

''ဟူး…''

ကျွန်တော့် သက်ပြင်းချသံ တော်တော်ပြင်းသွားသလားမသိဘူး။ ကျွန်တော့်ဘေးနားမှာရှိတဲ့သူတောင် ကျွန်တော့်ကို ကရုဏာမျက်လုံးများနဲ့ ကြည့်နေလေရဲ့။ သူ့စိတ်ထဲမှာ ကျွန်တော့်ကို ''ဘာများ စိတ်ညစ်စရာတွေ ရှိနေတာလဲ''လို့ မေးချင်နေမယ် ထင်ပါတယ်။

ဟင်…ဒီသံစဉ်ကို ကျွန်တော် အတော်ရင်းနှီးပါတယ်။ ဟုတ်တာပေါ့။ အဲဒီ သီချင်း။ အဲဒီသီချင်း။ ဘာဖြစ်လို့များ ခုလိုအချိန်ကျမှ တိုက်တိုက်ဆိုင်ဆိုင် ဖွင့်လိုက်တာလဲ မသိဘူး။ ကားဆရာက အလွမ်းသယ်နေတဲ့ ကျွန်တော့်ကို အရှိန်ကောင်းအောင် လုပ်ပေးလိုက်တယ် ထင်ပါရဲ့။

ဆံပင်ဖြူတွေ တစ်ခါပြန်နက်ဖို့ x x x ဘယ်လောကီ လူ့ပညာ မတတ်နိုင်စွမ်းသာ x x x လောကမှေ့တာ x x x မွေးအမေရဲ့ မြတ်ကျေးဇူးတွေ x x x မွေးအမေရဲ့ မြတ်ကျေးဇူးတွေ x x x ဆပ်လို့မကုန်ဘူး x x x

သီချင်းနာမည်က ''ဆန်ရေ''တဲ့။ စာသားအားလုံးကတော့ ကျွန်တော့်ဘဝနဲ့ မတိုက်ဆိုင်လှပါဘူး။ ဒါပေမဲ့ ဒီသီချင်းလေးကို နားထောင်လိုက်တိုင်း အသိတစ်ခုလေးက ဝင်ဝင်လာတတ်တာတော့ အမှန်ပါပဲ။ ဘာလဲဆိုတော့ ဒီဘဝနှစ်မှာ သုခတွေ ခေါင်သလောက် ဒုက္ခတွေကောင်းခဲ့ကြတဲ့ အမေနဲ့အဖေကို မသေခင်အချိန်လေး အတွင်းမှာ တရားရိပ်အောက်က စစ်မှန်တဲ့ ငြိမ်းချမ်းမှုတွေကို ရသွားအောင် လုပ်ပေးချင်တယ်ဆိုတဲ့ အသိပေါ့။

ဒါပေမဲ့ အသိပဲရှိတာပါ။ တကယ်တမ်း လက်တွေ့မှာ မလုပ်ပေးနိုင်သေးပါဘူး။



(၃)

မနက်ခင်းက အေးချမ်းသလောက် ရင်ကတော့ ပူလောင်မြဲ။

အရက်တွေရဲ့ တန်ခိုးစွမ်းအားအပြည့်နဲ့ ရှင်သန်နေတဲ့ အဖေ အိပ်ပျော်နေပုံကို ကြည့်ကြပါဦး။

ခန္ဓာကိုယ်က ခြေကားရား၊ လက်ကားရားနဲ့ ကြိုးသလိုအိပ်လိုက်တဲ့ ဒီဇိုင်း။ ပုဆိုးက တရှုံ့တစောင်းနဲ့ တစ်ဝက်ပေါ်၊ တစ်ဝက်ဖုံး၊ အင်္ကျီက ကျွတ်လျက်သား။ ခြေ

> လူတိုင်းက တစ်ခါတစ်ရံတော့ ငိုရတာပါပဲ။
> ဒါပေမဲ့ ကျွန်တော့် တစ်ခါတစ်ရံက ခဏခဏဖြစ်နေတယ်။

သလုံးနဲ့ပေါင်က ကြွက်သားအိုးလုံး ပတ်။ လက်မောင်းက မွှင်ထူထူသာသာ။ နံရိုးအပြိုင်းပြိုင်း ထနေပုံက အမြဲအလုပ်မလုပ်တော့တဲ့ သစ်ပင်ကြီး၊ အရွက်များကြွေသွားပြီး အလား။ ခန္ဓာကိုယ်နှင့်မလိုက်အောင် ဖောင်းဖောင်းကလေးဖြစ်နေသည့် မျက်နှာက ကျစ်ကျစ်လျစ်လျစ် မရှိလှ။

ကျွန်တော် ခေါင်းကိုငုံ့ပြီး ဒူးထောက်လိုက်မိတယ်။

ကျွန်တော် ဝမ်းနည်းနေတာလား။ ယူကျုံးမရဖြစ်နေတာလား။ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိတာလား၊ မသိတော့ပါဘူး။

''အဖေ''လို့ အသံထွက်အောင် ခေါ်လိုက်မိတယ်။

ကိုးဘွဲ့ရဆရာတော် အရှင်အာစာရ လင်္ကာရ ''အမေလို့ ခေါ်လိုက်ရတဲ့ အသံဟာ ရင်ခွင်မှာ လှုံ့ဖိတ်ကြည်နူးမှု ပီတိစိတ်တွေနဲ့ အိပ်ရတာပျော်တယ်အမေ''လို့ တရားပွဲတစ်ပွဲမှာ ရွတ်ပြသွားတာကို ကြားဖူးတယ်။

ကျွန်တော်ကလည်း အားကျမခံ ''အဖေလို့ ခေါ်လိုက်ရတဲ့အသံဟာ ရင်မှာ အားရှိ ပီတိဖြစ်မိပါတယ်''လို့ ရွတ်လိုက်ချင်တယ်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ အဖေလို့ ခေါ်ရမယ့်သူ ရှိနေသေးတာကိုက သားသမီးဘဝတစ်ခုအတွက် လုံခြုံမှုရှိနေသေးတယ်လို့ ခံစားရတယ်လေ။

အဖေက ကျွန်တော်ခေါ်လိုက်တာကို ကြားသွားလားမသိဘူး။ အဖေ နိုးသွားတယ်။ အိပ်မက်ဆိုးက လန့်နိုးတဲ့သူတစ်ယောက် ဆတ်ခနဲထထိုင်လိုက်သလိုမျိုးနဲ့ပေါ့။ ပြီးတော့ အိပ်ရာဘေးနားမှာရှိတဲ့ အရက်ခွက်ထဲက လက်ကျန်တွေကို တုန်ရှင်ရှင်နဲ့ မော့ချပစ်လိုက်တယ်။ မော့ပြီးတဲ့ခွက်ကို အောက်မချသေးဘဲ လက်က ကိုင်ရင်းကနေ မတည်မငြိမ်သော ငိုသံပါကြီးနဲ့-

''သားသမီးတွေနဲ့ ကျွေးကွင်းခြောင်းရဲ့ ဒုက္ခ''ဆိုပြီး ရေရွတ်လိုက်တယ်။ မျက်နှာကလည်း ကလေးတစ်ယောက်လို လိုချင်တာ မရလို့ မဲ့နေတဲ့ပုံစံမျိုးနဲ့ဗျာ။

ဘယ်ပြောကောင်းမလဲ၊ နဂိုကတည်းက ဝမ်းနည်းတော်ခံရှိနေတဲ့ ကျွန်တော့်မှာ အဲဒီပုံစံနဲ့ အဲဒီအသံကို မြင်လိုက်၊ ကြားလိုက်ရတော့၊ ကျလိုက်တဲ့မျက်ရည်ဆိုတာ လက်နဲ့ တရစပ်သုတ်နေတာတောင် မနိုင်ပါဘူးဗျာ။ အဖေက ကျွန်တော်ပခုံးနှစ်ဖက်ကို ကိုင်ပြီး၊ ပြောရှာပါသေးတယ်။

''ငါ့သား...မငိုပါနဲ့ကွာ''တဲ့

ကျွန်တော်ကလည်း ပြန်ပြောလိုက်တာပေါ့။

''ဒါဆို အဖေလည်း မငိုနဲ့တော့လေ'' လို့။

ကျွန်တော့်ဘဝကို မျက်ရည်တွေနဲ့များ တည်ဆောက်ထားသလား၊ မသိဘူးနော်။ မွေးကတည်းက ငိုလိုက်ရတဲ့အငိုဆိုတာ ခုချိန်ထိကို မဆုံးနိုင်သေးဘူး။ လူတိုင်းက တစ်ခါတစ်ရံတော့ ငိုရတာပါပဲ။ ဒါပေမဲ့ ကျွန်တော့် တစ်ခါတစ်ရံက ခဏခဏဖြစ်နေတယ်။ ကျွန်တော် မငိုချင်တော့ဘူး။ ဖြစ်နိုင်ရင် ငိုစရာရှိတာတွေအကုန်လုံးကို တစ်ခါတည်းပဲ ငိုချပစ်လိုက်ချင်တယ်။ နောက်ထပ် ငိုစရာမရှိအောင်ပေါ့။

''ငါ့သားကြီးက ဝိုန်လိုက်တာကွာ''တဲ့

ယဲ့ယဲ့ကလေးသာ ကျန်တော့တဲ့ အဖေက ပြောလိုက်တော့ ကျွန်တော် မပြုံးဘဲ မနေနိုင်တော့ဘူး။ အဲဒါနဲ့ အဖေ့ကို မဲ့တရီလေးကြည့်ပြီး ပြန်ပြောလိုက်တယ်။

''အဖေ့သားက ဘယ်တုန်းက ဝဖူးလို့လဲ''လို့။

ကျွန်တော့်အပြောကို သဘောကျသွားလားမသိဘူး။ ပြုံးပြုံးကြီးနဲ့ တွေတွေကြီး လုပ်နေလေရဲ့ဗျာ။ ခဏနေတော့မှ-

''အဲဒါတော့ ဟုတ်တယ်ကွ''တဲ့။

အဖေနဲ့တွေ့ရင် အရက်မသောက်ဖို့နဲ့ ကျောင်းသွားဖို့ကို ဘယ်လိုစည်းရုံးရင် ကောင်းမလဲဆိုတာကို တစ်လမ်းလုံး စဉ်းစားလာခဲ့သေးတယ်။ ဘယ်လိုမှ စဉ်းစားလို့မရခဲ့ဘူး။ ခုတော့ ထင်သလောက် စည်းရုံးစရာ မလိုဘူးဆိုတာကို အဖေ့ရဲ့ အပြုံးတွေကတစ်ဆင့် သိလိုက်ရပြီလေ။

ဪ...ရှိသမျှတွေထဲမှာ အလှတရားတွေ ရှိနေလိုက်တာ။

(၄)

အခုက တစ်ပတ်လောက်ပဲ နေမယ်ဆိုပြီးပြန်လာခဲ့တာ။ ခုတော့ တစ်လတောင် ပြည့်တော့မယ်။ အရင်က တစ်ယောက်တည်းနေပြီး အတွေးတွေနဲ့ မှိုင်းတွေနေတဲ့ အဖေတစ်ယောက်လည်း ပြောင်းလဲလာခဲ့ပြီ။ အဲလို ပြောင်းလဲလာအောင်လည်း ကျွန်တော့်မှာ သိပ်ပြီး ထူးထူးခြားခြား မလုပ်ခဲ့ရဘူး။ မိဘနဲ့ သားသမီးကြားမှာရှိတဲ့ မေတ္တာတွေကို အပြန်အလှန်ပေးခဲ့ကြရုံပါပဲ။

မနက်ပိုင်းဆို အဖေ့ကိုနိုးပြီး အတူတူ လမ်းလျှောက်ထွက်တယ်။ အဲဒီကပြန်လာရင် ထမင်းကြမ်း အတူတူစားကြတယ်။ ပြီးရင် ကျွန်တော်က အဖေစားဖို့ ထမင်းချိုင့်ကို ပြင်တယ်။ အဖေက ကျောင်းသွားဖို့ ဝတ်စုံလဲတယ်။ အားလုံးပြီးတာနဲ့ ကျောင်းကို စက်ဘီးနင်းပြီး လိုက်ပို့ပေးလိုက်တယ်။ ညနေကျောင်းဆင်းလို့ ပြန်လာရင် အဖေနဲ့ အတူ ခြင်းလုံးခတ်တယ်။ ခြင်းလုံးခတ်လို့ ဝတာနဲ့ ရေချိုးကြတယ်။ ပြီးတော့ အဖေက ကျွန်တော့်ကို ကတိပေးထားတဲ့အတိုင်း ကျန်းမာရေးအရဆိုပြီး အရက်နှစ်ပက်ကို ချိန်ခံပြီးသောက်တယ်။ အဲဒီလိုသောက်တာကို ကျွန်တော်က ဘေးနားကနေ ထိုင်စောင့်

ပြီး စကားတွေပြောပေးတယ်။ အဖေပြောတာတွေကိုလည်း အကုန်လုံး နားထောင်ပေးလိုက်တယ်။ သောက်လို့ပြီးပြီဆိုရင် နှစ်ယောက်စလုံး ထမင်းအတူတူစားကြတာပဲ။ အဲဒီလို စားပြီးပြီဆိုရင်တော့ အိပ်ချင်တဲ့သူက ဝင်အိပ်ပေါ့။ မအိပ်ချင်ကြသေးရင် ကျွန်တော်ကလည်း လုပ်စရာရှိတာကို လုပ်နေလိုက်တယ်။ အဖေကလည်း သူလုပ်စရာရှိတာကို လုပ်နေလိုက်တာပဲ။

အခုဆို အဖေက နေ့စဉ်ဘဝပုံစံခွက်ထဲမှာ နေတတ်သွားပြီလေ။ ထမင်းကလေးပုံမှန်စားတော့ အသားတွေကလည်း ပြည့်ပြည့်ဖြိုးဖြိုးနဲ့ စိုစိုပြေပြေကလေးဖြစ်လာတယ်။ အရက်ကလည်း အရင်ကလို ပေပြီးတစ်နေကုန်မသောက်တော့ မျက်နှာက ဖောင်းဖောင်းလေးတွေ မရှိတော့ဘဲ ကျစ်ကျစ်လျစ်လျစ်ကလေး ဖြစ်လာတယ်။ ကျန်းမာရေးကလည်း မသောက်ရလို့ တုန်ချိချိဖြစ်နေတဲ့ဘဝက လွတ်သွားခဲ့ပြီ။

အဖေ အခုလို အခြေအနေမျိုးလေး ဖြစ်သွားတာကို ဝမ်းသာနေတဲ့ အန်တီကြီးက ပြောလိုက်သေးတယ်။

''ငါတို့ကျတော့ ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မထင်ဘူး။ ပြောတော့လည်း အဖက်မလုပ်ဘူး။ ခု သူ့သားနဲ့ကျတော့ အဆင်ကိုပြေနေတာပဲ''တဲ့။

အဆင်ပြေမှာပေါ့။ သားသမီးတွေရဲ့ အသိစိတ်က ဖြစ်ပေါ်လာတဲ့ နွေးထွေးတဲ့ မေတ္တာကို တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ရတာ။ ခုတော့ အဲဒီ နွေးထွေးတဲ့မေတ္တာဆိုတာကြီးကို ခံစားလိုက်ရပြီလေ။ အဖေ့ရင်ထဲမှာ ဘယ်လောက်တောင် ပီတိတွေဖြစ်နေမလဲ မသိဘူး။

''မင်းအဖေက စိတ်ချရလောက်ပါပြီ။ ငါ့မြေး…ပြန်ရင်ပြန်တော့လေ၊ ဟိုဘက်က အလုပ်တွေလည်း ရှိသေးတယ်မို့လား။ ပြီးတော့ မင်းတို့ရုံးက လူကြီးကလည်း ပြောနေအုံးမယ်''

ဘကြီးက ကျွန်တော့်ကို သတိပေးတယ်။

ဟုတ်တယ်။ ကျွန်တော်ပြန်မှ ဖြစ်တော့မယ်။

(၅)

ဦးသုံးကြိမ်ချလိုက်ရသော အစိုက်အ



တန့်လေးမှာ ဖြစ်ပေါ်သွားတဲ့ ငြိမ်းချမ်းမှုလေးတွေသာ ကျွန်တော့်ကမ္ဘာဖြစ်ခဲ့မယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။

မျက်လုံးတွေကို ပြန်မဖွင့်ချင်ဘူး။ ကျွန်တော် အမိအရဆုပ်ကိုင်ထားတဲ့ ငြိမ်းချမ်းမှုလေးတွေ လွတ်ကုန်မှာစိုးလို့။ ဒါပေမဲ့လည်း လောကီမှာ ကျင်လည်နေတဲ့ လူသား တစ်ယောက်အတွက် မဖွင့်လို့ကလည်း မရပြန်ဘူးလေ။

ကျွန်တော် လက်အုပ်ချီထားတာကို ဖြေပြီး မျက်လုံးကို ဖွင့်လိုက်တဲ့အချိန်မှာပဲ အညာညနေခင်း လေပြေလေးတွေက ကျွန်တော့်ပါးကို နမ်းရှိုက်သွားလေရဲ့။ အဲဒီအချိန်မှာပဲ စေတနာ၊ မေတ္တာ၊ ကရုဏာတွေ ရောပြွမ်းနေတဲ့ အသံတစ်ခုကိုလည်း ပျူပျူငှာငှာကြိုဆိုဖို့ အသင့်ဖြစ်နေခဲ့ပြန်တယ်။ အဲဒီအသံဟာ ဘကြီးရဲ့ ဆုံးမညွှန်ပြဒဆုပေးသံပေါ့။

''ငါ့မြေး…မင်းအဖေက စိတ်ပျော့တယ်၊ စိတ်ကူးယဉ်တတ်တယ်၊ အဲဒါတွေက မကောင်းဘူး။ ပြီးတော့ မင်းအဖေကိုကြည့်ပြီး သင်ခန်းစာယူ၊ အနိုက်အတန့် ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကြောင့် ကိုယ့်ဘဝကျရှုံးပြီလို့ ဘယ်တော့မှမယူဆနဲ့။ အချိုကိစ္စတွေက ဘယ်သူမပြု မိမိမှုဆိုတာမျိုးတွေရှိသလို အချို့ကိစ္စတွေက လောကမှုတာအရ မမျှော်လင့်ဘဲ ဖြစ်လာတတ်တယ်။ အဲဒီအချိန်ကျရင် ခေါင်းအေးအေးထားဖြေရှင်း။ တရားသဘောနဲ့ ရှု၊ ဘယ်သူ့ တရားမျက်ပျက် ကိုယ်မပျက်အောင်နေ၊ ကိုယ့်ကိုယ်ကိုယ် လူညံ့တစ်ယောက်လို့ ဘယ်တော့မှ မတွေးနဲ့။ လောကဓံကို ကြံ့ကြံ့ခံနိုင်အောင် ကြိုးစား''တဲ့။

ဒီအသံ၊ ဒီစကားလုံးတွေက ကျွန်တော့်နား၊ လေမွှေလေးထဲမှာ ဘယ်တော့မှ မပျောက်ပျက်ဘဲ ဖြည်းဖြည်းချင်းလည်နေမယ့် သစ်ရွက်ကလေးတစ်ရွက်ပါပဲ။

ဘကြီးက ဘေးနားမှာ အဖေရှိနေတယ်ဆိုတာကို သိရောသိလား မသိဘူး။

ဒါမှမဟုတ် အဖေ့ကိုပါ သိစေချင်လို့ တမင်တကာ ပြောလိုက်တာလား မသိဘူး။ အဖေကတော့ တုံဏှိဘာဝေနဲ့ ခေါင်းကိုငုံ့ထားလေရဲ့။

ကြည့်လိုက်ကြပါဦး။ ကျွန်တော့် ကျောပိုးအိတ်ထဲကို ထည့်လာတဲ့ အဖေ့ရဲ့ မျှော်လင့်ချက်ကလေး ရှင်သန်နေလိုက်တာ။ ကျွန်တော်ပြန်မယ့်နေ့မှီလို့ ဒီတိုက်ပုံအဝါရောင်လေးကို ထုတ်ဝတ်လိုက်တာလား မသိဘူး။ ဘကြီးပြောတဲ့ စိတ်ကူးယဉ်ဆန်တယ်ဆိုတဲ့ စကားလုံးက ရင့်သီးလိုက်တာလို့ ထင်တယ်။ တကယ်တော့ အဖေက ကဗျာဆန်တာပါ။ ကျွန်တော်သိနေတယ်။ သားသမီးမေတ္တာတွေနဲ့ ရောယှက်နေတဲ့ ဒီတိုက်ပုံကို သူ ဘယ်လောက်တန်ဖိုးထားကြောင်း ပြချင်လို့ ဝတ်လိုက်တယ်ဆိုတာကို လေ။

အဖေ ဘာမှမပြောလို့ ကျောပိုးအိတ်ကိုလွယ်ပြီး ထမယ်အလုပ်မှာ အဖေ မနေနိုင်တော့ဘူး။ "ရော့"ဆိုပြီး ဒိုင်ယာရီစာအုပ်ပုံစံ စာအုပ်လေးကို လှမ်းပေးတယ်။ ပြီးတော့ ကျွန်တော့်ခေါင်းကို သူ့လက်တစ်ဖက်နဲ့ အုပ်ကိုင်လိုက်ပြီး တွေတွေကြီးကြည့်နေလေရဲ့။ မေ့လောက်အောင် ကိုင်ထားပြီးမှ–

"သွားတော့ကွာ···သွားတော့"

လို့ ငိုသံပါကြီးနဲ့ပြောပြီး သူ့မျက်နှာကို ကျွန်တော်မမြင်ရာအရပ်ဆီ လွှဲပစ်လိုက်တယ်။

ကျွန်တော် ဘာလုပ်ရမှာလဲ။ ပြန်ရမှာလား။ ဒီမှာပဲ နေရတော့မှာလား။

ကိစ္စတော့မရှိပါဘူး။ ကျွန်တော့်ဘဝမှာ အဲလို အဝင်လွယ်ပြီး အထွက်ခက်တဲ့ ဆုံဆည်းခြင်းတွေနဲ့ ကြုံတုံ့ခဲ့ရတာက များပြီမဟုတ်လား။ အဲတော့ ကျွန်တော့်ရဲ့ခံစားချက်တွေကို ပါးပေါက်ထွက်မတတ် ပါးစပ်ကနေ မှုတ်ထုတ်ပစ်လိုက်တယ်။ ညာဘက်လက်နဲ့ ဆံပင်တွေကို တစ်ချက်သပ်လိုက်တယ်။ ပြီးတော့ ကျွန်တော် ရအောင်ရုန်းထွက်ခဲ့တယ်။ နောက်ကို လှည့်မကြည့်ဘဲနဲ့ပေါ့။

(၆)

ကားစီးလာတာလည်း လမ်းတစ်ဝက်ရောက်နေပြီ။ မိုးပေါက်လေးတွေကတဖြောက်ဖြောက်ကျလို့။ ကားပြတင်းပေါက်မှန်ပေါ်ကို စီးကျနေတဲ့ရေတွေကလည်း မျက်ရည်ကျနေသည့်အလား။

မတတ်နိုင်ဘူးလေ။ ဘဝဆိုတာကလည်း မခွဲခွာချင်ဘဲ ခွဲခွာကြရတာ အများကြီးကို၊ တတ်နိုင်ရင် ဘယ်သူက ခွဲချင်မှာတုန်း။ ကိုယ့်အဖေနဲ့ကိုယ် နေချင်တာပေါ့။ အဲဒီထက်မြင့်ရင် ကိုယ့်မိသားစုလေးနဲ့ကိုယ် နေချင်တာပေါ့။ ဘယ်လောက်တောင် နေချင်သလဲဆိုရင်···



ဦးလေးတစ်ယောက်အိမ်မှာ သွားနေတုန်းကပေါ့။ ဦးလေးမိန်းမက–

"အိမ်မှာ ပင့်ကူအိမ်တွေက ရှုပ်နေတာပဲ၊ ရှင်းလိုက်အုံး"ဆိုပြီး ကျွန်တော့်ကို ခိုင်းပါလေရော။ ကျွန်တော်ကလည်း ချက်ချင်းပဲ ပြန်ပြောလိုက်မိတယ်။

"အန်တီရယ်···အဲဒီအလုပ်ကိုတော့ မလုပ်ပါရစေနဲ့ဗျာ။ ကျွန်တော်က အခုဘဝမှာတောင် မိသားစုစုံစုံလင်လင်နဲ့ နေရတာမဟုတ်ဘူး"လို့။

ဟုတ်တယ်လေ၊ ပင့်ကူအိမ်ဆိုတာကလည်း သူတို့ ကြိုးကြိုးစားစား တည်ဆောက်ထားရတဲ့ အသိုက်အမြုံတစ်ခုပဲ မဟုတ်လား။

ထားပါတော့ဗျာ။ ဒီလောက်ဆို ကိုယ့်မိသားစုနဲ့ကိုယ် ဘယ်လောက်နေချင်လဲဆိုတာကို သိလောက်ပါပြီ။

အဖေပေးတဲ့ စာအုပ်လေးကို လက်ကနေ ကိုင်ထားတုန်းပါပဲလား။ ကျွန်တော်က လွယ်အိတ်ထဲကို ထည့်လိုက်ပြီ အောက်မေ့နေတာ။

ကျွန်တော် မပြောဘူးလား။ အဖေက ကဗျာဆန်တာပါလို့။ ခုလည်း စာအုပ်တစ်အုပ်လုံးမှာ စာရွက်ကလေးတစ်ရွက်သာ မင်စွန်းနေတယ်လေ။ အဲဒီ မင်စွန်းနေတဲ့ စာရွက်လေးမှာ ရေးထားတာကို ကြည့်လိုက်ပါဦး။

"မှာတမ်း"

အထင်မသေး၊ ထင်ကြေးတွေနဲ့
ရေးလိုက်ပြီပေါ့၊ ကဗျာဆရာ––ငါ။
တွေးနေသမျှ ရေးနေကြ
လူသားတွေအတွက်ဆီ။
အခါခါ အလီလီ မဟုတ်ရပါဘူး
လူသားတွေ ထူးခြားဖို့
အလုပ်လုပ်နေသူသာ သိနေမှာပါ။

> ဘဝဆိုတာကလည်း မခွဲခွာချင်ဘဲ ခွဲခွာကြရတာ အများကြီးကို။
> တတ်နိုင်ရင် ဘယ်သူက ခွဲချင်မှာတုန်း။

(ငါ့သား)စိတ်နဲ့လည်းယှဉ်၍ ဘဝကိုသင်ရ
အတိတ်ဘဝဟာ သံစဉ်တစ်ခုဖြစ်
အချစ်တွေလည်း သံဝေဂရဲ့ သမုဒ္ဒရာ။
ဖြစ်လာနေနေ၊ ဖြစ်သလိုနေနေ
နေဆိုတာ ပူရုံပါပဲ
အိပ်မက်ဆိုတာ မက်ရုံပါပဲ
ပြောင်းလဲသွားတာ သင်္ခါရာပါ။
မပြောင်းတဲ့စာတ် ၊မပြောင်းဘဲနဲ့
ရပ်မှာမဟုတ်ဘူး
အလုပ်ထဲမှာ ပျော်စရာတွေး
ဒါ—စာတွေးနဲ့ ငါဆိုတဲ့အရေးအသား
ဘာကယ်အနားမရှိပေမယ့်
နှလုံးသားကို စိတ်တိုင်းကျဆုဆစ်နိုင်သူ
လူထဲကလူပေါ့။

ကျွန်တော့်ကို သိစေချင်လို့ ပေးလိုက်တဲ့စာ၊ ဒါမှမဟုတ် ကျွန်တော့်ကို မှာတမ်းခြွေတဲ့စာပဲ ဖြစ်မှာပါ။ အချို့စာတွေက ကျွန်တော့်ကို ဆုံးမနေတယ်။ အချို့စာတွေက သူ့အကြောင်းကို ပြောပြနေတယ်။ အချို့စာတွေက သူ့ဘာသာသူ ပြောနေတယ်လို့ ခံစားရတာပဲ။

အဲဒီစာကို ဖတ်နေတုန်းမှာပဲ လူမသိသူမသိ သက်ပြင်းတွေကို အကြိမ်ကြိမ်ချနေဖြစ်ခဲ့တယ်။ ဖတ်ပြီးလိုက်တဲ့အခါလည်း ရင်ထဲမှာ ဘယ်လိုကြီးမှန်းကိုမသိဘူး။ စိတ်တွေက နဆောက်တည်ရာမဲ့နေသလိုပဲ။ ဒါနဲ့ပဲ ကားမှန်ကိုကျော်ပြီး ရိပ်ခနဲ၊ ရိပ်ခနဲ ဖြတ်ဖြတ်ပြေးသွားတဲ့ သဘာဝယန်းချီကားရှုခင်းတွေကို အဓိပ္ပာယ်မဲ့စွာနဲ့ ကြည့်နေလိုက်တယ်။ အဲလိုကြည့်နေပြီးတော့ အဖေရေးထားတဲ့စာတွေကို ကျွန်တော် ဉာဏ်မီသလောက် စဉ်းစားကြည့်နေမိတယ်။ အဲဒီအချိန်မှာပဲ...

''ကို့...ယုံကြည်ရာတစ်ခုအတွက် x x x အဆုံးတိုင်လျှောက်လှမ်းပါ x x x တစ်နေ့တော့ရောက်မှာပါ''တဲ့။

လန့်လိုက်တာဗျာ။ ဒီဖုန်း Ringtone အသံကို မကြားရတာ တော်တော်ကြာပြီ။ ကြာမှာပေါ့၊ အလုပ်က လူကြီးတွေ ဖုန်းဆက်ပြီးခေါ်မှာကြောက်လို့ ပိတ်ထားတာကိုး။ ပြန်တော့မယ်ဆိုတော့မှ ဖွင့်ထားလိုက်တာ။ ခုတော့ ဖုန်းလေးက အသက်ဝင်လာလို့ အသံများပေါ်ထွက်လာပြီ။ အလုပ်က ဆက်တာပဲ ထင်ပါတယ်။ ဖုန်းကိုင်ရမှာ စိတ်တော့ မပါဘူးဗျာ။

''ဟဲလို...အမိန့်ရှိပါခင်ဗျာ''

(၇)

ရန်ကုန်မှာနေတဲ့ ကျွန်တော့်ဘဝက ကိုယ်ပိုင်ပစ္စည်းဆိုလို့ ဘာမှသိပ်မရှိပါဘူး။

ခု ကျွန်တော်လွယ်ထားတဲ့ ကျောပိုးအိတ်ထဲမှာလည်း အဝတ်အစားသုံးလေးစုံနဲ့ အခြား တိုလီမုတ်စကလေးတွေပါပဲ။ ညာဘက်လက်မှာက စာအုပ်တွေထည့်ထားတဲ့ အိတ်တစ်လုံး။ အဲဒီစာအုပ်တွေက ကျွန်တော့်အစာအိမ်ကို ဆန့်ပြပြီးဝယ်ထားတာလေ။ ဘယ်ဘက်လက်မှာက မဂ္ဂဇင်း လေးငါးအုပ်ထည့်ထားတဲ့ အိတ်တစ်လုံး။ အဲဒီမဂ္ဂဇင်းတွေထဲမှာက ကျွန်တော်ကြိုးစားပြီး ရေးသားထားတဲ့ ဝတ္ထုတိုလေးတွေလေ။ စာသံပေသံနဲ့ပြောရရင် ရင်မှပေါက်ဖွားပတ္တမြားလေးတွေပေါ့။ ဒီလောက်ပါပဲ။

ကျန်တာတွေကိုတော့ အကုန်ထားခဲ့လိုက်ပြီ။

ကျွန်တော်ယုံကြည်ရာကို လျှောက်မယ့်ဘဝ...ထားခဲ့ပြီ။

ကျွန်တော် အင်မတန်တွယ်တာတဲ့ ပတ်ဝန်းကျင်လောကတစ်ခု...ထားခဲ့ပြီ၊

ကျွန်တော် အင်မတန်ချစ်မြတ်နိုးပြီး သံယောဇဉ်ကြီးသော သူတင်းစာတိုက်ကြီး ထားခဲ့ပြီ၊



ကျွန်တော်တန်ဖိုးထားသော အလုပ် ထားခဲ့ပြီ၊

ကျွန်တော့်ရဲ့ အနာဂတ်အိပ်မက် ထားခဲ့ပြီ။

ကျွန်တော့်ကို ယုံမှတ်လို့ ပုံအပ်တော့မယ့်ချစ်သူ...ထားခဲ့ပြီ။

ကျွန်တော် ကျင်လည်နေတဲ့ အသိုင်းအဝိုင်းကလူတွေ...လူတွေ...လူတွေ ထားခဲ့ပြီ၊

နောက်ဆုံး ကျွန်တော်ရောက်နေတဲ့ အောင်မင်္ဂလာကားကြီးဝင်းကိုလည်း... ထားခဲ့ရတော့မည်။

ကျွန်တော့်ရဲ့ ဟိုးရှေးရှေးတုန်းက ဇာရာဏာသီပြည်ကြီးကို ပြန်သွားရတော့မည်။

မပြန်လို့က မရတော့ဘူး။ ဖုန်းဆက်တာက ရုံးကလူကြီးမဟုတ်ဘူး။ အစ်ကိုကြီး။


''နှင့်အဖေက ဒုံရင်းက ဒုံရင်းပါပဲ၊ ခုနင်လည်း၊ ကားဂိတ်ကိုထွက်သွားရော၊ အရက်ပုလင်း သွားဝယ်ပြီး သောက်တော့တာပဲ၊ မူးတာကလည်း ကျွမ်းပြန်(ဂွမ်းပြန်)နေပြီ၊ တစ်ယောက်တည်းလည်း စကားတွေပြောလို့၊ ငါတို့လည်း စိတ်ညစ်တယ်''တဲ့။

ကျွန်တော်က သားသမီးသုံးယောက်ထဲမှာ အကြီးဆုံးလေ။ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားမှ နောက်နွားစဉ်ဆိုက် ဖြောင့်ဖြောင့်လိုက်မယ်မဟုတ်လား။ ကျွန်တော်ကိုယ်တိုင်က ပစ်ထားတာတဲ့ရင် ကျွန်တော့်ညီနဲ့ ညီမက အနားမကပ်ဘဲတောင် နေတတ်သွားလိမ့်မယ်။ ကျွန်တော်ကိုယ်တိုင်က နစ်သိမ့်ပြမှ သူတို့က ယုယတတ်မှာပေါ့။ သားသမီးက ပစ်ထားလို့ သေဆုံးသွားရတဲ့ မိဘမျိုး အဖေ့ကို အဖြစ်မခံနိုင်ဘူးလေ။ အဲတော့...

ဒီဘဝနှစ်မှာ သုခတွေခေါ်သလောက်
ဒုက္ခတွေကောင်းလိုက်ပုံများ...
ပြောမပြချင်တော့ပါဘူး အဖေရယ်။
ဒါပေမဲ့ မပူပါနဲ့လေ...
ပန်းတွေဝေနေတဲ့ နှလုံးသားတစ်ခု
တည်းနဲ့
အဖေ့ဆီကို မရောက်ရောက်အောင်
ပြန်ခဲ့မှာပါ။

**မင်းထက်မြိုင်**

ဆောင်းနှင်းမှုန်များ တဖွဲဖွဲကြွေနေသည့် နံနက်ခင်း…ကန်တော်ကြီးဘေး ပလက်ဖောင်းများပေါ်တွင် လမ်းလျှောက်သူ၊ အပြေးလေ့ကျင့်သူများအပြင် ဆော့ကစားနေသော လူငယ်များကို တွေ့နေရသည်။



ငယ်ရွယ်သူများရှိသလို၊ သူလို ပင်စင်စား အရွယ်များလည်း ရှိနေသည်။ တချို့လည်း အုပ်စုလိုက် ရယ်မောလို့ တချို့လည်း စုံတွဲများ လက်ချင်းချိတ်ပေးကြလို့၊ သူမှာသာ အဖော်မရှိ၊ ပေးကြမည့်သူမရှိ၊ အထီးကျန် ခံစားချက်များက သူ့နှလုံးသားကို နှမ်းနေစေတာ အမှန်ပင်။ သူခံစားချက်ကို ပိုရှိထိရှစေသော အမည်သစ်တစ်လုံးကို မကြာသေးမီက မှ သူပိုင်ဆိုင်လိုက်ရသည်။

''မုဆိုးဖို ဦးသန်းမောင်''တဲ့၊ သမီးရကို သူနားလည်ပါသည်၊ ဒါပေမဲ့ ထိုအမည်ကို ကြားရတိုင်း နှလုံးသည်းပွတ်ကို ဆုပ်နယ်ထားသလို မွန်းကြပ်စွာ ခံစားနေရသဲဖြစ်ကြောင်း သူဘာသာသိသည်၊

အခုလည်း နံနက်စောစော လမ်းထလျှောက်ဖို့ သူမှာ အဖော်မရှိ၊ သူနေသည့် ကျောက်မြောင်းမှ တိုက်ခန်းခန်းကျဉ်းတွင် သူနှင့် ကျွမ်းဝင်သူမရှိသေး။ သူပြောင်းရွှေ့လာတာလည်း တစ်လတောင်မပြည့်သေးဘဲကိုး။

သည်လို ဟိုပြောင်း သည်ရွှေ့နေခဲ့ရတာလည်း မကြာခဏဆိုတော့ ဘယ်နေရာမှာမှ သူနှင့် ကျွမ်းဝင်သူမရှိတာတ်ပြန်ပါ။ ဝန်ထမ်းဘဝတုန်းကတော့ သူ့ရုံးတာဝန်အရ ပြောင်းရွှေ့ခဲ့ရခြင်းပါ။ အခု ပြောင်းရွှေ့ရခြင်းက ရုံးတာဝန်မဟုတ်။ အိမ်တာဝန်။ အိမ်စောင့်တာဝန်။

သားသမီးခြောက်ယောက်၏အမှုဖြင့် ဟိုအိမ်သည်အိမ် ပြောင်းရွှေ့ရင်းမှ သူ၏ မုဆိုးဖိုသက်တမ်း လေးနှစ်ကျော်ကျော်ရှိခဲ့ပြီ။ ဦးသန်းမောင်၏ ရင်ထဲတွင် သားသမီးများခြင်းအတွက် သူလည်း ထရန်စဖာများရခြင်းဟု တွေးမိနေသည်။ အကာယ်၍များ သူမရှိတော့လျှင် သူတာဝန်ကို ဘယ်သူယူနိုင်ပါ့မလဲဟု တွေး၍ပူပန်သောက ရောက်မိတာလည်း အကြိမ်ကြိမ်။

ယခုလို လမ်းလျှောက်ထွက်နေရင်းတောင် ဘယ်သမီး အိမ်ရောက်ဦးမလဲဟု တွေး၍ ရင်ထဲပြုံးချင်ချင်။

✦ ✦ ✦ ✦ ✦



ဦးသန်းမောင်က ပင်စင်စားဖြစ်သည်။

ဝန်ထမ်းဘဝတုန်းက သုံးနှစ်တစ်ခါ အပြောင်းအရွှေ့ရှိ၍ နယ်စုံမှာနေခဲ့ရဖူးသည်။ ပင်စင်ယူပြီးချိန်မှာတော့ အတည်တကျနေနိုင်အောင် မိုလ်တထောင်ဘက်မှာ အိမ်ဝယ်လိုက်သည်။ သားသမီးများထဲမှ အိမ်ထောင်မကျသေးသော စတုတ္ထသား အောင်အောင်၊ ပဥ္စမသားလေး နောင်နောင်နှင့် သမီးထွေး လွှင်လွှင်တို့က ဦးသန်းမောင်နှင့်နေသည်။

သမီးကြီး ဇင်ဇင်က ကျောက်မြောင်းမှာ၊ သားလတ် မောင်မောင်က လမ်းမတော်မှာ၊ တတိယသမီး ယဥ်ယဉ်က မော်လမြိုင်မှာ သူ့အိမ်ထောင်နှင့်သူ အဆင်ပြေကြသည်။ ဇနီးဆုံးပြီးကတည်းက သမီးထွေး လွှင်လွှင်၏ ဂရုတစိုက်ပြုစုမှုကြောင့် သူ ကျန်းမာနေသည်။ တက္ကသိုလ်ကျောင်းသူ လွှင်လွှင်က စာကျက်ချိန်မှလွဲပြီး သူနှင့် အဖော်လုပ်၍ စကားဝိုင်းဖွဲ့ပြီး ကျောင်းအကြောင်း၊ အမျိုးတွေအကြောင်း၊ ပတ်ဝန်းကျင်အကြောင်း ပြောဆိုရယ်မောနေတတ်ခဲ့သည်။

ခုတော့ သမီးကြီးအိမ်မှာရောက်နေတာ တစ်လပြည့်တော့မည်၊ သူ့မှာ စကားပြောဖော်မရှိ။ ဇင်ဇင့်ခင်ပွန်း စင်ကာပူမှာ အလုပ်သွားလုပ်တော့ အိမ်စောင့်လိုတာနှင့် သူရောက်ခဲ့ခြင်းပါ။ မိုးလင်းတာနှင့် ဇင်ဇင်က ချက်ပြုတ်ကြော်လှော်ပြီး ထမင်းဗိုင်းပြင်ခဲ့ပြီးပြီ။ မြေးအကြီးကောင် ဇင်မျိုးက ဆယ်တန်းဂုဏ်ထူးထွက်ရေး ကျူရှင်တွေ ဝိုင်းတွေနှင့် တစ်နေကုန် အိမ်မကပ်။ အငယ်ကောင် ဇင်ဖြိုးက တစ်နေကုန်တက်ရသောကျောင်းမှ ခြောက်တန်း ကျောင်းသား။ ကိုးနာရီထိုးတာနှင့် အိမ်မှ အပြေးအလွှားထွက်ကြပြီ။

''ဖေဖေ…သမီးရုံးသွားတော့မယ်နော်၊ ဇင်ဖြိုးကို ကျောင်းပို့ခဲ့မယ်''

''အေး…အေး…သွားကြ…သွားကြ''

''ဖေဖေ့ဖို့ ထမင်းပြင်ခဲ့ပြီးပြီ၊ အားသေးသောက်ဖို့ မမေ့နဲ့နော် ဖေဖေ''

''အေးပါကွယ်…အေးပါ''

ဇင်ဇင်က ပဈွည်းအစုံအလင်ထည့်ထားသော သူ့ခြင်းလေးကိုဆွဲ၊ ဇင်မျိုးလက်ကိုဆွဲ၍ အိမ်မှထွက်ပြီ။ နွတ်ကလည်း တတွတ်တွတ် မှာသေးသည်။ သူတို့ထွက်လို့ကုန်မှ ဦးသန်းမောင်က တံခါးပိတ်ပြီး ပုတီးစိပ်၊ စားချိန်တန်စား၊ အိပ်ချိန်တန် တစ်ရေးအိပ်ရုံပေါ့၊

ဖေဖေ . . . မော်လမြိုင်ကို မီရာကားနဲ့ လိုက်ခဲ့ပါနော်၊ မမဖင်ရုံးကိုလည်း ဆက်ပြီးပြီ၊ ညနေ သူပြန်လာတော့ ပြောပြလိမ့်မယ်၊



ဒါပေမဲ့ ဦးသန်းမောင် စိတ်ငြိမ်ငြိမ်နှင့် ပုတီး စိပ်လို့မရခဲ့တာ အမှန်ပဲ။ ဖုန်းက ဘာရွမ်ရွမ် လာတတ်၍ ဖုန်းကိုင်လိုက်၊ ပုတီးကိုင်လိုက်၊ သူတို့မှာတာတွေ ရေးမှတ်လိုက် မနေ့စဉ် အလုပ်တစ်ခုလိုဖြစ်နေပြီ။

ဖင်ဖင်ကတော့ ဖေဖေ့ရှိနေခြင်းအတွက် အားရှိသည်ဟု တယ့်ယ့်ပြောတတ်သည်။ သူက လည်း သမီးတို့မိသားစုကို အနီးကပ်စောင့် ရှောက်ခွင့်ရနေတာကို ကျေနပ်ပြီးသားပါ။ သမီးက သူ့ခင်ပွန်းထံ ဖုန်းဆက်တိုင်း ပြော လေ့ရှိသော စကားတစ်ခွန်းကြောင့် ဦးသန်း မောင် ပီတိတွေပြာမိရပြင်။

"ကိုရေ . . . အိမ်အတွက် ဘာမှမပူနဲ့၊ အေးအေးဆေးဆေး ငွေရှာထားနော်၊ အိမ်မှာ ဖေဖေ့ကိုခေါ်ထားတော့ အစစလုံခြုံတယ်လေ၊ အိမ်စောင့်ဖော်ရတာပေါ့ ကိုရဲ့"

* * * * *

ဗိုလ်တထောင်အိမ်ကို ပြန်ဦးမှပါဟု ဦး သန်းမောင် မပြောမိမှာပင် မော်လမြိုင်မှ ဖုန်း ဝင်လာသည်။ သမီးလေတ် ယဉ်ယဉ်၏ သောကလွှမ်းသော ငိုသံနှင့်–

"ဖေဖေ…မော်လမြိုင်ကို မီရာကားနဲ့ လိုက်ခဲ့ပါနော်၊ မမဖင်ရုံးကိုလည်း ဆက်ပြီး ပြီ၊ ညနေ သူပြန်လာတော့ ပြောပြလိမ့်မယ်၊ ဒါပဲနော် ဖေဖေ၊ ဆက်ဆက်လာခဲ့ပါနော်"

ဖုန်းက ဒါပဲပြောသွားသည်။ ဒါပေမဲ့ ဦးသန်းမောင် အထုပ်ပြင်ထားနှင့်ပြီ။ ယဉ် ယဉ်က အဖေကို အားကိုးတကြီးနှင့် ခေါ်တာ လေ။ မသွားလျှင် အားငယ်ရှာရေမည်။ ဖခင် တစ်ယောက်အနေနှင့် သည်လောက် အပင် ပန်းခံရမည် မဟုတ်လား။

ဖင်ဖင် ရုံးမှပြန်ရောက်တော့ တဖျစ် တောက်တောက်နှင့် တာချီး။

"သူတို့ဆီမှာ ဒီသားတစ်ယောက်ကို တောင် မထိန်းနိုင်ကြဘူး။ သူတို့ စီးပွားရေးပဲ မဲပြီးလုပ်နေကြတာ။ သူ့သား ဝဏ္ဏက ဆိုင် ကယ် တစ်စီးနဲ့ လွတ်ချင်တိုင်းလွတ်နေမှာ ပေါ့၊ ခုတော့ ဘော်ဒါဆောင်လာနေတဲ့ မိန်း ကလေးကို ခိုးပြေးပြီတဲ့၊ ကောင်မလေးမိဘ တွေက ထားဝယ်ဘက်မှာဆိုတော့ နှစ် ယောက်စလုံးကိုရှာပြီး သွားအပ်ရမှာ ဖေဖေ ရေ၊ ဖေဖေ့ကို အမင်းချုပ်ဖို့ သူတို့မိတ်ဆွေ ကို မှာထားပြီးပြီတဲ့၊ ဖေဖေ ခရီးပန်းမှာ၊ အနေအစားဆင်းရဲမှာကို ထည့်မတွေးကြဘူး။ ဖေဖေ မသွားပါနဲ့လား။ အဲဒီမှာ တစ်ယောက် ယောက်ကို စောင့်ခိုင်းဖို့ ဖုန်းဆက်လိုက်မယ် နော်"

ဦးသန်းမောင် လက်ကာပြလိုက်သည်။

"ဟာ…နေ…နေ သမီး၊ ဖေဖေ သွား လိုက်ပါ့မယ်၊ ယဉ်ယဉ်က တခြားလူ စိတ်မချ လို့ နေမှာပေါ့ကွယ်၊ ဖေဖေ့ကို အားကိုးလို့ ခေါ်ကာမှ ခေါင်းရှောင်လို့မသင့်တော်ပါဘူး။ ခရီးပန်းတာလည်း ပန်းတာပေါ့၊ ဟိုမှာ အနား ယူလိုက်ရင် ရပါတယ်၊ ဖေဖေ စောင့်ပေး တော့ နောက်ကြောင်းအေးတာပေါ့၊ သူတို့က ခရီးဝေးသွားရမှာ မဟုတ်လား။ စိတ်ချလက် ချ သွားကြပါစေ၊ ဖေဖေ သွားလိုက်ပါ့မယ်"

ဦးသန်းမောင် အထုပ်ပြင်နေစဉ် မြေး ကြီး ဖင်မျိုးက ရယ်ကျဲကျဲနှင့် စပြီ–

"ဗိုးဗိုးကလေ . . . ဝန်ထမ်းဖြစ်တုန်းက လည်း ထရန်စဖာရှိတယ်၊ ခုလို ပင်စင်စား ဘဝမှာလည်း ထရန်စဖာရှိတာပဲနော်…ဟီး– ဟီး"

"အေး–ပေါ့–ပေါ့ အထက်အမိန့်အရ ပေါ့ မြေးကြီးရယ်"

မြေးအဘိုးနှစ်ယောက်ရယ်သံကြောင့် ဖင် ဖင်ပါ ပြုံးနေမိတော့သည်။

* * * * *

သမီးလေတ် ယဉ်ယဉ်၏သား မင်္ဂလာ ကိုရှုပြီးတော့ ဦးသန်းမောင် ရန်ကုန်ပြန်ချင် ပြီ။ မင်္ဂလာဧည့်ခံပွဲတုန်းက လွှင်လွှင်ရောက် လာပြီး တိုးတိုးလေးမှာသွားတာကို ဦးသန်း မောင် မမေ့။ လွှင်လွှင်က ဖေဖေ ပြန်ပြန်ပြန် လာနော်ဟု မှာရှာသည်။

ရှေ့တစ်ပတ်ထဲ ရန်ကုန်ပြန်မည်။ လွှင် လွှင်နှင့် တစ်လှည့်နေဦးမှပါဟု တွေးမိသည်။ ဒါပေမဲ့ ဦးသန်းမောင်၏ စိတ်ကူးများ ခေတ္တ သိမ်းထားဖို့ အကြောင်းပေါ်လာပြန်ပြီ၊ လမ်း မတော်မှ သားမောင်မောင်နှင့် ဇနီး မြမာတို့ က ဖုန်းဆက်ခေါ်သည်။ ယဉ်ယဉ်က နှုတ်ခမ်း တစုစုနှင့်–

"ဖေဖေ့သားက အကြံကြီးလိုက်တာ၊ ရွှေပြည်သာမှာ မြေကွက်ကြီးဝယ်ထားတယ်တဲ့၊ နှစ်ထပ်တိုက်လည်း ပါတယ်တဲ့၊ အထည်ချုပ် စက်ရုံ ထောင်မှာမို့လို့ ချုပ်စက်တွေ မော်တာ တွေ၊ အနားလုံးစက်တွေနဲ့ ပစ္စည်းအတော် များများ ဝယ်ထည့်ထားပြီးပြီတဲ့၊ ခြံစောင့် ခေါ်ထားတာ ပစ္စည်းတချို့ ခိုးပြီးရောင်းတာ တွေ့လို့ အလုပ်ဖြုတ်ပစ်လိုက်ပြီတဲ့၊ အဲဒီမှာ သူခိုးလည်း သောင်းကျန်းတော့ ပစ္စည်းတွေ စိတ်မချလို့ ဖေဖေ ခဏလောက် လာနေပေး ပါတဲ့ ကဲ– ဖေဖေဖယ်ပန်းမှာကို ထည့်မတွက်



မိဘဆိုတာ သာတယ်၊ နာတယ်
တွက်လို့ဖြစ်မလား၊ သမီးတို့အိမ်မှာ
လာနေဖို့လိုတော့လည်း
ဖေဖေ တစ်ခေါက်ထပ်လာမှာပေါ့

ဘူး သူကိစ္စပဲ သူသိတယ်၊ မသွားပါနဲ့ ဖေဖေ ရယ်၊ ရွှေပြည်သာဆိုတာ ဟိုးအဝေးကြီးမှာ"

"ဪ . . . သမီးရယ်၊ မိဘဆိုတာ သာတယ် နာတယ် တွက်လို့ဖြစ်မလား၊ သမီးတို့အိမ်မှာ လာနေဖို့ လိုတော့လည်း ဖေဖေ တစ်ခေါက်ထပ်လာမှာပေါ့၊ ခုတော့ မောင်မောင့် စီးပွားရေးဆိုတော့ ဖေဖေ မျက်နှာလွှဲလို့ ဘယ်ဖြစ်မလဲ သူ့စီးပွားရေးကို နားမလည်ပေမယ့် သူ့ပစ္စည်းတွေကို စောင့်ရှောက်ပေးနိုင်တော့ သူလည်း အားရှိတာပေါ့ကွယ်"

ယဉ်ယဉ်နှင့် သွားရေး မသွားရေး ဆွေးနွေးနေစဉ် ယဉ်ယဉ်သား ကျော်စွာက ဟက်ခနဲ ရယ်လျက်–

"ဖိုးဖိုးကို ရာထူးသစ်နဲ့ နာမည်ပေးဖို့ ကောင်းနေပြီ"

"အင်း . . . မဟုတ်တာကပြီး ပြောတော့မယ်၊ ပြောပါအုံး ဖိုးဖိုး ရာထူးသစ်ကို"

"ဟီး…ဟီး အိမ်စောင့်အရာရှိလို့လေ"

ခေါင်းတညိတ်ညိတ်နှင့် ဦးသန်းမောင် ရယ်တော့ ယဉ်ယဉ်မျက်နှာ ပြုံးတုံ့တုံ့။

✦ ✦ ✦ ✦ ✦

ရွှေပြည်သာခြံထဲမှ နှစ်ထပ်တိုက်တွင် ဦးသန်းမောင်နှင့် အလုပ်သမားတစ်ယောက် နေရသည်။ လုပ်ငန်းက မစသေးတော့ ပစ္စည်းတွေလည်း နေသားတကျမရှိ၊ ရုပ်ထားတာရော ပြန့်ကျဲနေတာရော ဖုလို့၊ သူ့နိုး မျက်စိကျစရာ ဖြစ်နေပြီ။

ဦးသန်းမောင်အတွက် ထမင်းချိုင့်ကို နံနက်စာနှင့် ညစာအတွက် တစ်ခါတည်း ပို့ထားသည်။ တစ်ခါတရံတော့ သမီးထွေး ဖျော်ပေးသော ကော်ဖီခါးခါးနှင့် ပေါင်မုန့်ကြော်ကို သတိရမိသားပေါ့။ ဒီမှာတော့ ပေါင်မုန့်ကြော်လည်း ဝေး ထမင်းကြော်လည်း ဝေး။

အလုပ်သမားကလည်း သူ့ကို ပြုစုယုယနေနိုင်သူမဟုတ်။ ခြံထဲမှာ ရှင်းရလင်းရ ပြောင်းရွှေ့သယ်ပိုးရနှင့် သူ့ဝမ်းတောင် အချိန်လှ၍ စားနေရရှာသူ။ နောင်နောင် လာလည်တော့ ဦးသန်းမောင်၏ အနေအထားကိုကြည့်ပြီး မျက်ရည်စဝဲနေပြီ။

"ပင်ပန်းလိုက်တာ ဖေဖေရယ်၊ နေ့မအိပ်ရ ညမအိပ်ရနဲ့ လုံးပါး ပါးတော့မှာပဲ၊ ကိုမောင့်ကို သွားပြောလိုက်မယ်၊ ဖေဖေ သားတို့နဲ့ လာနေတော့နော်"

"သားရယ်၊ အဖေဆိုတာ သားသမီးရဲ့ လိုအပ်ချက်ကိုသိရင် ဖြည့်ဆည်းပေးချင်တဲ့ ဆန္ဒ ရှိစမြဲမဟုတ်လား။ တစ်နေ့တော့ သားလည်း နားလည်လာမှာပါကွယ်"

ဦးသန်းမောင်က နောင်နောင့်ကို ပြုံးကြည့်ရင်း နှစ်သိမ့်စကားဆိုပြီ။ နောင်နောင်က ခေါင်းညိတ်လျက် နှုတ်ဆက်ပြန်ရသည်။ နောင်နောင့်မျက်ဝန်းမှ မျက်ရည်စကိုတော့ ဦးသန်းမောင် မြင်မိလိုက်သေးသည်။ "သားလေး စိတ်မကောင်းမဖြစ်ပါနဲ့ ဖေဖေက ဖြည့်ဆည်းပေးရမှ အဖေပီသမှာပေါ့ကွယ်"ဟု တီးတိုးပြောနေမိတော့သည်။

✦ ✦ ✦ ✦ ✦

"ဖေဖေ့ကို ကယ်ပါအုံး ဖေဖေ့ကို ကယ်ကြပါအုံး…ဟီး…ဟီး"

လွှင်လွှင်က ဟီးချ၍ ငိုပြီ၊ သီးသန့်ခန်းတစ်ခုလုံး ဆူညံနေတော့သည်။

"တောက် . . . ဖေဖေသေသလိုကတော့ ကိုမောင် တရားခံပဲ၊ ကိုမောင် သတ်တာပဲ၊ ကိုမောင့်ခြံကို စောင့်ရလို့ ဒီလိုဖြစ်တာ"

အောင်အောင်က ပေါက်ကွဲသံနှင့် မောင်မောင့်ကို လက်ညှိုးတထိုးထိုး၊ ဦးသန်းမောင်၏ ရင်နှင့်ခေါင်းတွင် ပတ်တီးဖြူဖြူများအပြည့်၊ ညက နိုးစိမ့်စိမ့်ရွာတော့ သူ့နိုးက ခြံကိုကျော်ဝင်ပြီး ပစ္စည်းခိုးသည်၊ ဦးသန်းမောင် လက်နှိပ်ဓာတ်မီးနှင့် ထွက်လာတော့ ဓားနှင့်ထိုး၊ တုတ်နှင့်ရိုက်ပြီး ထွက်ပြေးကြသည်။ ဓားက ဘယ်ဘက်နံရိုးကြားသော ထိုးမိ၍ အသက်မသေသော်လည်း ဒေဒနာခံစားရချက်က သက်သာမှုယ်မရှိ၊ လူနာကို ဆေးမျိုးစုံ ထိုးထားသဖြင့် ငြိမ်သက်နေပေမယ့် ခွမ်းနယ်နေဟန်ကို ဖုံး၍မရ။

ဦးသန်းမောင်ကိုကြည့်၍ အားလုံး၏ ရင်ထဲတွင် မချိတင်ကဲဖြစ်ရသည်။ မောင်မောင်နှင့် ဇင်ဇင်က ဖေဖေ နေကောင်းလျှင် အိမ်မှာခေါ်ထားကြမည်ဟု တာဝန်စကားပြောကြသည်။ လွှင်လွှင်က စိတ်မထိန်းနိုင်ဘဲ ငိုသံရှိက်သံဖြင့် ပြောချမိတော့သည်။

"တော်ကြပါတော့…ဖေဖေ့ကို မခေါ်ကြပါနဲ့တော့၊ အိမ်ဦးခန်းမှာထားပြီး ကျွေးမွေးပြုစုချင်လို့မှ မဟုတ်တာ၊ အသုံးချဖို့ ခေါ်ထားကြတာပဲ၊ ဖေဖေက အသက်ကြီးမှ အိမ်စောင့်ကြီးအဖြစ်နဲ့ အသုံးချခံနေရတဲ့အဖြစ်ကို သနားကြပါအုံး"

လွှင်လွှင်စကားကြောင့် အားလုံး သက်ပြင်းချ၍ ငြိမ်နေမိကြသည်။ သူတို့မှာ ဆင်ခြေပေးစရာ စကားလုံး ရှားပါးနေကြပြီ၊ နောင်နောင်ကလည်း မျက်ရည်မွဲနှင့်–

"ကျွန်တော်ပြောရအုံးမယ်၊ မမဇင်တို့အိမ်မှာရော၊ ကိုမောင့်ခြံထဲမှာရော၊ ဖေဖေ ထမင်းစားနေချိန်မှာ ကျွန်တော်ရောက်သွား

တယ်၊ ထမင်းဝိုင်းမှာ တစ်ယောက်တည်း ထိုင်စားနေရရှာတယ်၊ အဒီပ်ပျက်၊ အစားပျက်နဲ့ ပိန်နေပြီ၊ ဖေဖေကလေ သားသမီးတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းရင်းနဲ့ အထီးကျန်ဖြစ်နေတာ၊ ဖေဖေ့ကိုကြည့်ပြီး ကျွန်တော် ငိုမိခဲ့တယ်၊ ဖေဖေ့ကို သိပ်သနားတာပဲ''

နောင်နောင့်စကားဆုံးတော့ ဖင်ဖင့်ထံမှ ရှိုက်သံထွက်လာသည်။ နောင်တစကား မဆိုမေမယ့် တောက်ပြမှ မြင်လိုက်ရသလို ရင်ထဲထိထိရှရှခံစားလိုက်ရသည်။ မသေကောင်း၊ မပျောက်ကောင်းပါပဲ။ စားချက်က အသက်နှင့် လွဲပေလို့၊ နို့နို့ဆိုလျှင် ဖေဖေ့အသက်ကို စောင် မိကြပြာမယာတ်တော့ပါလားဟု တွေးမိနေသည်။ အသက်ကြီးမှ ခြံစောင့်ဖြစ်ရလေခြင်းဟု မချိတင်ကဲပြောသူကပြော၊ နှမ့ိုပြီး အထီးကျန်လေခြင်းဟု ယူကျုံးမရဖြစ်သူဖြစ်၊ ဦးသန်းမောင်ကို အိမ်စောင့် ခြံစောင့် မလုပ်နိုင်အဲ ကျွေးမွေးပြုစုမည်ဟု တာဝန်ယူသူက ယူ။

အောင်အောင်က ဘယ်သူမှ မခေါ်ကြနှင့်ဟု တင်းမာသရို ဖေဖေ့ကိုလည်း တာမမှဖြစ်တော့မည်ဟု နောင်နောင်က ဆုံးဖြတ်ချက် တချရချင်း၊ လွင်လွင်ကတော့ ဦးသန်းမောင်၏ ခြေဖဝါးလေးကို ဆုပ်နယ်ရင်း ငိုရှိုက်မဆုံး။

ဘယ်သူတွေ ဘာကြီးပြောနေနေ ဦးသန်းမောင်ကတော့ ဘယ်သူ့ကိုမှ အပြစ်တင်လိမ့်မည် မဟုတ်ပါ။ နေကောင်းကျန်းမာ၍ သွက်ကိုယ်သူ အသုံးချနိုင်ပြီဆိုလျှင် သားသမီးများအတွက်သာ ဦးသန်းမောင် တွေးမှာ သေချာသည်။

တစ်ယောက်ယောက်က တားလျှင်လည်း-

''အဖေဆိုတာ သားသမီးတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေရရင် ကျေနပ်နေတာပါပဲကွယ်''ဟု အပြုံးပြပြနှင့် တဖွဖွပြောရင်း အထုပ်ပြင်နေဦးမည်ဆိုတာ...

**မိုးပန်းမွှန်(ရာမည)**



# ဆေးရုံတက်သင့်တဲ့လူ

ဧည့်သည်တစ်ယောက်က စိတ်ရောဂါကုဆေးရုံကို လာလည်ပြီး ဆေးရုံက လက်ထောက်တစ်ယောက်ကို စူးစမ်းတယ်-

စိတ်ရောဂါသည် လူနာတစ်ယောက်ကို ဆေးရုံက ဆင်းသင့်ပြီလို့ ဘယ်လိုအချိန်မှာ ဆုံးဖြတ်သလဲပေါ့။

ဆေးရုံက လက်ထောက်ကဖြေတယ်-

''ဒီလိုမျှ လူနာအားလုံးကို စစ်ဆေးဖို့ကျတော့လည်း ဆရာဝန်တွေက တအားအလုပ်များကြတယ်လေ၊ ဒီတော့ ရေစည်ခပ်ကြီးကြီးတစ်ခုကို အောက်ခံထားပြီး ရေဘုံပိုင်ခေါင်းကို ဖွင့်လိုက်တယ်၊ ရေတွေက စည်ထဲကျနေတုန်း လူနာတွေကို ရေပုံးတွေယူလာကြဖို့နဲ့ ရေစည်ထဲကရေတွေကို ကုန်အောင်ခတ်ထုတ်ကြဖို့ ပြောလိုက်တယ်''

''ဒီတော့ ဘယ်လိုဖြစ်သွားလဲ''လို့ ဧည့်သည်က စိတ်ဝင်တစားနဲ့ မေးတယ်။

''ဒီလိုပြောလိုက်တယ်ဆိုရင်ပဲ၊ အခြေအနေကောင်းတဲ့ လူနာတစ်ယောက်က ရေဘုံပိုင်ခေါင်းကို သွားပိတ်လိုက်တာပေါ့ဗျာ''

''ဟာ...ဟုတ်တယ်ဗျို့၊ ကျွန်တော် ဒါမျိုးမစဉ်းစားမိဘူး''လို့ ဧည့်သည်က တအံ့တသြနဲ့ ပြောလိုက်ပါတယ်။




**မောင်သီဟ**

City MAGAZINE

ကိုကံလှတို့ရွာက တောင်ခြေရွာဆိုသော်လည်း စောကျိမ်းတို့ မိုးမလင်းမီက ထွက်လာလိုက်ကြသည်မှာ မိုးထိန်ထိန်လင်းမှ တောင်ခြေကိုရောက်ကြသည်။ ထင်းခုတ်လှည်းများသွားသော လှည်းလမ်းကြောင်းအတိုင်း လိုက်လာသော ကြောင့်သာ ခရီးတွင်ခြင်းဖြစ်သည်။ တော လမ်းအတိုင်းဆိုပါက မိုးထိန်ထိန်လင်း တာတောင် မရောက်နိုင်မှန်း စောကျိမ်း တွေးမိသည်။



တောင်ခြေကနေ ပတ်၍ပြေသော တောလမ်းအတိုင်း တောင်ကြောကိုပတ်၍ တက်လာကြရာ ပေတာစ်ထောင်ကျော်လောက်တော့ရောက်နေလောက်ပြီဟု စောကျိမ်းက ခန့်မှန်းလိုက်သည်။ မြရာတောအတွင်း လူသွားလမ်းကလေးအတိုင်းလျှောက်လာကြရာ ဆယ်ပေခန့်ကျယ်သော ရေမရှိသည့် သဲချောင်းကလေးတစ်ခုကို ရောက်လာကြသည်။ ရှေ့ကနေ လမ်းပြအဖြစ်သွားနေသော အောင်လှက–

"မှဆိုးကြီး သဲပေါ်မှာတော့ ခြေရာတွေ ရှုပ်နေတာပဲ"

"အေး–တွေ့တယ်။ တောဝက် ခြေရာတွေများတယ်၊ တချို့ခြေရာတွေက ချေ(ဂျီ)နဲ့ တောကြောင်ခြေရာတွေကွ"

ကံစိန်က–

"တောဝက်ခြေရာတော့ သိတယ် မုဆိုးကြီး၊ ချေ(ဂျီ)ခြေရာက ဘယ်ဟာတွေလဲ"

စောကျိမ်းက ရှုပ်ထွေးနေသော ခြေရာများအကြားမှ တစ်နေရာကို လက်ညှိုးထိုးပြကာ–

"ဒီဟာကိုကြည့်၊ ချေ(ဂျီ)ဆိုတဲ့ အကောင်မျိုးက သိပ်ပါးနပ်တယ်၊ ဒီ စိုက်ကျနေတဲ့ ခွာရာက ဒီကောင့်ခြေရာပဲ တောဝက်တွေလို အပြားလိုက် ခြေမချဘူး။ အပေါ်တည့်တည့်ကနေ ခွာကို စိုက်ချထားတာ"

စောကျိမ်းက တစ်စုံတစ်ခုကို စဉ်းစားလိုက်ကာ–

"ဒီပတ်ဝန်းကျင်မှာ ကျစ်တွင်းတွေ ဘာတွေများရှိလား"

"ကျစ်တွင်းတော့မရှိဘူး။ ရှေ့နားမှာ ရေထွက်ကလေး တစ်ခုတော့ ရှိတယ်"

"ဝေးလား"

"မဝေးဘူး။ ဒီသဲချောင်းကလေးအတိုင်း တက်သွားရင် ၁၅ မိနစ်၊ မိနစ် ၂၀လောက်ဆိုရင် ရောက်တယ်"

**စောကျိမ်းထံမှ ထွက်လာသော သေနတ်သံဖြစ်သည်။**
**ကျော်စိုးနှင့် တင်ဝင်းက ပစ်ချိန် ပင်မရလိုက်။**
**စောကျိမ်းက ပစ်လည်းပစ်၊ ပြေးလည်းပြေးကာ. . .**

"ဒါဆိုရင် သဲချောင်းကို ဆန်တက်ရအောင်၊ အဲဒီရေထွက်မှာ တောဝက်၊ ဒါမှမဟုတ် ချေ(ဂျီ) တွေ့နိုင်တယ်၊ တို့က ငါး ယောက်တောင်ဆိုတော့ ခြေသံလုံပစေဟေ့"

အောင်လှနှင့် ကံစိန်က ရှေ့ကသွားကာ စောကျိမ်း ကျော်စိုးနှင့် တင်ဝင်းက နောက်က လိုက်လာကြသည်။ စောကျိမ်းက သတိပေးလိုက်သောကြောင့် ကျော်စိုးနှင့်တင်ဝင်းက သေနတ်များကို နေရာပြောင်းကိုင်လိုက်ကြသည်။ လျှောက်လာကြရင်း ခဏအကြာတွင် အောင်လှနှင့် ကံစိန်က ရပ်လိုက်ကာ၊ အောင်လှက–

"မုဆိုးကြီး၊ ရေ့နားဆို ရောက်ပြီ"

စောကျိမ်းနှင့် ကျော်စိုးက ရှေ့ကို တက်လိုက်ကာ တဖြည်းဖြည်း လျှောက်လာကြသည်။ သဲချောင်းအကွေ့ကလေးကို ကျော်ပြီး ချောင်းဘေးရှိ မြရာချုံကိုဖယ်ကာ ထွက်လိုက်သည်နှင့် ရေထွက်နေရာတွင် ငုံကာ ရေသောက်နေသော တောဝက်နှစ်ကောင်။ စောကျိမ်းက မီးခြစ်ကို ထုတ်ကာ ခြစ်လိုက်သည်။ မီးတောက်ကလေးက ငြိမ်နေသည်။

သံပြင်ပေါ်တွင် လျှောက်လာကြသောကြောင့် ခြေသံလုံနေ၍ တောဝက်များက အေးအေးဆေးဆေး ရေသောက်နေကြခြင်း ဖြစ်သည်။ ပစ်ကွင်းကောင်းစေရန် စောကျိမ်းနှင့် ကျော်စိုးက မြရာချုံများကို အကာအကွယ်ယူ၍ တဖြည်းဖြည်း၊ တက်လာကြသည်။ ထိုအချိန်တွင် တောဝက်တစ်ကောင်က ခေါင်းထောင်ကာ နောက်သို့ ချာခနဲလှည့်လိုက်၍–

"ခေါ–ဖြော––ဖြော"

တစ်ကောင်က ရှေ့က အလျှင်ပြေးလာကာ၊ နောက်တစ်ကောင်က နောက်ကနေ လိုက်လာရင်း စောကျိမ်းတို့ရှိရာသို့ တည့်တည့်ပြေးဝင်လာခြင်း ဖြစ်သည်။

"ဒိုင်း"

စောကျိမ်းထံမှ ထွက်လာသော သေနတ်သံဖြစ်သည်။ ကျော်စိုးနှင့် တင်ဝင်းက ပစ်ချိန် ပင်မရလိုက်။ စောကျိမ်းက ပစ်လည်းပစ်၊ ပြေးလည်းပြေးကာ သဲချောင်း၏ ကမ်းပါးပေါ်ကို တက်လိုက်သည်။ ပါလာသော နောက်ကအဖွဲ့လည်း စောကျိမ်းလိုပင် ဈေးနှုန်းကားနှင့် နီးရာကို ပြေးရှောင်ကြရတော့သည်။ စောကျိမ်းကကမ်းပါးပေါ်အရောက်တွင်–

"ခေါ––ဖြော––ဖြော"

"အား––လုပ်ကြပါအုံး"

ကံစိန်က တောဝက်တစ်ကောင်၏ဘေးတွင် တရွတ်တိုက်ကာ ပါသွားသည်။ တောဝက်က သဲချောင်းအတိုင်း ပြေးနေရာမှ ကမ်းပါးပေါ် ပြေးအတက်တွင် ကံစိန် ကျွမ်းနေခဲ့သည်။ တစ်ကောင်က ဘယ်ရောက်သွားသည် မသိ။ အရိပ်အယောင်ပင် မတွေ့ရတော့။

စောကျိမ်းတို့ကတိုးရိုမ်တကြီး ဖြင့် ကံစိန်အနားသို့ရောက်သည် အထိ ကံစိန်က မထနိုင်သေး။ အောင်လှက ကံစိန်ကို ဆွဲထူ ရင်း–

"ကံစိန်–ဘယ်လိုဖြစ်တာလဲ"

ကံစိန့်ကိုယ်တွင် ပွန်းရာ ပွဲရာ အနည်းငယ်မှလွဲ၍ ထွေထွေထူးထူး မတွေ့ရ။ လက်ဖဝါးတွင် သဲများနှင့်ရော၍ သွေးစအနည်းငယ်တွေ့ရသည်။ ကံစိန်က သွေးပေနေသော သူ့လက်ဝါးကို ဖြန့်ကြည့်ရင်း–

"ကျွန်တော့်လက်က ဘာမှ မဖြစ်ဘူး။ တောဝက်ကို ဆွဲလိုက်ရင်း သူ့ကိုယ်က ပေတာဖြစ်မယ်၊ မုဆိုးကြီးပစ်လိုက်တာ သူ့ကို မှန်သွားတယ်ထင်တယ်"

"မင်းက ဘယ်လိုဖြစ်ရတာလဲ"

"တောဝက်ပြေးလာတာ တွေ့လိုက်တော့ ရှောင်ဖို့လုပ်နေရင်း ခြေထောက်တစ်ဖက်က သဲထဲကိုကျွံပြီး လဲသွားတယ်၊ အဲဒီအချိန်မှာ တောဝက်က အနားရောက်လာတော့ သူ့ခေါင်းနဲ့ ပခုံးက လုံချည်ပေါင်းနဲ့ချိတ်ပြီး ပါသွားတာပဲ၊ လုံချည်က ဟောင်းနေတော့ပြတ်ထွက်သွားလို့ တော်သေးတာပေါ့"

## တစ်နေ့ရာအရောက်တွင်
## ငှက်တစ်အုပ်၏ ဆူညံနေသော အသံများကိုကြားရသောကြောင့်
## တစ်နေ့ရာမှ ချောင်းကြည့်လိုက်ကြသောအခါ

ကံစိန်တို့ အောင်လှတို့က တောထဲဝင်၍ ထင်းခုတ်၊ ဝါးခုတ်၊ တောလိုက်လုပ်ကြလျှင် လုံချည်ပေါင်းတစ်ထည်ကို စလွယ်သိုင်းထားတတ်ကြသည်။ ထိုစလွယ်သိုင်းထားသောလုံချည်ပေါင်းက တောဝက်နှင့် ချိတ်ပါသွားခြင်းဖြစ်သည်။

''တောဝက်ကိုထိတာသေလောက်တဲ့ဒဏ်ရာတော့မဟုတ်ဘူးကွ၊ ဆက်လိုက်ရင်အန္တရာယ်များတယ်၊ သွားကြရအောင်''

သဲချောင်းအတိုင်း ပြန်စုန်လာကြကာ၊ နာရီဝက်လောက် လျှောက်လာကြပြီးနောက် ဝဲဘက်တောင်ကြောအတိုင်းတက်လာကြသည်။ တောင်ကြောက သစ်ပင်ကြီးများ ကျိုးတို့ကျဲတဲပေါက်နေပြီး၊ အောက်ခြေရှင်းသော တောဖြစ်သည်။

တစ်နေ့ရာအရောက်တွင် ငှက်တစ်အုပ်၏ ဆူညံနေသော အသံများကိုကြားရသောကြောင့် တစ်နေ့ရာမှ ချောင်းကြည့်လိုက်ကြသောအခါ စောကျိမ်းက–

''ဟာ–ဝါးရောင်းငှက်တွေကွ၊ ဟင်းစားတော့ရပြီ၊ အောင်လှနဲ့ ကံစိန် မင်းတို့ထဲက သားရေခွ ဘယ်သူကောင်းကောင်း ပစ်တတ်လဲ''

ကံစိန်က–

''ကျွန်တော်ရတယ် မှဆိုးကြီး''

''အေး– ဒါဆို တို့အထဲက ကျော်စိုးလည်း သားရေခွပါတယ်၊ မင်းတို့နှစ်ယောက် အပင်အောက်ကိုသွားပြီးဆော်ကြကွာ''

ကျော်စိုးနှင့် ကံစိန်က ပါလာသော အထုပ်အပိုးများကိုချကာ သားရေခွကိုယ်စီနှင့် ထွက်သွားကြသည်။ ဝါးရောင်းငှက်များက ဈောက်လုပ်ပင်ပေါ်တွင် ဆူညံနေကြသဲ၊ တင်ဝင်းက–

''စောကျိမ်း–အဲဒါဝါးရောင်းငှက်တွေ မဟုတ်လား''

''အေး''

''ဆက်ရက်ငှက်လောက်ရှိတယ်နော်''

''ဒီကောင်တွေက အခုလိုပဲ အုပ်လိုက်နေတတ်တယ်ကွ၊ တော်ရုံ အောက်ကနေပစ်လို့ပြေးတာမဟုတ်ဘူး။ ၄–၅ ကောင်ရရင် တစ်ဟင်းစားပေါ့''

ကံစိန်နှင့် ကျော်စိုးတို့ သားရေခွများဖြင့် ပစ်နေကြသည်ကိုမြင်နေကြရသည်။ စောကျိမ်းပြောသည့်အတိုင်း သားရေခွသံ ကြားသော်လည်း ထမပြန်ကြ။ သစ်ပင်ကိုင်း တစ်ကိုင်းမှ တစ်ကိုင်းသို့ ခုန်ဆွခုန်ဆွ လုပ်နေကြသည်။ အောင်လှက မနေနိုင်သောကြောင့် ကံစိန်နှင့် ကျော်စိုးတို့ ပစ်၍ကျလာသော အကောင်များကို ပြေးကောက်တော့သည်။

အကောင်များ ဈောက်လုပ်ပင်ပေါ်မှ ရှင်းသွားမှ စောကျိမ်းတို့ အပင်အောက်ကို ဝင်လာကြသည်။ အောင်လှထံတွင် လုံချည်ပြင့်ထုပ်ထားသော ဝါးရောင်းငှက်များ···

''ဘယ်နှကောင်ရလဲကွ''

''မဆိုးဘူးဗျ၊ ကိုးကောင်တောင် ရတယ်''

''မဆလာနိုင်နိုင်နဲ့ ငရုတ်သီး စပ်စပ်လေး ချက်စား။ ဒါမှမဟုတ် ကြော်စား။ သိပ်ကောင်းပေါ့···အောင်လှရေ ငုတ်တွင်း (တောင်ကြားလျှိုကြီး)ကို ဝေးသေးလားဟေ့''

''မဝေးတော့ဘူးမှဆိုးကြီး။ မွန်းတည့်လောက်ဆို ရောက်လိမ့်မယ်''

''အေး–ဒါဆို ဆက်ကြရအောင်ကွာ''

နေမြင့်လာသောကြောင့် အားလုံး ချွေးပြိုက်ပြိုက်ကျနေပြီ။ ကျေးငှက်သံ၊ တောမျောက်များ၏ အော်သံက မကြာခဏ ကြားနေရသော်လည်း တောကြီးက ငြိမ်သက်လျက်ရှိသည်။ တစ်နာရီလောက် တောတိုးလာကြသည်အထိ တောကောင်ကို တစ်ကောင်တစ်မြီးမျှ မမြင်ကြရသေး။ ခြေသံလုံလုံဖြင့် လမ်းလျှောက်လာကြသော်လည်း သစ်ရွက်ခြောက်များကြောင့် ချိုးချိုးချွတ်ချွတ်အသံများကို ကြားနေကြရသည်။ စောကျိမ်းက–

''ခဏနားပြီးစားကြသောက်ကြရအောင်ကွာ''

အရိပ်ကောင်းသော သစ်တိုပင်ကြီးတစ်ပင်အောက်တွင်





ခြေပစ်လက်ပစ် ထိုင်လိုက်ကြသည်။ မိမိအစီအစဉ်ဖြင့် မိမိတို့ယူလာကြသော စားစရာများကို ထုတ်လိုက်ကြသည်။ စောကျိမ်းက–

"တင်ဝင်း…စားဦးစားဖျား နည်းနည်းစီလောက် တော မြှောက်လိုက်ပါကွာ၊ ချိုကျိုး နားရွက်ပုံကလေးတွေလည်း နှင့်ကြဖို့ တောင်းလိုက်ပါအုံးကွာ"

တင်ဝင်းက စောကျိမ်းပြောသည့်အတိုင်း သစ်တိုပင်ကြီးအောက်တွင် စားဦးစားဖျား အနည်းငယ်စီကို တင်မြှောက်လိုက်သည်။ မြေပေါ်တွင် သစ်ရွက်ခြောက်များကိုလှဲကာ ပါလာကြသည့် စားစရာများကို ချလိုက်ကြသည်။ ကောက်ညှင်းငချိပ်ပေါင်း၊ အမဲခြောက်ဖုတ်၊ ဗူးရွက်ကြော်ချက်၊ မြင်းခွာရွက်သုပ်နှင့် အောင်လှက သစ်ရွက်စိမ်းနှင့် ထုပ်ထားသော အထုပ်ကလေးတစ်ခုကိုထုတ်လိုက်သည်။

အားလုံးက ထိုအထုပ်ကလေးကို စိတ်ဝင်စားနေကြသည်။ အောင်လှက အထုပ်ကလေးကို ဖြည်လိုက်ရင်း–

"တခြားတော့ မဟုတ်ပါဘူးဗျာ၊ ငရုတ်သီးစိမ်းကို ထုထောင်း၊ ငါးပိနဲ့ရောပြီး ခြယားရွက်နဲ့ ထုပ်လာတာပါ၊ ထမင်းပူပူကလေးနဲ့ဆိုရင်တော့ သိပ်လိုက်ပေါ့ဗျာ၊ အခုတော့ ကောက်ညှင်းငချိပ် အေးစက်ကြီးနဲ့ပေါ့"

"ထမင်းချက်ဖို့ကတော့ တစ်ယောက်မှ ဆန်ယူမလာဘူး။ ချက်ဖို့လည်းအချိန်မရှိပါဘူးကွာ၊ တင်ဝင်းနဲ့ ကျော်စိုးက မင်းတို့ ရေဘူးတွေ ထုတ်ကြအုံးမှာလား"

ကျော်စိုးက–

"ထုတ်ရမှာပေါ့ စောကျိမ်းရယ်၊ အမောပြေလေးပေါ့"

ကျော်စိုးထုတ်လိုက်သော ရေဘူးက အာဗီရပ်နှင့် ရေရောထားသောဘူးဖြစ်သည်။ အောင်လှနှင့် ကံစိန်က သောက်တတ်သောကြောင့် နည်းနည်းစီထည့်ပေးလိုက်သည်။ ကောက်ညှင်းငချိပ်ပေါင်း၊ အမဲခြောက်ဖုတ်၊ ဗူးရွက်ကြော်ချက်၊ မြင်းခွာရွက်သုပ်၊ ခြယားရွက်နှင့် ထုပ်ထားသော ငါးပိထောင်းစပ်စပ်နှင့် အာဗီရပ်တို့ရောကာ မြေပြောင်ပြောင်တွင် စားပွဲ သောက်ပွဲကြီး ကျင်းပနေချိန်၌ ခပ်လှမ်းလှမ်း ကိုက်နှစ်ဆယ်အကွာလောက်ရှိ မြရာတောကြီးဆီမှ တဝုန်းဝုန်းနှင့် အသံများကို ကြားလိုက်ကြရသည်။

အားလုံးက အသံလာရာဆီသို့ ငေးကြည့်နေကြချိန်တွင် မြရာတောကြီးအတွင်းမှ ဝရုန်းသုန်းကား ပြေးထွက်လာကြသော လူနှစ်ယောက်၊ နှစ်ယောက်စလုံး အင်္ကျီမပါ၊ တစ်ယောက်က လုံချည်တိုတို၊ တစ်ယောက်က လုံချည်ကျွတ်လျက်၊ လက်တစ်ဖက်က လုံချည်ကိုဆွဲကာ ပြေးလာနေသော လူနှစ်ယောက်။

စောကျိမ်းတို့အားလုံး ဗြုန်းခနဲ ထလိုက်ကြသည်။ လူနှစ်ယောက်က စောကျိမ်းတို့အဖွဲ့ကို တွေ့လိုက်ရသောကြောင့် တည့်တည့်ပြေးလာကြသည်။ အနားရောက်တော့မောနေဆဲ၊ နောက်ဘက် လာရာနေရာဆီသို့ စိုးရိမ်တကြီးနှင့် ကြည့်နေကြသည်။ စောကျိမ်းတို့ သုံးယောက်က သေနတ်များကိုအသင့်ကိုင်ထားကြသည်။ စောကျိမ်းက–

"ဟေ့လူတွေ ဘာဖြစ်လာကြတာလဲ"

ဟု မေးလိုက်ပြီး ဖြေသံကြားမီတွင် လူနှစ်ယောက် ပြေးလာရာလမ်းအတိုင်း တဝုန်းဝုန်းနှင့် ပြေးထွက်လာသော ချိုနှစ်ဖက် ကားထွက်နေသည့် သတ္တဝါကြီးတစ်ကောင်။

ပြေးထွက်လာသည့် အရှိန်က မြန်လှသောကြောင့် စောကျိမ်းတို့သုံးယောက်လုံး သေနတ်ချိန်ဖို့ပင် အချိန်မရလိုက်။ အားလုံး လူစုကွဲကာ ပြေးသူပြေး၊ ပုန်းသူပုန်း၊ တချို့က နီးရာ သစ်ပင် ပြေးတက်ကြနှင့် ဝရုန်းသုန်းကား ဖြစ်ကုန်ကြသည်။

**အသံလာရာဆီသို့ ငေးကြည့်နေကြချိန်တွင် မြရာတောကြီးအတွင်းမှ ဝရုန်းသုန်းကား ပြေးထွက်လာကြသော လူနှစ်ယောက်၊ နှစ်ယောက်စလုံး အင်္ကျီမပါ၊ တစ်ယောက်က…**

ဇောကျိမ်နှင့် တင်ဝင်းက သစ်တိုပင်နောက်ကို ပြေးတပ်လိုက်ကာ ဇောကျိမ်က အရင် သစ်တိုပင်ပေါ်သို့ လှားခနဲ တက်သွားသည်။ တင်ဝင်းက နောက်က ပါလာသည်။ စိတ်ချရသော သစ်ပင်ခွကြားတွင် ထိုင်လိုက်ကြကာ သစ်ပင်အောက်ကို ငုံ့ကြည့်လိုက်သည်။

ချိုကားကားနှင့် ဒေါသကြီးနေသော ကျွဲရိုင်းကြီးက ခပ်လှမ်းလှမ်း၌ရှိ လူတစ်ဖက် မရှိတရှိ တောင်ပိန္နဲပင်ကြီးတစ်ပင်ကို ပြေးကာ ခေါင်းနှင့်ဆောင့်လိုက်သည်။

"ဒုံး" "အား"

**တောထဲကို ကျွဲရိုင်းရောက်နေရင်**

**အဲဒီတောထဲက တောဝက်တို့၊ ချေ(ဂျီ)တို့၊ ဆတ်တို့၊ ဒရယ်တို့**

**ဘယ်နေနိုင်တော့မလဲ၊ ဒီကောင်က တွေ့သမျှ ကြုံးခတ်နေတာ…**

အပင်က သိမ့်ခနဲ လှုပ်သွားကာ အပင်ပေါ်မှ အော်သံကြား၍ ကြည့်လိုက်တော့ သစ်ရွက်များအကြားမှ တောင်ပိန္နဲပင်ကို ဖက်ထားသော အောင်လှနှင့် ကံစိန်ဖြစ်သည်။ အပေါ်ကိုင်းကိုမရောက်သေး၊ ပင်စည်လုံးကို ဖက်ထားကြခြင်းဖြစ်သည်။ ကျွဲရိုင်းကြီးက နောက်တစ်ကြိမ် ခေါင်းနှင့် ထပ်ဆောင့်လျှင် နှစ်ယောက်လုံး ပြုတ်ကျလာနိုင်သည်။

ဇောကျိမ်က သစ်ပင်ခွကြားတွင် အကျအနထိုင်လိုက်ကာ လက်ထဲက ဒသမ ၅ဝဝ နှစ်လုံးပြူး ရိုင်ဖယ်သေနတ်ကြီးကို ထိုးချိန်လိုက်သည်။ ကျွဲရိုင်းကြီးက တောင်ပိန္နဲပင်ကို နောက်တစ်ကြိမ် ခေါင်းနှင့်ဆောင့်ရန် အရှိန်ယူလိုက်ပြီးမှ ချာခနဲလှည့်ကာ သစ်တိုပင်ဘက်ကိုပြေးလာသည်။ ဇောကျိမ်က သစ်တိုပင်ကို ဝင်ဆောင့်မည့်အဆင်နှင့် သေနတ်ကို ပြင်၍ ကိုင်လိုက်သော်လည်း ကျွဲရိုင်းကြီးက သစ်တိုပင်ဘေးမှ ကပ်ကာ အနောက်ဘက်သို့ ဝေါခနဲ ပြေးထွက်သွားသည်။

ကျွဲရိုင်းကြီး ထွက်သွားရာဘက် ရှေ့တည့်တည့် ၁၅ကိုက် အကွာလောက်တွင် သစ်ပင်တစ်ပင် ကျောပေး၍ သေနတ်ကို အကျအနချိန်ထားသော ကျော်စိုး။ ဇောကျိမ်က သစ်တိုပင်၏ အကိုင်းအခက်များကြားမှ လှမ်းမြင်လိုက်ရသောမြင်ကွင်းကြောင့် ရင်ထဲကထိတ်ခနဲဖြစ်သွားသည်။ သို့သော်-

"ဖောင်း"

"ဖြော•••ဖြော•••ဖေါ်"

ကျွဲရိုင်းကြီးက တုံ့ခနဲဖြစ်သွားကာ ဒေါသတကြီးနှင့် ပြေးတက်လာသော အရှိန်ကြောင့် တရွတ်ဆွဲ၍ "ဘုန်း" ခနဲမြည်ကာ အရှင်ကြီးပြုတ် လဲကျသွားတော့သည်။ ကျော်စိုးကိုင်သော သေနတ်က ကျည်အားပြင်းသည်။ သားကောင်ကြီးများကို တုံးခနဲသေစေနိုင်သောလက်နက်ဖြစ်သည်။

ကျော်စိုးက အနားကို လျှောက်လာကာ ကျွဲရိုင်းကြီးကို ကြည့်လိုက်သည်။ ကျွဲရိုင်းကြီးက တစ်ချက်နှစ်ချက် အကြောဆွဲကာ ငြိမ်သက်သွားသည်။ ဇောကျိမ်နှင့် တင်ဝင်းက သစ်တိုပင်ပေါ်မှ ဆင်းလာကြသည်။ သိပ်မကြာလိုက် အောင်လှနှင့် ကံစိန်ပါ ရောက်လာသလို ကိုယ်လုံးတီးနှင့် ထွက်ပြေးလာကြသော လူနှစ်ယောက်ပါ အလျှိုအလျှို ရောက်လာကြသည်။

ဇောကျိမ်က-

"ကျွဲကတော့ ကိစ္စချောသွားပြီကွ၊ ဘယ်ရွာက ကျွဲလဲတော့ မသိဘူး။ မင်းတို့ နှစ်ယောက်က ဘယ်လိုဖြစ်လာကြတာလဲ"

ကိုယ်လုံးတီးနှင့် နှစ်ယောက်ထဲက တစ်ယောက်က-

"ကျွန်တော်တို့နှစ်ယောက်က သဲဖြူချောင်းရွာကပါ၊ ထင်းလာခုတ်ကြတာပါ၊ ဆတ်သွားကုန်းတို့ သိမ်ချောင်းတို့ ရွာက လူတွေလည်း ပါပါတယ်။ တောထဲကို ရောက်နေတာ နှစ်ရက်ရှိပါပြီ၊ ရောက်ကတည်းက ဆတ်သွားကုန်းကလူတွေ ပြောနေကြတယ်၊ ကျွဲရိုင်းတစ်ကောင် ဒုက္ခပေးနေတယ်၊ ထင်းခုတ်ရင် သတိထားကြလို့ ပြောနေတာကြားတယ်၊ ဘယ်ရွာက ကျွဲလဲဆိုတာတော့ မသိကြဘူး။ ကျွန်တော်တို့ ထင်းတွေခွဲနေတုန်း 'ဖြုန်း'ဆို ဝင်လာလို့ ခြေဦးတည့်ရာ ပြေးလာကြတာပဲ၊ ဒီကောင်ကြီးက ကျွန်တော်တို့နောက်ကို တန်းလိုက်လာလို့ သေသေပြေရှင်ပြေး ပြေးလာရတာ မြင်တဲ့အတိုင်းပါပဲ"

"အေး-ဒါဆိုရင် သဘောပေါက်ပြီ၊ တောစိတ်ဝင်လာပြီး ရိုင်းလာမှတော့ မုဆိုးနဲ့တွေ့ရင် ဟင်းစားကောင်ဖြစ်ပြီပေါ့ကွာ၊ ကဲ-ဟင်းစားတော့ရပြီ၊ သယ်ဖို့ ဘယ်လိုလုပ်ကြမလဲ"

ကျော်စိုးက-

"ဖျက်ပြီး နိုင်သလောက် ယူသွားကြတာပေါ့ဗျာ"

"အေးလေ၊ အကောင်လိုက်လည်း မသယ်နိုင်ပါဘူး"

ထင်းခုတ်သမား တစ်ယောက်က-

"မုဆိုးကြီးတို့ ကျွန်တော်တို့အတွက်လည်း ဟင်းစားပေးခဲ့ကြပါဦး။ ကျွန်တော်တို့လည်း တောထဲရောက်ကတည်းက ဟင်းစားငတ်နေတာကြာပြီ"

"အေးပါ၊ တို့လည်း အကုန်မသယ်နိုင်ပါဘူး"

အောင်လှက-

"မုဆိုးကြီးတို့ ဒါဆို ဒုတ်တွင်းဘက် မသွားတော့ဘူးပေါ့"

"ဟ-အောင်လှရဲ့ တောထဲကို ကျွဲရိုင်းရောက်နေရင် အဲဒီတောထဲက တောဝက်တို့၊ ချေ(ဂျီ)တို့ ဆတ်တို့ ဒရယ်တို့ ဘယ်နေနိုင်တော့မလဲ၊ ဒီကောင်က တွေ့သမျှ ကြုံးခတ်နေတာ၊ ဒီနားတစ်ဝိုက်ကကောင်တွေ ပြေးကုန်ရောပေါ့၊ နောက်တစ်ခေါက်မှပဲ ဒုတ်တွင်းဘက်ကို သွားကြတာပေါ့၊ ကဲ-ကျွဲကြီးကို ဖျက်ကြကွာ၊ တို့-နိုင်သလောက်ယူပြီး ကျန်တာ ထင်းခုတ်အဖွဲ့ကို ပေးလိုက်ပါ၊ တို့ ခဏနားကြမယ်"

တင်ဝင်းက-

"ကောင်းတယ် ဇောကျိမ်။ လက်ကျန်ချန်ထားတဲ့ ရှောဘူး တစ်ဘူးကျန်သေးတယ်၊ အမြည်းပဲ"

''ဟေ…အဲဒီတော့''

''အဲဒီတော့ ကျွဲပေါင်တစ်ချောင်းလှီးပြီး နနွင်း ဆားလူးမီးကင်ပြီးတော့ မြည်းကြတာပေါ့''

''ကောင်းကွာ၊ ဒါဆိုရင် ငါ့အတွက် ကလီစာဟင်းလေးလည်း ချက်ကြကွာ၊ ဟို–ထင်းခုတ်သမားနှစ်ယောက်က မင်းတို့လည်း ဟင်းစားယူကြမှာဆိုတော့ မင်းတို့လူတွေ သွားခေါ်ကြပါအုံးလား''

''ကျွန်တော်တို့လည်း ခြေဦးတည့်ရာ ပြေးလာကြတာ၊ တော်တော်ဝေးဝေး ကျန်နေခဲ့ပြီထင်တယ်၊ မုဆိုးကြီးတို့လည်း ဒီမှာ ချက်ပြုတ်စားသောက်ကြအုံးမှာဆိုတော့ ကျွန်တော်တို့ ဒီကောင်ကြီး ဖျက်ပြီးရင် ကျွန်တော်တို့လူတွေ သွားခေါ်လိုက်ပါမယ်''

''အေး–အေး ဟုတ်ပြီ''

စောကျိမ်းက တစ်စုံတစ်ခုကို တွေးမိလိုက်ကာ–

''ကျော်စိုးတို့ တင်ဝင်းတို့တို့ အောင်လုတို့ ရွာကိုရောက်ရင် ကျွဲသားတွေ ယူလာတယ်လို့ မပြောကြနဲ့''

''ဘာဖြစ်လို့လဲ စောကျိမ်း။ ကျွဲပိုင်ရှင်က အလျော်တောင်းမှာ စိုးလို့လား''

''ဟာ…ကျော်စိုးရဲ့ ရှိုင်းနေတဲ့ ကျွဲရိုင်းက လူတွေကို အန္တရာယ်ပြုလို့ ဆော်ထည့်လိုက်တာ ဘာအလျော်ပေးစရာလိုလဲ၊ ရွာထဲမှာ ပစ်တာလည်း မဟုတ်ဘူး။ တောထဲမှာပစ်တာ၊ ငါ စိုးရိမ်တာက မုဆိုးလုပ်ပြီး ရွာမှာ လွယ်လွယ်ကူကူရတဲ့ ကျွဲသားကို တောထဲကတောင် ယူလာရတယ်လို့ ပြောကြမှာစိုးလို့''

''အဲဒီတော့…''

''ဒီတောတွေက ပြောင်ဆိုတာ မရှိဘူးမဟုတ်လား။ နယ်ကျော်လာတဲ့ ပြောင်တစ်ကောင်တွေ့လို့ ဆော်ထည့်လိုက်တယ်လို့သာ မေးရင်ပြောကြပေါ့ကွာ''

''ဒါနဲ့ စောကျိမ်း…ဒီနေ့ ကျွန်တော်တို့ ပိုင်ရာဆိုင်ရာတွေက ချိုကျိုး နားရွက်ပဲ့တောင်မဟုတ်ဘူးဗျာ၊ ချိုကောင်းကြီးမှ ကားနေတာပဲ၊ မုဆိုးပစ်ပြီးသားချိုကို အမှတ်တရ ယူမသွားဘူးလား''

''မင်းအမေ…ကျွဲချိုကြီး ယူသွားမှတော့ ကျွဲသားတွေဆိုတာ ကလေးရော၊ ခွေးရော အကုန်သိမှာပေါ့ဟ''

''ဟား…ဟား…ဟား…ဟား''

**မောင်မြင့်မား(ဗိုလ်ကလေး)**



## ဒါတော့ မတန်ဘူးဆရာ



အထူးကုဆရာဝန်ကြီးဟာ အမျိုးမျိုးသော ဆေးညွှန်းတွေပေးပြီး၊ အခြေအနေဆိုးဝါးတဲ့ ကျောက်ကပ်ဝေဒနာကို အောင်မြင်စွာ ကုသပေးပြီးတဲ့နောက်၊ အမျိုးသမီးဝေဒနာရှင်ကို ဒေါ်လာ ၁၅၀၀ ကျခံပေးဖို့ ဘီ(Bill) ပို့လိုက်တယ်။

အမျိုးသမီးရဲ့ ခင်ပွန်းဖြစ်သူက ဆေးဖိုးတောင်းတာ များလွန်းတယ်ဆိုပြီး ဆေးခန်းကို ရောက်လာတယ်။

''ဆရာ၊ ဆေးကုသစရိတ် များလှချေလား။ ဒေါက်တာဂျုံး (Jones) ဆိုရင် ဒီမကောင်းတဲ့ ကျောက်ကပ်ကို ဖြတ်ထုတ်ဖို့ ပြောတယ်၊ အဲဒီလို ဖြတ်ထုတ်လိုက်ရင် အခု ဆရာတောင်းတဲ့ စရိတ် တစ်ဝက်လောက်နဲ့ ပြီးတယ်၊ ဆရာက ခွဲစိတ်တာ မလုပ်ဘဲ ထိုးဆေး၊ သောက်ဆေးလောက်နဲ့ ဒီလောက်တောင်းတာတော့ များလွန်းတာပေါ့''လို့ မကျေမနပ်နဲ့ ပြောတယ်။

**မောင်သီဟ**



# ထူးချွန်ထက်မြက်လိုသူများအတွက် လက်ဆောင်မွန်

ကိုဇော (ပထဝီဝင်)

ထူးချွန်ထက်မြက်လိုသူများအတွက် မြန်မာစာပေအရေးအသားများ အကြောင်းကို အတော်အသင့် ဆွေးနွေးတင်ပြပြီးဖြစ်ပါတယ်။ တင်ပြခဲ့ပြီးသော အကြောင်းအချက်အလက်များသည် အခြေခံအချက်အလက်များ၊ အကြောင်းအရာများသာ ဖြစ်ပါတယ်။ မြန်မာစာပေ၏ အခြေခံအချက်အလက်များကို သိရှိနားလည်ပြီး ဆက်လက်ဆည်းပူးလေ့လာကြပါရန် တိုက်တွန်းလိုပါတယ်။

မြန်မာလူမျိုးများသည် အဖွဲ့အစည်းများကို ကြိုက်နှစ်သက်ကြပါတယ်။ ဒါကြောင့် ကဗျာလင်္ကာရေးသားမှုများ၊ ကာရံယူပုံ၊ ရေးစပ်ပုံများလည်း တစ်စတစ်စ တိုးတက် များပြားလာလျက် ရှိပါတယ်။ မြန်မာစာပေ ရေးသားချက်များသည်လည်း၊ တစ်ဦးနဲ့





တစ်ဦး ရေးသားချက်၊ ရေးသားဟန်၊ ကာရံ ယှဉ်ပုံ၊ စပ်ဆိုပုံများသည်လည်း မတူကွဲပြားမှုများ ရှိသည်ကို တွေ့ရပါတယ်။ ဦးပုည ရေးသားဟန်နှင့် ဦးကြင်ဥ ရေးသားဟန်များ ကွာခြားသကဲ့သို့ လှိုင်ထိပ်ခေါင်တင်နှင့် မြဝတီမင်းကြီးဦးစတို့ အရေးအသားများသည်လည်း မတူကြပေ။ စာပေရေးသားဟန် ထူးခြားသော စာရေးဆရာကြီးအချို့ကို ဖော်ပြရလျှင်–

၁။ သခင်ကိုယ်တော်မှိုင်း၊
၂။ ဒီးဒုတ်ဦးဘချို
၃။ ဆရာဇော်ဂျီ
၄။ ဆရာမင်းသုဝဏ်
၅။ ပါမောက္ခဦးအေးမောင်
၆။ ဒေါက်တာသန်းထွန်း
၇။ ဦးသိန်းဖေမြင့်
၈။ ဆရာဇဝန
၉။ ဦးကြီးမောင်
၁၀။ရန်ကုန်ဘဆွေ
၁၁။ဇဂနန်ရွှေမှူး
၁၂။ဟံသာဝတီ ဦးဘရင်နှင့် အခြားစာရေးဆရာများစွာ ရှိကြပါတယ်။

မြန်မာစာပေကျမ်းဂန်များ လေ့လာရာတွင် မိမိကြိုက်နှစ်သက်သော မှုဟန်ဖြင့် ရေးသားထားသည့် မိမိစိတ်ဝင်စားသော ဘာသာရပ်ကိုပို၍လေ့လာသင့်တယ်။ ရာဇဝင်သမိုင်းဆိုင်ရာ ရေးသားချက်များသည် နိုင်လုံသော မှုရင်းအထောက်အထား ကိုးကားချက်များကို ဦးစားပေးလေ့လာမှတ်သားရပါမယ်။ ဝတ္ထုဇာတ်ကြောင်းနှင့် အခြား ရေးသားချက်တို့သည် အရေးအသား၊ ရေးသားနည်းဟန်များကို ဦးစားပေး သတိပြုလေ့လာရန် လိုပါတယ်။

စာပေရေးသားချက်၊ ရေးသားဟန်များကို ဖတ်မှတ်လေ့လာရာတွင် သတိပြုအပ်သော အချက်များမှာ–

၁။ ရေးသားချက်၏ ဖွဲ့စည်းမှုဖြစ်သော အခံ အအုပ်၊ အလှည့်အပတ်နှင့် အကျိုးအကြောင်း၊
၂။ ဝေါဟာရအသုံးအနှုန်း
၃။ စာကြောင်းဝါကျ ဖွဲ့စည်းမှု
၄။ အပုဒ်ခွဲမှု
၅။ စာရေးဆရာ၏ အာဘော်နှင့်အယူအဆ
၆။ ရေးသားဟန်
၇။ ထောက်ထားကိုးကားချက်
၈။ ဟာကွက်၊ ဆေ့ကွက်
၉။ သဘာဝယုတ္တိ ရှိ မရှိ

တို့ ဖြစ်ကြပါတယ်။

စာပေရေးသားချက်များ ဖတ်ရာတွင် ရေးသားချက်များသည် အကွက်စေ့မစေ့၊ အခံ ကောင်း မကောင်း၊ အလှည့်အပတ် ထက် မထက်၊ ဝေါဟာရ ကြွယ် မကြွယ်၊ ဝါကျဖွဲ့စည်းပုံ မှန် မမှန်၊ ထောက်ထားကိုးကားချက် ခိုင်လုံမှု ရှိ မရှိ၊ ယုတ္တိ ရှိ မရှိ တို့ကို ဝေဖန်သုံးသပ်နိုင်သည်အထိ မှတ်သား လေ့လာရမည်ဖြစ်တယ်။

ယခုဆိုရင် မြန်မာစာပေအရေးအသားများနှင့် ပတ်သက်ပြီး အထိုက်အလျောက် သိရှိလောက်ပြီ ထင်ပါတယ်။ ဒါကြောင့် မြန်မာစာပေကို စနစ်တကျ လေ့လာပါ၊ ဖတ်ပါ၊ မှတ်ပါ၊ ဒါ့အပြင် ကိုယ်တိုင် စာပေ ရေးသားဟန်ကို တည်ဆောက်နိုင်သူတစ်ဦး ဖြစ်သည်အထိ ကြိုးစားကြပါလို့ တိုက်တွန်းရင်း ထူးချွန်ထက်မြက်သော ကျောင်းသားကလေး မောင်ငြိမ်းချမ်းဝင်း(ယခု ဆရာဝန်)၏ စာစီစာကုံးတစ်ပုဒ်ကို ထုတ်နုတ်တင်ပြလိုက်ပါတယ်။



# လယ်ယာမြေတစ်ခွင်



သကြန်ပြီးသည်နှင့် မိုးနံ့ရလာ၏။ သကြန်မိုး ဖြိုးဖြောက်ဖြောက်က ပန်းဝါတောက်ကိုဖိတ်ခေါ်လိုက်သည်။ ပိတောက်ပန်းကို အားကျမခံ ပျဉ်းမပန်းတို့က ပွင့်လာပြန်သည်။ ''ပျဉ်းမပွင့်ပြီ နွားမျက်ရည်''ဟု ဆိုကြသည်။ ပျဉ်းမပွင့်လျှင် မိုးရွာတော့မည်။ မိုးရွာလျှင် လယ်ထွန်ရတော့မည်ကို နွားများကပင် အလိုလိုသိကြသည်။ ထွန်တုံးနှင့် နွားပခုံးတို့ တစ်နှစ်ပတ်လုံး မိတ်ဖက်ရန်ရပေတော့မည်။ တန်ခူး၊ ကဆုန် ဆွေ့ဆွေ့ခုန် ပူပြီးလျှင် နယုန်မိုးသေး၊ မြက်သားမွေး၏။ သို့သော် ရွာတော့မည်ဟန်ပြင်ပြီးပါမှ ကိုရွှေမိုးသည် ပေါ်မလာ၍ မျှော်ကာတဖြစ်သည်။ မိုးပေါက်မိုးစက်၊ မြေသို့သက်လျှင်၊ လယ်မြေယာခင်း၊ မြေနုံ့သင်းပေတော့မည်။

အလှမေဆာ ပြည်မြန်မာကား လယ်ယာလုပ်ငန်းကို အားထားရသော စိုက်ပျိုးရေးနိုင်ငံ ဖြစ်ပါသည်။ အမိမြန်ပြည်တစ်ခွင်ဝေဟင်မှရှုကြည့်လျှင် စိမ်းလန်းသော လယ်ယာတောများဖြင့် မြကတ္တီပါ လွှမ်းခြုံထားသည့်နှယ် တွေ့ရပေမည်။ တို့ယာ တို့မြေကား မျှော်လေရာရာ ရှုလို့မငြီး၊ ကြည့်လို့မဆုံးဖြင့် သာမောပေစွတကား။ လယ်ကိုအားထား။ လယ်သမားသည်၊ မိုးဦးကျလျှင်၊ ထွန်သွားကိုဆင်၊ နွားကိုနှင်လျက်၊ လယ်ခွင်တာရိုး၊ ထွန်ထယ်ထိုးပြီး၊ အားကြိုးမာန်တိုက်၊ စပါးစိုက်ရပါသည်။ ယာသမားလည်း၊ အနောက်တောင်မုတ်၊ ညိုရောင်မှိုင်းချိတ်၊ မိုးငွေ့ရိုပ်တို့၊ အိပ်ရာမှနိုး၊ အားသစ်ပျိုးသော် ပဲပြောင်းနှမ်းပါ၊ ရာသီအလိုက် စိုက်ကြရပါသည်။ ဤသည်မှာ လယ်သမားတို့၏ ထာဝရလုပ်ငန်းစဉ် ဖြစ်၏။

မှတ်သုန်ကနွဲလန်ကာ ဖွင့်လိုက်ပါပြီ။ ''ဗသန်ကာလ၊ မိုးဦးကျလျှင်၊ လောကရှစ်တိုင်း၊ မိုးတိမ်ဝိုင်းလျက်၊ အုံ့မှိုင်းပြာရီ မိုးပန်းချီက၊ လှပြည်အလှ ဆင်လေပြီ''။ ရွာပြင်မှထွက်၍ လယ်ယာမြေတစ်ခွင်ကို ရှုကြည့်စမ်းပါလော့။ တောင်မိုးကာဝေဝေ မြူခြေတဆိုင်းဆိုင်းဖြင့် သာမောဖွယ် ရှမ်းတောင်တန်းသည် မှန်းမျှော်ကြည့်လေတိုင်း မှုန်မှိုင်းနေတော့သည်။ မိုးရိပ်ကလေး တက်လာသည်နှင့် လယ်သမားလည်း ထွန်သွားကို ဆင်၊ ထွန်တုံးပြင်တော့သည်။ နွားတစ်ရှဉ်းလည်း နွားစာကျင်းမှ လူးလဲထ၏။ မိုးမဆီမှ၊ မှိုင်းပျပျနှင့် ရွာချမည့်သွင်၊ အုံ့မွဲ့ဆင်တိုင်း။ ထွန်ပြင် အားမွေး ထွန်သွားသွေးကြပါသည်။ မိုးဖွဲဖွဲအောက်မှာ၊ နွားနှင့်ယှဉ်ရှန်း ထွန်ရေးမှန်းကြတော့သည်။

ရှေးပဒေသရာဇ်ခေတ်က လယ်ယာကိုချစ်သော မင်းဧကရာဇ်တို့သည် မိုးကလေးတစ်ပြိုက်ရွာလျှင် ''ယမထာရွှေကြိမ်လုံးရယ်နှင့်၊ ထွန်တုံးကိုတဲ့ ခြေတော်တင်၊ နွားကြန်စုံနှင်''ကာ လယ်ထွန်မင်္ဂလာ ဆင်ယင်ကျင်းပလေ့ရှိပါသည်။ လယ်သမားလည်း လယ်ကိုချစ်၏။ မိုးသံကြားလျှင် ဂနာမငြိမ်ဖြစ်လာ၏။ မိုးသံကြား၍မှ မထွန်ရလျှင် ''ထွန်ချင်ငမ်းငမ်း၊ လယ်မှာလွမ်းလျက်''နေတော့သည်။

မိုးဦးကျပြီ။ ရှစ်ခွင်တိုင်းသည် အုံ့မှိုင်းနေ၏။ မိုးပဖျန်းလည်း မာန်ဟုန်ပျိုးကာ သွန်းဖြိုးရွာလေပြီ၊ ထိုအချိန်တွင် ''ပြည်ခွင်မြန်မာ၊ လယ်မြေတာတို့၊ ဖလာရေဖွေး၊ သော်ငွေသွေးတည်''ဟု ဆိုရပေမည်။ ထိုအချိန်မှစ၍ လယ်သမားဘဝသည် တကာယ်မအားရတော့ပေ။ သဲသဲမဲမဲ မိုးရေထဲတွင် ကျွဲနွားနှင့်ဖက်ရှန်းနေရသဖြင့် လယ်ထွန်ယောက်ျားမှာ လျှော့လုံးဖြစ်၍နေတော့သည်။ လယ်သမား၏ မယားသည် ထမင်းဟင်းထည့်သော ခံတောင်းကို ခေါင်းမှာရွက်လျက် သားသမီးကို လက်ကဆွဲကာ လယ်တောသို့ ရေကြီးသုတ်ပျာ ရောက်လာပါသည်။ ''မိုးရေရွှတ်လို့ အဝတ်ကယ်မပါ၊ သားသမီးကို ကိုယ်တည်း မွေ့လို့သာ၊ ဆေးတံတစ်ထွာ ကိုက်ကာထွန်ရင်း၊ လယ်ကွက်ကယ်တစ်ခွင် ထွန်ရေးငင်၊ ရေဝင်ပုစွန်တွင်းငယ်နှင့်လေး''ဟု ညောင်ရမ်းခေတ်စာဆို ပန်ကြီးပဒေသရာဇာက လယ်သမားဘဝကို စာပန်းချီခြယ်သခဲ့ပါသည်။

''ခေတ္တာနံ ဘူသနံ သသံ''လယ်မြေ





တို့၏ တန်ဆာကား ကောက်ပင်တည်း။ ကောက်ပင်သည် လယ်မြေကိုတင့်တယ်စေ၏။ စိမ်းစိုသော ကောက်ပင်ပျိုက လူ့စိတ်ကို ရွှင်ပျစေ၏။ ဆောင်းအခါတွင် ဝင်းဝါသော လယ်မြေက လူ့နှလုံးကို ရွှင်ပြုံးစေပါသည်။ ကောက်ပင်စပါးသည် စင်စစ်အားဖြင့် တိုင်းပြည့်မြေမြစ် ဖြစ်ပါသည်။ ပုဂံခေတ် ငြိမ်းချမ်းရေး တမန်တော် ရှင်ဒိသာပါမောက်သည် "မဟာရာဇ၊ ဤသူရဲအားလုံး စပါးရှိမှ တည်ကြအံ့။ စပါးကား ပြည့်စည်းစိမ်အမြစ်မဟုတ်လော"ဟု တရုတ်စကရာဇ်ကို မိန့်ဆိုဖူးပါသည်။

လယ်သမားဘဝကား ဆင်းရဲလှ၏။ လယ်ထွန်ယောက်ျား ထွန်ပြတ်နားသည့်အခါ "ခါးပုံကို မောင်ဖြုတ်လို့၊ ချွေးသုတ်တော့ပေး"ဟု မောင်ကပြောရာ "စီပလေ ဖေ၊ မောင် မသုတ်နဲ့၊ တုတ်တုတ်ကျချွေး"ဟု မယ်က အားပေးစကား ပြောရှာသည်။ သူတို့၏ဘဝမှာ နေပူပြန်လျှင် ချွေးတလုံးလုံး၊ မိုးရွာပြန်လျှင် ဗိုက်တရွှဲရွှဲရှိကြသော်လည်း နေပူမိုးရွာ မမှုပါ။ မိုးရွာပြီဆိုသည်နှင့် ထယ်ထိုး၊ ထွန်ယက်၊ ပျိုးကြဲ၊ ပျိုးနုတ်၊ ကောက်စိုက်ခြင်း အလုပ်များကို တရစပ် ပြုလုပ်ကြရပါသည်။

မုတ်သုန်စောင်းကြီး တီးခတ်နိုးသောအခါ လယ်တောတစ်ခွင်သည် ရေဖွေးဖွေးနှင့် ငွေသွေးငွေ့ရည်လျှံတော့သည်။ မိုးမင်းထန်လျှင် ပျိုးခင်းသန်ပေမည်။ ပျိုးနုတ်သူနုတ်၊ ကောက်စိုက်သူစိုက်နှင့် တောသဘာဝ ပျော်စရာကောင်းလှသည်။ ကောက်စိုက်ပျိုတို့သည် ထဘီတိုတို ရေရှိစိုနှင့်ပင် ကောက်စိုက်သမလေးသံကိုသီကြွေးနေကြပေသည်။ "ပျိုးခင်းမှ ကောက်ပင်ပျို၊ လေဝင်ရာ ဘယ်ညာယိမ်း။ စိမ်းတစိုစို၊ ပျိုးနုတ်မယ်ဆို၊ လူပျိုတို့ပျော်ပွဲ၊ ကောက်စိုက်မယ်ဆို၊ လုံမပျိုတို့ပျော်ပွဲ၊ ဖေတိုပုံ တထုံထုံနဲ့၊ မြေမိုးကုန်သံစုံညွှင်း။ ကွင်းဆင်းလို့ခဲ"ဟု ခေတ်သစ်ကချာရှင်က စာဖွဲ့ခဲ့ပါသည်။

ဝါဆိုဝါခေါင် ရေမောင်မောင်ဖြစ်၏။ "မြရောင်စိုစို၊ ကောက်ပင်ပျိုလည်း။ လေချို အသိမ်း၊ ဟိုယိမ်းသည်နွဲ့၊ ကကြိုးဖွဲ့"နေကြပေပြီ။ ကြည့်ပါအခွေ "လယ်မြေတစ်ခွင်၊ စပါးပင်တို့၊ ရှင်သန်ငွားစွင့်၊ မြရောင်ရင့်"နေကြပါသည်။ လယ်မြေတစ်ခွင်ကား စိမ်းလဲ့သော မြကမ္ဗလာ လွှမ်းခြုံထားသကဲ့သို့ ရှုမငြီးဖွယ် အလှကြွယ်နေပါတော့သည်။ ဤသို့သောရှုခင်းကို ဇလေဦးပုညက "နတ်ချောင်းရေယဉ်၊ မြကွင်းပြင်မှာ၊ ကောက်ပင်စိမ်းလွဲ၊ ယိမ်းနွဲ့နွဲ့နှင့်၊ တာဖွဲ့ကျယ်ဝင်း။ လယ်မြေခင်းလည်း။ နတ်မင်းမချို၊ ဖန်၏သို့"ဟု တင်စားဖွဲ့ဆိုခဲ့ပါသည်။

တော်သလင်း၊ သီတင်းကျွတ်လများတွင် ခတ်မြေသြဇာကျွေး၍ ရေမှန်မှန်မွေးခဲ့သဖြင့် ကောက်ပင်ပျိုတို့သည် စိမ်းစိုလွင်လျက် ရှင်သန်ဖွံ့ထွား ကြွားရရွှား ဖြစ်နေပါသည်။ ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းလတွင် စပါးနှံတို့သည် စိမ်းတော့မယောင်၊ ဝင်းတော့မယောင်နှင့် မြအသွေး ရွှေရောလှနေကြပါသည်။ လယ်ယာမြေသည် ကောက်သစ်ရနံ့ဖြင့် သင်းပျံ့မွှေးကြိုင်နေတော့သည်။ စပါးနှံတို့သည် တဖြည်းဖြည်းနှင့် ရွှေသီးရွှေခဲများပမာ ဝင်းဝါလာသည်။ ထိုအချိန်သည် လယ်ကန်သင်းမှာ၊ ဖုံတိုနက်လို၊ စာငှက်ကိုလည်း ခြောက်ရသော ကာလဖြစ်၏။ လေတစ်ချက် ဝှေ့လိုက်တိုင်း စာခြောက်ရုပ်သည် ခြေကားလက်ကားဖြင့် စာခြောက်ဟန်ပြုသည်။

စပါးရိတ်ရတော့မည်။ "ရွှမဆုံးတော့သည် စိမ်းလဲ့လဲ့ကွင်းပြင် x x x လယ်ကွင်းတွေက တမျှော်တခေါ် ရိုပြည်လွှင် x x x ရိတ်သိမ်းချိန်တန်ပြီဆိုလျှင် ဝင်းမှည့်ရွှေစင်အိလို့ပင် x x x လယ်သမားတို့သည် မြေကြီးမှ ရွှေသီးမည့်အရေးကိုတွေး၍ သီချင်းတကြော်ကြော်ဖြင့် ပျော်နေကြသည်။ မြစိမ်းရောင် တော်လှန်ရေးကြီးစပေပြီ။ လယ်ယာသမီးပျိုသည် တံစဉ်ကိုကိုင်လျက် "ညည်းစိုက်တဲ့ ကောက်ပင်သွယ်၊ မှန်းဘယ်မျှကြီးမှော့– ကြည့်စမ်း တစ်နှံကို ဆယ်ပြည် ထွက်တယ်၊ ဖြူးအက်လို့သီး"ဟု အားရဝမ်းသာ သီကြွေးနေပေသည်။ ထလင်းတွင်းအချိန်တွင် လယ်ယာမြေတစ်ခွင်သည် ကောက်လှိုင်းထိုက်၊ ကောက်လှိုင်းဖြန့်၊ စပါးနယ်ခြင်းများဖြင့် လူရော နွားပါ အလုပ်များနေကြပါသည်။ စပါးလှေ့သည့်နေ့မှာ လေလိုက၏။ လေလာလို့၍ လောကလေး တလ္လိုနှင့် စပါးလှေ့ရသည်မှာ ပျော်စရာပင်။

မြေကြီးမှ ရွှေသီးခဲ့ပြီ၊ တို့လယ်ယာမြေတစ်ခွင်ကား စပါးတောင်လိုပုံ၍ တိုင်းပြည် ဂုဏ်လည်း တစ်ပုံသစ်ခဲ့လေပြီ။ စပါးပုံသည် ရွှေပုံကြီးနှယ် ဟီးထနေ၏။ မြန်မာပြည်သည် ရွှေမြေဖြစ်၏။ ဤမြေ၊ ဤလယ်တောသည် တိုင်းပြည်၏ အသက်သွေးကြောဖြစ်တော့သည်။ ရွှေစပါးကို ကျီထဲသို့ သွင်းနေကြသကဲ့သို့ ရွှေစပါးကို သီးထပ်စိုက်ရန် ရေသွင်းနေသူများလည်း ရှိပါသည်။

စပါးသိမ်းချိန်တွင် လက်ပံပွင့်တို့ ရဲရဲနီကြပြီ။ ဖရာထောင်း၍ အညှာညောင်းသော ပွင့်တချို့သည် လေဟုန်စီးကာ ပျံဝဲကျနေသည်။ လက်ပံပင်ထက်က ဆက်ရက်တို့လည်း ကက်ကက်လန်အောင် ရန်ဖြစ်နေကြသည်။ လယ်တောတစ်ခွင်ကား ရိုးပြတ်နှံ့သင်း၍ ကျန်ခဲ့လေတော့သည်။ လယ်တောတစ်ခွင်ကို ပြန်မျှော်ကြည့်မိသောအခါ ကဗျာဆရာကြီး မင်းယုဝေ၏ ဖွဲ့ငြိစရာ ကဗျာတစ်ပုဒ်ကို သတိရနေပါတော့သည်။

"မိုးရာသီတွင်၊ စပါးပင်တို့၊
မြသွင်စိမ်းမြ၊ လှမှလှ။
ဆောင်းရာသီတွင်၊ စပါးပင်တို့၊
ရွှေစင်ဝင်းပ၊ လှမှလှ။
နွေရာသီတွင်၊ သီးထပ်ပင်တို့၊
မြတွင်ရွှေနှော၊ သီးထပ်ရောသည်၊
သာမောဖွယ်ရွ၊ အို–အလှ"။ ။

**ကိုစော(ပထဝီဝင်)**

''ယခင်လများမှ ဇာတ်လမ်းအကျဉ်း''

ဂျိန်းအိုင်းယားဟူသော မိန်းကလေးသည် တစ်ကောင်ကြွက် တစ်မျက်နှာဖြင့် 'ဂိတ်ရှက်'တွင် အဒေါ်ဖြစ်သူနှင့် ငယ်စဉ်က အတူနေခဲ့ရသည်။ ထို့နောက် 'လိုဝုဒ် မိဘမဲ့ကျောင်း'သို့ အဒေါ်၏အစီအမံဖြင့် သွားရောက်ခဲ့ရသည်။

ကျောင်းတာဝန်ခံအုပ်ချုပ်သူမှာ 'ဘရောက်ကယ်ဟတ်(စ်)'ဆိုသူ ဖြစ်သည်။ သူက သဘောသကာယ ဆိုးသလောက် ကျောင်းအုပ်ဆရာမ 'မစ်(စ်)မာရီယာတင်ပယ်လ်'က သနားကြင်နာတတ်သူဖြစ်သည်။

ဂျိန်းသည် မိဘမဲ့ကျောင်းတွင် ၈ နှစ်မျှကြာပြီးနောက် အထီးကျန်ဘဝမှ ရုန်းထွက်နိုင်ရန်အတွက် အလုပ်လုပ်လိုကြောင်း သတင်းစာမှ ကြော်ငြာခဲ့သည်။ ကံအားလျော်စွာ 'သွန်းဖီးလ်'မှ အလုပ်ခန့်စာရောက်လာသည်။ လိုဝုဒ်ကျောင်းကော်မတီသို့ နုတ်ထွက်စာတင်၍ ကျောင်းကော်မတီမှ တရားဝင် ခွင့်ပြုချက် ရရှိသည်။ အလုပ်ဝင်ရန် သွန်းဖီးလ်သို့ ထွက်ခွာလာခဲ့သည်။ သွန်းဖီးလ်အိမ်ကြီးတွင် မစ္စက်ဖယ်ယားဖက်စ်၊ ကလေးမလေး အာဒီလာဝါရင်နှင့် အစေအပါးများသာ ရှိကြသည်။ ဂျိန်းအိုင်းယား စာသင်ပြပေးရသည်မှာ ကလေးမလေး အာဒီလာဝါရင် ဖြစ်သည်။ ကလေးမလေး၏ အုပ်ထိန်းသူမှာ မစ္စတာရိုချက်စတာ ဖြစ်သည်။ သို့သော် မစ္စတာရိုချက်စတာမှာ ဤအိမ်ကြီးတွင်မနေဘဲ ရံဖန်ရံခါသာ လာရောက်တတ်ကြောင်း သိရှိရသည်။

(ဇာတ်သိမ်းပိုင်း)





တစ်နေ့တွင် ဂျိန်းအိုင်းယားသည် ၂မိုင်ခန့်ဝေးသော 'မော'အမည်ရှိ ရွာကလေးသို့ စာထည့်ရန်သွားခဲ့သည်။ လမ်းတွင် မြင်းနှင့်လူတစ်ယောက် တောင်စောင်းတွင် ခြေချော်ကျခဲ့သည်။ ဂျိန်းအိုင်းယားက အကူအညီပေးခဲ့သည်။ သူမသည် စာထည့်ပြီး အိမ်ပြန်လာရာ သူမ ကူညီမှုပေးခဲ့သော လူကြီးကို မမျှော်လင့်ဘဲတွေ့ရသည်။ ထိုလူကြီးမှာ မစ္စတာရိုချက်စတာ ဖြစ်နေသည်။

တစ်ညနေခင်းတွင် မစ္စတာရိုချက်စတာသည် သူ့မိတ်ဆွေများနှင့် ထမင်းစားပြီးနောက် ဂျိန်းအိုင်းယားနှင့် တွေ့ဆုံစကားပြောဖြစ်ကြသည်။ သူ့အကြောင်းကို ပြောပြသည်။ ယင်းနောက် သီတင်းပတ်များ ကုန်ဆုံးပြီးနောက် တစ်နေ့သော ညဝိုင်းတွင် ဂျိန်းအိုင်းယား၏အိပ်ခန်းဝမှ ဟိုသံများကြားရသည်။ အပြင်ထွက်ကြည့်သောအခါ ဖယောင်းတိုင်တွန်းထားသည်ကိုသာ တွေ့ရသည်။ တစ်ချိန်တည်းမှာပင် မစ္စတာရိုချက်စတာအခန်းမှ လိုက်ကာ မီးလောင်သဖြင့် ငြိမ်းသတ်ခဲ့ရသည်။ သို့သော် မစ္စတာရိုချက်စတာ မသိခဲ့။ ဂျိန်းအိုင်းယားပြောပြမှ သိရ၍ ကျေးဇူးတင်မဆုံး ဖြစ်ခဲ့သည်။

နောက်နေ့တွင် မစ္စတာရိုချက်စတာသည် ၁၀ မိုင်ခန့်ဝေးသော 'လီးစ်'သို့ ပါတီပွဲတက်ရန် သွားခဲ့သည်။ မစ္စတာရိုချက်စတာသည် ၁၅ရက်ခန့်အကြာတွင် ဧည့်သည်များနှင့် ပြန်ရောက်လာသည်။ အိမ်တွင် ပါတီပွဲတစ်ခု ပြုလုပ်သည်။ တစ်နေ့တွင် မစ္စတာမေဆန်ဆိုသူ ရောက်လာသည်။ မစ္စတာရိုချက်စတာ၏ မိတ်ဆွေဖြစ်သည်။ ယင်းညတွင် မစ္စတာမေဆန် ဒဏ်ရာရပြီး ဆရာဝန်ထံ ပို့လိုက်ရသည်။ တစ်နေ့ ဂျိန်းအိုင်းယားသည် 'ဂိတ်ရှက်'မှ အဒေါ်ဖြစ်သူ အသည်းအသန်ဖြစ်ကြောင်း ကြားသိရသဖြင့် တစ်လကျော်ခန့် သွားရောက်ပြုစုခဲ့ရသည်။ အဒေါ်ဖြစ်သူ ကွယ်လွန်သွားသဖြင့် သွန်းဖီးလ်သို့ ပြန်လာခဲ့သည်။

သွန်းဖီးလ်တွင် ဧည့်သည်များ ပြန်သွားကြပြီဖြစ်သည်။ ဂျိန်းအိုင်းယားသည် တစ်ညနေခင်းတွင် ဥယျာဉ်ခြံအတွင်း လမ်းလျှောက်နေစဉ် မစ္စတာရိုချက်စတာနှင့်တွေ့သည်။ စကားပြောဖြစ်ကြသည်။ နောက်ဆုံးတွင် ချစ်သူအဖြစ်သို့ ရောက်ရှိခဲ့ကြသည်။ ထို့နောက် လက်ထပ်ရန်အတွက် ပြင်ဆင်ခဲ့ကြသည်။ တစ်ညတွင် ဂျိန်းအိုင်းယားသည် တစ်စုံတစ်ဦး၏ နှောင့်ယှက်မှုကို ခံရသည်။ ထိုအကြောင်းကို မစ္စတာရိုချက်စတာအား ပြောပြရာ အာဒီလာအခန်းတွင် သွားအိပ်စေခဲ့သည်။

ဇာတ်သိမ်းပိုင်းကို ဆက်လက်ဖတ်ရှုပါရန်။
တာဝန်ခံစာတည်း

**(ယခင်လမှ အဆက်)**

### အခန်း(၁၇)

နံနက် ၇ နာရီတွင် ဆိုဖီသည် ကျွန်မအခန်းသို့ ရောက်လာသည်။ သတို့သမီးဝတ်စုံကို ကူညီဝတ်ဆင်ပေးရန် ဖြစ်သည်။ ခေါင်းမွှပ်မှာ ကျွန်မကိုယ်တိုင် စီမံထားသော အမွှမ်းမံမပါသည့် ရိုးရိုးပင်။ ပြင်ဆင်၍မပြီးမီ အောက်ထပ်မှ မစ္စတာရိုချက်စတာ စောင့်နေကြောင်း၊ အကြောင်းကြားလာသည်။ ကျွန်မလည်း ပြင်ဆင်ပြီးသည်နှင့် ကမန်းကတန်း ဆင်းခဲ့သည်။ လှေကားထိပ်တွင် သူ့ကိုတွေ့ရသည်။

"ဘယ်လိုလဲ ဂျိန်း။ ကြာလှချေလား"

သူ့အသံတွင် စိတ်မရှည်ဟန်ပေါ်နေသည်။ ကျွန်မကိုတွဲခေါ်၍ ထမင်းစားခန်းသို့ ဝင်သွားသည်။ သူ့လှုပ်ရှားမှုတွေက မြန်ဆန်လွန်းသည်။ ကျွန်မ မနည်းအမီလိုက်ခဲ့ရသည်။ နံနက်စာစားရန် အချိန် ၁၀မိနစ်သာ ရသည်။ ကျွန်မ စားပင်မစားနိုင်တော့။

သူက ဘဲလ်တီးလိုက်သည်။

"ရထား အဆင်သင့်ဖြစ်ပြီလားဟေ့"

ဂျွန်က ကြိုးတန်ဆာအပြည့် တပ်ဆင်ထားသော ရထားတွဲကိုဆွဲလျက် အိမ်ပေါက်ဝသို့ ရပ်လာသည်။

"ခုလောလောဆယ် ဘုရားကျောင်းကို သွားဖို့အတွက်တော့ ရထားမလိုသေးဘူးဟေ့ အေး-တို့ပြန်လာရင်တော့ လိုမယ်။ ဂျိန်း-အဆင်သင့်ပဲလား"

ကျွန်မ ထလိုက်သည်။ သတို့သမီးအရံမရှိ။ ဆွေမျိုးသားချင်းမရှိ။ ကျွန်မတို့ နှစ်ဦးတည်းသာ။ ကျွန်မတို့ထွက်လာစဉ် မစ္စက်ဖယ်ယားဖက်စ်မှာ ခန်းမကြီးထဲတွင် ရပ်နေသည်။ ကျွန်မက နှုတ်ဆက်စကားပြောရန် ရပ်လိုက်သော်လည်း မစ္စတာရိုချက်စတာက အတင်းဆွဲခေါ်သဖြင့် ပါခဲ့ရတော့သည်။

ကျွန်မတို့ ဘုရားကျောင်းအဝသို့ ရောက်သော် အမြန်လျှောက်လာခဲ့ရသဖြင့် ကျွန်မ အသက်ရှူပင် မှားသလောက်ဖြစ်ခဲ့သည်။ ဝင်းတံခါးကိုမဖွင့်မီ သူရပ်လိုက်သည်။

"ကို သိပ်များ ရက်စက်ရာကျသွားပြီလား အချစ်၊ ကဲ-ကိုကို ခဏမှီထား"

တစ်အောင့်မျှနားပြီးနောက် တိတ်ဆိတ်လျက်ရှိသော ဘုရားကျောင်းအတွင်းသို့ ဝင်ခဲ့ကြသည်။ ဝတ်ရုံဖြူကို ဝတ်ဆင်လျက် ဘုန်းကြီးက စာရေးနှင့်အတူ ကျွန်မတို့ကို စောင့်နေသည်။ ကျွန်မတို့နောက် ဦးစွာဝင်သွားသော လူစိမ်းနှစ်ဦး၏ လှုပ်ရှားမှုမှ တစ်ပါး ပကတိ တိတ်ဆိတ်လျက်ရှိသည်။ ကျွန်မတို့ ရှေ့ကိုတိုးလာသည်နှင့် ယင်းလူစိမ်းနှစ်ဦးက အဖိုဒ်မိုလျက် နောက်ကို ဆုတ်သွားကြောင်း ကျွန်မ သတိပြုမိသည်။

မင်္ဂလာပွဲစပြီ။ ဘုန်းကြီးက ရှေ့တိုးလာပြီး ကျွန်မတို့နှစ်ဦးအပေါ် အနည်းငယ် ညွတ်လျက် ဘုရားကျောင်းထုံးစံအရ မင်္ဂလာစကားကို ဆိုသည်။

"သင်တို့ နှစ်ဦးလုံးကို ပြောလိုပါသည်။ သင်တို့နှစ်ဦးအနက် တစ်ဦးဦးသည် တရားဝင် လက်ထပ်ခွင့်ခြင်းမရှိဘဲ အတူပေါင်းသင်းနေထိုင်ခဲ့ခြင်းကို ဖုံးကွယ်ထားသည်များရှိခဲ့လျှင် ယခု ဝန်ခံပါ"

သူသည် ထုံးစံအတိုင်း တစ်ခဏတမျှ နားလိုက်သည်။

ဤမေးခွန်းမျိုးကို ဘယ်သူကများ တုံ့ပြန်ဖူးပါလိမ့်။ အနှစ်တစ်ရာမှာ တစ်ကြိမ် တောင်မှ ရှိပါ့မလားပဲ။ ဘုန်းကြီးသည် စာအုပ်မှ မျက်နှာကိုမခွာဘဲ မစ္စတာရိုချက်စတာကို မေးသည်။

"ဤမိန်းကလေးသည် အသင် တရားဝင် လက်ထပ်ထိမ်းမြားမည့် ဇနီးမယား ဖြစ်ပါသလား"

ယင်းအခိုက် အသံတစ်သံကြားလိုက်ရသည်။

"မင်္ဂလာပွဲကို ရှေ့မဆက်ပါနဲ့ ကျွန်

ခဲ့တော် ကန့်ကွက်ပါတယ်''

ဘုန်းကြီးသည် စာအုပ်မှ မျက်နှာခွာလျက် အသံလာရာသို့ မော့ကြည့်လိုက်သည်။ အံ့အားသင့်လျက် ကြောင်သွားသည်။ မစ္စတာရိုချက်စတားကမူ မင်္ဂလာပွဲကို ဆက်လက်ကျင်းပရန်သာ အတွင်ပြောလျက်ရှိသည်။

တစ်ခဏမျှ တိတ်ဆိတ်သွားသည်။ ဘုန်းတော်ကြီးက ကန့်ကွက်ချက် မှန် မမှန် မသေချာမချင်း မင်္ဂလာပွဲကို ဆက်လက်ကျင်းပရန် မဖြစ်နိုင်ကြောင်း ငြင်းဆိုသည်။ ဤအချိန်တွင် မစ္စတာရိချက်စတားမှာ ကျွန်မ၏လက်ကို အတင်းဖျစ်ညှစ် ဆုပ်ကိုင်ထားရုံမှလွဲ၍ ဘာမျှမတတ်နိုင်။ သူ့မျက်နှာမှာ တကယ့် ကျောက်ဆစ်ရုပ်နှယ်။ မျက်လုံးမှာသည်း တောက်ပလျက် ဖွတ်တရွတ်လုပ်လိုဟန်ရှိသည်။

ခန်းမြို့က ရှေ့နေပါ''

''ကျုပ်မှာ ဖေနီးရှိခဲ့ဖူးတယ်ဆိုရင် အဲဒီဇနီးရဲ့ အမည်၊ မိဘအမည်နဲ့ ဘယ်မှာ လက်ထပ်ခဲ့တယ်ဆိုတာ ပြောပါ''

''စိတ်ချ ပြောပါမယ်''

မစ္စတာဘရစ်ဂ်သည် အေးအေးဆေးဆေးပင် ဖိုင်တွဲထဲမှ စာရွက်တစ်ရွက်ကို ယူလိုက်သည်။ ပြီးနောက် တစ်လုံးချင်း ဖတ်ပြသည်။

''ထောင့်ရှစ်ရာ(လွန်ခဲ့သည့် ၁၅ နှစ်က ဖြစ်သည်)ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် သွန်းဖီးလ်ဟောမှ မစ္စတာဖယ်ယားဖက်စ်ရိုချက်စတားသည် ဂျမေကာဟူသောစပိန်မြို့တွင် ကုန်သည် ဂျိုးနတ်စ်မေဆန်၏ သမီး၊ ကျွန်ုပ်၏ နှမဖြစ်သူ ဘာသာမေဆန်နှင့် လက်ထပ်ခဲ့သည်။ လက်ထပ်မှတ်တမ်းကို ဂျမေကာမြို့ရှိ ဘုရားကျောင်း မှတ်ပုံ

မလို လုပ်ပြီးမှ စက်ဆုပ်ရွံရှာဟန်ဖြင့် လက်သီးကို ပြန်ရုပ်လိုက်သည်။

''ကဲ-မင်းမှာ ဘာပြောစရာရှိလဲ''

မစ္စတာရိုချက်စတား ဆက်မေးလိုက်သည်။ မေဆန်၏ ဖြူဖပ်ဖြူရော်ဖြစ်နေသော နှုတ်ခမ်းမှ မည်သည့်တုံ့ပြန်ချက်မျှ ထွက်မလာ။ ရိုချက်စတားက အော်လိုက်သည်။

''ငါထပ်ပြောမယ်၊ မင်းပြောမယ့် မဟုတ်တမ်းတရား စကားတွေက ဘာသဲ၊ ပြောလေကွာ''

''ဒီမှာ ခင်ဗျား၊ ဒီမှာ ခင်ဗျား''

ဘုန်းကြီးက ဝင်ပြောသည်။

''ခင်ဗျားတို့တစ်တွေဟာ အခင်မတန်မြင့်မြတ်တဲ့နေရာမှာ ရောက်နေကြတယ်ဆိုတာ မမေ့ကြပါနဲ့''

ယင်းနောက် မေဆန်ဘက်သို့လှည့်၍–

**သင်တို့ နှစ်ဦးလုံးကို ပြောလိုပါသည်။ သင်တို့နှစ်ဦးအနက် တစ်ဦးဦးသည် တရားဝင် လက်ထပ်ခဲ့ခြင်းမရှိဘဲ အတူပေါင်းသင်းနေထိုင်ခဲ့ခြင်းကို ဖုံးကွယ်ထားသည်များရှိခဲ့လျှင် ယခုဝန်ခံပါ•••**

ဘုန်းတော်ကြီး၊ မစ္စတာဝုဒ်က စကားဆက်သည်။

''ကန့်ကွက်ချက်က ဘာကို ကန့်ကွက်တာလဲ၊ ရှင်းလင်းချက်ပေးဖို့တော့ လိုမယ်''

''မစ္စတာရိုချက်စတားမှာ အရင် လက်ထပ်ထားတဲ့ဇနီးတစ်ယောက်ရှိပါတယ်၊ အခုထိ အသက်ရှင်နေဆဲပါ''

ပြောရင်းဆိုရင်း အသံရှင်သည် ရှေ့တိုးလာသည်။ သူသည် စကားကို ဖြည်းဖြည်းမှန်မှန်ဖြင့် ပြတ်သားစွာပြောနေသည်။

ကျွန်မ မူးဝေသွားတုန်လှုပ်မိသည်။ သို့သော် စိတ်ကိုထိန်းလျက် မစ္စတာရိုချက်စတားကို ကြည့်မိသည်။ သူ့ကိုလည်း ကျွန်မအား ပြန်ကြည့်စေသည်။ သူက ဘာတစ်ခွန်းမျှမဟာဘဲ တုံ့တိုသော နေသည်။ ကျွန်မ၏ခါးကို တင်းတင်းကျပ်ကျပ်ဖက်လျက် လူစိမ်းကို မေးခွန်းထုတ်သည်။

''ခင်ဗျား ဘယ်သူလဲ''

''ကျွန်ုပ် ဘရစ်ဂ်ဆိုသူ ဖြစ်တယ်၊ လန်

တင်စာအုပ်တွင် တွေ့နိုင်သည်။ မိတ္တူတစ်စောင်ကို ယခု ကျွန်ုပ် ထင်ပြအပ်ပါသည်။ ပုံ– ရစ်ချတ်မေဆန်''

''ဟုတ်ပြီ၊ အရင်က လက်ထပ်ခဲ့တာကို သက်သေပြနိုင်ပြီဆိုပါတော့၊ ဒါပေမဲ့ အဲဒီ အမျိုးသမီး အခုထိ သက်ရှိထင်ရှား ရှိနေတယ်ဆိုတာကိုကော သက်သေပြနိုင်ရဲ့လား''

''အဲဒီ အမျိုးသမီးဟာ လွန်ခဲ့တဲ့ သုံးလအထိ သက်ရှိထင်ရှားရှိနေပါတယ်''

''ခင်ဗျား ဘယ်လို သိသလဲ''

''ကျွန်ုပ်မှာ သက်သေတစ်ယောက် ရှိပါတယ်၊ မစ္စတာမေဆန်-ကျေးဇူးပြုပြီး ရှေ့တိုးလာပါ''

ဘုရားကျောင်းအတွင်းမှ ဒုတိယလူစိမ်းသည် ရှေ့တိုးလာသည်။ ဟုတ်ပါပြီ။ မစ္စတာမေဆန်ကိုယ်တိုင်ပင် ဖြစ်သည်။ မစ္စတာရိုချက်စတားက လှမ်းကြည့်လိုက်သည်။ ချက်ချင်းပင် မေဆန်ကို ထိုးတော့ ကြိတ်တော့

''အဲဒီဇနီး အသက်ရှင်လျက်ပဲ ရှိတယ်ဆိုတာ လူကြီးမင်း သိပါသလား ခင်ဗျား''

''သတ္တိမွေးစမ်းပါ''

ရှေ့နေက သူ့လူကို ပြောနေသည်။

''ပြောပြလိုက်ပါ''

မေဆန်က ရဲစိတ်ဝင်လာပြီးပြောသည်။

''အဲဒီ မိန်းကလေးဟာ သွန်းဖီးလ်ဟောမှာပဲ ရှိနေပါတယ်၊ ကျွန်တော် သူမကို ပြီးခဲ့တဲ့ ဧပြီလထဲမှာ တွေ့ခဲ့ရပါတယ်၊ ကျွန်တော် သူမ အစ်ကိုပါ''

''သွန်းဖီးလ်ဟောမှာ ဟုတ်လား''

မစ္စတာဝုဒ် အံ့ဩနေသည်။

''မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ကျုပ်ဒီမှာနေတာကြာပြီ၊ သွန်းဖီးလ်ဟောမှာ မစ္စက်ရိုချက်စတား ရှိနေတယ်လို့ မကြားခဲ့မိဘူး''

မစ္စတာရိုချက်စတားက မငြိုငြိုး ပြုံးလိုက်သည်။ ပြီးနောက် သက်ပြင်းရှုလျက်–

''ဘယ်ကြားဖူးမလဲ၊ ကျွန်တော်က

ဘယ်သူမှ မသိအောင် ဝှက်ထားတာကိုး''

ခဏနားလိုက်သည်။ နောက်မှ ယတိပြတ် ဆုံးဖြတ်ဟန်ဖြင့်–

''ကဲပါလေ၊ ကိစ္စပြီးပါပြီ၊ ဝုဒ် ခင်ဗျား စာအုပ် ပိတ်လိုက်ပါတော့ဗျာ၊ (စာရေးဘက် လှည့်၍) ဠွန်ဂရင်း မလိုတော့ဘူး။ သွားတော့၊ ကနေ့ လက်ထပ်ပွဲမဖြစ်တော့ဘူး''

မစ္စတာရိချက်စတာက ဆက်ပြောသည်။

''တစ်ချိန်တည်းမှာ မယားနှစ်ယောက်ယူတယ်ဆိုတဲ့ စကားဟာ တကယ်အကျည်းတန်တဲ့ စကားရပ်ပဲ၊ ဒါပေမဲ့ ကျွန်တော်ဟာ တစ်ချိန်တည်းမှာ မယားနှစ်ယောက်ယူတဲ့လူ ဖြစ်နေပါပြီ၊ အေးလေ၊ ဒီအခိုက်အတန့်မှာတော့ မကောင်းဆိုးဝါးနဲ့စာရင် ကျွန်တော်က နည်းနည်းတော်သေးတာပေါ့လေ၊ ကံကြမ္မာကလည်း ကျွန်တော့်ကို လှည့်စားပေးသကိုး။ လူကြီးမင်းများ ခင်ဗျား– ဒီရှေ့နေနဲ့ သူ့ရဲ့ အမှုသည်တို့ ပြောတဲ့စကားဟာ အမှန်ပဲဖြစ်ပါတယ်၊ မစ္စက်ရိချက်စတာ အိမ်မှာရှိနေတယ်လို့တော့ ဘယ်ကြားဖူးကြမလဲဗျာ၊ အေး–ဒါပေမဲ့ အရူးတစ်ယောက်ကို တံခါးပိတ် သော့ခတ်ထားရတယ်ဆိုတဲ့ တီးတိုး စကားတော့ ကြားဖူးကြမှာပေါ့။ ကျွန်တော် အခု ပြောလိုက်ပါ့မယ်၊ အဲဒီ အရူးဆိုတာ ကျွန်တော့်ဇနီးပါပဲ၊ လွန်ခဲ့တဲ့ ၁၅နှစ်က ကျွန်တော် လက်ထပ်ခဲ့တဲ့ ဘာသာမေဆန်ဆိုတဲ့ မိန်းကလေးပါပဲ၊ ကောင်းတယ် ရစ်ချတ်၊ သိပ်ကောင်းတယ်၊ ကံကောင်းလို့ မင်းလို မိန်းမလျှာကို ရိုက်မိတော့မလို့ မကြောက်ပါနဲ့ကွာ။

''ဘာသာမေဆန်ဟာ စိတ်ဖောက်ပြန်နေပါတယ်၊ သူ့မျိုးရိုးကိုက စိတ်မမှန်ပါဘူး။ သူ့အမေ 'ခရီအိုးလ်'ဆိုရင် စိတ်ကလည်း မှုမမှန်၊ အရက်ကလည်း ချိုးစွဲနေပြီ၊ ဒီအကြောင်းတွေကိုလည်း သူ့သမီးနဲ့ လက်ထပ်ပြီးမှပဲ သိလာရပါတယ်၊ ကျွန်တော့်အိမ်ကို လိုက်ခဲ့ကြပါ၊ ပြီးတော့ ကျွန်တော် လက်ထပ်ခဲ့တဲ့ အမျိုးသမီးရဲ့ အခြေအနေကို အကဲခတ်ကြပါ၊ ပြီးတော့ ကျွန်တော်ဟာ နောက်တစ်ယောက်ကို ရှာသင့်၊ မရှာသင့် အဆုံးအဖြတ်ပေးကြပါ''



သူက ကျွန်မဘက်ကို လှည့်လိုက်သည်။

''ဒီမိန်းကလေးဟာ ဝုဒ် ခင်ဗျားထက် ပိုမသိဘူး။ ဒီဇာတ်ရှုပ်ကြီးကို။ သူကတော့ အရာရာကို ရိုးရိုးလေးပဲ မြင်တတ်တယ်၊ ဒီလို ဇာတ်ရှုပ်ကြီးထဲမှာ ဝင်ပါရလိမ့်မယ်လို့ အိပ်မက်တောင် မက်ဖူးရှာမှာမဟုတ်ဘူး။ ကဲ–ကျွန်တော်နဲ့အတူ လိုက်ပြီးကြည့်လှည့်ကြပါဗျာ''

ကျွန်မလက်ကို ဆွဲလျက်ပင် သူသည် ဘုရားကျောင်းမှ ထွက်ခဲ့သည်။ မစ္စတာဝုဒ်၊ ဘရစ်ဂ်နှင့် မေဆန်တို့ နောက်မှလိုက်ခဲ့ကြသည်။

အိမ်ဝသို့အရောက်တွင် ရထားလုံးကို တွေ့ရသည်။

''ဂျွန်–မြင်းတွေပြန်သွင်းလိုက်တော့၊ ဒီနေ့ မသုံးဖြစ်ဘူး''

အိမ်တွင်းသို့ အဝင်တွင်လည်း အစေအပါးတို့က ကျွန်မတို့ကို အားရဝမ်းသာ စကားဆိုရန် ရှေ့တိုးလာကြသည်။

''မင်းတို့အားလုံး ဝမ်းမြောက်ချီးကျူးတဲ့ စကားတွေ ပြောမနေကြနဲ့တော့''

သူတို့၏သခင်က အော်ဟစ်ပြောဆိုလိုက်သည်။

''၁၅ နှစ်လောက် နောက်ကျသွားပြီပေါ့''

ဘုရားကျောင်းမှ လာကြသော ကျွန်မတို့ ငါးယောက်လုံး အပေါ်ထပ်သို့ တောက်လျှောက် တက်ခဲ့ကြသည်။ တတိယထပ်မှ ကော်ဇောခင်းထားသော အခန်းကျယ်ကြီးသို့ အရောက်တွင်–

''မေဆန်၊ မင်း ဒီအခန်းကို မှတ်မိသေးလား။ သူက မင်းကို ပါးစပ်နဲ့ကိုက်ပြီး ဓားနဲ့ထိုးတဲ့နေရာလေ''

မစ္စတာရိချက်စတာက အတွင်းတံခါး

**အခန်းထောင့်တစ်နေရာ အရိပ်ကျသည့်ဘက်တွင် တစ်စုံတစ်ယောက်သည် ယောက်ယက်ခတ် ပြေးလွှားနေသည်။ တိရစ္ဆာန်လော၊ လူလော ပထမတွင် မသဲကွဲ။ လေးဖက်ထောက်သွားနေဟန်ရှိသည်။ တစ်ချက်တစ်ချက် ဟိန်းလိုက်သည်။ ဆံပင်မွေးများက လည်ဆံမွေးနှယ်…**

ကိုဖွင့်ပြီး ကျွန်မတို့ကို ဝင်စေသည်။ အခန်းမှာ ပြတင်းပေါက်မရှိ။ မှန်အိမ်မီးတစ်လုံးကို မျက်နှာကြက်မှာ ခပ်မြင့်မြင့်ချိတ်ဆွဲထားသည်။ ဂရေ့စ်ပူးလ်က အနိုင်အမာကာရံထားသော မီးဖိုဘေးတွင်ထိုင်လျက် ဟင်းအိုးတစ်လုံးကို တည်နေသည်။

အခန်းထောင့်တစ်နေရာ အရိပ်ကျသည့်ဘက်တွင် တစ်စုံတစ်ယောက်သည် ယောက်ယက်ခတ် ပြေးလွှားနေသည်။ တိရစ္ဆာန်လော၊ လူလော ပထမတွင် မသဲကွဲ။ လေးဖက်ထောက်သွားနေဟန် ရှိသည်။ တစ်ချက်တစ်ချက် ဟိန်းလိုက်သည်။ ဆံပင်မွေးများက လည်ဆံမွေးနှယ် ခေါင်းနှင့် မျက်နှာကို ဖုံးအုပ်နေသည်။

''ဘယ့်နှယ်လဲဟေ့ မစ်(စ်)ပူးလ်၊ ကနေ့ သူ့အခြေအနေ ကောင်းရဲ့လား''

''ဟုတ်ကဲ့၊ အခြေအနေ ကောင်းပါတယ်ရှင်၊ သိပ်မဆိုးပါဘူး''

သို့သော် ကျယ်လောင်သော အသံတစ်ချက်က ဂရေ့စ်ပူးလ်၏စကားနှင့် ဆန့်ကျင်ဘက် ထွက်လာသည်။ လေးဖက်သွားနေရာမှ နောက်ခြေပေါ်တွင် ရပ်လိုက်သည်။ ဂရေ့စ်ပူးလ်က တစ်ချက်သတိပေးသည်။

''အို-အရှင်၊ သူ သခင့်ကိုမြင်သွားပြီ၊ သတိထားပါ''

''သူ့မှာ ဓားတွေ ဘာတွေ မရှိဘူး မဟုတ်လား။ ရပါတယ်''

''ကျွန်တော်တို့ ပြန်ထွက်ကြရင် ကောင်းမယ်''

မေဆန်က ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြောသည်။

''သတိထား''

ဂရေ့စ်က ရုတ်တရက် အော်ပြောသည်။ အမျိုးသားသုံးယောက်က နောက်သို့ ပြန်လှည့်ကြသည်။ မစ္စတာရိုချက်စတာက ကျွန်မကို သူ့ကိုယ်နှင့် ကွယ်ကာလိုက်သည်။ တစ်ချိန်တည်းဆိုသလို ရှုသွပ်နေသော ထိုမိန်းမသည် ရိုချက်စတာကို ခုန်အုပ်လိုက်၏။ လက်နှစ်ဖက်က သူ့လည်ပင်းကို ဆုပ်ကိုင်လျက် ပါးစပ်က သူ့ပါးကို ခဲမည့်ဟန်ပြင်သည်။ သူက အတင်းရုန်းကန်သည်။ သူ့မှာ ကြီးထွားသော မိန်းမကြီးတစ်ယောက်ဖြစ်ရာ အားကောင်းသောမားတစ်ယောက်ဖြစ်သော သူ့ကိုပင် ယှဉ်နိုင်စွမ်းရှိသည်။ မစ္စတာရိုချက်စတာအဖို့ တစ်ချက်ထိုးလိုက်ရုံနှင့် ပွဲသိမ်းနိုင်သော်လည်း မထိုးမကြိတ်ဘဲ တွန်းလှဲပြီး သူမ၏ လက်နှစ်ဖက်ကို ချုပ်ထားလိုက်သည်။ ဂရေ့စ်ပူးလ်က ကြိုးတစ်ချောင်း ယူလာပြီး သူမကို ကုလားထိုင်တစ်လုံးနှင့် တွဲ၍ချည်တုပ်ထားလိုက်သည်။

ကြိုးချည်ထားလျက်က သူမ၏ တွန်းထိုးရုန်းကန် အော်ဟစ်သံများမှာ ကြည့်မြင်ရသူများအဖို့ နှလုံးသွေးပျက်လောက်သည်။ မစ္စတာရိုချက်စတာက ကျွန်မတို့ အားလုံးဘက် လှည့်လိုက်ပြီး စကားပြောတော့သည်။

''ကဲ-မြင်ကြတဲ့အတိုင်းပါပဲဗျာ၊ ဒါ ကျွန်တော့်ဇနီးပါ၊ ကျွန်တော့်ကို ကြိုဆိုပုံလေးကတော့ ဒီလိုပါပဲ၊ (ယင်းနောက် ကျွန်မ၏ ပခုံးကိုဖက်လျက်) ဒီမိန်းကလေးဟာ အင်မတန်ရိုးရှင်း တည်ကြည်တဲ့ မိန်းကလေးပါ မစ္စတာဝုဒ်၊ မစ္စတာဘရစ်ဂ်၊ သူတို့နှစ်ဦးကို ယှဉ်ကြည့်ကြစမ်းပါ။ ပြီးတော့ ဘုရားကျောင်းရဲ့ ဘုန်းတော်ကြီးနဲ့ ဥပဒေရဲ့ ဘက်တော်သားများဖြစ်တဲ့ လူကြီးမင်းများက အဆုံးအဖြတ်ပေးကြပါအုံး။ ကဲ-ဒါပါပဲဗျာ၊ သွားနိုင်ကြပါပြီ''

ကျွန်မတို့အားလုံး အနိဋ္ဌာရုံအခန်းကြီးထဲမှ ထွက်ခဲ့ကြသည်။ မစ္စတာရိုချက်စတာ သာလျှင် ဂရေ့စ်ပူးလ်နှင့်အတူ ကျန်ရစ်သည်။

အောက်ထပ်သို့ ရောက်သည်နှင့် လူ စိမ်း ရှေ့နေကြီးက ကျွန်မကိုပြောသည်။

''အမျိုးသမီး-ခင်ဗျားကို ကျွန်တော်တို့ အပြစ်မတင်ရက်ပါဘူး။ ဒီအကြောင်းတွေ သိရရင် ခင်ဗျားရဲ့ ဦးလေးတစ်ယောက်ကတော့ အတော်လေး ကျေနပ်ဝမ်းမြောက်ပါလိမ့်မယ်''

''ကျွန်မဦးလေး၊ ဟုတ်လား။ သူ့ကို ရှင်သိနေလား''

''မစ္စတာမေဆန်နဲ့ ပတ်သက်ပြီး သိရတာပါ၊ သူက ခင်ဗျားဦးလေးနဲ့ စီးပွားဖက်လေ၊ ကြာပြီ၊ ခင်ဗျား ရိုချက်စတာနဲ့ လက်ထပ်မယ့်အကြောင်း သူ့ဆီ စာရေးလိုက်တာ၊ အဲဒီစာ ဟိုကိုရောက်တဲ့အချိန်မှာ မစ္စတာမေဆန်က ဂျမေကာကိုအပြန် ခင်ဗျား ဦးလေးဆီအဝင်နဲ့ သွားတိုက်ဆိုင်နေတယ်၊ ခင်ဗျား တွက်ကြည့်ပေါ့၊ မစ္စတာမေဆန်က သူ့နှမနဲ့ မစ္စတာရိုချက်စတာတို့ရဲ့အကြောင်းကို ခင်ဗျားဦးလေး ပြောပြခဲ့တာပေါ့''

ဩော်-ကံကြမ္မာသည် ဆန်းကြယ်လွန်းစွ၊ ရက်စက်နိုင်လွန်းစွဟု ကျွန်မ အောက်မေ့သည်။ ကျွန်မ ဦးလေးဆီ ရေးလိုက်သည့် စာတစ်စောင်က ကျွန်မဘဝကို အဆုံးအဖြတ်ပေးလိုက်ခြင်း ဖြစ်သည်။ မစ္စတာဘရစ်ဂ်က ဆက်ပြောနေသည်။

''မစ်(စ်)အိုင်းယား၊ ခင်ဗျား ဦးလေးလည်း အတော်လေး မမာမကျန်းဖြစ်နေတယ်။ ပြောရတာ စိတ်တော့မကောင်းဘူး၊ သူက မစ္စတာမေဆန်ကို ဒီလက်ထပ်ပွဲအမီလာပြီး မင်္ဂလာပွဲကိုဖျက်ပေးဖို့ လွှတ်လိုက်တာပဲ၊ အေးလေ၊ မင်္ဂလာပွဲ ပျက်သွားတဲ့အတွက် ခင်ဗျား စိတ်ထိခိုက်ကောင်း ထိခိုက်မယ်၊ ဒါပေမဲ့ ခင်ဗျား ဦးလေးဆန္ဒကတော့ ပြည့်သွားတာပေါ့၊ ကျွန်တော် တစ်ခုတော့ အကြံပြုခဲ့ချင်ပါတယ်၊ မစ္စတာမေဆန်နဲ့အတူ မာဒေးရားကိုလိုက်သွားပါ၊ ဒါတောင် ခင်ဗျားဦးလေးရဲ့အသက်ကို မီကောင်းမှ မီ

မယ်၊ ဒီက သတင်းစောင့်ရင်လည်း စောင့်လိုက်ပေါ့"

မစ္စတာဘာရစ်ဂ်က မစ္စတာမေဆန်ဘက်သို့ လှည့်လိုက်သည်။

"ဒီမှာ ဆက်နေဖို့ အကြောင်းထူးရှိသေးလား"

"အား–မရှိဘူး၊ မရှိဘူး"

"ဒါဆို ကျွန်တော်တို့ သွားကြစို့"ဟု ပြောပြောဆိုဆိုဖြင့် မစ္စတာရိုချက်စတာကိုပင် မစောင့်တော့ဘဲ ထွက်ခွာသွားကြသည်။ တစ်ခဏအကြာတွင် ဘုန်းတော်ကြီးလည်း ပြန်သွားတော့သည်။

ကျွန်မ အခန်းကိုပြန်ပြီး တံခါးပိတ်လိုက်သည်။ ကျွန်မ မငိုပိ။ ငိုချင်စိတ်လည်း မရှိ။ တည်တည်ငြိမ်ငြိမ်နှင့်ပင် အခမ်းအနားဝတ်စုံကို ချွတ်လိုက်ပြီး ယခမနံနေ့က အဝတ်ဟောင်းကို ပြန်ဝတ်လိုက်သည်။ စားပွဲပေါ်တွင် လက်နှစ်ဖက်တင်၊ ခေါင်းချလျက် ကိုယ့်အဖြစ်ကိုယ် သုံးသပ်ကြည့်မိသည်။

မနေ့က ဂျိန်းအိုင်းယားဆိုတာ ဘယ်ရောက်သွားပြီလဲကွယ်။ သူမအတွက် မျှော်လင့်ချက်ဆိုတာ ဘာလဲ။ သတို့သမီးအဖြစ်နဲ့ ဝမ်းမြောက်ကြည်နူးခဲ့ရတယ်။ ဟော–အခုတော့ အထီးကျန်ဘဝ ပြန်ရောက်ရပြီပေါ့။ နွေလယ်နေရဲ့အပူကို ဆောင်းနှင်းတစ်ချက်ရိုက်ခတ်လိုက်သလိုပါပဲလား။ မနေ့ကရှိခဲ့တဲ့ မျှော်လင့်ချက်တွေ၊ လန်းဆန်းတက်ကြွမှုတွေဟာ ကနေ့ ဆုံးရှုံးကွယ်ပျောက်ခဲ့ရပြီပေါ့။ မစ္စတာရိုချက်စတာအပေါ် အားထားယုံကြည်ခဲ့ရသမျှ အခုတော့သွားပြီ။ ကျွန်မဘဝ သောက်တည်ရာမရ ဖြစ်ခဲ့ရပါပြီ။

ကျွန်မ အခန်းကိုပြန်ပြီး
တံခါးပိတ်လိုက်သည်။
ကျွန်မ မငိုပိ။
ငိုချင်စိတ်လည်း မရှိ။
တည်တည်ငြိမ်ငြိမ်နှင့်ပင်
အခမ်းအနားဝတ်စုံကို
ချွတ်လိုက်ပြီး…

### အခန်း(၁၈)

တွေးရင်းတောရင်း၊ စဉ်းစားရင်းနှင့် ၁ချိန်အတော်လင့်သွားသည်။ ကျွန်မ ခေါင်းထောင်ကြည့်လိုက်မိချိန်တွင် နေ အတော်စောင်းနေပြီဖြစ်သည်။

"ငါ ဘာလုပ်ရမလဲ"

ကျွန်မ ဆုံးဖြတ်ရတော့မည်။

"သွန်ဖီးလ်ကနေ အခုချက်ချင်း ထွက်သွား"

ကျွန်မကိုယ်ကျွန်မ တိုက်တွန်းနေမိသည်။ ဒါပေမဲ့ ဒါပေမဲ့ပေါ့။ ကျွန်မ ထွက်မသွားနိုင်ပါဘူးလေ။ သူ့ကိုခွဲပြီး ထွက်သွားဖို့ဆိုတာ တကယ်တော့ မလွယ်လှပါဘူးရှင်။

ကျွန်မ၏ ဦးနှောက်နှင့် နှလုံးသားအားပြိုင်နေသည်။ ကျွန်မ မောလှပြီ၊ အခြေအနေအရပ်ရပ်ကမူ ကျွန်မ ဒီအရပ် ဒီဒေသက ထွက်သွားဖို့ တောင်းဆိုနေသည်။ ဟဲ–ငါ ဘယ်လိုသွားရမလဲ။

အခန်းထဲတွင် လှောင်ပိတ်မှုန်းကျပ်နေသည်ဟု ခံစားမိသည်။ သက်သာလို သက်သာငြား တံခါးသွားဖွင့်လိုက်သည်။ ခလုတ်တိုက်မိသည့်အရှိန်နှင့် စိတ်ပန်းလူပန်းဖြင့် ရှေ့သို့ ထိုးလဲကျသွားသည်။ သို့သော် လက်တစ်ဖက်က ကျွန်မကို ဆီးပွေ့ထားလိုက်သည်။ မစ္စတာရိုချက်စတာသည် ကျွန်မအခန်း၏ အပြင်ဘက်တွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်စောင့်နေပါကလား။

"နောက်ဆုံးတော့ မင်းထွက်လာရတော့တာပဲနော်၊ ဘာလို့ တံခါးပိတ်ပြီး ကြိတ်ဆွေးနေရတာလဲကွယ်၊ ကိုယ့်ဆီကို ဒေါနဲ့မောနဲ့ လာရောပေါ့၊ ပြီးတော့ မင်း ငိုနေမယ်လို့ ငါထင်ထားတာ"

သူက ကျွန်မကို ကုလားထိုင်ပေါ်တွင် ထိုင်စေပြီး ဆက်ပြောသည်။

"ဂျိန်း–ကိုယ့်ကို စကားပြောပါအုံး။ ဒီလိုချည်း စိုက်မကြည့်ပါနဲ့ ဂျိန်း။ မင်းကို ဒါလောက်ကြီး ထိခိုက်ဖို့ ကိုယ်မရည်ရွယ်ခဲ့အမှန်ပါကွယ်၊ လူတစ်ယောက်က သူ့ကိုယ်ပိုင် ကျွေးမွေးပြီး တယုတယပြုစုထားတဲ့ သိုးငယ်လေးတစ်ကောင်ကို မတော်တဆ သတ်မိမှားလို့ ကြေကွဲဝမ်းနည်းမိရင်တောင်မှ ကိုယ့်ကို မီမယ်မထင်ဘူး။ ဂျိန်း–ကိုယ့်ကို ခွင့်လွှတ်ပါ"

သူ့အသံသည် ကြေကွဲဖွယ်ကောင်းသည်။ သူ့မျက်လုံးသည် ဆွေးရိပ်သန်းနေသည်။ မပြောင်းလဲသော သူ့အချစ်ကို ကျွန်မ ခံစားမိသည်။ ကျွန်မ သူ့ကို ခွင့်လွှတ်ပါသည်။ နှုတ်ဖြင့် မပြောသော်လည်း ကျွန်မ နှလုံးသားက သူ့ကို ခွင့်လွှတ်ခဲ့သည်သာ။

"ဂျိန်း–ကိုယ် လူယုတ်မာတစ်ယောက်ဖြစ်နေပြီလားဟင်"

"ဟုတ်တယ်"

"ဒါဆိုလည်း ကိုယ့်ကို ပျစ်ပျစ်နှစ်နှစ် ပြောလိုက်စမ်းပါ"

"ကျွန်မမှာ ပြောနိုင်အားမရှိဘူး၊ ကျွန်မ သိပ်အားနည်းနေတယ်၊ ရေတစ်ခွက်လောက် တိုက်ပါအုံး"

သူသည် ကျွန်မကို ပွေ့ချီသွားပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။ ဘယ်အခန်းကို ခေါ်သွားမှန်း ပထမတွင်မသိ။ မီးလင်းဖိုတစ်ခုအနီးတွင် ကျွန်မကို ချထားပြီး ဝိုင်တစ်ခွက် ယူလာတိုက်သည်။ သူယူလာပေးသမျှ စားသောက်ပြီးနောက် ကျွန်မ ထူထူထောင်ထောင် ဖြစ်လာသည်။

ကျွန်မ စာကြည့်ခန်းတွင် ရောက်နေခြင်း ဖြစ်သည်။ သူက ကျွန်မအနီးကပ်လျက် ထိုင်နေသည်။ 'ငါ အခုနေ သေသွားရင် ကောင်းမယ်၊ သူ့ရှေ့မှာ ငါ မျက်ရည်မကျချင်ဘူး။ ငါ သူ့ဆီက ထွက်သွားတော့မယ်၊ အို–မဖြစ်သေးပါဘူး' ကျွန်မစိတ်က ယခုထိ မပြတ်သားသေး။ ချီတုံချတုံနှင့်။

သူစကားသံ ထွက်လာပြန်သည်။

"ဘယ့်နှယ်နေသေးလဲ ဂျိန်း"

"သက်သာပါတယ်"

သူက ကျွန်မကို ဝိုင်အနည်းငယ် ထပ်တိုက်သည်။ ယင်းနောက် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ တစ်ခါ ကျွန်မအနီးတွင် ရပ်လိုက်ပြီး ငုံ့၍ နမ်းမည်ပြုသည်။ ကျွန်မက မျက်နှာကို လွှဲထားလိုက်သည်။

"အို–ဘယ်လိုလဲ၊ မင်း ကိုယ့်ကို မနမ်းချင်တော့ဘူးလား။ ဩော်– ဘာသာမဆန်ရဲ့ ယောက်ျားဖို့လို့ မနမ်းချင်တော့ဘူးပေါ့၊ ဟုတ်လား"

"အားလုံး ပြောင်းလဲကုန်ပါပြီလေ၊ ဒီတော့ ကျွန်မလည်း လိုက်ပြောင်းရတော့မှာပေါ့၊ အာဒီလာအတွက် ဆရာမအသစ် တစ်ယောက် ရှာရမယ်"

"အာဒီလာကို ကျောင်းပို့လိုက်တော့မယ်၊ အားလုံး ကိုယ် စီစဉ်ထားပြီးပါပြီ"

သူက အခိုင်အမာပြောနေသည်။

"ကိုယ်တို့ ဒီမှာ မနေကြဘူး။ သွန်းဖီးလ်မှာ မင်းကိုမထားရက်ဘူး။ 'ဘာသာ' ကို ဒီမှာထားတာတောင် ကိုယ်လွန်လှပြီ၊ ဒီပြင်နေရာ 'ဖန်းဒင်း'မှာ အိမ်ကြီးတစ်လုံး ရှိသေးတယ်၊ သူ့ကို အဲဒီမှာ သွားထားဖို့ ဆိုတာတော့ ကိုယ်မလုပ်ချင်ဘူး။ ကိုယ် မလုပ်ရက်ဘူး။ သူကတော့ လူတွေကို မီးရှို့၊ ဓားနဲ့ထိုး လုပ်တာပေါ့လေ"

"သူ့ကိုတော့ အပြစ်မတင်သင့်ပါဘူး။ သူ့ခမျာ ရူးနေရှာတယ် မဟုတ်လား"

"ကိုယ် အပြစ်တင်နေတာ မဟုတ်ပါဘူး။ အပြစ်ကို ပြောပြတာပါ၊ တကယ်လို့ မင်းရူးသွားရင် ကိုယ် မင်းကို အပြစ်တင်မယ်လို့ မင်းထင်သလား"

"ကျွန်မတော့ အဲဒီလိုပဲ ထင်တယ်"

"ဒါဆို မင်း ကိုယ့်ကို နားမလည်သေးတာပဲ၊ ပြီးတော့ ကိုယ့်ရဲ့အချစ်ကို မင်း သဘောမပေါက်ဘူး။ မင်းကို ကိုယ် အသက်တမျှ မြတ်နိုးတယ်၊ ဒီအိမ်မှာ နောက်တစ်ရက်တော့ နေလိုက်ပါအုံး။ ကိုယ်တို့ အေးအေးချမ်းချမ်းနေနိုင်မယ့် တစ်နေရာရှိပါတယ်"

"အာဒီလာကို ခေါ်သွားလေ၊ ရှင်နဲ့ အတူ ကလေးမလေး လိုက်ပါလိမ့်မယ်"

"ဘာပြောတယ် ဂျိန်း။ သူ့ကို ကျောင်းကို ပို့တော့မယ်လို့ မင်းကို ကိုယ်ပြောပြီးပြီပဲ"

"ဒါပေမဲ့ ရှင်တစ်ယောက်တည်းဆို မကောင်းဘူးလေ"

"ဘာ–တစ်ယောက်တည်း ဟုတ်လား"

သူက စိတ်ဆိုးမာန်ဆိုးဖြင့်အော်သည်။

"ကိုယ်သွားရင် မင်း ပါမယ်ဆိုတာ မသိဘူးလား"

ကျွန်မ ခေါင်းယမ်းလိုက်ပြီး သူ့ကို ကြည့်လိုက်တော့ သူ့ ဆောက်တည်ရာမရ ဖြစ်နေသည်ကို တွေ့ရသည်။

"ဂျိန်း–ကိုယ်ရှင်းပြတာကို နားထောင်ပါအုံး။ မင်းကသာ နားမထောင်ဘူးဆိုရင်တော့ ကိုယ်ရူးလိမ့်မယ်"

ကျွန်မက သူ့ကို ဘေးတွင်ထိုင်နိုင်း လိုက်သည်။ သူ့အနားတွင် ထိုင်ပြန်တော့ ကြူကြူပါအောင် ငိုမိသည်။ သူက အငို တိတ်အောင်ချော့၏။ ကျွန်မက သူ့ စိတ်ဆိုး မပြေသမျှ ငိုနေမည်ဟုဆိုသော်–

"ဂျိန်း–မင်းကို ကိုယ်စိတ်ဆိုးတာ မဟုတ်ပါဘူး။ မင်းကို အသည်းနှင့်အောင် ချစ်မိလို့ပါ၊ ကဲ–ကဲ၊ တိတ်တော့၊ ကိုယ့် ပခုံးပေါ် မှီထား"

သူ ပြောပြောဆိုဆိုနှင့် ကျွန်မကို ဆွဲဖက်ပြီး သူ့ပခုံးပေါ် မှီစေသည်။ သို့သော် ကျွန်မက ရုန်းထွက်လိုက်၏။

"ဂျိန်း–ဂျိန်းရယ်"

သူ့အသံက ဆို့နင့်နေသည်။

"တကယ်တော့ မင်းဟာ ကိုယ့်ကိုချစ်တာ မဟုတ်ဘူး။ ကိုယ့်ဇနီးအဖြစ်ကိုသာ လိုချင်တာကိုး။ အခုတော့ ကိုယ်ဟာ ရွံစရာ၊ ကြောက်စရာ၊ မသင်္ကာစရာ ဖြစ်နေပြီပေါ့၊ ဟုတ်လား"

သည့်စကားများက ကျွန်မကို နာကျင်စေ၏။

"ကျွန်မ ကိုကို တကယ်ပဲချစ်ပါတယ်ရှင်၊ ဒါပေမဲ့ ဒါဟာ ကျွန်မ နောက်ဆုံးပြောခြင်းပဲ"

"နောက်ဆုံး ဟုတ်လား။ ဂျိန်း–ဘယ်လို ပြောလိုက်တာလဲ"

"ကျွန်မ အာဒီလာကိုရော၊ သွန်းဖီးလ်ကိုရော ခွဲရတော့မယ်။ ကျွန်မ နေရာသစ်၊ မျက်နှာသစ်တွေကြားမှာ ဘဝသစ်ပြန်စရမယ်"

"ဒါပေါ့၊ ကိုယ်ပြောထားပြီးပြီပဲ၊ ပြင်သစ်တောင်ပိုင်း ကမ်းခြေတစ်ခုမှာ မင်းကို မစ္စက်ရိုချက်စတာအဖြစ် တင့်တောင့်တင့်တယ် ထားမယ်၊ ဘာလို့ ခေါင်းခါနေရတာလဲ ဂျိန်း။ စဉ်းစားစမ်းပါအုံး။ အေးလေ၊ မင်းကို ကိုယ့်ရဲ့ အိမ်ထောင်ရေးဇာတ်လမ်းကို မပြောပြရသေးပဲကိုး။ တကယ်တော့ ကိုယ့်ရဲ့ အိမ်ထောင်ဖက်ကို ကိုယ့်သဘောကျ ရွေးခဲ့ရတာ မဟုတ်ဘူး။ လူကြီးချင်း စီစဉ်ကြတာပါ၊ ကိုယ် ဒီဇာတ်လမ်းကို ပြောပြပါမယ်၊ မင်း နားထောင်ချင်ရဲ့လား"

"ရှင်ကသာ ပြောပြမယ်ဆိုရင် အချိန် ဘယ်လောက်ကုန်ကုန်ပါ၊ ကျွန်မနားထောင် ချင်ပါတယ်"



''ဂျိန်း–ကိုယ့်မှာ အစ်ကိုတစ်ယောက် ရှိခဲ့တယ်ဆိုတာ မင်း သိတယ်နော်''

''ဟုတ်ကဲ့၊ မစ္စက်ပယ်ယားဖက်စ် ပြောဖူးတယ်''

''ကိုယ့်အဖေက သူ့ပစ္စည်းတွေအားလုံးကို ကိုယ့်အစ်ကို 'ဗိုလင်'ကို ပေးခဲ့ချင်တာ၊ ကိုယ့်အတွက်ကတော့ ချမ်းသာတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ဆက်ပြီး လူချမ်းသာဖြစ်စေချင်တာ။ ဒီတော့ မစ္စတာမေဆန်ဆိုတဲ့ ကုန်သည်ကြီးတစ်ယောက်နဲ့ ဆက်မိပြီး သူ့မှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိကြောင်း၊ အဲဒီသမီးဟာ ပေါင်သုံးသောင်းလောက် အမွေဆက်ခံနိုင်မယ်ဆိုတာ သိရတာနဲ့ အဖေ့အစီအစဉ် စတော့တာပဲ၊ ကိုယ် ကောလိပ်ကပြီးတာနဲ့ 'ဂျမေကာ'ကို လွှတ်တယ်၊ မစ္စတာမေဆန်ရဲ့ အစုစပ်ပါတနာအဖြစ် အလုပ်ဝင်စေတယ်၊ ကိုယ့်အဖေက ငွေရေးကြေးရေးကိစ္စ ဘာတစ်ခွန်းမှ မဟဘူး။ အေး–မစ်(စ်)မေဆန် ချောကြောင်း၊ လှကြောင်းကိုတော့ ပြောလိုက်တယ်၊ ဒါလည်း အမှန်ပဲဆိုတာ ကိုယ် မစ်(စ်)မေဆန်ကို တွေ့လိုက်တာနဲ့ ကိုယ် လက်ခံခဲ့ပါတယ်၊ သူ့မိဘတွေကလည်း ကိုယ့်ကို မိကောင်းဖခင် သားတစ်ယောက်အနေနဲ့ လက်ခံခဲ့တယ်၊ ဒီလိုနဲ့ မစ်(စ်)မေဆန်ကို ချစ်မိတယ်လို့ ထင်ခဲ့တယ်၊ သူ့ ဆွေမျိုး အသိုင်းအဝိုင်းတွေကလည်း ပံ့ပိုးပေးခဲ့တယ်၊ ပြိုင်ဘက်တွေကြောင့် ကိုယ် အားထည့်ခဲ့တယ်၊ သူကလည်း ဆွဲဆောင်မှုရှိတယ်၊ နောက်တော့ ကိုယ်တို့ တစ်ဦးနဲ့တစ်ဦး သိပ်မရင်းနှီးခင်မှာ လက်ထပ်လိုက်ကြတယ်''

''ဒီအချိန်ထိ ကိုယ့်အမျိုးသမီးရဲ့အမေကို မတွေ့ဖူးသေးဘူး။ ကိုယ့်စိတ်ထင်တော့ ဆုံးသွားပြီလို့တောင် ထင်ခဲ့မိတယ်၊ ပျားရည်ဆမ်းခရီး ထွက်ပြီးမှပဲ အဲဒီအမေကြီး ရူးနေလို့ စိတ္တဇဆေးရုံကို ပို့ထားတယ်ဆိုတာ သိရတော့တယ်၊ နောက် အမျိုးသမီးရဲ့ မောင်တစ်ယောက် ရှိသေးတယ်၊ သူကလည်း ဆွံ့အနေတယ်၊ ကိုယ့်အဖေနဲ့ အစ်ကိုက ဒါတွေအားလုံး သိပါလျက်နဲ့ ငွေသုံးသောင်းကိုပဲ ထည့်တွက်ခဲ့ကြတယ်၊ ဂျိန်း– ကိုယ် အတတ်နိုင်ဆုံး ကြိုးစားပြီး ဖြေသိမ့်ခဲ့ပါတယ်၊ ၄နှစ်လုံးလုံး အဲဒီအမျိုးသမီးနဲ့ အတူ နေခဲ့တယ်၊ ဒီ ၄နှစ်အတွင်း အမျိုးသမီးရဲ့ အခြေအနေဟာ ဆိုးသထက် ဆိုးလာတယ်၊ အရက်လည်း အလွန်အကျွံသောက်တယ်၊ အို– တကယ့်ကို ရိုင်းစိုင်းလာတယ်၊ ၄နှစ်ကျော်လာတဲ့ အချိန်မှာပဲ အင်္ဂလန်မှာ ကိုယ့်အဖေ ဆုံးသွားတဲ့အကြောင်းနဲ့ မရှေးမနှောင်းဆိုသလို ကိုယ့်အစ်ကို ဆုံးသွားကြောင်း သိခဲ့ရတယ်၊ ဒီတော့ အများအမြင်မှာတော့ ကိုယ်ဟာ လူချမ်းသာတစ်ယောက်ပေါ့၊ ဒါပေမဲ့ အိမ်ထောင်ရေးသုခဆိုတာကတော့ နတ္ထိပဲ၊ ကိုယ့်မိန်းမဆိုတာကလည်း ဒီအချိန်မှာတော့ လုံးလုံးကို ရူးနေပြီ''

''အဲဒီတုန်းက ကိုယ့်အသက် ၂၆နှစ်ပဲ ရှိသေးတယ်၊ ကိုယ့်ထက် အသက်လည်း ကြီး၊ စိတ်ကလည်း ဖောက်ပြန်နေတဲ့ အမျိုးသမီးကြီးကို နေ့စဉ် မြင်တွေ့ရပန်များတော့ ကိုယ်တောင် ရူးတော့မလို ဖြစ်ခဲ့တယ်၊ တစ်ညနေ့မှာ ပစ္စတိုတစ်လက် ထုတ်ယူပြီး ကိုယ့်ကိုယ်ကိုယ် ပစ်သတ်ဖို့တောင် ဆုံးဖြတ်ခဲ့တယ်၊ ပင်လယ်ကမ်းစပ်ကိုထွက်၊ နောက်ဆုံး နှုတ်ဆက်တဲ့အနေနဲ့ ကိုယ့်အဖနိုင်ငံကို နှုတ်ဆက်ပြီး၊ ကိုယ့်ကိုယ်ကိုယ် လုပ်ကြံဖို့ အလုပ်မှာ အသံတစ်သံ ကြားမိတယ်၊ 'ဥရောပမှာ ဘဝသစ်စလော့၊ မင်းမိန်းမကို စောင့်ရှောက်နိုင်သမျှ စောင့်ရှောက်ခဲ့ပြီပဲ၊ လူ့သားတစ်ယောက်အနေနဲ့ ဒါပဲ လုပ်နိုင်မှာပေါ့၊ သူမကို သွန်းဖီးလ်မှာ ထိန်းသိမ်းစောင့်ရှောက်ပါ၊ မင်းကတော့ နေရာသစ်မှာ မိတ်ဆွေ အသစ်တွေနဲ့ သွားသွားလာလာနေပေတော့' အမျိုးသမီးအတွက် စိတ်ချရအောင် စီစဉ်ပြီး အဝေးတစ်နေရာကို ထွက်သွားဖို့ စိတ်ကူးတစ်မျိုး ရလာတယ်''

အဲဒီတုန်းက
ကိုယ့်အသက် ၂၆နှစ်ပဲ
ရှိသေးတယ်၊ ကိုယ့်ထက်
အသက်လည်း ကြီး၊ စိတ်ကလည်း
ဖောက်ပြန်နေတဲ့
အမျိုးသမီးကြီးကို နေ့စဉ်
မြင်တွေ့ရပန်များတော့
ကိုယ်တောင် ရူးတော့မလို
ဖြစ်ခဲ့တယ်၊

''ဂရေ့စ်ပူးလ်ကို ငှားခဲ့တယ်၊ ကိုယ့်အဖို့ ယုံကြည်စရာဆိုလို့ သူမရယ်၊ ဒေါက်တာ 'ကာတာ'ရယ်ပဲရှိတယ်၊ သူတို့နဲ့ တိုင်ပင်ပြီး ဒီ သွန်းဖီးလ်မှာပဲ ဝှက်ထားတယ်၊ ကဲ–အခုတော့ အတိတ်ကို ပြည်ဖုံးကားချလိုက်ကြပါစို့၊ အနာဂတ်ဟာ ကိုယ်တို့အတွက် တောက်ပနေပါပြီ၊ ကိုယ်တကယ် နှစ်နှစ်ကာကာ ချစ်တဲ့သူနဲ့လည်း တွေ့ရပြီ၊ အဲဒီသူကတော့ မင်းပဲ၊ ကဲ–ဂျိန်း၊ ကိုယ်နဲ့ အတူ လိုက်ခဲ့မယ် မဟုတ်လားဟင်''

ကျွန်မ မဖြေတတ်နိုင်ပါ။ ကျွန်မအဖို့ အရာရာကို စွန့်လွှတ်လိုက်ပြီဖြစ်သည်။ ချစ်ခြင်းမေတ္တာကိုရော၊ မျှော်လင့်ချက်ကိုပါ စွန့်လွှတ်လိုက်မှတော့ ကျွန်မ ဘာကိုမှ မငဲ့ချင်တော့။ ကျွန်မစိတ်က ပြတ်ပြီ။

''ဂျိန်း–ဘယ်လိုလဲ၊ ကိုယ်နဲ့ လက်တွဲမယ်လို့ ပြောလိုက်စမ်းပါ''

''မစ္စတာရိုချက်စတာ၊ ကျွန်မ လက်မတွဲနိုင်တော့ပါဘူး။ ကျွန်မ ကိုယ့်လမ်းကိုယ် သွားပါရစေ''

''အို–ဘယ်လိုပြောလိုက်တာလဲ ဂျိန်းရယ်၊ ကိုယ့်ရင်ကို ခွဲလိုက်တာလား''

မစ္စတာရိုချက်စတာ၏ မျက်နှာမှာ ခေါက်တည်ရာမရ ဖြစ်သွားသည်။ ပြီးမှ ထိန်းချုပ်ထားဟန်ဖြင့်–

''ဒီလောကမှာ မင်းကို ဘယ်သူက ဂရုစိုက်မလဲ၊ မင်း ဘယ်ကိုသွားမလဲ''

''ကျွန်မ–ကျွန်မကိုယ်ကျွန်မ ဂရုစိုက်ပါမယ်၊ ကျွန်မကိုယ်ကျွန်မ ထိန်းသွားပါမယ်၊ ကျွန်မအဖို့ ဘယ်ကိုပဲသွားသွား ရှေ့ဆောင်လမ်းပြကတော့ ဘုရားသခင်ရဲ့ အဆုံးအမနဲ့ လောကရဲ့ နိယာမတရားပါပဲ''

မစ္စတာရိုချက်စတာက ထပ်၍ လမ်းချောက်လိုက်သေးသည်။ ယင်းနောက် ကျွန်မရှေ့တွင် ရုတ်ခနဲရပ်လိုက်ပြီး ကျွန်မ လက်မောင်းနှစ်ဖက်ကို အတင်းဆုပ်ကိုင်လိုက်သည်။ သို့သော် ကျွန်မ၏ ကြောက်

စိတ်ကောင်းသော အကြည့်ကြောင့် ကျွန်မကို ပြန်လွှတ်လိုက်သည်။

''ငါ့ကို ဘယ်သူမှ ဒီလိုပြန်မကြည့်ဖူးဘူး၊ ကြည့်လည်း မကြည့်ရဲကြဘူး။ အေး–မင်းကတော့ စိတ်ဓာတ်အားလည်းကောင်းတယ်၊ ရိုးသားဖြူစင်မှုလည်း ရှိတယ်၊ ငါ သဘောကျတာကလည်း ဒါပဲ၊ ငါ မင်းကို အတင်းအဓမ္မ သိမ်းပိုက်ရင်လည်း မင်းစိတ်ကို ငါမပိုင်နိုင်ဘူး။ အို–ရှိန်းရယ်၊ ကိုယ့်ဆုတောင်းမပြည့်ခဲ့ပါလား''

''ကျွန်မ သွားတော့မယ်''

''မင်း ကိုယ့်ကို ခွဲသွားတော့မယ်၊ဟုတ်လား''

ကျွန်မ သူ့ကို ဘာမှမပြောလိုတော့။ တံခါးဆီသို့ရောက်အောင် ထွက်သွားပြီးမှ သူ့ဆီ ပြန်လျှောက်ခဲ့သည်။ သူ့နံဘေးတွင် ဒူးထောက်ထိုင်လိုက်ပြီး သူ့ပါးကို နမ်းခဲ့သည်။ သူ့ဆံပင်ကို သပ်ခဲ့သည်။

''ရှင့်ကို ဘုရားသခင် စောင့်မပါစေ၊ အတိတ်က ကျွန်မအပေါ် ဂရုတစိုက်ရှိခဲ့တဲ့အတွက် ရှင့်ကို တစ်ဖန် ဘုရားသခင်က စောင့်ရှောက်နိုင်ပါစေ''

သူက ကျွန်မကို လှမ်းဖက်ရန်ပြင်သည်။ ကျွန်မက ရှောင်ထွက်လိုက်ပြီး အမြန်ဆုံးပြေးထွက်ခဲ့သည်။

''သွားတော့မယ်နော်''

ကျွန်မ နှလုံးသားက အော်ပြောနေသည်

''နောက်ဆုံး နှုတ်ဆက်ခဲ့ပါတယ် ကွယ်''

ကျွန်မ ရင်နာလှပါသည်။

**အခန်း(၁၉)**

ယင်းညဉ့်က အိပ်၍မရဆိုသည်ကိုမူ ပြောစရာမလိုတော့ပေ။ ဤလှောင်အိမ်ကြီးမှ ချက်ချင်းလွတ်မြောက်ဖို့သာ စိတ်ကူးနေခဲ့သည်။ သန်းခေါင်ကျော်သည်နှင့် ကျွန်မ လုပ်ငန်းစတော့သည်။ အဝတ်အစားအနည်းငယ်နှင့် လော့ကတ်သီးတစ်ခု၊ လက်စွပ်တစ်ကွင်းကို အိတ်တစ်ခုတွင် စုထည့်လိုက်သည်။ လွန်ခဲ့သော ရက်အနည်းငယ်က သတို့သမီးဝတ်ဆင်ရန်ဟူ၍ မစ္စတာရိုချက်စတာ ပေးထားသော ပုလဲလည်ဆွဲကိုမူ ထားခဲ့သည်။ စင်စစ် သတို့သမီးမဟုတ်တော့သော ကျွန်မအဖို့ ဤလည်ဆွဲရတာမှာ လည်း မလိုတော့ပေ။ ကျွန်မတွင် ရှိသမျှ ပိုက်ဆံကို ပိုက်ဆံအိတ်တွင် ထည့်သည်။ (ကျွန်မတွင် ရှိသမျှ ပိုက်ဆံဆို၍လည်း ၂၀ သျှီလင်မျှသာ)။ အားလုံး အဆင်သင့်ဖြစ်သည်နှင့် ရှူးဖိနပ်ကို လက်ကဆွဲလျက် အိပ်ခန်းမှ ထွက်ခဲ့သည်။

မစ္စက်ဖယ်ယားဖက်စ်၏ အခန်းနှင့် ကလေးငယ် အာဒီလာ၏ အထိန်းခန်းကို ဖြတ်ခဲ့စဉ် စိတ်ထဲမှ နှုတ်ဆက်ခဲ့သည်။ မစ္စတာရိုချက်စတာ၏အခန်းကို ဖြတ်ရာတွင် ကျွန်မ နှလုံးခုန် မြန်ဆန်နေသည်။ သူ့ခမျာမှာလည်း အိပ်မပျော်နိုင်ရှာဘဲ အခန်းတွင်း၌ လူးလာခေါက်တုံ့ လမ်းလျှောက်နေဟန်ရှိသည်။ သူ့ခြေသံကို အပြင်ကကြားနေရသည်။ ပထမတွင် တံခါးခေါက်မည်ဟု ရည်ရွယ်ပြီးမှ မခေါက်တော့ဘဲ ခြေကိုဖော့နင်းလျက် အောက်ထပ်သို့ ဆင်းခဲ့သည်။

အိမ်ဝင်းမှအထွက် တစ်မိုင်ခန့်အကွာတွင် လမ်းမကြီးကို တွေ့နေရသည်။ ကျွန်မက ''ဗီးလ်ကုတ်''နှင့် ဆန့်ကျင်ဘက်လမ်းကို ရွေးလိုက်သည်။ ဘယ်ဆီဘယ်ဝယ်ဟူ၍ မသိတတ်သော်လည်း ရထားလုံးတစ်စင်းကို တွေ့သည်နှင့် ပါသမျှ ပိုက်ဆံ သျှီလင် ၂၀ ကို ပေးကာ သွန်းဒီးလ်နှင့်ဝေးရာကို ပြေးခဲ့သည်။

နောက်တစ်နေ့ ရထားမှဆင်းသည်နှင့် ကျွန်မအဖို့ ပိုက်ဆံ ခြူးတစ်ပြားမျှ မရှိတော့ဘဲ လမ်းပျောက်သူဖြစ်ခဲ့ရသည်။ ပထမတွင် ပါလာသည့်မုန့်အနည်းငယ်ဖြင့် လဲလှယ်၍ စားသောက်လိုက်၏၊ အလုပ်ရှာလိုက်ဖြင့် နောက်ပိုင်းတွင် အစာရေစာ ပြတ်လပ်လာသည်။ ဘာအခင်လည်း ကုန်ခန်းလာပြီး အိမ်တစ်လုံးတည်း သီးခြားရှိနေသည့်နေရာသို့ ရောက်ခဲ့သည်။ ယင်းအိမ်အဝတွင် တံခါးကိုမှီလျက် အမောပြေနေစဉ် တံခါးပွင့်သွားပြီး ကျွန်မလည်း လဲကျမေ့မြောသွားသည်။

သုံးရက်ကြာမှ အပေါ်ထပ် အိပ်ခန်းတစ်ခုတွင် ကျွန်မကို သိပ်ထားကြောင်း သိရသည်။ ကျွန်မ များစွာကံကောင်းပါသည်။ အိမ်ရှင်များမှာ ဒိုင်ယာနာရစ်ဗားနှင့် မေရီရစ်ဗား ညီအစ်မနှစ်ယောက် ဖြစ်ကြသည်။ သူတို့အစ်ကိုကြီး ''စိန့်ဂျွန်''ဆိုသည့် ဘုန်းကြီးတစ်ပါးလည်း သူတို့နှင့်အတူ နေသည်။ ကျွန်မက ကျွန်မ၏ အမည်မှန်မှ လွဲ၍ အဖြစ်အပျက်အားလုံးကို ပြောပြသည်။ ကျွန်မ၏ အမည်ကိုမူ ''ဂျိန်းအီးလီးယော့''ဟု ပြောခဲ့သည်။ ရက်အနည်းငယ်ကြာသော် ကျွန်မ ထူထူထောင်ထောင် ဖြစ်လာသည်။ ကျွန်မအတွက် သင့်တော်သည့်အလုပ် ရှာပေးရန်၊ ယုတ်စွအဆုံး အိမ်စေအလုပ်ပင်ဖြစ်စေ လုပ်လိုကြောင်း တောင်းဆိုခဲ့သည်။



အချိန်အတန်ကြာသော် ''မော်တန်''ရွာတွင် ကျောင်းဆရာတစ်ဦး လိုအပ်နေကြောင်းဖြင့် မစ္စတာရစ်ဗားက ကျွန်မကို အလုပ်သွင်းပေးခဲ့သည်။ လစာမှာ တစ်နှစ်ပေါင် ၃၀ ဖြစ်သည်။ နေစရာ၊ ထိုင်စရာဆို၍လည်း၊ စားပွဲတစ်လုံး၊ ကုလားထိုင်လေးလုံး၊ အိပ်ရာတစ်ခုပါသည့် တဲငယ်တစ်လုံးတွင် နေရသည်။ သည့်ထက်လည်း ကျွန်မအဖို့ မလို၊ ကျွန်မ ကျေနပ်ပါသည်။

သည်လိုနှင့် အချိန်က ရက်မှလသို့ ကူးခဲ့သည်။ ကျွန်မ တောရွာလေးတွင် ရှိနေစဉ်အတွင်း မစ္စတာရစ်ဗားမှာ သူ့ဘုရားကျောင်းရှိရာသို့ သွားရောက်နေထိုင်သဖြင့် အမျိုးကြီး ညီအစ်မနှစ်ဦး ကျွန်မနှင့် မလှမ်းမကမ်းသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ သူတို့နှင့် မကြာခဏ တွေ့ရသော်လည်း အတိတ်ကို ပြန်စဉ်းစားမိတိုင်း စိတ်မချမ်းမသာဖြစ်ရသည်။ သို့သော် ကျွန်မ၏ဆုံးဖြတ်ချက်နှင့် ပတ်သက်၍မူ နောင်တမရခဲ့။ ရင်ထဲမှာကတော့

**ဘဝကံသည် ဆန်းကြယ်လှသည်။**
**တစ်ခါက ကျွန်မ၏အသက်၊ ကျွန်မ၏ဘဝကို ကယ်တင်ခဲ့ကြသော**
**လူသုံးဦးသည် ယနေ့ ကျွန်မ၏ မောင်နှမဝမ်းကွဲများ ဖြစ်နေကြသည်။**

မစ္စတာရှိချက်စတာကို တမ်းတလျက်ပင်။

သို့ဖြင့် နိုဝင်ဘာလ ၁ရက်တွင် မစ္စတာရစ်ဇား အလည်ရောက်လာသည်။ သူ့ထံမှ ကြားသိရသော သတင်းစကားသည် ကျွန်မအဖို့ အိပ်မက်ဟုပင် ထင်ရမလိုဖြစ်ခဲ့သည်။ သူ့စကားကို ချုပ်ပြီးပြန်ပြောရလျှင် သူသည် ကျွန်မ၏ အမှတ်မထင် လက်ဆောင်၍ စာရွက်ပိုင်းတစ်ရွက်ပေါ်တွင် ကျွန်မ၏ နာမည်အမှန်ကို ရေးခြစ်ထားသည်ကာစ၍ ခြေရာကောက်နိုင်ခဲ့ကြောင်း၊ စင်စစ် သူနှင့် ကျွန်မသည် ဝမ်းကွဲမောင်နှမများဖြစ်ကြောင်း၊ လွန်ခဲ့သည့် ဩဂုတ်လက ရှေ့နေ မစ္စတာဘရစ်ဂ်ထံမှ မာဒေးရားရှိ ကျွန်မတို့ဦးလေး တော်စပ်သူ ရွှန်အိုင်းယား ကွယ်လွန်ခဲ့ပြီး ကျန်ပစ္စည်းအားလုံးကို ကျွန်မအား လွှဲခဲ့သည်ဟု အကြောင်းကြားခဲ့ကြောင်းများ ဖြစ်သည်။

''မိန်းကလေး၊ ဒီသတင်းစကားကို မင်းကို လာပြောရတဲ့အတွက် ငါ ဝမ်းသာတယ်၊ ခုဆို မင်းဟာ သူဌေးဖြစ်ပြီပေါ့''

''ဒါပေမဲ့ မစ္စတာရစ်ဇား၊ ကျွန်မ ပြောပါရစေအုံး၊ ရှင့်အမေဟာ ကျွန်မအဖေရဲ့ နှမ မဟုတ်လား''

''အေးလေ၊ အဲဒီတော့ ဘာဖြစ်သလဲ''

''ဒီတော့ ကျွန်မလည်း ဦးလေးရွှန်ရဲ့ တူမ၊ ရှင်လည်း ဦးလေးရွှန်ရဲ့ တူ၊ ရတဲ့ ပစ္စည်းကို အချိုးကျခွဲဝေဖို့ပဲ ရှိတာပေါ့''

''မဟုတ်သေးဘူးလေ၊ သူက မင်းကို ပေးခဲ့တာပဲ၊ ပြီးတော့ တန်ဖိုးက နည်းနည်းနောနော မဟုတ်ဘူး၊ ပေါင် နှစ်သောင်းကြီးများတောင်''

''ကျွန်မတစ်ဦးတည်း ပေါင်နှစ်သောင်း ယူရမှာ လိုပ်ပြာမသန့်ဘူး၊ အချိုးကျခွဲရင်တောင် ကျွန်မအတွက် ပေါင်ငါးထောင်ရမယ်၊ ကဲ–အစ်ကိုကြီး၊ မမဒိုင်ယာနာနဲ့ မမမေရီတို့ မနက်ဖြန် ဒီကိုလာဖို့ မှာလိုက်ပေတော့''

ဘဝကံသည် ဆန်းကြယ်လှသည်။ တစ်ခါက ကျွန်မ၏အသက်၊ ကျွန်မ၏ဘဝကို ကယ်တင်ခဲ့ကြသော လူသုံးဦးသည် ယနေ့ ကျွန်မ၏ မောင်နှမဝမ်းကွဲများ ဖြစ်နေကြသည်။ ကျွန်မမှာ ဆွေမရှိ၊ မျိုးမရှိ တစ်ကောင်ကြွက် တစ်မျက်နှာ နေခဲ့ရာမှ ယခုဆိုလျှင် အစ်ကိုရယ်၊ အစ်မရယ်ဟူ၍ ရှိလာပြီဖြစ်သည်။ ဤဘဝကို ကျွန်မ တောင့်တနေသည်မှာ ကြာပြီ။

ယင်းနောက် အဖြစ်အပျက်များကို ကျွန်မ အသေးစိတ်မပြောလိုတော့ပါ။ ကျွန်မတို့ မောင်နှမတွေအားလုံး မူလအိမ်ကြီးတွင်ပင် ပြောင်း၍ အတူနေခဲ့ကြသည်၊ စိန့်ဂျွန်ကမူ သာသနာပြုဇရိယာ ကျယ်ဝန်းသည်နှင့်အမျှ လှည့်လည်သွားလာနေရသည်နှင့် အိမ်ကပ်သည်ဟူ၍ မရှိခဲ့ပေ။ မော်တန်ကျောင်းအတွက် ဆရာမအသစ်တစ်ဦး အစားထိုးလိုက်ပြီး ကျွန်မကမူ အခါအားလျော်စွာ သွားရောက်သင်ကြားမှုများ ပြုခဲ့သည်။

ဤသို့ ဘဝကို အေးငြိမ်းသာယာစွာဖြင့် စခန်းသွားနေသည့်အတွင်း ကျွန်မ မစ္စတာရိုချက်စတာကို သတိမရပါလေဟု စာရှုသူများ ထင်မှတ်ကောင်း ထင်မှတ်ကြမည်။ ကျွန်မ သူ့ကို တစ်နေ့မျှ မမေ့နိုင်ပါ။ တစ်နေ့တော့ လုပ်ငန်းကိစ္စအဝဝပြီး၍ အိပ်ရာပေါ် ရောက်သည်နှင့် ကျွန်မခေါင်းထဲသို့ ရောက်လာသောအကြောင်းမှာ သူ့အကြောင်းသာ ဖြစ်ပါသည်။

မစ္စတာဘရစ်ဂ်ထံသို့ မစ္စတာရိုချက်စတာ၏ အခြေအနေကို စုံစမ်းသည်။ ကယနေ့ထိ မသိခဲ့ရ။ မစ္စက်ဖယ်ယားဖက်စ်ထံသို့ စာရေးသည်။ ပြန်စာရောက်မလာခဲ့။ နှစ်လခန့် ပြန်စာစောင့်သော်လည်း ရောက်မလာသဖြင့် သွန်းဖီးလ်သို့စာထပ်ရေးသည်။ သို့သော် ဖြေလခန့်ကြာသွားသည်။ မည်သည့် သတင်းစကားမျှ မကြားခဲ့ရပေ။

ယင်းအချိန်များအတွင်း စိန့်ဂျွန်ရစ်ဗား၏ သာသနာပြုကိစ္စများတွင် ကျွန်မ ပါဝင်ကူညီနိုင်ခဲ့သည်။ တစ်ခု ပေလ၏ နောက်ဆုံးရက် တစ်ရက်တွင် ညဥ့်နက်အောင် စာဖတ်ပြီး အိပ်ရာဝင်စဥ် ကျွန်မ စိတ်လေးနေမိသည်။ ရုတ်ခြည်းဆိုသလိုပင် ခေါင်းလိုက်သလို ခံစားလိုက်ရပြီး ''ဂျိန်းရေ–ဂျိန်း–ဂျိန်း'' ဟူ၍ အဝေးတစ်နေရာမှ အော်ခေါ်လိုက်သည့် အသံကို ကြားလိုက်ရသည်။ အသံရှင်မှာ မစ္စတာရိုချက်စတာဖြစ်သည်။ နာနာကျင်ကျင် ဆို့ဆို့နစ်နစ်နှင့် အော်ခေါ်သည့် အသံမျိုးဖြစ်သည်။ အရေးတကြီး အကူအညီတောင်းသည့် အသံမျိုးဖြစ်သည်။

''ကျွန်မ လာပြီ၊ ကျွန်မ လာပြီ''

အခန်းထဲမှ ကျွန်မ အပြေးထွက်ခဲ့သည်။ မှောင်မိုက်နေသော်လည်း ဥယျာဥ်တွင်းသို့ရောက်အောင် လာခဲ့သည်။ မည်သူ့ကိုမျှ မတွေ့ရ။ သစ်ပင်များကို လေတိုးသည့် အသံသာ ကြားရသည်။

အခန်းသို့ ပြန်ရောက်ပြီး အိပ်ရာပေါ် တက်ပြန်တော့လည်း မစ္စတာရိုချက်စတာအတွက် စိုးရိမ်ပူပန်နေသည်နှင့် အိပ်မပျော်နိုင်။ နောက်ဆုံး သွန်းဖီးလ်သို့ ကိုယ်တိုင်သွားရောက်စုံစမ်းမည်ဟု ဆုံးဖြတ်လိုက်တော့မှပင် စိတ်က တည်ငြိမ်လာတော့သည်။ သို့သော် မိုးအမြန်လင်းဖို့ စိတ်စောနေပြန်သည်။

**အခန်း(၂၀)**

ဇွန်လ ၁ ရက်နေ့။ မိုးကျစပြုလာပြီဖြစ်သည်။ ပြတင်းပေါက်သို့ မိုးစက်မိုးပေါက်များ လာရောက်ထိမှန်သဖြင့် ကျွန်မ အိပ်ရာမှ နိုးခဲ့သည်။ နိုးသည်နှင့် မနေ့ညကအသံကို ပြန်လည်ကြားယောင်နေမိသည်။ ကျွန်မ

သွန်းဗီးလ်သို့ သွားမှုကိုဖြစ်မည်။

နံနက်စာ စားပွဲဝိုင်းတွင် ၅ ရက်ခန့် ခရီးဝေးသို့ သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

"တစ်ယောက်တည်းသွားမယ်၊ ဟုတ်လား-ဂျိမ်း"

"ဟုတ်တယ်၊ မိတ်ဆွေတစ်ယောက်အတွက် သတင်းစုံစမ်းချင်လို့"

ဒိုင်ယာနာက ကျွန်မ ခရီးသွား၍ ဖြစ်ပါ့မလားဟု မေးသည်။ ကျွန်မ အားနည်းနေပုံရသည်ဟုလည်း စိတ်မချ၊ ကျွန်မက ကျန်းမာရေးကောင်းကြောင်းနှင့် မသွား၍ မဖြစ်ကြောင်း ပြောသည်နှင့် အလိုက်သိစွာ ဆက်မတားတော့။

ထိုနေ့ညနေပိုင်း စောစောတွင် "ဝှစ်တ်ခရော့စ်"သို့ ကျွန်မလာခဲ့သည်။ ထိုမှ တစ်ဆင့် ရထားစောင့်ပြီး စီးရန်ဖြစ်သည်။ ရထားရောက်လာသော် ယင်းရထားမှာ ယမန်နှစ်က သွန်းဗီးလ်မှ ထွက်ပြေးလာစဉ် စီးခဲ့သော ရထားဖြစ်နေသည်။ တိုက်ပဲ တိုက်ဆိုင်လွန်းလှသည်။ ထိုစဉ်ကမူ ကျွန်မသည် မျှော်လင့်ချက်ပျက်သုဉ်းပြီး စိတ်ဓာတ်ကျနေသူသာ။

ရထားတွင်းသို့ ဝင်ထိုင်ခဲ့သည်။ ခြောက်အိမ်ကထွက်ပြေးလာပြီး တစ်နှစ်အကြာတွင် အိမ်ကိုပြန်သည့် အိမ်ပြေးလေးတစ်ဦးနှင့်ပင် တူသေးတော့၏။ ခရီးမှာ ၃၆နာရီကြာ လာရသည့် ခရီးဖြစ်သည်။ သွန်းဗီးလ်နှင့်နီးသည့် ထမင်းဆိုင်တစ်ဆိုင်တွင် ရထားကို ချပ်စေပြီး စုံစမ်းဦးမည်ဟု စိတ်ကူးခဲ့သေးသည်။ နောက်မှ စိတ်ကူးတစ်မျိုးပြောင်းလိုက်ပြီး ထမင်းဆိုင်တွင် ပစ္စည်းအပ်ကာ သွန်းဗီးလ်သို့ ခြေလျင်လျှောက်ခဲ့သည်။

လမ်းလျှောက်လာရင်း သူ့ကို အိမ်ပြတင်းပေါက်တွင်ပင် တွေ့ရနိုး၊ အိမ်ရှေ့တွင် လမ်းလျှောက်နေသည်ကို တွေ့ရနိုး စိတ်စောနေမိသည်။ သွန်းဗီးလ်ရောက်သည်နှင့် ဂိတ်တံခါးပွင့်နေကြောင်း သတိထားမိသည်။ ဂိတ်ဝ၏ တစ်ဖက်တစ်ချက်တွင် ရှိနေသော အုတ်တိုင်ကိုကွယ်၍ အတွင်းသို့ ချောင်းကြည့်ခဲ့သည်။

ကျွန်မ မျက်စိကိုပင် ကျွန်မ မယုံချင်။ သေချာအောင် ထပ်ကြည့်သည်။ လားလား။ အိမ်ကား ပျက်စီးနေလေပြီ။ ကျွန်မ အုတ်တိုင်ကို ကွယ်နေရန်မလိုတော့။ ကျွန်မကို သူတစ်ပါးမြင်သွားမှာ စိုးရွံ့စရာမလိုတော့။ ပြတင်းတံခါးများ ပြိုပျက်လျက်ရှိသည်။ အမိုးမရှိ။ ဟင်းလင်းပွင့်လျက်။

ကျွန်မ စာထည့်ခဲ့ခြင်းကို ဘာကြောင့် မပြန်သည်ကို အံ့ဩရန်မလိုတော့။ မီးလောင် ထားပုံရသည်။ ဘယ်ကဘယ်လို စလောင်ပါလိမ့်။ အသေအပျောက်များ ရှိလေမလား။ သူကော ဘယ်မှာလဲကွယ်။

ဤမေးခွန်းများအတွက် အဖြေရှာရန်မှာ ထမင်းဆိုင်တွင်သာဖြစ်မည်။ အမြန်ဆုံး ထမင်းဆိုင်သို့ ပြန်လျှောက်ခဲ့သည်။

ထမင်းဆိုင်တွင် နံနက်စာကို မှာယူပြီး နောက် ဆိုင်ရှင်ကို တံခါးပိတ်စေပြီး အနားကို လာခိုင်းလိုက်သည်။

"ရှင် သွန်းဗီးလ်ကို သိတယ်နော်"

"အို-သိတာပေါ့၊ ကျွန်တော် အဲဒီမှာ ထမင်းချက် လုပ်ဖူးသေးတယ်"

"ခြောက်-ဟုတ်လား"

ကျွန်မ သူ့ကိုမတွေ့ခဲ့ဖူး။ ကျွန်မ မရောက်ခင်က ဖြစ်မည်ဟု တွေးမိသည်။

"ဟုတ်တယ်၊ ဟို ဆုံးသွားပြီဖြစ်တဲ့ မစ္စတာရီချက်စတာ လက်ထက်ကပေါ့"

"ဆုံးသွားပြီ ဟုတ်လား။ မစ္စတာရီချက်စတာ ဆုံးသွားပြီ"

"ဟိုလေ ကျွန်တော်ပြောတာက မစ္စတာအက်ဒွပ်ရဲ့ အဖေကိုပြောတာ"

ကျွန်မ သက်ပြင်းချမိသည်။

"တော်ပါသေးရဲ့"

"အခု အဲဒီအဘိုးကြီးရဲ့သား မစ္စတာရီချက်စတာဆိုတာ သွန်းဗီးလ်မှာ နေတယ် မဟုတ်လား"

"အခု သွန်းဗီးလ်မှာ ဘယ်သူမှ မနေကြတော့ဘူး။ ပြီးခဲ့တဲ့ ဆောင်းဦးပေါက်တုန်းက ကိစ္စ မကြားမိဘူးလား။ သွန်းဗီးလ်မှာ မီးလောင်ခဲ့တယ်လေ။ အို-တကယ်ကြောက်စရာကောင်းတယ်ဗျာ၊ ရှိသမျှပစ္စည်းအားလုံး



ကုန်တာပဲ၊ ပရိဘောဂပစ္စည်းတချို့လောက်တော့ ဆွဲထုတ်နိုင်ခဲ့တယ်၊ မီးက ညဥ့်ကြီးမင်းကြီးမှာ လောင်တာ၊ 'မီးလ်ကုတ်'က မီးသတ်ကား လာပေမယ့် မမီတော့ဘူးလေ၊ အို-မကြည့်ရက်စရာပါပျာ''

''ညဥ့်မှာ လောင်တာ ဟုတ်လား။ ဘယ်က ဘယ်လို စလောင်တာလဲ''

''သူများ ပြောကြတာတော့''

သူက ကုလားထိုင်ကို ကျွန်မအနီးသို့ ရွှေ့လိုက်သည်။ ပြီးမှ တိုးတိုး-

''အဲဒီအိမ်မှာ အရူးမတစ်ယောက် ရှိတယ်ဆိုတာ ခင်ဗျားသိသလား''

''အင်း-ကျွန်မ နည်းနည်းပါးပါး ကြားမိတယ်''

''သူကို အခန်းတစ်ခုမှာ လှောင်ထားသတဲ့၊ သူ့ကို ဘယ်သူမှ မတွေ့ဖူးကြဘူး။ သူပြောလူပြောနဲ့သာ သိကြရတာ၊ ဒါ့အပြင် သူ့ကို မစ္စတာအတ်ဖွင်ရှိချက်စတာက ပြည်ပက ခေါ်ခဲ့တာဆိုပဲ၊ မနှစ်က အမျိုးသမီးငယ်ငယ်တစ်ယောက် အဲဒီအိမ်ကို ရောက်လာတယ်ဆိုတာလည်း ကြားလိုက်မိတယ်''

ကျွန်မအဖို့ ကျွန်မပါဝင်ခဲ့သော ဇာတ်လမ်းကို နားမထောင်ရဲတော့။ သူ့စကားကို ဖြတ်လိုက်သည်။

''ဟို-ရှုနေတဲ့သူဆိုတာ ပြည်ပက ပါလာတဲ့ အမျိုးသမီးပဲလား''

''ဟုတ်တယ်၊ ပြီးတော့ အဲဒီ အရူးမက သူ့မိန်းမဆိုပဲ၊ တော်တော်ဆန်းကြယ်တယ်နော်၊ နောက်ရောက်လာတဲ့အမျိုးသမီးငယ်ငယ်လေးကတော့ ဆရာမဆိုပဲ၊ မစ္စတာရိုချက်စတာက အဲဒီအမျိုးသမီးလေးအပေါ်''

''မီးက ဘယ်လိုစလောင်တာတဲ့လဲ''

ကျွန်မ စကားဦးကို လွှဲလိုက်သည်။

''အဲဒီအကြောင်းကို ဆက်ပြောမယ်မဒမ်၊ မစ္စတာရှိချက်စတာက အဲဒီ အမျိုးသမီးလေးအပေါ် မေတ္တာရှိခဲ့သတဲ့၊ အစေခံတွေ ပြောတာကတော့ သူဟာ တစ်ခါမှ ဘယ်သူ့အပေါ်မှာမှ ဒီလို မချစ်ခဲ့ဖူးဘူးတဲ့၊ အဲဒီမိန်းကလေးဟာ ကိုယ်လုံး ကိုယ်ထည် သေးသေးလေးတဲ့၊ ကလေးလေး တစ်ယောက်နဲ့တောင် တူသတဲ့၊ အဲ-အဲဒီ မိန်းကလေးဟာ သူ့အဖို့တော့ တစ်လောကလုံးမှာ တစ်ယောက်ဆို ဆိုသလောက် ရွဲရွဲလန်းလန်း ရှိခဲ့တယ်တဲ့''

''စိတ်ဖောက်ပြန်နေတဲ့ အမျိုးသမီး

# အရူးမကြီးက ခေါင်မိုးပေါ်တက်နေတာ၊ သူ့ ခေါင်မိုးပေါ်မှာ ရပ်နေတာ ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့တပ်အပ်မြင်ရတာ၊ တော်တော်ထွားတဲ့ မိန်းမပဲ၊ ဆံပင်ကလည်း အရှည်ကြီးပဲ…

အပေါ် မီးလောင်တဲ့ကိစ္စအတွက် သံသယမဝင်ကြဘူးလား''

''ဟာ-အဲဒီ မီးလောင်တဲ့ကိစ္စ သူလုပ်တာပေါ့၊ သူ့ကိုထိန်းဖို့ သိမ်းဖို့ထိုးပြီး တစ်ယောက်ရှိတယ်၊ နာမည်က မစ်(စ်)ပူးလ်တဲ့၊ ဒါပေမဲ့ အရူးမကြီးက မလွယ်ဘူးဆိုပဲ၊ တစ်နေ့ မစ်(စ်)ပူးလ် အိတ်ထဲက သော့တွဲကို နှိုက်ယူလိုက်ပြီး သူ့ခေါင်းထဲ ဝင်လာသမျှ မဟုတ်တာတွေ အကုန်လျှောက်လုပ်တော့တာပဲတဲ့၊ အဲဒီညဥ့်မှာပဲ ဟိုဆရာမလေးရဲ့ အခန်းကို မီးရှို့တယ်၊ ဒါပေမဲ့ အဲဒီအခန်းမှာ ဘယ်သူမှ မအိပ်ကြဘူး။ ဆရာမလေးက လွန်ခဲ့တဲ့ ၂လလောက်က အဝေးကိုထွက်သွားပြီတဲ့၊ မိန်းကလေးကို မစ္စတာရှိချက်စတာက စုံစမ်းတာ ဘယ်မှာရှိတယ်ဆိုတာ မသိခဲ့ရဘူးတဲ့၊ အဲဒီနောက်တော့ သူဟာ ရသေ့တစ်ပါးလို အခန်းအောင်းပြီး ဇာကြောင်တော့တာပဲတဲ့''

''ဘာ-သူ အင်္ဂလန်ကို မသွားဘူးလား''

''အင်္ဂလန်ကို ဟုတ်လား။ မသွားဘူး။ သူဟာ အိမ်ထဲက အိမ်ပြင်ကို မထွက်ဘူး။ ညဥ့်ကျမှပဲ ဗိမ်ရှေ့မှာ လမ်းလျှောက်လေ့ရှိသတဲ့၊ သူဟာ ငိုင်လည်းမသောက်၊ ဖဲလည်း မကစား။ ဘာဆို ဘာမှကို မလုပ်တော့ဘူးတဲ့''

''ဒီလိုဆို မီးလောင်တုန်းက မစ္စတာရှိချက်စတာ အိမ်မှာရှိနေတာပေါ့''

''ဟုတ်တယ်၊ သူရှိနေလို့ပေါ့၊ အားလုံးအသက်ချမ်းသာရာ ရတာ၊ သူပဲ အစေခံတွေကို လိုက်နှိုး၊ အကူအညီပေးခဲ့တာ၊ ပြီးတော့ ဟိုအရူးမကြီးဆီကို သွားသတဲ့၊ အရူးမကြီးက ခေါင်မိုးပေါ်တက်နေတာ၊ သူ့ခေါင်မိုးပေါ်မှာ ရပ်နေတာ ကျွန်တော် ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်ရတာ၊ တော်တော် ထွားတဲ့ မိန်းမပဲ၊ ဆံပင်ကလည်း အရှည်ကြီးပဲ၊ မစ္စတာရှိချက်စတာက သူ့ကို လိုက်ခေါ်တယ်၊ 'ဘာသာ၊ ဘာသာ'နဲ့ ကျွန်တော်တို့ ကြားရတယ်၊ အောက်မှာတော့ မီးတိုင်းနေပြီ၊ နောက်တော့ မစ္စတာရှိချက်စတာ ရှေ့ကိုတိုးလိုက်တာနဲ့ အဲဒီ အမျိုးသမီးကြီးဟာ အောက်ကိုခုန်ချလိုက်တော့တာပဲဗျာ''

''သေသွားသလား''

''အို-ဘယ့်နှယ်ပြောပါလိမ့်၊ အောက်က ကျောက်တုံးနဲ့ရိုက်မိပြီး ကျေသွားတာပေါ့၊ ကြောက်စရာကောင်းလိုက်တာဗျာ''

သူသည် ပြောရင်းဖြင့် ကြက်သီးထနေသည်။

''အဲဒီနောက် ဘာဖြစ်သေးလဲ''

''အဲဒီနောက် တစ်အိမ်လုံး မီးလောင်သွားတာပဲပေါ့''

''တခြား ဘယ်သူတွေ အသေအပျောက် ရှိသေးသလဲ''

''တခြား အသေအပျောက်တော့ မရှိဘူး။ ဒါပေမဲ့ဗျာ သေသွားတာကမှ ကောင်းအုံးမယ်''

အို-ကျွန်မ ခြေများ လက်များ ချက်ချင်း အေးသွားသည်။

''ဘာဖြစ်သွားလို့လဲဟင်၊ မစ္စတာရှိချက်စတာဘယ်ရောက်သွားသလဲ၊ အင်္ဂလန်ကို ထွက်သွားပြီလား''

''ဟုတ်တယ်၊ သူ အင်္ဂလန်မှာ ရောက်နေပြီ၊ မျက်စိကွယ်သွားတယ်လေ၊ ဖိုဗျာ-ဒီလူကတော့ တကယ့်ကို သတ္တိခဲပါ၊ အိမ်ရှိ

လူအားလုံး အိမ်ပြင်ရောက်အောင် အကူအညီပေးပြီးမှ သူက အိမ်ထဲကထွက်တာကလား။ သူထွက်လာတော့ အိမ်က မြို့မျက်ကျနေပြီ၊ သူ့ကိုလည်း အဲဒီ အမြိုအပျက်တွေကြားထဲက မနည်းဆွဲထုတ်ရတယ်၊ အသက်ရှင်လျက်တော့ ပါလာတယ်၊ ဒါပေမဲ့ မျက်လုံးတစ်ဖက်က လုံးဝ ပျက်စီးသွားတယ်၊ လက်တစ်ဖက်က သွင်သွင်ကျိုးသွားတယ်၊ ကျန်တဲ့ မျက်လုံးတစ်ဖက်ကလည်း ကောင်းကောင်း မမြင်ရဘူး၊ သူ့မှာ အခြေအနေ အတော်ဆိုးရှာပါတယ်ဗျာ''

''သူ အခု ဘယ်မှာလဲ၊ သူရှိတဲ့နေရာကို ရှင်သိသလား၊''

''ဖန်ဒီး-မင်နာဆိုတဲ့ မိုင် ၃၀လောက်ဝေးတဲ့ နေရာမှာ သူရှိတယ်''

''သူ ဘယ်သူနဲ့ နေနေသလဲဟင်''

''မြည်းလှည်းသမား ဂျွန်တို့ လင်မယားနဲ့ အတူနေတယ်''

''ကျွန်မ အဲဒီကိုသွားဖို့ ရထားတစ်စင်းလောက် မရနိုင်ဘူးလားရှင်''

''ဟာ-ရတာပေါ့၊ ကျွန်တော် စီစဉ်ပေးမယ်''

''ဒါဆို 'ဖန်ဒီး'ကို မမှောင်ခင်ရောက်အောင် ရထားစီစဉ်ပေးပါတော့ရှင်''

**အခန်း(၂၁)**

ဖန်ဒီးမှ အိမ်ကြီးမှာ စင်စစ် အိမ်အိုကြီးတစ်လုံးသာဖြစ်၏။ တောပစ်ထွက်သည့်အခါတွင်သာ သုံးလေ့ရှိပြီး အများအားဖြင့် လူနေလေ့မရှိခဲ့၊ မစ္စတာရိချက်စတာ၏ အဖေက ဤနေရာကို ဝယ်ယူခဲ့ခြင်းမှာ အပေါင်းအသင်းများနှင့် တောပစ်ထွက်သည့်အခါ တည်းရန်၊ ခိုရန် ရည်ရွယ်ချက်ဖြင့် ဝယ်ယူခဲ့ခြင်း ဖြစ်တန်ရာသည်။ ယခုမူ မသုံးဘဲ ပစ်ထားသည်မှာ ကြာပြီဖြစ်ရာ ဖုန်းဆိုးတော ထူလျက်ရှိသည်။ အိမ်အရောက် ရထားမဝင်နိုင်သဖြင့် ဂိတ်ဝမှဆင်း၍ ကျွန်မ လမ်းလျှောက်ခဲ့ရသည်။

အိမ်မှာ သစ်ပင်ကြီးများအကြားတွင် ခပ်ကုပ်ကုပ်ရှိနေသည်။ အိမ်ရှေ့တွင် မြက်ခင်းပြင် မရှိ၊ ပန်းခင်းမရှိ၊

ကျွန်မက တံခါးကို ခေါက်လိုက်သည်။ ဂျွန်၏ ဇနီးက တံခါးကို လာဖွင့်သည်။

''မေရီ နေကောင်းတယ်နော်''

သူမက ကျွန်မကို တအွေသရဲကို တွေ့ရ



သည့်အလား၊ ကြောင်ကြည့်နေသည်။ ပြီးမှ-

''မစ်(စ်)ဂျိန်း ဟုတ်ပါတယ်နော်၊ ဒီလိုခေါင်တဲ့နေရာမျိုးကို အချိန်မတော်ကြီးမှာ ရောက်လာတယ် ဟုတ်လား၊ လာ-လာ''

ကျွန်မ သူမနှင့်အတူ မီးဖိုချောင်သို့ လိုက်ခဲ့သည်။ ဂျွန်က မီးဖိုဘေးတွင် ထိုင်နေသည်။ ကျွန်မက သူတို့ကို သတင်းကြားကြားချင်း လိုက်လာခဲ့ကြောင်း၊ ရှင်းပြခဲ့သည်။ ထမင်းဆိုင်တွင် ထားခဲ့သော လက်ဆွဲသေတ္တာကို ဂျွန် သွားယူရန် စီစဉ်လိုက်သည်။ ဤအချိန်တွင် ဘဲလ်တီးသံတစ်ချက် ကြားလိုက်ရသည်။

''မေရီ ရှင်ဝင်သွားရင် ရှင့်ဆရာကို တစ်ယောက်ယောက်က တွေ့ချင်ကြောင်း ပြောလိုက်ပါ၊ ကျွန်မနာမည်ကိုတော့ မပြောနဲ့အုံး''

''ကျွန်မ ထင်တယ်၊ သူတွေ့ချင်မယ် မဟုတ်ဘူး၊ သူက အခု ဘယ်သူ့ကိုမှ မတွေ့ဘူး''

သူမ အထဲမှ ပြန်ထွက်လာသောအခါတွင်-

''ရှင့်နာမည်နဲ့ အလုပ်အကိုင်ကို ပြောပါတဲ့''

မေရီက ဖန်ခွက်တစ်ခုတွင် ရေဖြည့်လျက် လင်ပန်းတွင် ထည့်လိုက်သည်။ ဖယောင်းတိုင်လည်း ပါသည်။

''ဒါအတွက် သူ ဘဲလ်တီးတာလား''

''ဟုတ်တယ်၊ သူ အမြဲတမ်း ဖယောင်းတိုင် ထွန်းလေ့ရှိတယ်၊ သူကတော့ မမြင်ရရှာပါဘူး''

''အဲဒီ လင်ပန်းကို ကျွန်မ သွားပို့လိုက်မယ်''

ကျွန်မ လင်ပန်းကို ယူလိုက်စဉ် ရင်ခုန်နှုန်းမြန်ပြီး ရေဖိတ်တော့မလို ဖြစ်သွားသည်။ မေရီက သူ့အခန်းကို ဖွင့်ပေးသဖြင့် ကျွန်မ ဝင်သွားလိုက်သည်။

အခန်းမှာ မှောင်နေသည်။ သူသည် မီးလင်းဖိုအနီးတွင် ရပ်နေသည်။ မီးဖိုမှာ မီးသေသလို ဖြစ်နေသည်။ ခွေးကြီး 'ပိုင်းလော့'က တစ်ဖက်တွင် ဝပ်နေသည်။ ကျွန်မ ဝင်လာသည့်အသံ ကြား၍ ခေါင်းကို ထောင်လိုက်သည်။ တစ်ချက်ဟောင်လိုက်ပြီး ကျွန်မဆီ ပြေးလာသည်။ ကျွန်မက ကမန်းကတန်း လင်ပန်းကို စားပွဲပေါ် တင်လိုက်ပြီး သူ့ကို ပွတ်သပ်ပေးလိုက်သည်။

မစ္စတာရိချက်စတာက မြင်လိုက်ရသလို ကျွန်မတို့ဘက်ကို လှည့်လိုက်သည်။

''မေရီ ငါ့ကို ရေပေးစမ်း''

''မေရီ မီးဖိုချောင်ထဲမှာ ရှိနေပါတယ်''

သူက လက်ကို ဆန့်ထုတ်လိုက်ပြီး ကျွန်မကို စမ်းသည်။ ကျွန်မကိုမူ မစမ်းမိ။

''ဒါ ဘယ်သူလဲ၊ ဒါ ဘယ်သူလဲ''

''ပိုင်းလော့က ကျွန်မကိုသိနေတယ်၊ ဂျွန်နဲ့ မေရီလည်း သိကြတယ်၊ ကျွန်မ ခုညနေပဲ ရောက်ပါတယ်''

''အို-ဘုရား ဘုရား၊ အသံက ကျွန်မ လိုက်တာ၊ မင်း ဘယ်မှာလဲ၊ မင်းဘယ်သူဖြစ်ဖြစ် ငါ့ကို ပေးထိလိုက်စမ်းပါ''

ကျွန်မက တွေယမ်းနေသော သူ့လက်နှစ်ဖက်ကို ဖမ်းဆုပ်ကိုင်ထားလိုက်သည်။

''သူမရဲ့ လက်ချောင်းလေးတွေ၊ ဒါဆို ရှင်''

ကျွန်မ လက်မောင်း၊ ပခုံး၊ ခါး အားလုံးကို ဖမ်းကိုင်ထားပြီး သူ့အနီးသို့ ဆွဲယူလိုက်သည်။

''ဂျိန်း မဟုတ်လား၊ ဟုတ်ပါတယ်၊ ဒီကိုယ်လုံးမျိုးလေး''

''ဟုတ်ပါတယ်၊ ကျွန်မ ဒီကိုရောက်လာပါပြီ၊ ဝမ်းမသာဘူးလား ဟင်''

သူက ကျွန်မကို ညာလက်ဖြင့် တင်းတင်းကျပ်ကျပ် ဖက်လိုက်ရင်း-

''ဂျိန်းအိုင်းယား၊ ဂျိန်းအိုင်းယား''

ဟု၍ ထပ်ခါတလဲလဲ ရေရွတ်နေတော့သည်။

"ကိုယ့်အချစ်ကလေး ဂျိန်း၊ ကိုယ် အိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်၊ ပြီးတော့ မင်း ဘယ်ကိုထွက်သွားအုံးမှာလဲ"

"ဒီနေ့ ဒီအချိန်ကစပြီး ကျွန်မ ကို့ အပါးက ဘယ်မှ ထွက်မသွားတော့ပါဘူး ရှင်"

"အရင် ကိုယ့်ဆီက ထွက်သွားတုန်းက ဘယ်တွေရောက်နေတာလဲကွယ်"

"ဒါတွေ နောက်တော့ ပြောပြပါ့မယ်၊ ခုလောလောဆယ် ကို့ကို ပြောချင်တာက ကျွန်မ ငွေလေးကြေးလေး အသင့်အတင့် ရှိနေတဲ့ မိန်းမတစ်ယောက် ဖြစ်နေပြီဆိုတာပဲ"

"ဟေ–ဟုတ်လား၊ ဘယ်လိုက ဘယ်လို ရလိုက်တာလဲ ဂျိန်း"

"မာဒေးရားမှာရှိတဲ့ ကျွန်မ ဦးလေး ဆုံးသွားတယ်လေ၊ သူက ကျွန်မကို အမွေ ပေါင်ငါးထောင် ပေးခဲ့တယ်"

"ဒါဆို မင်း ချမ်းသာနေပြီပေါ့၊ ဟုတ်လား ဂျိန်း"

"ဒါပေါ့၊ ဒီအိမ်မှာ ကိုက ကျွန်မကို လက်မခံရင်တောင် ကျွန်မဘာသာ ကျွန်မ ဒီနားမှာ အိမ်တစ်လုံးဆောက်ပြီး နေမှာ"

"ဒါပေမဲ့ကွာ၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ငါလို အကျိုးအကန်းတစ်ယောက်ဟာ မင်းနဲ့မတန်ပါဘူးလေ"

"အို–ဘာဖြစ်လို့လဲ၊ ကျွန်မဟာ ကို့ အတွက် မျက်လုံး၊ ကို့အတွက် လက်ပဲပေါ့၊ ကျွန်မ ကို့အတွက် စာဖတ်ပေးမယ်၊ ကူညီ လုပ်ကိုင်ပေးမယ်၊ အို–ဒီလောက်ဝမ်းမနည်းပါနဲ့ကွယ်၊ နော်"

"အေးလေ၊ မင်းစိတ်ပျက်သွားမှာပဲ စိုးတယ်"

"ကဲပါ၊ လောလောဆယ် မီးမွှေးရအုံးမယ်၊ ပြီးတော့ ကို့ဆံပင်တွေလည်း ရှည်လှပြီ၊ ညှပ်ပေးရအုံးမယ်၊ မီးရောင်ကို မြင်ရသလား"

"ညာဘက်မျက်လုံးက ဝါးတားတား မြင်ရတတ်တယ်"

"ညစာ ဘယ်အချိန်စားသလဲ"

"ကိုယ် ညစာမစားတာ ကြာပြီ"

"ကဲ–ကနေ့ညကစပြီး စားရမယ်၊ ဟုတ်လား"

ကျွန်မက မေရီကိုခေါ်လိုက်ပြီး ညစာပြင်စေသည်။ ထမင်းဝိုင်းတွင် သူ စိတ်ရွှင် လန်းနေကြောင်း သတိထားမိသည်။ တစ်ခါတစ်ရံ ပြုံးလိုက်သည့်အခါတွင် ပို၍နုပျို့သွားသည်ဟု ကျွန်မ ထင်သည်။

ညစာ စားပြီးနောက် သွန်းဖီးလ်မှ ကျွန်မ ထွက်သွားသည့်နောက်ပိုင်း ကျွန်မ ဘယ်ရောက်ခဲ့သည်၊ ဘာလုပ်ခဲ့သည်၊ ဤ 'ဖန်ဒီး'သို့ မည်သို့ရောက်ခဲ့သည် စသဖြင့် သူက မေးခွန်းတရစပ် မေးလာသည်။ ကျွန်မက ဖတ်စုံခင်းပြပြီးသည့်နောက် ညနေ အတန် နက်လာပြီဖြစ်သည်။

"ကိုယ်တို့ ဒီညဦးအတွက် မခွဲကြခင် ထပ်မေးချင်သေးတယ်၊ ဂျိန်း–မင်းကိုယ့်ကို လက်ထပ်နိုင်ပါ့မလား"

"ကို ဘယ်လိုအခြေအနေမျိုးကိုပဲ ရောက်ရောက် ကျွန်မ လက်ထပ်နိုင်ပါတယ်၊ ကို့ဇနီးအဖြစ်နဲ့ ကို့ကို အတတ်နိုင်ဆုံး ပြုစု သွားပါ့မယ်"

"အိုး–ဝမ်းသာလိုက်တာ အချစ်ရယ်၊ ကိုယ် မင်းကို တမ်းတနေတာ ကြာခဲ့ပြီ၊ လွန်ခဲ့တဲ့ ရက်အနည်းငယ်ကဆို ပြတင်းပေါက်နားမှာထိုင်ရင်း မင်းနာမည်ကို အော်ခေါ်မိတယ်၊ ဂျိန်း–ကိုယ်တို့ မခွဲဘဲ နေကြပါစို့လားကွယ်–နော်"

ကျွန်မ သူ့လက်ကိုဆွဲ၍ ပခုံးကိုကိုင်စေပြီး ရှေ့မှဦးဆောင်လျက် အခန်းတွင်းမှ ထွက်ခဲ့သည်။



**အခန်း(၂၂)**

စာရှုသူများရှင်၊ ကျွန်မတို့ လက်ထပ်ခဲ့ကြပါသည်။ အကျဉ်းချုံး၍ အဖြစ်သဘော လက်ထပ်ခဲ့ကြသည်။ ဘုန်းကြီးတစ်ပါးနှင့် စာရေးတစ်ယောက်ရှေ့တွင် လက်ထပ်ခဲ့ကြခြင်း ဖြစ်သည်။ ဒိုင်ယာနာနှင့် မေရီတို့ထံ အကျိုးအကြောင်း စာရေးခဲ့သည်။ သူတို့က ကျွန်မတို့ကို လာတွေ့မည်ဟု စာပြန်သည်။

ကျွန်မ အာဒီလာလေးကို မမေ့ပါ။ သူ့ ကျောင်းသို့ သွားကြည့်သည်။ ကလေးမှာ ဖြူဖပ်ဖြူရော်နှင့် လိုလွန်းသည်။ မပျော်ပိုက်ဟု ပြောဆိုသဖြင့် ကျွန်မတို့နှင့်နီးသည့် ကျောင်းတစ်ကျောင်းသို့ ပြောင်းထားခဲ့သည်။ ကျွန်မတို့ မကြာခဏ သွားလည်၍ ရသည်။ အာဒီလာ ကျောင်းမှထွက်သော် ကျွန်မအတွက် အပေါင်းအသင်းတိုးလာရသည်။

ကျွန်မ ယောကျ်ားမှာ ပထမ ၂နှစ်တွင် မထူးခြားလှသော်လည်း လန်ဒန်သို့ သွားပြီး ဆေးကုသမှုခံယူပြီးနောက် ညာမျက်လုံးမှာ အတန်သင့် ပြန်မြင်လာသည်။

ကျွန်မတို့၏ ပထမဆုံးသားယောကျ်ားလေးကို သူ့လက်တွင်းသို့ ထည့်လိုက်သည့်အချိန်၌ ကလေးတွင် သူ၏ တစ်ချိန်ကရှိခဲ့သော တောက်ပြောင်သည့် မျက်လုံးနက်ကြီးများရှိကြောင်း သူမြင်ခဲ့ရသည်။ ယခုဆိုလျှင် သူ့ကို ဘယ်သူမှ လက်တွဲရန် မလိုတော့။

ကျွန်မတို့ အိမ်ထောင်သက် ယခုဆိုလျှင် ၁ဝနှစ်ကျော်ခဲ့ပြီ။ ကျွန်မတို့နှစ်ဦးလုံး စိတ်တူကိုယ်တူဖြင့် ဘဝကို ကြည်နူးစွာ ကုန်လွန်ခဲ့ကြသည်။ ကျွန်မ၏ အထီးကျန်ဘဝလည်း ပြီးဆုံးခဲ့ပြီ။ သူ့ဘဝလည်း တက်ကြွခဲ့ပြီ။ သူသည်ပင် ကျွန်မဘဝ၊ ကျွန်မသည်ပင် သူ့အသက်။ ကမ္ဘာတည်သရွေ့ လက်တွဲသွားမည်သာ။

**မောင်သီဟ**

ဝန်ခံချက်။ ၁၉၉၉ ခုနှစ်၊ Macmillan တိုက်ထုတ် မူလစာရေးသူ Charlotte Bronte ဆင့်ပွားစာရေးသူ Margery G ၏ JANE EYRE ကို ပြန်ဆိုပါသည်။

# ကြော်ငြာများ ဖိတ်ခေါ်ခြင်း

City Magazine အား

နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏

မြို့နယ်စာကြည့်တိုက်များနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

မြို့နယ်အသီးသီးသို့ ဖြန့်ချိထုတ်ဝေလျက်ရှိပါသည်။

ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့်မီတဲ့ မိတ်ဆွေတို့ရဲ့

ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို

City Magazine မှာ

အခုပဲကြော်ငြာထည့်ပြီး

ရန်ကုန်မြို့တော် အနှံ့မှာရှိတဲ့ ဈေးကွက်တွေကို

သိမ်းပိုက်ကြပါစို့

**ဆက်သွယ်ရန်လိပ်စာ**

City Magazine
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်။
Ph-0973091587, 09420170940




# ဝင်ရောက်ကြည့်ရှုလေ့လာနိုင်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏

လုပ်ငန်းဆောင်ရွက်ချက်များ၊ဌာနအသီးသီးမှ

နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများ၊

မြို့တော်သတင်းများ၊

အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်သည့်

မြို့ပြ/မြေယာဝန်ဆောင်မှုများအား

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ website ဖြစ်သည့်

www.ycdc.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း